ရန်ကုန်မြို့

# ထူးကြီးဆရာတော်

ဟောကြားတော်မူသော

# မာလုကျပုတ္တသုတ္တန်

## ပါဠိတော်ဟောစဉ်

(ဒိဋ္ဌေဒိဋ္ဌမတ္တံ)

# ဝိပဿနာရှုနည်းကျမ်း

ဓမ္မဒါန



၁၄၄၄၂

ရန်ကုန်မြို့

# ထူးကြီးဆရာတော်

## အရှင်ဝဏ္ဏိသရ

ဟောကြားတော်မူသော

# မာလုကျပုတ္တသုတ္တန်

## ပါဠိတော်ဟောစဉ်

## ( ဒိဋ္ဌေ ဒိဋ္ဌမတ္တံ )

## ဝိပဿနာ ရှုနည်းကျမ်း

နေလင်းပိဋကတ်ပုံနှိပ်တိုက်

ပထမ အကြိမ်

အုပ်ရေ–၃၀၀၀

၁၉၇၉-ခု၊ စက်တင်ဘာလ

ထုတ်ဝေသူ မှတ်ပုံတင်ကင်းလွတ်ခွင့်အမှတ် (၂၇၀)

ဘာသာရေးဆိုင်ရာ စာမူထုတ်ဝေခွင့်အမှတ် (၇၀၇)

# ဓမ္မဒါန

စာအုပ်ချုပ်– ဒေါ်ငွေတင်
မောင်ထော်လေးလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ– ဒေါ်ငွေတင် (၂၇၀)
အမှတ် ၁၀၁၊ မောင်ထော်လေးလမ်း၊ ရန်ကုန်။

ပုံနှိပ်သူ– ဒေါ်တင်လှ (၀၂၀၃၀)
နေလင်းစာပုံနှိပ်တိုက်၊
အမှတ် ၁၁၊ ၁၂၅-လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်။

ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရ

### မာလုကျပုတ္တသုတ္တန် ဝိပဿနာ ရှုနည်းကျမ်း

# နိဒါန်း

## အမှောင်ခေတ်နှင့် အလင်းရောင်ခေတ်

ယနေ့ လူ့လောကသားတို့၏ တည်ရှိနေသော သက်တမ်းသည် ကမ္ဘာဦး အစ အခါကာလက လူသားတို့၏ တစ်၊ နှစ် စသည် ဂဏန်းထိုး၍ မရသော သက်တမ်းမှ ဆင်းသက်လာသော သက်တမ်းအမှတ်ဖြစ်ပေသည်။ နောင်အခါ ဆယ်နှစ်တမ်းတိုင်အောင် ဆုတ်ယုတ်ကျဆင်းပေဦးမည်။ သက်တမ်း ဆုတ်ယုတ် ကျဆင်းလာသောအခါကို ''ဟာယနကပ္ပ''ဆုတ်ကပ်ဟုခေါ်စမှတ်ပြုကြသည်။

ဆုတ်ကပ်မှ တဖန် လူတို့၏ အသက်တမ်းသည် ဂဏန်းထိုး၍ မရသော အသင်္ချေယျသက်တမ်းသို့ တက်သွားပေဦးမည်။ သက်တမ်း တိုးတက်သော အချိန်အခါကို ''ဝဍ္ဎနကပ္ပ'' တက်ကပ်ဟု ခေါ်စမှတ် ပြုကြသည်။

လူ့လောကသားတို့၏ သက်တမ်းဆုတ်ယုတ်ရခြင်းသည် လူသားတို့ ပြုလုပ်သော အကုသိုလ်ဒုစရိုက်ကံကြောင့်ပင်ဖြစ်၍ သက်တမ်းတိုးတက်ရခြင်းမှာလည်း လူသားတို့၏ မေတ္တာဖြဟ္မစိုရ်စသော ကုသိုလ်သုစရိုက်ကြောင့်ပင် ဖြစ်ပေသည်။ ဤသည်ကား ယနေ့ခေတ်ပေါ် ကွန်ပြူတာစက်တို့ဖြင့် တွက်ချက်၍မရနိုင်၊ ဗုဒ္ဓရှင်တော်မြတ်၏ ကမ္မနိယာမခေါ်သော ကွန်ပြူတာ စက်ဖြင့်သာ တွက်ချက်၍ရသော လူသားတို့၏ သက်တမ်းမှတ်ချက် ဖြစ်ပေသည်။

လူသားတို့၏ သက်တမ်းဆုတ်ယုတ်မှုသည် အနှစ်တရာလျှင် တနှစ်သာဆုတ် ယုတ်သဖြင့် နှေးကွေး၏။ သက်တမ်းတိုးတက်သော တက်ကပ်၌ သက်တမ်းတိုး တက်မှုမြန်လေသည်။ ဆယ်နှစ်မှ အနှစ် နှစ်ဆယ်၊ အနှစ် နှစ်ဆယ်မှ အနှစ် လေးဆယ် စသည်ဖြင့် တပြန်တဆ တိုးတက်လေသည်။ ဆုတ်ကပ် တက်ကပ် တို့၌ တည်ရှိနေဆဲဖြစ်သော အသက်တမ်းကို အာယုကပ်ဟု ခေါ်၍ ယင်း အာယုကပ် တက်ကပ် ဆုတ်ကပ်တစုံကို အန္တရကပ်ဟု ခေါ်ဆိုရလေသည်။

အသက်တမ်း မှတ်ချက်အရ တက်ကပ် ဆုတ်ကပ် အစုံပေါင်း ခြောက်ဆယ့် လေး(၆၄) ကပ်ကို အသင်္ချေယျ တကပ်ခေါ်၍ အသင်္ချေယျ လေးကပ်ကို မဟာကပ်(တကမ္ဘာ)ခေါ်လေသည်။ ထိုကမ္ဘာကိုပင် ဘုရားမပွင့် မဖြစ်ထွန်းခဲ့

လျှင်"သုညကမ္ဘာ" ဘုရားကင်းဆိတ်၍ အမှောင်ထု လွှမ်းခြုံနေသောကမ္ဘာ။ ဝါ၊ အမှောင်ခေတ် ကာလကြီးဟု ခေါ်ဆိုရလေသည်။

ဘုရား ဖြစ်ပွင့်ပေါ်ပေါက်ခဲ့လျှင် ထိုကမ္ဘာကိုပင်"အသုညကမ္ဘာ" ဘုရားရှင် ဖြစ်ပွင့်တော်မူခြင်း မကင်းဆိတ်သော ကမ္ဘာ။ဝါ၊ အလင်းရောင် လွှမ်းခြုံထားသော အလင်းရောင် ခေတ်ကာလကြီးဟု ခေါ်ဆိုရပေသည်။

ဘုရားဖြစ်တွန်းပေါ်ပေါက်ရာ အလင်းရောင်ခေတ်ကမ္ဘာကြီး၌ပင် ဘုရားတဆူနှင့်တဆူ ဖြစ်ပွင့်တော်မူရာ၌ အန္တရကပ် တကပ် ခြားနေသည့်ပြင် အာယုသက်တမ်း တသိန်း၏ အထက်ပိုင်းနှင့် အာယုသက်တမ်း တရာ၏ အောက်ပိုင်း အချိန်ကာလတို့သည် ဘုရားရှင်များ ဖြစ်ပွင့်တော်မမူ၍ အမှောင်ထု လွှမ်းခြုံနေသော အမှောင်ခေတ်ကြီး ကြားညှပ်နေမှုပင် ဖြစ်ပေသည်။

ဘုရားရှင်ဖြစ်ပွင့်မပေါ်ပေါက်သော အမှောင်ကာလများကို ရှာဖွေကြည့်ရှုသောအခါ ကမ္ဘာနှင့်သော်ငြား၊ အန္တရကပ်နှင့် သော်ငြား၊ တက်ကပ်၏ အထက်ပိုင်းကာလ ဆုတ်ကပ်၏ နောက်ပိုင်းကာလနှင့် သော်ငြား သတ်မှတ်ရသော အချိန်ကာလများကို တွေ့ရှိနိုင်ပေသည်။

အမှောင်ခေတ် ကာလများ၌ လူဖြစ်ရမှုသည် အဖက်ဖက်မှ ဆုံးရှုံးလျက်ရှိပေသည်။ လူချမ်းသာ၊ လူဆင်းရဲ၊ လူမိုက်၊ လူပညာရှိ စသည်တို့သည် အလွှာအသီးသီးပင် အစီအရီရှိကြပေမည်။ ထိုလူတန်းစား အလွှာ အသီးသီး တို့သည် ကမ္ဘာ့ဓမ္မတာ ငါးပါးသီလ ကျင့်သုံး ဆောက်တည်သူလည်း ရှိ၍ မကျင့်သုံး မဆောက်တည်သူတို့လည်း ရှိကြပေမည်။ ပေးကမ်း စွန့်ကြဲသူရှိ၍ မပေးကမ်း မလှူဒါန်းလို ဝန်တိုသူတို့လည်း ရှိမည်။

ထိုအမှောင်ခေတ် လူသားတို့၏ အသိဉာဏ်ပညာ အတိုင်းအတာအလျောက် ဒါန၊ သီလ၊ ဘာဝနာ ပြုလုပ်ကြသော်လည်း နည်းပေးလမ်းပြ ညွှန်ပြနိုင်သော ရတနာသုံးပါး မရှိလေသောကြောင့် "မှောင်ထဲအကန်းခရီးလမ်းသွားသလို" ခရီးမပေါက်သဖြင့် လိုရာသို့ မရောက်ပဲ ရှိကြပေသည်။ သတ္တဝါ အသီးသီးတို့သည် ချမ်းသာမျိုးစုံကို လိုလားကြ၏။ လိုလားကြသလောက် ချမ်းသာကို မရရှိခြင်းသည် ဆုံးရှုံးမှုပင်ဖြစ်၏။ လူသားတို့ လိုလားသော ချမ်းသာကား လူချမ်းသာ နတ်ချမ်းသာနိဗ္ဗာန်ချမ်းသာတို့ပင် မဟုတ်ပါလော။ ထိုချမ်းသာမျိုးစုံတို့ကား နည်းပေးလမ်းပြ ညွှန်ပြမှုကောင်းမှ မှန်မှန်ကန်ကန်ရရှိနိုင်ပေသည်။ အမှောင်ထု လွှမ်းခြုံသော အမှောင်ခေတ် ကာလ၌ စံချိန်ကိုက် မှန်ကန်သော ချမ်းသာကို မရရှိနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် အမှောင်ခေတ်၌ ဒါန၊ သီလ၊ ဘာဝနာ ပြုလုပ်မှုသည် ကျတ်တီးပြင် လယ်မြေ၌ မျိုးစေ့မြောက်မြားစွာ စိုက်ပျိုးသော လယ်သမားနှင့် တူပေသည်။

ကျတ်တီးပြင် လယ်မြေ၌ မျိုးစေ့မြောက်မြားစွာ စိုက်ပျိုးသော်လည်း လယ်သမားတို့ နှစ်သက်ကျေနပ် နိုင်လောက်သော အသီးအနှံ ပေါပေါ များများကို မဖြစ်စေနိုင်။ ထိုအတူ အလှူခံ၏ အင်္ဂါပြည့်စုံမှုကင်းသော အမှောင်ခေတ်၌ အလှူခံပုဂ္ဂိုလ်တို့အား မြောက်မြားစွာသော အလှူဒါနကို ပြုပါသော်လည်း အလှူရှင်တို့ ကျေနပ်နှစ်သက်စေနိုင်သော အကျိုးကို မပေးစွမ်းနိုင်။ (အကုံရ ပေတဝတ္ထုပါဠိတော်)

"ဒက္ခိဏေယျသမ္ပတ္တိဝိရဟေန အခေတ္တေ ဝုတ္တ ဗီဇံ ဝိယ န ဥဠာရ- ဖလံ အဟောသိ။" (ပေတ၊ ဌ၊ ၁၂၈။)

အဖက်ဖက်မှ ဆုံးရှုံး နစ်နာမှုရှိသော အမှောင်ခေတ်ကာလကြီးမှ လွတ်မြောက်၍ ဗုဒ္ဓဖြစ်ထွန်း ပေါ်ပေါက်တော်မူသဖြင့် ဗုဒ္ဓသာသနာတည်း ဟူသော လင်းရောင်ခြည်များ ကွန့်မြူးဝေဖြာလျက်ရှိသော အလင်းရောင်ခေတ်ကာလကြီးနှင့် ကြုံကြိုက်နေရသော လူများအဘို့ အဖက်ဖက်မှ အရေးသာလျက်ရှိပေသည်။ ညောင်စေ့လောက်လှူဒါန်းလျှင် ညောင်ပင်ကြီးလောက် ဝေဝေဆာဆာ ပြည့်ပြည့်ဖြိုးဖြိုးအကျိုးရနိုင်သည်။ သီလပြည့်စုံလျှင် လိုတရဖြစ်စွမ်းနိုင်သည်။ မဂ်ဝင် ဖိုလ်ပေါက် နိဗ္ဗာန်အရောက်သွားနိုင်သည်။ ဤမျှလောက် ကြီးမားသော အကျိုးပေး အခွင့်အရေးတို့ကား ဗုဒ္ဓဖြစ်ထွန်းပေါ်ပေါက်ရာ အလင်းရောင်ခေတ်၏ တန်ဘိုးအနဂ္ဃတို့ပင် ဖြစ်ပေသည်။

အလင်းရောင်ခေတ်၌ အလိုလားအပ်ဆုံးသော အကျိုးအနှစ်သာရတို့ကား အဘယ်နည်း၊ အကျိုးအနှစ်သာရကို ရှာဖွေရပေဦးမည်။

## အလင်းရောင်ခေတ်၏ အနှစ်သာရ
## မဂ် ဖိုလ် နိဗ္ဗာန်

မြတ်စွာဘုရား ဖြစ်ထွန်းပေါ်ပေါက်ရာ ခေတ်အခါကာလသမယ၌ မဂ် ဖိုလ် နိဗ္ဗာန်တည်းဟူသော အနှစ်သာရတရားတို့ကို ရရှိရေးသည်သာ ပဓာန လိုရင်းအချက်ဖြစ်ပေသည်။ မဂ် ဖိုလ် နိဗ္ဗာန်တည်းဟူသော အနှစ်သာရတရားကို ရှာဖွေရရှိနိုင်ရေးအတွက် ဗုဒ္ဓရှင်တော်မြတ်သည် လေးဆယ့်ငါးဝါ ကာလ ပတ်လုံး နည်းကောင်းလမ်းမှန်များကို ချမှတ်ပေးသနားတော်မူခဲ့ပေသည်။

ဗုဒ္ဓရှင်တော်မြတ် ပေးသနားတော်မူခဲ့သော နည်းလမ်းများကား အများသိရှိပြီးဖြစ်သော ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) တို့ပင် ဖြစ်ပေသည်။ အကျဉ်းချုပ်အားဖြင့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟု ကွဲပြားခြားနားနေသော်လည်း မုချအားဖြင့် ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည်သာ မဂ် ဖိုလ် နိဗ္ဗာန်ရရှိရေး

အတွက် ဗုဒ္ဓရှင်တော်မြတ်၏ ချမှတ်ပေးသောလမ်းစဉ်၊ သို့မဟုတ် အဆုံးအမ သာသနာတော်ဖြစ်ပေသည်။

သာသနန္တိ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဝသေန တိဝိဓမ္ပိ သာသနံ နိပ္ပရိယာယတော ပန သတ္တတိံသ ဗောဓိပက္ခိယဓမ္မာ။
(ဒီ၊ ဋ္ဌိ၊ သစ်၊ ၄၅–နှာ)

ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါး၊ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတရားတို့သည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တည်းဟူသော အနှစ်သာရကို ရရှိရေးအတွက် အဓိကအားဖြင့် လိုအပ်သော ပဋိပတ်လမ်းကြောင်းများဖြစ်ကြပေသည်။ ပဋိပတ်လမ်းကြောင်းမပါမရှိဘဲ ဗုဒ္ဓရှင်တော်မြတ်၏ သာသနာ၌ မဂ် ဖိုလ် နိဗ္ဗာန်တည်းဟူသော အနှစ်သာရကို မရရှိနိုင်ပေ။ ရရှိပါသည်ဟု တစုံတဦးက ပြောဆိုလျှင်လည်း ထိုသူ၏ ရရှိခြင်းသည် ယုံချို လိပ်မွေးနှင့် ကောင်းကင်ပန်းကို ရရှိပါသည်ဟု ပြောဆိုသူနှင့်သာ တူပေလိမ့်မည်။

ပဋိပတ်လမ်းကြောင်းသည် မဂ်၊ဖိုလ်၊ နိဗ္ဗာန် ရရှိရေးအတွက် အဓိကလိုအပ်ချက်ဖြစ်ပေသည်။ ထို့ကြောင့် ထိုလမ်းကြောင်း၏ မှန်မမှန်ကိုလည်း စိစစ်နိုင်ရန် စံနှုန်းအနေနှင့် ဗုဒ္ဓရှင်တော်မြတ် ချမှတ်ပေးတော်မူခဲ့သော မုခပါဠ် ဒေသနာတော်တည်းဟူသော ပိဋကသုံးပုံ နိကာယ်ငါးရပ်သည် အဓိကအခန်းက ပါဝင်နေပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက်ကာလ၌ ပိဋကသုံးပုံ နိကာယ်ငါးရပ်၏ အဓိကအခန်းက ပါဝင်နေကြောင်းကိုလည်း—

"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ" (ဒီ၊ ၂၊၅၁၆–နှာ)

"ချစ်သား အာနန္ဒာ၊ ငါဘုရားသည် သင်တို့အတွက် သုတ်၊ အဘိဓမ္မာ၊ ဝိနည်း ဒေသနာတော်များကို ဟောကြားတော်မူပြီးပြီ၊ ပညတ်တော်မူပြီးပြီ။ ထိုသုတ် အဘိဓမ္မာ ဝိနည်းသည် ငါပရိနိဗ္ဗာန်စံတော်မူသောအခါ၌ သင်ချစ်သားတို့၏ ဆရာဘုရားပေတည်း"ဆိုသော ဘုရားရှင်၏ မုခပါဠ်ဒေသနာတော်အရ သိရှိရပေသည်။

## ဓမ္မဒေသနာသုံးမျိုး

ဗုဒ္ဓရှင်တော်မြတ်နှင့် ဗုဒ္ဓ၏တပည့်သာဝကတို့သည် မုခပါဠ် ဒေသနာတော်များကို ဟောကြားတော်မူရာ၌ ပါးစပ်လှုပ်ရုံမျှ သမန်ကာ လျှံကာ ဟောကြား

တော်မူသည်မဟုတ်ပါ။ မုခပါဠ်ဒေသနာတော် အသီးသီးကို ဟောကြားတော်မူရာ၌ "ဤသို့ ကြံကြကုန်လော့။ ဤသို့ မကြံကြကုန်လင့်။ ဤသို့ နှလုံးသွင်းကြကုန်လော့။ ဤသို့ နှလုံးမသွင်းကြကုန်လင့်။ ဤတရားကို ပယ်ကြကုန်လော့။ ဤတရားကို ပွားများပြည့်စုံ၍ နေကြကုန်လော့" စသည်ဖြင့် ဆုံးမတော်မူခြင်း (အနုသာသနီ ပါဋိဟာ)ဖြင့် ဟောကြားတော်မူသော ဒေသနာတော်များ ဖြစ်ပေသည်။

တခါတရံ၌ ရှင်မောဂ္ဂလာန်၏ အလေ့အကျင့်ဖြစ်သော တန်ခိုးအဘိညာဉ်ဖြင့် ဆုံးမခြင်း ဓမ္မဒေသနာ၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်၏ အလေ့အကျင့်ဖြစ်သော သူတပါး၏ စိတ်သဘောကို သိသဖြင့် ဆုံးမခြင်း ဓမ္မဒေသနာများလည်း ပါရှိပေသည်။

ရှင်သာရိပုတ္တရာမထေရ်သည် သံဃာသင်းခွဲသူ ဒေဝဒတ်နောက်သို့ လိုက်သွားကြသော ရဟန်းငါးရာတို့၏ စိတ်ကိုသိတော်မူ၍ တရားဒေသနာ ဟောကြားတော်မူရာ သောတာပန်ပုဂ္ဂိုလ်များ ဖြစ်တော်မူကြလေသည်။ ဤတရားဒေသနာတော်မျိုးကို သူတပါး၏ စိတ်ကို သိ၍ ဟောတော်မူသဖြင့် အတပ်သိ ဆုံးမဟောကြားသော တရားဒေသနာဟု ခေါ်ဆိုရပေသည်။

ရှင်မောဂ္ဂလာန်သည် ရှင်သာရိပုတ္တရာမထေရ်မြတ်၏ တရားဒေသနာတော်ကို ကြားနာရသဖြင့် သောတာပန်ဖြစ်ပြီးသူ ရဟန်းငါးရာတို့အား အမျိုးမျိုးဖန်ဆင်းနိုင်သော "ဝိကုဗ္ဗနိဒ္ဓိ"တန်ခိုးအဘိညာဉ်ဖြင့် အဆုံးအမတရားဒေသနာကို ဟောကြားတော်မူရာ ရဟန်းတော် ငါးရာလုံးပင် ရဟန္တာပုဂ္ဂိုလ်များဖြစ်တော်မူကြလေသည်။ ဤတရားဒေသနာမျိုးကို တန်ခိုး ပြာဋိဟာဖြင့် ဆုံးမဟောကြားသော တရားဒေသနာဟု ခေါ်ဆိုရပေသည်။

> ဣဒ္ဓိပါဋိဟာရိယေန အနုသာသနီ ပါဋိဟာရိယံ မဟာမောဂ္ဂလာနဿ အာစိဏ္ဏံ၊ အာဒေသနာ ပါဋိဟာရိယေန အနုသာသနီ ပါဋိဟာရိယံ ဓမ္မသေနာပတိဿ။ (ဒီ၊ ဌ၊ ၁၊ ၃၂၂။)

ဗုဒ္ဓရှင်တော်မြတ်သည် အတပ်သိ တန်ခိုး၊ အမျိုးမျိုး ဖန်ဆင်းနိုင်သော တန်ခိုးတို့ဖြင့် တရားဒေသနာ ဟောကြားတော်မူခြင်းကို လိုလားနှစ်သက်တော်မမူဘဲ ကဲ့ရဲ့ချတော်မူခဲ့၏။

မှန်၏။ တန်ခိုးတော်မှန်သမျှသည် သူတပါးထက်သာအောင်၊ သူတပါးက မိမိအား အထင်ကြီးအောင်၊ ချီးမွမ်းအံ့သြ၍ ကြောက်လန့်လာအောင် ပြုလုပ်တတ်သော သဘောရှိသည်။

ဒေဝဒတ်သည် အဇာတသတ်မင်းသားလေးအား ကြောက်ရွံ့ထိတ်လန့်စေ၍ မိမိအား အထင်ကြီးစေလျက် အပါယ်လမ်းကြောင်းသို့ အဓမ္မ ပို့ဆောင်ပေးခဲ့သည်။ လောကီဝိဇ္ဇာ အတတ် ပညာရှင်တို့ သည်လည်း သူတပါး၏ စိတ်ကို ချုပ်ချယ်သော အတတ်ဖြင့် မိမိလိုလားရာလမ်းကြောင်းသို့ ပို့ဆောင်ပေးတတ်လေသည်။

ဗုဒ္ဓရှင်တော်မြတ်၏ သာဝကတို့သည် မှန်ကန်သော တန်ခိုးဖြင့် မှန်ကန်သော ဓမ္မလမ်းကြောင်းကို ပြသလျက် ဓမ္မဒေသနာဟောကြားစေကာမူ ဗုဒ္ဓသာသနာ့ပြင်ပဌ်ရှိသော သိဒ္ဓိရှင်တို့၏ တန်ခိုးနှင့် ရောနှော၍ လူတို့က "တန်ခိုးပြသမှုချင်းကတော့ အတူတူပါဘဲ။ မထူးဆန်းပါ" ဟု ယူဆ ပြောဆိုကြလျှင် အကျိုးယုတ်ဖွယ်ဖြစ်ခြင်း၊ နောက်သားတို့က တန်ခိုး ပြတော်မမူနိုင်ဘဲ တရားဒေသနာဟောပြောကြလျှင် လူသားတို့က ယုံကြည်မှု ကင်း၍ ကဲ့ရဲ့ကြသဖြင့် အကျိုးယုတ်ခြင်း၊ တန်ခိုးပြသနိုင်မှုမရှိသဖြင့် တရားဒေသနာ မဟောပြောကြလျှင် သံသရာ ဝဋ္ဋဆင်းရဲက လွတ်မြောက်သူ မရှိနိုင်ခြင်း စသော အပြစ်များဖြစ်ပေါ်နိုင်လေသောကြောင့်ပင် ဗုဒ္ဓရှင်တော်မြတ်က လိုလားတော်မူခြင်းမရှိ၊ ကဲ့ရဲ့ရှုံ့ချတော်မူခြင်း ဖြစ်ပေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ကိုယ်တော်တိုင် ကျင့်သုံး၍ တပည့် သာဝကတို့အားလည်း ကျင့်သုံးစေသော "အနုသာသနီ ပါဋိဟာရိယ" ခေါ်သော "ဤသို့ ကျင့်ကြ၊ ဤသို့ ပွားများအားထုတ်ကြ" စသည်ဖြင့် အဆုံးအမ ဩဝါဒပါရှိ၍ ကိလေသာတရား ပယ်ခွါနိုင်ရေး၊သာသနာ့ပြင်ပ ဝါဒများကို ဖယ်ရှားနိုင်ရေး အတွက် စွမ်းဆောင်နိုင်သော တန်ခိုးသတ္တိရှိသော ဓမ္မဒေသနာဟောပြောခြင်းကိုသာ နှစ်သက်လိုလားတော်မူ၍ ချီးမွမ်းတော်မူခဲ့ပေသည်။

> "သာဝကာနဥ္စ ဗုဒ္ဓါနဥ္စ သတတံ ဓမ္မဒေသနာ အနုသာနီပါဋိဟာရိယံ။ (ဒီ၊ ဋ္ဌ၊ ၁၊ ၃၂၂)

တန်ခိုးမဖက် ကိလေသာ ပယ်ခွါရေးနှင့် သာသနာ့ပြင်ပ ဝါဒများကို ဖယ်ရှားရေးအတွက် ဓမ္မဒေသနာဟောပြောနည်းသည် ဗုဒ္ဓသာဝက မှန်သမျှတို့နှင့် သက်ဆိုင်သဖြင့် ကာလရှည်မြင့်စွာ ဓမ္မဒေသနာဟောပြောမှု ဖြစ်ပေါ် တည်ရှိနိုင်သောကြောင့် ကျင့်ကြံသူ သတ္တဝါများအတွက် ဝဋ္ဋဆင်းရဲမှ လွတ်မြောက်နိုင်ပေသည်။

> အနုသာသနီပါဋိဟာရိယံ အနုပါရမ္ဘံ နိဒ္ဒေါသံ အဒ္ဓါနံ တိဋ္ဌတိ၊ အဒ္ဓါနံ တိဋ္ဌနတော နိယျာသိ၊ တသ္မာ ဘဂဝါ ဣဒ္ဓိပါဋိဟာရိယဉ္စ အာဒေသနာပါဋိဟာရိယဉ္စ ဂရဟတိ၊ အနုသာသနီပါဋိဟာရိယံယေဝ ပသံသတိ။(ဒီ၊ ဋ္ဌ၊ ၁၊ ၃၂၃။)

## ဒေသနာတော်၏ ခက်ခဲနက်နဲခြင်းများ

ဗုဒ္ဓရှင်တော်မြတ်နှင့် ဗုဒ္ဓ၏ တပည့်သာဝကများ ဟောကြားတော်မူသော မှာပါ၌ ဝမ္မဒေသနာတော်များသည် သတ္တဝါများအလိုက် စရိုက်အားလျော်စွာ ဖြစ်ပေါ်လျက်ရှိကြသော လောဘ ဒေါသ မောဟ စသော ကိလေသာများကို ပယ်ခွာရေးနှင့် ထိုသည့် လောဘ စသော ကိလေသာ ပယ်ခွာရေး ပယ်သတ်ရေး လမ်းကြောင်းနှင့် ဆန့်ကျင်ဖက် ဝါဒများကို ဖယ်ရှားရေး အတွက် သဘာဝကျကျ ကြောင်းကျိုးပြလျက် အစွမ်းထက်လှစွာ ဟောကြားတော်မူသော ဓမ္မဒေသနာများဖြစ်တော်မူသောကြောင့်—

၁။ အကြောင်း၏ နက်နဲခြင်း "ဓမ္မဂမ္ဘီရ"

၂။ အကျိုး၏ နက်နဲခြင်း "အတ္ထဂမ္ဘီရ"၊

၃။ ဟောကြားသော ပညတ်ဝေါဟာရ၏ နက်နဲခြင်း "ဒေသနာ ဂမ္ဘီရ"

၄။ ထိုးထွင်းသိမှု အသိဉာဏ်၏ နက်နဲခြင်း "ပဋိဝေဓဂမ္ဘီရ"ဟူသော နက်နဲခက်ခဲခြင်း လေးရပ်နှင့်—

၁။ သဒ္ဒါ၏ နက်နဲခြင်း "သဒ္ဒဂမ္ဘီရ"

၂။ အနက်၏ နက်နဲခြင်း "အတ္ထဂမ္ဘီရ"

၃။ သဒ္ဒါအနက်နှစ်မျိုးစုံ၏ နက်နဲခြင်း "သဒ္ဒတ္ထဂမ္ဘီရ"

၄။ အဓိပ္ပာယ်၏ နက်နဲခြင်း "အဓိပ္ပာယဂမ္ဘီရ"—

ဟူသော နက်နဲခက်ခဲခြင်းလေးရပ် ဤရှစ်ရပ်သော မကြံစည်အပ် မကြံစည်နိုင်သော ဂုဏ်တော်များနှင့် ပြည့်ဝလျက်ရှိပေသည်။

### ဒေသနာနှင့် သာသနာ

ဤမျှနက်နဲခက်ခဲလှသော ဂုဏ်တော်များနှင့် ပြည့်ဝနေသော ဗုဒ္ဓဒေသနာ တော်များသည်—

၁။ ဒေသနာတော်၏ အစ အလယ် အဆုံး သုံးမျိုးလုံး ကောင်းမွန်ခြင်း၊

၂။ ဆိုးမသြဝါဒသာသနာ၏ အစ အလယ် အဆုံး သုံးမျိုးလုံး ကောင်းမွန်ခြင်း၊ ဤကောင်းခြင်း နှစ်မျိုးနှင့်လည်း ပြည့်စုံနေပေသည်။

ဤ၌ ဒေသနာ သာသနာဆိုသော စကားနှစ်လုံး၏ အဓိပ္ပာယ်ကို အကျဉ်းအားဖြင့် ရေးသား ဖော်ပြရလျှင် တရားဒေသနာ ဟောကြားတော်မူသော ဘုရားရှင်၏ အသံတော်နှင့် အက္ခရာစဉ်များဖြစ်သောပိဋကသုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သည် ဒေသနာမည်၏ ထိုပိဋကသုံးပုံ နိကာယ်ငါးရပ်သည်ပင် ဆုံးမအပ်သော ပုဂ္ဂိုလ်သတ္တဝါနှင့် စပ်လျဉ်းသဖြင့် သာသနာမည်ရပြန်လေသည်။

ဒေသကဿ ဝသောနေတ္တ၊ ဒေသနာ ပိဋကတ္တယံ။
သာသိတဗ္ဗဝသေနေတံ၊ သာသနန္တိ ပဝုစ္စတိ။
(ဒီ၊ သီ၊ သစ်၊ ၉၈၊ ဝဇီရ၊ သာရတ္ထ၊ နိဒါန်းဖွင့်)

## ဒေသနာတော်၏ စ လယ် ဆုံး ကောင်းမွန်ပုံ

ကရုဏာရှင် ဖြစ်တော်မူသော ဗုဒ္ဓရှင်ဘော်မြတ်သည် သတ္တဝါတို့အား အတုမရှိ မွန်မြတ်လှစွာသော ချမ်းသာစစ်စစ် နိဗ္ဗာနဓာတ်ကြီးကို မျက်မှောက်ပြုနိုင်ရေး လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ရရှိနိုင်ရေးသို့ ရှေးရှုဟောကြားတော်မူရာ၌ စကားလုံးအဖွဲ့အစည်း နည်းသည် ဖြစ်စေ၊ များသည်ဖြစ်စေ ဟောကြားတော်မူသော ဒေသနာတော် မှန်သမျှသည် အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသည်သာ ဖြစ်ပေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် သတ္တဝါတို့အား တရားရေအေး တိုက်ကျွေးတော်မူရာဝယ် တခါတရံ ဂါထာဗန္ဓအဖွဲ့ အစည်းဖြင့် ဟောကြားတော်မူ၍ တခါတရံ စကားပြေ "စုဏ္ဏိယ"ဖြင့် တရားရေအေး တိုက်ကျွေးတော်မူလေသည်။ တခါတရံ ကဗျာလင်္ကာ ဂါထာဗန္ဓနှင့် စကားပြေ စုဏ္ဏိယရောစပ်၍ တရားရေအေး တိုက်ကျွေးဟောကြားတော်မူလေရာ မည်သည့်ဒေသနာတော်ပင် ဖြစ်စေ စ လယ်ဆုံး သုံးပါးလုံး ကောင်းမွန်သည်သာ ဖြစ်၏။

## ဂါထာဗန္ဓနှင့် စုဏ္ဏိယ စ လယ် ဆုံး ကောင်းပုံ

အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ—

ဟူသော ကဗျာဂါထာဗန္ဓ စကားအဖွဲ့အစည်းဖြင့် ဟောကြားတော် မူရာ၌ "အနိစ္စာဝတသင်္ခါရာ" သင်္ခါရတရားတို့သည် မမြဲကြလေကုန်စွတကားဟူသော စာပိုဒ်သည် အပြစ်ဒေါသ မရှိ ကောင်းမွန်လှသဖြင့် အစ၏ကောင်းခြင်း မည်ပေသည်။

"ဥပ္ပာဒဝယဓမ္မိနော" ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏ ဟူသော ဒုတိယ စာပိုဒ်နှင့် "ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ" ဖြစ်ပြီးလျှင် ချုပ်ပျောက်ကုန်၏ဟူသော တတိယ စာပိုဒ်၊ ဤစာပိုဒ်တို့သည်လည်း အလယ်သားစာပိုဒ်များဖြစ်၍ အပြစ်ဒေါသမရှိ ကောင်းမွန်လှသည့်ပြင် "တေသံ ဝူပသမော သုခေါ" ထိုသင်္ခါရတရားတို့၏ ငြိမ်းအေးရာ နိဗ္ဗာန်သည်သာ ချမ်းသာစစ် ချမ်းသာမှန်ဖြစ်၏ ဟူသော နောက်ဆုံး စတုတ္ထစာပိုဒ်သည် ပညာရှိတို့အတွက် မပြစ်မပျှ ကောင်းမွန်လှသော အဆုံးစာပိုဒ် ဖြစ်ပေသည်။ ဤသို့လျှင် ဂါထာဗန္ဓစကား အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ ဖွဲ့စည်းနည်းအရ ကျစ်လစ်သိပ်သည်း၍ ရွတ်ဆိုသူတို့အတွက်လည်း ပြေပြစ်ချောမောလျက် ကြားရသူတို့အဘို့မှာလည်း သာယာ ပြေ့ပြောင်းလှသောကြောင့် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းဟူသော ကောင်းခြင်းသုံးရပ်နှင့် ပြည့်ဝနေသည် ပြည့်စုံနေသည်ဟု ဆိုခြင်း ဖြစ်ပေသည်။

"စတုပ္ပဒိကာယပိ ဂါထာယ ပဌမပါဒေါ အာဒိ နာမ၊ တတော ဒွေ မဇ္ဈံ နာမ၊ အန္တေ ဧကော ပရိယောသာနံ နာမ။"

(ဒီ၊ ဋ၊ ၁။ ၁၅၈-နှာ)

"ဧကံ သမယံ ဘဂဝါ ကုရူသု ဝိဟရတိ ကမ္မာသဓမ္မံ နာမ ကုရူနံ နိဂမော၊ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ။ "ဘဒန္တေ"တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ။ (အစ၏ ကောင်းပုံ)

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ ပ။ ဣဒမေတံ ပဋိစ္စ ဝုတ္တန္တိ၊" (အလယ်၏ ကောင်းပုံ)

"ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။"(အဆုံး၏ကောင်းပုံ)[မဟာသတိပဋ္ဌာနသုတ်]

ဤစကားပြေ"စုဏ္ဏိယ"မဟာသတိပဋ္ဌာန်သုတ္တန်ဒေသနာတော်ကို ကြည့်ရှုလေ့လာလျှင်—၁၊ နိဒါန်း။ ၂၊ အလယ်သားစာကိုယ်။ ၃၊ နိဂုံးဟူ၍ သုံးမျိုး ပါဝင်နေကြောင်း တွေ့ရှိရပေလိမ့်မည်။ ဘုရားဟောဒေသနာမှန်သမျှ၌ ဤနည်းချည်းသာ ရှိပေသည်။

နိဒါန်းသည် အစ၏ကောင်းခြင်းဖြစ်၍ အလယ်သားစာကိုယ်သည် အလယ်၏ ကောင်းခြင်းဖြစ်ကာ နိဂုံးသည် အဆုံး၏ကောင်းခြင်းဖြစ်ပေသည်။စကားပြေ

မှန်သမျှ၏ အင်္ဂါသုံးပါးနှင့်ပြည့်စုံပြည့်ဝလျက်ရှိသည့်ပြင် စကားပြေ“စုဏ္ဏိယ” အရေးအသားမှန်သမျှ၌ ဤအင်္ဂါသုံးရပ်ပြည့်စုံရမည်ဟု ညွှန်ပြလျက်ရှိပေသည်။

## အဆုံးအမသာသနာတော်၏ စ လယ် ဆုံး ကောင်းပွန်ပုံ

ဆုံးမအပ်သောပုဂ္ဂိုလ်သတ္တဝါနှင့်စပ်လျဉ်းသဖြင့်ဗုဒ္ဓရှင်တော်မြတ်၏ ဒေသနာတော်များဖြစ်သော ပိဋကသုံးပုံ နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သည်ပင် သာသနာမည်ကြောင်း ရေးသားခဲ့ပြီး ဖြစ်၏။ ထိုသာသနာတော်၏ စ လယ် ဆုံး သုံးရပ်လုံး ကောင်းပုံကို အဋ္ဌကထာဆရာတို့က အကျဉ်းချုပ်အားဖြင့် အောက်ပါအတိုင်း ဖော်ပြထားပေသည်။

သီလ သမာဓိ ဝိပဿနာသည် သာသနာတော်၏ အစကောင်းခြင်းဖြစ်၍ မဂ်သည် အလယ်၏ ကောင်းခြင်းဖြစ်လျက် ဖိုလ် နိဗ္ဗာန်သည် အဆုံး၏ ကောင်းခြင်းဖြစ်ပေသည်။ ( ဒီ၊ ဋ္ဌ၊ ၁၊ ၁၅၉။ )

အစကောင်းမှ အလယ် အဆုံးတို့လည်း ကောင်းမွန်ခြင်းဖြစ်နိုင်ပေရာ ဗုဒ္ဓရှင်တော်မြတ်၏ အဆုံးအမ သာသနာတော်၌ ဆုံးမတော်မူသည့်အတိုင်း လိုက်နာကျင့်သုံးသူတို့အတွက် အခြေခံ သီလ သမာဓိ ပိပဿနာပညာ တည်းဟူသော အစကောင်းခြင်းတို့ကို ညွှန်ပြထားခြင်းဖြစ်ပေသည်။

မှန်၏၊ ဗုဒ္ဓရှင်တော်မြတ်သည် အာကင်္ခေယျသုတ်ပါဠိတော်၌—

၁။ သီတင်းသုံးဘော်တို့၏ ချစ်ခင်လေးစားချီးမွမ်းခံရလိုသူ၊

၂။ ပစ္စည်းလေးပါးရလိုသူ ပေါများလိုသူ၊

၃။ ပစ္စည်းလေးပါး လှူဒါန်းသူတို့၏ လောကီ လောကုတ္တရာ အကျိုးစီးပွားလိုလားသူ၊

၄။ တမလွန်ဘဝပြောင်းသွားသော ဆွေမျိုးသားချင်းတို့၏ အကျိုးစီးပွားလိုလားသူ၊

၅။ ကာမဂုဏ်၌ ပျော်ပိုက်လိုက်စားမှုကို လွှမ်းမိုး၍ သာသနာ၌ မွေ့လျော်လိုသူ၊

၆။ ကြောက်ရွံ့စိတ်နှင့် ကြောက်စရာအာရုံကို လွှမ်းမိုးနိုင်နင်းသူ၊

၇။ ရူပဈာန်လေးမျိုးကို မပြိုမငြင်မပင်ပန်းဘဲ အလိုရှိတိုင်း ရလိုသူ၊

၈။ အရူပဈာန်လေးမျိုးကို နာမကာယဖြင့် တွေ့ထိခံစား၍ နေလိုသူ၊

၉။ သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်များ ဖြစ်လိုသူ၊

၁၀။ တန်ခိုးအဘိညာဉ်အမျိုးမျိုးနှင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ရလိုသူ၊ဝါ၊ ရဟန္တာဖြစ်လိုသူတို့အတွက် လိုက်နာကျင့်ကြံပွားများရမည့် ရှေးဦးအစကျင့်ဝတ်ကို ညွှန်ပြရာ၌ "သီလကို ပြည့်အောင်ဖြည့်ကြ၊ သမာဓိကို ပွားများကြ၊ ဝိပဿနာကို ပွားများကြ" ဟု ဟောကြားတော်မူခဲ့ပေသည်။ ဗုဒ္ဓရှင်တော်မြတ်၏ အဆုံးအမ သာသနာတော်၌ စ လယ် ဆုံး သုံးမျိုးလုံး၏ ကောင်းပုံတို့ကို ဤ မူလပဏ္ဏာသပါဠိတော် အာကင်္ခေယျသုတ်တော်ကို ကြည့်ရှုခြင်းအားဖြင့် သိသာထင်ရှားပေါ်လွင်နေပေသည်။ ဗုဒ္ဓရှင်တော်မြတ်၏ တရားဒေသနာတော်ကို နာခံမှတ်သား ဆောင်ယူထားသူတို့ကလည်း—

"ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည် အစ အလယ် အဆုံး သုံးပါးလုံး၌ ကောင်းသောတရားဒေသနာကို ဟောကြားတော်မူပါပေ၏"—

ဟု ဒေသနာတော် သာသနာတော်နှစ်ရပ်၏ ကောင်းမွန်ပုံကို ချီးကျူးတော်မူကြခြင်းဖြစ်ပေသည်။

"သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ"

## မာလုကျပုတ္တ ဒေသနာတော်

ဤသို့ပင် အနက်သဘော သဒ္ဒါသဘောတို့နှင့် ကုံလုံပြည့်ဝလျက် အယုတ်အလွန် အပိုအကျံမရှိသော စ လယ်-ဆုံးသုံးပါးလုံးနှင့် ပြည့်စုံသော ဗုဒ္ဓရှင်တော်မြတ်သည် ဟောကြားတော်မူအပ်သော ဒေသနာတော်တို့တွင် တပါးအပါအဝင်ဖြစ်သော ဤ မာလုကျပုတ္တသုတ္တန် ဒေသနာတော်ကို ပါဠိတော် ဟောစဉ် ဝိပဿနာ ဓမ္မကထိက ထူးကြီးဆရာတော်သည် မုံရွာမြို့ ဆုတောင်းပြည့်ဘုရား ဓမ္မာရုံကြီး၌ (၇)ညတိုင်တိုင် ဘုရားရှင်၏ သားတော်ပီပီ မေတ္တာကရုဏာတရား ရင်ဝယ်ထား၍ အလင်းရောင်ခေတ်၏အနှစ်သာရကို ရှာမှီးလိုသူ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အား ဟောကြားတော်မူခဲ့လေသည်။ ထိုသုတ္တန်ဒေသနာတော်ကို ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့သောမူရင်း သဘောကို အကျဉ်း အားဖြင့် ဖော်ပြလိုက်လျှင် တရားဟော ဓမ္မကထိက ပုဂ္ဂိုလ်၏ ဟောပြောချက်များ ဗုဒ္ဓအလိုတော်နှင့် ညီမညီ ဆန့်ကျင်ခြင်း ရှိမရှိကို စာဖတ်သူ ပရိသတ်သည် အကဲခတ်၍ အဆုံးအဖြတ် ပေးနိုင်ပေလိမ့်မည်။

## မာလုကျပုတ္တသုတ် အကျဉ်းချုပ်

မာလုကျပုတ္တသုတ္တန် ဒေသနာတော်သည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေထိုင်တော်မူသောအခါကာလ၌ မာလုကျပုတ္တ ရဟန်းတော်ကြီးကို မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော် ဖြစ်ပေသည်။

မာလုကျပုတ္တ ရဟန်းကြီးသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် "မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်ဘုရားဟောကြားသော တရားတော်ကို ကြားနာရပြီးလျှင် အဖော်မမှီးတကိုယ်တည်း ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ကာ မမေ့မလျော့ဘဲ လုံ့လဝီရိယစိုက်ပြီးလျှင် ရဟန်းတရားကို ပွားများအားထုတ်ကျင့်ကြံလျက် နေထိုင်ရာပါ၏။ မြတ်စွာဘုရား၊တပည့်တော်အား တရားတော်ကို အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူပါဘုရား" ဟု လျှောက်ထားတောင်းပန်လေသည်။

ထိုအခါ မြတ်စွာဘုရားက "ချစ်သား မာလုကျပုတ္တ၊ ယခု ငါဘုရား မေးမည့် စကားကို သင်ချစ်သား မည်သို့ မှတ်ထင်သနည်း၊ ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့ကို သင်ချစ်သားသည်—

၁။ ရှေးအခါကလည်း မမြင်ဘူး၊မကြားဘူး၊ မနမ်းဘူး၊ မလျက်ဘူး၊ မတွေ့ဘူး၊ မသိဘူး။

၂။ ရှေးဘဝကလည်း မမြင်ခဲ့ဘူး၊မကြားခဲ့ဘူး၊မနမ်းခဲ့ဘူး၊မလျက်ခဲ့ဘူး၊ မတွေ့ထိခဲ့ဘူး၊မသိခဲ့ဘူး။

၃။ ယခု မျက်မှောက် ပစ္စုပ္ပန်ဘဝမှာလည်း မြင်ဆဲမဟုတ်၊ကြားဆဲမဟုတ်၊ နမ်းရှူဆဲမဟုတ်၊ လျက်ဆဲမဟုတ်၊တွေ့ထိဆဲမဟုတ်၊ သိဆဲမဟုတ်။

၄။ သင်ချစ်သား၏ စိတ်သန္တာန်မှာလည်း မြင်အံ့၊ ကြားအံ့၊ နမ်းရှူအံ့၊ လျက်အံ့၊ တွေ့ထိအံ့၊ သိအံ့ ဟု နှလုံးသွင်းမရှိ။

ချစ်သားမာလုကျပုတ္တ၊ဤဆိုခဲ့ပြီးသဘောရှိသော အာရုံခြောက်ပါး တရား၌ သင်ချစ်သား၏ စိတ်သန္တာန်ဝယ် လိုလား တပ်မက် ချစ်ခင်ခြင်း"ဆန္ဒ ရာဂ ပေမ တရားများဖြစ်သေးသလား" ဟု မေးမြန်းတော်မူလေသတည်း။

မာလုကျပုတ္တရဟန်းတော်ကြီးက မဖြစ်ပါကြောင်း ပြန်ကြားလျှောက်ထားလေလျှင် ချစ်သားမာလုကျပုတ္တ၊ ဆိုခဲ့ပြီးသော မြင်အပ် ကြားအပ် စသော အာရုံခြောက်ပါး တရားတို့တွင်—

၁။ မြင်အပ်သော အဆင်းရူပါရုံ၌ မြင်တတ်သော စက္ခုဝိညာဏ်မျှသာ၊

၂။ ကြားအပ်သော အသံ သဒ္ဒါရုံ၌ ကြားတတ်သော သောတဝိညာဏ်မျှသာ၊

၃။ နံမ်းအပ်သော အနံ့ ဂန္ဓာရုံ၌ နံတတ်သော ဃာနဝိညာဏ်မျှသာ၊

၄။ လျက်အပ်သော အရသာ ရသာရုံ၌ လျက်တတ်သော ဇိဝှာဝိညာဏ်မျှသာ၊

၅။ တွေ့ထိအပ်သော ဖောဋ္ဌဗ္ဗာရုံ၌ တွေ့ထိတတ်သော ကာယဝိညာဏ်မျှသာ၊

၆။ သိအပ်သော ဓမ္မာရုံ၌ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းမျှသာ အတိုင်းအတာ ပမာဏရှိသည်ဖြစ်၍ ထိုမြင်တတ်သော စက္ခုဝိညာဏ် စသော တရားခြောက်ပါးတို့၌ လောဘ ဒေါသ မောဟ တရားများ မပါသကဲ့သို့ အာရုံ၏ အရသာကို ပိုင်နိုင်စွာ ခံစားတတ်သော ဇောစိတ္တုပ္ပါဒ် ခဏ၌လည်း လောဘ ဒေါသ မောဟတရားတို့ မပါဝင်အောင် သင်ချစ်သား ကြိုးပမ်းအား ထုတ်ပြုလုပ်နိုင်လျှင် သင်ချစ်သားသည် ရာဂဖြင့် တပ်မက်သူ ဒေါသဖြင့် အမျက် ထွက်သူ မောဟဖြင့် တွေဝေသူ မဖြစ်နိုင်တော့ပေ။

ရာဂ ဒေါသ မောဟ ကင်းစင်ခဲ့သော် အာရုံခြောက်ပါး၌ ကပ်ငြိမှုအလျှင်း မရှိ၊ အာရုံခြောက်ပါး၌ ကပ်ငြိမှုအလျှင်း မရှိသော် ဤလူ့ပြည် လူ့ဘဝနှင့် အခြားသော ဘဝဂတိတို့၌ သင်ချစ်သား လားဘွယ် ဖြစ်ဘွယ် မရှိတော့ပေ။ ဂတိငါးမျိုး၌ သင်ချစ်သား လားဘွယ်ဖြစ်ဘွယ်မရှိခဲ့သော် အခြား လားဘွယ် ဖြစ်ဘွယ်မရှိရကား ဤသည်ပင် ဆင်းရဲဒုက္ခမျိုးစုံ၏ အဆုံးဖြစ်ပေသတည်း”ဟု အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူပေသည်။

## မာလုကျပုတ္တ ရဟန်းကြီး အကျယ်သိပုံ

အကျဉ်းချုပ်အားဖြင့် ဘုရားရှင် ဟောကြားတော်မူသော တရားတော်ကို နာခံမှတ်သားဆောင်ယူထားပြီးလျှင် မာလုကျပုတ္တ မထေရ်ကြီးသည် အဖော် မမှီး တကိုယ်တည်းဖြင့် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် မမေ့မလျော့ သော သတိတရားလက်ကိုင်ထား၍ အလင်းရောင်ခေတ်၏ အနှစ်သာရဖြစ် သော မဂ် ဖိုလ် နိဗ္ဗာန်ကို ဘုရားရှင်ဟောကြားသော နည်းလမ်းအတိုင်း ရှာ မှီးသော အခါ ကျယ်ကျယ်ပြန့်ပြန့်ကြီး တွေ့ရှိသဖြင့် ဘုရားရှင်အား ပြန်ကြား ၍ လျှောက်ထားလေသည်။

## နှလုံးသွင်း မှောက်မှားက သတိပျောက်တတ်သည်

မြတ်စွာဘုရား–"ဘုရားရှင် ဟောကြားသော အကျဉ်းချုပ်တရားကို ဘုရားတပည့်တော် ဤသို့ သိပါသည်ဘုရား"

အဆင်းရူပါရုံကို မြင်လျှင် အသံ သဒ္ဒါရုံကိုကြားလျှင် အနံ့ဂန္ဓာရုံကို နမ်းရှူလျှင် ရသာရုံကို လျက်လျှင် အတွေ့ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလျှင် ဓမ္မာရုံကို သိလျှင်မြင်ရာ ကြားရာ နမ်းရှူရာ လျက်ရာ တွေ့ထိရာ သိရာကို နိမိတ်သဏ္ဌာန် အနေဖြင့် နှလုံးသွင်းမှားသူအား သတိတရား ပျောက်ပျက်ခဲ့ပါပြီ ဘုရား။

သတိတရား ပျောက်ပျက်ခဲ့သော ပုဂ္ဂိုလ်သည် အာရုံခြောက်ပါး တရားကို တပ်စွန်းသော ရာဂဖြင့် အာရုံ၏ အရသာကို ခံစားပြီးလျှင် ထိုအာရုံ၌ နစ်မြုပ်စွဲလမ်းနေပါတော့သည်ဘုရား။

လောဘ ဒေါသ မောဟတရားတို့နှင့် ယှဉ်သော ဇော စေတနာ တို့သည် သတိ ပျောက်ပျက်သူအား ထပ်ပြန်တလဲလဲ ဖြစ်ကြပြီးလျှင် အဘိဇ္ဈာ ဗျာပါဒ တရားများကလည်း တဖွားဖွား ဖြစ်ပျက်ကြ၍ အဘိဇ္ဈာတရားနှင့် ဝိဟေသ တရားတို့သည် ထိုပုဂ္ဂိုလ်၏ စိတ်သန္တာန်အစဉ်ကို အမြဲတစေ ဖျက်ဆီးနှိပ်စက်၍ နေပါတော့သည်ဘုရား။

"မြတ်စွာဘုရား၊ သတိ ပျောက်ပျက်နေသော ထိုပုဂ္ဂိုလ်အား ဒုက္ခ ဖြစ်ကြောင်းမကောင်းသော အကုသိုလ်တရားတွေသာ တိုးပွားနေသောကြောင့် အလင်းရောင်ခေတ်ကြီး၏ အနှစ်သာရ နိဗ္ဗာနမဲတ်ကြီးသည် အလှမ်းဝေး ကွာလှပါတော့သည်ဘုရား"ဟု အာရုံခြောက်ပါး တရားကို တပ်စွန်းမှု ရာဂ ရှိသူအား သံသရာ၌ နစ်မြုပ်နေရပုံကို ဘုရားရှင်အား လျှောက်ထား လေသည်။

## သတိမပျောက် နိဗ္ဗာန်ရောက်

မြတ်စွာဘုရား အဆင်း ရူပါရုံကို မြင်လျှင်၊ အသံ သဒ္ဒါရုံကို ကြားလျှင်၊ အနံ့ ဂန္ဓာရုံကို နမ်းရှူလျှင်၊ ရသာရုံကို လျက်လျှင်၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလျှင်၊ ဓမ္မာရုံကို သိလျှင်၊ မြင်ရာ၊ ကြားရာ၊ နမ်းရှူရာ လျက်ရာ တွေ့ထိရာ သိရာကို သတိတရား ဉာဏ်ရှေ့သွားဖြင့် နိမိတ်သဏ္ဌာန် မထင် ရုပ်နာမ်မျှသာ ထင်မြင်သူသည် အာရုံခြောက်ပါး၌ တပ်စွန်းမှု ရာဂ မရှိတော့ပါဘုရား။

အာရုံခြောက်ပါး၌ တပ်စွန်းမှု ရာဂကင်းဆိတ်နေသူသည် အာရုံ၏အရသာကို ကောင်းမြတ်၍ အနှစ်သာရရှိသော ကုသိုလ်ဇောတို့ဖြင့်သာလျှင် ခံစားနေပါတော့သည်ဘုရား။

မြတ်စွာဘုရား အဆင်း၊အသံ၊အနံ့၊ အရသာ၊အတွေ့ အထိ၊ ကြံစည်စိတ်ကူးသဘော ဓမ္မာရုံတို့နှင့် ကြုံကြိုက်ရသောအခါ လောဘ ဒေါသ မောဟ တရားတို့ မဖြစ်ပွားသကဲ့သို့ ထိုပုဂ္ဂိုလ်သည် ဇောဝေဒနာဖြင့် အာရုံ၏ အရသာကို ခံစားသော အခါဝယ် လောဘ ဒေါသ မောဟတို့မဖြစ်တော့ပဲ သတိတရား ဉာဏ်ရှေ့သွားဖြင့် သုံးဆောင်ခံစားပါတော့သည်ဘုရား။

သတိတရား ဉာဏ်ရှေ့သွားဖြင့် ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာတဏှာ ရာဂကို ဖျက်ဆီးသော ပုဂ္ဂိုလ်အား လောဘ ဒေါသ မောဟ တရားတို့သည် အလင်းရောင်ခေတ်၏ အနှစ်သာရဖြစ်သော မဂ်ဖြင့် ကုန်ခန်း ခြောက်သွေ့ခဲ့ပါသဖြင့် နောက်ထပ်တဖန် ဖြစ်ပွားခြင်း မရှိတော့ပါဘုရား။

မြတ်စွာဘုရား၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ တဏှာ ရာဂ ဖျက်ဆီးပြီးသူ၏ စိတ်သန္တာန်ဝယ် နိဗ္ဗာန်သည် အလွန့် အလွန်ပင် နီးကပ်လှပါသည်ဘုရား''ဟု အကျဉ်းအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသော သံသရာဝဋ်ပြတ်ကြောင်းတရားကို တပည့်တော် အကျယ်အားဖြင့် ဤသို့ပင် သိပါကြောင်း လျှောက်ထားလေသည်။

ဤသို့လျှောက်ထားသော မာလုကျပုတ္တ မထေရ်ကြီးသည်ကား ဘုရားရှင်ပေးသော နည်းလမ်းဖြင့် တိတိကျကျလိုက်နာရှာဖွေခဲ့ရာ အလင်းရောင်ခေတ်၏ အနှစ်သာရဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်တွေ့ထိရသဖြင့် ဆဋ္ဌာဘိညာ ရဟန္တာကြီးအဖြစ်သို့ ရောက်ရှိခဲ့ပေသတည်း။

(ဤကား ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကိုပါ ချုံးထားသော အကျဉ်းချုပ်)

## မဂ် ဖိုလ် ဉာဏ် လူသာမန်ဘို့ သိဘို့ခက်

ဤမာလုကျပုတ္တသုတ္တန် ဒေသနာတော်ကဲ့သို့ပင် အကျဉ်းချုပ် အားဖြင့် မြတ်စွာဘုရား ဟောကြားသော ဒေသနာတော်များ အများအပြားပင် ရှိပေသည်။ ထိုအကျဉ်းချုပ် ဒေသနာတော်များကို ကြားနာရခြင်းဖြင့်ပင် ဘုရားရှင်လက်ထက်တော်ကာလမှ နောက်နှစ်ပေါင်း ရာဂဏန်းတိုင်အောင် ပဋိပတ်လမ်းကြောင်း ဖြောင့်တန်းနေသဖြင့် အလင်းရောင်ခေတ်၏အနှစ်သာရတည်းဟူသော မဂ် ဖိုလ် နိဗ္ဗာန်ရရှိသူတို့ မရေတွက်နိုင်အောင် များပြားလှသည်ကို စာပေကျမ်းဂန်တို့၌ တွေ့ရှိရပေ၏။

သို့ရာတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်နောက် ရာပေါင်းများစွာ သာသနာနှစ် ကြာမြင့်လာသောအခါ မြတ်စွာဘုရား၏ အကျယ်အားဖြင့်

ဟောကြားတော်မူသော မဟာသတိပဋ္ဌာန သုတ်တော်ကြီးများ စသည်ကို ကြားနာရသော်လည်း အလင်းရောင်ခေတ်၏ အနှစ်သာရ မဂ်ဖိုလ် နိဗ္ဗာန် ရသူတို့ တစတစနှင့် နည်းပါးလာသည်ကို တွေ့ရှိနိုင်ပေသည်။

အနှစ်သာရ မဂ် ဖိုလ် နိဗ္ဗာန် ရရှိသူများပြားသော မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူသည့်မှ ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် နှစ်ရာပေါင်း အနည်းငယ်ကာလနှင့် မဂ် ဖိုလ် နိဗ္ဗာန်ရရှိသူ နည်းပါးလာသော သာသနာနှစ်ရာပေါင်းများစွာကာလတို့၏ ခြားနားချက်သည် ထင်ထင်ရှားရှား အကွင်းသားပေါ်လျက်နေသည်ကို တွေ့ရှိရပြန်သည်။

အနှစ်သာရ မဂ် ဖိုလ် နိဗ္ဗာန်ရရှိသူ များပြားသော ခေတ်ကာလက ဒေသကဖြစ်သော ဘုရားရှင်နှင့် ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း တရားဟောကြားတော်မူသောဓမ္မကထိကပုဂ္ဂိုလ်များ၏ ဂုဏ်တော်များကား အတုမရှိ မြင့်မြတ်တော်မူကြ၍ ကိုယ်တိုင်သိတရားများကို ဟောကြားတော် မူကြသောကြောင့် ကြားနာသူတို့ကလည်း တသွေမတိမ်း လိုက်နာကျင့်သုံးတော်မူကြလေသည်။ ပဋိပတ်လမ်းကြောင်းကလည်း မှန်ကန် အသိဉာဏ်ရင့်ကျက်မှုကလည်း တိုးတက်မှု မြန်သောကြောင့် မဂ် ဖိုလ် နိဗ္ဗာန် မျက်မှောက်ပြုနိုင်သူ များပြားရခြင်းဖြစ်ပေ၏။

သာသနာနှစ် ရာဂဏန်းများပြားသောအခါ၌ ကိုယ်တိုင်တွေ့ထိ၍ ပိုင်ပိုင်နိုင်နိုင် သိမှုနည်းပါးသော တရားဟော ဓမ္မကထိကပုဂ္ဂိုလ်များနှင့် ပေါ့ပေါ့ဆဆ ကြားနာမှတ်ယူသော တရားနာပုဂ္ဂိုလ်များသာ များပြားလာသဖြင့် ပဋိပတ်လမ်းကြောင်းများလည်း ချွတ်ယွင်းလာလေရာ မဂ် ဖိုလ် နိဗ္ဗာန်ရသူတို့လည်း နည်းပါးလာရပေတော့၏။

အလင်းရောင်ခေတ်၏ အနှစ်သာရ မဂ် ဖိုလ် နိဗ္ဗာန်ကို အမှန်တကယ် ရယူလို၍ ကျင့်ကြံအားထုတ်ကြပါသော်လည်း ပဋိပတ်လမ်းကြောင်း အမှန်အကန်ကို မရမတွေ့ကြသဖြင့် မဂ် ဖိုလ် နိဗ္ဗာန်ကို မရနိုင်သူ ယောဂီမွန်တို့အဘို့ ပဋိပတ်လမ်းကြောင်း ဖြောင့်တန်းမှန်ကန်၍ လိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန် ရရှိနိုင်ရေးအတွက် သာသနာနှစ် (၉၇၃) ခရစ်နှစ် (၄၂၉)ခုနှစ်တွင် ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပဋိပတ်လမ်းကြောင်းများအတိုင်း တိကျမှန်ကန်သော ပဋိပတ် လမ်းကြောင်းများကို ထိထိမိမိ ညွှန်းပြဖော်ဆောင်သောအားဖြင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာမည်သောကျမ်းကို ရေးသားတော်မူခဲ့ပေသည်။ ထိုဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းတွင် ပဋိပတ်လမ်းကြောင်း၏ အနက်အဓိပ္ပာယ်ပြ စကားရပ်တို့၌ ပါရှိသော နောက်သားတို့ သိရှိရန်ခက်ခဲမည် ထင်ရသော စကားရပ်တို့အတွက် အယူအဆ

မတိမ်းစောင်းစေဘဲ တိမတ်စွာ ဖော်ထုတ်နိုင်ရေးကို ရှေးရှု၍ ပရမတ္ထမဉ္ဇူသာမည်သော ဝိသုဒ္ဓိမဂ္ဂမဟာဋီကာကျမ်းကြီးကို ဗဒရတိတ္ထကျောင်း၌ သီတင်းသုံးနေ ထိုင် တော်မူသော ရှင်ဓမ္မပါလမထေရ်သည် ရေး သား တော် မူ ခဲ့ ပြန်လေသည်။

## မြန်မာရဟန်းတော်များ၏ ပဋိပတ္တိလမ်းကြောင်း ထိန်းသိမ်းပုံ

ရှင်မဟာဗုဒ္ဓဃောသ ရှင်ဓမ္မပါလ စသော အဋ္ဌကထာ ဋီကာဆရာကြီးတို့၏ ထိန်းသိမ်းစောင့်ရှောက်မှုဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပရိယတ္တိ ဓမ္မဒေသနာတော်လာ နည်းများအရ ပဋိပတ် လမ်းကြောင်းများဖြောင့်တန်းမှန်ကန်မှု ပြန့်ပွားလာသော အရှိန်အဟုန်သည် မြန်မာ့သာသနာခေတ်ဦးပိုင်း ပုဂံနေပြည်တော်သို့တိုင် ရောက်ရှိလာသောအခါ မြန်မာရဟန်းတော်များသည် ပါဠိဘာသာရေး ပါဠိတော် အဋ္ဌကထာ ဋီကာ စသည်တို့၌လာသော ပဋိပတ်လမ်းကြောင်းများအတိုင်း ကျင့်ပုံကျင့်နည်းများကို ယူ၍သာသနာ၏ အနှစ်သာရ မဂ် ဖိုလ် နိဗ္ဗာန်ကို အရယူကြလေသည်။

ပုဂံခေတ်နောက်ပိုင်းသို့ ရောက်ရှိလာသောအခါ၌ မြန်မာရဟန်းတော်များသည် ပါဠိဘာသာရေးကျမ်းဂန်ကြီးများ၌လာရှိသော ပဋိပတ်လမ်းကြောင်းများအတိုင်း ကျင့်ကြံအားထုတ်ကြရာတွင် မိမိတို့ ရရှိသော အလင်းရောင်ခေတ်၏ အနှစ်သာရများအတွက် ပင်မလမ်းကြောင်းကို အသီးသီး ဖော်ထုတ်၍ ပဋိပတ်လမ်းကြောင်း ဖြောင့်တန်းမှန်ကန်စေဘို့ ကျမ်းဂန်များ ရေးသားထားခဲ့ကြောင်းကို ဝိသုဒ္ဓိဒီပနီမည်သော ကျမ်းစာ၌ တွေ့ရှိရပေသည်။

ပုဂံခေတ်နှောင်းပိုင်း ဝိသုဒ္ဓိဒီပနီမည်သောကျမ်းကို ဇင်းမယ် သံညွှတ်အရည ဝါသီ အရှင်ဥတ္တရာရာမမထေရ်ရေးသားသည်။ ရာဇဂုရု ကျပင်းဆရာတော်တည်းဖြတ်၍(၁၂၅၁) ခုနှစ်တွင် မြန်မာ့သံတော်ဆင့် မီးစက်ပုံနှိပ်တိုက်ကရိုက်နှိပ်သဖြင့် စာအုပ်အဖြစ် ရောက်ရှိလာပေသည်။

## ဝိသုဒ္ဓိ ဒီပနီကျမ်း၏ ပဋိပတ္တိလမ်းစဉ်

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ ဒွတ္တိံသကာယ၊ အသုဘ- ၁၀-ပါး၊ဗြဟ္မ-ဝိဟာရ-၄-ပါး၊ အာနာပါန၊ ဒသကသိဏာ၊ အရူပလေးပါး၊ ထို့နောက်ဝိပဿနာ၏ အာပန္နပါဒကဖြစ်သော အာဟာရေ ပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန၊ သမာပတ်ရှစ်ပါးတို့ကို မှီး၍ရအပ်သော အဘိညာဉ် ဘာဝနာနယ၊ ဝိပဿနာနယ။ ဤကား ဝိသုဒ္ဓိဒီပနီဆရာ၏ ပဋိပတ်လမ်းစဉ်ကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပေသည်။ထိုကျမ်းဆရာသည်ပင် အခြားသော ကမ္မဋ္ဌာန်း

ကျမ်းဆရာတို့၏ ပဋိပတ်လမ်းစဉ်ကို အောက်ပါအတိုင်း ရေးသား ဖော်ပြထားပေသည်။

**ဝိသုဒ္ဓိ ဒီပနီဆရာ၏ ရေးသားဖော်ပြသော ပဋိပတ္တိလမ်းစဉ်ကောက်ချက်**

၁။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ — ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ ဗြဟ္မဝိဟာရ-၄-ပါး၊ အရူပ-၄-ပါး၊ ဧကသညာ၊ ဧကဝဝတ္ထာန။

၂။ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ — ကသိုဏ်း ၁၀-ပါး၊ ဗြဟ္မဝိဟာရ ၄-ပါး၊ အသုဘ ၁၀-ပါး၊အရူပ ၄-ပါး။

၃။ အဘိဓမ္မတ္ထသင်္ဂဟ — ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ ဗြဟ္မဝိဟာရ ၄-ပါး၊ ဧကသညာ၊ ဧကဝဝတ္ထာန် အရူပ ၄-ပါး၊

ပုဂ္ဂိုလ်ခေတ် မူလကမ္မဋ္ဌာန်းကျမ်းတို့တွင်—

၄။ မဟန္တကမ္မဋ္ဌာန်းကျမ်း — ပထဝီကသိုဏ်း၊ အရူပလေးပါး၊ ကျန်ကသိုဏ်း ၉-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ ဗြဟ္မဝိဟာရ ၄-ပါး၊ဧကသညာ၊ ဧကဝဝတ္ထာန်။

၅။ နာဂိုလ်ငယ်ကမ္မဋ္ဌာန်းကျမ်း — ဗုဒ္ဓါနုဿတိ၊ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ ဗြဟ္မဝိဟာရ ၄-ပါး၊ အာနာပါန၊ ကာယဂတာသတိ၊ အသုဘ ၁၀-ပါး၊ ကသိုဏ်း ၁၀-ပါးသာ ပြ၏။

၆။ မဟာပံသုကူကမ္မဋ္ဌာန်းကျမ်း — သီလာနုဿတိ၊ဗုဒ္ဓါနုဿတိ၊မေတ္တာမျှသာ၊ စိတ္တဝိသုဒ္ဓိကိုထား၍ ထိုမှသည် ဝိပဿနာသွင်းကုန်၏။ (မူအတိုင်း) မဟာမင်္ဂလမထေရ်၏ ကမ္မဋ္ဌာန်းကျမ်းလည်း ထို့အတူပင်တည်း။

၇။ မဟာဗောဟုဂ်ကမ္မဋ္ဌာန်းကျမ်း — ဗုဒ္ဓါနုဿတိကစ၍ ထား၏။

၈။ နာဂိုလ်ကြီးကမ္မဋ္ဌာန်းကျမ်း — ဗုဒ္ဓါနုဿတိမျှလာမူ၍ ဝိပဿနာပွား၏။

မဟာပါမုတ်ကြီးကား အနာဂါမ်၊ ထိုသို့ အဖြစ်ကို သိစိမ့်သောငှာ ငါစုတေလျှင် ခေါင်းလောင်းသုံးချက်တီးဟူ၍ တပည့်ကြီးကို မှာခဲ့ဟူ၏။

မဟာမင်္ဂလထေရ် မဟာဗာဟုင်္ဂထေရ်နှစ်ပါးတို့ကား ရဟန္တာဖြစ်ကုန်၏။ သင်္ဂြိုဟ်သောအခါ ဓာတ်စုသည်ချည်းဟူ၏၊ ကာယဒုက္ခလည်း မရှိ။ (ပုပ်စော်မနံ—ဟု ဆိုလို၏)

နာဂုံကြီး နာဂုံငယ်တို့သည် ထိုပုဂ္ဂိုလ်မြတ်တို့ ဆရာချည်းတည်း၊ အရိယာတို့ချည်းဟု ဆိုကုန်၏။ ဤဝိသုဒ္ဓိဒီပနီကျမ်းကား ထိုကျမ်းတို့နှင့် ဆီလျော်စိမ့်သောငှာ ချွာန် မင် ဖိုလ်ရစိမ့်သောငှာ စတုရာရက္ခကို လွယ်ကာပြီးစိမ့်သောငှာ ဗုဒ္ဓါနုဿတိ စသည်တို့ကို အစဉ်အတိုင်း ပြုတည်ရာသတည်း။

ဤစကားရပ်ကို ထောက်ဆလျှင် ထိုခေတ်က ယောဂီပုဂ္ဂိုလ်များသည် ထိုကျမ်းတို့၌ပါသော တရားစဉ်များကို ပွားများအားထုတ်ကြသဖြင့် သာသနာအလင်းခေတ်၏ အနှစ်သာရများကို ရရှိခဲ့ကြပေသည် ဟု ဖော်ပြခြင်းဖြစ်ပေသည်။ သို့သော် ထိုထိုကျမ်း၌လာသော တရားစဉ်များအတိုင်း အကုန်ပွားများရမည်ဟု မဆိုသဖြင့် ကြိုက်နှစ်သက်ရာ ထင်မြင်လွယ်ရာ သမထအမျိုးမျိုးကို အားထုတ်၍ ဝိပဿနာသို့ သွင်းလျက် ရှုမှတ်ပွားများကြမည်သာတည်း။

## ယောဂီများ သိသင့်သော အချက်

ဝိသုဒ္ဓိဒီပနီမည်သော ထိုကျမ်း၌ ယောဂီများ သိသင့်သောအချက်နှင့် ကမ္မဋ္ဌာန်းထိုင်ပုံထိုင်နည်းကို အောက်ပါအတိုင်း ဖော်ပြထား၏။

"ယောဂီသည် ဘုရား တရား သံဃာ ဆရာ ကမ္မဋ္ဌာန်းဟူသော ရတနာငါးပါးကို ဓမ္မိယလဒ္ဓဖြစ်သော ပန်း ဆီမီး ပေါက်ပေါက်တို့ဖြင့် ထ-သုံးကြိမ် ထိုင်-သုံးကြိမ် ပူဇော်သည်ဖြစ်မှ ကမ္မဋ္ဌာန်းကိုတောင်း၍ စီးဖြန်းအပ်၏။ ဝိနည်းဋီကာတို့နှင့် လျော်၍သင့်၏။

အထက်ပါအတိုင်း ပူဇော်၍ ပီတိ သမာဓိဖြစ်စေသောဟူ၍ **တောင်းပန်**အပ်၏ ဟု အချို့မူလကမ္မဋ္ဌာန်းကျမ်းဂန်နှင့်မညီ ယောနိသောမနသိကာရပြုကမကောင်းဘဲပင် မဟာပါမုတ်စသော ပုဂ္ဂိုလ်မြတ်တို့ ဆင်ခြင်ခြင်း ပြုကုန်၏။ (မူလကမ္မဋ္ဌာန်း ကျမ်းလာစကားသည်) ကျမ်းနှင့်မညီ ဆန့်ကျင်၍ မယူအပ်။

ကမ္မဋ္ဌာန်း စီးဖြန်းလိုသော ပုဂ္ဂိုလ်သည် ဆိုခဲ့ပြီးနည်းဖြင့် ဆရာ့ထံ၌ ယူဦး၍ အာနာပါနသတိ၌လာသောနည်းဖြင့် ထက်ဝက်ပလ္လင်ကိုဖွဲ့၍ သတိကို တပါးသို့ မသွားမထွက်စေဘဲ ကမ္မဋ္ဌာန်းသို့ ရှေးရှုတည်စေ၍ လက်ဝဲလက်

ကိုကား အောက်၊ လက်ျာလက်ကိုကား အထက်ပြု၍ ရပ်လျက် ရင်ခွင်၌ ထား၍ ခံတွင်းကိုပိတ် မျက်စိကိုမှိတ်၍ ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတရားတို့ကို ဖြစ်စေ၍ "ကာမံ တစော စ နှာရုစ အဋ္ဌိ စ အဝသုဿတု သရီရေ နိဿေသံ မံသလောဟိတံ"နှင့်အညီ စတုရင်္ဂ ဝီသေသကို ဖြစ်စေအပ်၏။ အရဟံ သမ္မာ သမ္ဗုဒ္ဓေါဟု ဂုဏ်တော်ကို စီးဖြန်းအပ်၏။

နောက်ဆရာမြတ်တို့ကား သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်သည် အလွန်ထင်၏ဟူ၍ သမ္မာသမ္ဗုဒ္ဓေါဂုဏ်ကို စ၍ စီးဖြန်းကုန်၏။ နောက်အခါ လေ့ကျင့်ပြီးမှကား ဣရိယာပုထ်လေးပါးတို့၌ သပ္ပါယအလျောက် စီးဖြန်းကုန်၏။

မျက်စိစသော ဣန္ဒြေတို့ကို စောင့်ရှောက်၍ သတိကို ကမ္မဋ္ဌာန်းမှတပါး မပျံ့လွင့်စေမူ၍ ဘာဝနာနည်းကို စီရင်သော အဋ္ဌကထာနည်းကို မယုတ်မလွန်မူ၍ စီးဖြန်းအပ်၏။

ဤမှတပါး သုံးကြိမ် လေးကြိမ် ကွမ်းတညက်စသော အစီအရင် တို့သည် လည်းကောင်း၊ တောင်းပန်ခြင်း အဓိဋ္ဌာန်ခြင်းစသော အစီအရင်သည်လည်း ကောင်း ဗုဒ္ဓါနုဿတိ စသည်တို့၌ လာ၏။ ထိုစကားရပ်တို့သည် ကျမ်းဂန်နှင့် မညီ"။

(ဝိသုဒ္ဓိဒီပနီကျမ်း ၁၀၆၊ ၁၀၈-နှာ လိုရင်းသာ)

## ပုဂံခေတ်မှ မျက်မှောက်ခေတ်ကာလသို့

အထက်ဖော်ပြပါ ဝိသုဒ္ဓိဒီပနီကျမ်းလာ စကားရပ်များကို ထောက်ဆ ဆင်ခြင်လျှင် မြန်မာ့မြေပေါ်သို့ သာသနာရောက်သည်မှစ၍ မြန်မာရဟန်းတော်များနှင့် လူပညာရှိများ၏ ပရိယတ်လမ်းကြောင်းကိုမှီလျက် ပဋိပတ်လမ်းကြောင်းသို့ ကူးရောက်ကာ ဖြောင့်မတ်စွာ သွားကြသဖြင့် ပုဂံခေတ်မှ ယခု မျက်မှောက်ခေတ်တိုင်အောင် အလင်းရောင်ခေတ်၏ အနှစ်သာရများကို ရပြီးသူ ရဆဲဖြစ်သူ ရလတ္တံ့ဖြစ်သူတို့၏ အရေအတွက်မှာ ဂဏန်းတပ်၍ မရနိုင်အောင်ပင် ရှိလိမ့်မည်ဟု ခန့်မှန်းရပေသည်။

ထိုသို့ ဂဏန်းတပ်၍မရနိုင်သော အခြေအနေသို့ ရောက်ရှိရခြင်းမှာလည်း စဉ်လာမပျက်အောင် ဆောင်ရွက်နိုင်စွမ်းရှိသော အလင်းရောင်ခေတ်၏ အဓိက အခန်း၌ ပါဝင်သော ပရိယတ် ပဋိပတ်စွယ်စုံတတ် ဆရာတော်များ၏ အဆင့်ဆင့် ပို့ချဆောင်ရွက် ဟောပြောရေးသားချက်တို့ကြောင့် ဖြစ်ပေသည်။

ဟောပြောရေးသားတော်မူကြသော စွယ်စုံတတ်မြောက် ဝိဒူပါမောက် ဆရာတော် သံဃာတော်များတွင် ဤ ဝိပဿနာ ဓမ္မကထိက ထူးကြီးဆရာတော်

လည်း တပါးအပါအဝင် ဖြစ်တော်မူပေသည်။ ထူးကြီးဆရာတော်သည် ပဋိပတ်လမ်းကြောင်း ဖြောင့်တန်းမှန်ကန်စေ၍ အနှစ်သာရ ရှာဖွေသူတို့အတွက် မာလုကျပုတ္တ ရဟန်းတော်ကြီး သာသနာတော်၏ အနှစ်သာရကို ရရှိသကဲ့သို့ ရရှိစေရန် ဤမာလုကျပုတ္တသုတ္တန် ဝိပဿနာရှုနည်းကို ဟောကြားတော်မူခြင်းဖြစ်ပေသည်။

## ဝိပဿနာဓမ္မကထိက -ထူးကြီးဆရာတော်

ဒေသက ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဒေသေတဗ္ဗဖြစ်သော တရားတော်ကို ဟောကြားတော်မူသည်ဟု ဆိုရာ၌ ဘုရားရှင်၏ အလိုတော်နှင့် ညီညွတ်ဘို့ရာ အလွန်ပင် လိုအပ်သောအချက်ပင် ဖြစ်ပေ၏။ ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင်၍ "ဘုရားရှင် မဟောကြားသော တရားကို ဘုရားရှင် ဟောကြားတော်မူသည်"ဟု ဟောကြားလျှင် "အဓမ္မံ ဓမ္မောတိ ဒီပေတိ"ဟု ဆိုသော ကြောက်မက်ဖွယ်ရာ သာသနာဖျက်ဘေးအန္တရာယ်ဆိုးကြီးနှင့် ရင်ဆိုင်တိုး၍ ကွင်းစွပ်ပြီးသား ဖြစ်နိုင်ပေသည်။ ထို သာသနာ့ ဘေးအန္တရာယ်ကြီးမှ လွတ်မြောက်ရန် ဘုရားရှင် လက်ထက်တော်အခါက သူတပါးက မေး၍ ဖြေဆိုသော ရဟန်းတော်များနှင့် တရားဟော ဓမ္မကထိက ပုဂ္ဂိုလ်များတို့သည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍—

> "မြတ်စွာဘုရား၊ တပည့်တော်သည် ဤသို့ ဖြေကြားခဲ့ပါသည်ဘုရား၊ ဤသို့ ဟောကြားခဲ့ပါသည်ဘုရား၊ ဘုရားရှင် ဟောကြားတော်မူသောအတိုင်း ဖြေကြားခြင်း ဟောပြောခြင်း ဟုတ်ပါရဲ့လားဘုရား၊ မဟုတ်ပါဘဲလျက် ဟုတ်သယောင်နှင့် ဖြေဆိုဟောကြားခြင်းများ ဖြစ်ပါသလားဘုရား၊ တရားတော်အား အလျော်ကော ဖြစ်ပါရဲ့လားဘုရား—

စသည်ဖြင့် လျှောက်ထား မေးမြန်းကြလေသည်။

မြတ်စွာဘုရားသည် ထိုသို့မေးလျှောက်သော ရဟန်းတော်များအား—

> "ချစ်သား၊ ငါဘုရား ဟောကြားသောအတိုင်း ဟောကြားသည် မှန်၏၊ ဖြေဆိုသည် မှန်၏၊ တရားတော်အားလျော်သော ဖြေဆိုခြင်း ဟောကြားခြင်းများ ဖြစ်ပေ၏" ဟူ၍၎င်း၊

ဘုရားရှင် ဟောကြားသည့်အတိုင်း မဟုတ်မမှန်လျှင်—

> "ငါဘုရား ဟောကြား မိန့်ဆိုတော်မူသည့်အတိုင်း ဖြေဆိုဟောကြားခြင်းမဟုတ်၊ တရားတော်အားမလျော်သော ဖြေဆိုဟောကြား

ခြင်းဖြစ်သည့်ပြင် ငါဘုရားအား ငါဘုရားမဟောကြားပါဘဲနှင့် ဟော ကြားသည်ဟု မဟုတ်မမှန် လုပ်ကြံစွပ်စွဲ၍ ဖြေဆိုခြင်း ဟောကြားခြင်း ဖြစ်ပေသည်''ဟူ၍ရင်း ဖြေကြား မိန့်ဆိုတော် မူပေသည်။

ယခုခေတ် အခါသမယ၌ကား ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်တော်မူပြီးဖြစ်၍ ဘုရားရှင်၏ ကိုယ်စားတော်များဖြစ်သော ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာ မဓု ယောဇနာ စသည်များကို မေးမြန်းလျှောက်ထားရန်သာ ရှိပေတော့သည်။ မေးမြန်းတတ်မှလည်း ထိုကိုယ်စားတော် ဘုရားရှင်များထံမှ အဖြေမှန် ရရှိ ပေလိမ့်မည်။ ထို့ကြောင့် ကိုယ်စားတော် ဘုရားရှင်များထံ မေးမြန်း လျှောက် ထားတတ်ဖို့ ပရိယတ္တိစာပေကို စည်းစနစ်ကျကျ သင်ကြား တတ်မြောက်ရန် လိုပေသည်။ ''ပရိယတ္တိစာပေ တတ်မြောက်ရုံမျှနှင့် ကလျာဏပုထုဇဉ်မဆို လောက်သေး''ဟု လယ်တီဆရာတော်ဘုရားကြီးသည် ဥတ္တမပုရိသဒီပနီ၌ မိန့်ဆို တော်မူသည့်အတိုင်း ပဋိပတ်လုပ်ငန်း အကျင့်စခန်းများကိုလည်း စည်းစနစ် ကျကျ လုပ်ငန်းဝင်ဘူးသူ ဖြစ်ရန်လိုပေသည်။ ဤအထက်ပါ အချက်နှစ်ချက် နှင့် ပြည့်စုံသူဖြစ်လျှင် စွယ်စုံနှစ်ဖက်ရ ဖြေဆို ဟောကြားသူ ဓမ္မကထိက ပုဂ္ဂိုလ်များဖြစ်သဖြင့် သာသနာ့ဖျက် ဘေးအန္တရာယ်ဆိုးကြီးမှ လွတ်မြောက်နိုင် ပေလိမ့်မည်။

ဝိပဿနာ ဓမ္မကထိက ထူးကြီးဆရာတော်သည် အဆိုပါ အင်္ဂါရပ်နှစ်ချက် နှင့် ပြည့်စုံပြီးသူ ဟုတ်မဟုတ် စိစစ်သိရှိနိုင်ရန် အခြေခံအကြောင်းကို ရေးသား ဖော်ပြရန် လိုအပ်သည့်အတိုင်း အကျဉ်းချုပ် ရေးသားရပေဦးမည်။ ထူးကြီး ဆရာတော်၏ ပရိယတ် ပဋိပတ် အရည်အသွေးကို စံကိုက်ဖြစ်အောင် မြှင့်တင် ပေးတော်မူသော ကျေးဇူးရှင်ဆရာတော်သည်ကား ဟသ်ာတခရိုင် ထူးကြီးမြို့ တောင်ပေါ်တိုက်ကျောင်းဆရာတော် ဦးဝိမလစာသပင် ဖြစ်ပေသည်။

တိုက်ကျောင်းဆရာတော်မှ အထက်သို့မြှောက်၍ သာသနာ့ဝံသ သာသနာ အဆက်အနွယ်ကို တိုက်ကျောင်းဆရာတော်၏ ထေရုပ္ပတ္တိစာတမ်း (၄၆-နှာ)၌ မြန်မာပြည်ရောက် သာသနာ့အဆက်အနွယ် ဖော်ပြသကဲ့သို့ပင် အောက်ပါ အတိုင်း ဖော်ပြထားပေသည်။

### ဆရာအစဉ်အဆက်

အသျှင်ဥပါလိမှစ၍ ကျေးဇူးရှင် တောင်ပေါ်တိုက်ကျောင်း ဆရာတော် ဘုရားကြီးတိုင်အောင် တန်ဆောင်ဆီမီး ထိန်ညီးပမာ ရောင်ဝါမပျက် ထွန်း တောက်ပလျက် ဆက်လက်စဉ်လာ သာသနာတော်မြတ်ကို စောင့်ကြပ်တော် မူလာကြသော ဆရာစဉ်ဆက် အနွယ်တော်တို့ကား ဝိနည်းအရာ ဧတဒဂ်ရ တော်မူသော အသျှင်ဥပါလိ—

၁။ ၎င်း၏တပည့် အသျှင်ဒါသက၊
၂။ ။ အသျှင်သောဏ၊
၃။ ။ အသျှင်သိဂ္ဂဝ၊ အသျှင်စန္ဒဝဇ္ဇီ၊
၄။ ။ အသျှင်မောဂ္ဂလိပုတ္တတိဿ၊
၅။ ။ အသျှင်သောဏ၊ အသျှင်ဥတ္တရ၊
၆။ ။ အသျှင်သောဘိတ၊
၇။ ။ အသျှင်သောမဒတ္တ၊
၈။ ။ အသျှင်သုမနတိဿ၊
၉။ ။ အသျှင်သောပါက၊
၁၀။ ။ အသျှင်ဒုတိယသောမဒတ္တ၊
၁၁။ ။ အသျှင်အနောမဒဿီ၊
၁၂။ ။ အသျှင်အဓိသီလ၊
၁၃။ ။ အသျှင်ပြာဏဒဿီ၊
၁၄။ ။ အသျှင်သီလဗုဒ္ဓိ၊ အသျှင်မဟာကာလ၊
၁၅။ ။ အသျှင်ဓမ္မဒဿီ ခေါ် အသျှင်အရဟံ။

ထိုအသျှင်အရဟံမှစ၍ တပည့်စဉ်ဆက် ဆင်းသက်၍လာခဲ့ရာ—

၁။ သာသနာပိုင် ဦးညောယျ၊
၂။ ၎င်း၏တပည့် မြန်အောင် ဇေယျသာရီ ဆရာတော် ဦးသာသနဇ၊
၃။ ၎င်း၏တပည့် ကနောင်မြို့ အဘယာရုံဆရာတော် ဦးအာသဘ၊

(၎င်းဆရာတော်ကား ပဋိပတ်အရာ၌ အလွန်ထင်ရှားတော်မူသော ပြည်အင်ကျင်းမြောင် ဆရာတော်ကြီးပင် ဖြစ်ပေသည်)။

၄။ ၎င်း၏တပည့် ဘုရားကြီးကျောင်း ဆရာတော် အသျှင်နာရဒ၊
၅။ ၎င်း၏ တပည့် ဘုရားကြီးကျောင်း ဆရာတော် အသျှင်ပညာသာမိ၊
၆။ ၎င်း၏ တပည့် ထူးကြီးတောင်ပေါ်တိုက်ကျောင်းဆရာတော် အသျှင်ဝိမလစံသပင် ဖြစ်ပေသည်။

သာသနာပိုင် ဆရာတော် ဦးညောယျမှ ခြောက်ဆက်မြောက် ဆရာတော် အသျှင်ဝိမလစံသသည် အစဉ်အဆက် စောင့်ထိန်းလာခဲ့သော ပရိယတ် ပဋိပတ်

လမ်းနှစ်သွယ်ကို ဝိမလဝံသဟူသော ဘွဲ့တော်နှင့်အညီ ညစ်ကြေးမတင် ကြေးမုံပြင်ကဲ့သို့ စင်ကြယ်သော အနွယ်ရှိသူဟု ဆိုရလေအောင် စောင့်ရှောက် ထိန်းသိမ်းတော်မူသော ဆရာတော်ကပေါ်ဖြစ်ကြောင်းကို—

> မကွာ နေ့ည ပို့ချတော်မူသော ဂန္ထပလိဗောဓကို တစတစဖြစ်ပြီးမှ ဗုဒ္ဓဝဏ္ဏိတ အတ္တ ဟိတ ပဋိပန္နတရား ပွားများကာနေတော်မူသည်။ မိမိသာ ဝိပဿနာတရားကို အားထုတ်တော်မူသည်မဟုတ်။ မိမိအထံတော်သို့ ဆည်းကပ်ရောက်လာကြသော တပည့် ရဟန်း ရှင်လူတို့အားလည်း သင်္ခါရတရားတို့ကို လက္ခဏာယာဉ် သုံးပါးသို့တင်၍ ရှုဆင်ခြင်ပုံ နည်းလမ်းများကို ဟောကြားလျက် ဝိပဿနာတရားကို ပွားများအား ထုတ်စေတော်မူလေ့ရှိသည်—

ဟု ထေရုပ္ပတ္တိစာတမ်း(၄၅-၆-နှာ)အရ ထောက်ဆ၍ သိရှိရပေသည်။

ဆရာစဉ်ဆက်၏ နည်းနာနယ ဩဝါဒဖြင့် သာသနာတော်ကို စောင့်ရှောက် ထိန်းသိမ်းလာခဲ့သော ဆရာတော်အသျှင်ဝိမလဝံသ၌ မိမိ၏ တာဝန်ကို ဆက်လက်စောင့်ထိန်းမည့် တပည့်တယောက် ထွန်းတောက် ပေါ်ပေါက်လာပြန်လေသည်။ ထိုတပည့်တယောက်ကား ထူးကြီးမြို့နှင့် သုံးမိုင်မျှ ဝေးကွာသော ဘန့်တွေးကုန်းရွာ ခမည်းတော် ဦးတိုကြီး၊ မယ်တော် ဒေါ်သောင်းတို့မှ သက္ကရာဇ် ၁၂၇၀-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄-ရက်၊ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသော ထူးကြီးဆရာတော် လောင်းလျာ သတို့သားငယ်ပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာ အရည်အသွေးပြည့်ဝနေကြသော ခမည်းတော် မယ်တော်တို့သည် မိမိတို့၏ သားကလေး ကျောင်းထားချိန် အရွယ်ရောက်လျှင်ပင် ဆရာရှင်ဖြစ်တော်မူသော ထူးကြီး တောင်ပေါ်ကျောင်းဆရာတော်ထံ ပညာသင်ရန် အပ်နှံကြလေသည်။ ၁၅-နှစ်သားအရွယ်သို့ရောက်သောအခါ ရှင်သာမဏေအဖြစ်သို့ မိဘနှစ်ပါးက သွတ်သွင်းချီးမြှောက်သဖြင့် "ရှင်ဝဏ္ဏိဿရ" ဟူသော ဘွဲ့အမည်ကိုရင်း၊ ၁၂၉၉-ခုနှစ် တပေါင်းလတွင် "ဦးဝဏ္ဏိဿရ" ဟူသော ရဟန်းတော်ဘွဲ့အမည်ကိုရင်း၊ ဥပဇ္ဈာယ်ဆရာ ဝမ္မာစရိယဆရာတော် ဖြစ်တော်မူသော တောင်ပေါ်ကျောင်းဆရာတော်ထံမှပင် ရရှိခဲ့ပေသည်။

တောင်ပေါ်ကျောင်း ဆရာတော်သည် တပည့်ဖြစ်သူ ထူးကြီးဆရာတော် လောင်းလျာ အရှင်ဝဏ္ဏိဿရအား ဆရာစဉ်ဆက် စောင့်ရှောက် ထိန်းသိမ်းလာသော ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာလမ်းနှစ်ဖြာကို မတိမ်းမစောင်းအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်ရန် ရည်သန်၍ ပုဒ်နေ ပုဒ်ထား ပုဒ်သွားပုဒ်လာစာသွား စာဟန်များနှင့်တကွ ကျင့်စဉ် ပဋိပတ်များကိုပါ သင်ကြား

ပြသ ပို့ချပေးခဲ့ရာ ငါးနှစ်သားအရွယ် သူငယ်စာမှ နှစ်ဆယ့်တနှစ်တိုင်အောင် (၁၆)နှစ်လုံးလုံး ကြာမြင့်ခဲ့လေသည်။

ရှေးထုံးစဉ်လာ ပဲဝေဏီက သာသနာပြု အရှင်မြတ်များသည် မိမိတို့၏ အဆက်အနွယ် အစဉ်အလာကို စောင့်ထိန်းမည့် တပည့် ပုဂ္ဂိုလ်ထူးတို့အား စောင်မကြည့်ရှုသကဲ့သို့ တောင်ပေါ်ကျောင်း ဆရာတော်သည်လည်း မိမိ၏ သင်ကြားပြသပို့ချမှုဖြင့် အားရတင်းတိမ် ရောင့်ရဲမှုမပြုဘဲ မိမိနှင့်ရင်းနှီး ဆက်စပ်သော ရန်ကုန်မြို့ အရှေ့ပိုင်း အရှင် အာဒိစ္စဝံသ စာသင်တိုက်သို့ ပရိယတ္တိ စာပေသင်ကြားရန် တပည့်ဖြစ်သူ အရှင်ဝဏ္ဏိသာရအား စေလွှတ်ပြန်လေသည်။ ထိုစဉ်အခါက အရှင်အာဒိစ္စဝံသစာသင်တိုက်သည် ပေါ်လွင်ထင်ရှား၍ လူသိများသော စာသင်တိုက် ဖြစ်ခဲ့ပေသည်။ ဆရာ၏ အမိန့်သံ နာခံရင်းရှိသည့် အတိုင်း အရှင်ဝဏ္ဏိသာရသည်—

> ကျင့်ရေး မချွတ်၊ တပည့်ဝတ်ကား၊ လာလတ်သောခါ၊ ဆရာသမား၊ သူကြီးအားလျှင်၊ သွား၍ရှေးဆီး၊ ခရီးဦးကြို၊ ကြည်ညိုမြတ်နိုး၊ ရှိခိုးခယ၊ ဆိုကယုံကျုံ့၊ မှုကုံထံရင်း၊ လုပ်ကျွေးခြင်းနှင့်၊ စပ်လျဉ်း ရှိညွတ်၊ အတတ်ပညာ၊ သင်အပ်စွာသည်၊ အင်္ဂါ ဤသို့ ငါးပါးတည်း။
>
> (ကိုးခန်းပျို့ စာပိုဒ်—၁၆၁)

ကိုးခန်းပျို့လာရှိသည့်အတိုင်း တပည့်ဝတ္တရားမပျက်မယွင်းစေဘဲ ပညာကို ကြိုးစား၍ သင်အံ လေ့ကျက် ဆောင်ရွက်ခဲ့ပေသည်။ ထိုအချိန်အခါကပင် ရှင်အာဒိစ္စဝံသကျောင်းတိုက်၌ အရှင်ဝဏ္ဏိသာရ၏ အမည်သည် ပရိယတ္တိစာပေနှင့် ဆက်စပ်၍ ပျံ့နှံ့ခဲ့လေသည်။ ထိုဂုဏ်သတင်း ပျံ့နှံ့ခြင်းသည် နောင်အခါ အရှင်အာဒိစ္စဝံသ ကျောင်းတိုက်ကြီး၏ ဂဏဝါစက စာချဆရာတော်နှင့် ဆဋ္ဌသံဂါယနာတင်ပွဲကြီးတွင် မူသဝိသောဓေ သံဂီတိကာရက ပုဂ္ဂိုလ် အဖြစ် ဆောင်ရွက်ရမည့် ရှေ့ပြေးနိမိတ်ပင် ဖြစ်တော့၏။

## ထူးကြီးနှင့် အရှင်ဝဏ္ဏိသာရ

ရန်ကုန်မြို့၊ အရှင်အာဒိစ္စဝံသကျောင်းတိုက်၌ အရှင်အာဒိစ္စဝံသ၊ အရှင်ဝါယမ၊ အရှင်ဣသရိယတို့ ထံ၌ ပညာရင်နို့ သောက်စို့၍ ပြည့်စုံလုံလောက်သော အခြေရရှိလောက်သော အချိန်တွင် ဆရာရင်းဖြစ်သူ ထူးကြီးတောင်ပေါ်ကျောင်း ဆရာတော်သည် တပည့် ဖြစ်သူ ရှင်ဝဏ္ဏိသာရအား ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ကျေးဇူးရှင် အရှင်နန္ဒဝံသ မထေရ်ထံသို့ ပညာသင် စေလွှတ်ပြန်လေသည်။

ပခုက္ကူစာသင်တိုက်ကြီးသည်ကား အခြေပါဒရရှိပြီးသူများအတွက် သုံးနှစ်မျှလောက် ဆရာတော်ကြီးများ၏ ပို့ချသော စာဝါများကို မှန်မှန်လိုက်နာ သင်ကြားလျှင် သင်ရိုးပိဋကခေါ်သော ဝိနည်းငါးကျမ်း သုတ်သုံးကျမ်း အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို ပါဠိတော် အဋ္ဌကထာ ဋီကာပါမကျန် သင်ကြားပြီးမြောက်၍ ငါးနှစ်တာမျှ လိုက်နာ သင်ကြားလျှင် နိကာယ်ငါးရပ် အပြီးသတ်နိုင်သည်။ ထို ပခုက္ကူ စာသင်နည်းကို တောင်ပေါ်ကျောင်း ဆရာတော်၏ အလိုတော် ဆန္ဒအတိုင်း လိုက်ဝါ ဆိုဝါတို့ဖြင့် တပည့်ဝတ်နှင့်အညီ သင်ကြားပြန်ရာ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မထေရ်၏ နှုတ်တော်ထွက် ခေါ်ဆိုချက်အရ "အရှင်ဝဏ္ဏိတသာရ၊ သို့မဟုတ် ဦးဝဏ္ဏိတသာရ" ဟူသော ဘွဲ့အမည်ပျောက်၍ "ထူးကြီး" ဟူသောအမည်သည် စာသင် စာချ ဆရာတော် သံဃာတော်များ၏ နှုတ်ဖျားတွင် ပေါ်လွင်နေတော့သည်။

ပခုက္ကူမှတဆင့် မန္တလေးမြို့ မစိုးရိမ်စာသင်တိုက်ကြီးသို့ ပညာသင် စေလွှတ်ပြန်ရာ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးနှင့် အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းဆရာတော်များကလည်း "ထူးကြီး" ဟူသော အမည်ကို သုံးစွဲတော်မူကြသဖြင့် "အရှင်ဝဏ္ဏိတသာရ၊ သို့မဟုတ် ဦးဝဏ္ဏိတသာရ" ဟု ခေါ်လျှင် စာသင်သားလောက၌ မသိသော အမည်တခု ဖြစ်နေပေတော့သည်။

မှန်ပေ၏။ ကျေးဇူးရှင် ဆရာတော်များသည် ထူးချွန်၍ သာသနာအကျိုးများမည့် တပည့်တို့အား အထူးသတ်မှတ်၍ အမည်တမျိုးဖြင့် ခေါ်စမှတ်ပြုလေ့ရှိတော်မူကြသည်။ အတိတ်ကို မျှော်၍ကြည့်လျှင် မြို့ရွာဒေသ ကျောင်းတိုက် ကိုးကွယ်သူတို့၏ အမည်ဖြင့် တင်စား၍ ခေါ်ဝေါ်သော ဆရာတော်များ၏ အမည်များကို တွေ့ရသည်။ ရပ်ရွာဒေသ သေးငယ်၍ မှေးမှိန် နေစေကာမူ ထိုထိုဆရာတော်များအတွက် အမည်နာမ ထင်ရှားလာပေတော့သည်။

ဥပမာ—

ဆင်တဲဆရာတော်၊
စလင်းဆရာတော်၊
ငါးခုန်ဆရာတော်၊
မန်ကျည်းတောဆရာတော်၊
ဘုရားကြီးတိုက်ဆရာတော်၊
ကင်းမင်းကြီးတိုက်ဆရာတော်၊
ပုခန်းဆရာတော်၊
ဆရာတော် ဦးပုခန်း—

စသည်တို့ ဖြစ်ပေသည်။

"စာတတ် ငါးခုန်၊ စာကုန် မန်ကျည်းတော၊ စာပြော သဲအင်း" ဆိုသော အမည်တို့သည်၎င်း၊

"မောင်စလင်း ပျင်းလွန်းလို့ စာမကြည့်၊ မောင်လှထွေ စာပေနဲ့တွိ" ဆိုသော အမည်တို့သည်၎င်း၊ ထိုထို ဆရာတော်များကို အမှီပြု၍ မြို့ရွာဒေသ စသည်တို့၏ အမည်များ ထင်ရှားလာခြင်း ဖြစ်ပေရာ ထူးကြီးမြို့၏ အမည်ကို လည်း မြန်မာပြည်အရပ်ဒေသများ၌ ပေါ်လွင်ထင်ရှားလူသိများနေရာ ထူးကြီး မြို့သည် သမိုင်းကြောင်းအရသော်၎င်း၊ ခေတ်အခါကာလအနေအထားအရစက် မှုလက်မှု မြို့တော်အဖြစ်သော်၎င်း ပေါ်လွင်ထင်ရှားမှု မတွေ့ရသေးပေ။ သို့သော် ကျေးဇူးတော်ရှင်ဆရာတော်များ၏ နှုတ်ထွက်တော်အရ ယခုအခါ ဝိပဿနာ ဓမ္မကထိကအကျော် ဆရာတော် အရှင်ဝဏ္ဏိဿရ၏ ထူးကြီးဟူသော အမည် ကြောင့်ပင် လူသိများရသည်ဟု ဆိုလျှင် မှားနိုင်အံ့မထင်ပေ။

ဤသို့ပင် အရှင်ဝဏ္ဏိဿရခေါ် ထူးကြီးဆရာတော်သည် ပခုက္ကူ မန္တလေး စသော မြို့ကြီးများ၌ ထင်ပေါ်ကျော်ကြားသော ဆရာတော်ကြီးများ ထံတွင် အဋ္ဌကထာဋီကာ အနုစသော အဖွင့်သံဝဏ္ဏနာနှင့်တကွပါဠိတော်မြတ်တို့ ကို နိဿယည်းကျန စာသွားကျမ်းရိုး ထွက်တက်မျိုးနှင့် အကိုးသာဓက ဝိနိစ္ဆ ယ အထွေထွေ ချမှတ်နိုင်လောက်အောင် သင်ပြပို့ချနိုင်သော အခြေသို့ ရောက် ရှိသောအခါ ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိ ၍ ၈၈၀ ါစက စာချဆရာတော်အဖြစ် သာသနာအကျိုး သည်ပိုးဆောင်ရွက် နေစဉ် ဆဋ္ဌသံဂါယနာတင်ပွဲကြီးနှင့် ကြုံကြိုက်သဖြင့် မူလဝိသောဓေ(ပိဋကတ် တော်ပါဠိ ပထမပြင်ဆင်ရေး)လုပ်ငန်းနှင့် သံဂီတိကာရကပုဂ္ဂိုလ်အဖြစ် ဆောင် ရွက်ခဲ့ပေသည်။

အရှင်အာဒိစ္စဝံသကျောင်းတိုက်၌ ၈၈၀ ါစက စာချဆရာတော်အဖြစ်နှင့် သာသနာအကျိုး သည်ပိုးဆောင်ရွက်နေစဉ်မှာပင် ကျေးဇူးရှင် တောင်ပေါ် ကျောင်း ဆရာတော်၏ နှိုးဆော်ချက်အရ ဆရာစဉ်ဆက် ပွားများအားထုတ်ခဲ့ သော အာနာပါန အခြေခံ ဝိပဿနာပွားများနည်းကို—

အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။<br>
အတ္တဒတ္ထ အဘိညာယ၊ သဒတ္ထပသုတော သိယာ။

(ဓမ္မပဒ)

"သူတပါး၏ အကျိုးစီးပွားကို များစွာဆောင်ရွက်မှုဖြင့် မိမိ၏ အကျိုး စီးပွားကို မယုတ်လျော့စေရာ၊ မိမိ၏အကျိုးစီးပွားကို သိသဖြင့် ကိုယ့်အကျိုး စီးပွား၌ လိမ္မာသူဖြစ်သင့်၏"ဟူသော ဘုရားရှင်စကားတော်အရ စာချ ဓမ္မာ စရိယတို့၏ အလုပ် ဂန္ထပလိဗောဓကို ဖြတ်တောက်၍ ကျေးဇူးရှင် တောင်ပေါ်

ကျောင်းဆရာတော်၏ စောင်မကြည့်ရှုမှုကို ခံယူကာ(၆)နှစ်တိုင်တိုင် ပွားများအားထုတ်ခဲ့လေသည်။

ထို့နောက် ကမ္ဘာ့သာသနာပြု အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသေဋ္ဌိလ၏ တိုက်တွန်းနှိုးဆော်ချက်အရ သင်ကြားပြသ ပို့ချခဲ့သော ပရိယတ္တိစာပေနှင့် ပွားများအားထုတ်ခဲ့သော ဝိပဿနာအလုပ်ကို အခြေခံ၍ ဘုရားဟောပါဠိတော်များကို ဝိပဿနာပွားများနည်းများ ပြည့်စုံစွာထည့်သွင်း၍ အဋ္ဌကထာဋီကာအာဘော်နှင့် ဆရာ့ဆရာများ၏ နည်းများကိုပါ ရောစွက်လျက် ဘုရားရှင်အလိုတော်နှင့်ညီအောင် အများအကျိုးအတွက် ဟောကြားပြသခဲ့ရာ ပါဠိတော်ဟောစဉ် ဝိပဿနာ ဓမ္မကထိက **ထူးကြီးဆရာတော်ဟု** ကျော်ကြားခဲ့ပေသည်။

ထို့ပြင် သတို့မြို့ သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီးက ဆက်ကပ်လှူဒါန်းသော ''**ပဥ္စနိကာယပါရဂူ**''ဟူသော ပရိယတ္တိစာပေဘွဲ့ထူးနှင့် ''**အဂ္ဂမဟာ ဓမ္မကထိကဆေရ**''ဟူသော တရားဟော ဓမ္မကထိကဘွဲ့ထူး ဂုဏ်ဝိသိဋ္ဌကိုလည်းဆက်ကပ်လှူဒါန်းခဲ့ပေသည်။ ယင်းအသင်းကြီးသည်ကား မြန်မာပြည်၌ အမြင့်ဆုံး စာပေ ပရိယတ္တိစာမေးပွဲကျင်းပသော အသင်းများတွင် အပါအဝင်ဖြစ်ပေသည်။

ဆိုခဲ့ပြီးသော စကားစဉ်များဖြင့် ထူးကြီးဆရာတော်၏ ပရိယတ် ပဋိပတ် အရည်အသွေးကို အကဲခတ်၍ သိနိုင်ပြီးဖြစ်သော်လည်း စာပေအရေးအသားအရ အသံမျှသာ သိရှိရသဖြင့် အဆံနှင့်တူသော ထူးကြီးဆရာတော်၏ ဓမ္မလမ်းကြောင်းဟောပြောချက်များကိုလည်း သိရှိဘို့ လိုအပ်ပြန်လေသည်။ ဟောကြားပြသသော ပါဠိတော်ဓမ္မလမ်းကြောင်း၌ ပရိယတ္တိ စာပေအဆံနှင့် ပဋိပတ် ဝိပဿနာအဆံတို့ပါရှိမှသာလျှင် ဓမ္မကထိက တဦး၏ စွယ်စုံရ ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံသဖြင့် အသံသာမဟုတ်၊ အဆံပါပါသော ဓမ္မကထိကဟု ဆိုစလောက်ပေသည်။

## ဓမ္မကထိကတို့၏ တရားဟောခြင်း နှစ်မျိုး

အသံနှင့်အညီ အဆံပါသော ဓမ္မကထိကတို့၏ တရားဒေသနာ ဟောပြောခြင်းသည်—

၁။ အကျဉ်းချုပ် ပြောဟောခြင်း၊

၂။ အကျယ်အားဖြင့် ပြောဟောခြင်းဟူ၍ နှစ်မျိုးရှိပေသည်။

မာတိကာခေါင်းစဉ်ကိုပြ၍ ပြောဟောခြင်းသည် အကျဉ်းပြောဟောခြင်း ဖြစ်၍ ထိုမာတိကာကိုပင် အကျယ်ချဲ့၍ ဟောပြောခြင်းသည် အကျယ်ချဲ့၍ ဟောပြောခြင်းဖြစ်ပေသည်။

တနည်းအားဖြင့် ခေါင်းစဉ်မာတိကာထား၍ဖြစ်စေ၊ မထားဘဲ ဖြစ်စေ အကျယ်ချဲ့ထွင်ဝေဘန်၍ ဟောပြောခြင်းသည် အကျယ်ချဲ့၍ ဟောပြောခြင်း မည်ပေသည်။

ထိုတွင် အကျဉ်းဟောပြောခြင်းကို ပညာကြီးသူ ဉာဏ်ထက်သူတို့က သဘော နှစ်ခြိုက်၍ အကျယ်အားဖြင့် ဟောပြောခြင်းကို ဉာဏ်ပညာနုံ့သူတို့က နှစ်သက် ကျေနပ်ကြလေသည်။ ထူးကြီးဆရာတော်ကား ပါဠိတော်သုတ်တခုကို မူတည်၍ အခြားသော ပါဠိတော်သုတ်များနှင့် အဋ္ဌကထာ ဋီကာများကိုပါ ထည့်သွင်းချဲ့ထွင်၍ ဟောကြားတော်မူလေ့ရှိသည်။

> “တတ္ထ မာတိကံ ဥဒ္ဒိသိတွာ ကထိကာ ဒေသနာ **သံခိတ္တဒေသနာ** နာမ၊ တမေဝ မာတိကံ ဝိတ္ထာရ တော ဝိဘဇိတွာ ကထိကာ **ဝိတ္ထာရ ဒေသနာ** နာမ။
>
> မာတိကံ ဝါ ဌပေတွာပိ အဋ္ဌပေတွာပိ ဝိတ္ထာရတော ဝိဘဇိတွာ ကထိကာ ဝိတ္ထာရဒေသနာ နာမ၊ တာသု သံခိတ္တဒေသနာ နာမ မဟာပညဿ ပုဂ္ဂလဿ ဝသေန ကထိတာ၊ ဝိတ္ထာရဒေသနာ နာမ မန္ဒပညဿ။ (အင်္ဂုတ္တရ၊ ဋ္ဌ၊ ၂၊ ၁၁—နှာ)

ဘုရားဟော ပါဠိတော်သုတ်တခုကို ကြားနာသူ ပရိသတ်အတွက် အနက် အဓိပ္ပာယ်ပေါ်လွင်အောင်၊ တပါးသော ဘုရားဟော ပါဠိတော်သုတ် တခုနှင့် ဖွင့်ဆိုဟောပြောခြင်း အဋ္ဌကထာ ဋီကာဖွင့်နှင့် ကိုက်ညီအောင် ဟောပြောရ ခြင်းသည် သာမညပရိယတ်အခြေခံ ပဋိပတ် အခြေခံရှိသူတို့၏ အရာကား မဟုတ်ပါချေ၊ ပရိယတ် ပဋိပတ်အခြေခံရင့်သန်သူတို့၏ အရာသာဖြစ်ပေသည်။ ထူးကြီးဆရာတော်သည်ကား သုတ္တန် ဒေသနာတော်တခုကို ဟောကြားရာ၌ အထက်ဖော်ပြပါအတိုင်း ချဲ့ထွင်၍ ဟောကြားတော်မူလေ့ရှိပေသည်။ ချဲ့ထွင်၍ ဟောကြားရာ၌ ချဲ့ထွင်ဟောကြားမှုသည် အသံသာမည်၍ အဆံပါမပါသည် သာ လိုအပ်သော အရည်အသွေးဖြစ်ပေသည်။

ထူးကြီးဆရာတော် ဟောကြားသော မာလုကျပုတ္တသုတ္တန်ဝိပဿနာရှုနည်း ကျမ်းမှာ အနှစ်သာရတည်းဟူသော အဆံပါ မပါ စာရှုသူတို့ အကဲခတ် နိုင်ရန် အနည်းငယ် ထုတ်ပြရပေဦးမည်။ **မာလုကျပုတ္တသုတ္တန် ဝိပဿနာရှုနည်း ကျမ်း၌—**

၁။ ပါဠိတော်လာ ဘုရားရှင်၏စကားတော်များကို အဋ္ဌကထာဖွင့်စသည် တို့နှင့်ညီညွတ်အောင် အနက်ပြန်ထားပုံကို—

“ယတြာ ဟိ နာမ တွံ ဘိက္ခု။ ပ။ ဩဝါဒံ ယာစသိ”။

ဘိက္ခု၊ သက်ကြီးသော်မှ သာသနာ့ဝန်ထမ်း ရဟန်းဖြစ်လာသော။ ပ။ ယတြာ ဟိ နာမ (ယောဟိ) တို့၊ အကြင်သင်သည်။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဩဝါဒံ၊ အဆုံးအမ တရားတော်မြတ်ကို။ ယာစတိ နာမ၊ တောင်းပန်ဘိလေခြင်း"—

ဟု ဤစာအုပ်စာမျက်နှာ (၁၆) ၌ တွေ့ရှိရပေလိမ့်မည်။

၂။ ဝိပဿနာရှုပွားရာ၌ ဝိပဿနာရှုပွားရမည့် တရားများကို—

"ဒီနေရာမှာ ဝိပဿနာနဲ့သွားမဲ့ ကိစ္စဖြစ်ခြင်းကြောင့် ပညတ်နဲ့ နိဗ္ဗာန်ကို ခဏချန်ပစ်ခဲ့။ (မှန်ပါဘုရား) ဘာပြုလို့လဲ ပညတ်က ဝိပဿနာရဲ့အာရုံမဟုတ်ဘူးကွဲ့။ နိဗ္ဗာန်ကလဲ ဝိပဿနာရဲ့ အာရုံမဟုတ်ဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ အာရုံသာဖြစ်တယ်။ (မှန်ပါဘုရား)

ဝိပဿနာရဲ့အာရုံက ဘာလဲလို့ဆိုတော့ နာမ် ရုပ်။ တနည်းအားဖြင့် ပြောယင် စိတ် စေတသိက် ရုပ်။ ဟုတ်လား။ (မှန်ပါဘုရား)—

စသည်ဖြင့် ဤစာအုပ် စာမျက်နှာ (၃၆) ၌ တိတိကျကျ ညွှန်ပြထားသည့်ပြင် (၃၇-နှာ) ၌—

"ရုပ် နာမ်ကိုသာ ပစ္စုပ္ပန်ကျကျရှုပွားနေသူအား ပုဂ္ဂိုလ်သတ္တဝါ ကင်းဆိတ်၍ ဒိဋ္ဌိကွာနေပုံကိုလည်း ဖော်ပြထားပေသည်။

၃။ ပရိယတ္တိစာပေဘက်ဆိုင်ရာနှင့် စာပေအချင်းချင်း နှီးနှောယူဆရမည့် နေရာတို့၌လည်း တရားနာပရိသတ် နားလည်သည်ဖြစ်စေ၊ နားမလည်သည် ဖြစ်စေ မိမိအတွက် လစ်လပ်သွားသည်မရှိစေရပဲ ဝိပဿနာလုပ်ငန်းကိစ္စ၌ အကျိုးရှိလျှင် ထည့်သွင်း၍ ဟောကြားထားပုံကို—

"ဘုန်းကြီးတို့ စာပေနယ်ဘက်ကို နည်းနည်းလေးလှည့်လိုက်တော့ စက္ခုဝိညာဏ်စိတ်က ရူပါရုံကို မြင်တဲ့အခါ အဆင်းရုပ်သာဖြစ်တယ်ကွဲ့၊ ဒီ အဓိပ္ပာယ်ကို အဋ္ဌကထာဆရာက "ရူပေ ရူပမတ္တမေဝ လို့ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" ကို အရကောက်နှင့်တကွ ပေါ်လွင်အောင် ဖွင့်တော်မူတာကွဲ့။ မတ္တ ကို မတ္တမေဝ လို့ ဧဝသဒ္ဒါ ထည့်ဖွင့်လိုက်တော့ မတ္တက— စက္ခုဝိညာဏ်စိတ်က မြင်တာဟာ အဆင်းရုပ်ကိုသာမြင်တာ၊ အနိစ္စစသည်သဘော၊ သံယုတ္တ အဋ္ဌကထာအလို နိစ္စ စသည်သဘောကို မြင်တာမဟုတ်ဘူးလို့ ကန့်သတ်ပေးလိုက်တာကွဲ့။ ဧဝ· ကတော့ အဆင်းကိုသာ မြင်တာ၊ အနိစ္စသဘာဝ စသည်ကို မမြင်ဘူးလို့ ဆုံးဖြတ်ချက်ပေးတာကွဲ့၊ ဒီနေရာမှာ ရူပက အဆင်းကွဲ့—

စသည်ဖြင့်၎င်း၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တ စသည် ဖြစ်အောင် ဝိပဿနာရှုနည်းများကို (၁)(၂)စသည်ဖြင့်၎င်း၊ ဤစာအုပ် စာမျက်(၄၉-၅၇ နှာ)၌ တွေ့မြင်ရပေလိမ့်မည်။

စာပေပရိယတ်နှင့် ပဋိပတ် ဖက်စပ်၍ အခြေခံနည်းကျကျ ဟောကြားထားပုံကို ဤမော်ပြပါအချက်သုံးချက်လောက်မြည်းကြည့်ရလျှင်ထူးကြီးဆရာတော် ဟောကြားသော မာလုကျပုတ္တသုတ္တန် ဝိပဿနာရှုနည်းကျမ်း၏ အသံနှင့်အဆံ လိုက်လျောညီစွာ ပါဝင်တည်ရှိနေပုံကို သဘောပေါက်လောက်ပေပြီ။

## ဤစာအုပ် ဖတ်ရှုသူအား ပန်ကြားချက်

မာလုကျပုတ္တသုတ္တန် ဝိပဿနာရှုနည်းကျမ်းသည် ထူးကြီးဆရာတော်စီစဉ် ရေးသားသော ကျမ်းစာမဟုတ်ဘဲ တရားနာပရိသတ် ဓမ္မယောဂီ ပုဂ္ဂိုလ်များ အား တရားတော်၏ သဘာဝကို အထူး နားလည် သဘောပေါက်စေရန်ရှုတ်ဖြင့် ဟောကြားထားသည့်အတိုင်း အသံဖမ်းယူထားသော တိတ်ခွေမှ ကူးယူပုံနှိပ် ထားသော ကျမ်းစာသာဖြစ်သဖြင့် စာနေ စာထား စာသွား စာဟန် ပုံစံ မကျ တွေ့ရှိခဲ့သော် ပြင်ဆင်ဖတ်ရှုကြပါဟု တိုက်တွန်းယင်း နိဂုံးချုပ်ရပေတော့ သတည်း။

ဗုဒ္ဓသာသနံ နိမ္မလံ စိရံ တိဋ္ဌတု။

၁။ ဦးကုဝေရ၊ ဓမ္မာစရိယ၊ စာချ။

၂။ ဦးဇောတိပါလ၊ ဓမ္မာစရိယ၊ စာချ။

ဝေဘူရိပ်သာ စာသင်တိုက်၊
ဘောက်ထော်၊ ရန်ကုန်။
၁၃၄၁၊ ဝါဆိုလဆန်း ၈-ရက်။

## မာလုကျပုတ္တသုတ္တန် ပါဠိတော်ဟောစဉ်

### နိဒါန်း

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အမှောင်ခေတ်နှင့် အလင်းရောင်ခေတ် | .... | က |
| အလင်းရောင်ခေတ်၏ အနှစ်သာရ မဂ် ဖိုလ် နိဗ္ဗာန် | .... | ဂ |
| ဓမ္မဒေသနာ သုံးမျိုး | .... | ဃ |
| ဒေသနာတော်၏ ခက်ခဲ နက်နဲခြင်းများ | .... | ဆ |
| ဒေသနာနှင့် သာသနာ | .... | ဆ |
| ဒေသနာတော်၏ စ လယ် ဆုံး ကောင်းမွန်ပုံ | .... | ဇ |
| ဂါထာဗန္ဓနှင့် စုဏ္ဏိယ စ လယ် ဆုံး ကောင်းပုံ | .... | ဇ |
| အဆုံးအမ သာသနာတော်၏ စ လယ် ဆုံး ကောင်းမွန်ပုံ | .... | ည |
| မာလုကျပုတ္တသုတ်၏ဒေသနာတော် | .... | ဋ |
| မာလုကျပုတ္တသုတ် အကျဉ်းချုပ် | .... | ဋ |
| မာလုကျပုတ္တ ရဟန်းကြီး အကျယ်သိပုံ | .... | ဍ |
| သတိမပျောက် နိဗ္ဗာန်ရောက် | .... | ဎ |
| မဂ် ဖိုလ် ဉာဏ် လူသာမန်တို့ သိဘို့ခက် | .... | ဏ |
| မြန်မာရဟန်းတော်များ၏ ပဋိပတ်လမ်းကြောင်း ထိန်းသိမ်းပုံ | .... | ထ |
| ဝိသုဒ္ဓိဒီပနီကျမ်း၏ ပဋိပတ်လမ်းစဉ် | .... | ထ |
| ဝိသုဒ္ဓိဒီပနီဆရာ၏ ပဋိပတ်လမ်းစဉ် ကောက်ချက် | .... | ဒ |
| ယောဂီများ သိသင့်သော အချက် | .... | ဓ |
| ပုဂံခေတ်မှ မျက်မှောက်ခေတ် ကာလသို့ | .... | န |
| ဝိပဿနာ ဓမ္မကထိက ထူးကြီးဆရာတော် | .... | ပ |
| ဆရာ အစဉ်အဆက် | .... | ဖ |
| ထူးကြီးနှင့် အရှင်ဝဏ္ဏိတာဘိဝံသ | .... | မ |
| ဓမ္မကထိကတို့၏ တရားဟောခြင်း နှစ်မျိုး | .... | လ |

အကြောင်းအရာ စာမျက်နှာ

## မာလုကျပုတ္တသုတ္တန် ပဌမပိုင်း

ဂုဏ်တော်ဖွင့် ဘုရားရှိခိုး .... ၁
အလွန်နက်နဲသည့် သုတ္တန် .... ၃
မာလုကျပုတ္တသုတ္တန် ခေါ်ရခြင်းအကြောင်း .... ၄
မာလုကျပုတ္တမထေရ်၏ အတ္တုပ္ပတ္တိအကျဉ်း .... ၅
ထိခြင်းငါးပါးဖြင့် ရှိခိုးခြင်း အောက်ခြေညွှန်းချက် .... ၇
ဝန်ခံချက်ငါးမျိုးဖြင့် တရားတောင်းခြင်း .... ၈
ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ပုံ ဖွင့်ဆိုချက်များ .... ၉
အာတာပီနှင့် ပဟိတတ္တပုဒ် အဖွင့်များ .... ၁၀
တယောက်တည်း နေ့တတ်အောင် နေထိုင်နည်း .... ၁၁
ဆိတ်ငြိမ်ရာ အရပ် .... ၁၃
နေရာတိုင်းမှာ လိုအပ်တာက သတိ .... ၁၄
သမ္မပ္ပဓာန် လုလ္လ .... ၁၅
ဘုရားရှင်က မာလုကျပုတ္တအား မောင်းမဲတော်မူခြင်း .... ၁၆
ဘုရားရှင်က မာလုကျပုတ္တအား ချီးမွမ်းတော်မူခြင်း .... ၁၈
မာလုကျပုတ္တ ရဟန်းအိုကြီး လျှောက်ထားသော စကား .... ၁၉
ကာကသုံးမျိုးနှင့် အဆင်းရုပ်သုံးမျိုး စွဲလမ်းဘွယ်—မဖြစ်ထိုက်ပုံ.... ၂၁
ကာလသုံးမျိုးနှင့် အသံရုပ်သုံးမျိုးကို စွဲလမ်းရန် မဖြစ်ထိုက်ပုံ .... ၂၄
ကာလသုံးမျိုးနှင့် အနံ့ရုပ်သုံးမျိုးကို စွဲလမ်းရန် မဖြစ်ထိုက်ပုံ .... ၂၇
ကာလသုံးမျိုးနှင့် ရသာရုပ်သုံးမျိုးကို စွဲလမ်းရန် မဖြစ်ထိုက်ပုံ .... ၃၀
ကာလသုံးမျိုးနှင့် အတွေ့အထိရုပ်သုံးမျိုးကို စွဲလမ်းရန် မဖြစ်ထိုက်ပုံ .... ၃၂
ကာလသုံးမျိုးနှင့် ဓမ္မာရုံသုံးမျိုးကို စွဲလမ်းရန် မဖြစ်ထိုက်ပုံ .... ၃၆
ရှုပွားဆဲမှာ ဒိဋ္ဌိ ပြုတ်ပုံ .... ၃၈
ရုပ်နာမ်တွေမှ ဝိပဿနာနယ်ရောက်မည် .... ၃၉

## မာလုကျပုတ္တသုတ္တန် ဒုတိယပိုင်း

ကာလသုံးပါးခေတ် ၁၈- ပါး ရုပ်နာမ်တရား .... ၄၁
ဒိဋ္ဌေ ဒိဋ္ဌမတ္တ ဖြစ်အောင် ရှုနည်းများ .... ၄၄
အာရုံခြောက်ပါးနှင့် ဝိညာဏ်ခြောက်ပါး .... ၄၅
ဒိဋ္ဌ သုတ မုတ ဝိညာတတို့ကို တရားကိုယ်ပေါ်အောင် ဟောကြားပုံ ၄၇
အဋ္ဌကထာဆရာ၏ ဒိဋ္ဌေ ဒိဋ္ဌမတ္တဖြစ်ပုံ ပဌမနည်း .... ၄၉
ဝိပဿနာ ရှုပွားရမဲ့ အရှုခံတရား .... ၅၃

| အကြောင်းအရာ | | မာတိကာ |
|---|---|---|
| အဋ္ဌကထာဆရာ၏ ဒိဋ္ဌေ ဒိဋ္ဌမတ္တဖြစ်ပုံ ဒုတိယနည်း | .... | ၅၄ |
| အဋ္ဌကထာဆရာ၏ ဒိဋ္ဌေ ဒိဋ္ဌမတ္တဖြစ်ပုံ တတိယနည်း | .... | ၅၆ |
| ဒိဋ္ဌေ ဒိဋ္ဌမတ္တဖြစ်အောင် ရှုပွားနည်း(၁) | .... | ၅၇ |
| အသမ္မောဟသမ္ပဇဉနည်းအရ ဒိဋ္ဌေ ဒိဋ္ဌမတ္တဖြစ်အောင်ရှုပွားပုံ | .... | ၅၈ |
| အတ္တကောင်မရှိ | .... | ၅၈ |
| လောက်လန်းသဖွယ် ဝိညာဏ်တွယ် အစိပ္ပာယ် | .... | ၆၀ |
| ဒိဋ္ဌေ ဒိဋ္ဌမတ္တဖြစ်အောင် ရှုပွားနည်း (၂) | .... | ၆၅ |
| မူလပရိညာနည်းအရ ဒိဋ္ဌေ ဒိဋ္ဌမတ္တဖြစ်အောင် ရှုပွားပုံ | .... | ၆၆ |
| အမြင် ဝီထိစိတ် ဖြစ်ပုံ | .... | ၆၆ |
| ညှော့သည် အာဂန္တုနည်းဖြင့် ဒိဋ္ဌေ ဒိဋ္ဌမတ္တဖြစ်အောင် ရှုပွားပုံ | .... | ၇၀ |
| ဇော ညှော့သည် (ဥပမာ) | .... | ၇၁ |
| တာဝကာလိကနည်းဖြင့် ဒိဋ္ဌေ ဒိဋ္ဌမတ္တဖြစ်အောင် ရှုပွားပုံ | .... | ၇၃ |
| ဝိပဿနာ ရှုကွက် နာမ် ရုပ် ဖော်ပြချက် | .... | ၇၅ |
| မြင်အပ် မြင်တတ် နှစ်ရပ် ရုပ်နာမ် | .... | ၇၅ |
| အနိစ္စာနုပဿနာ | .... | ၇၉ |
| ကိုယ်နှင့်ခန္ဓာ ခွဲခန်း | .... | ၈၀ |
| ဉာတပရိညာ ဖြစ်ပုံ | .... | ၈၁ |
| ဒိဋ္ဌိ ဝိသုဒ္ဓိစခန်းရောက်ပုံ | .... | ၈၂ |
| အနိစ္စ အနိစ္စလက္ခဏာ အနိစ္စာနုပဿနာ တီရဏပရိညာ | .... | ၈၂ |
| အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံ | .... | ၈၃ |


## မာလုင်ကျပုတ္တသုတ္တန် တတိယပိုင်း


| | | |
|---|---|---|
| ပဟာနပရိညာဖြစ်ပုံ | .... | ၈၅ |
| မဂ် ဖိုလ် နိဗ္ဗာန် | .... | ၈၉ |
| မာလုင်ကျပုတ္တ တရားတော် စိစစ်ဖော်ပြချက် | .... | ၉၀ |
| သတိ ပညာ တွဲလျက်ပါမှ | .... | ၉၁ |
| သင်္ခတ အသင်္ခတ ခွဲခြားပြ | .... | ၉၂ |
| သုတ မုတ ဝိညာတ ရှုပွားနည်း | .... | ၉၅ |
| ဝိညာဏ် ၆-ပါး အာရုံ၆-ပါး တရားတို့၌ ရာဂစသည်ကင်းနေပုံ | .... | ၉၆ |
| ဒိဋ္ဌေ ဒိဋ္ဌမတ္တ အလုပ်စခန်း | .... | ၁၀၁ |
| ဒိဋ္ဌိ ဝိစိကိစ္ဆာ ပြုတ်ဘို့အရေးကြီးပုံ | .... | ၁၀၄ |
| ကိလေသာဝဋ် ဒိဋ္ဌုပါဒါန်ပြုတ်အောင်ရှုပွားရန် | .... | ၁၀၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မဂ် တကြိမ်သတ်က အကုသိုလ် အနန္တပြုတ် | .... | ၁၀၈ |
| မဂ် သတ်ပုံ ဥပမာ | .... | ၁၀၇ |
| အပါယ်မျိုးစေ့ပြုတ်အောင်အားထုတ်ကြပါ | .... | ၁၀၈ |
| ဝဋ် သံသရာလည်ပတ်ပုံ | .... | ၁၀၉ |
| အကျဉ်းချုပ်တရားကို အကျယ်သိသော မာလုကျပုတ္တရဟန်း | .... | ၁၁၀ |
| ဝဋ်သုံးပါးနှင့် ဥပါဒါန်လေးပါး မြင်အာရုံ၌ဖြစ်ပုံ | .... | ၁၁၅ |
| ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၌ ဝေဒနာဖြစ်ပေါ်လာပုံ | .... | ၁၂၀ |
| ဒိဋ္ဌေ ဒိဋ္ဌမတ္တမှာ အနုသယကိန်းဝပ်ဖြစ်ပေါ်ပုံ | .... | ၁၂၁ |
| သုခဝေဒနာနှင့် ရာဂါနုသယ | .... | ၁၂၂ |
| ဒုက္ခဝေဒနာနှင့် ပဋိဃာနုသယ | .... | ၁၂၂ |
| ဥပေက္ခာဝေဒနာနှင့် အဝိဇ္ဇာနုသယ | .... | ၁၂၄ |
| ဝဋ်သုံးပါး လည်ပတ်နေပုံ | .... | ၁၂၄ |
| ဒိဋ္ဌမတ္တံ၌ ဝေဒနာဖြစ်သော်လည်း တဏှာမဖြစ်၍ ဝဋ်သုံးပါးပြတ်စဲပုံ | .... | ၁၂၆ |
| ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၌ အနိစ္စမြင် မဂ် ဖိုလ် နိဗ္ဗာန်ဝင် | .... | ၁၃၀ |
| ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၌ တဏှာဒိဋ္ဌိကပ် ဝေဒနာကင်းပုံ | .... | ၁၃၂ |
| ဒိဋ္ဌေ ဒိဋ္ဌမတ္တနှင့် အနုသယ ပယ်သတ်ပုံ | .... | ၁၃၃ |

## မာလုကျပုတ္တသုတ္တန် စတုတ္ထပိုင်း

| | | |
|---|---|---|
| သုတေ သုတမတ္တဖြစ်အောင် ရှုပွားနည်း | .... | ၁၃၆ |
| ကြားဆဲခဏ၌ နာမ်ရုပ်ပေါ်နေပုံ | .... | ၁၄၀ |
| ကြားဆဲ ရုပ်နာမ် လက္ခဏာ ဉာဏ်ထင်ပုံ | .... | ၁၄၅ |
| ကြားဆဲ ရုပ်နာမ်၌ ပရိညာသုံးပါးဖြစ်ပုံ | .... | ၁၄၇ |
| သုတေ သုတမတ္တံ၌ သံသရာဝဋ် လည်ပုံ(၁) | .... | ၁၅၁ |
| သတိကင်းပျောက် ဝေဒနာရောက်၏ | .... | ၁၅၂ |
| ကြားဆဲခဏ၌ ဂေဟသိတဝေဒနာ ဖြစ်ပေါ်ပုံ | .... | ၁၅၄ |
| ဝေဒနာဖြစ်ပေါ်လာရခြင်း၏ အခြေခံအကြောင်းရင်း | .... | ၁၅၆ |
| သုတေ သုတမတ္တံ၌ သံသရာဝဋ် ပြတ်ပုံ(၁) | .... | ၁၅၈ |
| သုတေ သုတမတ္တံ၌ သံသရာဝဋ်လည်ပုံ(၂) | .... | ၁၅၉ |
| သုတေ သုတမတ္တံ၌ သံသရာဝဋ် ပြတ်ပုံ(၂) | .... | ၁၆၀ |
| သုတမတ္တံ၌ ဝေဒနာဖြစ်သော်လည်း တဏှာ မဖြစ်၍ ဝဋ်သုံးပါးပြတ်စဲပုံ | .... | ၁၆၂ |

အကြောင်းအရာ — စာမျက်နှာ

## မာလုကျပုတ္တသုတ္တန် ပဥ္စမပိုင်း


| | | |
|---|---|---|
| မုတေ မုတမတ္တံ | .... | ၁၆၉ |
| မိမိထံမှောက် ရောက်သော အာရုံကို ယူသောတရား | .... | ၁၇၀ |
| မိမိထံမရောက်သော အာရုံကို ယူသောတရား | .... | ၁၇၁ |
| နံအပ် နံတတ် ရုပ်နာမ် | .... | ၁၇၃ |
| စားအပ် စားတတ် ရုပ်နာမ် | .... | ၁၇၄ |
| ထိအပ် ထိတတ် ရုပ်နာမ် | .... | ၁၇၄ |
| ရောက်အပ် ရောက်တတ် ရုပ်နာမ်ချည်းပဲ | .... | ၁၇၅ |
| နံအပ် နံတတ် ရုပ်နာမ် ဓမ္မာနုပဿနာ သတိပဋ္ဌာန် | .... | ၁၇၅ |
| ရုပ်နာမ်ဆိုက သခ်တနယ်ပင် | .... | ၁၈၀ |
| တဏှာ လှည့်ပတ် မကြိုက်တာ မရှိ | .... | ၁၈၁ |
| ဂန္ဓာရုံ ဃာနဝိညာဏ်အတွက် အာဒိတ္တ ပရိယာယ သုတ် | .... | ၁၈၂ |
| နှာခေါင်းကို ဓားငယ်နှင့် ထိုးဆွတာက မြတ်ပုံ | .... | ၁၈၂ |
| ဂန္ဓာရုံအတွက် ငရဲ တိရစ္ဆာန်ဘုံ ရောက်တတ်ပုံ | .... | ၁၈၄ |
| ရုပ်နာမ် ပိုင်းခြားသိတော့ ဉာတပရိညာ | .... | ၁၈၆ |
| ရုပ်နာမ်ဥ္စတပ်စွဲမှု တဏှာပယ်တော့ ပဟာန ပရိညာ | .... | ၁၈၈ |
| စားအပ် စားတတ် ရုပ်နာမ် | .... | ၁၈၈ |
| စားအပ် စားတတ် ရုပ်နာမ် ဓမ္မာနုပဿနာသတိပဋ္ဌာန် | .... | ၁၉၀ |
| ရသာရုံ ဇိဝှာ ဝိညာဏ်အတွက် အာဒိတ္တ ပရိယာယသုတ် | .... | ၁၉၄ |
| ဓားထက်ထက်ဖြင့် လျှာကို ဖြတ်တာက မြတ်ပုံ | .... | ၁၉၅ |
| ရသာရုံအတွက် ငရဲ တိရစ္ဆာန်ဘုံ ရောက်တတ်ပုံ | .... | ၁၉၆ |
| ရသာရုံ ကာမဂုဏ်ဟာ အရေးအကြီးဆုံး | .... | ၁၉၇ |
| ရသာရုံ ကာမဂုဏ်ဒုက္ခ များပြားလှ | .... | ၁၉၇ |
| ရသာရုံ ကာမဂုဏ်အတွက် ပင်ပန်း ဒုက္ခရောက်ပုံ | .... | ၂၀၄ |
| ပုတ္တမံသူပမသုတ် | .... | ၂၀၅ |
| အာဟာရနှင့် သား အသား တသားတည်းထား၍စား | .... | ၂၀၈ |
| ခွေးလေ ခွေးလွှင့်နှင့်အဆိပ်လူး အမဲတုံး | .... | ၂၀၈ |
| ရသာရုံ ကာမဂုဏ်နှင့် ပရိညာသုံးပါးဖြစ်ပုံ | .... | ၂၁၀ |
| စားဆဲခဏ ရုပ်နာမ်သာ ရှိ၊ပုဂ္ဂိုလ်သတ္တဝါ မရှိ | .... | ၂၁၂ |
| ဝဋ်သုံးပါး ဖြစ်ပေါ်ပုံ | .... | ၂၁၃ |

အကြောင်းအရာ စာမျက်နှာ

## မာလုကျပုတ္တသုတ္တန် ဆဋ္ဌပိုင်း

(ကာယဝိညာဏ်) မုတေ မုတမတ္တ .... ၂၁၆
ကာယဝိညာဏ်နှင့် အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ .... ၂၁၇
ကာယဝိညာဏ်နှင့် ဖောဋ္ဌဗ္ဗဓာတ်၏ တရားကိုယ် .... ၂၁၈
ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ရုပ်နာမ်သာရှိ .... ၂၁၉
ဝိပဿနာရှုပွားစိတ်၌ မဂ္ဂင်နှင့်သိက္ခာသုံးပါး ပါဝင်နေပုံ .... ၂၂၂
ဝတ်စားဆင်ယင် သတိသမ္ပဇဉ်နှင့်ယှဉ် .... ၂၂၃
ကိုယ်နှုတ်အမှုအရာတို့၌ ဝတ်သုံးပါးဖြစ်ပုံ .... ၂၂၆
ဂန္ဓရသ ဖောဋ္ဌဗ္ဗသုံးမျိုး မုတမတ္တ ရှုပွားပုံအကျဉ်း .... ၂၃၀
နိမိတ္တ အနုဗျဉ္ဇန ကွဲပြားခြားနားချက် .... ၂၃၃
မာလုကျပုတ္တ မထေရ်ကြီး မုတေ မုတမတ္တအကျယ်သိပုံ .... ၂၃၆
ဂန္ဓေဂန္ဓမတ္တံ ရသေ ရသမတ္တံ ဖောဋ္ဌဗ္ဗေ ဖောဋ္ဌဗ္ဗမတ္တံ .... ၂၃၇
ဂန္ဓေ ဂန္ဓမတ္တ ဝဋ္ဋပိုင်း ဝဋ်လည်ပုံ .... ၂၄၁
ဂန္ဓေ ဂန္ဓမတ္တံ ဝိဝဋ္ဋပိုင်း ဝဋ်ပြတ်ပုံ .... ၂၄၂
နေက္ခမ္မသိတ ဝေဒနာဖြစ်ပေါ်လာပုံ .... ၂၄၄
ရသေ ရသမတ္တံ၌ ဝဋ္ဋပိုင်း ဝဋ်လည်ပုံ .... ၂၄၈
ရသေ ရသမတ္တံ ဝိဝဋ္ဋပိုင်း ဝဋ်ပြတ်ပုံ .... ၂၅၁
ရသေ ရသမတ္တံ ဓမ္မာနုပဿနာရှုပုံ .... ၂၅၃
ဖောဋ္ဌဗ္ဗေ ဖောဋ္ဌဗ္ဗမတ္တံ ဝဋ္ဋပိုင်း ဝဋ်လည်ပုံ .... ၂၅၄
ဖောဋ္ဌဗ္ဗေ ဖောဋ္ဌဗ္ဗမတ္တံ ဝိဝဋ္ဋပိုင်း ဝဋ်ပြတ်ပုံ .... ၂၅၅
ဝိညာတေ ဝိညာတမတ္တံ၌ ရှုကွက်တရားပေါ်ပုံ .... ၂၅၈
ဝိညာတေ ဝိညာတမတ္တံ၌ ဓမ္မာနုပဿနာရှုပုံ .... ၂၆၀
ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ရုပ်နာမ်သာရှိ .... ၂၆၂
ရုပ်နာမ်ဆိုတာ သင်္ခတ တရား .... ၂၆၃
ဝိညာတတရား အနိစ္စ ဒုက္ခ အနတ္တဖြစ်ပုံ .... ၂၆၄
ဉာတ ပရိညာပိုင်း .... ၂၆၆
တီရဏပရိညာ .... ၂၆၆
ပဟာန ပရိညာ .... ၂၆၇
ဝိညာတေ ဝိညာတမတ္တံ၌ မာလုကျပုတ္တမထေရ်ကြီးအကျယ် လျှောက်ပုံ .... ၂၇၀
ဝဋ္ဋပိုင်း ဝဋ်လည်ပုံ မာလုကျပုတ္တမထေရ် လျှောက်ထားချက် .... ၂၇၁
ဝေဒနာအမျိုးမျိုး ဖြစ်တတ်ပုံ .... ၂၇၃

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဝိဝဋ္ဋပိုင်း ဝဋ္ဋပြတ်ပုံကို မာလုကျပုတ္တမထေရ်ကြီး လျှောက်တားချက် | .... | ၂၇၆ |
| သဒ္ဓါနှင့်ပညာ ဝိရိယနှင့် သမာဓိ အင်အားညီမျှ မဂ်ဖိုလ်ရ | .... | ၂၇၈ |
| ဣန္ဒြေညီမျှအောင်လုပ်နည်း အောက်ခြေညွှန်းချက် | .... | ၂၇၉ |
| ဘုရားကို ညှင်းဆဲ နှိပ်စက်သူများ | .... | ၂၈၃ |
| ဘုရားရှင် တရားတော်ကို ပုတ်ခတ်ဖျက်ဆီးသူများ | .... | ၂၈၄ |


## မာလုကျပုတ္တသုတ္တန် သတ္တမပိုင်း (နောက်ဆက်တွဲ)


| | | |
|---|---|---|
| မာလုကျပုတ္တမထေရ်ကြီး တရားဟောတော်မူခြင်း | .... | ၂၈၆ |
| တဏှာသည် ခွေးတောက်နွယ်ပင်နှင့်တူပုံ | .... | ၂၈၇ |
| တဏှာသည် မျှောက်သတ္တဝါနှင့်တူပုံ | .... | ၂၉၀ |
| ဝဋ္ဋမပြတ်က ဝဋ္ဋဒုက္ခ တိုးပွားနေပုံ | .... | ၂၉၅ |
| မြင်၍မရှု၊ ရှု၍မမြင် | .... | ၂၉၇ |
| တဏှာ ဝိသတ္တိကာ ခေါ်ရပုံ အမျိုးမျိုး | .... | ၂၉၈ |
| တဏှာနှိပ်စက်ခံရ၍ ဆင်းရဲရပုံ | .... | ၃၀၁ |
| ကိုယ်နှင့် ပစပ်တော့ အပူမဟပ် | .... | ၃၀၂ |
| တဏှာပယ်ဖျောက် ဆင်းရဲပျောက်၏ | .... | ၃၀၃ |
| ဝိပဿနာက တဏှာကို ပယ်ပုံ | .... | ၃၀၅ |
| မာလုကျပုတ္တမထေရ်မြတ်ကြီး၏ တိုက်တွန်းနှိုးဆော်တော်မူပုံ | .... | ၃၀၆ |
| နိဗ္ဗာန်လိုချင်လျှင် ကိလေသာကိုဖြုတ် | .... | ၃၀၈ |
| ပြိတ်မြက်တော တူးဖြိုရသလို အဝိဇ္ဇာစတဲ့ ကိလေသာချုံဖုတ်ကို တူးဖြိုကြ | .... | ၃၀၈ |
| မာလုကျပုတ္တမထေရ်မြတ်ကြီး၏ သတိပေးစကား | .... | ၃၀၉ |
| တရားပွဲသိမ်း နိဂုံးဂါထာများ | .... | ၃၁၃ |
| ဆုတောင်းပတ္ထနာ ၂၈ ဂါထာ ပါဠိ အနက် | .... | ၃၁၃ |
| ထူးကြီးဆရာတော်ဘုရား၏ ပါဠိတော် ဟောစဉ် ကျမ်းစာအုပ်များ | .... | ၃၁၅ |


**မာတိကာ ပြီးပြီ။**

# မာလုကျပုတ္တ သုတ္တန်

## ပဉ္စမပိုင်း

သာသနာ သက္ကရာဇ် ၂၅၂၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၄-ရက်၊ မုံရွာမြို့ ဆုတောင်းပြည့် စေတီတော်ကြီး၏ ဝိပဿနာ မဏ္ဍပ်ရုံတော်ကြီးတွင် ဟောကြားအပ်သော သံယုတ္တနိကာယ သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် သဠဝဂ်၌ လာသော မာလုကျပုတ္တသုတ္တန် တရားဒေသနာ။

ဤသုတ္တန် တရားဒေသနာတော်မြတ်ကို သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်။ သဗ္ဗညု ရှင်တော်မြတ်ကြီးရဲ့ တရားဒေသနာတော်များကို တရားဟော တရားနာပုဂ္ဂိုလ်တို့ အနေဖြင့် တရားဟော တရားနာ ပြုလုပ်ကြရမှာ ဖြစ်တဲ့အတွက် ဤသုတ္တန် ဒေသနာတော်မြတ်ကို ဟောကြားတော်မူသည့် သဗ္ဗညုရှင်တော် မြတ်ကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို သဒ္ဓါကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြရအောင် အမျိုးကောင်းသားများ အမျိုးကောင်းသမီးများကလဲ လက်အုပ်ချီပြီးတော့ ထားကြပါ။ ဘုန်းကြီးက သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို ရွတ်ဖတ် သရဇ္ဈာယ်ပြီးတော့ ဘုရား ရှိခိုးပါမယ်။ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော် ကျေးဇူးတော်များကို အာရုံပြုကြပြီးတော့ ဒီကနေ့ည တရားတော်မြတ်ကို နာယူမှတ်သား၍ ပွားများအားထုတ်ကြမည့် အမျိုးကောင်းသားများ၊ အမျိုးကောင်းသမီးများ သဗ္ဗညုရှင်တော်မြတ်ကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြပါစေ။

## ဂုဏ်တော်ဖွင့် ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးကြိမ်)

..အရ ဟတော၊ တထောင့်ငါးရာ ကိလေသာ ရန်သူအပေါင်းတို့မှ ဝေးကွာကင်းလွတ်တော်မူပါပေထသော။ အရ ဟတော၊ တထောင့်ငါးရာ ကိလေသာ

ရန်သူအပေါင်းတို့ကို အောင်တော်မူ နိုင်တော်မူ သတ်တော်မူတတ် ပါပေထသော။

အရဟတော၊ သံသရာစက်၏ အကန့်အကွက် အချက်အချာ အဝိဇ္ဇာနှင့် တဏှာတရားနှစ်ပါးတို့ ဦးစီးတဲ့ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရဟု ဆိုအပ်ကုန်သော ဤသင်္ခါရစက်တို့ကို မလည်မပတ်နိုင်အောင် ချိုးဖျက်တော်မူတတ်ပါပေထသော။

အ ရဟတော၊ လူ နတ် ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ပစ္စည်းလေးဖြာ လှူဒါန်းဖွယ်ရာများနှင့်တကွ အရိုအသေ အလေးအမြတ်ပြုခြင်း၊ မိုဝဲဆည်းကပ် အားကိုး အားထားပြုလုပ်ခြင်း၊ ကိုးကွယ်ယုံကြည် ပူဇော်ခြင်းတို့ကို ခံယူခြင်းငှါ ထိုက်တော်မူပါပေထသော။

အရ ဟတော၊ ဆိတ်ကွယ်ရာအရပ်၌ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတို့ဖြင့် မကောင်းမှု မှန်သမျှတွေကို ပြုတော်မမူတတ်ပါပေထသော။

မကောင်းမှု မှန်သမျှတွေကို ပြောတော်မမူတတ်ပါပေထသော။

မကောင်းမှု မှန်သမျှတွေကို ကြံစည်တော်မမူတတ်ပါပေထသော။

သမ္မာသမ္ဗုဒ္ဓေါ: သင်္ခတ အသင်္ခတအားဖြင့် ပြားသော သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော ဉေယျငါးတန် တရားမှန်ကို ဆရာမကူ သယမ္ဘူမှန် ပင်ထွက်ဉာဏ်ဖြင့် ကိုယ်တော်တိုင်သာလျှင် ကောင်းစွာ ထိုးထွင်း၍ သိတော်မူတတ်ပါပေထသော။

ဘဂဝတော၊ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တမည် ဘုန်းတော် ခြောက်လီတို့နှင့် ပြည့်စုံတော်မူပါပေထသော။

တဿ၊ လောကဓံရလေ့ မုန်တိုင်းဝှေ့လည်း မရွေ့မယိုင် ကျောက်စာတိုင် ကဲ့သို့ ဖောက်ပြန် တုန်လှုပ်ခြင်းမရှိ ပကတိသော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူ ပါပေထသော တို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား။

အမှာကံ၊ တရားဟောပုဂ္ဂိုလ်၊ တရားနာပုဂ္ဂိုလ်ဖြစ်ကြကုန်သော ရုပ်၊ နာမ် နှစ်ဖြာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်တို့၏။

---

ဤသုတ္တန်ဒေသနာ၌ မဟောကြားမီ ထုံးကြီးဆရာတော် ဘုရား၏ ရှိခိုးပါးသီလ ပေးခြင်း၊ ဆုတောင်းခြင်း၊ ဆုပေးခြင်းများ ပါရှိပါသည်။

နမော၊ တချးပေါ တရားနာ ဘေးရန်ကင်းကွာ၍ အန္တရာယ်ကင်းလို ခြင်း၊ ဟောလိုသော တရားတော်မြတ်၏ နာယူမှတ်သား၍ ပွားများအား ထုတ်သော တရားတော်မြတ်၏ အရဟတ္တဖိုလ်ပေါက် အပြီး·အဆုံးသို့ ရောက် အောင် အထောက်အပံ့ကို ကောင်းကောင်းကြီး ပြုနိုင်ပါစေခြင်း အကျိုးငှါ ကိုယ်နှုတ် နှလုံး သုံးပါးပျောင်းပျော့ မာန်ကို လျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးခြင်းသည်။အတ္ထု၊ ကောင်းစွာမသွေ ဖြစ်ပါစေသတည်း။

သာဓု–သာဓု–သာဓု။

---

## အလွန်နက်နဲသည့် သုတ္တန်

ဝိပဿနာ အလုပ်ပေး တရားနဲ့ ဆက်စပ်ပြီးတော့ မာလုကျပုတ္တ သုတ္တန် ဒေသနာတော်ကို ခုနစ်ည တိုင်တိုင် ဟောဘို့ အစီအစဉ် လုပ်ပြီးတော့ ထားပါ တယ်။ ဒါကြောင့် ဒီတရားဒေသနာတော်ဟာ နားထောင်ကောင်းရုံနဲ့ သဒ္ဓါ တရားတိုးပွားရုံလောက်တွင် အာရုံမထားကြဘဲနဲ့ တရားတော်ရဲ့ သဘာဝလေး နက်ပုံကို အာရုံပြုပြီးတော့ နာကြားကြစေလိုပါတယ်။ မာလုကျပုတ္တ သုတ္တန် ဒေသနာတော်ကို နာယူတော့မယ်လို့ဆိုယင် ဒီသုတ္တန်ဟာ ဘုန်းကြီးတို့ စာပေ နယ်မှာ အင်မတန် ခက်ခဲပြီးတော့ အင်မတန် နက်နဲတဲ့ သုတ္တန်တခုဖြစ်ပါတယ်။ မာလုကျပုတ္တ သုတ္တန် ဒေသနာတော်ရဲ့ အသွားအလာမျိုးဟာ ဘုန်းကြီးတို့ ပိဋက နယ်ပယ်မှာ နှစ်သုတ်ရှိတယ်။ တသုတ်က အခုဟောမယ့် မာလုကျပုတ္တ သုတ္တန်၊ တသုတ်က ဥဒါန်းပါဠိတော်မှာလာတဲ့ ဗာဟိယသုတ္တန်။ ဒီသုတ္တန် နှစ်ခုဟာ ဘုန်းကြီးတို့ စာပေနယ်မှာ အင်မတန် နက်နဲပြီးတော့ အင်မတန် ခက် ခဲတဲ့ သုတ္တန်ကြီး နှစ်သုတ္တန် ဖြစ်ပါတယ်။

ဒါ့ကြောင့် သုတ္တန်သဘောကိုက အင်မတန်နက်နဲ ခက်ခဲတဲ့ သုတ္တန်ဖြစ် တော့ တရားဟောတဲ့ ပုဂ္ဂိုလ်အနေနဲ့လဲဘဲ အင်မတန် ဂရုစိုက်ပြီးတော့ သုတ္တန် ရဲ့ အနက် အဓိပ္ပာယ် သဘာဝ ပေါ်လွင်အောင် ဟောကြားရမှာ ဖြစ်ပါတယ်။ တရားနာတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်း သမီးများ အနေနဲ့လဲဘဲ ဒီသုတ္တန်ဒေသနာတော်ရဲ့ သဘာဝ အဓိပ္ပာယ်တွေကို ပိုင်ပိုင်နိုင်နိုင် သိနိုင်ဘို့ အတွက် အခြေခံဟာ တော်တော်ကလေးကို ရှင်းပြီးတော့နေမှ ဒီသုတ္တန်ဒေ သနာတော်ရဲ့ သဘာဝအဓိပ္ပာယ်တွေကို ပိုင်ပိုင်နိုင်နိုင် နားလည်နိုင်မှာ ဖြစ်ပါ တယ်။အဲဒါကြောင့် သုတ္တန်ဒေသနာတော်ကို ဟောကြားတဲ့အခါမှာ သဘော ပေါက်အောင် သုတ္တန်ရဲ့ ဆိုလိုရင်း အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်

သားသားရှိအောင် ဟောတဲ့ပုဂ္ဂိုလ်ကလဲဘဲ ကြိုးစားပြီးတော့ ဟောပါ့မယ်။ နာတဲ့ပုဂ္ဂိုလ်များကလဲဘဲ ဒီသုတ္တန်ကို ဂရုစိုက်ပြီးတော့ လေးလေး နက်နက် နာကြားစေလိုပါတယ်။ အင်မတန် ခက်ခဲတဲ့ သုတ္တန်ကြီး ဖြစ်ပါတယ်။

ဒါလောက် ခက်ခဲပြီးတော့ ဒါလောက် နက်နဲတဲ့ သုတ္တန်ကြီးကို အမျိုးကောင်းသားများ၊ သမီးများအတွက် ဟောတော့ နာတော့မယ်လို့ဆိုယင် အခြေခံက ဘယ်လောက်ရှိထားရမလဲလို့ဆိုတော့ ဘုန်းကြီးတို့ စာပေနယ်မှာ လာတဲ့ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းလို့ဆိုတာ ရှိပါတယ်၊ လက်သန်း အဋ္ဌကထာလို့လဲ ခေါ်ပါတယ်။ အမျိုးကောင်းသားများ၊သမီးများ နားလယ်တဲ့အတိုင်း ဆိုယင်တော့ သင်္ဂြိုဟ်လို့ ဆိုကြစို့။

အဘိဓမ္မာရဲ့သဘာဝတွေကို အကျဉ်းချုပ်ပြီးတော့ ထားသည်ဖြစ်သောကြောင့် အဘိဓမ္မတ္ထသင်္ဂဟ၊ အဲဒီ အဘိဓမ္မတ္ထဆိုတဲ့ စကားလုံးကို ဖြုတ်ပြီးတော့ သင်္ဂဟ=ကို သင်္ဂြိုဟ်လို့ အဲဒီလိုဘဲ ခေါ်ကြပါတယ်။ အဲဒီသင်္ဂြိုဟ်လို့ ခေါ်တဲ့ အဘိဓမ္မတ္ထသင်္ဂဟ= လက်သန်း အဋ္ဌကထာကို စိတ်ပိုင်း စေတသိက်ပိုင်း အထူးသဖြင့် လေးပိုင်းမြောက်ဖြစ်တဲ့ ဝီထိပိုင်း အဲဒါလောက်တော့ဖြင့် အခြေခံသရုပ်သကန်ကလေးကို နားလယ် သဘောပေါက်ထားယင် ပိုပြီးတော့ ဒီသုတ္တန်ရဲ့ အနက်အဓိပ္ပာယ် သဘာဝတွေ ပေါ်လွယ်နိုင်ပါတယ်။

ဘုန်းကြီးတို့ ပါဠိတော်ဟောစဉ်လို့ဆိုတော့ ပါဠိတော်နဲ့ အဋ္ဌကထာမှာ ရှိတဲ့ အဓိပ္ပာယ်ကိုတော့ စွမ်းနိုင်သမျှ သဘောပေါက်အောင် ကြိုးစားပြီးတော့ ဟောပါ့မယ်။ အမျိုးကောင်းသားများ၊ သမီးများကလဲဘဲ အင်မတန် လေးနက်တဲ့ ဒေသနာတော်ကြီးကို နာရသည်ဖြစ်သောကြောင့် ခါတိုင်း သုတ္တန်တွေကို နာသလို သဘောမထားဘဲ သတိကြီးစွာ ဂရုစိုက်ပြီးတော့ နာယူမှတ်သားစေလိုပါတယ်။

## မာလုကျပုတ္တသုတ္တန် ခေါ်ရခြင်းအကြောင်း

သုတ္တန်က မာလုကျပုတ္တသုတ္တန်လို့ ဒီလိုခေါ်ပါတယ်။ ဒီသုတ္တန် ဒေသနာတော်ကို နာမည်မှည့်ရခြင်းရဲ့ အကြောင်းက မာလုကျပုတ္တမထေရ်ကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ဟောကြားတော်မူတဲ့ သုတ္တန် ဖြစ်သောကြောင့် မာလုကျပုတ္တသုတ္တန်လို့ ဒီလို ခေါ်ပါတယ်။ ဒီမထေရ်ကိုလဲ ဘာပြုလို့ မာလုကျပုတ္တလို့ ခေါ်သလဲလို့ဆိုတော့ သာရီပုဏ္ဏေးမကြီးရဲ့သားကို သာရိပုတ္တလို့ ခေါ်သလို ပုဏ္ဏေးမကြီး မာလုကျာ၏သားဖြစ်သောကြောင့် မာလုကျပုတ္တ၊ တခြားအမည်ကတော့ ဒေသနာတော်မှာ မတွေ့ရှားဘူး။ မာလုကျာ အမည်ရှိသော ပုဏ္ဏေးမကြီးရဲ့ သားဖြစ်သောကြောင့် ဒီမထေရ်ကို မာလုကျပုတ္တ မထေရ်လို့ဘဲ သာသနာတော်မှာ ဒီလို တွင်ရစ်ပါတယ်။

မာလုကျာပုဏ္ဏေးမကြီးရဲ့ သားဖြစ်သော မထေရ်ကို အကြောင်းပြု၍ ဟောကြားတဲ့ သုတ္တန်ဖြစ်သောကြောင့် မာလုကျပုတ္တသုတ္တန်လို့ ဒီလို ခေါ်ပါတယ်။ သုတ္တန် ဒေသနာတော်က ပါဠိတော်မှာ ဘယ်လိုပြထားသလဲဆိုတော့— တခြားတပါးသော သုတ္တန်တွေလို "ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ-"စသည်ဖြင့် ဒီလို သုတ္တန်နိဒါန်း မစဘူး။ "အထ ခေါ"ကဘဲ သုတ္တန်က စတယ်။ အဲဒီလို အထ ခေါ က စတဲ့ သုတ္တန်မှန်သမျှဟာ များသောအားဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်မှာ ဟောကြားတော်မူတဲ့ သုတ္တန်တွေလို့ ဒီလိုအသိအမှတ်ပြုရပါတယ်။ ဒါကြောင့် ဒီ သုတ္တန် ဒေသနာတော်ကို သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် အခါမှာ မာလုကျပုတ္တ မထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါတယ်လို့ဘဲ ဒီလို ခန့်မှန်းရပါတယ်။ သုတ္တန်က—

မာလုကျပုတ္တမထေရ်၏ အတ္တုပ္ပတ္တိအကျဉ်း

"အထ ခေါ အာယသ္မာ မာလုကျပုတ္တော ယေန ဘဂဝါ တေနုပသင်္ကမိ"

အထ ခေါ၊ ထိုအခါ၌။ အာယသ္မာ မာလုကျပုတ္တော၊ အရှင်မာလုကျပုတ္တ မထေရ်သည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထို သဗ္ဗညုရှင်တော်ဘုရား ရှိတော်မူရာ အရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ရောက်ရှိ၍ လာ၏။

မာလုကျပုတ္တထေရဂါထာအဋ္ဌကထာက အဲဒီ မာလုကျပုတ္တမထေရ်ဟာတဲ့—

"အယမ္ပိ ပုရိမဗုဒ္ဓေသု ကတာဓိကာရော တတ္ထ တတ္ထ ဘဝေ ပုညာနိ ဥပစိနိတွာ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ သာဝတ္ထိယံ ကောသလရညော အဂ္ဂါသနိကဿ ပုတ္တော ဟုတွာ နိဗ္ဗတ္တိ"(ထေရဂါထာ၊ဋ္ဌ၊ဒု၊၉၄-နှာ)

ဒီ မာလုကျပုတ္တမထေရ်ဟာ လွန်လေပြီးသော အခါက ပွင့်တော်မူခဲ့တဲ့ ရှေးရှေးဘုရားရှင်တို့အထံမှာ ပြုအပ်ပြီးတဲ့ ကုသိုလ် အထူးရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်တဲ့။ ဖြစ်တိုင်းဖြစ်တိုင်းသော နောက်ဘဝတွေမှာလဲဘဲ ကောင်းမှုကုသိုလ်တွေကို ဆည်းပူးပြီးတော့ လာခဲ့ပါတယ်။ ယခု ဂေါတမမြတ်စွာဘုရား ပွင့်တော်မူတဲ့ အခါကျတော့ သာဝတ္ထိပြည် ကောသလမင်းကြီးရဲ့ အဦးအမြတ် နေရာပေးခံရတဲ့ ပုဏ္ဏားကြီး၏သား လာပြီးတော့ ဖြစ်ပါတယ်။

"တဿ မာတာ မာလုကျာ နာမ၊တဿာ ဝသေန မာလုကျပုတ္တော တွေဝ ပညာယိတ္ထ"—တဲ့ ထေရဂါထာ အဋ္ဌကထာ က။

တဿ၊ ထိုသူငယ်၏။ မာတာ၊ မိခင်သည်။ မာလုကျာနာမ၊ မာလုကျာ ဟု အမည်ရှိ၏။ တဿာဝသေန၊ ထိုမိခင်ပုဏ္ဏေးမ မာလုကျာ၏ အမည်၏ အစွမ်း အားဖြင့်။မာလုကျပုတ္တောတွေဝ၊ မာလုကျပုတ္တဟူသော အမည်သည်သာလျှင်။ ပညာယိတ္ထ၊ ထင်ရှား၏ တဲ့— အဋ္ဌကထာက။

မာလုကျာ အမည်ရှိသော ပုဏ္ဏေးမကြီးရဲ့ဝမ်းမှာ ဘဝပဋိသန္ဓေနေလို့ မီးရှူး သန့်စင် ဖွားမြင်ပြီးတဲ့နောက် အရွယ်ရောက်ကတည်းက ကာမဂုဏ်ငါးပါးကို သူက စက်ဆုပ်ရွံရှာပြီးတော့နေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ သူ့စိတ်ထဲမှာ ကာမဂုဏ် ငါးပါးမှ လွတ်မြောက်မှုကို လိုလားနေတယ်၊ တောင့်လဲ တောင့်တနေတယ်၊ ရှာလဲ ရှာမှီးနေတယ်။ အရွယ်ရောက်လာတဲ့ အခါကျတော့ အိမ်ရာထောင်မှုကို စွန့်ပယ်ပြီးတော့ ပရိဗိုဇ်ရဟန်း ပြုတယ်။အဲဒီ ပရိဗိုဇ်တို့ရဲ့ ထံမှာ ပရိဗိုဇ်အကျင့်ကို ကျင့်နေ ယင်းက ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုရှင်တော်မြတ်ဘုရားထံ ရောက်ရှိလာပြီးတော့ မြတ်စွာဘုရားသခင်ရဲ့ တရားတော်ကို နာကြားရတဲ့ အတွက် မြတ်စွာဘုရားထံမှာ ရဟန်းပြုလုပ်နေပါတယ်။ ရဟန်းပြုပြီးနောက် ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်တဲ့အခါမှာ မကြာခင်မှာဘဲ မာလုကျပုတ္တသည် အဘိညာဉ်ခြောက်ပါးကို ရရှိပါတယ်လို့ အဋ္ဌကထာက—

"သတ္ထု သန္တိကေ ဓမ္မံ သုတွာ သာသနေ ပဋိလဒ္ဓသဒ္ဓေါ ပဗ္ဗဇိတွာ ဝိပဿနာယ ကမ္မံ ကရောန္တော န စိရဿေဝ ဆဠဘိညော အဟောသိ"လို့—

ထေရဂါထာ အဋ္ဌကထာက အဲဒါလောက် ညွှန်ပြတယ်။ အဲဒါကို—

"အထ ခေါ အာယသ္မာ မာလုကျပုတ္တော ယေန ဘဂဝါ တေနုပသင်္ကမိ"

အထ ခေါ၊ ထိုအခါ၌။ အယသ္မာ မာလုကျပုတ္တော၊ အရှင်မာလုကျပုတ္တ မထေရ်သည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ ဘုန်းတော်ရောင်ဝန်း ထွန်း လင်းတောက်ပတော်မူသော သဗ္ဗညုရှင်တော်မြတ်ဘုရားသည်။ အဿ၊ ရှိတော် မူ၏။ တေန၊ ထို ဘုရားရှင်ကိုယ်တော်မြတ် ရှိတော်မူရာအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ရောက်ရှိ၍ လာ၏။

ပရိဗိုဇ်ရဟန်းအဖြစ်နဲ့ဘဲ မြတ်စွာဘုရားထံကို ချဉ်းကပ်ရောက်ရှိ လာပါ တယ်လို့ ထေရဂါထာ အဋ္ဌကထာရဲ့ အဓိပ္ပာယ် ဒီလို သက်ရောက်ပါတယ်။

"ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ"

ဥပသင်္ကမိတွာ၊ ဘုရားရှင်ကိုယ်တော်မြတ်ထံမှောက်သို့ ချဉ်းကပ် ရောက်ရှိပြီး၍။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားကို။အဘိဝါဒေတွာ၊ ပဉ္စပတိဋ္ဌိတ*နည်းအရဖြင့် ကျကျနန ရှိခိုးပြီး၍။ ဝါ၊ အဘိဝါဒေတွာ၊ "သုခီ ဟောတု"ဆိုတဲ့ မင်္ဂလာစကားကို ရှင်တော်မြတ်ဘုရား ပြောကြားပြီးဆုံးစေပြီး၍။ ဧကမန္တံ၊ အပြစ်လွတ်လောက်သော သင့်တင့်လျောက်ပတ်ရာနေရာ၌။ နိသီဒိ၊ ထိုင်၏။

မာလုကျပုတ္တ မထေရ် မြတ်စွာဘုရားထံ ရောက်ရှိသွားပါတယ်။

"ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ မာလုကျပုတ္တော ဘဂဝန္တံ ဧတဒဝေါစ"

ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။ နိသိန္နော၊ နေပြီးသည်သာဖြစ်သော။ အာယသ္မာ မာလုကျပုတ္တော၊ အရှင် မာလုကျပုတ္တ မထေရ်သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုရှင်တော်မြတ်ဘုရားကို။ ဧတံ ဝစနံ၊ ယခုဆက်ပြီးတော့ ပြောကြားလတ္တံ့ဖြစ်တဲ့ စကားကို။ အဝေါစ၊ ရှေနားတော် ကြားအောင် လျှောက်ထား လိုက်ပါပေသတည်း။

သာဓု–သာဓု–သာဓု။

---

* ပဉ္စပတိဋ္ဌိတ=ထိခြင်းငါးပါးဟူသည်—ပုဆစ်၊ ဒူး၂-ဖက်၊တတောင်ဆစ်နှင့်တကွလက်ဖဝါး၂-ဖက်နှင့် နဖူး။ ဤငါးမျိုးဖြင့် အခင်းကြမ်းပြင်၊ သို့မဟုတ် မြေပြင်၌ ထိ၍ရှိခိုးခြင်းကို ဆိုလိုသည်။

ယင်း ပဉ္စပတိဋ္ဌိတနှင့်ပတ်သက်၍ ဤပုဒ်ပါရှိသော အဋ္ဌကထာများ တည်ခြင်းငါးပါး ယူဆဖွင့်ဆိုကြပုံများကို လေ့လာကြံဆ သိရှိလိုကြသော ပါဠိပညာရှင်များသည် (၁) သီလက္ခန်အဋ္ဌကထာ။ ၁၃၃၊ ၂၁၁-၂။ (၂) ဝင်းပခုက္ကူနိဿယ။ (၃) ထေရဂါထာအဋ္ဌကထာ။ ၁၁၀။ (၄) သီလက္ခန်ဋီကာသစ်၊ ဒု၊ ၁၈။ (၅) ပဋ္ဌိသမ္ဘိဒါမဂ္ဂဂဏ္ဌိ။ (၆) တေမိဇာတ်အဋ္ဌကထာ၊ ၂၂။ (၇) ပါရာဇိကဏ်အဋ္ဌကထာ၊ ၁၄၃။ (၈) သာရတ္ထ၊ တ၊ ၄၃။ (၉) အဋ္ဌကနိပါတ်၊ အာဒိတ္တဇာတ်အဋ္ဌကထာ၊ ၄၄၆။(၁၀) ဝိနယာလင်္ကာရဋီကာ၊ ဒု၊ ၃၆၇၊ ၃၇၀-စသည်တို့၌ ကြည့်ရှုကြကုန်။

## ဝန်ခံချက် ငါးမျိုးဖြင့် တရားတောင်းခြင်း

မာလုကျပုတ္တမထေရ် မြတ်စွာဘုရားကို လျှောက်တယ်။ ဘယ်လိုလျှောက်တုန်း—

"သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု"တဲ့။

ဒီလို တောင်းပန်စကားတင် ရပ်မနေဘူး၊ ဝန်ခံစကားကိုလဲ ဆက်ပြီးတော့ လျှောက်ထားသေးတယ်။ ဘယ်လို ဝန်ခံစကား လျှောက်ထားသလဲ—

"ယမဟံ ဘဂဝတော ဓမ္မံ သုတွာ ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျန္တိ"

ဒါ မာလုကျပုတ္တမထေရ် တရားတောင်းပန်တဲ့ ဝန်ခံစကား။ ဆက်ပြီးတော့ အဲဒီလို လျှောက်တယ်။

အဟံ၊ ဘုရားတပည့်တော်သည်။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး သခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်၏။ ဒေသိတံ၊ ပြောကြားပြသ ဆိုဆုံးမတော်မူအပ်သော။ယံ ဓမ္မံ၊ အကြင်တရားတော်မြတ်ကို။ သုတွာ၊ နာပြီး၍။ ဧကော၊ အဖော်မမှီး တယောက်ထည်းတည်း။ (ကေစာရီ–တချက်) ဝူပကဋ္ဌော၊ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်သည်ဖြစ်၍။ အပ္ပမတ္တော၊ ဟောကြားတော်မူတဲ့ တရားကိုလို့လမပေါ့ မမေ့မလျော့သော အပ္ပမာဒ သတိတရားကို လက်ကိုင်ထားလျက်။ အာတာပီ၊ ကိလေသာ အစိုဓာတ်တွေကို ခန်းခြောက်စေတတ်သော ထက်သန်သော လုံ့လ သမ္မပ္ပဓာန် ဝီရိယရှိသည်ဖြစ်၍။ ပဟိတတ္တော၊ ကာမဂုဏ် အာရုံတွေ ရှိရာဘက်ကို စိတ်ကူးမလှည့်တော့ဘဲ နိဗ္ဗာန်ပရမတ်သို့ သာလျှင် စေလွှတ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟရေယျံ၊ တရားအားထုတ်၍ နေလိုပါ၏ မြတ်စွာဘုရား။

ဟော—ဝန်ခံစကား။ အားသုံး ပြန်ပေါင်းလိုက်တော့ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်ကို တိုတို ကျဉ်းကျဉ်းနဲ့ လိုရင်းတရားတပုဒ် ဟောပေးတော်မူပါ။ ရှင်တော်ဟောကြား မြတ်တရားကို နာပြီးတာနဲ့ တပြိုင်နက်ထဲ ဘုရားတပည့်တော်သည် အဖော်မမှီး တယောက်ထီးတည်း ကေစာရီ ကျင့်သုံးပါ့မယ်ဘုရား၊ ဝန်ခံတဲ့စကား။ တရားနာတဲ့ ပုဂ္ဂိုလ် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ ဝန်ခံရမယ့် ဝန်ခံချက်။

ဧကော– အဖော်မမှီး တယောက်ထီးတည်း ကေစာရီ နေပါ့မယ်ဘုရား။ ဘုန်းကြီးတို့ ပရိသတ်တွေ နေမလား။(မနေပါဘူးဘုရား)ဘုန်းကြီး မေးစမ်းပါရစေ။ တရားနာပြီးတော့ ဧကော– အဖော်မမှီး တယောက်ထီးတည်း ကေစာရီ နေပါ့မယ်ဘုရားလို့ ဝန်ခံနိုင်ပါ့မလား။ (ဝန်မခံနိုင်ပါဘူး ဘုရား) တရားတော့ သိပ်နာချင်ကြတာဘဲ၊ဘာမှ သူတို့ဘက်က ဝန်ခံတဲ့ စကားမရှိဘူး။

ဝူပကဋ္ဌော၊ * ဆိပ်ငြိမ်ရာသို့ ချဉ်းကပ်၍။ ဝိဟာရေယျံ၊ နေပါမယ် ဘုရား။ ရှင်တော်ဘုရား မြတ်တရားကို နာပြီးတာနဲ့တပြိုင်နက်ထဲ ဝိဝိတ္တ-သေနာသနလို့ ခေါ်တဲ့ ဆိတ်ငြိမ်ရာနေရာကို သွားပြီးတော့ တရားအားထုတ်ပါ့မယ်ဘုရား။ ဒီလိုဆိုလိုတာ။ အဲဒီ ဝန်ခံချက်ဟာ ဘုန်းကြီးတို့ ပရိသတ် ဝန်ခံနိုင်ပါ့မလား။ ဒါလဲ ဝန်မခံနိုင်ဘူး။

အပ္ပမတ္တော၊ * ရှင်တော်ဘုရား မြတ်တရားကို လုံ့လမပေါ့ မမေ့ မလျော့ဘဲ အပ္ပမာဒ ခေါ်တဲ့ သတိတရားကို လက်ကိုင်ထား၍။ ဝိဟာရေယျံ၊

---

* ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်သည် ဆိုရာဝယ်

(က) ဝတ္ထုကာမ ကိလေသာကာမတို့မှ ကိုယ်ရော စိတ်ပါ ဖယ်ခွာပြီး ဆိတ်ငြိမ်ရာသို့ ကပ်ခြင်းဟု ရင်း၊

(ခ) တကိုယ်တည်း လွတ်လွတ် ကျွတ်ကျွတ် ဆိတ်ငြိမ်ရာ၌ တည်နေသည်ဟုရင်း၊

(ဂ) အသံကင်း၍ တိတ်ဆိတ်သော နေရာ၌ တည်သည်ဟု ရင်း၊

(ဃ) အပေါင်း(အများစု)မှ ကိုယ်ဖြင့်ရင်း၊ ကိလေသာ အာရုံတို့မှ စိတ်ဖြင့်ရင်း ဖယ်ခွာပြီးလျှင် ဆိတ်ငြိမ်ရာ အရပ်၌ တည်သည် ဝေးဝေးနေသည်ဟု ရင်း၊

(င) အပေါင်းအစုမှ တသီး တခြားဖြစ်၍ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်ခြင်းဟုရင်း၊ အဋ္ဌကထာများ၌ ဖွင့်ဆိုထားသည်။

(က) ဝူပကဋ္ဌောတိ ဝတ္ထုကာမ ကိလေသာကာမေဟိ ကာယေန စေဝ စိတ္တေန စ ဝူပကဋ္ဌော။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၉၉။ (ခ) ကာယေန ဝူပကဋ္ဌော နိဿဋော။ သံ၊ ဋ္ဌ၊ ၁၊ ၁၀၇။ (ဂ) ဝိဝေကဋ္ဌော နိဿဒ္ဒေါ။ သံ၊ ဋ္ဌ၊ ၂၊ ၁၉၆။ (ဃ) ကာယေန ဂဏတော စိတ္တေန ကိလေသေဟိ ဝူပကဋ္ဌော ဝိဝေကဋ္ဌော နိဿဋော။ အံ၊ ဋ္ဌ၊ ၃၊ ၁၉၀။ (င) ဂဏမှာ မဟာဘာ ဘိက္ခု သမုဟာဘော ဝူပကဋ္ဌော ဝိသုံ ဘူတော ဝိဝေကံ ဥပာဂတော။ အပ၊ ဋ္ဌ၊ ၂၊ ၁၁။

* အပ္ပမတ္တသ ပုဒ်၏ အဋ္ဌကထာ ဋီကာဖွင့်ဆိုချက်များမှာ

သတိယာ အဝိပ္ပဝါသေန အပ္ပမတ္တသ။ ဝိ၊ ဋ္ဌ၊ ၁၊ ၁၃၁၊ မ၊ ဋ္ဌ၊ ၁၊ ၁၃၀။
အပ္ပမတ္တော တိ ကမ္မဋ္ဌာနေ သတိံ အဝိဇဟန္တော။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၉၉။
အပ္ပမတ္တော တိ ကမ္မဋ္ဌာနေ သတိံ အဝိဇဟနေန။ မ၊ ဋ္ဌ၊ ၁၊ ၁၀၄။
အပ္ပမတ္တော သတိယာ အဝိပ္ပဝါသေ ဌိတော။ သံ၊ ဋ္ဌ၊ ၁၀၇။
အပ္ပမတ္တော သတိယာ အဝိပ္ပဝသန္တော။ သံ၊ ဋ္ဌ၊ ၂၊ ၁၉၆။
အပ္ပမတ္တော သတိ အဝိပ္ပဝါသေ ဌိတော။ အံ၊ ဋ္ဌ၊ ၃၊ ၁၉၀။
ကမ္မဋ္ဌာနေ သတိံ အဝိဇဟိတွာ ဌိတော။ အံ၊ ဋီ၊ ၃၊ ၁၉၉။
တာဒိသဿ သီလဝိသောဓနေ အပ္ပမာဒေါ အဓုတ္တသိဒ္ဓေါတိ အာဟ "ကမ္မ-ဋ္ဌာနေ သတိံ အဝိဇဟန္တော"တိ။ ဒီ၊ ဋီ၊ ၁၊ ၃၅၉။

ဤ အဋ္ဌကထာ ဋီကာများအရ အပ္ပမတ္တသ၊ ကမ္မဋ္ဌာန်းအာရုံ၌ သတိကို မစွန့်မခွာဘဲ သတိနှင့် မကွေမကွာ တည်နေသည်ဟု ဆိုလို၏။

နေပါ့မယ်ဘုရား။ ဒါကိုကော ဝန်ခံနိုင်ပါ့မလား။ (ဝန်မခံနိုင်ပါဘူးဘုရား) အခုနကတော့ ကျယ်ကျယ် ကျယ်ကျယ်နဲ့ စကားပြောကြတယ်၊ အခု မေး တော့ တလုံးမှ မပြောဘူး။ ဝန်ခံနိုင်ပါ့မလားကွဲ့။ (မခံနိုင်ပါဘူးဘုရား)

အာတာပီ၊* ထက်သန်သော အာတပ လို့လ ဝီရိယရှိသည် ဖြစ်၍။ ဝိဟရေယျံ၊ မပြတ်မလပ် ဒလစပ် အားထုတ်၍ နေပါ့မယ်ဘုရား။ မာလုကျပုတ္တ မထေရ်က ဝန်ခံတယ်–ဒီ အတိုင်း။

ပဟိတတ္တော၊ * ရှင်တော်ဟောကြား မြတ်တရားကို နာကြားပြီးတာနဲ့ တပြိုင်နက်ထဲ ဝတ္ထုအာရုံ ကာမဂုဏ်တွေ ရှိရာဘက်သို့ စိတ်ကူးမလှည့်တော့ဘဲ။ ဝါ၊ မျက်နှာမလှည့်တော့ဘဲ ကမ္မဋ္ဌာန်းတရား အားထုတ်ရာဘက်ကိုသာလျှင် စိတ်ကူးလှည့်သည်ဖြစ်၍။ ဝါ၊ မျက်နှာလှည့်သည်ဖြစ်၍။ ဝိဟရေယျံ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ချအောင် သွားပါတော့မယ်ဘုရား။

မာလုကျပုတ္တ မထေရ် ဘယ်နှစ်ချက် ဝန်ခံသလဲ။ (ငါးချက် ဝန်ခံပါတယ်ဘုရား) ငါးချက်။ ငါးချက် ဝန်ခံတယ်နော်။ (မှန်ပါ) အဲဒီ ဝန်ခံစကား ငါးချက်ကို မာလုကျပုတ္တ မထေရ်က—"ဘုန်းတော်ကြီးတော်မူသော ရှင်တော်

---

* အာတာပီ၏ အဓိပ္ပာယ်မှာ ကိုယ်ရောစိတ်ပါ ထက်သန်စွာဖြင့် လို့လဝီရိယနှင့် အားထုတ်ခြင်းရှိသည်ကို ဆိုလို၏။

အာတာပီတိ ကာယိကစေတသိကသင်္ခါတေန ဝီရိယာတာပေန အာတာပီ။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၉၉။ အာတာပီတိ ဝီရိယာတာပေန သမန္နာဂတော၊ သံ၊ ဋ္ဌ၊ ၁၊ ၁၀၇။ အာတာပီတိ ဝီရိယသမ္ပန္နော၊ သံ၊ ဋ္ဌ၊ ၂၊ ၁၉၆။

* ပဟိတတ္တော-၏ အနက်အဓိပ္ပာယ်မှာ မဂ်တရား ဖိုလ်တရားကို ရခြင်းငှါ ခန္ဓာကိုယ်နှင့်အသက်ကို မငဲ့ကွက်ပဲ အတ္တဘောကို စွန့်လွှတ်၍ နိဗ္ဗာန်သို့ စေလွှတ်ထားသော-ညွှတ်သော-ကိုင်းသော-ရှိုင်းသောစိတ်ရှိသည်ဟု ဆိုလိုသည်။ သို့ဖြစ်၍ ဝတ္ထုအာရုံ ကာမဂုဏ်တွေရှိရာဘက်ကို စိတ်ကူးမလှည့်တော့ဘဲ စသည်ဖြင့် ဆရာတော် အဓိပ္ပာယ်ဖွင့် ဟောကြားခြင်းဖြစ်သည်။

ပဟိတတ္တောတိ ကာယေ စ ဇီဝိတေ စ အနပေက္ခတာယ ပေသိတစိတ္တော ဝိဿဋ္ဌအတ္တဘာဝေါ။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၉၉။

ကာယေ စ ဇီဝိတေ စ အနပေက္ခတာယ ပဟိတတ္တဿ၊ ပေသိတတ္တဿာတိ အတ္ထော။ မ၊ ဋ္ဌ၊ ၁၊ ၁၃၀။

ပဟိတတ္တောတိ ပေသိတတ္တော။ သံ၊ ဋ္ဌ၊ ၁၊ ၁၀၇။ အံ၊ ဋ္ဌ၊ ၃၊ ၁၉၀။

ပဟိတတ္တော ဝိဟရေယျန္တိ ဝိသဿဋ္ဌမဂ္ဂေန ပေသိတတ္တော ဟုတွာ ဝိဟရေယျံ။ သံ၊ ဋ္ဌ၊ ၂၊ ၁၉၆။

ပေသိတစိတ္တောတိ နိဗ္ဗာနံ ပေသိတစိတ္တော တံ နိန္နော တပ္ပောဏော တပ္ပဗ္ဘာရော။ ဒီ၊ ဋီ၊ ၁၊ ၃၅၉။

ပေသိတတ္တောတိ ကာယေ စ ဇီဝိတေ စ အနပေက္ခတာယ နိဗ္ဗာနံ ပေသိတစိတ္တော တန္နိန္နော တပ္ပောဏော တပ္ပဗ္ဘာရော။ အံ၊ ဋီ၊ ၃၊ ၁၉၉။

မြတ်ဘုရား၊ ကိုယ်တော်မြတ်ကသာ ဘုရားတပည့်တော်ကို တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းတရားတပုဒ် ဟောပေးတော်မူပါ။ ဘုရားတပည့်တော်က ယခုလျှောက်ထားခဲ့တဲ့ ဝန်ခံချက် ငါးချက်နဲ့ ပြည့်စုံအောင် ဘုရားတပည့်တော် ကြိုးကုတ်အားထုတ်၍ နေပါ့မယ်ဘုရား လို့ ဝန်ခံပါတယ်''။ ဟောပေးချင်စရာ မကောင်းဘူးလားကွဲ့။ (ကောင်းပါတယ်ဘုရား) နို့ ဘုန်းကြီးတို့ မုံရွာမြို့က အမျိုးကောင်းသားတွေ၊ သမီးတွေက အဲဒီလို ဝန်ခံချက် ငါးချက်ထဲက ဘယ်နှစ်ချက် ဝန်ခံစကား လျှောက်ထားကြမလဲ။ (မလျှောက်ထား နိုင်ပါဘူး ဘုရား) မောင်တင်အောင်တို့၊ မောင်အုန်းကြည်တို့၊ ဒေါက်တာ မောင်ငွေး မောင်တို့က ဘယ်နှစ်ချက် ဝန်ခံကြမှာတုန်းကွဲ့။ (တချက်မှ ဝန်မခံနိုင် ပါဘူး ဘုရား)တချက်မှ ဝန်မခံနိုင်လျှင် ဒီ ပုဂ္ဂိုလ်တွေကို တရားဟော ပေးချင်စရာ ကောင်းသေးလားကွဲ့။ (မကောင်းပါဘူးဘုရား) (ကောင်းပါတယ် ဘုရား) ဟင်–တချက်မှ ဝန်မခံနိုင်ဘူးတဲ့။

မာလုကျပုတ္တ မထေရ်ကြီးကတော့–ဒီ ကိုယ်တော်ကြီး အသက် ဘယ် လောက်ရှိပြီလဲဆိုယင် ရွှေ သုတ္တန်ပိုင်းကျတော့ သူ့အသက် ထင်ရှားပေါ်လာ လိမ့်မယ်။ ဒီငါးချက်ကို ဘုန်းကြီးတို့ မုံရွာမြို့ အမျိုးကောင်းသားများ၊ သမီး များ ပြည့်စုံလုံလောက်အောင် ကိုအုန်းကြည်တို့ လူစုက တချက်မှ ဝန်မခံနိုင်ဘူး ဆိုတော့ ဟောပေးချင်စရာ ကောင်းသေးလားကွယ်။(ကောင်းပါတယ် ဘုရား) မာလုကျပုတ္တ မထေရ်ကြီးကတော့ဖြင့် ဝန်ခံချက် ငါးချက်ကို ရှင်တော်မြတ် ဘုရားထံမှာ ဝန်ခံထားတော့ တရားဟောပေးရမယ့် သဗ္ဗညုရှင်တော်မြတ် ဘုရားအဖို့ ဟောမပေးချင်ဘဲ နေပါ့မလားကွဲ့။ (မနေပါဘူးဘုရား) ဟော ပေးချင်စရာနေဘ်။ (မှန်ပါ)

**တယောက်တည်း နေတတ်အောင် နေထိုင်နည်း**

ဒီ နေရာမှာ ဧကော ဆိုတဲ့စကားလုံးလေးရဲ့ အဓိပ္ပာယ်ကို နဲနဲလေး ပြောပါ ရစေ။ ပဌမဝန်ခံချက်။ ဧကော=တယောက်ထဲဆိုတာ အခု ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ တရားလာပြီးတော့ အားထုတ်ကြတယ်။ တယောက်ထဲလား၊ အများကြီးလား။ (အများကြီးပါ ဘုရား) ဧကောနဲ့ ကိုက် သေးရဲ့လား။ (မကိုက်ပါဘူး ဘုရား) ကိုက်အောင် ဒီလိုလုပ်မယ်။ ဧကော တယောက်ထဲဆိုတာ သုတ္တနိပါတ်အဋ္ဌကထာနဲ့ နိဒ္ဒေသ အဋ္ဌကထာများမှာ—

''ပဗ္ဗဇ္ဇာသင်္ခါတေန ဧကော ၁''

ပဗ္ဗဇ္ဇာသင်္ခါတေန၊ ပဗ္ဗဇ္ဇာဟူသော စာရင်းကို ဝင်ပြီးသော့ ပဗ္ဗဇ္ဇာလို့ ခေါ် ရသဖြင့်။ ဧကော၊ တယောက်တည်း မည်၏။

၁။ သုတ္တနိ၊ဋ္ဌ၊ ၁၊ ၅၇။ စူဠနိ၊ဋ္ဌ၊ ၀၀။

တထောင်နဲ့ နေပစေတော့ ပဗ္ဗဇ္ဇာသင်္ခါတ စာရင်းသာ ဝင်ပယ်ဆိုယင် အဲဒါ ကောလို့ ခေါ်ရတယ်တဲ့။

"သဗ္ဗသဟဿာပိ ဟိ ပဗ္ဗဇ္ဇေ ဝတ္တမာနော ဂိဟိသညော-
ဇနဿ ဆိန္နတ္တာ ကော ၁"

ရဟန်းတထောင်တို့၏အလယ်မှာ ယခုလို တရားနာပြီး တရားအလုပ် အကျင့်တွေကို ကျင့်နေမယ်ဆိုယင်တဲ့ လူတို့ရဲ့ ဖွဲ့စည်း အိုးအိမ် သားသမီးတွေ သံယောဇဉ်တွေကို ချိုးဖျက်တတ်သောကြောင့် ကော မည်တယ်တဲ့။ ဟုတ်လား။(မှန်ပါဘုရား) နောက်တနည်းက—

"တဏှာ ပဟာနဋ္ဌေန ကော ၁"

တဏှာကို ပယ်တတ်သော အနက်ကြောင့် ကော လို့ ခေါ်ရတယ်-တဲ့။

ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို စွန့်ခွါ၍ နေနိုင်တဲ့ပုဂ္ဂိုလ်ကို ကောလို့ ခေါ်ရတယ်။ အဲဒီ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ပယ်စွန့်ထားတဲ့ ပုဂ္ဂိုလ်ကို ပဗ္ဗဇ္ဇာလို့ ခေါ်ရတယ်။အဲဒီလို စွန့်နိုင်လို့ ပဗ္ဗဇ္ဇာပုဂ္ဂိုလ်လို့ ဆိုနိုင်ယင် တရာနဲ့နေနေ၊ တထောင်နဲ့နေနေ အဲဒီ ပုဂ္ဂိုလ်ဟာ ကောဆိုတဲ့စာရင်းထဲ ဝင်သွားတယ်။ (မှန်ပါတယ်ဘုရား)

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ အခု တရားအားထုတ်ရအောင် လာကြတာဟာ စွန့်လာခဲ့ကြတာဘဲ မဟုတ်လား။ (မှန်ပါဘုရား) ဟင်-အိုးအိမ်တွေ တိုက်တာတွေ စည်းစိမ်ဥစ္စာတွေ သားသမီး ဇနီးခင်ပွန်းတွေ့ အခြွေအရံတွေ ဒီခုနစ်ရက်အတွင်းမှာတော့ဖြင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ စွန့်မလာကြဘူးလား။ (စွန့်ခဲ့ပါတယ်ဘုရား) အဲဒီလို စွန့်လာသည်ဖြစ်သောကြောင့် ပဗ္ဗဇ္ဇလို့ သူ့ကို ခေါ်ရသည်ဖြစ်သောကြောင့် ကောတဲ့။ (မှန်ပါဘုရား) ခုနစ်ရက်တော့ဖြင့် ဒီအင်္ဂါတပါး ဝင်ခံနိုင်မလား။ မခံနိုင်သေးဘူးလားကွဲ့။ (ပင်ခံနိုင်ပါတယ် ဘုရား) အေး-အေး-အေး အေး။ အခုမှဘဲ နှံနှံ သူတို့ အသံကျယ်လာတော့တယ်။

နောက် တနည်းရှိသေးတယ်ကွဲ့ အဋ္ဌကထာများဖွင့်တာ—

"အဒုတိယဋ္ဌေန ကော"

အဒုတိယဋ္ဌေန၊ အဖော်မပါသဖြင့်။ ကော၊ ကောမည်၏။
အဖော်မပါဘူးတဲ့။ အဖော်ဆိုဘာ ဘာတုန်း။

၁။ သုတ္တနိ၊ ဋ္ဌ၊ ၁၊ ၅၇။ ရှုဋ္ဌနိ၊ ဋ္ဌ၊ ၇၇။

တဏှာ ဒုတိယော ပုရိသော၊ ဒီဃ-မဒ္ဓါနသံသရံ။
ဣတ္ထဘာဝညထာ ဘာဝံ၊ သံသာရံ နာတိဝတ္တတိ[1]။

ဒီ ဂါထာ ရှိတယ်ကွဲ—သုတ္တနိပါတ် ပါဠိတော်မှာ။

တဏှာ ဒုတိယော၊ တဏှာလျှင် အဖော်ရှိသော။ ပုရိသော၊ သတ္တဝါဖို မ ခေါ်ဆိုကြတဲ့ အမျိုးကောင်းသား၊ သမီးသည်။ ဒီဃံ၊ ရှည်မြင့်စွာသော။ အဒ္ဓါနံ၊ အခွန့်ကာလပတ်လုံး။ သံသရံ-သံသရန္တော၊ တပြောင်းပြန်ပြန် ကျင်လည်ရသည်ဖြစ်၍။ ဣတ္ထဘာဝညထာဘာဝံ၊ ယခုလည်း ဖြစ်နေဆဲ နောင်လည်း ဖြစ်လတ့်ဖြစ်သော ခန္ဓာကိုယ်အဖြစ် တည်းဟူသော။ ဝါ၊ ဤအဖြစ် ထိုအဖြစ်ဟူသော။ သံသာရံ၊ ခန္ဓာ အာယတနဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာကို။ နာတိ ဝတ္တတိ၊ မလွန်မြောက်နိုင်။

ဆိုလိုတဲ့ အဓိပ္ပာယ်က ဘာပြောသလဲလို့ဆိုတော့ အဒုတိယဌေန ကောဘ၊ အဖော်မပါသဖြင့် ကေလို့ ဆိုတာ တဏှာအဖော်မပါယင် ပရိသတ်တွေ ဘယ်လောက်အများကြီးနဲ့ လာလာ အဖော်မပါယင် အဲဒီပုဂ္ဂိုလ်ဟာ တယောက်ထဲလို့ ဆိုရမယ်တဲ့။ (မှန်ပါဘုရား) ကောဘ—ရဲ့ အဓိပ္ပာယ်။ ဒါလောက်ဆိုယင် ဘုန်းကြီးတို့ အမျိုးကောင်းသားများ၊ သမီးများ သဘောပေါက်လောက်ပါပြီ။ (ပေါက်ပါတယ်ဘုရား) ကိုယ်က အဖော်နဲ့လား၊ တယောက်ထဲလား။ (တယောက်ထဲပါဘုရား) တဏှာရှိနေသေးသရွေ့ကတော့ဖြင့် အဖော်နဲ့ကွဲ။ (မှန်ပါဘုရား) တဏှာမကုန်သရွေ့ အဖော်မကုန်သေးဘူးကွဲ။ (မှန်ပါဘုရား) အေး—ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ အခုလို တရားနှလုံးကျင့်သုံးတဲ့အခါ တရားနာနေတဲ့အခါမှာ အဲဒီတဏှာတည်းဟူသော အဖော်ကို ခွာထားသလား၊ ခွာမထားဘူးလား။ (ခွာထားပါတယ်ဘုရား)

အဒုတိယဌေန၊ တဏှာတည်းဟူသော အဖော်မပါသဖြင့်။ ကောဘ၊ တယောက်တည်းမည်၏။ မိမိတို့ဟာ မိမိတို့ စဉ်းစားကြ။

အဲဒီလို မာလုကျပုတ္တမထေရ်ကြီးက ပဗ္ဗဇ္ဇာသင်္ခါတ အဒုတိယခေါ်တဲ့ အဖော်မပါတဲ့ အနေမျိုးဖြင့် ဘုရားတပည့်တော် ဝိဟရေယျံ-တရားအားထုတ်၍ နေပါ့မယ် ဘုရားတဲ့—ဝန်ခံချက်။ (မှန်ပါ)

## ဆိတ်ငြိမ်ရာအရပ်

ဝူပကဌေဘ၊ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်သည်ဖြစ်၍။ ဝိဝိတ္တသေနာသနလို့ ဆိုတာ-အရည၊ ရုက္ခမူလ၊ ပဗ္ဗတ၊ ကန္ဒရ၊ ဂိရိဂုဟ၊ သုသာန၊ ဝနပတ္ထ၊ အဗ္ဘော-

---

၁။ အင်္ဂုတ္တိုရ် (စတုက္က) ၃၁၆။ ဣတိဝုတ်၊ ၂၀၁၊ ၂၆၈။ မဟာနိဒ္ဒေသ၊ ၃၆၂။ သုတ္တနိပါတ် ပါဠိတော်၊ ၃၉၄။ စူဠနိဒ္ဒေသပါဠိတော်၊ ၂၁၁၊ ၂၃၁၊ ၂၆၀။ သုတ္တနိပါတ်အဋ္ဌကထာ၊ ၁၆၊ ၅၇။ အဋ္ဌသာလိနီ၊ ၃၉၆။

ကာသ၊ ပလာလပုဉ္စ[၁] လို့ ဆိုတဲ့ နေရာတွေကွဲ့။ သို့သော်လဲဘဲ လူရှင်တွေနဲ့ မရောမပြွမ်းတဲ့ နေရာဌာန မှန်သမျှသည် ဝိဝိတ္တသေနာသနတဲ့ မှတ်ကြကွဲ့။

အဲဒီ ဝိဝိတ္တသေနာသန ဆိုတာ နိဒ္ဒေသအဋ္ဌကထာများက ငါးဝအာရုံ ကာမဂုဏ်တွေ ဆိတ်သုဉ်းတဲ့ မရှိတဲ့ နေရာသည် ဝိဝိတ္တသေနာသနတဲ့။ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးဘွေ ဟောဒီနေရာမှာ လာပြီးတော့ တရားအားထုတ်ကြတယ်။ ငါးဝအာရုံ ကာမဂုဏ်တို့၌ မျှော်မှန်း တောင့်တပြီးတော့ နေယင် ဒီနေရာမဆိတ်ငြိမ်ဘူးနော်။ (မှန်ပါဘုရား) ငါးဝအာရုံ ကာမဂုဏ် တရားတွေကို မလိုလား မတောင့်တဘဲနဲ့ တရားနှလုံးသာ ကျင့်သုံးနေမယ်ဆိုယင် ဟောဒီနေရာဟာ ဝိဝိတ္တသေနာသန။ (မှန်ပါဘုရား) အဲဒီ ဆိတ်ငြိမ်ရာနေရာကို ချဉ်းကပ်ပြီးတော့ ဘုရားတပည့်တော် တရားအားထုတ်၍ နေပါမယ် ဘုရား–တဲ့။

## နေရာတိုင်းမှာ လိုအပ်တာက သတိ

အပ္ပမတ္တော အပ္ပမာဒတရားလို့ ဆိုတာ သတိ။

"အပ္ပမတ္တဿ ဘိက္ခဝေ အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ။ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တိ[၂]"

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ အပ္ပမတ္တဿ၊ လုံ့လမပေါ့ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ဘဲ သတိတရား လက်ကိုင်ထားတဲ့သူအား။ အနုပ္ပန္နာ၊ မဖြစ်ပေါ်သေးကုန်သော။ ကုသလာ ဓမ္မာ စေဝ၊ ကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကြကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ပြီးကုန်သော။ အကုသလာဓမ္မာ စ၊ အကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ပျက်စီးကြကုန်၏။

ချစ်သား ချစ်သမီးတို့၊ အပ္ပမာဒ ဆိုတဲ့ သတိတရားကို သင်ချစ်သား ချစ်သမီးတို့ လက်ကိုင်ထားမယ်ဆိုယင် သင်ချစ်သား ချစ်သမီးတို့ရဲ့ သန္တာန်မှာ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်လာမယ်။ သင်ချစ်သား ချစ်သမီးတို့ရဲ့ သန္တာန်မှာ ဖြစ်ပေါ်ပြီးသား အကုသိုလ်တရားတွေလဲ ဆုတ်ယုတ်နိုင်တယ်–တဲ့။

အဲဒါကြောင့် အပ္ပမာဒတရားကို ဘုရားတပည့်တော် လက်ကိုင်ထားသည် ဖြစ်၍- ဝိဟရေယျံ၊ တရားကြိုးကုတ် အားထုတ်၍ နေပါမယ်ဘုရား–တဲ့။

---

၁။ သီလက္ခန် ပါဠိတော်၊ ၆၇။ မဟာနိဒ္ဒေသပါဠိတော်၊ ၂၀-စသည်။ မဟာအဿပုရသုတ္တန် ပါဠိတော် ဟောစဉ် ၂၁၀၊ ၂၁၉-လည်း ရှု။

၂။ အင်္ဂုတ္တိုရ်၊ ၁၀၁၀။

## သမ္မပ္ပဓာန်လုံ့လ

အာတာပီ၊ သမ္မပ္ပဓာန် လုံ့လ ထက်သန်သော ဝီရိယရှိသည်ဖြစ်၍။ ဝီရိယမပါယင် တရားထူး မရဘူးနော်။ (မှန်ပါဘုရား) ဝီရိယဆိုတာ ဘာလဲဆိုတော့ ပေးထားချက်ဖြစ်သော ကမ္မဋ္ဌာန်းအာရုံမှ မိမိစိတ်တခြား အာရုံဆီသို့ ပြောင်းမသွားအောင် ထိန်းထားတဲ့ သဘောကို ဝီရိယလို့ ခေါ်တယ်။ (မှန်လှပါဘုရား) သမ္မာဝါယာမ မဂ္ဂင် နော်။ (မှန်ပါဘုရား) အဲဒီ ဝီရိယတရားနဲ့ ပတ်သက်လို့ တခမ်းတနား အကျယ်ဟောစရာတွေ ရှိတယ်ကွဲ နော်။ (မှန်ပါဘုရား) သမ္မပ္ပဓာန် လေးပါးဆိုတာ ဘုန်းကြီးတို့ ပရိသတ်တွေ သိတယ်။

အဲဒီ ဝီရိယတရားသာ သင်ချစ်သား ချစ်သမီးတို့ သန္တာန်မှာ ရှိနေမယ်ဆိုယင် မဖြစ်သေးတဲ့ အကုသိုလ်တွေ ဖြစ်ခွင့်မရ။ ဖြစ်ပြီးသား အကုသိုလ်တွေလဲ ပျက်စီးမယ်။ မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်လာမယ်။ ဖြစ်ပြီးသား ကုသိုလ်တွေ တိုးပွားလာမယ်လို့ ဆိုတဲ့ ဝီရိယရဲ့ အကျိုးအာနိသံသကို ကောင်းစွာ ပိုင်ပိုင် မြင်စွမ်းနိုင်တဲ့ အမျိုးကောင်း သား၊ သမီးသည် ဒီလို မြင်နေယင် ဘယ်နည်းနဲ့မှ ဝီရိယမထားဘဲ မနေနိုင်ဘူး။ မိမိစိတ်ကို ထိန်းတာ ဘယ်သူတုန်း၊ ဝီရိယ။ ကာယိကဝီရိယ၊ စေတသိကဝီရိယ၊ ဝီရိယ နှစ်မျိုး ရှိတယ်။ ( မှန်ပါဘုရား ) အဲဒါ **မေဃိယသုတ္တန် ပါဠိတော် ဟောစဉ် ဝိပဿနာရှုနည်းကျမ်း**ထဲမှာတော့ အကျယ်ဟောသားတယ်ကွဲ။ **ပါရာယနဝဂ် ပါဠိတော် ဟောစဉ် ဝိပဿနာရှုနည်းကျမ်း**မှာလဲ ဒါ အကျယ် အပြည့် အစုံ ပါပြီးသား။ *(မှန်ပါ) အဲဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ကာယိကဝီရိယ၊ စေတသိက ဝီရိယခေါ်တဲ့ ဝီရိယ နှစ်ပါး လက်ကိုင်ထားပြီးတော့ မနေမနားလျော့သော သတိတရားဖြင့် ဘုရားတပည့်တော်သည် ရှင်တော်ဟောကြား မြတ်တရားကို ကြိုးစား၍ ပွားများအားထုတ်ပါမည် ဘုရား။ ဝန်ခံတယ်–ဝီရိယ။

ပဟိတတ္တောတဲ့– ပဥ္စမ အချက်က။ ရှင်တော်ဟောကြားတဲ့ မြတ်တရားကို နာကြားပြီးတာနဲ့ တပြိုင်နက်ထဲ ဝတ္ထုအာရုံ ကာမဂုဏ်တွေရှိရာဘက်ကို စိတ်ကူးမလှည့်ဘဲ မျက်နှာပြန်မလှည့်တော့ဘဲ၊ ဝါ၊ အိုးအိမ် တိုက်တာ အခြေအရံ သားသမီးပစ္စည်းရှိရာ ကို မျက်ခွက်ပြန်မလှည့်တော့ဘဲ ကမ္မဋ္ဌာန်းအာရုံမှာသာ

---

* မေဃိယသုတ္တန် ဟောစဉ်ကျမ်း စာမျက်နှာ ၇၉-ဝီရိယခြေ စင်ကြယ်ခြင်း အကြောင်းကိုရင်း၊ နှာ ၂၂၇-နဝမပိုင်း ဝီရိယာရမ္ဘကထာ၌ရင်း၊ နှာ ၃၇၃၊ ဒသမ ပိုင်းတွင် အာရဒ္ဓ ဝီရိယနှင့်ပတ်သက်၍ ဝီရိယ အမျိုးမျိုး၊ အဓိပ္ပာယ်တို့ကိုရင်း၊ နှာ ၂၀၇ နဝမပိုင်းတွင် ဝီရိယ ပေါ့လျော့သဖြင့် ရှာန်ဘုရားမှ ဆုတ်ယုတ် ပျက်စီး သွားပုံများကို ၎င်း ဝတ္ထုသက်သေများဖြင့် ဟောကြားထားပါသည်။

ပျော်ပိုက်၍ နိဗ္ဗာန်ဘက်ကိုသာလျှင် ကိုင်းသော ရှိုင်းသော ညွတ်သောစိတ် ရှိသည်ဖြစ်၍။ ဝိဟရေယျံ၊ ကျင့်ကြံကြိုးကုတ် အားထုတ်၍ နေပါမယ်ဘုရား။

ဟောပေးတော်မူပါဘုရား။အဲဒီဝန်ခံချက် ငါးချက်နဲ့ပြည့်စုံအောင် ဘုရား တပည့်တော် ကြိုးစားပြီးတော့ အားကုတ်ပါမယ်တဲ့။ ဘုန်းကြီးတို့ ပရိသတ် တရားနာပြီးတော့ ဘယ်သွားမလဲ။ ဟင်—ကမ္မဋ္ဌာန်းအာရုံဘက်ကို စိတ်ကူး လှည့်ထားမလား၊ သို့မဟုတ်-စည်းစိမ်ဥစ္စာဘက်ကို ပြန်ပြီးတော့ မျက်ခွက်လှည့် မလား။ ဘယ်ဘက်လှည့်ကြမလဲ-ဟင်၊ (စည်းစိမ်ဥစ္စာဘက် လှည့်ကြမှာပါ ဘုရား) ကဲ-ဒီတော့ တရားဟောပေးချင်တဲ့စိတ် ဖြစ်ပါအုံးမလားကွဲ။

ဒီလောက် ဝန်ခံစကားတွေနဲ့ မာလုကျပုတ္တမထေရ်ကြီးက မြတ်စွာဘုရားကို တရားတိုတိုတပုဒ် ဟောပေးဘို့အတွက် တောင်းပန်စကား လျှောက်ထားတဲ့ အခါ သဗ္ဗညုမြတ်စွာဘုရားရှင်က မာလုကျပုတ္တမထေရ်ကြီးကို ကျိန်းလိုက် မောင်းလိုက်တာလေ၊ဒါလောက် ဝန်ခံထားတာတောင်မှ။(မှန်ပါဘုရား) အဲဒီ လို ဝန်မခံနိုင်ပါဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေဆိုယင် ဘယ့်နှယ်နေမလဲ။

## ဘုရားရှင်က မာလုကျပုတ္တအား မောင်းမဲတော်မူခြင်း

သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မာလုကျပုတ္တမထေရ်ကြီးကို ဘာ မိန့်တော်မူသလဲ၊ တရားမဟောသေးဘူးကွဲ။ အဲဒီ ခံဝန်ချက် ငါးချက်နဲ့ တောင်းပန်လျှောက်ထားတာတောင်မှ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က တရားမဟောသေးဘဲနဲ့ ဘာ မိန့်တော်မူလိုက်သလဲဆိုတော့—

> ဧတ္ထ ဒါနိ မာလုကျပုတ္တ ကိံ ဒဟရေ ဘိက္ခူ ဝက္ခာမ "ယတြ ဟိ နာမ တွံ ဘိက္ခု ဇိဏ္ဏော ဝုဒ္ဓေါ မဟလ္လကော အဒ္ဓဂတော ဝယော အနုပ္ပတ္တော သံခိတ္တေန ဩဝါဒံ ယာစသီ"တိ။ (ပါဠိတော်မှာ)

ဘိက္ခု၊ သက်ကြီးသော်မှ သာသနာ့ဝန်ထမ်း ရဟန်း ဖြစ်လာသော။ ဇိဏ္ဏော၊ ဇရာညှဉ်း၍ အိုမင်းမစွမ်းကြီးရှိနေသော။ (ဒီကိုယ်တော်ကြီး အိုပြီ ကွဲ။(မှန်ပါ) ဝုဒ္ဓေါ၊ အသက် ဒါလောက်ကြီးနေသော။ ဝါ၊ ကြီးနေကာ မှ။ မဟလ္လကော၊ အရွယ်ကြီး အိုမင်းရွတ်တွနေသော။ ဝါ၊ နေကာမှ။အဒ္ဓဂ- တော၊ ဘဝခရီးသုံးပိုင်းတွင် တတိယ ဘဝခရီးကို သွားပြီးနေသော။ ဝါ၊ နေ တော့မှ-(ဆိုတော့ အတော် ကြီးနေပြီ ဒီကိုယ်တော်ကြီး။ ပဌမ အရွယ် ဒုတိယအရွယ် တတိယအရွယ် ခရီးကို သွားနေသော။ ဝါ၊နေကာမှ။) ဝယော အနုပ္ပတ္တော၊ အရွယ်ကြီး၍ သေခါနီးကျအောင် လွန်နေသော။ ဝါ၊ နေကာမှ။ ယတြာဟိ(ယောဟိ)တွံ၊ အကြင်သင်သည်။သံခိတ္တေန၊ အကျဉ်းချုပ်အားဖြင့်။

ဩဝါဒံ၊ အဆုံးအမဖြစ်သော တရားတော်မြတ်ကို။ ယာစတိ နာမ၊ တောင်းပန်ဘိလေခြင်း။

ဟင်–မာလုကျပုတ္တကြီး၊ သင်ဟာ ဒါလောက် အိုမင်းမစွမ်းကြီးဖြစ်လို့ တကတဲ အိုကြီး အိုကာမှ၊ ကိုယ့်အရိုး ကိုယ်မသယ်နိုင်ကာမှ၊ ဘဝခရီးသုံးပိုင်းမှာ တတိယခရီးဆိုတဲ့ အရွယ်ကြီး ရောက်နေကာမှ သင်ချစ်သားနှယ်- ငါဘုရားကိုယ်တော်မြတ်ထံမှာ လာပြီးတော့ အကျဉ်းချုပ်တရား ဟောကြားပေးတော်မူပါလို့ တောင်းပန်ဘိလေခြင်း၊ ဖြစ်မှ ဖြစ်ရပလေကွယ်။ မြတ်စွာဘုရားက။

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တွေ၊ ဤအကျဉ်းချုပ်တရား ဟောကြားပေးပါလို့ဆိုတဲ့ တောင်းပန်စကားလျှောက်ထားရာ၌။ ဒဟရေ၊ ငယ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။မယံ၊ ငါဘုရားရှင်တို့သည်။ကိံ ဝက္ခာမ၊ ဘယ့်နှယ်လုပ် ဆုံးမ မလဲ၊ ချစ်သားလုပ်ပုံ။

သင်ချစ်သား လုပ်ပုံဆိုယင် ငါဘုရား ဘယ်လိုလုပ်ပြီးတော့ တပည့်ငယ်တွေ ရဟန်းငယ်တွေကို ဆုံးမ မလဲတဲ့။ သင် လုပ်ပုံမျိုးနဲ့ဆိုယင် "ဟေ ချစ်သားတို့၊ ဟောဒီ မာလုကျပုတ္တမထေရ်အိုကြီးလို အသက်အရွယ် ငယ်ရွယ်ကျန်းမာစဉ် အခါကာလတုန်းက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ မင်းတို့ ပျော်ကြ ပါးကြအုံး။ အိုမင်းမစွမ်း ရှိတော့မှ ဒီ မာလုကျပုတ္တမထေရ်ကြီးကဲ့သို့ တရားအားထုတ်ကြပါလို့" ငါဒီလိုဟောရမှာလား– မင်းလုပ်ပုံဆိုယင်။ ဘုန်းကြီးတို့ ပရိသတ်သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ် ဘုရား)

"အယံ ကိရ ဒဟရကာလေ ရူပါဒီသု ပမတ္တော ပဋ္ဌာ မဟလ္လကကာလေ အရညဝါသံ ပတ္ထေန္တော ကမ္မဋ္ဌာနံ ယာစတိ" (သံယုတ် အဋ္ဌကထာက)

ဟဲ့–မာလုကျပုတ္တ ကိုယ်တော်ကြီး၊ ဟို ကိုယ်တော်လေးတွေ အတုခိုးကုန်ကြလိမ့်မယ်- မင်းလုပ်ပုံ။ အင်း–ဟောဒီ မာလုကျပုတ္တမထေရ်ကြီးဟာ ငယ်ငယ်တုန်းက၊ ကျန်းကျန်းမာမာ အားခွန်ဗလတွေပြည့်စုံပြီးတော့ နေတဲ့အခါကာလတုန်းက သူဟာ အာရုံငါးပါး ကာမဂုဏ်တရားတွေကို တဝကြီး ခံစားပြီးလို့ အခု အသက်ကြီးလို့ အမောကြီး မောလာကာမှ ကမ္မဋ္ဌာန်းတရားအားထုတ်ချင်တယ်ဆိုပြီး မြတ်စွာဘုရားထံ လာပြီးတော့ အကျဉ်းချုပ်တရားကိုလျှောက်ထားတယ်–ဟုတ်လား။ (မှန်ပါ)

ဒါတင်မကသေးဘူး၊ အဋ္ဌကထာက ဆက်ပြီးတော့ ဖွင့်ပြသေးတယ်–မြတ်စွာဘုရားက ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့ မောင်းမဲသလဲဆိုတာကို။ ဘယ်လိုလဲ—

> အထ ဘဂဝါ "တွေ ဒဟရေ ကိံ ဝက္ခာမ၊ မာလုကျပုတ္တော ဝိယ တုမှေပိ တရုဏကာလေ ပမဇ္ဇိတွာ မဟလ္လကကာလေ အရညံ ပဝိသိတွာ သမဏဓမ္မံ ကရေယျာထာ" တိ ဣမိနာ အဓိပ္ပာယေန ဘဏန္တော ထေရံ အပသာဒေတိ နာမ။

ချစ်သားတို့လဲဘဲ မင်းတို့ ငယ်ငယ်ရွယ်ရွယ်နဲ့ တရားအားမထုတ်ကြနဲ့အုံး၊ ကာမဂုဏ်တွေနဲ့ ပျော်ပါးနေကြအုံး၊ မာလုကျပုတ္တာမထေရ်ကြီးကဲ့သို့ အသက်ကြီးကာမှ တရားအားထုတ်ကြပါလို့ ငါဘုရားက တပည့်သံဃာငယ်ကလေးတွေကို ဒီလို ဟောရတော့မှာလား–ချစ်သားလုပ်ပုံဆိုယင်။ (မှန်ပါဘုရား) အဲဒီလို အဓိပ္ပာယ်မျိုးနဲ့ ကျိန်းမောင်းတော်မူတယ်။ နာမ သဒ္ဒါယှဉ်က ဂရဟာ အနက်လဲ ဟောဘယ်၊ သမ္ဘာဝနာအနက်လဲ ဟောတာကိုကွဲ–ဘုန်းကြီးတို့ စာပေနယ်က။ အဋ္ဌကထာမှာတော့ "ထေရံ အပသာဒေတိပိ ဥဿာဒေတိပိ" လို့ ဖွင့်ထားတယ်ကွဲ့။

### ဘုရားရှင်က မာလုကျပုတ္တအား ချီးမွမ်းတော်မူခြင်း

ဒီတော့ ဒါတင်မဟုတ်ပါဘူးတဲ့၊ တနည်းပြောမယ်ဆိုယင်လဲဘဲ ဒီစာပိုဒ် (ဝါကျ) သည် မာလုကျပုတ္တ မထေရ်ကြီးကို ရှင်တော်ဘုရားက ချီးမြှောက်တော်မူတာပါတဲ့။

> "တွေ ဒဟရေ ကိံ ဝက္ခာမ၊ အယံ အမှာကံ မာလုကျပုတ္တော မဟလ္လကကာလေပိ အရညံ ပဝိသိတွာ သမဏဓမ္မံ ကတ္တုကာမော ကမ္မဋ္ဌာနံ ယာစတိ၊ တုမှေ နာမ တရုဏကာလေပိ ဝီရိယံ န ကရောထာ" တိ ဣမိနာ အဓိပ္ပာယေန ဘဏန္တော ထေရံ ဥဿာဒေတိ နာမ။

ဘယ်လို ချီးမြှောက်လဲဆိုတော့—ရဟန်းငယ်ကလေးတွေကို "ချစ်သားတို့ ကြည့်စမ်း။ ဟောဒီ မာလုကျပုတ္တာမထေရ်အိုကြီးဟာ အသက်အရွယ် ကြီးနေတာ တောင်မှ ဟော – ဟုတ်လား။ (မှန်ပါ) သမ္ဘာဝနာ အသံကတော့— "ချစ်သားတို့ကြည့်စမ်းမင်းတို့ ဘယ်လောက် အားကျဘို့ကောင်းသလဲ၊ လူငယ်လူရွယ်ကလေးတွေ ဘယ်လောက် အားကျဘို့ကောင်းသလဲ၊ အသက်အရွယ်ကြီး ဒီလောက် ကြီးနေတာတောင်မှ၊ ဒါလောက် အရွယ်ကြီးနေပြီဖြစ်ပါလျက်သားနဲ့ ဒီ အိုမင်းမစွမ်းဖြစ်တဲ့ အရွယ်ကြီးကို ရောက်နေတာတောင်မှ တရားအားထုတ်ဖို့ကို ငါဘုရားထံမှာ တောင်းပန်စကား လျှောက်ထားသေးတယ်။ သင် ချစ်သားတို့ ငယ်ငယ်ရွယ်ရွယ်နဲ့ ကြိုးစားပြီးတော့ တရားအားထုတ်ဖို့ မကောင်းကြပေဘူးလား" လို့ဆိုတဲ့ အဓိပ္ပာယ် နှလုံးသွင်းနဲ့ မာလုကျပုတ္တ မထေရ်ကြီးကို ချီးမြှောက်ပြောဆိုထားတာပါတဲ့–အဋ္ဌကထာက ပြောတယ်။

သို့သော် ဒီစာပိုဒ်မှာ မာလုကျပုတ္တမထေရ်ကြီးကို ကဲ့ရဲ့တဲ့ အသံက များတယ်။ ဂရုဟာသံက သူက ပိုပြီးတော့ များတယ်နော်။(မှန်ပါဘုရား) အေး သင်ချစ်သားလုပ်ပုံ ဆိုယင်ကွယ်တဲ့-ဟော လူငယ် လူရွယ်လေးတွေ ဟောဒီ မာလုကျပုတ္တမထေရ်ကြီးကဲ့သို့ သူက ငယ်ငယ်တုန်းက ဘာတွေလုပ်သလဲ။ (အာရုံငါးပါး ကာမဂုဏ်တရားကို လိုက်နေပါတယ်ဘုရား) ကာမဂုဏ်တွေ နင်းကန်ခံစားလို့ ရူပါရုံတွေ၊ သဒ္ဒါရုံတွေ ၊ ဂန္ဓာရုံတွေ၊ ရသာရုံတွေ၊ ဖောဋ္ဌဗ္ဗာရုံတွေဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားလိုက်စားပြီးတော့ အပျော်ကြီးပျော် အပါးကြီးပါးပြီးတော့ အခုတော့ ကာမဂုဏ်ခံစားဘို့ ခြေကုန် လက်ပန်းကြီးကျလို့ အမောကြီး မောလာတော့မှ တရားအားထုတ်ဖို့ရန် အတွက် အကျဉ်းချုပ်တရားကို ဟောကြားပေးတော်မူပါဘုရားလို့ သင်ချစ်သား လျှောက်ထားတာ လူငယ်လူရွယ်ဖြစ်တဲ့ ရဟန်းတော်အရှင်မြတ်များက၊ ရဟန်းငယ်ကလေးများက ဒီ့ပြင် မာလုကျပုတ္တမထေရ်ကြီးကဲ့သို့ဘဲ ငယ်ရွယ်တုန်းမှာ ကာမဂုဏ်တွေနဲ့ ပျော်ပါးပြီးတော့ သူ့လိုဘဲ ကြီးမှ ကမ္မဋ္ဌာန်းတရား အားထုတ်ပါတော့မယ်လို့ ဒီလို အတုလိုက်ကုန်ယင် မခက်ဘူးလား ချစ်သားတဲ့။ (မှန်ပါဘုရား) ဒါကြောင့် သင်ချစ်သားလုပ်ပုံဟာ နေရာမကျဘူးလို့ ဆိုလိုတာပေါ့။ (မှန်ပါဘုရား)

**မာလုကျပုတ္တ ရဟန်းအိုကြီး လျှောက်ထားသောစကား**

အဲဒီလို သဗ္ဗညုမြတ်စွာဘုရားက မိန့်တော်မူတော့ မာလုကျပုတ္တမထေရ်ကြီးက မြတ်စွာဘုရားကိုဘယ်လိုပြန်ပြီးတော့ လျှောက်သလဲ၊ မြတ်စွာဘုရားကို လျှောက်ပုံ—

> "ကိဉ္စာပါဟံ ဘန္တေ ဇိဏ္ဏော ဝုဒ္ဓေါ မဟလ္လကော အဒ္ဓဂတော ဝယောအနုပ္ပတ္တော၊ ဒေသေတု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု သုဂတော သံခိတ္တေန ဓမ္မံ၊ အပ္ပေဝ နာမာဟံ ဘဂဝတော ဘာသိတဿ အတ္ထံ အာဇာနေယျံ၊ အပ္ပေဝ နာမာဟံ ဘဂဝတော ဘာသိတဿ ဒါယာဒေါ အဿံ"

ဘန္တေ၊ အို သဗ္ဗညုရှင်တော်မြတ်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဇိဏ္ဏော၊ ဇရာညှဉ်း၍ အိုမင်းလှသည်။ဝုဒ္ဓေါ၊ အသက်ကြီးသည်။မဟလ္လကော၊ အရွယ်ကြီးသည်။ အဒ္ဓဂတော၊ အရွယ်လွန်၍ တတိယ ဘဝခရီးကိုသွား၍ နေရသည်။ ဝယောအနုပ္ပတ္တော၊ လွန်သောအရွယ်သို့ရောက်၍နေသည်။ကိဉ္စာပိ ဟောမိ၊ အကယ်၍ကား ဖြစ်ပါ၏။ ပန တထာပိ၊ ထိုသို့ အရွယ်ပင် ဘုရားတပည့်တော် ကြီးရင့်၍ နေပါသော်လည်း။ဘဂဝါ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် သယမ္ဘူထွဋ်ဒုတင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ သံခိတ္တေန၊

အကျဉ်းချုပ်အားဖြင့်။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတု၊ ကရုဏာရှေးရှု ဟောတော်မူပါဘုရား။ သုဂတော၊ ကောင်းသောစကားကိုသာလျှင် ဆိုတော်မူတတ်သော သဗ္ဗညု ရှင်တော်မြတ်ဘုရားသည်။ သံခိတ္တေန၊ အကျဉ်းချုပ်အားဖြင့်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတု၊ ကရုဏာရှေးရှု ဟောတော်မူပါ ဘုရား။

အပ္ပေဝ နာမာဟံ။ အဟံ၊ဘုရားတပည့်တော်သည်။ ဘဂဝတော၊ ဘုန်းတော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရား၏။ ဘာသိတဿ၊ ဟောကြားတော်မူအပ်သော တရားတော်၏။ အတ္ထံ၊ အနက် အဓိပ္ပာယ် သဘောကို။ အပ္ပေဝ နာမ အာဇာနေယျံ၊ သိနိုင်ငြားအံ့လည်းမသိ။ ဝါ၊ သိလိုသိငြား ကြိုးကုတ်အားထုတ်ပါမည်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဘဂဝတော ဘာသိတဿ၊ ရှင်တော် ဟောကြား မြတ်တရား၏။ ဒါယာဒေါ၊ အမွေခံသည်။ အပ္ပေဝနာမ အဿံ၊ ဖြစ်နိုင်ငြားအံ့လည်း မသိပါဘုရား။ ဝါ၊ ဖြစ်လိုဖြစ်ငြား အားထုတ်ပါမည် ဘုရား။

ဘာသြေဘုန်း–မာလုကျပုတ္တမထေရ်ကြီးက။ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် အရှင်ဘုရား မိန့်တော်မူတဲ့အတိုင်း တပည့်တော် အိုမင်းမစွမ်းကြီးဖြစ်နေတယ်ဆိုတာ မှန်လှပါသည်ဘုရား။ ထိုသို့အိုမင်းမစွမ်းဖြစ်နေတဲ့ ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ ဘုရားတပည့်တော်ကို အစဉ်သနားသည်ကို အကြောင်းပြု၍ အိုမင်းမစွမ်းရှိနေပေမဲ့ တိုတိုကျဉ်းကျဉ်း လိုရင်းဖြစ်တဲ့တရားကို ဟောကြား၍သာ ပေးတော်မူပါဘုရား။ ဘုရားတပည့်တော်သည် ရှင်တော်ဟောကြား မြတ်တရားကို သိအောင်ကြိုးကုတ် အားထုတ်ပါမယ် ဘုရား။ အိုပေမဲ့ အားထုတ်ပါမယ်ဘုရားလို့ ဆိုတာ။ (မှန်ပါဘုရား) ဘယ်လိုပင် အိုမင်းမစွမ်းဖြစ်နေပေမဲ့ ရှင်တော်ဟောကြား မြတ်တရား၏ အမွေခံဖြစ်အောင် ဘုရားတပည့်တော် ကျင့်ကြံကြိုးစား ပွားများအားထုတ်ပါမယ်ဘုရား။ ဟောပေးတော်မူပါတဲ့။ ကိုယ်တော်မြတ် နေသာသေးရဲ့လားကွဲ့။ (မနေသာတော့ပါဘူး ဘုရား) ဟင်– မောင်တင်အောင်တို့ မောင်ထွန်းကြည်တို့လူစုဟာ ကိုယ့်ကို ဒီလိုတခါမှ မလျှောက်ဖူးဘူးကွဲ့။ (မှန်လှပါ) သူတို့ ရန်တွေ့ဘို့လောက်ပဲ စိတ်ကူးနေကြတာနဲ့တူရဲ့။ ဟင်–

အေး အေး – ဒီတော့ ဒီလို မာလုကျပုတ္တမထေရ်ကြီးက ဘယ်လိုပင် အိုမင်းမစွမ်းဖြစ်လို့ ကိုယ့်အရိုး ကိုယ်မသယ်နိုင်ပေမဲ့၊ သေခါနီးရောက်နေပေမဲ့ တိုတိုကျဉ်းကျဉ်း လိုရင်းဖြစ်တဲ့တရားကို ဟောကြား၍သာ ပေးတော်မူပါဘုရား။ အရှင်ဘုရားဟောတဲ့တရားကို ဘုရားတပည့်တော် သိအောင် ကြိုးကုတ်ပြီးတော့ အားထုတ်ပါမယ်ဘုရား။ အရှင်ဘုရား ဟောကြားတော်မူသော တရားတော်၏ အမွေခံဖြစ်အောင် ကြိုးစားပါမယ်ဘုရား။ ဟောပေးတော်

မူပါ။ ကိုယ်တော်မြတ်ကြီး နေသာသေးရဲ့လားကွဲ့။ (မနေသာတော့ပါဘူး ဘုရား) ဟောရတော့မယ် မဟုတ်လား။ (မှန်ပါဘုရား) အေး–ဒီတော့ သဗ္ဗညု မြတ်စွာဘုရားကိုယ်တော်မြတ်က နဂိုကတဲကလဲ တရားမဟောချင်လို့ ဒီလို ပြောနေတာ မဟုတ်ဘူးနော်။ (မှန်ပါ)

မာလုကျပုတ္တ မထေရ်ကြီး တရားတော်၌ တန်ဖိုးထားတတ်အောင်၊ တရားတော်ကို မြတ်နိုးလာအောင်၊ လေးစားလာအောင်ဆိုတဲ့ အနေမျိုးနဲ့ မြတ်စွာဘုရားက ဒီလို ပြောနေတာ၊ မဟောချင်လို့ ပြောနေတာ မဟုတ်ဘူး။ (မှန်ပါဘုရား) ဒီတော့ ဘယ်လို ဟောသလဲလို့ဆိုတော့—

"တံ ကိံ မညသိ မာလုကျပုတ္တ"

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ မယာ၊ ငါဘုရားကိုယ်တော်မြတ်သည်။ ယံ ဓမ္မံ၊ အကြင်တရားဒေသနာကို။ ဒေသိတံ၊ ဟောဘော်မူအပ်၏။ တံ ဓမ္မံ၊ ထို ငါဘုရားဟောကြားတော်မူတဲ့ တရားကို။ တွံ၊ သင်ချစ်သား မာလုကျပုတ္တသည်။ ကိံ မညသိ၊ အဘယ်သို့ အောက်မေ့ပါသနည်း။

## ကာလသုံးမျိုးနှင့် အာဆင်းရုပ် သုံးမျိုး စွဲလမ်းဖွယ် မဖြစ်ထိုက်ပုံ

သင့်ကို ငါမေးမယ်တဲ့၊ တရားဟောဘို့ အရေးနဲ့ ပတ်သက်လို့။ (မှန်ပါဘုရား) ငါဘုရားကိုယ်တော်မြတ် မေးမြန်းတော်မူတဲ့ စကားနဲ့ ပတ်သက်လို့ သင်ချစ်သားသည် အဘယ်ကဲ့သို့ ထင်မှတ်ပါသနည်း။ ဒီလို စကား ခံပြီးတော့မှ—

"ယေ တေ စက္ခုဝိညေယျာ ရူပါ အဒိဋ္ဌာ အဒိဋ္ဌပုဗ္ဗာ၊ န စ ပဿသိ၊ န စ တေ ဟောတိ ပဿေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ"တိ။

မေးတယ်–တရားမဟောသေးဘူး။ (မှန်ပါဘုရား) မေးနေတာဘဲ ရှိသေးတယ်။ အခု ကိုယ်တော်မြတ်က မာလုကျပုတ္တ မထေရ်ကို မေးတဲ့စကား။

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော၊ ယေ ရူပါ၊ အကြင်အဆင်းမျိုးစုံ ရူပါရုံတို့သည်။ သန္တိ၊ ရှိကြပေကုန်၏။ တေ၊ ထို စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်းမျိုးစုံ ရူပါရုံတို့ကို။ တွံ၊ သင်ချစ်သားသည်။ အဒိဋ္ဌာ၊ ယခုဘဝမှာလည်း မမြင်ဘူးချေ။ အဒိဋ္ဌပုဗ္ဗာ၊ ဟိုရှေးရှေးဘဝကလဲ မမြင်ခဲ့ဘူးချေ။ န စ ပဿသိ၊ ယခုမြင်ဆဲလည်းမဟုတ်။ တေ၊ သင် ချစ်သားအား။ ပဿေယျန္တိ၊ မြင်လို၏ဟူ၍(တောင့်တမှုသည်)။ န စ ဟောတိ၊ ရှိလည်းမရှိ။ ဖြစ်လည်း မဖြစ်။ မာလုကျပုတ္တ၊

ချစ်သား မာလုကျပုတ္တ။ တတ္ထ၊ထို သင်မမြင်ဘူးတဲ့ ရူပါရုံ၊ သင်မြင်ဆဲမဟုတ်တဲ့ ရူပါရုံ၊ သင်မြင်ရပါလို၏လို့ မတောင့်တတဲ့ရူပါရုံ သုံးမျိုး၌။ ဝါ၊ သင်မမြင်ဘူးတဲ့အတိတ်ရူပါရုံ၊ သင်မြင်ဆဲမဟုတ်တဲ့ ပစ္စုပ္ပန် ရူပါရုံ၊ သင်မြင်ရ ပါလို၏လို့ မတောင့်တတဲ့ အနာဂတ် ရူပါရုံ၌။ တေ၊ သင်ချစ်သားအား။ ဆန္ဒော ဝါ၊ လိုချင်ခြင်းသည်၎င်း။ ရာဂေါ ဝါ၊ ငါ ငါ့ဥစ္စာလို့ စွဲယူတပ်စွန်းခြင်းသည်၎င်း။ ပေမံ ဝါ၊ ချစ်ခင်နှစ်သက်ခြင်းသည်၎င်း။ အတ္ထိ၊ ဖြစ်သေးသလား။

မေးတယ်။ (မှန်ပါဘုရား) ချစ်သား မာလုကျပုတ္တ၊ စက္ခုဝိညာဏ်ဖြင့် မြင်အပ် သိအပ်ကုန်သော အဆင်းမျိုးစုံ ရူပါရုံတွေဆိုတာ အများကြီး ရှိတယ်တဲ့။ (မှန်ပါဘုရား) အဲဒီ စက္ခုဝိညာဏ်ဖြင့် မြင်အပ် သိအပ်ကုန်သော အဆင်းမျိုးစုံ ရူပါရုံတို့တွင် သင်မမြင်ဘူးတဲ့ အတိတ်ရူပါရုံ၊ ရှေးဘဝကလဲ မဖြစ်ခဲ့ဖူးဘူးလို့ဆိုတဲ့ အတိတ်ရူပါရုံ၊ ယခုပစ္စုပ္ပန်မှာ သင်မြင်ဆဲ မဟုတ်တဲ့ ပစ္စုပ္ပန်ရူပါရုံ၊ သင်မမြင်ရတဲ့ ပစ္စုပ္ပန် ရူပါရုံ၊ သင်က မြင်ရပါလို၏လို့ မတောင့်တတဲ့ အနာဂတ်ရူပါရုံလို့ဆိုတဲ့ ရူပါရုံသုံးမျိုး ရှိတယ်နော်။ (မှန်ပါဘုရား) အဲဒီ ရူပါရုံတွေကို သင့်စိတ်ထဲမှာ လိုချင်ခြင်း၊ငါ ငါ့ဥစ္စာလို့ စွဲယူခြင်း၊ ချစ်ခင် နှစ်သက်ခြင်းများ ဖြစ်သေးသလား– ဒီ ရူပါရုံတွေပေါ်မှာ။ (မှန်ပါဘုရား) ဒီတော့ မာလုကျပုတ္တ မထေရ်ကြီးက ဘယ့်နှယ် ပြန်လျှောက်သလဲ။

"နော ဟေတံ ဘန္တေ"

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရား။ တေ၊ ဤသို့ မမြင်ဘူးတဲ့ ရူပါရုံ၊ မြင်ဆဲမဟုတ်တဲ့ ပစ္စုပ္ပန် ရူပါရုံ၊ မြင်ရပါလို၏လို့ မတောင့်တတဲ့ အနာဂတ် ရူပါရုံတို့အပေါ်၌ လိုချင်ခြင်း၊ စွဲလမ်းခြင်း၊ ချစ်ခင်ခြင်းသည်။ နော ဟိ၊ မဖြစ်ပါဘုရား။

အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ ရူပါရုံကို ကာလလုံးပါး ပိုင်းခြားလျက် မစွဲလမ်းသင့်ကြောင်းကို မာလုကျပုတ္တ ရဟန်းကြီး သဘောပေါက်အောင် မေးတုန်းကွဲ့။ (မှန်လှပါဘုရား) ချစ်သား၊ သင်မမြင်ဘူးတဲ့ အတိတ် ရူပါရုံတွေ မရှိဘူးလား။ နို့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊သမီးတွေလဲ စဉ်းစားကြည့်ပါ။ ဒီ ဘဝမှာ တခါမျှ မမြင်ဘူးတဲ့ ရူပါရုံဆိုတာ မရှိဘူးလား။(ရှိပါတယ်ဘုရား) ဟို နောက်ဘဝကလဲ မမြင်ခဲ့ဖူးဘူးဆိုတဲ့ ရူပါရုံတွေကော မရှိဘူးလား။ (ရှိပါတယ်ဘုရား) အဲဒါ ဘာတရားလဲ၊ ရုပ်တရား။ (မှန်ပါဘုရား) ရူပါရုံဆိုတာ ဘာတရားပါလိမ့်။ (ရုပ်တရားပါဘုရား)

ဒီ ပစ္စုပ္ပန်ဘဝမှာ ဘုန်းကြီးတို့ အမျိုးကောင်းသား၊သမီးတွေ မြင်ဆဲမဟုတ်တဲ့ ရူပါရုံတွေကော မရှိဘူးလား။ (ရှိပါတယ်ဘုရား)

အဲဒီ မြင်ဆဲ မဟုတ်တဲ့ ရူပါရုံကော ဘာတရားတုန်းကွဲ။ (ရုပ်တရားပါဘုရား)

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊သမီးတွေမြင်ရပါလို၏ လို့၊မြင်ချင်တယ်လို့ မတောင့်တတဲ့ ရူပါရုံတွေကော မရှိဘူးလား။ (ရှိပါတယ်ဘုရား)

ဘာတရားတုန်းကွဲ။ (ရုပ်တရားပါဘုရား)အဲဒီ ရုပ်တရားတွေရဲ့ အပေါ်မှာ အမျိုးကောင်းသား၊ သမီးတို့သည် အရှင်မာလုကျပုတ္တမထေရ်သည် ချစ်ခင်ခြင်း၊ စွဲလမ်းခြင်း၊ လိုချင်ခြင်းများ ဖြစ်သေးသလား။ (မဖြစ်ပါဘူးဘုရား)

ဒီတော့ အဲဒီ ရူပါရုံတွေပေါ်မှာ ဆန္ဒ ရာဂ ကွာနေသလား၊ ကွာမနေဘူးလား။ (ကွာနေပါတယ်ဘုရား) ဆန္ဒ ရာဂ မဖြစ်ဘူးနော်။(မှန်ပါ) ရူပါရုံတွေတော့ရှိတယ်။ (ရှိပါတယ်ဘုရား) ကိုယ်မမြင်ဘူးတဲ့ ရူပါရုံတွေ ရှိတယ်။ ကိုယ်မြင်ဆဲမဟုတ်တဲ့ ပစ္စုပ္ပန် ရူပါရုံရှိတယ်။ ကိုယ်မြင်ရပါလို၏လို့ မတောင့်တတဲ့ အနာဂတ် ရူပါရုံရှိတယ်၊ ရုပ်တရားတွေ ရှိတယ်။ အဲဒီ ရုပ်တရားတွေပေါ်မှာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေကော ဆန္ဒရာဂဖြစ်သေးသလား။ (မဖြစ်ပါဘုရား) ရုပ်တရားတွေတော့ ရှိတယ်နော်။ (ရှိပါတယ် ဘုရား) ဆန္ဒရာဂဖြစ်သေးသလား။ (မဖြစ်ပါဘုရား) မဖြစ်ဘူး။ (မှန်ပါဘုရား) ဒီနေရာမှာ ဘုန်းကြီးတို့ စာပေနယ်က ဒီစာပိုဒ်မှာ တဖက်ကို ပြထားယင် ဟိုနောက်တဖက်ပါ မြင်ရတယ်-နော်(မှန်လှပါဘုရား)နော်။(မှန်ပါ) ကိုင်း—ကောင်းပြီ။

ချစ်သား၊မြတ်စွာဘုရားက မြင်ဘူးတဲ့ ရူပါရုံပေါ်မှာ ဆန္ဒရာဂ မဖြစ်ယင်၊ မြင်ဆဲမဟုတ်တဲ့ ရူပါရုံ ရုပ်တရားပေါ်မှာ ဆန္ဒရာဂ မဖြစ်ယင်၊မြင်ရပါလို၏လို့ မတောင့်တတဲ့ ရူပါရုံပေါ်မှာ ဆန္ဒ ရာဂ ပေမ ခေါ်တဲ့ သဘောတရား မဖြစ်ယင် သင်မြင်ဘူးတဲ့ ရူပါရုံ မရှိဘူးလား။ (ရှိပါတယ်ဘုရား) မြင်ဘူးတဲ့ရူပါရုံ၊ မြင်နေဆဲဖြစ်တဲ့ ရူပါရုံ၊ မြင်ရပါလို၏လို့ တောင့်တတဲ့ ရူပါရုံတွေ ပေါ်မှာကော ဆန္ဒရာဂဖြစ်လို့ တော်ပါ့မလား။(မတော်ပါဘူး ဘုရား)ဆန္ဒရာဂဖြစ်လို့ မတော်ယင် မမြင်ဘူးတဲ့ ရူပါရုံ တွေပေါ်မှာ ဆန္ဒရာဂ မဖြစ်သလို မြင်ဘူးတဲ့ ရူပါရုံတွေပေါ်မှာလဲ ဆန္ဒရာဂ မဖြစ်အောင် ကျင့်ပါ။(မှန်လှပါဘုရား)

မြင်ဆဲမဟုတ်တဲ့ ပစ္စုပ္ပန် ရူပါရုံတွေပေါ်မှာ ဆန္ဒရာဂမဖြစ်သလို မြင်ဆဲဖြစ်တဲ့ ပစ္စုပ္ပန် ရူပါရုံတွေပေါ်မှာလဲ ဆန္ဒရာဂမဖြစ်အောင် ကျင့်မှပေါ့လို့ ဆိုလိုတယ်။(မှန်လှပါဘုရား) ကျင့်ပါ။ (မှန်ပါ)

မြင်ရပါလို၏ လို့ မတောင့်တတဲ့ အနာဂတ် ရူပါရုံ ပေါ်မှာ ဆန္ဒရာဂ မဖြစ်သလို မြင်ရပါလို၏လို့ တောင့်တနေတဲ့ အနာဂတ် ရူပါရုံတွေ ပေါ်မှာ လဲဘဲ ဆန္ဒရာဂ မဖြစ်အောင် ကျင့်ပါ၊ ဟုတ်လား။ (မှန်လှပါဘုရား)

ဘာပြုလို့ ဒီလို ဟောသလဲ၊ မမြင်ဘူးတဲ့ အတိတ် ရူပါရုံကကော ဘာတရားတုန်း။ (ရုပ်တရားပါဘုရား)မြင်ဘူးတဲ့ အတိတ်ရူပါရုံကကော ဘာတရားလဲ၊ (ရုပ်တရားပါဘဲဘုရား)

မြင်ဆဲမဟုတ်တဲ့ ပစ္စုပ္ပန် ရူပါရုံကကော ဘာတရားတုန်း။ (ရုပ်တရားပါဘုရား) မြင်ဆဲဖြစ်တဲ့ ပစ္စုပ္ပန် ရူပါရုံကကော ဘာတရားတုန်း။(ရုပ်တရားပါဘဲဘုရား)

မြင်ရပါလို၏ လို့ မတောင့်တတဲ့ အနာဂတ် ရူပါရုံတွေကကော ဘာတရားတုန်းကွဲ့။ (ရုပ်တရားပါဘုရား)

မြင်ရပါလို၏ လို့ တောင့်တနေတဲ့ အနာဂတ် ရူပါရုံတွေ မရှိဘူးလား။ (ရှိပါတယ်ဘုရား ) ဘာတရားတုန်းကွဲ့။ (ရုပ်တရားပါဘုရား)

အဲဒီ ရုပ်တရား၊ ရုပ်တရားချင်း အတူတူ ချစ်သားနှယ်ကွယ် ဟိုရုပ်တရားပေါ်ကျတော့ သင်က ဆန္ဒရာဂ ဖြစ်တယ်။ဒီ ရုပ်တရားကျတော့ ဆန္ဒရာဂ မဖြစ်ဘူးဆိုယင် ရုပ်တရား ရုပ်တရားချင်း အတူတူ ဒီရုပ်တရားကို ဆန္ဒရာဂ ဖြစ်ပြီးတော့ ဟို ရုပ်တရား ကျတော့ ဆန္ဒရာဂ မဖြစ်ဘူးဆိုယင် ချစ်သားဟာ တော်ပါ့ မလား။ (မတော်ပါဘူးဘုရား) အဲဒီတော့ မဖြစ်အောင် ကျင့်ပါ။ (မှန်လှပါဘုရား) ရှင်းပလားကွဲ့။ (ရှင်းပါတယ် ဘုရား) ပါဠိတော်မှာ နှစ်ထပ်သွားထားတာနော်။ (မှန်ပါ) သဘောပေါက်ပလားကွဲ့။ (သဘောပေါက်ပါတယ်ဘုရား) ကျင့်ဘို့ မဟောသေးဘူးနော်။ (မှန်ပါဘုရား) ဒါ စာတပိုဒ်နော်။ (မှန်ပါဘုရား)

စာပိုဒ်တွေကိုတော့ ချန်ထားလို့ မဖြစ်ဘူးကွဲ၊ ပါဠိတော် ဟောတယ် ဆိုတာ ပါဠိတော် စာပိုဒ်တွေကိုတော့ အကုန်သွားမှ။ ရူပါရုံပြီးတော့ ဘာပါလိမ့်။ (သဒ္ဒါရုံပါဘုရား)

## ကာလသုံးမျိုးနှင့် အသံရုပ်သုံးမျိုးကို စွဲလမ်းရန် မဖြစ်ထိုက်ပုံ

"ယေ တေ သောတဝိညေယျာ သဒ္ဒါ အဿုတာ အဿုတာ ပုဗ္ဗာ၊န စ သုဏာသိ၊ န စ တေ ဟောတိ သုဏေယျန္တိ၊အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ"တိ။ (ပါဠိတော်မှာ)

မာလုကျပုတ္တ၊ ချစ်သား မာလုကျ ပုတ္တ။ သောတဝိ ညေယျာ၊ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော။ယေ သဒ္ဒါ၊အကြင် အသံမျိုးစုံ သဒ္ဒါရုံတို့သည်။ သန္တိ၊ရှိကြပေကုန်၏။ တေ သဒ္ဒါ၊ ထိုအသံမျိုးစုံ သဒ္ဒါရုံတို့ကို။ တေ တယာ၊ သင်ချစ်သားသည်။ အဿုတာ၊ ယခုဘဝမှာလဲ တခါမှ မကြားဘူးကုန်။ အဿုတပုဗ္ဗာ၊ ရှေးရှေးဘဝတုန်းကလဲ မကြားခဲ့ဘူးကုန်။ န စ သုဏာသိ၊

ယခု ကြွားနေဆဲလည်း မဟုတ်။ ထေ၊ သင် ချစ်သားအား။ သုဏောယျန္တိ၊ ကြွားရပါလို၏ ဟူ၍။ န စ ဟောတိ၊ တောင့်တခြင်းလည်း မဖြစ်။

ချစ်သား၊ သင် မကြွားဘူးတဲ့ သဒ္ဒါရုံ ရှပ်တရား၊ သင် ကြွားနေဆဲ မဟုတ်တဲ့ သဒ္ဒါရုံ ရှပ်တရား၊ သင်ကြွားရပါလို၏လို့ မတောင့်တတဲ့ အနာဂတ် သဒ္ဒါရုံရှပ်တရားတွေဆိုတာ မရှိဘူးလား။(ရှိပါတယ် ဘုရား)

ဘုန်းကြီးတို့ ပရိသတ် တခါမျှ မကြွားဘူးတဲ့ သဒ္ဒါရုံ ရှပ်တရားဆိုတာ မရှိဘူးလား။ (ရှိပါတယ် ဘုရား)

အဲဒီ မကြွားဘူးတဲ့ သဒ္ဒါရုံ ရှပ်တရားပေါ်မှာ ဆန္ဒ ရာဂ ပေမ ဖြစ်သေးသလားကွဲ့။ (မဖြစ်ပါဘူး ဘုရား)

အဲဒီ မကြွားဘူးတဲ့ ရှပ်တရားပေါ်မှာ ဆန္ဒရာဂ ပေမ ခေါ်တဲ့ ရာဂ ဒေါသ မောဟတွေ ကင်းမနေဘူးလား။ (ကင်းနေပါတယ် ဘုရား)

ရှပ်တရားတော့ ရှိတယ်နော်။ (ရှိပါတယ် ဘုရား) ကွာမနေဘူးလား သူ။(ကွာနေပါတယ် ဘုရား)

ထင်ရှားနေဆဲမဟုတ်တဲ့၊ အခု နားထောင်နေရဆဲမဟုတ်တဲ့ သဒ္ဒါရုံ ရှပ်တရားတွေကော မရှိဘူးလားတဲ့။ (ရှိပါတယ် ဘုရား) အဲဒီ ကြွားနေရဆဲ မဟုတ်တဲ့ သဒ္ဒါရုံ ရှပ်တရားပေါ်မှာကော ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ဆန္ဒ ရာဂ ပေမ ဖြစ်သေးသလား။ (မဖြစ်ပါဘူး ဘုရား) ရှိတော့ ရှိတယ်နော်။ (ရှိပါတယ် ဘုရား)

အဲဒီရှပ်တရားပေါ်မှာ ဆန္ဒ=လိုချင်တယ်၊ ရာဂ=စွဲလမ်းတယ်၊ ပေမ =ချစ်ခင်တယ် ဆိုတဲ့သဘောတွေ ရှိသေးသလား။ (မရှိပါဘူး ဘုရား) ကင်းမနေဘူးလား။ (ကင်းနေပါတယ် ဘုရား) မြတ်စွာဘုရားရဲ့ တရားတော်က ဆန္ဒ ရာဂ ပေမ ကင်းအောင် တရားအားထုတ် နေရတာကွဲ့။ (မှန်ပါ ဘုရား) ကြွားရပါလို၏လို့ မတောင့်တတဲ့ အနာဂတ် အသံမျိုးစုံ သဒ္ဒါရုံ ရှပ်တရားတွေ မရှိဘူးလား။(ရှိပါတယ် ဘုရား) အဲဒီ အသံမျိုးစုံ သဒ္ဒါရုံ ရှပ်တရားပေါ်မှာကော ဆန္ဒ ရာဂ ပေမ ဖြစ်သေးသလား။ (မဖြစ်ပါဘူး ဘုရား)

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တတ္ထ၊ ထို သင်မကြွားဘူးတဲ့၊ သင်ကြွားနေဆဲမဟုတ်တဲ့၊ သင်ကြွားရပါလို၏လို့ မတောင့်တတဲ့ အသံမျိုးစုံ သဒ္ဒါရုံတို့အပေါ်၌။ ဆန္ဒော ဝါ၊ လိုချင်ခြင်းသည်၎င်း။ ရာဂေါ ဝါ၊ စွဲလမ်းခြင်းသည်၎င်း။ ပေမံ ဝါ၊ချစ်ခင်နှစ်သက်ခြင်းသည်၎င်း။ တေ၊ သင်ချစ်သားအား။ အတ္ထိ၊ ဖြစ်သေးသလား။

ဖြစ်သလားလို့ မေးတယ်။ (မှန်ပါဘုရား) ဒီတော့ မာလုကျပုတ္တမထေရ်ကြီးက ဘယ့်နှယ် ပြန်ဖြေသလဲ။

"နောှ ဟေတံ ဘန္တေ" မဖြစ်ပါဘုရား။

ဖြစ်ကဲ့လား– ဘုန်းကြီးတို့ပရိသတ်။(မဖြစ်ပါဘူးဘုရား) အခု ကြားနေတဲ့ အသံလဲမဟုတ်ဘူး။ ကြားရပါလို၏လို့ မတောင့်တဘူးဆိုတဲ့ အဲဒီ အသံသဒ္ဒါရုံ ရုပ်တရားအပေါ်မှာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ ဆန္ဒ ရာဂ ပေမ ဖြစ်သေးရဲ့လား။ (မဖြစ်ပါဘူးဘုရား) သဘောပေါက်ပလားကွဲ့။ (ပေါက်ပါတယ်ဘုရား) မဖြစ်ဘူး- ဆန္ဒ ရာဂ ပေမ။

ဒီတော့ မြတ်စွာဘုရားရဲ့ အာဘော်က၊ သိစေလိုတဲ့ အဓိပ္ပာယ်က ချစ်သား၊ သင် မကြားဘူးတဲ့ အသံသဒ္ဒါရုံ ရုပ်တရား၊ သင်ကြားနေဆဲဖြစ်တဲ့ အသံသဒ္ဒါရုံ ရုပ်တရား သင်ကြားရပါလို၏လို့ မတောင့်တတဲ့ အသံသဒ္ဒါရုံ ရုပ်တရားတွေအပေါ်မှာ ဆန္ဒရာဂ မဖြစ်ယင် သင်ကြားဘူးတဲ့အသံ သဒ္ဒါရုံ ရုပ်တရား၊ သင်ကြားနေဆဲဖြစ်တဲ့ အသံသဒ္ဒါရုံရုပ်တရား၊ သင်ကြားရပါလို၏လို့ မျှော်လင့်တောင့်တနေတဲ့ သဒ္ဒါရုံ ရုပ်တရားတို့အပေါ်မှာကော ဆန္ဒရာဂဖြစ်လို့ ချစ်သား တော်ပါ့မလား။ (မတော်ပါဘူးဘုရား) မဖြစ်အောင်ကျင့်ပါ ဒီလိုဆိုလိုတယ်။ (မှန်ပါဘုရား)

အေး ဘာဖြစ်လို့ ဒီလို ဟောတာလဲဆိုတော့ မြတ်စွာဘုရားက မကြားဘူးတဲ့ အသံသဒ္ဒါရုံကကော ဘာတရားတုန်း။(ရုပ်တရားပါဘုရား) ကြားနေဆဲဖြစ်တဲ့ အသံသဒ္ဒါရုံကကော ဘာတရားတုန်းကွဲ့။ (ရုပ်တရားပါဘုရား)ကြားရပါလို၏လို့ မတောင့်တတဲ့ အသံ သဒ္ဒါရုံကကော ဘာတရားတုန်းကွဲ့။ (ရုပ်တရားပါဘုရား)

ဘုန်ကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ကြားဘူးတယ်ဆိုတဲ့ အသံသဒ္ဒါရုံကကော ဘာတရားတုန်းကွဲ့။ (ရုပ်တရားပါဘုရား) ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ အခုကြားနေဆဲဖြစ်သော အသံသဒ္ဒါရုံကကော ဘာတရားတုန်း။ (ရုပ်တရားပါဘုရား) ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ ကြားရပါလို၏လို့ တောင့်တမျှော်လင့်နေတဲ့ အသံသဒ္ဒါရုံကကော။ (ရုပ်တရားပါဘုရား) ရုပ်တရား။ (မှန်ပါဘုရား)

ဒါဖြင့် ရုပ်တရားချင်းအတူတူ ချစ်သားချစ်သမီးတို့ ဟိုရုပ်တရားအပေါ်မှာတော့ ဆန္ဒရာဂ မဖြစ်၊ ဒီ ကြားရပါလို၏လို့ တောင့်တတဲ့ရုပ်တရားပေါ်မှာ ချစ်သား ချစ်သမီးတို့က ဆန္ဒရာဂဖြစ်ပြီးတော့ စွဲလမ်းနေမယ်ဆိုယင် တော်ပါ့မလား။ (မတော်ပါဘူးဘုရား) မတော်ဘူး။ မတော်လို့ရှိယင် ရုပ်

တရားချင်းအတူတူ မကြားဘူးတဲ့ အသံသဒ္ဒါရဲ့ ရုပ်တရားပေါ်မှာ ဆန္ဒရာဂ ပေမ မဖြစ်သလို ကြားဘူးတဲ့ အသံ သဒ္ဒါရဲ့ ရုပ်တရားပေါ်မှာလဲ ဆန္ဒရာဂ ပေမ မဖြစ်အောင် ကျင့်မှပေါ့-ကျင့်ပါ၊ (မှန်လှပါဘုရား)

ချစ်သားတို့- ချစ်သမီးတို့၊ သင်တို့ကြားနေဆဲမဟုတ်တဲ့ ပစ္စုပ္ပန်ရုပ်တရားပေါ်မှာလဲဘဲ ဆန္ဒရာဂ မဖြစ်သလို ကြားနေဆဲဖြစ်တဲ့ ပစ္စုပ္ပန်သဒ္ဒါရဲ့ ပေါ်မှာလဲဘဲ ဆန္ဒရာဂ မဖြစ်အောင် ကျင့်ပါ။ (မှန်ပါဘုရား) ကြားရပါလို၏လို့ မတောင့်တတဲ့ အနာဂတ် သဒ္ဒါရဲ့ပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်သလို ကြားရပါလို၏လို့ မျှော်လင့်တောင့်တတဲ့ အသံသဒ္ဒါရဲ့ရုပ်တရားပေါ်မှာလဲဘဲ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် ကျင့်ပါ။ ကျင့်မှပေါ့လို့ ဒီလိုမြွတ်စွာဘုရားက ပြောလိုတာ။ (မှန်လှပါဘုရား) ဒါ နှစ်ပိုဒ် ပြီးပြီကွဲ။ (မှန်လှပါဘုရား)

## ကာလသုံးမျိုးနှင့် အနန့်ရုပ်သုံးမျိုးကို စွဲလမ်းရန် မဖြစ်ထိုက်ပုံ

> "ယေ တေ ဃာနဝိညေယျာ ဂန္ဓာ အဃာယိတာ အဃာယိတပုဗ္ဗာ၊ န စ ဃာယသိ၊ န စ တေ ဟောတိ ဃာယေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ"တိ

အင်မတန် ကြည်ညိုစရာကောင်းတဲ့ ပါဠိတော်ကြီးတွေကွဲ နော်။ (မှန်ပါဘုရား) ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်သမီးတွေ ဂရုစိုက်ကြနော်။ (မှန်ပါ)

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ ဃာနဝိညေယျာ၊ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ယေ ဂန္ဓာ၊ အကြင် အနန့်မျိုးစုံ ဂန္ဓာရုံတို့သည်။သန္တိ၊ ရှိကြကုန်၏။ တေ ဂန္ဓာ၊ ထိုအနန့်မျိုးစုံ ဂန္ဓာရုံတို့ကို။ တေ တယာ၊ သင်ချစ်သားသည်။ အဃာယိတာ၊ ယခုဘဝမှာလဲ တခါမျှ မနမ်းမရှူဘူး—တဲ့။ အဃာယိတပုဗ္ဗာ၊ ရှေးဘဝကလဲ တကြိမ်တခါမျှ မနမ်းမရှူခဲ့ဘူးကုန်။ တခါမျှ မနမ်းဘူး မရှူဘူးတဲ့ အနန့်ဆိုတာရှိတယ်နော်။ (ရှိပါတယ်ဘုရား) ရုပ်တရား။ န စ ဃာယသိ၊ ယခု ပစ္စုပ္ပန်မှာလဲ သင် နမ်းရှူ၍နေဆဲ မဟုတ်။ တေ၊ သင်ချစ်သား၏ သန္တာန်၌။ ဃာယေယျန္တိ၊ နမ်းရှူ ရပါလို၏ဟု။ န စ ဟောတိ၊ တောင့်တမှုလည်း မဖြစ်။ မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တတ္ထ၊ ထို မနမ်းရှူဘူးတဲ့ အတိတ်ဂန္ဓာရုံ၊ နမ်းရှူဆဲမဟုတ်တဲ့ ပစ္စုပ္ပန်ဂန္ဓာရုံ၊ နမ်းရှူ ရပါလို၏ လို့ မတောင့်တတဲ့ အနာဂတ် ဂန္ဓာရုံ ရုပ်တရားတို့ အပေါ်၌။ တေ၊ သင် ချစ်သားအား။ ဆန္ဒော ဝါ၊ လိုချင်ခြင်းသည်ရင်း။ ရာဂေါ ဝါ၊ စွဲလမ်းခြင်းသည်ရင်း။ ပေမံ ဝါ၊ ချစ်ခင်ခြင်းသည်ရင်း။ အတ္ထိ၊ ဖြစ်များဖြစ်သေးသလား။

ဖြစ်သေးသလား။ (မဖြစ်ပါ ဘုရား) ဂန္ဓာရုံ ရုပ်တရားတွေတော့ ရှိတယ်နော်။ (မှန်ပါ) အတိတ်က ကိုယ်မနမ်းရှူဘူးတဲ့ ဂန္ဓာရုံ ရုပ်တရားတွေ၊ ယခုပစ္စုပ္ပန်မှာ ကိုယ်နမ်းရှူနေဆဲ မဟုတ်တဲ့ ဂန္ဓာရုံ ရုပ်တရားတွေ၊ နမ်းရှူရပါလို၏လို့ မတောင့်တတဲ့ ဂန္ဓာရုံ ရုပ်တရားတွေ ရှိတယ်နော်။ (ရှိပါတယ်ဘုရား) အဲဒီ ဂန္ဓာရုံရုပ်တရားတွေရဲ့ အပေါ်မှာ သင်ချစ်သားတို့ရဲ့ သန္တာန်မှာ ဆန္ဒ ရာဂ ပေမလို့ ခေါ်တဲ့ သဘောတရားတွေ ဖြစ်သေးသလားလို့ မေးတယ်။ (မှန်လှပါဘုရား) ဘယ်နှယ် ဖြေသလဲ။

**"နော ဟေတံ ဘန္တေ" ဆန္ဒ ရာဂ ပေမ ဘုရားတပည့်တော်တို့သန္တာန်မှာ မဖြစ်ပါ ဘုရား။**

ဖြစ်ကဲ့လား။ (မဖြစ်ပါဘုရား) ဘုန်းကြီးတို့ ပရိသတ်မှာကော ဖြစ်ကဲ့လား။ (မဖြစ်ပါဘူး ဘုရား) အခုပြောခဲ့တဲ့ ကိုယ်မတွေ့ မကြုံ မနမ်း မရှူဘူးတဲ့၊ နမ်းရှူနေဆဲ မဟုတ်တဲ့၊ နမ်းရှူရပါလို၏လို့ မတောင့်တတဲ့၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးမှာ ရှိနေတဲ့ ဂန္ဓာရုံ ရုပ်တရားတို့ရဲ့ အပေါ်မှာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ ဆန္ဒ=လိုချင်ခြင်း၊ ရာဂ=စွဲလမ်းခြင်း၊ ပေမ=ချစ်ခင်ခြင်းများ ဖြစ်သေးသလား။ (မဖြစ်ပါဘုရား) ဟို ရုပ်တရားတွေပေါ်မှာ ဆန္ဒ ရာဂ ပေမ ကွာနေသလား၊ ကွာမနေဘူးလားကွဲ့။ (ကွာနေပါတယ်ဘုရား) ဆန္ဒ ရာဂ ပေမတွေ ကွာနေတော့ တောင့်တခြင်း နှစ်သက်ခြင်းတွေ ကင်းပြီးတော့ သူတို့အတွက် ကိုယ့်မှာ ဘာကြောင့်ကြစရာ ရှိသေးလဲ။ (မရှိတော့ပါဘူးဘုရား) အေးလို့ကွဲ့၊ ဟုတ်လား။ (မှန်ပါ)

ချစ်သား မာလုကျပုတ္တ၊ သင် မနမ်းရှူဘူးတဲ့ အတိတ် ဂန္ဓာရုံ ရုပ်တရား၊ သင် နမ်းရှူနေဆဲမဟုတ်တဲ့ ပစ္စုပ္ပန်ဂန္ဓာရုံ ရုပ်တရား၊ နမ်းရှူရပါလို၏လို့ မတောင့်တတဲ့ အနာဂတ် ဂန္ဓာရုံ ရုပ်တရားတို့ရဲ့ အပေါ်မှာ ဆန္ဒ ရာဂ ပေမ သင့်မှာ မဖြစ်သလို—ဟုတ်လား။ (မှန်ပါဘုရား) ချစ်သား မာလုကျပုတ္တ၊ သင် နမ်းရှူဘူးတဲ့ အတိတ် ဂန္ဓာရုံ ရုပ်တရားပေါ်မှာလဲဘဲ၊ နမ်းရှူနေဆဲ ဖြစ်တဲ့ ပစ္စုပ္ပန် ဂန္ဓာရုံ ရုပ်တရားပေါ်မှာလဲဘဲ၊ နမ်းရှူရပါလို၏လို့ တောင့်တနေတဲ့ အနာဂတ် ဂန္ဓာရုံ ရုပ်တရားတွေပေါ်မှာလဲဘဲ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် သင်ချစ်သား ကျင့်မှပေါ့။ ကျင့်ပါ။ (မှန်ပါ ဘုရား) ပြောတယ်၊ တရားမဟောသေးဘူးကွဲ့။ ဒါ-ယုတ္တိပြနေတုန်းဘဲ ရှိသေးတယ်—ဟုတ်လား။ (မှန်ပါဘုရား)

မိမိ နမ်းရှူဘူးတဲ့ အတိတ် ဂန္ဓာရုံ၊ မိမိနမ်းရှူနေဆဲဖြစ်တဲ့ ပစ္စုပ္ပန် ဂန္ဓာရုံ၊ မိမိက နမ်းရှူရပါလို၏ လို့ မျှော်လင့် တောင့်တနေတဲ့ အနာဂတ် ဂန္ဓာရုံ၊

ဒီတရားသုံးလုံးကကော ဘာတရားတုန်းကွဲ။ (ရုပ်တရားပါဘုရား) ချစ်သားတို့၊ ချစ်သမီးတို့၊ ကိုယ့်အကြောင်းကို ချစ်သား ချစ်သမီးတို့ ပြန်စဉ်းစားစမ်း။ ဟို ရုပ်တရားတွေ ပေါ်မှာတော့ သင်ချစ်သား ချစ်သမီးတို့က ဆန္ဒ ရာဂ ပေမ မဖြစ်ဘူး။ ဒီ ရုပ်တရားပေါ်မှာမှ ဆန္ဒ ရာဂ ပေမ ဖြစ်တယ်ဆိုယင် ချစ်သားတို့ ချစ်သမီးတို့ဟာ တော်ပါ့မလား။(မတော်ပါ ဘုရား)

ဥပမာ ခပ်ရိုင်းရိုင်းဆိုကြစို့။ ဒီနေရာမှာလဲ မစင်ပုံကြီး တပုံရှိတယ်။ ဒီဘက်မှာလဲ မစင်ပုံကြီး တပုံရှိတယ်။ ကိုင်း ဘယ်မစင်ပုံကို နှစ်သက်ကြသလဲ။ (ဘယ်မစင်မှ မနှစ်သက်ပါဘူး ဘုရား) အဲဒီမှာလဲ ခွေးသေကောင်ပုပ်ကြီး တပုပ်။ အဲ့ဒီဘက်က ဝက်သေကောင်ပုပ်ကြီး။ ဘယ်ဒင်း နှစ်သက်လဲ။ (ဘယ်ဒင်းမှ မနှစ်သက်ပါဘူး ဘုရား) ဒီဘက်က ခွေးသေကောင် ဆတ်ဆတ် လတ်လတ်၊ ဟိုဘက်က ဝက်သေကောင် ဆတ်ဆတ်လတ်လတ်ကွဲ။ ဘယ်ဒင်း နှစ်သက်လဲ။ (ဘယ်ဒင်းမှ မနှစ်သက်ပါဘူးဘုရား) အဲ—မဟုတ်ဘဲနဲ့ မပြောနဲ့။ ဟင်—စဉ်းစားကြည့်ကြစမ်း ဘုန်းကြီးတို့ ပရိသတ်။ ဒီဘက်က ဆတ်ဆတ် လတ်လတ် ခွေးသေကောင် အခုမှ သေတာ။ (မှန်ပါဘုရား) ဒီဘက်ကလဲ ဝက်သေကောင်ကြီးကွဲ။ ဆတ်ဆတ် လတ်လတ် အခုမှသေတာ။ကဲ ဘယ်ဒင်း နှစ်သက်သလဲ။ (ဝက်သေကောင်ကို နှစ်သက်ရမှာပါဘုရား) သွက်သွက်ကို လည်ရောကွယ်။ ချစ်သားတို့ဟာ တော်ပါ့မလားတဲ့ဟုတ်လား။ ဟိုဘက်ကလဲ ရုပ်တရား ဒီ ဘက်ကလဲ ရုပ်တရား၊ ဟိုရုပ်တရားပေါ်မှာတော့ သင်ချစ်သား တို့က မစွဲလမ်းဘူး၊ မလိုချင်ဘူး။ ဒီဘက်ရုပ်တရားကျမှ သင်ချစ်သားတို့က စွဲလမ်းတယ်၊ နှစ်သက်တယ်ဆိုယင် ရုပ်တရားချင်းအတူတူ ချစ်သားရယ်တဲ့၊ မြတ်စွာဘုရားဆိုလိုတာ—နော်။ (မှန်ပါ ဘုရား)ဘုန်းကြီးတို့ ပရိသတ်ကို ဆုံးမ ချင်တာနော်။ (မှန်ပါ) ဟို ရုပ်တရားကိုတော့ သင်ချစ်သား မစွဲလမ်း မနှစ် သက်ဘဲနဲ့ ရုပ်တရားချင်း အတူတူ ဒီဘက်ရုပ်တရားကျမှ စွဲလမ်း နှစ်သက်တယ် ဆိုတော့ ချစ်သားတို့ ချစ်သမီးတို့ဟာ တော်ပါ့မလား၊ စဉ်းစားပါအုံး။ ဒါ ပြောတာ။ (မှန်ပါ ဘုရား)

ဒီတော့ မစွဲလမ်းအောင်၊မနှစ်သက်အောင်၊ မချစ်ခင်အောင် ချစ်သား ချစ်သမီး ကျင့်မှပေါ့လို့ ပြောတာ။(မှန်ပါဘုရား)သဘောပေါက်ကဲ့လားကွဲ။ (ပေါက်ပါတယ်ဘုရား) ဟင်—ဘုန်းကြီးတို့ ပရိသတ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ အမျိုးမျိုးတွေ ဖြစ်နေတယ်၊ ဟုတ်လား။ (မှန်ပါ) ရွေးလိုက်တာ၊ ဈေးထဲ သွားယင် ဆန္ဒတို့ ရာဂတို့ ပေမတို့ဆိုတာ၊ အတူတူချင်း နော်။ (မှန်ပါ) ဟိုဟာတော့ မနှစ်သက်ဘူး၊ ဒီဟာတော့ နှစ်သက်တယ် ဆိုယင် ရုပ်တရား ချင်း အတူတူ ချစ်သားတို့ဟာ တော် မတော်ကို ကိုယ်ပိုင်ဉာဏ်နဲ့ ပြန်ပြီး တော့ စဉ်းစားကြည့်စမ်းပါ၊ တော်ပါ့မလား၊ (မတော်ပါဘုရား)

ဒီတော့ နမ်းရှူဘူးတဲ့ အတိတ်က ဂန္ဓာရုံ ရုပ်တရား၊ နမ်းရှူနေဆဲ ဖြစ်တဲ့ ပစ္စုပ္ပန် ဂန္ဓာရုံ ရုပ်တရား၊ နမ်းရှူရပါလို၏လို့ တောင့်တ နေတဲ့ အနာဂတ် ဂန္ဓာရုံ ရုပ်တရား၊ အဲဒီ ရုပ်တရားတွေပေါ်မှာ ကိုယ်မနမ်းရှူဘူးတဲ့၊ နမ်းရှူနေဆဲ မဟုတ်တဲ့၊ နမ်းရှူရပါလို၏လို့ မတောင့်တတဲ့ အတိတ်ပစ္စုပ္ပန် အနာဂတ်မှာရှိတဲ့ ဂန္ဓာရုံ ရုပ်တရားတွေပေါ်မှာ ဆန္ဒရာဂ မဖြစ်သလို ဒီ ရုပ်တရားတွေပေါ်မှာလဲ ဆန္ဒရာဂ မဖြစ်အောင် ချစ်သားတို့ ချစ်သမီးတို့ ကျင့်ပါ။ မာလုကျပုတ္တ မထေရ်ကို သင်ချစ်သား ကျင့်ပါလို့ မြတ်စွာဘုရားက ဒါပြောနေတာ။ (မှန်ပါ) ဂန္ဓာရုံနော်။ (မှန်ပါ)

## ကာလသုံးမျိုးနှင့် ရသာရုပ် သုံးမျိုးကို စွဲလမ်းရန် မဖြစ်ထိုက်ပုံ

> "ယေ တေ ဇိဝှာဝိညေယျာ ရသာ အသာယိတာ အသာယိတပုဗ္ဗာ၊ န စ သာယသိ၊ န စ တေ ဟောတိ သာယေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ"တိ။

မြတ်စွာဘုရား၏ အမေးနော်။ (မှန်ပါ)

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ ဇိဝှာဝိညေယျာ၊ ဇိဝှာဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ယေ ရသာ၊အကြင် ရသာမျိုးစုံ ရသာရုံတို့သည်။သန္တိ၊ ရှိကြလေကုန်၏။တေ၊ ထိုအရသာ မျိုးစုံ ရသာရုံတို့ကို။ တေ၊ သင်ချစ်သားသည်။ အသာယိတာ၊ ယခုဘဝမှာလဲ တခါမျှ လျှာပေါ်မရောက် မလျက်ဘူးကုန်။ မစားဘူးကုန်။ (အခုဘဝတခါမျှ မစားဘူးတဲ့ ရသာရုံဆိုတာ ရှိသလား၊ မရှိဘူးလား—ဘုန်းကြီးတို့ ပရိသတ်။ (ရှိပါတယ်ဘုရား) အသာယိတ ပုဗ္ဗာ၊ ရှေးဘဝတုန်းကလဲ တခါမျှ မစားဘူးကုန်။ စားဘူးသလား။ (မစားဘူးပါဘုရား) အဲဒီ သင်မစားဖူးဘူးလို့ ဆိုတဲ့ ရသာရုံ ရုပ်တရားတွေပေါ်မှာ န စ သာယသိ၊ ယခု စားနေဆဲ လည်း မဟုတ်။ (စားနေဆဲ မဟုတ်တဲ့ ရသာရုံတွေကော မရှိဘူးလားကွဲ။ (ရှိပါတယ်ဘုရား) ပစ္စုပ္ပန်ရသာရုံ၊ ဟုတ်လား။ (မှန်ပါဘုရား)

တေ၊ သင်ချစ်သားအား။ သာယေယျံ၊ စားသောက်ရ လျက်ရပါလို၏ဟူ၍။ န စ ဟောတိ၊ ဖြစ်လည်းမဖြစ်။ တတ္ထ၊ ထို သင် မစားဘူးတဲ့ ရသာရုံ ရုပ်တရား၊သင်စားနေဆဲ မဟုတ်တဲ့ ရသာရုံ ပစ္စုပ္ပန် ရုပ်တရား၊ စားရပါလို၏လို့ မတောင့်တတဲ့ အနာဂတ်ရသာရုံ ရုပ်တရားပေါ်၌။ ဆန္ဒော ဝါ၊ လိုချင်ခြင်းသည်၎င်း။ ရာဂေါ ဝါ၊ စွဲလမ်းတပ်မက်ခြင်းသည်၎င်း။ ပေမံ ဝါ၊ ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးခြင်းသည်၎င်း။ အတ္ထိ၊ ဖြစ်များ ဖြစ်သေးသလား။

ဒီတော့ မာလုကျပုတ္တ မထေရ်ကြီးက ဘယ့်နှယ် ပြန်လျှောက်တုန်း။

"နော ဟေတံ ဘန္တေ" မဖြစ်ပါဘုရား။

ဘုန်းကြီးတို့ ပရိသတ်လဲ စဉ်းစားကြည့်၊ ဒီဘဝမှာ တခါမျှ မစားဘူးတဲ့ ရသာရုံ ရုပ်တရားဆိုတာ မရှိဘူးလား။ (ရှိပါတယ်ဘုရား) အဲဒီ ရုပ်တရား ထဲက မစားဘူးတာ ဘာရှိလဲ။ ဝက်သား–ဟင်။ (စားဘူးပါတယ် ဘုရား) ငါး။ (စားဘူးပါတယ်ဘုရား) ကြက်သား။ (စားဘူးပါတယ်ဘုရား) ဆိတ်သား။ (စားဘူးပါတယ်ဘုရား) သိုးသား။ (စားဘူးပါတယ် ဘုရား) ဟင် တကာကြီးတို့ မစားဘူးတာလဲ ခပ်ရှားရှားပါလား။

ဟင်–မစားဘူးတဲ့ အဲဒီ ရသာရုံ ရုပ်တရားပေါ်မှာ စားချင်လှပါတယ်လို့ ဆိုတဲ့ သဘောသည် ရာဂ၊ အဲဒါမစားရလျှင် မနေနိုင်ပါဘူးလို့ဆိုတဲ့ စွဲလမ်းတဲ့ ရာဂသည်–တဏှာသည် စားရပါလို၏ဟူ တောင့်တမှုတွေ ဘုန်းကြီးတို့ အမျိုးကောင်းသား၊ သမီးတွေများ ဖြစ်သေးသလား။ (မဖြစ်ပါဘူးဘုရား)

ချစ်သားရယ်–အဲဒီ မစားဘူးသေးတဲ့ ရသာရုံပေါ်မှာမှ သင်ချစ်သား ဆန္ဒ ရာဂ ပေမ မဖြစ်ယင် သင် စားဘူးတဲ့ ရသာရုံ ရုပ်တရားတွေပေါ်မှာ ဆန္ဒ ရာဂ ပေမ ဖြစ်လို့ တော်ပါ့မလား။ (မတော်ပါဘူးဘုရား)

စားဘူးတဲ့ ရသာရုံ ရုပ်တရားတွေပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် ချစ်သား ချစ်သမီးကျင့်ပါ–နော်။ (မှန်ပါဘုရား)

နစ သာယသိ–စားနေဆဲမဟုတ်တဲ့ ရသာရုံ ရုပ်တရားတွေကော မရှိဘူး လားကွဲ့။ (ရှိပါတယ်ဘုရား) အဲဒီ စားနေဆဲ မဟုတ်တဲ့ ပစ္စုပ္ပန် ရသာရုံတွေ ပေါ်မှာ ဆန္ဒ ရာဂ ပေမ ဘုန်းကြီးတို့ ပရိသတ် ဖြစ်သေးသလား။ (မဖြစ်ပါ ဘူးဘုရား)

အေး–ချစ်သား ချစ်သမီးတို့ရယ်တဲ့၊မြတ်စွာဘုရားက။စားနေဆဲ မဟုတ်တဲ့ ပစ္စုပ္ပန် ရသာရုံတွေပေါ်မှာ သင်ချစ်သားတို့က ဆန္ဒ ရာဂ မဖြစ်ယင် ချစ်သား တို့ ချစ်သမီးတို့ စားနေဆဲဖြစ်တဲ့ ရသာရုံ ရုပ်တရားပေါ်မှာလဲ ဆန္ဒ ရာဂ ပေမ ဖြစ်လို့ တော်ပါ့မလား။ (မတော်ပါဘူးဘုရား)

စားနေဆဲမှာ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် ကျင့်ပါ။ (မှန်လှပါဘုရား) သဘောပေါက်ပလားကွဲ့။ (ပေါက်ပါပြီဘုရား)

အေး–ကျင့်ပုံ ကျင့်နည်းကိုတော့ နောက်ပိုင်းမှာ ဟောရမှာကိုး ကွဲ့နော်။ (မှန်ပါ) ဒီသုတ္တန်က ခြောက်ညတောင် ဟောမှာကွဲ့။ ရသာရုံ ပြီးပလားကွဲ့။ (ပြီးပါပြီဘုရား) ရသာရုံပြီးတော့ ဘာပါလိမ့်။ (ဖောဋ္ဌဗ္ဗာရုံပါဘုရား)အတွေ့ မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ။ ဖောဋ္ဌဗ္ဗာရုံဆိုတော့ ဖောဋ္ဌဗ္ဗဓာတ်တွေက ဘာတွေလဲလို့ ဆိုတော့–

## ကာလသုံးမျိုးနှင့် အတွေ့အထိရုပ်သုံးမျိုးကို စွဲလမ်းရန် မဖြစ်ထိုက်ပုံ

''အာပေါမာတု ဝိဝဇ္ဇိတံ ဘူတတ္တယသန်ါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံ နာမ''

ဒါမဟုတ်လားကွဲ။ (မှန်ပါ)၊ အာပေါမာတ် ကြဉ်ထားယင် ပထဝီရယ်၊ ဝါယောရယ်၊ တေဇောရယ်-ဟုတ်လား။ (မှန်ပါဘုရား) ဒီ ဓာတ်သုံးပါးဟာ ရုပ်တရားလား၊ နာမ်တရားလားကွဲ။ (ရုပ်တရားပါဘုရား) ရုပ်တရားတွေနော်၊ ဖောဋ္ဌဗ္ဗာရုံဆိုယင် ရုပ်တရားလို့သာ မှတ်ထားကြ။ (မှန်ပါဘုရား) ဒါကြောင့်—

''ယေ တေ ကာယဝိညေယျာ ဖောဋ္ဌဗ္ဗာ အသံဖုဋ္ဌာ အသံဖုဋ္ဌပုဗ္ဗာ၊ န စ ဖုသသိ၊ န စ တေ ဟောတိ ဖုသေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒောဝါ ရာဂေါ ဝါ ပေမံ ဝါ'' (မြတ်စွာဘုရားက မေးတယ်)

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ ကာယဝိညေယျာ၊ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ယေ ဖောဋ္ဌဗ္ဗာ၊ အကြင် အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့သည်။ သန္တိ၊ ရှိကြလေကုန်၏။

အပျော့ အမာ အကြမ်း အနု အထိ အတွေ့ဟာ ဖောဋ္ဌဗ္ဗာရုံကွဲ။ (မှန်ပါ)

အဲဒါ ဘာတရားတုန်းကွဲ။ (ရုပ်တရားပါဘုရား) ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာရှုပွားနည်းက သူကို ရုပ်တရားလို့ ရှုရမယ်။ (မှန်ပါဘုရား) ပုဂ္ဂိုလ်လို့ မရှုရဘူး၊ သတ္တဝါလို့ မရှုရဘူး။ သဏ္ဌာန်ဒြပ်လို့ မရှုရဘူးနော်။ (မှန်ပါဘုရား) ဘာလို့ ရှုရမလဲ။ (ရုပ်လို့ ရှုရမှာပါဘုရား) ရုပ်တရား— ရုပ္ပတိ ရူပံ။

ရုပ္ပတိ၊ ဤဖောဋ္ဌဗ္ဗ မာတ်သဘောသည်။ ရူပံ၊ ရုပ်မည်၏။

ဒါရုပ်ဖောဋ္ဌဗ္ဗ။ အပျော့ အမာ အကြမ်း အနု အထိ အတွေ့ မှန်သမျှ ဘာတွေတုန်း။ (ရုပ်တရားပါဘုရား)

ပျော့တာနဲ့ တွေ့တွေ့ မာတာနဲ့ တွေ့တွေ့ ဘာတရားလို့ ရှုရမလဲ။ (ရုပ်တရားလို့ ရှုရမှာပါဘုရား)

ပူတာနဲ့ တွေ့တွေ့ အေးတာနဲ့တွေ့တွေ့ ဘာတရားလို့ ရှုရမလဲ။(ရုပ်တရားလို့ ရှုရမှာပါဘုရား)

ကြမ်းတာနဲ့ တွေ့တွေ့၊ နုတာနဲ့ တွေ့တွေ့ ဘာတရားလို့ ရှုရမလဲ။ (ရုပ်တရားလို့ ရှုရမှာပါဘုရား)

မလွှတ်စေနဲ့ နော်၊ မလွှတ်စေနဲ့။ (မှန်ပါဘုရား)

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေမှာလေ မြင်ယင် မြင်၊ မမြင်ယင် ကြား၊ အနံ့ နံယင် နံ၊ မနံယင် အရသာပေါ့။ အဲဒီ လေးစုံမှ မရှိဘူး ဆိုယင် အခုနင်က အကြမ်းနဲ့ အနုနဲ့ နှစ်မျိုး တမျိုး တမျိုးနဲ့ တွေ့နေမယ်။ တွေ့မနေဘူးလား။ (တွေ့နေပါတယ်ဘုရား)

ဟုတ်လား။ (မှန်ပါဘုရား)

အကြမ်း အနုနဲ့လဲ တွေ့နေတတ်တယ်။ ဘယ်သူနဲ့တွေ့တွေ့-ကာယဝိညာဏ်၊ နော်။ (မှန်ပါဘုရား) အပျော့ အမာ၊ အပူ အအေး၊ တွေ့တတ်တယ်နော်။ (မှန်ပါဘုရား)

အဲဒီ ဓာတ်တွေ ပေါ်ပေါ် ပေါ်ပေါ် လာပလားလို့ ဆိုယင် ဘာနဲ့ဘဲ တွေ့တွေ့၊ မြင်တာနဲ့ တွေ့တွေ့၊ ကြားတာနဲ့ဘဲ တွေ့တွေ့၊ နံတာနဲ့ဘဲ တွေ့တွေ့၊ လျှာပေါ်မှာ အရသာနဲ့ဘဲ တွေ့တွေ့၊ အဆင်း ရူပါရုံနဲ့ဘဲ တွေ့တွေ့၊ အသံ သဒ္ဒါရုံနဲ့ဘဲ တွေ့တွေ့၊ အနံ့ ဂန္ဓာရုံနဲ့ဘဲ တွေ့တွေ့၊အရသာခေါ်တဲ့ ရသာရုံနဲ့ ဘဲ တွေ့တွေ့၊ အကြမ်း အနု အပျော့ အမာ အပူ အအေးနဲ့ဘဲ တွေ့တွေ့ ရုပ် တရားလို့ ရူပါ။ ဘာတရားတုန်းကွဲ့။ (ရုပ်တရားပါဘုရား)

အဲဒီ ရုပ်တရားတွေ ပေါ်မှာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေက လိုလား နေတယ်။ တောင့်တ နေတယ်။ စွဲလမ်း နေတယ်။ မျှော်လင့်နေကြတယ်။ လိုလားတဲ့အတိုင်း မရယင် ဒုက္ခလား၊ သုခလား။ (ဒုက္ခပါဘုရား)

ရယင်ကောကွဲ့။ (သုခပါဘုရား)

တကာကြီးတို့ ဘယ်သူက ပြောလဲ။ ရလေ ဒုက္ခရောက်လေ။ရလေ ဒုက္ခ ရောက်လေ။ မြင်လား။ (မှန်ပါဘုရား)ဟင်။ (မြင်ပါတယ်ဘုရား)

နို့– ဘာမှ မရသေးဘူးလား။ ဟိုတုန်းကတော့ မရသေးဘူး။အခု မရ သေးဘူးလား။ ရနေပြီထင်တယ်။ဟင်– ရပလားကွဲ့။ (မရသေးပါဘူးဘုရား)

ဘာမရသေးတာလဲ။ (လိုချင်တာ မရသေးပါဘူး ဘုရား) ရနေပါပြီ။ တကာကြီး လိုချင်တာ ရနေပြီ မဟုတ်လား။ တကာကြီး အသက်ဘယ်လောက် ရှိပလဲ။ (တပည့်တော် ၆၀-ပါဘုရား)

ဟင်–၆၀•ဆို ရရောပေါ့ကွဲ့၊ ဟင်။ (မာလုကျပုတ္တလောက် မကြီးသေး ပါဘူးဘုရား)

တယ်ခက်ထာဘဲ။ တကာကြီး နဂိုတုန်းက ရှာထားတာ မရသေးဘူးလား။ (ရလေလိုလေ ဖြစ်နေလို့ပါဘုရား)

လိုချင်တာ ရနေတော့ ဒုက္ခရောက်လား၊ မရောက်ဘူးလားကွဲ။ (ရောက်ပါတယ်ဘုရား)

ရလို့ ဒုက္ခရောက်တာတွေ နော်။ဘာပြုလို့ ရသလဲ။(ရှာလို့ပါဘုရား) အေးအဲ့ဒီလို ရှာတာက နည်းမမှန်လို့။ (မှန်ပါဘုရား)

"အတ္တနာ ဇာတိဓမ္မော သမာနော ဇာတိဓမ္မံ ယေဝ ပရိယေသတိ။ အတ္တနာ ဇရာဓမ္မော သမာနော ဇရာဓမ္မံ ယေဝ ပရိယေသတိ [၁]"

အတ္တနာ၊ မိမိကိုယ်တိုင်က။ ဇာတိဓမ္မော၊ ပဋိသန္ဓေနေခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ ဇာတိဓမ္မံယေဝ၊ ပဋိသန္ဓေ နေတတ်တဲ့ သဘောတရားကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။ အတ္တနာ၊ မိမိကိုယ်တိုင်က။ ဇရာဓမ္မော၊ အိုခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ ဇရာဓမ္မံယေဝ၊ အိုခြင်းသဘောတရားကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၍ နေ၏။

ကိုယ်ဒုက္ခ တွေ့နေသလား။ တွေ့မနေဘူးလား။ (တွေ့နေပါတယ်ဘုရား)

ရလို့လား။ မရလို့လား။ (ရလို့ပါဘုရား)

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေက အဆင်းလဲ ရှာတယ်။ အသံလဲ ရှာတယ်။အနံ့လဲ ရှာတယ်။အရသာလဲ ရှာတယ်။အထိအတွေ့ အကြမ်း အနု အပျော့ အမာ အပူ အအေး—ဒါလဲ ရှာတယ်။ (မှန်ပါဘုရား)

ရှာတော့ မရဘူးလား။ (ရပါတယ်ဘုရား) ရတော့ ဒုက္ခလား၊ သုခလားကွဲ။ (ဒုက္ခပါဘုရား)

အေး–ရှာနေတယ်ဆိုတာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ။ မာလုကျပုတ္တ သုတ္တန် ဒေသနာတော်က—

"ယေ တေ ကာယဝိညေယျာ ဖောဋ္ဌဗ္ဗာ အသံဖုဋ္ဌာ အသံဖုဋ္ဌပုဗ္ဗာ န စ ဖုသသိ၊ န စ တေ ဟောတိ ဖုသေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ" (မြတ်စွာဘုရားက)

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ ကာယဝိညေယျာ၊ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ယေ ဖောဋ္ဌဗ္ဗာ၊ အကြင် အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ

---

၁။ မူလပဏ္ဏာသ ပါဠိတော်၊ ပါသရာသိသုတ်။ (ထူးကြီး ဝိပဿနာ-ဒုတိယအုပ်၊ ၅၈-စသည်လည်း ရှုပါ)

ရုပ်တရားတို့သည်။ သန္တိ၊ ရှိကြလေကုန်၏။ တေ၊ ထို ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ ရုပ်တရားတို့ကို။ တေ၊ သင် ချစ်သား မာလုကျပုတ္တသည်။ (ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေနော်) အသံဖုဋ္ဌာ၊ ယခုဘဝမှာလဲ မထိတွေ့ဘူးကုန်။ အသံဖုဋ္ဌပုဗ္ဗာ၊ ရှေးရှေးဘဝတွေကလဲ မထိတွေ့ခဲ့ဘူးကုန်။ န စ ဖုံသသိ၊ ယခု ပစ္စုပ္ပန်မှာလဲ ထိတွေ့နေဆဲမဟုတ်။ တေ၊ သင် ချစ်သားအား။ ဖုသေယျုန္တိ၊ ထိတွေ့ရပါလို၏ဟူ၍။ န စ ဟောတိ၊ တောင့်တမှုလည်း မဖြစ်။

မာလုကျပုတ္တ၊ မာလုကျပုတ္တ။ တတ္ထ၊ ထို သင် မတွေ့ဘူးတဲ့၊ အတိတ်ကဖြစ်ခဲ့တဲ့ ဖောဋ္ဌဗ္ဗာရုံ ရုပ်တရား၊ တွေ့ထိဆဲမဟုတ်တဲ့ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ ရုပ်တရား၊ တွေ့ထိရပါလို၏လို့ မတောင့်တတဲ့ အနာဂတ် ဖောဋ္ဌဗ္ဗာရုံ ရုပ်တရားတို့အပေါ်၌။ တေ၊ သင် ချစ်သားအတွက်။ ဆန္ဒော ဝါ၊ လိုချင်ခြင်းသည်၎င်း။ ရာဂေါ ဝါ၊ စွဲလမ်းခြင်းသည်၎င်း။ ပေမံ ဝါ၊ ချစ်ခင်နှစ်သက်ခြင်းသည်၎င်း။ အတ္ထိ၊ ဖြစ်များ ဖြစ်သေးသလား။

ဒီတော့ မာလုကျပုတ္တ မထေရ်ကြီးက ဘယ့်နှယ် ပြန်ပြောသလဲ။ နောဟေတံ ဘန္တေ၊ မဖြစ်ပါ ဘုရား။

ကိုင်း–ဒီတော့ ချစ်သားတို့ စဉ်းစားပါ။ သင် မထိမတွေ့ဘူးတဲ့ အတိတ်က ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ တရားသည် ရုပ်တရား။ (မှန်ပါဘုရား) အဲဒီ ရုပ်တရားပေါ်မှာမှ သင် ချစ်သားသည် ဆန္ဒ ရာဂ မဖြစ်ဘူးဆိုယင် သင် ထိတွေ့ဘူးတဲ့ အတိတ် ဖောဋ္ဌဗ္ဗာရုံ ရုပ်တရားတွေ အပေါ်မှာ ဆန္ဒ ရာဂ ဖြစ်လို့ တော်ပါ့မလား။ (မတော်ပါဘူးဘုရား) အဲဒီ ထိတွေ့ဘူးတဲ့ ဖောဋ္ဌဗ္ဗာရုံ ရုပ်တရားတွေအပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် ကျင့်ပါ။ (မှန်ပါဘုရား)

ချစ်သား၊ သင် ထိတွေ့ဆဲ မဟုတ်တဲ့ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ ရုပ်တရားပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်သလို တွေ့ထိ နေဆဲဖြစ်တဲ့ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ရုပ်တရားပေါ်မှာကော ဆန္ဒ ရာဂ ပေမ ဖြစ်လို့ တော်ပါ့မလား။ (မတော်ပါဘူး ဘုရား)

ရုပ်တရားချင်းအတူတူ။ (မှန်ပါ) အဲဒီတော့ တွေ့ထိဆဲဖြစ်တဲ့ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် ချစ်သား ချစ်သမီး ကျင့်ပါ။ (မှန်ပါဘုရား)

ဒါဟောနေတာကွဲ့၊ မြတ်စွာဘုရားက။ ချစ်သား၊ တွေ့ထိရပါလို၏လို့ သင် ချစ်သား ချစ်သမီးတို့က မတောင့်တတဲ့ အနာဂတ် ဖောဋ္ဌဗ္ဗာရုံတွေပေါ်မှာ ဆန္ဒ ရာဂ ပေမဆိုတဲ့ တရားသည် မဖြစ်သလို မဖြစ်ဘူး မဟုတ်လား။ (မဖြစ်ပါဘူးဘုရား)

ချစ်သား ချစ်သမီးတို့၊ တွေ့ထိရပါလို၏လို့ တောင့်တ မျှော်လင့်နေကြတဲ့ အနာဂတ် ဖောဋ္ဌဗ္ဗာရုံတွေပေါ်မှာလဲဘဲ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် ကျင့်ပါ။ ဒါပြောချင်တာ။ (မှန်ပါ)

ဒါ မာလုကျပုတ္တ မထေရ်ကြီးနဲ့ အမေးအဖြေလုပ်တုန်း ရှိသေးတယ်။ တရားမဟောရသေးဘူး။ ကျင့်ခန်း ကြံခန်းတွေ မဟောရသေးဘူး။ (မှန်ပါဘုရား) နောက်တခါ ဘာ ဟောလဲ၊ ဓမ္မာရုံနော်။ (မှန်ပါ)

## ကာလသုံးမျိုးနှင့် ဓမ္မာရုံသုံးမျိုးကို စွဲလမ်းရန် မဖြစ်ထိုက်ပုံ

"ယေ တေ ပနေ၁ဝိညေယျာ ဓမ္မာ အဝိညာတာ အဝိညာတပုဗ္ဗာ၊ န စ ဝိဇာနာသိ၊ န စ တေ ဟောတိ ဝိဇာနေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ"

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ မနော၁ဝိညေယျာ၊ မနော၁ဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ယေ ဓမ္မာ၊ အကြင် ရုပ် နာမ် မျိုးစုံ ဓမ္မာရုံတို့သည်။ သန္တိ၊ ရှိကြလေကုန်၏။

ဓမ္မာရုံတွေနော်။ (မှန်ပါ) ဒါ–ဝိပဿနာနေရာမှာမို့ လို့ ရုပ် နာမ်မျိုးစုံ ဓမ္မာရုံလို့ ပြောတာနော်။ (မှန်ပါ) အမှန်ကတော့ နိဗ္ဗာန်လဲ ဓမ္မာရုံဘဲကွဲ။ ပညတ်လဲ ဓမ္မာရုံဘဲ။ ဒီနေရာမှာတော့ ရုပ် နာမ်ဘဲ ယူထားတယ်။ ဓမ္မာရုံ= နာမ် ရုပ်။ ဓမ္မာရုံဆိုတာ ဘာပါလိမ့်။ (နာမ် ရုပ်ပါဘုရား) နာမ် ရုပ်။

"ဓမ္မာရမ္မဏံ ပန ပသာဒ သုခုမရူပ စိတ္တစေတသိက နိဗ္ဗာန ပညတ္တိဝသေန ဆဓာ သင်္ဂယှတိ"—

လို့ အခုနပ်က အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာက ပြောထားတယ်။ ဓမ္မာရုံက ခြောက်မျိုး။ (မှန်ပါ)

ပသာဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ်ခြောက်မျိုးကွဲ။ (မှန်ပါဘုရား)

ဒီနေရာမှာ ဝိပဿနာနဲ့ သွားမယ့်ကိစ္စဖြစ်ခြင်းကြောင့် ပညတ်နဲ့ နိဗ္ဗာန်ကို ခဏချန်ပစ်ခဲ့။ (မှန်ပါဘုရား) ဘာပြုလို့လဲ။ ပညတ်က ဝိပဿနာရဲ့ အာရုံ မဟုတ်ဘူးကွဲ။ နိဗ္ဗာန်ကလဲ ဝိပဿနာရဲ့ အာရုံမဟုတ်ဘူး။ မဂ်ဉာဏ်ရဲ့ အာရုံသာ ဖြစ်တယ်။ (မှန်လှပါဘုရား)

ဝိပဿနာရဲ့ အာရုံက ဘာလဲလို့ဆိုတော့ နာမ် ရုပ်။ တနည်းပြောယင် စိတ်၊ စေတသိက်၊ ရုပ်၊ ဟုတ်လား။ (မှန်ပါဘုရား) ဒါ ဝိပဿနာရဲ့အာရုံ၊ ဒါ ရှင်းပြီနော်။ (မှန်ပါဘုရား) အဲ့ဒါကြောင့်—

တေ၊ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ကို။ တွံ၊ သင်ချစ်သား မာလုကျပုတ္တသည်။ အဝိညာတာ၊ ယခုပစ္စုပ္ပန်လောကမှာလဲဘဲ ဒီဘဝမှာလဲဘဲ တကြိမ်ဘခါမျှ မသိဘူးကုန်။ အဝိညာတပုဗ္ဗာ၊ ရှေးရှေးဘဝတို့ကလဲဘဲ တကြိမ်တခါမှ မတွေ့ခဲ့ဘူးကုန်။ န စ ဝိဇာနာသိ၊ ယခုသိဆဲလည်းမဟုတ်။ (ဒီ ဓမ္မာရုံကို သိဆဲလည်း မဟုတ်) တေ၊ သင်ချစ်သားအတွက်။ ဝိဇာနေယျန္တိ၊ ဒီ ဓမ္မာရုံကို သိရ ပါလို၏ဟု။ န စ ဟောတိ၊ တောင့်တမှုလည်း မဖြစ်။ မာလုံကျပုတ္တ၊ ချစ်သားမာလုကျပုတ္တ။ တတ္ထ၊ ထို သင် မသိဘူးခဲ့တဲ့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၊ သင်သိနေဆဲ မဟုတ်တဲ့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၊ သင် သိရပါလို၏လို့ မတောင့်တတဲ့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့၌။ ဆန္ဒော ဝါ၊ လိုချင်ခြင်းသည်၎င်း။ ရာဂေါ ဝါ၊ စွဲလမ်းနှစ်သက်ခြင်းသည်၎င်း။ ငါ့ငါ့ဥစ္စာလို့ စွဲယူသိမ်းပိုက်ခြင်းသည်၎င်း။ ပေမံ ဝါ၊ ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးခြင်းသည်၎င်း။ အတ္ထိ၊ ဖြစ်များ ဖြစ်သေးသလား ချစ်သား။

မေးတယ်။ (မှန်ပါဘုရား) တခါမျှ ကိုယ်မသိဘူးတဲ့ နာမ်ရုပ်၊ ကိုယ်သိနေဆဲမဟုတ်တဲ့ နာမ်ရုပ်၊ သိရပါလို၏လို့ မတောင့်တတဲ့ အနာဂတ်ဓမ္မာရုံ နာမ်ရုပ်၊ အဲဒီ နာမ်ရုပ်တွေရဲ့ အပေါ်မှာ သင်ချစ်သားတို့သည် လိုချင်ခြင်း၊ စွဲလမ်းခြင်း၊ ချစ်ခင်နှစ်သက်ခြင်းများ ဖြစ်သေးသလား။ ဘယ်နည်းနဲ့မျှ မဖြစ်ဘူး၊ ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား)

' ဒါ ပါဠိတော် စာပိုဒ်ကတော့ ပြီးပြီ။ (မှန်ပါ) အဲဒီမှာ တဆပ်ပြန်လာခဲ့။ မြတ်စွာဘုရားရဲ့ အာဘော်က ဒီမှာမှတွေ့မယ်။သိစေချက်သိစေလိုတဲ့ အဓိပ္ပာယ်က ဒီတချက်ကျမှ ပေါ်မှာကွဲ။ (မှန်ပါဘုရား) ဒီလိုမပြန်ယင် ဒီအဓိပ္ပာယ်ပေါ်ကို မပေါ်ဘူး။ (မှန်ပါ) ဒါကြောင့် ပါဠိတော်ဟောစဉ်မှာ အဲဒီ အယူအဆဟာ အင်မတန် အရေးပါတဲ့ အချက်ပါ။ အဲဒါကို ဘုန်းကြီးတို့ မုံရွာမြို့က အမျိုးကောင်းသားများ၊ သမီးများက ကြပ်ကြပ် သတိပြု စေလိုပါတယ်။ (မှန်ပါဘုရား)

ချစ်သား မာလုကျပုတ္တ၊ သင်မသိတူးတဲ့ အတိတ်ဓမ္မာရုံ နာမ်ရုပ်တရားပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်ယင် သင်သိဘူးတဲ့ အတိတ်ဓမ္မာရုံ နာမ်ရုပ်တို့ရဲ့ အပေါ်မှာ ဆန္ဒ ရာဂ ပေမ ဖြစ်လို တော်ပါ့မလား။ မဖြစ်အောင် ကျင့်ပါ။ (မှန်လှပါဘုရား)နာမ်ရုပ်ပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် ကျင့်ပါလို့ ဒါပြောတာ။ (မှန်ပါဘုရား)

ချစ်သား မာလုကျပုတ္တ၊ သင် သိနေဆဲမဟုတ်တဲ့ ရုပ်နမ်မျိုးစုံ ဓမ္မာရုံတို့ရဲ့ အပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်သလို ယခု ရှုပွားဆဲမှာ သိနေတဲ့ နာမ်ရုပ်ပေါ်မှာလဲဘဲ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် သင်ချစ်သား ကျင့်မှပေါ့။

အကျင့်ခိုင်းတယ်။ (မှန်ပါ) ကိုးနာရီခွဲဆိုယင် တော်ကြအုံးစိုက်ွယ်။ (မှန်ပါ) ဘာကျင့်ရမလဲဆိုဒါ နက်ဖြန်ခါကျတော့ ဟောမယ်။(မှန်ပါ) ဒီအချက်ဟာ ဘုန်းတော်ကြီးတို့ အခု တရားအားထုတ်နေတဲ့ အမျိုးကောင်းသားတွေ၊အမျိုးကောင်းသမီးတွေနဲ့ သိပ်ပြီးတော့ သက်ဆိုင်တယ်။ (မှန်ပါဘုရား)

## ရှုပွားဆဲမှာ ဒိဋ္ဌိပြုတ်ပုံ

အခု တရားအားထုတ်နေတဲ့ ဘုန်ကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ နာမ် ရုပ် ကို တွေ့နေသလား၊ တွေ့မနေဘူးလား။ (တွေ့နေပါတယ်ဘုရား) ဘယ်အချိန်မှာ တွေ့သလဲ။(တရားအားထုတ်တဲ့အချိန်မှာ တွေ့ပါတယ်ဘုရား) ရှုပွားဆဲမှာ တွေ့တယ်၊ ဒီလိုလုပ်ပါ။ (မှန်ပါဘုရား)

ဘုန်းကြီးတို့ပရိသတ် ဘယ်အချိန်မှာ တွေ့ဘုန်းကွဲ။ (ရှုပွားဆဲမှာ တွေ့ပါတယ် ဘုရား)

**ဆောင်။ ။ရှုပွားဆဲတွင်၊ နာမ်ရုပ်မြင်၊ တွင်တွင်ကြိုးစား ရှု။**

ရှုပွားဆဲမှာ ဘာမြင်နေသတုန်း။ ရုပ်နာမ်မြင်ပါတယ်ဘုရား။ ရှုပွားဆဲမှာ ပုဂ္ဂိုလ် သတ္တဝါ မြင်နေသလား၊ ရုပ်နာမ်မြင်နေသလား။ (ရုပ်နာမ်မြင်နေပါတယ်ဘုရား) ရှုပွားဆဲမှာ ခေါင်းတွေ၊ နှာခေါင်းတွေ၊ လက်တွေ၊ ခြေထောက်တွေ မြင်နေသလား၊ ရုပ်နာမ်မြင်နေသလား။ (ရုပ်နာမ်မြင်နေပါတယ် ဘုရား)

ရှုပွားဆဲမှာ ရင်ဘတ်တွေ၊ ကျောကုန်းတွေ၊ ပေါင်တွေ၊ ဒါတွေ မြင်နေသလား၊ ရုပ်နာမ်မြင်နေသလား။ (ရုပ်နာမ် မြင်နေပါတယ်ဘုရား)

ရှုပွားဆဲမှာ ကိုယ့် မြင်နေသလား၊ သူ မြင်နေသလား၊ ရုပ်နာမ်ကို မြင်နေသလား။ (ရုပ်နာမ်ကို မြင်နေပါတယ်ဘုရား)

ပြောတာဘဲ၊ ဒီမှာသာ လာတရားအားထုတ်နေကြတယ်၊ အိမ်က ကလေးလေးတွေ ဘယ်လိုပါလိမ့်မလဲလို့ ဒီလို သွား စိတ်ရောက်နေယင် ဘယ့်နှယ် ဘာမြင်နေကြသလဲ။ ဟုတ်လား။ (မှန်ပါဘုရား)

ရှုပွားဆဲမှာ ငါ သူတပါး ယောကျ်ား မိန်းမဆိုတဲ့ အမြင်၊ ငါ- ငါ့ဥစ္စာ၊ ငါ့ပစ္စည်း၊ ငါ့ကိုယ် အစရှိတဲ့ အယူတွေကင်းပြီးတော့၊ ဝိပဿနာ ဉာဏ်ပညာနဲ့ နှလုံးသွင်းပြီးတော့ နေတဲ့အခါမှာ ဘာသာမြင်နေသလဲ။ (ရုပ်နာမ်ကိုဘဲ မြင်နေပါတယ်ဘုရား) အေး ဒါကြောင့်—

**ဆောင်။ ။ရှုပွားဆဲမှာ ဒိဋ္ဌိခွာ၊ ပညာဉာဏ်သွင်း ရှု။**
**ဘူ ငါ အစွဲ၊ ဖြိုကာခွဲ၊ စွဲမြဲသတိပြု။**

ပညာဉာဏ်သွင်းပြီးတော့ စိုက်ပြီးတော့ ရှုပွားနေတဲ့ အခိုက်မှာ ဒိဋ္ဌိဆိုတဲ့ အယူတွေ ကွာမနေဘူးလား။ (ကွာနေပါတယ်ဘုရား)

ဆိုလိုတဲ့ အဓိပ္ပာယ်က ရှုပွားဆဲမှာ ရုပ်နာမ်ကို မြင်နေတဲ့ အမျိုးကောင်းသားတွေ၊ ရုပ်နာမ်ကို တွေ့နေတဲ့ အမျိုးကောင်းသားတွေ၊ သမီးတွေ ဘယ်သူနဲ့ တွေ့နေသလဲလို့ ဆိုတော့ မနောဝိညာဏ်နဲ့။ (မှန်ပါဘုရား)

မျက်လုံးလဲ မှိတ်ထားတယ်၊ နားလဲ ပိတ်ထားတယ်၊ နှာခေါင်းကလဲ အနံ့မလာဘူး၊ လျှာလဲ စားသောက်နေဆဲ မဟုတ်ဘူးကွဲ့။ ခန္ဓာကိုယ်ကလဲ အောက်က ထိနေတာကို သတိမထားဘူး၊ ဟုတ်လား။ နာမ်ရုပ်ကိုသာ သူက သတိထားနေတာ၊ သတိကပ်နေတာဖြစ်တော့ သိတော့ နာမ်ရုပ်ပဲ သူက သိသိပြီးတော့ နေတယ်။(မှန်ပါဘုရား)

ဘာသိနေတုန်း။ (နာမ်ရုပ်ကို သိနေပါတယ်ဘုရား)

အဲဒီ နာမ်ရုပ်သိပုံတွေကို နက်ဖြန်ခါ အလုပ်ပေးတဲ့ စခန်းမှာ သူက ထည့်ပြီးတော့ ပြောပေးရမယ် နော်။ (မှန်ပါ)

## ရုပ်နာမ်တွေမှ ဝိပဿနာနယ် ရောက်မည်

ဒီတော့ ဝိပဿနာ ရှုပွားဆဲမှာ ဘာမှုနဲ့ဘဲ ရှုရှုကွဲ့၊ ဝိပဿနာ ရှုပွားဆဲမှာတော့ နာမ်ရုပ်ပဲ တွေ့ရမယ်။ (မှန်ပါဘုရား) ဝိပဿနာ ရှုပွားတဲ့ နည်းတွေ ဘယ်လောက်ပဲများတယ် ပြောပြော၊ ဝိပဿနာ ရှုပွားဆဲမှာတော့ နာမ်ရုပ်ပဲ တွေ့ရမယ်။(မှန်ပါဘုရား)ဟုတ်လား။ (မှန်လှပါဘုရား)

နာမ်ရုပ်ကိုရှုတာ မဟုတ်ယင်တော့ ဝိပဿနာနယ်ထဲ သူမရောက်သေးဘူး။ (မှန်လှပါဘုရား)

သေသေချာချာ မှတ်ထားပါနော်။ (မှန်ပါဘုရား)

နာမ်ရုပ်ကို ရှုနေပြီ၊ တွေ့နေပြီဆိုယင် အဲဒါ ဝိပဿနာနယ်ထဲ ရောက်လာပြီ။ နာမ်ရုပ်ကို ပိုင်ပိုင်နိုင်နိုင် သဘာဝလက္ခဏာနဲ့ မတွေ့သေးသမျှ ကာလပတ်လုံး ဝိပဿနာ နယ်ထဲ အစကလေးတောင် မရောက်သေးဘူးလို့ တထစ်ချ မှတ်ထားပါ။(မှန်ပါဘုရား)

ရှင်းပလားကွဲ့၊ ဘုန်းကြီးတို့ပရိသတ်။(ရှင်းပါတယ်ဘုရား) ဒီတော့ဝိပဿနာနယ်ထဲရောက်သွားယင် ဘာသာတွေ့ရမလဲ။(ရုပ်နာမ် တွေ့ရမှာပါဘုရား)

တွေ့တော့ ဘယ်လိုတွေ့ရမလဲ။ (သဘာဝလက္ခဏာနဲ့ တွေ့ရမှာပါဘုရား)

သဘာဝလက္ခဏာလို့ ဆိုဘာ နာမ်ရုပ်တို့ရဲ့ အသီးအသီး ကိုယ်ပိုင်အမှတ်အသားရှိတဲ့ လက္ခဏာနဲ့ တွေ့မှ မှန်တယ်ကွဲ့–နော်။ (မှန်ပါဘုရား)

အေး–ထို့ကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ တွေ့ဆဲမဟုတ်တဲ့ နာမ်ရုပ်တို့ရဲ့အပေါ်မှာ ဆန္ဒ ရာဂ ပေမချား ဖြစ်သေးလား။ နော ဟောတိ ဘန္တေ-လို့ ဖြေထားတယ် နော်။ (မှန်ပါ)

အဲဒီဖြစ်ဆဲမဟုတ်တဲ့ နာမ်ရုပ်တို့ အပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်သလို သင်ချစ်သားတို့ အခုရှုပွားဆဲမှာ တွေ့နေတဲ့ နာမ်ရုပ်ပေါ်မှာလဲဘဲ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် သင်ချစ်သားတို့ နှလုံးသွင်းပေါ့။ (မှန်ပါဘုရား)

"န စ တေ ဟောတိ ဝိဇာနေယျ"န္တိ ဒီစာပိုဒ်။ သင်ချစ်သား ချစ်သမီးတို့က မနောဝိညာဏ်ဖြင့် သိရပါလို၏လို့ မတောင့်တတဲ့ နာမ်ရုပ်တွေပေါ်မှာ သင်ချစ်သား၊ ချစ်သမီးတို့ ဆန္ဒ ရာဂ ပေမများ ဖြစ်ကြသေးသလား။ (မဖြစ်ပါဘုရား) မဖြစ်ဘူးနော်။ (မှန်ပါ)

အဲဒီလို မဖြစ်သလို သိရပါလို၏လို့ မျှော်လင့်တောင့်တပြီးတော့နေတဲ့ နာမ်ရုပ်မျိုးစုံ ဓမ္မာရုံတို့၌လဲဘဲ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် သင် ချစ်သား၊ ချစ်သမီးတို့ ကျင့်ပါ။ ကျင့်မှတော်မယ်၊ ဟုတ်လား။ (မှန်လှပါ ဘုရား)

ဤသို့လျှင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် မာလုကျပုတ္တမထေရ်အရှင်မြတ်ကြီးအား အကျဉ်းချုပ်တရား ဟောကြားဘို့ရန် အခြေခံဖြစ်သော ဒေသနာတော်ကို မူချ၍ အဇ္ဈတ္တိကာယတနခြောက်ပါး၊ ဗာဟိရာယတန ခြောက်ပါး ပေါင်းတော့။ (တဆယ့်နှစ်ပါးပါ ဘုရား)

အဲဒီ တဆယ့်နှစ်ပါးကို နော်။ (မှန်ပါ)

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်လို့ခေါ်တဲ့ ဒီဝိညာဏ်တို့ဖြင့် သိအပ်၊ မြင်အပ်၊ ကြားအပ်၊ နံအပ်၊ လျက်အပ်၊ ထိအပ်၊ သိအပ်သော အာရုံခြောက်ပါး၊ ဘာခြောက်ပါးတုန်းကွဲ့။ (အာရုံခြောက်ပါးပါ ဘုရား)

ဝိညာဏ်ခြောက်ပါး အာရုံခြောက်ပါးတို့အပေါ်၌ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးတို့ဖြင့် ရှင်တော်မြတ်ဘုရားသည် ဝေဘန် ပိုင်းခြား၍ မြင်ဘူး၊ မမြင်ဘူး၊ မြင်ဆဲ၊ မြင်ဆဲမဟုတ်၊ မြင်ရပါလို၏လို့ မတောင့်တတဲ့ ဒီတရားတွေပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် သင်ချစ်သား ကျင့်ပါလို့ ဤသို့ ရှင်တော်ဘုရားသည် မာလုကျပုတ္တ သုတ္တန် ဒေသနာတော်ရဲ့ အခြေခံကို ဟောကြားတော်မူခဲ့ပါပေသည်။

သာခဝေါ၊ နှလုံးပျော့ပျောင်း အို- အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့။ တုမှေ၊ သင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည်။ တံ ဓမ္မဒေသနံ၊ ထို တရားဒေသနာတော်မြတ်ကို။ သုတွာ၊ နာရသောကြောင့်။ ဥပနိဿယံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ မှီရာ ဥပနိဿယကို။ လဘိတွာ၊ ရကြကုန်သည်ဖြစ်၍။ တေန၊ ထိုပေါ်ပေါက်လာသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့်။ နိဗ္ဗာနံ၊ အသင်္ခတဓာတ် နိဗ္ဗာန် ပရမတ်ကို။ သစ္ဆိကရောထ၊ ကောင်းစွာမသွေ မျက်မှောက်ပြုနိုင်ကြပါစေကုန် သတည်း။

သာဓု-သာဓု-သာဓု—

# မာလုကျပုတ္တ သုတ္တန်

## ဒုတိယပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၂၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၀-ပြည့်နှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်၊ မုံရွာမြို့ ဆုတောင်းပြည့် စေတီတော်ကြီး၏ ရင်ပြင်တော် ဝိပဿနာ ဓမ္မာရုံကြီးတွင် တည်ခင်း ဟောကြားအပ်သော သံယုတ္တနိကာယ် သဠာယတန ဝဂ္ဂသံယုတ် ပါဠိတော် သဠာဝဂ်၌လာသော မာလုကျပုတ္တ သုတ္တန် ဒုတိယပိုင်း တရားဒေသနာ။

(ဘုရားရှိခိုး ရှေးနည်း အတိုင်းပင်)

သာဓု—သာဓု—သာဓု—

"ယေ တေ မနောဝိညေယျာ ဓမ္မာ အဝိညာတာ အဝိညာတပုဗ္ဗာ၊ န စ ဝိဇာနာသိ၊ န စ တေ ဟောတိ ဝိဇာနေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ"

(အနက်နှင့် အဓိပ္ပာယ်ကို ပထမပိုင်း စာမျက်နှာ ၃၄-မှ ၃၆-အထိ ဟောကြားခဲ့ပြီ)

### ကာလ ၃-ပါး ခေတ် ၁၈-ပါး ရုပ်နာမ်တရား

သင်ချစ်သားသည် ယခု ပစ္စုပ္ပန်မှာ သိဆဲ မဟုတ်တဲ့ ရုပ်နာမ် မျိုးစုံ ဓမ္မာရုံတို့ရဲ့ အပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်သလို သင်ချစ်သားသည် ယခု ပစ္စုပ္ပန်မှာ သိနေဆဲဖြစ်တဲ့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ အပေါ်မှာလဲ ဆန္ဒ ရာဂ ပေမ ဖြစ်လို့ တော်ပါ့မလား။ ထို သိဆဲဖြစ်တဲ့ ရုပ်နာမ် မျိုးစုံ ဓမ္မာရုံ တို့ရဲ့ အပေါ်မှာလဲ သင်ချစ်သားသည် ဆန္ဒရာဂ ပေမ မဖြစ်အောင် ကျင့်ပါ။

သင်ချစ်သားသည် သိခပါလို၏လို့ မတောင့်တတဲ့ အနာဂတ် ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ရဲ့ အပေါ်မှာ ဆန္ဒ ရာဂ ပေမ ဆိုတဲ့ သဘောတရားသည် မဖြစ်သလို သင်သိရပါလို၏လို့ တောင့်တမျှော်လင့်နေတဲ့ အနာဂတ် ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ အပေါ်မှာ သင်ချစ်သားသည် ဆန္ဒ ရာဂ ပေမ မဖြစ်အောင် ကျင့်ပါ။

ဒီလို သဗ္ဗညု မြတ်စွာ ဘုရားက ဟော လိုက်တယ်။ ဟော လိုက်တော့ ဒိဒေသနာတော်ကို ပြန်ပြီးတော့ ကြည့်လိုက်ယင် မြင်ဘူးတာရယ်၊ မမြင်ဘူးတာရယ်၊ မြင်ဆဲရယ်၊ မြင်ဆဲမဟုတ်တာရယ်၊ မြင်ရပါလို၏လို့ တောင့်တတာရယ်၊ မြင်ရပါလို၏လို့ မတောင့်တတာရယ် ဆိုတဲ့ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်းမျိုးစုံ ရူပါရုံခေါ်တဲ့ ရုပ်တရားတွေပေါ်မှာ ဆိုတော့—

အဲဒီ တရားကို စုလိုက်ယင်—စက္ခုပသာဒရုပ်၊ ရူပါရုံ၊ စက္ခုဝိညာဏ်လို့ တရားသုံးလုံးရတယ်၊ နာမ်ရုပ်နှစ်ခုပဲ ထွက်လာတယ်။

သင်ချစ်သားသည် မကြားဘူးတဲ့ အသံမျိုးစုံ သဒ္ဒါရုံ၊ ကြားနေဆဲမဟုတ်တဲ့ အသံမျိုးစုံ သဒ္ဒါရုံ၊ ကြားရပါလို၏လို့ မတောင့်တတဲ့ အသံမျိုးစုံ သဒ္ဒါရုံတွေပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်သလို သင် ကြားပြီးတဲ့ အသံမျိုးစုံ သဒ္ဒါရုံတွေ၊ သင်ကြားနေဆဲဖြစ်တဲ့ အသံ သဒ္ဒါရုံ ရုပ်တရားတွေ၊ သင်ကြားရပါလို၏လို့ တောင့်တနေတဲ့ အနာဂတ် သဒ္ဒါရုံ ရုပ်တရားတွေပေါ်မှာလဲဘဲ ဆန္ဒရာဂ ပေမ မဖြစ်အောင် ကျင့်ပါ။

စုလိုက်တော့ သောတပသာဒရုပ်၊ အသံ သဒ္ဒါရုံ၊ သောတဝိညာဏ်လို့ တရားသုံးလုံးရတယ်၊ နာမ်ရုပ်နှစ်ခုပဲ ထွက်လာတယ်။

တခါ သင်ချစ်သားသည် မနမ်းရှူဘူးတဲ့ ပစ္စုပ္ပန် အနံ့မျိုးစုံ ဂန္ဓာရုံ၊ သင် နမ်းရှူနေဆဲမဟုတ်တဲ့ ပစ္စုပ္ပန် အနံ့မျိုးစုံ ဂန္ဓာရုံ၊ သင် နမ်းရှူရပါလို၏လို့ မတောင့်တတဲ့ အနာဂတ် အနံ့မျိုးစုံ ဂန္ဓာရုံတရားတွေပေါ်မှာ ဆန္ဒရာဂ ပေမ မဖြစ်သလို သင် ချစ်သား နမ်းရှူဘူးတဲ့ အနံ့မျိုးစုံ ဂန္ဓာရုံတွေ၊ သင်ချစ်သား နမ်းရှူနေဆဲဖြစ်တဲ့ အနံ့မျိုးစုံ ဂန္ဓာရုံတွေ၊ သင်ချစ်သားသည် နမ်းရှူရပါလို၏လို့ တောင့်တ မျှော်လင့်နေတဲ့ အနာဂတ် အနံ့မျိုးစုံ ဂန္ဓာရုံတွေဆိုတဲ့ ရုပ်တရားတွေပေါ်မှာလဲ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် သင်ချစ်သား ကျင့်ပါ။

ဒီ တရားကို စုလိုက်ယင်လဲဘဲ ဃာနပသာဒရုပ်၊ ဂန္ဓာရုံ၊ ဃာနဝိညာဏ်၊ အဲဒီလိုဘဲ တရားသုံးမျိုး ထွက်လာတယ်။ ပေါင်းလိုက်တော့ ရုပ်နာမ်။ ဃာနပသာဒရုပ် ဂန္ဓာရုံက ရုပ်တရား၊ ဃာနဝိညာဏ်က နာမ်တရား၊ နာမ်ရုပ်ပဲ ထွက်လာတယ်။

နောက်တခါ သင်ချစ်သားသည် တကြိမ်တခါမျှ အတိတ်ဘဝက မစားဘူးတဲ့ ရသာရုံ ရုပ်တရားတွေပေါ်မှာ သင်ချစ်သား စားသောက်နေဆဲမဟုတ်တဲ့ ပစ္စုပ္ပန် ရသာရုံရုပ်တရားတွေပေါ်မှာ၊ သင်ချစ်သားသည် စားရပါလို၏လို့ မတောင့်တတဲ့ အနာဂတ် ရသာရုံ ရုပ်တရားတွေပေါ်မှာ ဆန္ဒ ရာဂ ပေမ မဖြစ်သလို သင်ချစ်သားသည် အတိတ်က စားဘူးတဲ့ အရသာမျိုးစုံ ရသာရုံ

တို့ရဲ့ အပေါ်မှာ သင်ချစ်သား ယခုစားနေဆဲ ဖြစ်တဲ့ ပစ္စုပ္ပန် အရသာမျိုးစုံ ရသာရုံတရားတွေရဲ့ အပေါ်မှာ၊ သင်ချစ်သား စားရပါလို၏လို့ တောင့်တ မျှော်လင့်နေတဲ့ အနာဂတ် ရသာရုံ ရုပ်တရားတွေရဲ့ အပေါ်မှာ ဆန္ဒရာဂ ပေမ မဖြစ်အောင် သင်ချစ်သား ကျင့်ပါ။

ဒီ တရားကို စုလိုက်ယင်လဲဘဲ ဇိဝှာပသာဒရုပ်၊ ရသာရုံ၊ ဇိဝှာဝိညာဏ်လို့ တရားသုံးလုံးရတယ်၊ ရုပ်နာမ်ဘဲ ထွက်လာတယ်။

နောက်တခါ သင်ချစ်သားသည် ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ကို ရှေးက မသိမတွေ့ဘူးတဲ့ ယခုပစ္စုပ္ပန်မှာလဲဘဲ ထိတွေ့နေဆဲမဟုတ်တဲ့ ဖောဋ္ဌဗ္ဗာရုံ ရုပ်တရားတွေ၊ ထိတွေ့ရပါ လို၏လို့ သင်ချစ်သား မတောင့်တမမျှော်လင့်တဲ့ အနာဂတ် ဖောဋ္ဌဗ္ဗာရုံ ရုပ်တရားတွေ ပေါ်မှာ သင်ချစ်သားသည် ဆန္ဒရာဂ ပေမ မဖြစ်သလို သင်ချစ်သားသည် အတိတ်က တွေ့ထိခဲ့ဘူးတဲ့ ဖောဋ္ဌဗ္ဗာရုံ ရုပ်တရားတွေပေါ်မှာ၊ ယခုတွေ့ထိ နေဆဲဖြစ်တဲ့ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ ရုပ်တရားတွေပေါ်မှာ၊ တွေ့ထိရပါလို၏လို့ သင်ချစ်သား တောင့်တမျှော်လင့်နေတဲ့ အနာဂတ် ဖောဋ္ဌဗ္ဗာရုံ ရုပ်တရားတွေ ပေါ်မှာ ဆန္ဒ ရာဂ ပေမ ဖြစ်လို့ တော်ပါ့မလား ချစ်သား၊ ဆန္ဒရာဂ ပေမ မဖြစ်အောင် ကျင့်ပါ။

ဒီတရားကို စုလိုက်ယင်လဲ ကာယပသာဒရုပ်၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယ ဝိညာဏ်လို့ တရားသုံးလုံးရတယ်၊ နာမ်ရုပ်ဘဲ ထွက်လာတယ်။

နောက်ဆုံး စာပိုဒ်က သင်ချစ်သားသည် အတိတ်ဘဝက မနောဝိညာဏ် ဖြင့် မသိဘူးခဲ့တဲ့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတွေပေါ်မှာ၊ သင်ချစ်သားသည် ယခု သိနေဆဲ မဟုတ်တဲ့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတွေပေါ်မှာ၊ သင်ချစ်သား သည် သိရပါလို၏လို့ မတောင့်တတဲ့ အနာဂတ်ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ရဲ့ အပေါ်မှာ ဆန္ဒ ရာဂ ပေမလို့ ခေါ်တဲ့ တရားတွေ မဖြစ်သလို သင်ချစ်သား သည် အတိတ်က သိခဲ့ပြီးတဲ့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတွေပေါ်မှာ၊ သင်ချစ်သား သည် သိနေဆဲဖြစ်တဲ့ ပစ္စုပ္ပန် ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ရဲ့ အပေါ်မှာ၊ သင်ချစ်သားသည် သိရပါလို၏လို့ တောင့်တ မျှော်လင့်ပြီးတော့ နေတဲ့ အနာဂတ် ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ရဲ့ အပေါ်မှာလဲ ဆန္ဒ ရာဂ ပေမ ဖြစ်လို့ တော်ပါ့မလား၊ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် ကျင့်ပါ ချစ်သား။

ဒီ တရားကို စုလိုက်ယင်လဲဘဲ၊ နှလုံးအကြည် ဟဒယဝတ္ထုရုပ်၊ ဓမ္မာရုံ၊ မနောဝိညာဏ်လို့ တရားသုံးလုံးရတယ်၊ ရုပ်နာမ်ဘဲ ထွက်လာတယ်ကွဲ။

သဗ္ဗညုမြတ်စွာဘုရားက မာလုကျပုတ္တရဟန်းကြီးကို ခေတ်တဆယ့်ရှစ်ပါး ရုပ်နာမ်တရားတွေ အပေါ်မှာ ဆန္ဒရာဂ ခေါ်တဲ့ လိုလား တပ်စွန်းမှုတွေ မဖြစ်ထိုက်ကြောင်းကို ဟောပြောနေတာကွဲ၊ ဒါဟာ ပါဠိတော်မှာ တိုက်ရိုက်

ပေါ်လွှင်နေတဲ့ စကားသားတွေကွဲ။ အာရုံခြောက်ပါးကိုသာ ဦးတည်ဟော ကြားနေတာပါလို့ ဆိုရင်တော့ ဘုရားရှင်ရဲ့ အလိုတော်နှင့် မဆန့်ကျင်ဘဲ ဘုန်းကြီးက နေယျတ္ထနည်းနဲ့ ဟောတယ်လို့ မှတ်ကြကွဲ။ ဘုရားဟောဒေသနာ တော်ကိုက ပေါ်လွှင်ပါတယ်ကွဲ၊ ဘုရားဟောဒေသနာဆိုဘာ ဒေသနာတခု နှင့်တခု ဆက်စပ်ယူရတယ်ကွဲ။ (မှန်ပါ့ဘုရား) အဘွင်းခေတ် ဝိညာဏခေတ် တွေ အပေါ်မှာလဲဘဲ ဆန္ဒ ရာဂ ပေမ မဖြစ်ရဘူးကွဲ။

ဒီလို သဗ္ဗညုမြတ်စွာဘုရားက အရှင်မာလုကျပုတ္တ မထေရ်နဲ့ အမေး အဖြေ ပြုလုပ်ပြီးတော့မှ ကိုယ်တော်မြတ်ရဲ့ လိုသားချက်ကို ဒီလိုပြန်ပြီးတော့ ဟော တယ်၊ အဲဒီလို ဖြစ်အောင် ကျင့်ပါတဲ့။

ကိုယ်မမြင်ဘူး၊ မကြားဘူး၊ မနမ်းရှူဘူး၊ မစားသောက်ဘူး၊ မထိတွေ့ ဘူး၊ မသိဘူးတဲ့ ရုပ်နာမ်တို့ရဲ့ အပေါ်မှာ ဆန္ဒ ရာဂ ပေမလို့ ခေါ်တဲ့ တရားတွေ မဖြစ်သလို ကိုယ်ကမြင်ဘူးတယ်၊ ကြားဘူးတယ်၊ နမ်းရှူဘူးတယ်၊ စားသောက်ဘူးတယ်၊ တွေ့ထိဘူးတယ်၊ သိဘူးတယ် ဆိုသဲ့ ရုပ်နာမ်မျိုးစုံတို့ရဲ့ အပေါ်မှာလဲဘဲ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် ကျင့်ပါ။

သင် မမြင်ရတဲ့၊ သင် မကြားရတဲ့၊ သင် မြင်ဆဲမဟုတ်တဲ့၊ ကြားဆဲမဟုတ် တဲ့၊ နံဆဲ မဟုတ်တဲ့၊ စားဆဲ ထိဆဲ သိဆဲမဟုတ်တဲ့ ရုပ်နာမ်မျိုးစုံ အာရုံတို့ရဲ့ အပေါ်မှာ သင်ချစ်သားသည် ဆန္ဒ ရာဂ ပေမခေါ်တဲ့ သဘောတရားတွေ မဖြစ်သလို သင် ချစ်သား မြင်ဆဲဖြစ်တဲ့၊ ကြားဆဲဖြစ်တဲ့၊ နမ်းဆဲ စားဆဲ သောက်ဆဲ တွေ့ဆဲ ထိဆဲဖြစ်တဲ့ ရုပ်နာမ်တို့ရဲ့ အပေါ်မှာလဲဘဲ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် ကျင့်ပါ။

သင်ချစ်သားသည် မြင်ရပါလို၏၊ ကြားရပါလို၏၊ နံရပါလို၏၊ လျက်ရ ပါလို၏၊ တွေ့ထိရပါလို၏၊ သိရပါလို၏လို့ မတောင့်တတဲ့ ရုပ်နာမ်တို့ရဲ့ ပေါ်မှာ ဆန္ဒ ရာဂ ပေမဆိုတဲ့ တရားတွေ မဖြစ်သလို သင်ချစ်သား မြင်ရ ပါလို၏၊ ကြားရပါလို၏၊ နံရပါလို၏၊ လျက်ရပါလို၏၊ တွေ့ထိရပါလို၏၊ သိရပါလို၏လို့ တောင့်တတဲ့ အနာဂတ် ရုပ်နာမ်တို့ရဲ့ အပေါ်မှာလဲဘဲ ဆန္ဒ ရာဂ ပေမ မဖြစ်အောင် သင်ချစ်သား ကျင့်ပါ။

မြတ်စွာဘုရား ဒီလိုဟောတယ်၊ ကျင့်ပါလို့သာ မြတ်စွာဘုရား ဟောတယ်။ ဘယ်လို ကျင့်ရမယ်ဆိုတာကို ဒီကနေ့ည ဟောမယ်။ (မှန်လှပါဘုရား)

## ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဖြစ်အောင် ရှုနည်းများ

"ဧတ္ထ စ တေ မာလုကျပုတ္တ ဒိဋ္ဌ သုတ မုတ ဝိညာတဗ္ဗေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံဘဝိဿတိ"

ဒီကနေ့အပိုင်းကတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ သမီးများ အင်မတန်လေးနက်တဲ့ အပိုင်းကို ရောက်လာပြီ။ နားလည်အောင် သဘော ပေါက်အောင် မနည်းကြိုးစားပြီးတော့လဲ ဟောရမယ်၊ မနည်းကြိုးစားပြီး တော့လဲ နာရမယ်။ (မှန်လှပါဘုရား) ပဋ္ဌမခေါင်းစဉ်ပိုင်း အမေး အဖြေ လုပ်တဲ့အပိုင်းမှာ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါးလဲ ဒီလိုလာတယ်။ ရူပါရုံ စက္ခုဝိညာဏ်၊ သဒ္ဒါရုံ-သောတဝိညာဏ်၊ ဂန္ဓာရုံ-ဃာနဝိညာဏ်၊ ရသာရုံ-ဇိဝှာဝိညာဏ်၊ ဖောဋ္ဌဗ္ဗာရုံ - ကာယဝိညာဏ်၊ ဓမ္မာရုံ - မနောဝိညာဏ်လို့ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး။

## အာရုံ ၆-ပါးနှင့် ဝိညာဏ် ၆-ပါး

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယ ဝိညာဏ်၊ မနောဝိညာဏ်၊ ဘယ်နှစ်ပါးတုန်းကွဲ့။ (ခြောက်ပါးပါဘုရား)

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊ ဘယ်နှစ်ပါးတုန်းကွဲ့။ (ခြောက်ပါးပါဘုရား)

ဝိညာဏ်က ခြောက်ပါး၊ အာရုံက ခြောက်ပါးလို့ဆိုတော့ ပေါင်းလိုက် တော့ ဘယ်နှစ်ပါးလဲ။ (တဆယ့်နှစ်ပါးပါဘုရား)

အဲဒီ တဆယ့်နှစ်ပါးကို ဒီလိုအမေးအဖြေလုပ်ပြီးတော့မှ သဗ္ဗညုမြတ်စွာ ဘုရားက ဒီတဆယ့်နှစ်ပါးကို စုလိုက်တယ်။ ဘာပြုလို့ စုလိုက်သလဲဆိုတော့ သူက သံခိတ္တရုစိပုဂ္ဂိုလ်၊ တရားအကျယ်ဟောတာကို သူက မကြိုက်ဘူးကွဲ့၊ အကျဉ်းချုပ်ဟောတာမှ ကြိုက်တယ်။ (မှန်ပါဘုရား)

ဘုန်းကြီးတို့ပရိသတ်ကော အကျယ်ဟောတာ ကြိုက်သလား၊ အကျဉ်းဟော တာ ကြိုက်သလား။ (သဘောပေါက်အောင်ဟောတာ ကြိုက်ပါတယ်ဘုရား) ဟော—ဘုန်းကြီးမေးတာက တမျိုး၊ သူတို့ဖြေတာက တဖုံ။

အဲဒီ မာလုကျပုတ္တမထေရ်ကြီး ကတော့ဖြင့် သူက သံခိတ္တရုစိပုဂ္ဂိုလ်ကွဲ့၊ အကျဉ်းမှ ကြိုက်တဲ့ ပုဂ္ဂိုလ်။ (မှန်လှပါဘုရား) အကျဉ်းကိုနှစ်သက်တဲ့ ပုဂ္ဂိုလ်။ (မှန်ပါဘုရား) ဒီတော့ အခု မြတ်စွာဘုရားက အကျဉ်းကို နှစ်သက်တဲ့ပုဂ္ဂိုလ် ကို အခု ဘယ်လောက်ဟောင် ချဲ့ထားသလဲ။ တဆယ့်နှစ်မျိုးတောင် ချဲ့ထား တယ်၊ အကျယ်ကြီး ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ် ဘုရား) နဂိုက သူ တရားတောင်းပန်တုန်းကလဲ—"သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန မမ္မံ ဒေသေတု" ဒီလိုတောင်းပန်ခဲ့တယ်။ (မှန်ပါဘုရား) အကျဉ်းချုပ် ဟောပါ ဘုရားတဲ့၊ အကျယ်ကြီး မဟောပါနဲ့လို့။ ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က

အခု အာရုံခြောက်ပါးနဲ့ ဝိညာဏ်ခြောက်ပါးလို့ဆိုတော့ တရား ဘယ်နှစ်ပါး တောင် ဖြစ်နေသလဲ။ (တဆယ့်နှစ်ပါးပါဘုရား) အဲဒီ တဆယ့်နှစ်ပါးတရား။ (မှန်ပါဘုရား)

အာရုံ ခြောက်ပါး၊ ဝိညာဏ် ခြောက်ပါး၊ တဆယ့်နှစ်ပါး ပိုလိုက်ယင် ရှိသရွေ့ တရားတွေ ကုန်တာဘဲ။ (မှန်ပါဘုရား) သခ်ီတနယ်က။

ဒီတော့ သဗ္ဗညုမြတ်စွာဘုရားက. အဲဒီအကျယ်မေးပြီးတော့မှ ဝိပဿနာ ရှုကွက်ပေါ်အောင် ဖော်မယ်လို့ဆိုတော့၊ ဝိပဿနာရှုဘို့ လုပ်ငန်းကို ပေးတော့ မယ်လို့ဆိုတော့ အဲဒီအကျယ်ကိုပြန်ပြီးတော့ အကျဉ်းချုပ်လိုက်တယ်။ တဆယ့် နှစ်ပါးကို အကျဉ်းချုပ်လိုက်တာက—

ဒိဋ္ဌ၊ သုတ၊ မုတ၊ ဝိညာတ။

ဘယ်နှစ်ခုရှိတုန်း။ (လေးခုပါဘုရား) ဒိဋ္ဌ၊ သုတ၊ မုတ၊ ဝိညာတ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီလို အကျဉ်းချုပ် မိန့်ကြားတော်မူလိုသည် ဖြစ်သော ကြောင့်—

"ဧတ္ထ စ တေ မာလုကျပုတ္တ ဒိဋ္ဌ သုတ မုတ ဝိညာတဗ္ဗေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတ မတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ"

ပါဠိတော်ရွတ်ပြီးပြီ၊ အနက် ယောဇနာကြဦးစို့။ (မှန်ပါဘုရား)

မာလုကျပုတ္တ၊ ချစ်သားမာလုကျပုတ္တ။ ဒိဋ္ဌ သုတ မုတ ဝိညာတဗ္ဗေသု၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ်ကုန်သော။ ဧတ္ထ ဧတေသု ဓမ္မေသု၊ ဤတရားလေးမျိုးတို့တွင်။ ဒိဋ္ဌေ၊ စက္ခုဝိညာဏ်ဖြင့် အဆင်းမျိုးစုံ ရူပါရုံကို မြင်အပ် သည်ရှိသော်။ ဝါ၊ စက္ခုဝိညာဏ်ဖြင့် အဆင်းမျိုးစုံ ရူပါရုံကို မြင်ဆဲ ခဏ၌။ ဒိဋ္ဌ မတ္တံ၊ မြင်အပ်ကာမျှသည်။ ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ ဖြစ်ရလေ အောင်။ သုတေ၊ သောတဝိညာဏ်ဖြင့် အသံမျိုးစုံ သဒ္ဒါရုံတွေကို ကြားအပ် သည်ရှိသော်။ ဝါ၊ သောတဝိညာဏ်ဖြင့် အသံမျိုးစုံ သဒ္ဒါရုံကို ကြားဆဲခဏ၌။ သုတမတ္တံ၊ ကြားအပ်ကာမျှသည်။ ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ ဖြစ်ရလေအောင်။ မုတေ၊ ဃာနဝိညာဏ် ဇိဝှာဝိညာဏ် ကာယဝိညာဏ်တို့ဖြင့် အနံ့မျိုးစုံ ဂန္ဓာ ရုံ အရသာမျိုးစုံ ရသာရုံ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ကို နမ်းရှုသည်ရှိ သော်၊ စားသည်ရှိသော်၊ တွေ့သည်ရှိသော်။ ဝါ၊ နမ်းရှုဆဲခဏ၊ စားဆဲခဏ တွေ့ထိဆဲခဏတို့၌။ မုတမတ္တံ၊ နမ်းအပ်ကာမျှ စားအပ်ကာမျှ တွေ့ထိအပ်ကာ မျှသည်။ ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ ဖြစ်ရလေအောင်။ ဝိညာတေ၊ မနောဝိ- ညာဏ်ဖြင့် ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ကို သိအပ်သည်ရှိသော်။ ဝါ၊ မနောဝိညာဏ်

ဖြင့် ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ကို သိဆဲခဏ၌။ ဝိညာတမတ္တံ၊ သိအပ်ကာမျှသည်။ ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ ဖြစ်ရလေအောင်။ သိက္ခိတဗ္ဗံ၊ ကောင်းစွာမသွေ သိက္ခာသုံးပါးကို ကျင့်အပ်ပါပေ သတည်း။

သာဓု—သာဓု—သာဓု—

## ဒိဋ္ဌ သုတ မုတ ဝိညာတတို့ကို
## တရားကိုယ်ပေါ်အောင် ဟောပြောပုံ

၁။ စက္ခုဝိညာဏ်နဲ့ ရူပါရုံကို ဒိဋ္ဌ။ ဟုတ်လား။ (မှန်ပါ)

၂။ သောတဝိညာဏ်နဲ့ သဒ္ဒါရုံကို သုတ။ (မှန်လှပါဘုရား)

၃။ ဃာနဝိညာဏ်နဲ့ ဂန္ဓာရုံ၊ ဇိဝှာဝိညာဏ်နဲ့ ရသာရုံ၊ ကာယဝိညာဏ်နဲ့ ဖောဋ္ဌဗ္ဗာရုံကို မုတ၊ (မှန်ပါဘုရား)

၄။ မနောဝိညာဏ်နဲ့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို ဝိညာတ။

ဘယ်နှစ်ပုံ ပုံလိုက်တုန်း။ (လေးပုံပါ ဘုရား) အဲဒီလို လေးပုံ ပုံတာက အကြောင်းရှိတယ်။ ဘုန်းကြီးတို့ သင်္ဂြိုဟ်မှာ အောက်ပိုင်းက လာလိုက်တော့ သမ္ပတ္တဂ္ဂါဟနဲ့ အသမ္ပတ္တဂ္ဂါဟလို့ နှစ်ပုံ ပုံလိုက်တယ်။ စက္ခုဝိညာဏ်ဖြင့် ရူပါရုံကို "မြင်" ဆိုတဲ့ နေရာမှာ အသမ္ပတ္တဂ္ဂါဟ။ သောတဝိညာဏ်ဖြင့် အသံ သဒ္ဒါရုံကို ကြားတယ် ဆိုတာလဲဘဲ အသမ္ပတ္တဂ္ဂါဟ။ ၂- ပိုင်း။

ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်ဘို့ဖြင့် ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ဒီအာရုံတွေ လာတွေ့လို့ သိတဲ့ အခါမှာ သူက သမ္ပတ္တဂ္ဂါဟ။ အဲ့ဒီလို အသမ္ပတ္တဂ္ဂါဟနဲ့ သမ္ပတ္တဂ္ဂါဟ နှစ်မျိုးခွဲပြီးတော့မှ ဝိညာတလို့ ဆိုပြီးတော့ တမျိုးပြောတယ်။

ဒီတော့ အသမ္ပတ္တဂ္ဂါဟက ဒိဋ္ဌနဲ့ သုတ နှစ်မျိုး၊ သမ္ပတ္တဂ္ဂါဟက မုတ တမျိုး၊ ဝိညာတက တမျိုး။ ပေါင်းလိုက်တော့ လေးမျိုး။

ဒိဋ္ဌ—စက္ခုဝိညာဏ်နဲ့ ရူပါရုံ ကောက်။

သုတ—သောတဝိညာဏ်နဲ့ သဒ္ဒါရုံ ကောက်။

မုတ—ဃာနဝိညာဏ်နဲ့ ဂန္ဓာရုံ၊ ဇိဝှာဝိညာဏ်နဲ့ ရသာရုံ၊ ကာယဝိညာဏ်နဲ့ ဖောဋ္ဌဗ္ဗာရုံ ကောက်။

ဝိညာတ—မနောဝိညာဏ်နဲ့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ ကောက်။

ဒီတော့ ဒိဋ္ဌ၊ သုတ၊ မုတ၊ ဝိညာတ။

ဒိဋ္ဌဆိုတာ ဘယ်သူလဲဆိုတော့။ စက္ခုဝိညာဏ်နဲ့ ရူပါရုံ။ သုတ ဆိုတာ ဘယ်သူလဲလို့ဆိုတော့ သောတဝိညာဏ်နဲ့ သဒ္ဒါရုံ၊ မုတဆိုတာ ဃာနဝိညာဏ်နဲ့ ဂန္ဓာရုံ၊ ဇိဝှာဝိညာဏ်နဲ့ ရသာရုံ၊ ကာယဝိညာဏ်နဲ့ ဖောဋ္ဌဗ္ဗာရုံကို ပြောတာ။ ဝိညာတဆိုတာက ဘယ်သူပြောတုန်း။ မနောဝိညာဏ်နဲ့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို ပြောတာ။

ဒီတော့ အာရုံ အာရမ္မဏက။ တနည်းပြောတော့ ဝိညာဏ်၊ အာရုံ။ နှစ်မျိုး ဘဲ ရှိတော့တယ်၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီ နှစ်မျိုးထဲမှာ သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒိဋ္ဌအာရုံ တမျိုး၊ သုတအာရုံတမျိုး၊ မုတ အာရုံတမျိုး၊ ဝိညာတ အာရုံတမျိုးလို့ လေးမျိုးစုလိုက်တယ်။ (မှန်လှပါဘုရား)

ဒီတော့ ဆိုလိုတဲ့ အဓိပ္ပာယ်က ဝိပဿနာ၏ အာရုံအဖြစ်ဖြင့် ရှုလိုက်တော့ ခုနင်က တဆယ့်နှစ်မျိုးဟာ ဘယ်နှစ်မျိုးကျန်တော့လဲ။ (လေးမျိုးပါဘုရား) လေးမျိုးဘဲ သူက ကျန်တော့တယ်။

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ"

ဒိဋ္ဌေ၊ စက္ခုဝိညာဏ်ဖြင့် အဆင်းမျိုးစုံ ရူပါရုံကို မြင်အပ်သည် ရှိသော်။ ဝါ၊ စက္ခုဝိညာဏ်ဖြင့် အဆင်းမျိုးစုံ ရူပါရုံကို မြင်ဆဲခဏ၌။ ဒိဋ္ဌမတ္တံ၊ မြင်အပ်ကာမျှသည်။ ဝါ၊ စက္ခုဝိညာဏ်စိတ်ရဲ့ အတိုင်းအတာ ပမာဏမျှရှိသည်။ ဘဝိဿတိ၊ ဖြစ်ရလေအောင်။ သိက္ခိတဗ္ဗံ၊ သင်ချစ်သား ကျင့်အပ်၏၊ ကျင့်ပါ။

ဒီနေရာမှာ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"ကို မပြောခင် "သိက္ခိတဗ္ဗံ" ဆိုတဲ့ စာပိုဒ်၊ ကျင့်ပါဆိုတဲ့ စာပိုဒ်ကို ဘုန်းကြီးပြောမယ်။ (မှန်လှပါဘုရား) ဘာတွေကျင့်ရမလဲလို့ဆိုတော့—

"သိက္ခိတဗ္ဗန္တိ အဓိသီလသိက္ခာဒီနံ တိဿန္နမ္ပိ သိက္ခာနံ ဝသေန သိက္ခနံ ကာတဗ္ဗံ"

သိက္ခာသုံးပါးကို ကျင့်ရမယ်လို့ ဥဒါန်း အဋ္ဌကထာက ဖွင့်ပေးထားတယ်။

အဓိသီလသိက္ခာလဲ ကျင့်ရမယ်။ အဓိစိတ္တ သိက္ခာလဲ ကျင့်ရမယ်။ အဓိပညာသိက္ခာလဲ ကျင့်ရမယ်။ ဒို့မြတ်စွာဘုရားရဲ့ အဆုံးအမ သာသနာ သုံးရပ်ဆိုတာလဲ ဒီသိက္ခာသုံးပါးကွဲ့။ (မှန်လှပါဘုရား) ဒီတော့ သိက္ခာ သုံးပါး အကျင့်နဲ့ "ဒိဋ္ဌေ ဒိဋ္ဌမတ္တ" ဖြစ်အောင် လုပ်ပါလို့ ပြောတယ်။ မြင်တဲ့နေရာမှာ "ဒိဋ္ဌ မတ္တ" ဖြစ်အောင် ကျင့်ပါ။ ကြားတဲ့နေရာမှာ "သုတမတ္တ"ဖြစ်အောင် ကျင့်ပါ။ နမ်းရှူဆဲ ခဏမှာ၊ စားသောက်ဆဲ ခဏမှာ၊ ဖောဋ္ဌဗ္ဗာရုံတွေကို တွေ့ထိဆဲ ခဏမှာ "မုတ မတ္တ" ဖြစ်အောင် လုပ်ပါ။ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ တွေကို သိဆဲခဏမှာလဲ "ဝိညာတ မတ္တ" ဖြစ်အောင် သင်ချစ်သား ကျင့်ပါလို့ ဆို

တော့ "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ဖြစ်ပုံကို အဋ္ဌကထာက ဖွင့်တယ်။အဲဒီ "ဒိဋ္ဌေ ဒိဋ္ဌမတ္တ" ကို ဖွင့်လိုက်သဖြင့် "သုတေ သုတမတ္တ၊ မုတေ မုတမတ္တ၊ ဝိညာတေ ဝိညာတမတ္တ" ဟာ အဲဒီ "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"အဋ္ဌကထာ ဖွင့်နည်းအတိုင်းဘဲ သွားရမယ်။ (မှန်လှပါဘုရား)

ဒါဖြင့် "ဒိဋ္ဌေ ဒိဋ္ဌမတ္တ" ဆိုတာ ဘာတုန်း။

အလုပ်စခန်း မဟုတ်သေးဘူးကွဲ့။ အခုပြောမှာ။"ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ကို ပြောအုံးမှာ။ (မှန်ပါဘုရား) နောက်တော့မှ "ဒိဋ္ဌ မတ္တ" ဖြစ်အောင် ဝိပဿနာကျင့်နည်းကို ပြောရမယ်။ (မှန်ပါ)"ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ဆိုတာဘာကို ခေါ်သလဲ။

## အဋ္ဌကထာဆရာ၏ "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ဖြစ်ပုံ ပဌမနည်း

> "ဒိဋ္ဌေ ဒိဋ္ဌမတ္တန္တိ ရူပါယတနေ စက္ခုဝိညာဏေန ဒိဋ္ဌမတ္တံ။ ယထာ ဟိ စက္ခုဝိညာဏံ ရူပေ ရူပမတ္တမေဝ ပဿတိ၊ န အနိစ္စာဒိသဘာဝံ[၁]။" (ဥဒါန်း အဋ္ဌကထာ က)

"ဒိဋ္ဌ မတ္တ"လို့ ဆိုတာ စက္ခုဝိညာဏ်စိတ်နဲ့ ရူပါရုံကို မြင်ရုံကလေး မြင်လိုက်ရတာကို ပြောတာ။(မှန်ပါဘုရား) "မတ္တန္တိ ပမာဏံ"လို့လဲ အဋ္ဌကထာက ဖွင့်ထားတယ်။ မြင်တဲ့ အတိုင်းအတာ။

ဘုန်းကြီးတို့ စာပေနယ်ဘက်ကို နည်းနည်းလေး လှည့်လိုက်တော့ စက္ခုဝိညာဏ်စိတ်က ရူပါရုံကို မြင်တဲ့အခါ အဆင်းရုပ်မျှသာဖြစ်တယ်ကွဲ့၊ဒီအဓိပ္ပာယ်ကို အဋ္ဌကထာဆရာက"ရူပေ ရူပမတ္တမေဝ"လို့"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"ကို အရကောက်နှင့်တကွ ပေါ်လွင်အောင် ဖွင့်တော်မူတာကွဲ့။ မတ္တကို"မတ္တမေဝ"လို့ ဧဝသဒ္ဒါထည့်ဖွင့်လိုက်တော့"မတ္တ"က စက္ခုဝိညာဏ်စိတ်က မြင်တာဟာ အဆင်းရုပ်ကိုသာ မြင်တာ၊ အနိစ္စစသည် သဘော၊ သံယုတ္တ အဋ္ဌကထာ အလို နိစ္စစသည်သဘောကို မြင်တာမဟုတ်ဘူးလို့ ကန့်သတ်ပေးလိုက်တာကွဲ့၊ ဧဝ-က တော့ အဆင်းကိုသာ မြင်တာ၊ အနိစ္စ သဘာဝ စသည်ကို မမြင်ဘူးလို့ ဆုံးဖြတ်ချက်ပေးတာကွဲ့။ ရူပဆိုတာကလဲ ရုပ်လို့လဲ ဆိုတယ်ကွဲ့။ အဆင်းကိုလဲ ဆိုတယ်ကွဲ့။ ဒီနေရာမှာ ရူပ-က အဆင်းကွဲ့။ ဒီတော့ စက္ခုဝိညာဏ်စိတ်က ဘာကို မြင်သလဲကွဲ့။ (အဆင်းရုပ်ကိုသာ မြင်ပါတယ်ဘုရား)။

ဒီတော့ ဒီနေရာမှာ အဓိပ္ပာယ် အင်မတန်ဘဲ လေးနက်ပါတယ်။ ဘုန်းကြီးလဲ မနဲကြိုးစားပြီး ပြောရမယ်။ (မှန်ပါဘုရား)

---

၁။ သံ၊ ဋ္ဌ၊ ၃၊ ၂၈။ ဥဒါန၊ ဋ္ဌ၊ ၈၁။ ဝိဘင်း အနုဋီ၊ ၁၈၂-လည်း ရှု။

မတ္တန္တိ ပမာဏံ လို ဖွင့်ဆိုတာက အဋ္ဌကထာဆရာများရဲ့ မတ္တသဒ္ဒါအတွက် ဒုတိယနည်းကွဲ။ (မှန်ပါဘုရား)

ဒိဋ္ဌလို့ဆိုတာ မြင်တယ်။ ဘာနဲ့ ဘာကိုမြင်တာလဲလို့ ဆိုတော့ စက္ခုဝိညာဏ်စိတ်နဲ့အဆင်းရူပါရုံကို မြင်ရုံမျှမြင်တာကို "ဒိဋ္ဌမတ္တ"လို့အဋ္ဌကထာဆရာတော်က ပဌမပြောတယ်။ မြင် ဆိုတာ ဘာက ဘာကိုမြင်တာတုန်းကွဲ့။ စက္ခုဝိညာဏ်စိတ်က အဆင်းရူပါရုံ ရုပ်တရားကို မြင်တာ။ ဒီတော့ အဋ္ဌကထာဆရာရဲ့ ဒုတိယ ဖွင့်ဆိုချက်က စက္ခုဝိညာဏ်စိတ် မြင်တယ်လို့ဆိုတော့ အဲဒီ စက္ခုဝိညာဏ် စိတ်နဲ့ အတူ စက္ခုဝိညာဏ်စိတ်၏ မြင်ရုံလောက်ကလေးဆိုတဲ့ အတိုင်း အတာ ပမာဏဖြစ်အောင်၊

ဟိုဘက်က ဇောစိတ်တွေကလဲဘဲ ဒီလိုဘဲ စက္ခုဝိညာဏ်စိတ်နဲ့ အညီအမျှ စက္ခုဝိညာဏ်စိတ်မြင်တဲ့ အတိုင်းအတာ ပမာဏလောက်ပဲ မြင်အောင်၊

ဇောစိတ်တွေက နေပြီးတော့ စက္ခုဝိညာဏ်စိတ် အတိုင်းအတာ ပမာဏ အတိုင်းဖြစ်အောင်၊

ဝါ၊ ဇော စိတ်အစဉ်တို့သည် စက္ခုဝိညာဏ်နဲ့ အတိုင်းအတာ ပမာဏ တူညီမျှအောင် ကျင့်ပါလို့ ဆိုတာကွဲ့။ (မှန်ပါဘုရား)

အဋ္ဌကထာဆရာရဲ့ ဒုတိယနည်းကို နောက်မှ အကျယ်ပြောမယ်ကွဲ့။ (မှန်ပါဘုရား)

ဘာပြုလို့ စက္ခုဝိညာဏ်စိတ်နဲ့ တူညီအောင် ကျင့်ရမလဲလို့ဆိုတော့ စက္ခုဝိညာဏ်စိတ်ဟာ၊ ကဲ—ဘုန်းကြီးတို့ စာပေနယ်ဘက်ကို နည်းနည်းလေး လှည့်လိုက်—

စက္ခုဝိညာဏ်စိတ်ဟာ စက္ခုဝိညာဏ်စိတ်ချည်းနေလို့ မဖြစ်ဘူးကွဲ့။ (မှန်ပါဘုရား) စက္ခုဝိညာဏ်စိတ် ဖြစ်တာနဲ့ တပြိုင်နက်တဲ စေတသိက်ခုနစ်လုံး ပါလာတယ်။ အဲဒါကြောင့် ဘုန်းကြီးမနေ့က ကတဲက မာလုကျပုတ္တသုတ္တန်ကို ဟောတော့မယ်။ အင်မတန် လေးနက်ပါတယ်။ အခြေခံ သင်္ဂြိုဟ် သင်တန်းကလေးလောက်မျှ နားမလယ်ယင် သဘောပေါက်ဖို့ သိပ်ပြီးတော့ မလွယ်ဘူးလို့ ဘုန်းကြီး ဒီလို ပြောခဲ့ပါတယ်။ ဒီတော့ စက္ခုဝိညာဏ်စိတ် ဖြစ်တယ်ဆိုယင် စေတသိက် ဘယ်နှစ်လုံး ပါလာသလဲ။ (ခုနစ်လုံး ပါလာပါတယ်ဘုရား) ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ပရမတ္ထ သံခိပ်မှာ—

**"သဗ္ဗစိတ္တေ၊ ခုနစ်ထွေ၊ ယှဉ်လေ စိတ်အားလုံး"**

ဘုန်းကြီးတို့ မုံရွာမြို့က အမျိုးကောင်းသားတွေ၊ သမီးတွေ အဲဒါလေး ရဘူးသလား။ ဝမ်းနည်းစရာ ကောင်းလိုက်တာ။ ဒီမြို့ဟာလေ ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး ဒီမုံရွာမြို့ကို အခြေခံပြီးတော့ မြန်မာတနိုင်ငံလုံးကို ဝိပဿနာတရားတွေ လည်ဟောတာ ဒီမြို့ကနေ ထွက်တာ။ (မှန်လှပါဘုရား) ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးရဲ့ သံဃပါက်ကို ရဘူးကြလား။ အမယ်လေး—မုံရွာက လူတွေ မရဘူးတဲ့။

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်လုံးဆိုတာ ရှိတယ်။ (ရှိပါတယ်ဘုရား) အဲဒီ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်လုံးသည် စက္ခုဝိညာဏ်နဲ့ ယှဉ်တွဲပြီးတော့ ဖြစ်တယ်။ ဒီတော့ စက္ခုဝိညာဏ်စိတ်က ရူပါရုံကို မြင်လို့ရတယ်ဆိုတာ စိတ်ချည်းမြင်လို့ မရဘူး။ (မှန်ပါဘုရား) အဲဒီ စေတသိက် ခုနစ်လုံးပါမှ မြင်လို့ ဖြစ်တယ်။ (မှန်ပါဘုရား) အဲဒီ စေတသိက် ခုနစ်လုံးက ဘာလဲလို့ တွက် ကြည့်လိုက်။

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ။

စေတသိက် ဘယ်နှစ်လုံးလဲ။ (ခုနစ်လုံးပါဘုရား) စက္ခုဝိညာဏ်စိတ်မှာ အဲဒီ စေတသိက် ခုနစ်လုံးထဲဘဲ ရှိတယ်။ အခြား စေတသိက် မရှိဘူး။ (မှန်ပါဘုရား) အဲဒီ ခုနစ်လုံးထဲမှာ လောဘ ပါသလား။ (မပါပါဘူးဘုရား) ဒါဖြင့် စက္ခုဝိညာဏ်စိတ်မှာ လောဘရှိရဲ့လား။ (မရှိပါဘုရား) အဲဒီ စေတသိက် ခုနစ်လုံးထဲမှာ ဒေါသဆိုတဲ့ စေတသိက်ကော ပါသလား။ (မပါပါဘူးဘုရား) ဒါဖြင့် စက္ခုဝိညာဏ်စိတ်မှာ ဒေါသကော ရှိရဲ့လား။ (မရှိပါဘူးဘုရား) စက္ခုဝိညာဏ်ဖြင့် ရူပါရုံကို မြင်နေတဲ့အခါမှာ မောဟကော ရှိရဲ့လား။ (မရှိပါဘူးဘုရား) ဒါဖြင့် စက္ခုဝိညာဏ်စိတ်က ရူပါရုံကို မြင်တဲ့အခါမှာ လောဘလဲ ကင်း၊ ဒေါသလဲ ကင်း၊ မောဟလဲ ကင်းမနေဘူးလား။ (ကင်းနေပါတယ်ဘုရား)

ရာဂ ဒေါသ မောဟ စက္ခုဝိညာဏ်မှာ ရှိသလား၊ မရှိဘူးလားကွဲ့။ (မရှိပါဘူးဘုရား) ဘယ်ရှိမလဲကွဲ့၊ ဝိပါက် အဗျာကတစိတ်ကိုကွဲ့။ (မှန်ပါဘုရား) ဒါဖြင့် စက္ခုဝိညာဏ်စိတ်မှာ ဘာစေတသိက်တွေသာ ရှိသလဲဆိုတော့ ဖဿရှိတယ်။ ဝေဒနာရှိတယ်၊ သညာရှိတယ်၊ စေတနာရှိတယ်၊ ဧကဂ္ဂတာရှိတယ်။ ဇီဝိတိန္ဒြေရှိတယ်၊ မနသိကာရရှိတယ်။ ဒီ ခုနစ်လုံးထဲဘဲရှိတယ်။ (မှန်ပါဘုရား) ဒီတော့ "မြင်"ဆိုတဲ့ နေရာမှာ စကားပြောချင်ယင် စက္ခုဝိညာဏ် စိတ်ကို မကျိုင်ထား ပြောရမယ်။ စက္ခုဝိညာဏ်စိတ်ကို ကိုင်ရမယ်။

ဒါဖြင့် စက္ခုဝိညာဏ်စိတ်မှာ ရူပါရုံကို မြင်နေဆဲခဏမှာ စက္ခုဝိညာဏ်စိတ်၏ မြင်သက်သက်မှာ စေတသိက်ခုနစ်လုံးနဲ့တွဲပြီးတော့ မြင်တဲ့စက္ခုဝိညာဏ်စိတ်မှာ လောဘရယ် ဒေါသရယ် မောဟရယ်ဆိုတဲ့ အကုသိုလ် စေတသိက်တွေ ပါရဲ့လား။ (မပါပါဘူးဘုရား) လောဘလဲမပါ ဒေါသလဲမပါ မောဟလဲ

မပါတာ ဘယ်စိတ်လဲဆိုတော့ စက္ခုဝိညာဏ်စိတ်။ (မှန်ပါဘုရား) သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှာဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်တွေမှာလဲ ဒီနည်းဘဲနေ့ဉ်။ (မှန်လှပါဘုရား) သဘောပေါက်ပလားကွဲ့။ (ပေါက်ပါတယ်ဘုရား)

အဲဒီတော့ ချစ်သား မာလုကျပုတ္တ၊ အဲဒီ စက္ခုဝိညာဏ်စိတ်မှာ လောဘမပါသလို၊ ဒေါသမပါသလို၊ မောဟမပါသလို၊ စက္ခုဝိညာဏ်စိတ်နဲ့ အတိုင်းအတာ ပမာဏတူအောင် ထိုစက္ခုဝိညာဏ်စိတ်ရဲ့ နောက်မှကျလာတဲ့ ဇောစိတ်အစဉ်မှာလဲ လောဘမပါအောင် သင်ချစ်သား ကျင့်ပါ။ ဒေါသ မပါအောင် ကျင့်ပါ။ မောဟမပါအောင်ကျင့်ပါ။ ထို ဇောစိတ်ကို စက္ခုဝိညာဏ်စိတ်နဲ့ အတိုင်းအတာ ပမာဏတူအောင် ထားပါ။ ဆိုလိုတဲ့ အဓိပ္ပာယ်က စက္ခုဝိညာဏ် စိတ်မှာ လောဘ ဒေါသ မောဟ မပါသလို စက္ခုဝိညာဏ်ရဲ့ နောက် ကျလာမဲ့ စက္ခုဒွါရဝီထိ ဇောမှာလဲဘဲ လောဘမပါအောင် ဒေါသမပါအောင် သင် ချစ်သား ကျင့်ပါ။ (မှန်လှပါဘုရား) ဒါ "ဒိဋ္ဌေ ဒိဋ္ဌမတ္တန္တိ ရူပါယတနေ စက္ခုဝိညာဏေန ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" ဆိုတဲ့ စာပိုဒ်ပြီးရော ဆိုပါစို့နေ့ဉ်။ (မှန်လှပါဘုရား) ဘာပြုလို့ ဒီလိုပြောတာလဲဆိုတော့—

"စက္ခုဝိညာဏံ ဟိ ရူပေ ရူပမတ္တမေဝ ပဿတိ၊ န နိစ္စာဒိ သဘာဝံ[၁]"။

ဒါ ဥဒါန်းအဋ္ဌကထာနဲ့ သံယုတ်အဋ္ဌကထာများမှာပေါ့နေ့ဉ်။ (မှန်လှပါဘုရား) ဥဒါန်း အဋ္ဌကထာမှာတော့ "န အနိစ္စာဒိသဘာဝံ" လို့ ပြောတယ်။ သံယုတ်အဋ္ဌကထာကတော့ "န နိစ္စာဒိသဘာဝံ" လို့ ပြောတယ်။ ရှေ့နားတုန်းက ဘုန်းကြီး ပြောခဲ့ပြီးပြီနေ့ဉ်—မှတ်မိရဲ့လားကွဲ့။ (မှတ်မိပါတယ်ဘုရား) ဘာပြောတာလဲ ဆိုတော့—

ဟိ၊ မြဲမြံခိုင်ခံ့ တည်တံ့အောင် ပြောကြားရမယ် ဆိုယင်ဖြင့်။ ဟိ၊ ယုံမှားဒွိဟ မရှိရအောင် ထင်ထင်ရှားရှား ပြောရမယ် ဆိုယင်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ ရူပေ၊ ရူပါရုံ၌။ ရူပမတ္တမေဝ၊ ရုပ်အဆင်းမျှကိုသာလျှင်။ ပဿတိ၊ မြင်တတ်၏။ နိစ္စာဒိသဘာဝံ၊ နိစ္စစတဲ့ သဘောကို။ (ဥဒါန်းအဋ္ဌကထာအရ ဆိုယင် အနိစ္စာဒိ သဘာဝံ၊ အနိစ္စ စတဲ့ သဘောကို) န ပဿတိ၊ မမြင်တတ်။

စက္ခုဝိညာဏ်စိတ် ဆိုတာ ရုပ်အဆင်းမျှကိုသာ မြင်တတ်တယ်တဲ့။ နိစ္စ အနိစ္စ ဆိုတဲ့ သဘောကို ဒီ စက္ခုဝိညာဏ်စိတ်က မသိတတ်ပါဘူးတဲ့။ "ဧဝ

---

၁။ သံယုတ်အဋ္ဌကထာ၊ တတိယ-၂၀။ ဥဒါန်းအဋ္ဌကထာ၊ ၈၁။ ဝိဘင်း-အနုဋီ။ ၁၁၂-လည်း ရှု။

မေဝ သေသံ'' တဲ့။ ဧဝ မေဝ၊ ဤစက္ခုဝိညာဏ်စိတ်၏ ရုပ်မျှကိုသာလျှင် မြင်တတ်တဲ့နည်းတူ။ သေသံ၊ စက္ခုဝိညာဏ်စိတ်မှ ကြွင်းသော သမ္ပဋိစ္ဆိုင်းစိတ် သန္တီရဏစိတ် ဝုဋ္ဌောစိတ် ဇောစိတ်တို့သည်လည်း။ ရူပေ၊ ရူပါရုံ၌။ ရူပမတ္တ မေဝ၊ ရုပ်အဆင်းမျှကိုသာလျှင်။ ပဿတိ၊ မြင်တတ်၏။ နိစ္စာဒိသဘာဝံ၊ နိစ္စ စတဲ့ သဘောကို။ န ပဿတိ၊ မမြင်တတ်။ ဒါက "ဒိဋ္ဌမတ္တ" ဆိုတဲ့ ပါဠိတော်ကို အဋ္ဌကထာ ဆရာက ထင်ရှား သိသာအောင် ထပ်ပြောတဲ့ စကားကွဲ။ (မှန်ပါဘုရား)

ဒီ မြင် ဆိုတဲ့ ဗမာစကားလုံးကလေး တလုံးမှာ စက္ခုဒွါရဝီထိ တဝီထိ ကျသွားမှ မြင်— ဖြစ်တာ။ (မှန်လှပါဘုရား)

ဒီ စက္ခုဒွါရ ဝီထိ တဝီထိ ကျပြီးမှ မြင်ဆိုတဲ့ စကားလုံးလေး ဖြစ်လာတာ။ ဒါ ပရမတ္ထ သဘာဝတွေဟာ အင်မတန် လေးနက်ဘယ်။ အဲဒါကို ဥဒါန်း အဋ္ဌကထာကို ဖွင့်တဲ့ အရှင် ဓမ္မပါလ က သူ့ အဋ္ဌကထာကို ပရမတ္ထ ဒီပနီ တဲ့။ ပရမတ္ထ သဘာဝကို ပြတဲ့ အဋ္ဌကထာ။ (မှန်ပါဘုရား)

အခု သံယုတ် အဋ္ဌကထာကတော့ ဖြင့် အရှင် မဟာဗုဒ္ဓဃောသ မထေရ် ဖွင့်တဲ့ အဋ္ဌကထာ။ သဘောသွားချင်း အတူတူပါဘဲ။

ဒီတော့ စက္ခုဝိညာဏ် စိတ်သည် အဆင်း ရုပ်ကိုသာ မြင်တတ်တယ်။ နိစ္စ အနိစ္စ စတဲ့ သဘော၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ စတဲ့ သဘော တွေကို သူ မမြင်တတ်ဘူး။ (မှန်လှပါဘုရား)

အဲဒီ စက္ခုဝိညာဏ်စိတ်သည် အဆင်း ရုပ်မျှကိုသာ မြင်တတ်သလို စက္ခု ဒွါရဝီထိမှာ ပါလာတဲ့ ဇောတွေလဲဘဲ စက္ခုဝိညာဏ်စိတ်ကဲ့သို့ စက္ခုဝိညာဏ် စိတ် မြင်သလောက်ကလေး အဆင်းပရမတ်မျှလောက်သာ မြင်ပါလို့ ဒီလို ဆိုလိုတဲ့ အဓိပ္ပာယ်နဲ့ "မတ္တံ" ကို "မတ္တာ မေဝ" လို့ အဋ္ဌကထာ ဆရာက ဖွင့်ဆို တာကွဲ။ (မှန်ပါဘုရား)

## ဝိပဿနာရှုပွားရမဲ့ အရှုခံတရား

ဒီတော့ မြင်ယင် ဘာလို့ ရှုရမတုန်း။ မြင်တာကို ဝိပဿနာ ရှုချင်ယင် ဘယ့်နှယ်ရှုရမလဲ။ မြင်ဆဲခဏ ဖြစ်ပေါ်လာတဲ့ မြင်ရုပ်၊ အဆင်းရုပ် တရား လို့ ရှုရမယ်။ (မှန်ပါဘုရား)

မြင်တာ ဘာကုန်း။ (ရုပ်တရားပါဘုရား)

ဘာကို မြင်တုန်း။ (ရုပ်ကို မြင်တာပါဘုရား)

ဘာတွေကို မြင်မြင် အဆင်းရုပ်တရား၊ အဆင်းရုပ်တရားလို့ သတိ ကပ်ထား။ (မှန်ပါဘုရား)

ရှေ့သို့ မကျော်နဲ့။ ဒါ စာတပိုဒ်နော်။ (မှန်ပါဘုရား)

"စက္ခုဒွါရိကဝိညာဏေန ဟိ မေ ဒိဋ္ဌမတ္တမေဝ ဘဝိဿတီတိ သိက္ခိတဗ္ဗန္တိ အတ္ထော [၁]" လို့ ဆက်ပြီး ဖွင့်ပေး သေးတယ်။

စက္ခုဒွါရဝီထိ တခုနဲ့ဘဲ ရူပါရုံကို မြင်ကာမျှကလေး၊ ဒိဋ္ဌမတ္တ။ (မှန်ပါဘုရား)

အဲဒီ "ဒိဋ္ဌမတ္တ"မှာ ရာဂလဲ မပါဘူး၊ ဒေါသလဲ မပါဘူး။ မောဟလဲ မပါဘူး။ စက္ခုဝိညာဏ်စိတ်မှာ မြင်ရုပ်ကလေးကလဲ ပရမတ်အဆင်းရုပ်ကလေးကွဲ့။(မှန်ပါဘုရား) ယခု ဘုန်းကြီး ဟောပြောလာခဲ့တာ အဋ္ဌကထာ ဆရာရဲ့ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" ဖြစ်အောင် ရှုပွားရမဲ့ ပဌမနည်းကွဲ့။(မှန်ပါဘုရား)အဋ္ဌကထာ ဆရာရဲ့ "မတ္တန္တိ ပမာဏံ"လို့ ဖွင့်ဆိုတဲ့ ဒုတိယ ရှုပွားနည်းကို ဟိုရှေ့နားက နဲနဲပြောခဲ့တယ်။ အဲဒီ ဒုတိယနည်းကို ပြောအုံးမယ်။ (မှန်လှပါဘုရား)

## အဋ္ဌကထာဆရာ၏ "ဒိဋ္ဌေ ဒိဋ္ဌပတ္တံ"ဖြစ်ပုံ ဒုတိယနည်း

စက္ခုဝိညာဏ်စိတ် တခုတည်းလားလို့ ဆိုတော့ မကဘူး။ နောက်တခါ စာတပိုဒ် ပြသေးတယ်။ အဋ္ဌကထာက အထဝါ ဆိုပြီးတော့ တနည်း တက်တယ်။ "ဒိဋ္ဌမတ္တ"ကို ပြောမလို့ နော်။ (မှန်ပါ) "ဒိဋ္ဌေ ဒိဋ္ဌ"က တပိုင်း၊ "မတ္တ"က တပိုင်း၊ ဒီ စာပိုဒ်က ပြောမယ်။ (မှန်ပါဘုရား)

"ဒိဋ္ဌေ ဒိဋ္ဌံ နာမ စက္ခုဝိညာဏေန ရူပဝိဇာနနန္တိ" အတ္ထော။

"ဒိဋ္ဌေ ဒိဋ္ဌ"လို့ ဆိုတာတဲ့၊ စက္ခုဝိညာဏ်စိတ်နဲ့ ရူပါရုံကို မြင်ခြင်းဆိုတဲ့ အနက်။ "ဒိဋ္ဌေ ဒိဋ္ဌ" ဆိုတာ "စက္ခုဝိညာဏ်စိတ်ဖြင့် ရူပါရုံကို မြင်ခြင်း" အဲဒါဘဲ ဒိဋ္ဌေ ဒိဋ္ဌ က။

"မတ္တန္တိ ပမာဏံ"။ မတ္တဆိုဟာ အဲဒီ စက္ခုဝိညာဏ်စိတ်နဲ့ ရူပါရုံကိုမြင်ခြင်းဆိုတဲ့ အတိုင်းအတာ ပမာဏ။

"ဒိဋ္ဌာ မတ္တာ ဧတဿာတိ ဒိဋ္ဌမတ္တံ" ဝိဂြိုဟ်ဆို။ ဒီတော့- ဧတဿ၊ ထိုဇော စိတ်အား။ ဒိဋ္ဌာ မတ္တာ၊ စက္ခုဝိညာဏ်စိတ်၏ ရူပါရုံကို မြင်အပ်သော အတိုင်း အတာပမာဏသည်။ အတ္ထိ၊ရှိ၏။ ဣတိ တသ္မာ၊ထိုကြောင့်။ ဒိဋ္ဌ မတ္တံ၊ ဒိဋ္ဌမတ္တ မည်၏။

---

၁။ ဥဒါန်း ဋ္ဌကထာ၊ ဝ၃။သံ၊ ဋ္ဌ၊ ၃၊ ၂၉။ ဗိဘင်း အနုဋီ၊ ၁ဝ၂။

"စက္ခုဝိညာဏမတ္တမေဝ စိတ္တံ ဘဝိဿတီတိ အတ္ထော"

စက္ခုဝိညာဏ်စိတ် အတိုင်းအရှည်ရှိသော ဇောစိတ်ဖြစ်အောင် ကျင့်ပါ၊ စက္ခုဝိညာဏ်စိတ် အတိုင်းအရှည်သာလျှင် ဖြစ်လတ္တံ့ လို့ ဒီလိုပြောတယ်။ စက္ခုဒွါရဝီထိ ဇောတခု။ ဣဒံ ဝုတ္တံ ဟောတိ ဆိုလိုတာက ဘာပြောလဲလို့ဆိုတော့–

"ယထာ အာပါထဂတေ ရူပေ စက္ခုဝိညာဏံ န ရဇ္ဇတိ န ဒုဿတိ နမုယှတိ၊ ဧဝံ ရာဂါဒိ ဝိရဟေန စက္ခုဝိညာဏမတ္တမေဝ မေ ဇဝနံ ဘဝိဿတိ၊ စက္ခုဝိညာဏပ္ပမာဏေနေဝ ဇဝနံ ဌပေဿာမိ[၁]"တိ။

စက္ခုဝိညာဏ်စိတ်သည် စက္ခုပသာဒရုပ်ပေါ်မှာ ရူပါရုံ ကျရောက်လာယင် အဆင်းရုပ်ကိုသာ သူက မြင်လိုက်တယ်၊ စက္ခုဒွါရဝီထိမှာ။ အဲဒီ စက္ခုဝိညာဏ် စိတ်သည် နရဇ္ဇတိ၊တပ်လဲမတပ်မက်တတ်ဘူး၊ လောဘလဲ မဖြစ်တတ်ဘူးတဲ့။ (မှန်ပါဘုရား) န ဒုဿတိ၊ စိတ်လဲ မဆိုးတတ်ဘူးတဲ့။(မှန်ပါ) န မုယှတိ၊ တွေလဲ မတွေဝေတတ်ဘူးတဲ့။(မှန်ပါဘုရား) ဧဝံ၊အဲဒီလိုဘဲတဲ့။ ရာဂါဒိ ဝိရဟေန၊ ရာဂ ဒေါသ မောဟတို့မှကင်းသော။ စက္ခုဝိညာဏ မတ္တမေဝ၊စက္ခုဝိညာဏ်၏အတိုင်းအတာ ပမာဏသာဖြစ်သော။မေ၊ငါ၏။ ဇဝနံ၊ ဇောစိတ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ စက္ခုဝိညာဏပမာဏေနေဝ၊ စက္ခုဝိညာဏ်၏ အတိုင်းအတာပမာဏဖြင့်သာလျှင်။ ဇဝနံ၊ ဇောစိတ်ကို။ဌပေဿာမိ၊ ထားအံ့။

ဇောစိတ်ကို စက္ခုဝိညာဏ်နဲ့ တူအောင်ကျင့်ပါလို့ ပြောတယ်။စက္ခုဝိညာဏ်မှာ ရဇ္ဇ–တပ်မက်ခြင်း၊ဒုဿန–စိတ်ဆိုးခြင်း ပြစ်မှားခြင်း၊ မုယှန–တွေဝေခြင်း မရှိသလို အဲဒီ စက္ခုဝိညာဏ်စိတ်ရဲ့ နောက်နားမှာဖြစ်တဲ့ ဇောစိတ်တွေကလဲဘဲ ရဇ္ဇန ဒုဿန မုယှန မဖြစ်အောင် ကျင့်ပါချစ်သား၊ ဒါပြောတာ။ (မှန်လှပါ ဘုရား။) ဒါ ဒိဋ္ဌေ ဒိဋ္ဌနေဒ်။ (ဒိဋ္ဌေ ဒိဋ္ဌမတ္တသည် ဝိပဿနာ ရှုကွက်မဟုတ်သေးဘူး)။ အခုပြောနေတဲ့ အဋ္ဌကထာရဲ့ အဓိပ္ပာယ်တွေဟာ "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ဖြစ်ပုံ ကိုသာ ပြောနေတာ။ (မှန်ပါဘုရား) "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ဖြစ်အောင် ကျင့်ရမယ့် နည်း နောက်ပိုင်းမှာ လာလိမ့်အုံးမယ်။ (မှန်လှပါဘုရား) အဲဒီလို "ဒိဋ္ဌေ ဒိဋ္ဌမတ္တ" ဖြစ်အောင်ကျင့်နိုင်ယင် ဟိုနောက်ပိုင်းကျတော့ မြတ်စွာဘုရားက ဆက်ဟောမယ်။ ဖြစ်အောင် ကျင့်ပါတဲ့။

---

၁။ သံယုတ်အဋ္ဌကထာ၊တတိယ၊ ၂၉။ ဥဒါန်းအဋ္ဌကထာ၊ ၇၁။

## အဋ္ဌကထာဆရာ၏ ဒိဋ္ဌေဒိဋ္ဌမတ္တဖြစ်ပုံ တတိယနည်း

နောက်တနည်း အထဝါဘဲ လာသေးတယ်၊ အဋ္ဌကထာက သုံးနည်းလောက် ဒီမှာ ပြတယ်။

"ဒိဋ္ဌံ နာမ စက္ခုဝိညာဏေန ဒိဋ္ဌံ ရူပံ"

ဒိဋ္ဌလို့ဆိုတာ ဘာပြောသလဲလို့ဆိုတော့ စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်းရုပ်။ ဒိဋ္ဌမတ္တံ နာမ၊ ဒိဋ္ဌမတ္တဆိုတာ ဘာတုန်း။

"တတ္ထေဝ ဥပ္ပန္နံ သမ္ပဋိစ္ဆန သန္တီရဏ ဝေါဋ္ဌဗ္ဗနသင်္ခါတံ စိတ္တတ္တယံ"

"ဒိဋ္ဌမတ္တ"ဆိုတာက စက္ခုဝိညာဏ်စိတ်နဲ့ အတူတွဲပြီးတော့ ဖြစ်တဲ့ သမ္ပဋိစ္ဆိုင်း-အာရုံကို ခံယူတဲ့စိတ်၊ သန္တီရဏ—အာရုံကို စုံစမ်းလိုတဲ့စိတ်၊ ဝေါဋ္ဌဗ္ဗန-ဆုံးဖြတ်ချက်ချတဲ့စိတ်လို့ဆိုတဲ့ အဲဒီ စိတ်သုံးလုံးအပေါင်းကို "ဒိဋ္ဌမတ္တ" လို့ ဆိုပါတယ်တဲ့။ (မှန်လှပါဘုရား) အဲဒီ "ဒိဋ္ဌမတ္တ"စိတ် သုံးလုံးကလဲဘဲ—

"ယထာ တံ န ရဇ္ဇတိ န ဒုဿတိ န မုယှတိ၊ ဧဝံ အာပါထဂတေ ရူပေ တေနေဝ သမ္ပဋိစ္ဆနာဒိပ္ပမာဏေန ဇဝနံ ဥပ္ပါဒေဿာမိ"။

အဲဒီ သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောတို့ကလဲဘဲ သူတို့ တပ်လဲ မတပ်မက်တတ်ဘူး။ စိတ်လဲ မဆိုးတတ်ဘူး။ တွေလဲ မတွေဝေတတ်ဘူး။ အဲဒီ သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောတို့က လောဘ ဒေါသ မောဟ မဖြစ်တတ်သလို စက္ခုဒွါရမှာ အာရုံတခု ကျရောက်လာယင် အဲဒီ သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောတို့ရဲ့ ပမာဏမျှ ဖြင့်သာလျှင်။ ဇဝနံ၊ ဇောသည်။ ဥပ္ပါဒေဿာမိ၊ ဖြစ်အောင်ကျင့်အံ့။

ဒီလိုကျင့်ပါတဲ့။ (မှန်လှပါဘုရား) ဒါ"ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ရဲ့ အဓိပ္ပာယ်။ ဒီတော့ ဇောလို့ဆိုယင် ကုသိုလ်ဇောလဲ ရှိတယ်၊ ကြိယာဇောလဲရှိတယ်၊ အကုသိုလ်ဇောတွေလဲ ရှိတယ်။ စက္ခုဝိညာဏ်စိတ်ကို ယှဉ်တဲ့နေရာမှာလဲဘဲ ဘယ်သူပါနေသလဲဆိုတော့ မနသိကာရ စေတသိက် ပါနေပြန်တယ်။ (မှန်ပါ) ယောနိသောဆိုယင် ကုသိုလ်ဇော၊ အယောနိသောလို့ ဆိုယင်။ (အကုသိုလ်ဇောပါဘုရား) ဒီလို ယောနိသော ပါနေတဲ့အတွက် အဲဒီယောနိသောကတော့ ကုသိုလ်။ အယောနိသောကတော့ အကုသိုလ် မဖြစ်ဘူးလားလို့ဆိုတော့ ဋီကာက ပြောထားတယ်၊ ဖြစ်တော့ဖြစ်တယ်တဲ့၊ ဖြင်ကာမတ္တ ကလေးဘဲတဲ့ လောဘ သာမည ဒေါသ သာမည မောဟ သာမည အဲဒါလောက်ပဲ ရှိတယ် တဲ့။ ပဌမဇောတို့ ဒုတိယဇောတို့ တတိယဇောတို့ စတုတ္ထဇောတို့လို့ ဆိုတဲ့ အဲဒီ ဇောတွေသည်ပင်လျှင် ယောဒေါယောကျာ်းဘဲ ဒါမိန်းမဘဲဆိုတဲ့ အနေမျိုးနဲ့ ရာဂ ဒေါသ မောဟ၏အနေအားဖြင့် သူတို့ ကြည့်တတ်ထာ မဟုတ်ဘူး တဲ့။ အဲဒါ

ဘယ်မှာပါတုန်းလို့ဆိုတော့—သီလက္ခန်အဋ္ဌကထာ၊ အဲဒီကို သွားရမယ်။ ဒါ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"နဲ့ ပတ်သက်လို့—နော်။(မှန်လှပါ ဘုရား)

## "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ဖြစ်အောင် ရှုပွားနည်း (၁)

သီလက္ခန်အဋ္ဌကထာက ဘာပြောထားသလဲဆိုတော့ အသမ္မောဟ သမ္ပဇညပိုင်းမှာ—

"အဗ္ဘန္တရေ အတ္တာ နာမ အာလောကေတာ ဝါ ဝိလောကေတာ ဝါ နတ္ထိ"

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ဝိပဿနာလုပ်ငန်းနဲ့ ပတ်သက်လို့"ဒိဋ္ဌမတ္တ"ဖြစ်အောင် ပြောနေတာ။ ဒီ စာပိုဒ်ကလေးကို ဖြည့်ပြီးတော့ ပြောမှ ဝိပဿနာဉာဏ်အတွက် ရှုဘို့အတွက် ပိုပြီးတော့ ရှင်းလင်းပြတ်သားမှာ ဖြစ်သောကြောင့် အခု ဥဒါန်း အဋ္ဌကထာ သံယုတ်အဋ္ဌကထာက နေပြီးတော့ သီလက္ခန်အဋ္ဌကထာကို ပြောင်းပြီးတော့ ဘုန်းကြီး ဟောပေးတာ။ အသမ္မောဟ ဖြစ်အောင်။

ခုနင်က သိက္ခတိ ဆိုတဲ့ နေရာမှာ အဓိသီလမှိ သိက္ခတိ၊ အဓိစိတ္တမှိ သိက္ခတိ၊ အဓိပညာမှိ သိက္ခတိ။ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါးကို ကျင့်ပါတဲ့။

"ဣမာ တိဿော သိက္ခာယော အာဝဇ္ဇန္တော သိက္ခတိ၊ ဇာနန္တော သိက္ခတိ၊ ပဿန္တော သိက္ခတိ၊ ပစ္စဝေက္ခန္တော သိက္ခတိ၊ စိတ္တံ အဓိဋ္ဌဟန္တော သိက္ခတိ"—

စသည်ဖြင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်က ဟောထားတယ်။

ဣမာ တိဿော သိက္ခာယော၊ ဤသိက္ခာသုံးပါးတို့ကို။ အာဝဇ္ဇန္တော၊ ဆင်ခြင်လျက်။ သိက္ခတိ၊ ကျင့်၏။ ဇာနန္တော၊ သိသည်ဖြစ်၍။ သိက္ခတိ၊ ကျင့်၏။ ပဿန္တော၊ ရှုမြင်သည်ဖြစ်၍။ သိက္ခတိ၊ ကျင့်၏။ ပစ္စဝေက္ခန္တော၊ ဆင်ခြင်၍။ သိက္ခတိ၊ ကျင့်၏။ စိတ္တံ၊ စိတ်ကို။ အဓိဋ္ဌဟန္တော၊ ဆောက်တည်၍။ သိက္ခတိ၊ ကျင့်၏။

မြင်ဆဲခဏမှာ လောဘ ဒေါသ မောဟတွေ မပါဘဲ စောင့်စည်းခြင်း (သံဝရဋ္ဌ) သဘောရှိတဲ့ အဓိသီလသိက္ခာကို ကျင့်ပါ—တဲ့၊ ဟုတ်လား။ (မှန်ပါ ဘုရား) မြင်ဆဲခဏမှာ လောဘ ဒေါသ မောဟတွေ မဝင်အောင် စောင့်စည်းထားတဲ့အတွက် ဘာသိက္ခာကို ကျင့်နေတာတုန်း။ (အဓိသီလ သိက္ခာကိုပါ ဘုရား)

---

၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၁၇၄။

ရုပ်ပေါ်က နေပြီးတော့ စိတ်ကို အာရုံတွေ ပျံ့လွင့်မသွားအောင် မပျံ့လွင့်ခြင်းဆိုတဲ့ အဝိက္ခေပ—အနက်သဘောရှိတဲ့ အဖိစိတ္တသိက္ခာ ကိုလည်း ကျင့်သည်မည်၏—တဲ့။(မှန်ပါ ဘုရား)

ဟုတ်မှန်သော ဉာဏ်အမြပ်ဖြင့် ရှုမြင်တတ်သော၊ ဒဿနဋ္ဌအနက်သဘော ရှိသော အဓိပညာသိက္ခာကိုလည်း ကျင့်နေသည်မည်တယ် တဲ့။

အဲဒီတော့ ဒီနေရာမှာ စက္ခုဒွါရဝီထိ တဝီထိလုံးမြင်ပြီမဟုတ်လား။ စက္ခုဒွါရဝီထိ တဝီထိ ကျလိုက်ယင် မြင်—ဆိုတဲ့ စကားလုံး တလုံး ပေါ်လာတယ်။ (မှန်ပါ ဘုရား) မြင်—ဆိုတဲ့ စကားလုံး တလုံး ပေါ်လာတာဟာ စက္ခုဒွါရဝီထိ တဝီထိကျပြီးမှ မြင်—ဆိုတဲ့ စကားလုံး တလုံး ပေါ်လာတာ။ (မှန်လှပါ ဘုရား) အဲဒီ စက္ခုဒွါရဝီထိမှာ ဘာတွေပါလာတုန်း။နောက်ပိုင်း ကျတော့ မူလပရိညာနဲ့ ပိုင်းခြားတဲ့ အခါကျတော့ မြင်—ဆိုတဲ့ စကားလုံး ဖြစ်အောင် စက္ခုဒွါရဝီထိ သူလာလိမ့်မယ်။ (မှန်ပါ)

## အသမ္မောဟသမ္ပဇဉနည်း အရ
## ''ဒိဋ္ဌေ ဒိဋ္ဌမတ္တ''ဖြစ်အောင် ရှုပွားပုံ

အခု အသမ္မောဟသမ္ပဇဉ ပိုင်းမှာ မြင်ဆိုတဲ့ နေရာမှာ—အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။ ကျင့်ဘို ကျင့်ဘို။ အာလောကိတေ၊ တည့်တည့် ကြည့်သည် ရှိသော်။ ဝိလောကိတေ၊ စောင်းငဲ့၍ကြည့်သည်ရှိသော်။ တည့်တည့်ကြည့်တာရယ် စောင်းကြည့်တာရယ် နှစ်မျိုးကွဲ။ (မှန်လှပါ ဘုရား) ဘုန်းကြီးတို့ အမျိုးကောင်းသားများ၊ သမီးများရဲ့ မျက်လုံးဟာ တည့်တည့်ကြည့်တာကော မရှိဘူးလား။ (ရှိပါတယ်ဘုရား) စောင်းကြည့်တာကော မရှိဘူးလား။ (ရှိပါတယ် ဘုရား) ဒီတော့ ဘာခြားနားသလဲ—တာ။ တည့်တည့်ကြည့်တာက နှစ်သက်လို့ ကြည့်တာ။ (မှန်ပါ ဘုရား) စောင်းကြည့်တာက မုန်းလို့ကြည့်တာမဟုတ်လား။ (မှန်ပါ ဘုရား) ကဲ ဘုန်းကြီးတို့ ပရိသတ် လူတယောက်မုန်းယင် ဘယ်လိုကြည့်သလဲ။ (စောင်းကြည့်ပါတယ်ဘုရား) ဒါ မရှင်းဘူးလား။ (ရှင်းပါတယ် ဘုရား)

## အတ္တကောင် မရှိ

တည့်တည့်ကြည့်တာက ရိုးရိုးသားသား ကြည့်တာလား၊ မရိုးမသားကြည့်တာလား။ (ရိုးရိုး သားသားကြည့်တာပါဘုရား) စောင်းကြည့်တာက။ (မရိုးသားပါဘုရား) ဒါဘဲ၊ ဒါကိုလွဲလို့မရဘူး။ ရှင်းပလားကွဲ့။ (ရှင်းပါတယ် ဘုရား) အဲဒါကို အာလောကိတ ဝိလောကိတ လို့ ဘုန်းကြီးတို့ သတိပဋ္ဌာန်

ပါဠိတော်က ပြောတာ။ အဲဒီ အာလောကိတ ဝိလောကိတ ကြည့်ဆိုတာ ဘယ်သူက ကြည့်သလဲဆိုတော့ အသမ္မောဟ သမ္ပဇဉ်ပိုင်းမှာ—

"အဗ္ဘန္တရေ အတ္တာ နာမ အာလောကေတာ ဝါ ဝိလောကေတာ ဝါ နတ္ထိ ၁"

အဗ္ဘန္တရေ၊ အမျိုးကောင်းသားတွေ၊ သမီးတွေရဲ့ ခန္ဓာကိုယ် အတွင်း၌။ အာလောကေတာ ဝါ၊ တည့်တည့်ကြည့် တတ်သော။ ဝိလောကေတာ ဝါ၊ စောင်း၍လည်း ကြည့်တတ်သော။ အတ္တာ နာမ၊ အတ္တ ခေါ်တဲ့ သတ္တဝါကောင် မည်သည်။ နတ္ထိ၊ မရှိ။

ကြည့်တတ်တဲ့ သတ္တဝါကောင် ရှိသလားကွဲ့။ (မရှိပါဘူးဘုရား) ကြည့်တတ်တဲ့ အမျိုးသား ရှိသလား။ (မရှိပါဘူးဘုရား)ကြည့်တတ်တဲ့ အမျိုးသမီး။ (မရှိပါဘူးဘုရား) ကြည့်တတ်တဲ့ ကိုယ်ကော။ (မရှိပါဘူးဘုရား) ငါ သူ ယောကျ်ား မိန်းမ သတ္တဝါ အတ္တ ဇီဝ မရှိတဲ့—မြတ်စွာဘုရားက။(မှန်ပါဘုရား)

အဗ္ဘန္တရေ၊ အတွင်း၌— ဘယ်အတွင်းလဲလို့ဆိုတော့ ဘုန်းကြီးတို့ ပရိသတ်က ဘယ်လိုထင်နေသလဲဆိုတော့ ဒီ ကိုယ်လုံးကြီးထဲမှာ ကြည့်တတ်တဲ့ သတ္တဝါလေးတကောင် ရှိနေတယ်လို့ ထင်နေကြတယ်။အတ္တာနုပရိကပ္ပိတ ဒိဋ္ဌိ ဆရာကြီးတွေကလဲဘဲ"မျက်စိဖြင့် ရူပါရုံကို မြင်၏"လို့ ဒီလိုပြောခဲ့တယ် မဟုတ်လား။ (မှန်ပါဘုရား) အဲဒီစကားဟာ ပြည့်စုံရဲ့လားကွဲ့။ (မပြည့်စုံပါဘူးဘုရား) ဘာလိုနေသလဲ၊ ဒီဝါကျဟာ မစုံဘူးကွဲ့။ ဝါကျတခု ပြည့်စုံတယ်ဆိုတာ ကတ္တားလဲ ပါရမယ်၊ ကံလဲ ပါရမယ်၊ ကြိယာလဲ ပါရမယ်၊ ဒီလိုမဟုတ်လား။ (မှန်ပါဘုရား)မျက်စိဖြင့် ရူပါရုံကို မြင်၏ဆိုတဲ့ ဝါကျထဲမှာ ကတ္တားပါရဲ့လားကွဲ့။ (မပါပါဘူးဘုရား) ကတ္တားမပါဘူးဆိုတော့ သူတို့က ကတ္တားရှာထည့်လိုက်တယ်။အတ္တဝါဒီ ပုဂ္ဂိုလ်ကြီးတွေက "မျက်စိဖြင့် ရူပါရုံကို မြင်၏ဆိုတာ ဘယ်သူက မြင်တာလဲလို့ ဆိုတော့ အတ္တဆိုတဲ့ သတ္တဝါကလေးကမြင်တာ၊ အကောင်လေး တကောင်ကမြင်တာ၊ ဒီအကောင်လေးဟာ ဒီခန္ဓာအိမ်ထဲမှာ ရှိကို ရှိနေတယ်"လို့ သူတို့က ယူထားတယ်။ (မှန်ပါဘုရား) အဲဒီ အကောင်လေးဟာ နောက်တော့ ဘယ်သွားလဲ၊ ခန္ဓာအိမ်ကြီးလဲ အိုမင်းမစွမ်းလို့ မျက်လုံးတွေပြာ၊ ခါးတွေကိုင်း၊ နားတွေထိုင်း၊ သွားတွေကျိုးလို့ ဆုတ်ယုတ် ပျက်စီးသွားတဲ့ အခါကျတော့ အဲဒီ အတ္တကလေးက ဟိုဘက် ခန္ဓာအိမ်တခုကို ပြောင်းသွားပြန်ရော—တဲ့၊ သူတို့အယူနော်။ (မှန်ပါဘုရား) အဲဒီ အယူမျိုး ဘုန်းကြီးတို့ ဗုဒ္ဓဘာသာမှာကော ရှိသေးသလား၊ မရှိဘူးလား။ (မရှိပါ

---

၁၊ ဒီ၊ ဋ္ဌ၊ ၁၊ ၁၇၄။

ဘုံးဘုရား) ဘာ—အမယ် လူတယောက်လဲ သေသွားရော၊ ဟို သင်းချိုင်းကုန်းကနေပြီး ပရိတ်နာရအောင်လို့ ခဲလုံးကလေးတွေယူလာတဲ့ လူက ရှိသေးတယ်။ ဘယ်က ပါလာတာတုန်း၊ ဟင်—ပြီးတော့ ပြောသေးတယ်။ ''လောက်လန်းသဖွယ် ဝိညာဉ်တွယ်''တဲ့။ * အဲဒီ အတ္တကောင်ကလေးက ဒီခန္ဓာအိမ်ကနေပြီးတော့— အောင်မယ်-မျောနေတဲ့ အခါမှာ ဒီပြင် ခန္ဓာအိမ် လိုက်ရှာနေသေးတယ်—တွယ်ဘို့။ ဟိုမှာ တွယ်ပြီးမှ ဒီက နောက်က ထွက်တယ်ဆို။ (မှန်ပါဘုရား) အဲဒီ ဝါဒဟာ အတ္တဝါဒရဲ့ အယူကွဲ။ (မှန်ပါဘုရား) ကဲ ဒီစကားပိုဒ်ကတော့ အတ္တသဘောကို ပြောယင်—

---

* **လောက်လန်းသဖွယ် ဝိညာဉ်တွယ်** ဤအယူကို ဗုဒ္ဓဘာသာအချို့တို့ပင် ယူနေကြသေး၏၊ ပြောဆိုနေကြသေး၏။ လောက်လန်းဟူသည် ရေအိုင်၊ မြောင်း၊ အိုး စသည်၌ တွေ့ရသော ပိုးလောက်လန်းမျိုးမဟုတ်။ အမြီးဘက်ကကောက်တည့်တားပြီး ခေါင်းဘက်ကတနေရာကိုရှာ၏။ ရှာမတွေ့သမျှ အမြီးပိုင်းမလွှတ်၊ တွေ့ကာမှ ခေါင်းပိုင်းဖြင့် တွယ်လျက် အမြီးပိုင်းကို လွှတ်ပြီးတွန့်၍ ပြောင်းကူးသွားတတ်သော ပိုးခကောင်ဖြစ်၏။ တောင့်တဲကောင်ဟုလည်း ခေါ်၏။

သေသော သတ္တဝါတို့၏ ဝိညာဉ်ကူးပြောင်းပုံသည်လည်း ဤလောက်လန်း (တောင့်တဲ)ကောင်ကဲ့သို့ပင် ဝိညာဉ်ကူးပြောင်း၏ ဟု ယူသောဝါဒ (သဿတဝါဒ) ဖြစ်၏။

ဤနေရာ၌ သဿတ ဥစ္ဆေဒ မဖြစ်ရန် အရေးကြီး၏။ ဆရာတော်လည်း ဤလိုအယူမျိုးမဖြစ်အောင် အကြိမ်ကြိမ်ဟောပြီးဖြစ်၏။ ရှေးဘဝဟောင်းက ရုပ်နာမ်တရားတွေသည် ဘဝအသစ်၌ ဆက်လက်၍ ပါလာသည်-ဟု ယူလျှင် သဿတဒိဋ္ဌိဖြစ်၏။ ရှေးဘဝဟောင်းက ရုပ်နာမ်တွေသည် ရှေးဘဝဟောင်း၌ပင် ချုပ်ပျောက်ပြီးဖြစ်၍ ဘဝသစ်နှင့် ဘာမျှမဆိုင်၊ ဘဝသစ် ရုပ်နာမ်တို့သည် သီးခြား သပ်သပ် ရုပ်နာမ် အသစ်များသာဖြစ်သည်-ဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။

ထိုအစွန်း နှစ်ပါးမှ လွတ်အောင်- ဘဝသစ် ပဋိသန္ဓေဝိညာဏ်သည် ဘဝဟောင်း ရုပ်နာမ်တွေက ကူးပြောင်းလာကြသည်မဟုတ်၊ ဘဝဟောင်း ဝိညာဏ် နာမ်ရုပ်တရားတို့သည် တစုံတခုမျှ ဘဝသစ်သို့ ပြောင်းရွှေ့မသွားကြပါ။ လက်ရှိဘဝ၌ပင် အကုန်ချုပ်ငြိမ်းကြ၏။ သို့ရာတွင် ဘဝဟောင်းက အဝိဇ္ဇာ တဏှာ ကမ္မာဘိသင်္ခါရ ဟူသော တရားသုံးမျိုးက ဝိုင်းဝန်းပြုစီမံပေးလိုက်ခြင်းကြောင့် ဘဝသစ် ပဋိသန္ဓေဝိညာဏ် ဟု ဖြစ်လာကြောင်း ဓာန်မှတ်ယူရမည်။

ပဋိသန္ဓေ ဝိညာဏ်ခေါ်တဲ့ တရားသည် ဘဝဟောင်းက ရုပ်နာမ် အဆက်လည်း မဟုတ်ပေ။ သို့သော်လည်း ဘဝဟောင်းက အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရ ခေါ် ကံ။ ဤ တရားသုံးမျိုးနှင့်လည်း မကင်းပေ-ဟု သိရာ၏။

ဥပမာ။ ။ဝဲ့ တင်သံသည် မူလ အော်သံလည်း မဟုတ်၊ မူလ အော်သံနှင့်လည်း ကြောင်းကျိုးမကင်း။ ယို့အတူ ဆီမီးချင်း ကူးညှိရာ၌ ဒုတိယ မီးသည် ပဌမမီးနှင့် ဘာဆက်တည်းမဟုတ်၊ ပဌမမီးနှင့်လည်း မကင်းစသော ဥပမာလို မှတ်ယူရပါမည်။ ဋီကာကျော်၊ ၁၉၀။

"အဗ္ဘန္တရေ အတ္တာနာမ အာလောကေတာ ဝါ ဝိလောကေတာ ဝါ နတ္ထိ[၁]"

အဗ္ဘန္တရေ၊ ဤကိုယ်အတွင်း၌။အာလောကေတာ ဝါ၊ တည့်တည့်ကြည့်တတ်သော။ဝိလောကေတာဝါ၊ စောင်းငဲ့၍ ကြည့်တတ်သော။ အတ္တာနာမ၊ သတ္တဝါကောင် တကောင်မည်သည်။ နတ္ထိ၊မရှိ။

ဝိညာဉ် လိပ်ပြာ သတ္တဝါကောင်သည် မရှိဘူး တဲ့။ (မှန်ပါဘုရား)အဲဒီ တော့ ဘာက မြင်တာတုန်း–မြင်တာ။

"အာလောကေဿာမီတိ ပန စိတ္တေ ဥပ္ပဇ္ဇမာနေ တေနေဝ စိတ္တေန သဒ္ဓိံ စိတ္တသမုဋ္ဌာနာ ဝါယောဓာတု ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ"

ဒီစာပိုဒ်က သိပ်ပြီးတော့ အရေးကြီးတဲ့စာပိုဒ်။ ဝိပဿနာလုပ်ငန်းနေရာမှာ ဒီစာပိုဒ် သိပ်ပြီးတော့ အရေးကြီးတယ်။

အာလောကေဿာမီတိ စိတ္တေ၊ ကြည့်တော့မယ်ဆိုတဲ့ စိတ်သည်။ ဝါ၊ကြည့်လိုသောစိတ်သည်။ဥပ္ပဇ္ဇမာနေ၊ ဖြစ်ပေါ်လာခဲ့သည်ရှိသော်။

ကြည့်တော့မယ်လို့ဆိုတော့ ကြည့်ချင်တဲ့စိတ်ကလေး ဖြစ်မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား)တည့်တည့်ဘဲ ကြည့်ချင် ကြည့်ချင်၊စောင်းငဲ့ကြည့်ချင် ကြည့်ချင်၊ ကြည့်ချင်တဲ့ စိတ်ကတော့ ဖြစ်လာပြီ။(မှန်ပါ)အဲဒီ ကြည့်ချင်သော စိတ်သည်။ဥပ္ပဇ္ဇမာနေ၊ ဖြစ်သည်ရှိသော်။

တေနေဝ စိတ္တေန၊ထိုကြည့်လိုသောစိတ်နှင့်။ သဒ္ဓိံ၊အတူတကွ။ စိတ္တသမုဋ္ဌာနာဝါယောဓာတု၊ စိတ်လျှင် ဖြစ်ကြောင်းရှိသော ဝါယောရုပ်သည်။(စိတ်ကြောင့်ဖြစ်သော ဝါယောရုပ်သည်) စိတ် ရုပ်၊ သူတို့နှစ်ခုနော်။ (မှန်ပါ) အဲဒီစိတ်ကြောင့်ဖြစ်သော ဝါယောရုပ်သည်။ ဝိညတ္တိံ၊ ဝိညတ်ကို။ ဇနယမာနာ၊ ဖြစ်စေလျက်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။

ကြည့်လိုတဲ့ စိတ်ကလေးဖြစ်လာယင် အဲဒီစိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောရုပ်သည် ကာယဝိညတ်ဆိုတဲ့ ဝိညတ်ရုပ်ကို သူက ဖြစ်စေတယ်။(မှန်ပါဘုရား) ဝိညတ္တိံ ဇနယမာနာလို့– ဝိညတ္တိံ၊ ကိုယ်အမူအရာကို–ကွေးတယ်ဆိုယင်လဲ ကွေးတဲ့ အမူအရာ၊ ဆန့်တယ်ဆိုယင်လဲ ဆန့်တဲ့အမူအရာ၊ ကြွတယ်ဆိုယင်လဲ ကြွတဲ့အမူအရာ၊ ခြေလှမ်းတယ်ဆိုယင်လဲ လှမ်းတဲ့အမူအရာ၊ ခြေထောက်ချတယ်ဆိုယင်လဲ ချတဲ့အမူအရာ ထိုင်တဲ့ အမူအရာ၊ လျောင်းတဲ့အမူအရာ၊ မတ်တတ်ရပ်တဲ့ အမူအရာတွေဆိုတဲ့ ဝိညတ်ရုပ်တွေကွဲ။ (မှန်ပါဘုရား)

---

၁။ ဒီ၊ ဋ္ဌ၊ ၁၁၇၄။

အဲဒီ ဝိညတ်ရုပ်၊ ကြွတယ် ချတယ်ဆိုတဲ့ ဝိညတ်ရုပ် အစဉ်တွေဟာ ရုပ် အစစ်မဟုတ်ဘူးကွဲ။ ဝိပဿနာရဲ့ အာရုံ ဟုတ်ကို မဟုတ်ဘူး။ (မှန်လှပါဘုရား) ဝိကာရ။

အဲဒီ ဝိညတ်ရုပ်ကို ဖြစ်စေတာက ဘယ်သူလဲလို့ဆိုတော့ အခုနင်က မျက်လုံး ကလေး မှိတ်ထားရာက နေပြီး ဖွင့်တယ်ဆိုတဲ့ အမူအရာ။ ဒီမျက်လုံးလေးကို ဖွင့်ရမယ် မဟုတ်လားလို့။ (ဖွင့်ရမှာပါဘုရား) မျက်လုံးကို ဘယ်လိုလုပ်ထား သလဲလို့ဆိုတော့ အောက်မျက်ခမ်းနဲ့ အပေါ်မျက်ခမ်းကို ပိတ်ထားတာကွဲ၊ ဟုတ်လား။ (မှန်ပါဘုရား) သူလုပ်ငန်း သူလုပ်ကာနီးမှ မျက်ခမ်း လေးတွေ က ဘာဖြစ်သွားသလဲ။ (ပွင့်သွားပါတယ်ဘုရား) ပွင့်တယ် ဆိုတာ ဘာလုပ် တာတုန်း၊ ဟောဒီ အောက်မျက်ခွံ ကလေးက အောက်ကို နိမ့်လာတယ်။ အပေါ်မျက်ခွံက အပေါ်ကို ခုန်တက်သွားတယ်။ အဲတာကို ဘာလို့ခေါ် သလဲ။ (ပွင့်တယ်လို့ ခေါ်ပါတယ် ဘုရား) အဲဒါကို ဘယ်သူ ဖွင့်ပေးသလဲ။ (စိတ်က ဖွင့်ပေးပါတယ်ဘုရား)

အဲဒီ မျက်လုံးဖွင့်တယ်ဆိုတဲ့ သဘောဟာ ကာယဝိညတ်—နော်။ (မှန်ပါ ဘုရား) အဲဒါကြောင့်—

> တေနေဝ စိတ္တေန၊ ထိုကြည့်လိုသော စိတ်နှင့်။သဒ္ဓိံ၊ အတူ တကွ။ စိတ္တသမုဋ္ဌာနာ ဝါယောဓာတု၊ စိတ်ကြောင့် ဖြစ်သော ဝါယော ရုပ်သည်။ ဝိညတ္တိံ၊ မျက်လုံး ဖွင့်တဲ့ အမူအရာဟု ဆိုအပ်သော ဝိကာရ ဝိညတ်လို့ ခေါ်တဲ့ ကာယဝိညတ်ကို။ ဇနယမာနာ၊ ဖြစ်စေ လျက်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အဲဒီ ဥပ္ပဇ္ဇတိဟာ ဝိညတ်ဖြစ်တာလား။ စိတ်နဲ့ ရုပ်နဲ့ ဖြစ်တာလား။ စိတ်နဲ့ ရုပ်နဲ့ ဥပါဒ်သောအားဖြင့် ဖြစ်တာ။ ဝိညတ္တိံ ဥပ္ပါဒယမာနာလို့ ကျန်းဂန် က မဆိုဘဲနဲ့ ဝိညတ္တိံ ဇနယမာနာလို့ ဆိုတာ သူက ဥပါဒ်သော အားဖြင့် ဖြစ်တာ မဟုတ်ဘူးကွဲ။ စိတ် စေတသိက် စိတ်နဲ့ ရုပ်ကြောင့် ဝိညတ်အမူအရာ ဖြစ်ပြီးတော့ ထိုကြည့်လိုသော စိတ်ကြောင့်ဖြစ်ပေါ်လာတဲ့ ဝါယောရုပ်သည်။ ဇနယမာနာ၊ ဝိညတ်ကိုဖြစ်စေလျက်။ဥပ္ပဇ္ဇတိ၊ ဥပါဒ်သော အားဖြင့် ဖြစ်၏။ ဥပါဒ်ဖြစ်မှ ဟိုဘက်မှာ ဘင်က လာလို့ ရတယ်၊ ဒါရှင်းပြီနော်။ (ရှင်းပါ တယ်ဘုရား)

ဒီတော့ ဝိညတ်ဆိုတဲ့ ကိုယ် အမူအရာကို ဝိပဿနာရှုလို့ ဖြစ်ကဲ့လား။ (မဖြစ်ပါဘုရား)ကာယဝိညတ်၊ဝိကာရ ကွေးတဲ့ အမူအရာ၊ ဆန့်တဲ့ အမူအရာ သွားတဲ့ အမူအရာ၊ ကြွတဲ့ အမူအရာ၊ ချတဲ့ အမူအရာ၊ လှမ်းတဲ့ အမူအရာ၊ ဒီ အမူအရာ အားလုံးသည် ဝိညတ်ချည်းဘဲ။ ကာယဝိညတ် ဟူသရွေ့က ဝိကာရ

သဘောချည်းဘဲ။ သူက ရုပ်အစစ်ကို မဟုတ်ဘူး။ ရုပ်အစစ် မဟုတ်တဲ့ ဝိကာရ ရုပ်တွေကို ဝိပဿနာ မရှုရဘူးကွဲ၊ (မှန်ပါဘုရား) လှမ်းတယ်၊ ကြွတယ်၊ ချတယ်၊ ကွေးတယ်၊ ဆန့်တယ် စတဲ့ ကာယဝိညတ် ဝိကာရ ရုပ်တွေဟာ စိတ္တဇ ဝါယောဓာတ်ရဲ့ သင်္ကေတ အမှတ်တွေကွဲ။ သူတို့ကို ဖြစ်စေတတ်တဲ့ စိတ်နဲ့ ဝါယောဓာတ် ရုပ်နာမ်ကို ဉာဏ်မြင်အောင် ရှုပွားရမယ်ကွဲ၊ (မှန်ပါဘုရား) အဲဒါကြောင့်—

"ဣတိ စိတ္တကိရိယဝါယောဓာတု ဝိပ္ဖာရဝသေန ဟေဋ္ဌိမံ အက္ခိဒလံ အဓော သီဒတိ၊ ဥပရိမံ ဥဒ္ဓံ လင်္ဃေတိ"။

ဣတိ၊ ဤသို့။ စိတ္တကိရိယဝါယောဓာတု ဝိပ္ဖာရဝသေန၊ စိတ်ကြောင့် ဖြစ်သော ဝါယောရုပ်ရဲ့ အမူအရာသည် ခန္ဓာကိုယ် တကိုယ်လုံးမှာ ပျံ့နှံ့နေသည်၏ အစွမ်းအားဖြင့်။ ဟေဋ္ဌိမံ၊ အောက်ဖြစ်သော။ အက္ခိဒလံ၊ မျက်လွှာကလေးကို။ အဓော သီဒတိ၊ အောက်သို့ နှိမ့်၍ ပေးလိုက်၏။ ဥပရိမံ၊ အထက်ဖြစ်သော။ အက္ခိဒလံ၊ မျက်ခွံကို။ ဥဒ္ဓံ လင်္ဃေတိ၊ အထက်သို့ ခုန်တက်၍ ပေးလိုက်၏။

အဲဒီလို အောက်မျက်ခွံ ကလေးကို အောက်ကို နှိမ့်ပေး လိုက်တယ်။ အထက် မျက်ခွံ ကလေးကို မ-ပေးလိုက်တယ်ဆိုတာ ဘယ်သူတုန်း။ (ဝါယော ရုပ်ပါဘုရား) စိတ္တဇ ဝါယောရုပ်။ မျက်ခွံ အောက်နှိမ့်တာရယ်၊ မျက်ခွံ အပေါ် လှန်တက်သွားတာရယ်က အဲဒါက ဝိညတ် ဝိကာရ။ ဟုတ်ပလား ကွဲ။ (မှန်ပါဘုရား) အဲဒီတော့ ဒီနေရာမှာ ဘာပါလာသလဲ ဆိုတော့ စိတ်ရယ်၊ စိတ်ကြောင့်ဖြစ်သော ဝါယောရုပ်ရယ် ဒီလို နှစ်ခု ပါလာတယ်။ (မှန်ပါဘုရား) စိတ်က နာမ်တရား။ စိတ်ကြောင့်ဖြစ်သော ဝါယော ရုပ်က။ (ရုပ်တရားပါဘုရား) ပေါင်းလိုက်တော့ နာမ် ရုပ်။ သဘော ကျပလား။ (ကျပါတယ်ဘုရား) ရှင်းပြီနော်။ (ရှင်းပါတယ်ဘုရား)

အဲဒီ စိတ်ကြောင့် ဖြစ်သော ဝါယောရုပ်က မျက်ခွံကလေးကို ဖွင့်ပေး လိုက်တော့—

"ကောစိ ယန္တကေန ဝိဝရန္တော နာမ နတ္ထိ"

အဲဒီ မျက်လုံးကို တစုံတယောက်သော ပုဂ္ဂိုလ်က သော့နဲ့ ခတ်ပြီးတော့ ဖွင့်ပေးတဲ့လူ ဘယ်သူရှိသလဲ။ (မရှိပါဘူးဘုရား) ဒါဖြင့် ဘယ်သူ ဖွင့်ပေးတာ ဘုန်း။ စိတ်ကြောင့်ဖြစ်သော ဝါယောရုပ်သည် အောက်မျက်ခွံကို အောက် ကိုနှိမ့်၍ အထက်မျက်ခွံကို အပေါ်ကို ဖွင့်ပေးလိုက်၏၊ ဟုတ်လား။(မှန်ပါ ဘုရား)

"တဒေတာ စက္ခုဝိညာဏံ ဒဿနကိစ္စံ သာဓေန္တံ ဥပ္ပဇ္ဇတိ"

တတော၊ ယင်းနောက်မှ။ မျက်လုံး ပွင့်ပြီးတဲ့ နောက်မှ။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ ဒဿနကိစ္စံ၊ မြင်-ဆိုတဲ့ ကိစ္စကို။ သာဓေန္တံ၊ ပြီးစေလျက်။ဥပ္ပဇ္ဇတိ။ ဥပါဒ်သောအားဖြင့် ဖြစ်၏—

လို့ဆိုတော့ လူဖြစ်တာလား၊ စိတ်ဖြစ်တာလားကွဲ့။(စိတ်ဖြစ်တာပါဘုရား) နာမ်တရား ဥပါဒ်သောအားဖြင့် ဖြစ်တာ။ (မှန်ပါ ဘုရား) ဥပါဒ်သောအားဖြင့် ဖြစ်တဲ့ ဓမ္မသဘ္တမှန်သရွေ့ ဘင်ကို အကုန်ရောက်ကြမှာချည်းဘဲ၊ ပျက်စီးမှာချည်းဘဲ၊ သဘောပေါက်ပလားကွဲ့။ (ပေါက်ပါတယ် ဘုရား)အဲဒါ အသမ္မောဟသမ္ပဇဉ် နာမ်ရုပ် ဒီလိုရှုလိုက်။ မြင်ဆဲခဏမှာဘာတုန်း။ နာမ်ရုပ်၊ ဟုတ်လား။ (မှန်ပါ ဘုရား)

"အနိစ္စာနုပဿီ အာလောကေဿာမိတိ သိက္ခတိ" (နယဂ္ဂါဟ ဒေသနာ သိသ—လို့ ဘုန်းကြီး ပြောခဲ့တယ်။ အနိစ္စာနုပဿီ အာလောကေဿာမိတိ သိက္ခတိ။ အနိစ္စာနုပဿီ၊ နာမ်ရုပ်ဆိုတဲ့ အနိစ္စကို ရှုသည်ဖြစ်၍။ အာလော-ကေဿာမိ၊ တည့်တည့်ကြည့်အံ့။ ဝိလောကေဿာမိ၊ စောင်းငဲ့၍ ကြည့်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ သိက္ခာသုံးပါးကို ကျင့်၏။ ဓမ္မာနုပဿနာသတိပဋ္ဌာန် က။ (မှန်ပါဘုရား) ရှုကွက်။ (မှန်ပါ ဘုရား) ဒီတော့ မြင်တဲ့နေရာမှာ ဘာသာ ရှုရမလဲဆိုတော့ နာမ်ရုပ်ပဲ ရှုရမယ်။ (မှန်ပါ ဘုရား) အဲဒီ မြင်တဲ့နေရာမှာ ရှုဘို့ နာမ်ရုပ်ကို တွေ့ပလား။ (တွေ့ပါပြီ ဘုရား)

စက္ခုဝိညာဏ်စိတ်က စိတ်၊ ကြည့်လိုသောစိတ်က စိတ်၊ မျက်လုံးကလေး ဖွင့်ပေးတဲ့ ဝါယောရုပ်က ရုပ်၊ ပေါင်းတော့။ (နာမ်ရုပ်ပါ ဘုရား) စက္ခု-ဝိညာဏ်စိတ်က စက္ခုပသာဒရုပ်ပေါ် မှီတယ်။ မြင်တော့ သူ ဘာမြင်လဲ ဆိုတော့—

"ရူပေ ရူပမတ္တမေဝ ပဿတိ"

ရုပ်တရားမှာ ရုပ်တရားမျှသာ သူမြင်တယ်။ ပုဂ္ဂိုလ်လဲ မမြင်၊ သတ္တဝါလဲ မမြင်၊ နိစ္စလဲ မမြင်၊ အနိစ္စလဲ မမြင်။ ဘာသာမြင်နေသလဲ။ (ရုပ်တရားသာ မြင်နေပါတယ် ဘုရား)

ဒီတော့ ဒီနေရာမှာ ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်းနဲ့ ဟို အနိစ္စာနုပဿီ အဿာသိဿာမိတိ သိက္ခတိ လို့ အဿာသ ပဿာသမှာ အနိစ္စကို ရှုပြီးတော့ ဝင်လေ ထွက်လေကို ရှုသွင်းသလို အနိစ္စာနုပဿီ အာလောကေဿာမိတိ သိက္ခတိ၊ အနိစ္စာနုပဿီ ဝိလောကေဿာမိတိ သိက္ခတိ။ (ဓမ္မာနုပဿနာ သတိပဋ္ဌာန်)

အနိစ္စာနုပဿီ၊ နာမ်ရုပ်ကို ရှုလေ့ရှိသည်ဖြစ်၍။ အာလော ကေဿာမိ၊ တည့်တည့်ကြည့်ပေအံ့။ အနိစ္စာနုပဿီ၊ နာမ်ရုပ်ကို ရှုလေ့ ရှိသည်ဖြစ်၍။ ဝိလောကေဿာမိ။ စောင်းငဲ့၍ကြည့်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါးကို ကျင့်၏။

ဓမ္မာနုပဿနာသတိပဋ္ဌာန် မြင်ဆဲဖြစ်သလား—မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား) သဘောပေါက်ပလားကွဲ့။ (ပေါက်ပါတယ်ဘုရား) ဒါရှင်း ပြီနော်။ (မှန်ပါ) အဲဒါ အသမ္မောဟသမ္ပဇဉ်ပိုင်းနဲ့ ဒီလို ကျင့်ပါတဲ့။

## ဒိဋ္ဌေ ဒိဋ္ဌမတ္တ ဖြစ်အောင် ရှုပွားနည်း (၂)

"ဒိဋ္ဌမတ္တ"ဖြစ်အောင် နောက်တနည်း—

"မူလပရိညာ အာဂန္တုက တာဝကာလိကဘာဝေ ဝသေန ပေတ္ထ အသမ္မောဟသမ္ပဇဉ်ံ ဝေဒိတဗ္ဗံ"—

လို့ သီလက္ခန်အဋ္ဌကထာက ဒီလို ပြောထားတယ်။ ဝိပဿနာ ရှုတဲ့နေရာမှာ အင်မတန် အသုံးဝင်တဲ့ စာပိုဒ်။(မှန်ပါ ဘုရား) ဒီတော့ ဘုန်းကြီးတို့ ဝိပဿ နာနယ်က ဘယ့်နှယ် ဖြစ်နေသလဲဆိုတော့ အဲဒီစာပုဒ်တွေ မေ့ထားပစ်ခဲ့ တယ်။ ဒီစကားတွေက စာစကား တွေပါ။ အဲဒီစာတွေ ခံနေယင် အလုပ် လုပ်လို့ မဖြစ်ဘူးလို့ ပြောသေးတယ်။ ဘုန်းကြီးတို့ ပြောချင်တာက ဒီစာတွေ မပါယင် အလုပ်လုပ်လို့ကို မဖြစ်ဘူး။(မှန်ပါ ဘုရား) ဒီစာတွေမပါယင် ဝိပ- ဿနာ အလုပ်ကို မဖြစ်ဘူးလို့ကို ပြောချင်တာ။ အင်မတန် အရေးကြီး ပါတယ်။ ဘုန်းကြီးတို့ အမျိုးကောင်းသားများ–သမီးများ၊ ဝိပဿနာ လုပ်ငန်းနဲ့ ပတ်သက်တဲ့ စည်းကမ်းဟာ ပရိယတ္တိ။ ပရိယတ္တိမပါတဲ့ ဝိပဿနာ လုပ်ငန်းမျိုးဟာ စည်းနဲ့ ကမ်းနဲ့ ဝိပဿနာလုပ်ငန်းလား၊ စည်းမဲ့ ကမ်းမဲ့ ဝိပဿနာလုပ်ငန်းလား။ (စည်းမဲ့ ကမ်းမဲ့ ဝိပဿနာ လုပ်ငန်းပါဘုရား)

အဲဒါကြောင့် ပရိယတ္တိ အခြေခံ ပရိယတ္တိသာသနာတော်ကြီးကို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ အားပေးရမယ်။ ပရိယတ္တိ။

"ပရိယတ္တိယာ ဟိ အန္တရဟိတာယ ပဋိပတ္တိ အန္တရဓာယတိ၊ ပဋိပတ္တိယာ အန္တရဟိတာယ အဓိဂမော အန္တရဓာယတိ။[၁]"

ပရိယတ္တိယာ၊ ပရိယတ္တိတရားတော်သည်။ အန္တရဟိတာယ၊ ဆုတ်ယုတ် ကွယ်ပျောက်သည် ရှိသော်။ ပဋိပတ္တိ၊ ပဋိပတ္တိအကျင့်စခန်း ခေါ်တဲ့ ပဋိပတ် လုပ်ငန်းသည်။ အန္တရဓာယတိ၊ ပျက်စီး ကွယ်ပျောက်၍ သွားသည်မည်၏။

---

၁။ နိဒါနယံယုတ် အဋ္ဌကထာ၊ ၁၈၇။

ဆုတ်ယုတ် ကွယ်ပျောက် သွားတယ်။

ပရိယတ္တိ မပါတဲ့ ဝိပဿနာလုပ်ငန်းဆိုတာ ဆုတ်ယုတ်တယ်။ ဒီတော့ ဘယ်သူက အရေးကြီးသလဲ။ (ပရိယတ္တိက အရေးကြီးပါတယ် ဘုရား) ဘုန်းကြီးတို့ ပရိသတ်က ဘယ်သူ့ အားပေးရမလဲ။ (ပရိယတ္တိကို အားပေးရမှာပါ ဘုရား) အားပေးကြစမ်းပါ၊ ပရိယတ္တိကို နော်။ (မှန်ပါ ဘုရား)

အခု အသမ္မောဟသမ္ပဇညပိုင်းနဲ့ ပတ်သက်လို့ "ဒိဋ္ဌ မတ္တ"ဖြစ်သွားပြီမဟုတ်လား။ (ဖြစ်ပါတယ် ဘုရား) ဘာဘဲမြင်မြင် "ဒိဋ္ဌ မတ္တ"ဖြစ်တော့မယ်။ (မှန်ပါ)

## မူလပရိညာနည်းအရ "ဒိဋ္ဌေ ဒိဋ္ဌမတ္တ" ဖြစ်အောင် ရှုပွားပုံ

မူလပရိညာဝသေန၊ အသမ္မောဟသမ္ပဇည ဉာဏ်ပါလာအောင် မူလပရိ- ညာ၏ အစွမ်းအားဖြင့်။ တနည်းပြောအုံးမယ်တဲ့– အဋ္ဌကထာက၊ ပရိယတ္တိက ဟုတ်လား။ (မှန်ပါ) စက္ခုဒွါရဝီထိ သူက လုပ်လိုက်တယ်။

ဘဝင်္ဂါဝဇ္ဇနဉ္စေဝ၊ ဒဿနံ သမ္ပဋိစ္ဆနံ။[၁]
သန္တီရဏံ ဝေါဋ္ဌဗ္ဗနံ၊ ဇဝနံ ဘဝတိ သတ္တမံ။

ဘဝင်္ဂံ၊ ဘဝင်စိတ်သည်၎င်း။ အာဝဇ္ဇနဉ္စ၊ အာဝဇ္ဇန်းစိတ်သည်၎င်း။ ဒဿနံ၊ မြင်တတ်သော စက္ခုဝိညာဏ်စိတ်သည်၎င်း။ သမ္ပဋိစ္ဆနံ၊ အာရုံကို ခံယူတတ်သော သမ္ပဋိစ္ဆိုင်းစိတ်သည်၎င်း။ သန္တီရဏံ၊ မြင်လာတဲ့ အာရုံကို စုံစမ်းတတ်တဲ့ သန္တီရဏစိတ်သည်၎င်း။ ဝေါဋ္ဌဗ္ဗနံ၊ မြင်တဲ့အာရုံကို ဆုံးဖြတ်ချက် ချတယ်ဆိုတဲ့ ဝုဋ္ဌောလို့ခေါ်တဲ့ စိတ်သည်၎င်း။ သတ္တမံ၊ ခုနစ်ချက်သော။ ဇဝနံ၊ ဇောသည်၎င်း။ ဘဝတိ၊ ဇောစီထိ အစဉ်အားဖြင့် ဖြစ်၏။

## အမြင် ဝီထိစိတ်ဖြစ်ပုံ

ဒီတော့ ဒီနေရာမှာ ဒိဋ္ဌမြင်-ဆိုတဲ့ နေရာလေးမှာ ဘာစိတ်တွေ ပါလာသလဲလို့ဆိုတော့ မြင်ဘို့အတွက် ဘဝင်စိတ်၊ အာဝဇ္ဇန်းစိတ်၊ စက္ခုဝိညာဏ်စိတ်၊ သမ္ပဋိစ္ဆိုင်းစိတ်၊ သန္တီရဏစိတ်၊ ဝုဋ္ဌောစိတ်၊ ဇောစိတ်လို့ ဆိုပြီးတော့ ခုနစ်ပိုင်း ပါလာတယ်။ ဇောက ခုနစ်ကြိမ်ကိုကွဲ။ (မှန်ပါဘုရား) စိတ်က ခုနစ်လုံးရှိတယ်။ အဲဒီ စိတ်ခုနစ်လုံး အတူဟကွ အညီအညွတ်ဖြစ်မှ မြင်—ဆိုတဲ့ တလုံး ပါလာတယ်။ (မှန်လှပါဘုရား) ဒီတော့မှ မြင်တာ။ (မှန်ပါဘုရား) ဒီတော့ မြင်—ဆိုတဲ့ နေရာမှာ စိတ်ဘယ်နှစ်လုံး ပါသလဲ။ (ခုနစ်လုံး ပါလာပါတယ်ဘုရား) သို့သော် ဒီစိတ် ခုနစ်လုံးထဲမှာ ဘယ်သူ့ကို ခေါင်းတပ် ပြောလိုက်ရသလဲဆိုတော့

---

၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၁၇၄။

စက္ခုဝိညာဏ်စိတ်ကိုဘဲ ခေါင်းတပ် ပြောရတယ်။ (မှန်ပါဘုရား) အဲဒီစိတ် ခုနစ်လုံးထဲမှာ ဘယ်လိုဖြစ်သလဲ—

"ဘဝင်္ဂံ ဥပပတ္တိဘဝဿ အင်္ဂကိစ္စံ သာဓယမာနံ ပဝတ္တတိ"

ဘဝင်္ဂံ၊ ဘဝင်စိတ်သည်။ ဥပပတ္တိဘဝဿ၊ ဥပပတ္တိဘဝ ၏။ အင်္ဂကိစ္စံ၊ ဆက်လက်၍ ဖြစ်လတ့်ဖြစ်သော အကြောင်းကို။ သာဓယမာနံ၊ ပြီးစေလျက်။ ပဝတ္တတိ၊ ဖြစ်၏။

ဘဝင်္ဂံ၊ ဘဝ+အင်္ဂ—လို့ ဒီလိုပိုင်းလိုက်တော့ ဘဝက နှစ်မျိုး ရှိတယ်ကွဲ့။ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ။ ဘယ်ဘဝယူရမလဲဆိုတော့ ဥပပတ္တိဘဝကိုယူပါတဲ့။ ကမ္မဘဝကို မယူပါနဲ့တဲ့။ ဥပပတ္တိဘဝလို့ဆိုတာ ဒီဘဝမှာ ပဋိသန္ဓေအစဉ်မှာ ပါခဲ့တဲ့ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်နဲ့ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တရား တွေ၊ ဟုတ်လား။ (မှန်ပါ)ဒီဘဝမှာ စိတ်အစဉ် တခုပြီးတခု တခုပြီး တခု ဆက်ဆက် ဆက်ဆက်ပြီးတော့ ဖြစ်နေအောင် သူက ဒီကိစ္စကို လုပ်ပေးနေတာ ဘဝင်အစဉ် ပြတ်တာနဲ့တပြိုင်နက်ထဲ ဒီဘဝအတွက် ကိစ္စပြတ်ကရော၊ မရှိ တော့ဘူး။

ဒါ့ကြောင့် ဘဝင်ကို အစဉ်မပြတ်အောင် ဆောင်ရွက်တဲ့ အစဉ်မပြတ် ခြင်းရဲ့အကြောင်းကို၊ အဲဒီ ဥပပတ္တိဘဝရဲ့ မပြတ်ခြင်းရဲ့ အကြောင်းကို ဘဝင် လို့ ခေါ်တယ်- နော်။ (မှန်ပါဘုရား)

"တံ အာဝဇ္ဇေတွာ ကိရိယမနောဓာတု အာဝဇ္ဇနကိစ္စံ သာဓယ မာနာ"

တံ၊ ထို ဘဝင်စိတ်သည်။ အာဝဇ္ဇေတွာ၊ လည်၍။ ကိရိယမနောဓာတု၊ ကြိယာမနောဓာတ်သည်။ အာဝဇ္ဇနကိစ္စံ၊ ဆင်ခြင်တယ်ဆိုတဲ့ အာဝဇ္ဇန်း ကိစ္စ ကို။ သာဓယမာနာ၊ ပြီးစေလျက်။ ပဝတ္တတိ၊ ဖြစ်၏။

ဘဝင်စိတ်လဲ ချုပ်သွားရော ဘယ်လိုဖြစ်လဲ၊ အာဝဇ္ဇန်းစိတ် ဖြစ်လာ တယ်။

"တံ နိရောဓာ စက္ခုဝိညာဏံ ဒဿနကိစ္စံ သာဓယမာနံ ပဝတ္တတိ"

တံ နိရောဓာ၊ ထိုအာဝဇ္ဇန်းစိတ် ပျက်စီး၍ သွားခြင်းကြောင့်။ ဘယ်သူ ပေါ်လာလဲ-စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ ဒဿနကိစ္စံ၊ မြင်ခြင်း ကိစ္စကို။ သာဓယမာနံ၊ ပြီးစေလျက်။ ပဝတ္တတိ၊ ဖြစ်၏။

ဘဝင်စိတ်လဲ ပျောက်သွားရော ဘာစိတ်ဖြစ်လာလဲ။ ဆင်ခြင်စိတ် ဖြစ်လာ တယ်။ဆင်ခြင်စိတ်လဲ ချုပ်သွားရော၊ မြင်စိတ်ဆိုတဲ့ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ တယ်။(မှန်ပါဘုရား)သူကကော ဘယ်လောက် ကြာကြာနေမှာလဲ။

"တံ နိရောဓာ ဝိပါကမနောဓာတု သမ္ပဋိစ္ဆနကိစ္စံ သာဓယမာနာ ပဝတ္တတိ"

အဲဒီ စက္ခုဝိညာဏ်စိတ်ကလဲ ဖြစ်ပြီးတာနဲ့ တပြိုင်နက်တဲ ကုန်ပျောက်သွား ပြီးတော့ မရှိဘူး။

တံ နိရောဓာ၊ ထို စက္ခုဝိညာဏ်စိတ် ချုပ်ပျောက်သွားခြင်းကြောင့်။ ဝိပါကမနောဓာတု၊ ဝိပါက်မနောဓာတ်သည်။ သမ္ပဋိစ္ဆနကိစ္စံ၊ အာရုံကို ခံယူတဲ့ သမ္ပဋိစ္ဆိုင်း ကိစ္စကို။ သာဓယမာန ာ၊ ပြီးစေလျက်။ ပဝတ္တတိ၊ ဖြစ်၏။

အခု စက္ခုဝိညာဏ်စိတ်က ရှိသေးလား။ (မရှိပါဘူးဘုရား) ဘယ်သူဖြစ်လာ သလဲ၊ အာရုံကို ခံယူတဲ့ စိတ်ကလေးဖြစ်လာတယ်။ (မှန်ပါဘုရား) စိတ်ချည်း ဘဲနော်။ သူက နာမယ်တွေသာ တပ်နေတာ၊ အမှန်ကတော့ စိတ်ချည်းဘဲ။ စိတ်တခု ပျောက်သွားလိုက်—စိတ်တခုဖြစ်လာလိုက်။ စိတ်တခု ပျောက်သွား လိုက်—စိတ်တခု ဖြစ်လာလိုက်၊ ဒါပြောနေတာ။ (မှန်ပါဘုရား) ဝီထိမှာ ဝီထိ မှာ။ (မှန်ပါ) ဒါကြောင့် ဥပါဒ်ဌီဘင် ဥပါဒ်ဌီဘင်နဲ့ ဝီထိချလိုက်တော့ အဲဒီ ခဏကလေးတွေ ပါလာတယ် မဟုတ်လားလို့။ (မှန်ပါဘုရား) နောက်တခါ—

"တံ နိရောဓာ ဝိပါကမနောဝိညာဏဓာတု သန္တီရဏ ကိစ္စံ သာဓယမာနာ"

တံ နိရောဓာ၊ ထို သမ္ပဋိစ္ဆိုင်းစိတ် ချုပ်ပြီးတဲ့နောက်။ ဝိပါက မနော ဝိညာဏဓာတု၊ ဝိပါက် မနောဝိညာဏ်ဆိုတဲ့ စိတ်သည်။ သန္တီရဏ ကိစ္စံ၊ အာရုံကို စုံစမ်း စစ်ဆေးခြင်းဆိုတဲ့ ကိစ္စကို။ သာဓယ မာနာ၊ ပြီး စေလျက်။ ပဝတ္တတိ၊ ဖြစ်ပြန်၏။

အာရုံကို ခံယူတဲ့ သမ္ပဋိစ္ဆိုင်းစိတ်လဲ ချုပ်ပျောက် ပျက်စီး သွားရော အာရုံကို စုံစမ်းတဲ့ သန္တီရဏစိတ် ဖြစ်လာပြန်ရော။ (မှန်ပါဘုရား) နောက်က စိတ်တွေ ရှိသေးသလား။ (မရှိပါဘူးဘုရား) အကုန် ပျက်စီး ကုန်ပြီနော်။ (မှန်ပါ) အခု ဘာစိတ်ဖြစ်နေသလဲ။ (အာရုံကို စုံစမ်းတဲ့ သန္တီရဏစိတ် ဖြစ်နေ ပါတယ်ဘုရား) ပြီးတော့မှ—

"တံ နိရောဓာ ကိရိယာမနောဝိညာဏဓာတု ဝေါဋ္ဌဗ္ဗနကိစ္စံ သာဓယမာနာ ပဝတ္တတိ"

ထို သန္တီရဏစိတ်လဲ ချုပ်သွားပြီးရော အာရုံကို ဆုံးဖြတ်ချက်ချတဲ့ စိတ် လို့ ခေါ်တဲ့ ဝုဋ္ဌောစိတ် ဖြစ်ပေါ်၍ လာ၏။ စိတ်တမျိုးပြီး တမျိုးဖြစ်၊ တမျိုးပြီး တမျိုးဖြစ် ဒီလိုဖြစ်နေတယ်။ (မှန်ပါဘုရား) စိတ်အလုံးကလေး တွေ၊ ဟိုစိတ်တလုံး ပျောက်ပြီးမှ ဒီစိတ်တလုံး ဖြစ်လာကယ်လို့ ဒါလေးမှတ် ထားပါ။ (မှန်ပါဘုရား)

"တံ နိရောဓာ သတ္တက္ခတ္တုံ ဇဝနံ ဇဝတိ"

တံ နိရောဓာ၊ ထို ကြိယာမနောဝိညာဏဓာတ်လို့ ခေါ်တဲ့ ဝုဋ္ဌောစိတ် ချုပ်ပြီးတဲ့နောက်မှ ဘယ်သူလာလဲ၊သတ္တက္ခတ္တုံ ဇဝနံ ဇဝတိ၊ ခုနစ်ကြိမ် ဇော စိတ်ဖြစ်၏။

ဇော ဇော ဇော စိတ်ပဲ သူလဲ။ စိတ်ကို ဘာလို့ ဇောလို့ ခေါ်သလဲ ဆို တော့ သူက အဟုန်ပြင်းအားကြီးလို့။ (မှန်ပါဘုရား) အရှိန် ပြင်းအားကြီး လို့ သူကို ဇောလို့ ခေါ်လိုက်တာ။ ဘယ်လောက် ပြင်းသလဲ ဆိုတော့ ဖိုးပျံ ကြီးနဲ့ လှည့်တာကမှ နှေးလိမ့်အုံးမယ်။ (မှန်ပါဘုရား) သူက သိပ်အဟုန်အား ကြီးတယ်။ အရှိန်အဟုန် အားကြီးသည် ဖြစ်သောကြောင့် ခဏကလေးနဲ့ကို အခုဖြစ်နေတာ ကြည့်ပါလား။ဘုန်းကြီးတို့ သိလိုက်တာက "မြင်"ဘဲ သိလိုက် တယ်။ အဲဒီ "မြင်"ဆိုတဲ့ ဒိဋ္ဌကို မရောက်သေးခင် စိတ်ထဲ ဖြစ်ချုပ် ဖြစ်ချုပ် နဲ့ ဘယ်လောက် လာခဲ့ရသလဲ။ ဖြစ်လိုက် ချုပ်လိုက်၊ တခုဖြစ်လိုက် ချုပ်လိုက်၊ တခုဖြစ်လိုက် ချုပ်လိုက်နဲ့ ဒီလိုချည်းလာခဲ့တာ မဟုတ်လား။ (မှန်ပါဘုရား)

ဒီတော့ ဘယ်နေရာများမှာ အဲဒီ စိတ်ထဲမှာ ဒါယောကျ်ားဘဲ၊ ဒါမိန်းမ ဘဲ၊ဒါ ချစ်စရာဘဲ၊ ဒါမုန်းစရာဘဲ၊ ဒါနှစ်သက်စရာဘဲ၊ ဒေါသဖြစ်စရာဘဲလို့ ဆိုတဲ့ အချက် ဘယ်နေရာဝင်မတုန်း။ (ဘယ်မှဝင်လို့မရပါဘုရား) ဘယ်မှ ဝင် လို့မရဘူးနော်၊ရာဂလဲ ဝင်လို့မရဘူး၊ ဒေါသလဲ ဝင်လို့မရဘူး၊မောဟလဲဝင်လို့ မရဘူး။(မှန်ပါဘုရား) အခု ဇောခုနစ်ကြိမ် လာပြီမဟုတ်လား။ (လာပါတယ် ဘုရား)

> "တတ္ထ ပဌမဇဝနေ ပိ အယံ ဣတ္ထီ အယံ ပုရိသောတိ ရဇ္ဇန ဒုဿန မုယှနဝသေန အာလောကိတ ဝိလောကိတံ နာမ န ဟောတိ"

တတ္ထ၊ ထို ဇောခုနစ်ကြိမ်တို့တွင်။ ပဌမဇဝနေပိ၊ ပဌမဇော၌လည်း။ အယံ၊ ဤသူသည်။ ဣတ္ထီ၊ မိန်းမပါပေတည်း။ အယံ၊ ဤသူကား။ ပုရိသော၊ ယောကျ်ားပါပေတည်း။ ဣတိ၊ ဤသို့။ ရဇ္ဇန ဒုဿန မုယှနဝသေန၊ တပ် မက်ခြင်း ပြစ်မှားခြင်း တွေဝေခြင်းဆိုတဲ့ မောဟ၏ အစွမ်းအားဖြင့်။ အာလောကိတဝိလောကိတံ နာမ၊ တည့်တည့် ကြည့်ခြင်း တစောင်းကြည့် ခြင်း စောင်းငဲ့၍ ကြည့်ခြင်းမည်သည်။ န ဟောတိ၊ မဖြစ်။

ပဌမ ဇောမှာလဲဘဲ ပဌမ ဇောစိတ်ကလဲဘဲ ဒါယောကျ်ား ဒါ မိန်းမဘဲ ဆိုပြီး နှစ်သက်တယ် မနှစ်သက်ဘူးဆိုတာ ပဌမဇောမှာကော ဖြစ်ကဲ့လား။ (မဖြစ်ပါဘူးဘုရား)

"ဒုတိယ ဇာဝနေပိ တတိယ ဇာဝနေပိ စတုတ္ထ ဇာဝနေပိ ပဉ္စမ ဇာဝနေပိ ဆဋ္ဌမ ဇာဝနေပိ သတ္တမ ဇာဝနေပိ အယံ ဣတ္ထိ အယံ ပုရိသောတိ ရဇ္ဇန ဒုဿန မုယှနဝသေန အာလောကိတ ဝိလောကိတံ နာမ န ဟောတိ [၁]"

ပဋ္ဌမဇောမှာလဲ ဒါယောကျ်ားဘဲ၊ ဒါမိန်းမဘဲ၊ သတ္တမ ဇောထိအောင် ဘယ်ဇောမှ ဇောခုနစ်လုံးထဲမှာ တလုံးမှ ဒါယောကျ်ားဘဲ၊ ဒါမိန်းမဘဲ၊ ဒါနှစ်သက်စရာ၊ ဒါမုန်းစရာ၊ ဒါချစ်စရာဆိုတဲ့ အနေမျိုးနဲ့ ကြည့်တဲ့ ဇောဒီအထဲ တလုံးမှ မပါဘူးတဲ့ကွဲ။(မှန်ပါတယ်ဘုရား) ဒီတော့ စက္ခုဒွါရ ဝီထိ ဇော မူလပရိညာ၏ အစွမ်းအားဖြင့် ကြည့်မယ်ဆိုယင်လဲဘဲ "ဒိဋ္ဌ"လို့ ခေါ်တဲ့ "ဒိဋ္ဌမတ္တ" မှာ "မြင်" ဆိုတဲ့ စကားလုံးထဲမှာ ရာဂ၊ ဒေါသ၊မောဟ ပါလားကွဲ။ (မပါပါဘူးဘုရား) ဒါ မူလပရိညာ၏ အစွမ်း။

ဘာပြုလို့ သူ့ကို မူလလို့ ခေါ်ရသလဲလို့ ဆိုတော့ ဟို တဒနုဝတ္တက မနောဒွါရ ဝီထိတွေ မဖြစ်ခင် ပဉ္စဒွါရဝီထိက ဖြစ်ရသည် ဖြစ်သောကြောင့် သူ့ကို မူလလို့ ခေါ်တယ်။ (မှန်ပါဘုရား) အဲဒီ မူလဖြစ်တဲ့ ဇောစိတ်ကို ပိုင်းခြား၍ ကြည့်သောအားဖြင့်လဲဘဲ "ဒိဋ္ဌ"လို့ဆိုတဲ့ "မြင်"ဆိုတဲ့နေရာမှာ ရာဂ ဒေါသ မောဟတွေ၊ ကင်းနေပါသည်။ အဲဒီ ရာဂ ဒေါသ မောဟကင်းသလို ဒိပြင် စိတ်အစဉ်တွေမှာလဲဘဲ ဖြစ်အောင် ကျင့်ပါလို့ "ဒိဋ္ဌ မတ္တ"က ဒါပြောတာ။ ဒါတပိုင်းနော်။(မှန်ပါဘုရား) ဒါ မူလပရိညာ၏ အစွမ်း။

## ညှော်သည် အာဂန္တုနည်းဖြင့်
## "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ဖြစ်အောင် ရှုပွားပုံ

"ညှော်သည် အာဂန္တုက"အဖြစ်၏ အစွမ်းအားဖြင့်လဲ တခါ ဆင်ခြင်ကြည့်ပါအုံးတဲ့။အသမ္မောဟသမ္ပဇဉ်။ အာဂန္တုဆိုတာ ညှော်သည်နော်။ (မှန်ပါဘုရား) အိမ်သည် ညှော်သည် ဒီလို ရှိတယ်နော်၊ အဲဒါလေး မှတ်ထား။ (မှန်ပါဘုရား)

"စက္ခုဒွါရေ ပန ရူပေ အာပါထမာဂတေ ဘဝင်္ဂစလနတော ဥဒ္ဓံ သကကိစ္စနိပ္ဖာဒနဝသေန အာဝဇ္ဇနာဒီသု ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေသု အဝသာနေ ဇဝနံ ဇဝတိ"

---

၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၁၄၇။

ဘာပြောလဲ ဒီပါဠိက။စက္ခုပသာဒရုပ်မှာ ရူပါရုံတခု ကျရောက်လာယင်တဲ့၊အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒလို စိတ်သုံးလုံးရှိတယ်၊ ဘဝင်သုံးလုံး။(မှန်ပါဘုရား) အဲဒီဘဝင်္ဂုပစ္ဆေဒရဲ့ နောက်နားမှာ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ်စတဲ့ ဝီထိစိတ်တွေ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား) အဲဒီအာဝဇ္ဇန်းစတဲ့ စိတ်တို့သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဒ္ဓေသု၊ချုပ်ပျောက်ကုန်၍–လို့ဆိုတော့ အာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောလို့ဆိုတဲ့စိတ်တွေ တခုပြီးယင်း တခုချုပ်ယင်း တခုပြီးယင်း တခုချုပ်ယင်း ချုပ်ပြီးတော့မှ–အဝသာနေ၊ နောက်ပိတ်ဆုံး၌။ ဇဝနံ၊ ဇောသည်။ ဇဝတိ၊ ဇော၏။

## ဇော ဉ္ဇေသည်

နောက်မှ ဇောက လာတယ်မဟုတ်လား။ (မှန်ပါ) ဒီတော့ စက္ခုဒွါရမှာ အာဝဇ္ဇန်းစသော စိတ်တိုက အရင်လား၊ ဇောကအရင်လား။(အာဝဇ္ဇန်းက အရင်ပါဘုရား) အာဝဇ္ဇန်းစတဲ့ စိတ်တွေက အရင်၊ဇောက နောက်။(မှန်ပါဘုရား)ဒီတော့ စက္ခုဒွါရကို အိမ်သဖွယ်ပြုလုပ်ပြီးတော့ အာဝဇ္ဇန်းစတဲ့ စိတ်တွေက အိမ်သည်၊ ရှေးဦးစွာဖြစ်တယ်။(မှန်ပါဘုရား) ဇောက နောက်မှလာရတဲ့အတွက် သူကဘာတုန်း။ (ဧည့်သည်ပါဘုရား)အာဂန္တုက။(မှန်ပါဘုရား)အဲဒီအကျင့်နဲ့ စဉ်းစားမယ်ဆိုယင်လဲဘဲတဲ့ "ဒိဋ္ဌ"မှာနေ၁်၊"မြင်"ဆိုတဲ့ ‌ေ ရာကလေးကို ပြောနေတာပါ"ဒိဋ္ဌမတ္တ"ဖြစ်အောင်။

"တံ ပုဗ္ဗေ ဥပ္ပန္နာနံ အာဝဇ္ဇနာဒီနံ ဂေဟဘူတေ စက္ခုဒွါရေ
အာဂန္တုကပုရိသော ဝိယ ဟောတိ"

တံ၊ ထိုဇောစိတ်သည်။ ပုဗ္ဗေ၊ ရှေး၌။ ဥပ္ပန္နာနံ၊ ဖြစ်နှင့်ပြီးကုန်သော။ အာဝဇ္ဇနာဒီနံ၊ အာဝဇ္ဇန်းအစရှိသော စိတ်တို့၏။ ဂေဟဘူတေ၊ အိမ်သဖွယ်ဖြစ်၍ ဖြစ်သော။စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ အာဂန္တုကပုရိသောဝိယဟောတိ၊ အဲဒီ ဇောစိတ်သည် ဧည့်သည်ယောကျ်ားကဲ့သို့ဖြစ်၏။ ဝါ၊ဧည့်သည်ယောကျ်ားနှင့်တူ၏။

ဒီနေရာမှာ စဉ်းစားကြည့်ပါတဲ့၊ အဋ္ဌကထာ က။

"တဿ ယထာ ပရဂေဟေ ကိဉ္စိ ယာစိတုံ ပဝိဋ္ဌဿ အာဂန္တုကပုရိသဿ ဂေဟဿာမိကေသု တုဏှီမာသိနေသု အာဏာကရဏံ
နယုတ္တံ"

ဘာပြောလဲ ဒီဝါကျက၊ အဲဒီဧည့်သည် "အာဂန္တုက" ရဲ့ အဖြစ်မှာ။ တဿ၊ သူတပါးတို့ရဲ့ အိမ်မှာ တစုံတခုကို တောင်းရမ်းရအောင် ဝင်ရောက်လာတဲ့ အာဂန္တု ဧည့်သည်အား။ ဂေဟဿာမိကေသု၊ အိမ်ရှင်ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည်။ တုဏှီမာသိနေသု၊ ဆိတ်ဆိတ်ဖြစ်ကြကုန်သည်။ ဝါ၊ နေကြ

ကုန်သည်ရှိသော်၊ ဘာမှမပြောယင်။ (အာဏာကရဏံ၊ သူက အဲဒီ အာဂန္တု ဆိုတဲ့ ပုဂ္ဂိုလ်က။) အာဏာကရဏံ၊ အာဏာထားခြင်းသည်။ န ယုတ္တံ ယထာ၊ မသင့်သကဲ့သို့။

အိမ်ကို တစုံတခု တောင်းရအောင် လာတဲ့ ဧည့်သည်ဟာ အိမ်သူ အိမ်သား တွေက ဘာမှ သူ့ကို စကားပြန်မပြောယင် သူ ဘာတောင်းလို့ ရပါ့မလဲ။ (မရပါဘူး ဘုရား) တောင်းခြင်းငှာကော သူထိုက်ပါ့မလား။ (မတောင်း ထိုက်ပါဘူး ဘုရား) အဲဒီလိုဘဲ၊ ဧဝမေဝ၊ အဲဒီအတိုင်းဘဲ—

"အာဝဇ္ဇနာဒီနံ ဂေဟဘူတေ စက္ခုဒွါရေ အာဝဇ္ဇနာဒီသုပိ အရဇ္ဇန္တေသု အဒုဿန္တေသု အမုယှန္တေသု စ ရဇ္ဇန ဒုဿန မုယှနံ အယုတ္တ"န္တိ။

ဂေဟဘူတေ စက္ခုဒွါရေ၊ စက္ခုဒွါရ တည်းဟူသော အိမ်မှာ၊ အိမ်သဖွယ် ဖြစ်သော စက္ခုဒွါရမှာ။ အာဝဇ္ဇနာဒီသုပိ၊ အာဝဇ္ဇန်း အစရှိကုန်သော ပဋ္ဌမဖြစ်နေတဲ့ အာဝဇ္ဇန်းစသော စိတ်တို့သည်လည်း။ အရဇ္ဇန္တေသု စ၊ မတပ် မက်ကုန်သည်ရှိသော်ငဲ့။ အဒုဿန္တေသု စ၊ မပြစ်မှားကုန်သည်ရှိသော်ငဲ့။ အမုယှန္တေသု စ၊ မတွေဝေကြကုန်သည်ရှိသော်ငဲ့။ ရဇ္ဇန ဒုဿန မုယှနံ၊ တပ်မက်ခြင်း ပြစ်မှားခြင်း တွေဝေခြင်းသည်။ အယုတ္တံ၊ မသင့်။

သူတပ်မက်လို့ ဖြစ်ပါအုံးမလား။ (မဖြစ်ပါဘူး ဘုရား) ဟို အာဝဇ္ဇန်း တို့ကမှ သူ့ကို မတပ်နှစ်သက်ဘဲနဲ့နေယင်၊ အိမ်ရှင်တွေဖြစ်တဲ့ အာဝဇ္ဇန်းစသော စိတ်တွေကမှ တပ်နှစ်သက်မှု မရှိယင် ဧည့်သည်သဖွယ်ဖြစ်တဲ့ ဇောကကော တပ်နှစ်သက်ခြင်း လောဘ၊ ပြစ်မှားခြင်း ဒေါသ၊ တွေဝေမိုက်မဲခြင်းမောဟ ဖြစ်လို့ တော်ပါအုံးမလား။ (မတော်ပါဘူးဘုရား) အဲဒီလို အာဂန္တုကအဖြစ်၏ အစွမ်းအားဖြင့်လဲဘဲ အသမ္မောဟ သမ္ပဇညပိုင်းမှာ "ဒိဋ္ဌ"လို့ ခေါ်တဲ့မြင်မှု ကလေးကို နှလုံးသွင်းပါ။ "ဒိဋ္ဌမတ္တ"ဖြစ်အောင် မြင်ဆဲကို အာရုံပြုဘို့ပြောနေ တာ။ (မှန်ပါဘုရား) ဒါ "ဒိဋ္ဌမတ္တ" ဖြစ်အောင်သာ ပြောသေးတာနော်။ (မှန်ပါဘုရား) သို့သော် ဒီအထဲမှာ ဝိပဿနာ လုပ်ငန်းကလေးတွေတော့ ပါ လာပါတယ်။ (မှန်ပါ) ဒါ "ဒိဋ္ဌမတ္တ"။

ပြီးတော့ တာဝကာလိက၏ အဖြစ်ဖြင့် တပိုင်းရှိသေးတယ်။ (မှန်ပါ) အဲဒီ တာဝကာလိကဘာဝ၏ အပိုင်းက အဋ္ဌကထာက ဘာပြောထားလဲ၊ သီလက္ခန် အဋ္ဌကထာ က—

"ယာနိ ပ နေတာနိ စက္ခုဒွါရေ ဝေါဋ္ဌဗ္ဗန ပရိယောသာနာနိ စိတ္တာနိ ဥပ္ပဇ္ဇန္တိ"

စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ ဝေါဋ္ဌဗ္ဗနပရိယောသာနာနိ၊ ဝုဋ္ဌော အဆုံးရှိကုန်သော။ ယာနိ တောနိ စိတ္တာနိ၊ အကြင်စိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်နှင့်ကြလေကုန်၏။

သူတို့ဖြစ်နေကြတယ်၊ ဇောရဲ့အရင်။ (မှန်ပါဘုရား) စက္ခုဒွါရမှာ ဘယ်သူတွေဖြစ်နေတုန်း။ အာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောဆိုတဲ့ စိတ်တွေ။

"တာနိ သဒ္ဓိံ သမ္ပယုတ္တဓမ္မေဟိ တတ္ထ တတ္ထေဝ ဘိဇ္ဇန္တိ"

အဲဒီ စိတ်တွေဟာ တဲ့၊ သမ္ပယုတ္တဓမ္မဖြစ်တဲ့ ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ မနသိကာရလို့ဆိုတဲ့ စေတသိက်တွေနဲ့ အတူတကွ အဲဒီ ဖြစ်တိုင်း ဖြစ်တိုင်း သူတို့ ပျက်စီးပြီးတော့ သွားကြတယ်။ (မှန်ပါဘုရား) "အညမညံ န ပဿန္တိ" အချင်းချင်း သူတို့ မြင်ကြရဲ့လား။ (မမြင်ကြပါဘုရား) ပဉ္စဒွါရာဝဇ္ဇန်းကလဲ စက္ခုဝိညာဏ်ကို မမြင်လိုက်ရဘူး။ (မှန်ပါဘုရား) စက္ခုဝိညာဏ်ကလဲ ပဉ္စဒွါရာဝဇ္ဇန်းကို မြင်လိုက်ရသလား။ (မမြင်ရပါဘူးဘုရား) မမြင်ရဘူး။ သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော တို့ကလဲဘဲ စက္ခုဝိညာဏ်စိတ်ကို မြင်လိုက်ရသလား။ (မမြင်လိုက်ပါဘူးဘုရား)စက္ခုဝိညာဏ်စိတ်ကလဲ သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌောတို့ကို မြင်လိုက်ရသလား။ (မမြင်လိုက်ရပါဘူးဘုရား) "အညမညံ န ပဿန္တိတိ" အချင်းချင်းကို မမြင်လိုက်ရသည်ဖြစ်သောကြောင့်။ "ဣတ္တရာနိ တာဝကာလိကာနိ ဟောန္တိ" တိုတောင်းသောကာလ၌ ဖြစ်ကြသည်ဖြစ်သောကြောင့် အခိုက်အတန့်ကလေး နေကြတဲ့ တရားတွေ။ (မှန်ပါဘုရား)

သူတို့တောင် အခိုက်အတန့်ကလေး နေကြတယ်ဆိုယင် သူ့နောက်မှ ပေါ်လာတဲ့ ဇောကကော။ (အခိုက်အတန့်ပါ ဘုရား)ဘယ်လိုလုပ် ရဇ္ဇန ဒုဿန မုယှန ဖြစ်မလဲ။ (မှန်ပါဘုရား) ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးနော်၊ ရဇ္ဇန ဒုဿန မုယှန။ ဒီတော့ အဲဒီ "ဒိဋ္ဌ"လို့ခေါ်တဲ့ စက္ခုဝိညာဏ်စိတ်မှာ၊ အဲဒီ ရဇ္ဇန ဒုဿန မုယှန စက္ခုဒွါရဝီထိဇောမှာ မဖြစ်နိုင်သလို ဟိုတဒနုဝတ္တက မနောဒွါရိက ဝီထိတွေ ကျလာလဲဘဲ ရဇ္ဇန ဒုဿန မုယှန မဖြစ်အောင် ကျင့်ဘို့ ဒါနဲ့ တူအောင် ကျင့်ဘို့ကို ဟောနေတာ။ အဲဒါကို "ဒိဋ္ဌမတ္တ"လို့ ပြောနေတာ။ (မှန်ပါဘုရား)

## တာဝကာလိကနည်းဖြင့်

## "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ဖြစ်အောင် ရှုပွားပုံ

အမှန်က "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"က သူ့ အဋ္ဌကထာအတိုင်း ပြောရမယ်ဆိုယင် ရှုကွက်ကို မဟုတ်သေးဘူး။ (မှန်ပါဘုရား) ဒါဖြင့် "ဒိဋ္ဌေ ဒိဋ္ဌမတ္တ" ကို ဟို

သီလက္ခန် အဋ္ဌကထာက စကားလေးနဲ့ ဖြည့်ပြီးတော့ အခုပြောတာ။ အဲဒီတော့ ဥပမာအားဖြင့် ဒီလိုကြည့်ပါတဲ့ တာဝကာလိက အခိုက်မှာ။

"တတ္ထ ယထာ ကေသ္ဆိ ဓရေ သဗ္ဗေသု မာနုသကေသု မတေသု အဝသေသဿ ဧကဿ တင်္ဂဏာေဝ မရဏာဝမ္မသ န ယုတ္တာ နစ္စဂီတာဒီသု အဘိရတိ နာမ"

ဥပမာ တဲ့၊ အိမ်တအိမ်မှာ လူပေါင်း မြောက်မြားစွာရှိတယ်၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီရှေ့က လူတွေ ဖြုတ်ကနဲ ဖြုတ်ကနဲနဲ့ သေ သေ သွားလိုက်ကြတာ ဘယ်သူသာ ကျန်တော့သလဲ ဆိုတော့ တယောက်ထဲ ကျန်တော့တယ်။ (မှန်ပါ)အဲဒီ တယောက်ကလဲ ဒီခဏမှာဘဲ သူက သေရလိမ့်မယ်။အဲဒီလို လူဟာ သူက "နစ္စ ဂီတ" ကခြင်း၊ တီးခြင်း၊ မှုတ်ခြင်းတို့ဖြင့် ကြည့်ရှု နားထောင်ပြီးတော့ ပျော်မွေ့နေလို့ ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား) ပျော်မွေ့နိုင်ပါ့မလား။ (မပျော်မွေ့နိုင်ပါဘူးဘုရား) အဲဒီလိုဘဲတဲ့—

"ဧဝ မေဝ ကေဒ္ဓါရေ သမ္ဘယုတ္တေသု အာဝဇ္ဇနာဒီသု တတ္ထ တတ္ထေဝ မဘတေသု အဝသေသဿ တင်္ခဏေယေဝ မရဏာဝမ္မဿ ဇဝနဿာပိ ရဇ္ဇန ဒုဿန မုယှနဝသေန အဘိရတိ နာမ န ယုတ္တာ"တိ။

အဋ္ဌကထာမှာ။ (မှန်ပါဘုရား) အေး-ဒီ ဥပမာအတိုင်း ပါဘဲတဲ့ ဟုတ်လား။(မှန်ပါ) အဲဒီမှာ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နဲ့ သေကုန်လို့ ကျန်တဲ့လူ တယောက် ပျော်မွေ့၍ မနေနိုင်သလို စက္ခုဒွါရလို့ ခေါ်တဲ့ အိမ်ပေါ်မှာ ဘဝင်စိတ်ကော ပဉ္စဒွါရာဝဇ္ဇန်းကော စက္ခုဝိညာဏ်ကော သမ္ပဋိစ္ဆိုင်းကော သန္တီရဏကော ဝုဋ္ဌောကော ဖြုတ်ကနဲ ဖြုတ်ကနဲ ဖြုတ်ကလဲနဲ့ သေသေ သေသေကုန်တာ နောက် ပကြွာဝင် သေဖုမဲ့ ဇောကျကာမှ "ရဇ္ဇန ဒုဿန မုယှန" တပ်မက်တယ်၊ ပြစ်မှားတယ်၊ တွေဝေတယ်ဆိုတဲ့ အနေမျိုးအားဖြင့် မွေ့လျော် ပျော်ပိုက်ပို့ သင့်နိုင်ပါ့မလားလို့ ဆင်ခြင်လိုက်ယင် "ဒိဋ္ဌ" အဆင်းချုပ်မှာ ရာဂ ဒေါသ မောဟ ဝင်လို့ ရသေးရဲ့လား။(မရပါဘူးဘုရား)

မြင်ဆဲခဏမှာ ရာဂ ဒေါသ မောဟ ဝင်လို့ ရသေးရဲ့လားကွဲ။ (မရပါဘူးဘုရား)

အဲဒီလို ဆင်ခြင်လိုက်ယင် ဖြစ်ပလား "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"။ (ဖြစ်ပါတယ်ဘုရား) အဲဒီလို ဖြစ်နေတာ ရှုပွားနေတာကိုပင် "စက္ခုဝိညာဏေန ရူပေ ရူပမတ္တမေဝ ဟောတိ"လို့ "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ကို အဋ္ဌကထာဆရာက ဖွင့်ဆိုတာကွဲ။(မှန်ပါဘုရား) အဲဒီလို ဖြစ်အောင် ဝိပဿနာကို ယခုဟောခဲ့တဲ့ သမ္မာဉ်နည်းတွေနဲ့ မပြတ် ပွားများနေရတယ်ကွဲ။(မှန်ပါဘုရား)

တနည်းပြောရလျှင် ဗလဝဝိပဿနာ ဖြစ်အောင် အားထုတ် နိုင်လျှင် အဋ္ဌကထာ ဖွင့်ဆိုသည့် အတိုင်း ပရမတ် အဆင်းရုပ်ကို အာရုံပြုတဲ့ စက္ခုဒွါရ ဝီထိ။ သူပြုတဲ့ အာရုံကိုပင် လိုက်ပြီးဖြစ်တဲ့ မနောဒွါရဝီထိဘဲ ဖြစ်နိုင်တယ်ကွဲ့။ (မှန်ပါဘုရား) ရာဂ ဒေါသ မောဟ မဖြစ်ဘူးကွဲ့။ (မှန်ပါဘုရား) ပရမတ် အာရုံလေးကိုကွဲ့။ (မှန်ပါဘုရား)

"သုတေ သုတမတ္တံ" လဲ့ဘဲ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" လိုဘဲကွဲ့နော်။ (မှန်ပါ) သုတေ သုတမတ္တံ၊မုတေ မုတမတ္တံ၊ဝိညာတေ ဝိညာတမတ္တံ။ဝိညာတကျတော့ မနောဒွါရဝီထိကွဲ့၊ အာဝဇ္ဇန်းနဲ့ တကွ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီ အာဝဇ္ဇန ကိစ္စဟာ ရဇ္ဇန ဒုဿန မုယှန မရှိလို့၊ ဟုတ်လား။ (မှန်ပါဘုရား) အာဝဇ္ဇန်းနောက် လာမဲ့ စိတ်အစဉ်ကိုလဲ မနောဒွါရမှာလဲ၊ ဟုတ်လား။ အဲဒီ အာဝဇ္ဇန်းအတိုင်းအတာ ပမာဏလောက်ပဲ ရဇ္ဇန ဒုဿန မုယှန မဖြစ်အောင် သင်ချစ်သား ကျင့်ပါလို့ ဒီလိုဟောတယ် နော်။ (မှန်ပါဘုရား) ဒိဋ္ဌ သုတ မုတ ဝိညာတ လေးချက်။ (မှန်လှပါဘုရား)

## ဝိပဿနာရှုကွက် နာမ်ရုပ် ဖော်ပြချက်

ကိုင်း—ကျင့်ပုံ ဘယ်လိုကျင့်မလဲ၊ ဘယ်လိုကျင့်ကြမတုန်း။ အခုနင်က နည်း တွေတော့ ပြခဲ့ပြီးပြီ နော်။ (မှန်ပါဘုရား) ဒီတော့ ခုနင်က နယဂ္ဂါဟလေး ယူထားတဲ့ စာပိုဒ်ကလေး တပိုဒ်ရှိတယ်၊ ဟုတ်လား။ (မှန်ပါဘုရား) မြင်·ဆိုတဲ့ နေရာမှာ ဘာနဲ့ ဘာပါသလဲဆိုတော့ နာမ်နဲ့ရုပ်ပဲ့ ပါတယ်၊ဒိပြင် မပါဘူး။ (မှန်လှပါဘုရား) သတ္တဝါ ပါရဲ့လား။ (မပါပါဘူးဘုရား) အဲဒီ အပိုင်း ကလေးကို ဥဒါန်း အဋ္ဌကထာနဲ့ သံယုတ် အဋ္ဌကထာက ပြောမယ်။ (မှန်ပါ ဘုရား) "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" ကို "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" ဖြစ်အောင် ကျင့်ဘို့၊ ရှုဘို့၊ ရှုကွက် အလုပ်စခန်း ခုမှဖော်တယ်။(မှန်ပါဘုရား)ဘုန်းကြီး နောက်က အဲဒါ သီလက္ခန်အဋ္ဌကထာက စကားတွေယူပြီးတော့ အလုပ်စခန်းလေးတော့ ထည့် လာခဲ့တယ်။အခု ဒီနေရာကျတော့ ရှုကွက်ကလေးထည့်ရမယ်။ (မှန်ပါဘုရား) ဥဒါန်းအဋ္ဌကထာနဲ့ သံယုတ် အဋ္ဌကထာ ကလဲ အဲဒီရှုကွက်ပဲ ဖော်ထားတယ်။ (မှန်ပါဘုရား)

## မြင်အပ် မြင်တတ် နှစ်ရုပ် ရုပ်နာမ်

"ဒိဋ္ဌ" မြင်တယ်နော်။ (မှန်ပါဘုရား)"သုတ" ကြားတယ်၊ "မုတ"ဃာန ဇိဝှာ ကာယတို့ဖြင့် ရောက်တယ်။ "ဝိညာတ" နာမ်ရုပ်ကို သိတယ်။ အဲဒီ"ဒိဋ္ဌ သုတ မုတ ဝိညာတ"လို့ ဆိုတဲ့ ဒီ စကားလုံးထဲမှာ နာမ်ရုပ် ပါလာတယ်။ "ဒိဋ္ဌ"လို့ ဆိုတဲ့ စကားလုံးသည်ပင်လျှင် နာမ်ရုပ်။(မှန်လှပါဘုရား) ဒီတော့

ဘာပြောလဲ၊ နာမ်ရုပ် ဖော်ပုံနော်။(မှန်ပါဘုရား) မြင်တဲ့ နေရာမှာ နာမ်ရုပ် ပေါ်အောင် ဖော်ပုံ။(မှန်ပါ) ပရိယတ္တိ စည်းကမ်းက။

"ရူပါယတနံ ပဿိတဗ္ဗဋ္ဌေန ဒိဋ္ဌံ နာမ[1]"

"ဒိဋ္ဌ" ဆိုတာ ဘာလဲလို့ဆိုတော့ ရူပါယတနံ၊ ရူပါရုံသည်။ပဿိတဗ္ဗဋ္ဌေန၊ မြင်အပ်သော သဘောရှိသောကြောင့်။ဒိဋ္ဌံနာမ၊ ဒိဋ္ဌ မည်၏။

ရူပါရုံ အဆင်းရုပ်ကို ဘာလို့ခေါ်သလဲ၊ ဒိဋ္ဌ။ ဘာဖြစ်လို့ ရုပ်ကို "ဒိဋ္ဌ"လို့ ခေါ်သလဲဆိုတော့ မြင်အပ်သော သဘောရှိလို့ အဆင်းရုပ်ကို "ဒိဋ္ဌ"။ (မှန်လှပါဘုရား) မြင်အပ် ဟုတ်လား၊"ဒိဋ္ဌ"ဆိုတာ ဘယ်သူလဲ အဆင်းရုပ်။ နောက်တခါ—

"စက္ခုဝိညာဏံ ပန သဒ္ဓိံ တံ ဒွါရိကဝိညာဏေဟိ ဒဿနဋ္ဌေန ဒိဋ္ဌံ နာမ"

ပန၊ မြင်အပ်သော။ ဝါ၊ မြင်စရာဖြစ်သော။ဝါ၊ အမြင်ခံ ဖြစ်သော ရုပ်မှ တပါး မြင်တတ်သော သဘောကို ဟောပါဦးအံ့။စက္ခုဝိညာဏံ၊စက္ခုဝိညာဏ် စိတ်သည်။တံဒွါရိကဝိညာဏေဟိ၊ ထိုစက္ခုဒွါရ၌ ဖြစ်ကုန်သော စိတ်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။

စက္ခုဒွါရမှာ ဖြစ်တဲ့ စိတ်တွေက ဘယ်သူတွေတုန်း။ အခုနင်က ဝီထိမှာ ပါလာတာကတော့ အာဝဇ္ဇန်းစိတ်တို့ ဇောစိတ်တို့ ဆိုတဲ့ စိတ်တွေ ပါလာတယ် မဟုတ်လား။(မှန်လှပါ) ဘဝင်စိတ် အာဝဇ္ဇန်းစိတ် စက္ခုဝိညာဏ်စိတ် သမ္ပဋိစ္ဆိုင်းစိတ် ဝုဋ္ဌောစိတ် ဇောစိတ် ဒါတွေပါလာတယ်။(မှန်လှပါ)ဇောကျတော့ သူက စက္ခုဒွါရမှာ ဖြစ်တဲ့ စိတ်လို့ဆိုတော့ လေးဆယ်နဲ့ ခြောက်ခု တောင် ရှိတယ်ကွဲ။(မှန်ပါ)စက္ခုဒွါရမှာဖြစ်တဲ့ စိတ်တွေဘယ်လောက်ရှိသလဲ။ (လေးဆယ့်ခြောက်ခုပါဘုရား) "တံ ဒွါရိကဝိညာဏေဟိ"လို့ ပြောတော့ စက္ခု ဒွါရမှာ—

စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ တံ ဒွါရိက ဝိညာဏေဟိ၊ ထိုစက္ခု ဒွါရ၌ ဖြစ်ကုန်သော စိတ်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ ဒဿနဋ္ဌေန၊ မြင်တတ် သော သဘောရှိသောကြောင့်။ ဒိဋ္ဌံ၊ "ဒိဋ္ဌ"မည်၏။

ဒီတော့ ရူပါရုံကလဲ ဘာလဲကွဲ "ဒိဋ္ဌ"။ မြင်စရာမို့ လို့ "ဒိဋ္ဌ"။ စက္ခု ဝိညာဏ်စိတ်နဲ့ ဒီစက္ခုဒွါရမှာ ဖြစ်တဲ့ စိတ်တွေကကော မြင်တတ်သောကြောင့် "ဒိဋ္ဌ"။မြင်အပ်၊မြင်တတ်။ မြင်တတ်သောတရားကနာမ်၊ မြင်အပ်သောတရား

---

၁၊ ဥဒါန၊ ဋ္ဌ၊ ၂၀။ ဗိဘင်း အနုဋီကာ၊ ၁၀၂။

က ရုပ်။ပေါင်းလိုက်တော့။ (နာမ်ရုပ်ပါဘုရား)“ဒိဋ္ဌ”ဆိုတဲ့ တရားထဲမှာ နာမ် ရုပ်ပါလား။ (ပါပါတယ်ဘုရား) ကဲ ဘုန်းကြီးစီထားတဲ့ ကဗျာကလေး တွေရှိတယ်၊ လိုက်ဆိုကြရမယ်နော်။ (မှန်ပါဘုရား) ဆို–

**ဆောင်။**　။မြင်အပ် မြင်တတ်၊ နှစ်ရပ် ရုပ်နာမ်။
မြင်ဆဲ ခဏ၊ ဒိဋ္ဌ မတ္တံ။
သတိထား၍၊ ရှုပွား ဖန်ဖန်။
ဉာဏ် အလုပ်၊ ဖြစ် ချုပ် သိအောင်ကြံ။

ဘုန်းကြီးတို့ ပရိသတ်၊ ကဗျာကလေးတွေကို ရရုံလောက်ကလေးတင် မဟုတ်ဘူး နော်၊ ဒီကဗျာတွေရဲ့ ဆောင်ပုဒ်တွေရဲ့ အဓိပ္ပာယ်ကို သေသေချာချာ မှတ်သားပြီတော့ ရှုပွားကြရမယ် ဟုတ်လား။ (မှန်ပါဘုရား) “မြင်အပ် မြင်တတ်၊ နှစ်ရပ် ရုပ်နာမ်”လို့ဆိုတာ မြင်အပ်တာက ရုပ်၊ မြင်တတ်တာက နာမ်။ ပေါင်းလိုက်တော့။ (ရုပ်နာမ်ပဲ့ါဘုရား)“မြင်ဆဲခဏ၊ ဒိဋ္ဌမတ္တံ”ဆိုတာ မြင်ကာမျှ မြင်ရုံမျှ ခဏကလေးကိုပြောတာ။(မှန်ပါ) အဲဒီ“ဒိဋ္ဌမတ္တ”လို့ဆိုတဲ့ မြင်ရုံမျှ ကလေးမှာ ရုပ်နာမ်ကို ကမ္မဋ္ဌာန်း သတိကလေးကပ်ပြီးတော့ ရှုပွားလိုက်မယ် ဆိုယင် အဲဒီ သတိထားပြီးတော့ ရှုပွားနေတာဟာ ဘာတုန်း၊ ဉာဏ်အလုပ်ကွဲ။ (မှန်ပါဘုရား) အဲဒါကြောင့်–ဉာဏ်အလုပ် ဖြစ်ချုပ်သိအောင်ကြံ။ (မှန်ပါ ဘုရား)ဒီမြင်ဆဲခဏ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်ပေါ်မှာ၊ ဒီရုပ်နာမ်တရားရဲ့ ဖြစ်ခြင်း ပျက်ခြင်း၊ ဖြစ်တယ် ချုပ်တယ် ကုန်ပျောက်သွားတယ်၊ ဖြစ်တယ် ချုပ်တယ် ကုန်ပျောက်သွားတယ်လို့ ဉာဏ်အလုပ်စခန်းနဲ့ သိအောင် အဖန်ဖန်ရှုပွားကြပါ၊ ဖြစ်ချုပ်ကိုသိအောင် ကြံကြပါ ဟုတ်လား။(မှန်ပါဘုရား)

အေး ဒီတော့ ဒီနေရာမှာ မြင်အပ် မြင်တတ်လို့ ဆိုတော့ မြင်ဆိုတာ မြင်တယ်၊မြင်တယ်ဆိုတာ ကြည့်လို့မြင်တာ၊ ဟုယ်လား။(မှန်ပါဘုရား)ကြည့်တယ် ဆိုတာကကော ဘာလုပ်တာလဲကွဲ၊ မျက်လုံးဖွင့်တာ၊ ဟုတ်ပလား။ (မှန်ပါ ဘုရား) အဲဒီလို မျက်လုံးဖွင့်ကြည့်တော့ မြင်ရော၊ မြင်တော့ ဘယ်သူက မြင်သလဲ၊ စက္ခုဝိညာဏ်စိတ်က မြင်တာ။(မှန်ပါဘုရား) ဘာကိုမြင်သလဲ(ရုပ်ကိုပါ ဘုရား) ရုပ်ကို မြင်တယ်၊ ရူပါရုံကို မြင်တယ်။ ဟုတ်လား။ (မှန်ပါဘုရား) ဘာဖြစ်လို့မြင်သလဲ၊ ကြည့်လို့မြင်တာ၊ ဘာဖြစ်လို့ ကြည့်သလဲ၊ ကြည့်ချင်လို့ ကြည့်တာ၊ ဟုတ်လား။(မှန်ပါဘုရား) ဆိုကွဲ—ဆောင်ပုဒ်။

**ဆောင်။**　။ကြည့်လိုသော နာမ်၊ ကြည့်လိုက်ပြန်၊ ရုပ်နာမ် ကွဲအောင်ရှု။

ကြည့်ချင်တာက နာမ်၊ ကြည့်လို့မြင်တာက ရုပ်တရား၊ ဟုတ်လား။ (မှန်ပါ ဘုရား) ဆို—

ကြည့်လို့ မြင်တာ၊ ရုပ်နာမ်ပါ၊ သေချာ ကွဲအောင်ရှု။

ကြည့်လို့မြင်လာတဲ့ "ဒိဋ္ဌမတ္တ"ကလေးမှာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်ကို သေသေချာချာ ကွဲအောင် ရှုပါတဲ့၊ ဟုတ်လား။ (မှန်ပါဘုရား) ကြည့်လို့မြင်တာက ရုပ်တရား၊ ရုပ်ကို ရုပ်အတိုင်းသိလာတာက နာမ်တရား ဟုတ်လား။ (မှန်ပါဘုရား) ဆိုအုံးကွဲ—ဆောင်ပုဒ်ကလေး။

ဆောင်။ ။ကြည့်ဆဲ ခဏမှာ၊ ဖြစ်ပေါ်လာ၊ ရူပါ ရုပ်တရား။
ကြည့်လို့ မြင်တာ၊ သိ၍လာ၊ ရူပါ နာမ်တရား။

ဘုန်းကြီးတို့ပရိသတ်၊ သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား) အခု "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ကို ပြောနေတာ နော်။ (မှန်ပါဘုရား) ဘုန်းကြီးတို့ ပရိသတ် "ဒိဋ္ဌမတ္တ"ဖြစ်ပုံတွေကို သဘောပေါက်ယင် "သုတေ သုတမတ္တ"မှာ လဲ သဘောပေါက်နိုင်ပါတယ် နော်။ (မှန်ပါဘုရား)

အေး ဒီတော့ "သုတ"မှာလဲ ဒီ အတိုင်းဘဲကွဲ။ (မှန်ပါဘုရား) ကြားအပ်သော တရားက ရုပ်၊ ကြားတတ်သော တရားက နာမ်။အသံက ကြားအပ်သော တရားကွဲ။ (မှန်ပါဘုရား) သောတဝိညာဏ်က ဒီသောတဒွါရမှာဖြစ်တဲ့ စိတ်တွေနဲ့အတူတကွ ကြားတတ်သောနာမ်။(မှန်ပါဘုရား) ဒီတော့ "သုတ"မှာလဲ နာမ်ရုပ်။(မှန်ပါဘုရား)

"မုတ"မှာလဲ ဒီအတိုင်းဘဲနော်။ (မှန်ပါဘုရား) ဃာနဝိညာဏ်စိတ်က နာမ်၊ ဂန္ဓာရုံ ရုပ်တရားက ရုပ်။ ဇိဝှာဝိညာဏ်စိတ်က နာမ်၊ ရသာရုံတွေက ရုပ်။ ကာယဝိညာဏ်စိတ်က နာမ်၊ ဖောဋ္ဌဗ္ဗာရုံတွေက ရုပ်။

မနောဝိညာဏ်စိတ်က နာမ်၊ ဓမ္မာရုံ နာမ်ရုပ်က နာမ်ရုပ်။ ပေါင်းလိုက်တော့ နာမ် ရုပ်။

အဲဒီတော့ တဆယ်နဲ့ နှစ်မျိုး၊ အစက ပြောခဲ့တဲ့ ဝိညာဏ်ခြောက်ပါး၊ အာရုံခြောက်ပါးမှာ ဘာသာ ကျန်တော့တုန်း။ (ဘာမှ မကျန်တော့ပါဘူးဘုရား) ဒီထက် ဘယ်လိုလုပ် ရှင်းအုံးမလဲကွဲ။ (မှန်ပါဘုရား) ရှင်းစရာရှိသေးလား။ (မရှိတော့ပါဘူးဘုရား) ဝိပဿနာအာရုံ ဒါဘဲရှိတယ်နော်။ (မှန်ပါဘုရား)

"နာမဉ္စ ရူပဉ္စ ဣမေဿံ သစ္စတော၊ န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ[၁]"။ (ဝိသုဒ္ဓိမဂ်)

ဣမေ၊ ဤ ဒိဋ္ဌ သုတ မုတ ဝိညာတ ခေါ်တဲ့ တရား၌။ ဝါ၊ မြင်ဆဲခဏ ကြားဆဲခဏ နံဆဲ ခဏ လျက်ဆဲ ခဏ တွေ့ထိဆဲ ခဏ သိဆဲ ခဏ၌။ သစ္စတော။

---

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒု၊ ၁၊ ၂၃၀။

ပရမတ္ထသစ္စာ အနေအားဖြင့်။ ဝါ၊ ဝိပဿနာရှုရမဲ့ တရားအနေအားဖြင့်။ နာမဋ္ဌ၊ နာမ်တရားသည်ရင်း။ ရူပဋ္ဌ၊ ရုပ်တရားသည်ရင်း။ အတ္ထိ၊ ပရမတ္ထအနေ ထင်ရှားရှိ၍ နေပါပေ၏။

ဒီ မြင်ဆဲ ခဏ၊ ကြားဆဲ ခဏ၊ နံ့ဆဲ ခဏ၊ လျက်ဆဲ ခဏ၊ တွေ့ဆဲ ခဏ၊ သိဆဲခဏတို့မှာ ဝိပဿနာရှုဘို့ တရားအားလုံး အမှန် ပရမတ္ထ အနေနဲ့ မဖောက်မပြန်ရှိနေတာဟာ နာမ်ရုပ်ပဲ ရှိနေတယ်တဲ့။ ဒိပြင် မရှိဘူးတဲ့။(မှန်ပါဘုရား)

ဟိ၊ မှန်၏။ ဧတ္ထ၊ ဤမြင်ဆဲ၊ ကြားဆဲ၊ နံ့ဆဲ၊ လျက်ဆဲ၊ တွေ့ထိဆဲ၊ သိဆဲ ခဏမှာဖြစ်သော နာမ်ရုပ်၌။ သတ္တော စ၊ သတ္တဝါသည်ရင်း။ မနုဇော စ၊ လူ ပုဂ္ဂိုလ်သည်ရင်း။ ဝါ၊ ယောကျ်ား မိန်းမဆိုတဲ့ သဘောသည်ရင်း။ န ဝိဇ္ဇတိ၊ မရှိ။

**အနိစ္စာနုပဿနာ**

ဘာသာ ရှိသလဲ ကွဲ့။ (နာမ်ရုပ်သာ ရှိပါတယ်ဘုရား) နာမ် ရုပ် ဆိုတာ နိစ္စလား၊ အနိစ္စလားကွဲ့။(အနိစ္စပါဘုရား) အနိစ္စ။

"အနိစ္စာနုပဿီ အာလောကေဿာမီတိ သိက္ခတိ"
"အနိစ္စာနုပဿီ ဝိလောကေဿာမီတိ သိက္ခတိ" ဟုတ်လား။

(မှန်ပါ) သုတကျတော့—

"အနိစ္စာနုပဿီ သုဏိဿာမီတိ သိက္ခတိ"

နားထောင်မယ်ဆိုကတည်းက အနိစ္စလို့ ရှုလေ့ရှိသည်ဖြစ်၍ နားထောင်ပါ။ သုတ။ "မုတ"မှာလဲ ဒီလိုဘဲ။(မှန်ပါဘုရား)စားတဲ့ နေရာမှာ။ (အနိစ္စလို့ ရှုရမှာပါဘုရား) ဟုတ်လား။ (မှန်ပါ)နမ်းရှုတဲ့ နေရာမှာ "အနိစ္စာနုပဿီ ဃာယိဿာမီတိ သိက္ခတိ" အနိစ္စလို့ ရှုပြီးတော့။ ဝါ၊ နာမ်ရုပ်ကို ရှုပြီးတော့ နမ်းရှုအံ့ဟူ၍ ကျင့်၏။

အနိစ္စာနုပဿီ ခါယိဿာမီတိ သိက္ခတိ။ အနိစ္စာနုပဿီ၊ နာမ်ရုပ်ကို ရှုလေ့ ရှိသည်ဖြစ်၍။ ခါယိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။ ဓမ္မာ-နုပဿနာသတိပဋ္ဌာန်မှာ။(မှန်ပါဘုရား)

"အနိစ္စာနုပဿီ သာယိဿာမီတိ သိက္ခတိ။
အနိစ္စာနုပဿီ ဖုသိဿာမီတိ သိက္ခတိ။
အနိစ္စာနုပဿီ ဇာနိဿာမီတိ သိက္ခတိ"။

ဒိဋ္ဌရော သုတရော မုတရော အနိစ္စဟု ရှုလေ့ရှိသည် ဖြစ်၍ ကြည့်အံ့။ အနိစ္စဆိုတဲ့ နာမ်ရုပ်ကို ရှုလေ့ရှိသည်ဖြစ်၍ နားထောင်ပါအံ့။ အနိစ္စတည်းဟူသော နာမ်ရုပ်ကို ရှုလေ့ရှိသည်ဖြစ်၍ စားပါအံ့။သောက်ပါအံ့။လျက်ပါအံ့။ အနိစ္စ တည်းဟူသောနာမ်ရုပ်ကို ရှုလေ့ရှိသည် ဖြစ်၍ နမ်းရှုပါအံ့။ အနိစ္စတည်းဟူသော နာမ်ရုပ်ကို ရှုလေ့ရှိသည်ဖြစ်၍ ထိပါအံ့၊ အနိစ္စတည်း ဟူသော နာမ်ရုပ်ကို ရှုလေ့ရှိသည်ဖြစ်၍ သိပါအံ့။ဣတိ၊ဤသို့။သိက္ခတိ၊ကျင့်၏။ အဲဒီလို ဖြစ်အောင် ကျင့်ပါ။(မှန်လှပါဘုရား) နာမ်ရုပ်။

ဒီတော့ ဒီနာမ်ရုပ်ကို ခွဲလိုက်တော့ "ရူပါယတနံ ပဿိတဗ္ဗဋ္ဌေန ဒိဋ္ဌံ" ဟုတ်လား။ (မှန်ပါဘုရား) ရူပါယတနံ၊ ရူပါရုံသည်။ ပဿိတဗ္ဗဋ္ဌေန၊ မြင်အပ်သော သဘောရှိသောကြောင့် "ဒိဋ္ဌ"။

> "စက္ခုဝိညာဏံ ပန တံ ဒွါရိက ဝိညာဏေဟိ ဒဿနဋ္ဌေန ဒိဋ္ဌံ"

စက္ခုဒွါရမှာဖြစ်သော စိတ်တို့၏ မြင်တတ်သော သဘောရှိသောကြောင့် "ဒိဋ္ဌ"လို့ ဆိုတော့ စက္ခုဝိညာဏ် စိတ်နဲ့ စက္ခုဒွါရမှာဖြစ်တဲ့ စိတ်တွေက နာမ် ဟုတ်လား။ (မှန်ပါဘုရား) မြင်တတ်သော နာမ်တရား၊ မြင်အပ်သော ရုပ် တရား၊ ဟုတ်လား။ မြင်စရာရယ် မြင်တာရယ် နှစ်မျိုး။(မှန်ပါဘုရား)မြင်စရာ က ဘာပါလိမ့်။ (ရုပ်ပါဘုရား) မြင်တာက ဘာပါလိမ့်။ (နာမ်ပါဘုရား) နာမ်ရုပ်။

## ကိုယ်နှင့်ခန္ဓာ ခွဲခန်း

ဒီတော့ ဘုန်းတော် ခြောက်ပါးသခင် သမ္ဗုဒ္ဓ မြတ်စွာဘုရားရှင် ကိုယ် တော်မြတ်ကြီး အခု မာလုကျပုတ္တ မထေရ်ကြီးကို မေးခွန်းတွေ မေးပြီးတော့ ဟောခဲ့တဲ့ အာရုံခြောက်ပါး ဝိညာဏ်ခြောက်ပါးလို့ တဆယ့် နှစ်ပါးဟာ အခု ဘာသာ ကျန်တော့တုန်းကွဲ့။(ဘာမှ မကျန်တော့ပါဘူးဘုရား)နာမ်ရုပ်။ (မှန်ပါဘုရား) ဒါ ဉာတပရိညာလို့ ခေါ်တယ်။ (မှန်ပါဘုရား) နာမ်ရုပ်ကို ပိုင်းခြားသိတာ ဘာ ပရိညာပါလိမ့်။ (ဉာတပရိညာပါဘုရား) ဟုတ်လား။ (မှန်ပါဘုရား)

ဒီ ခန္ဓာကိုယ်လုံးကြီးနဲ့ အခု နာမ်ရုပ်နဲ့၊ ကိုယ်လုံးကြီးနဲ့ အခု ခန္ဓာနဲ့ကော ခွဲသိသလား၊ မသိဘူးလား။ (သိပါတယ်ဘုရား)

ဟောဒီ ခေါင်းက ခြေဆုံး တကိုယ်လုံးက ကိုယ်။

မြင်ဆဲခဏမှာ ဖြစ်လာတဲ့"ဒိဋ္ဌ" ဆိုတာက နာမ်ရုပ်ခန္ဓာ။(မှန်ပါဘုရား)

နာမ်ရုပ်ကို ဘာလို့ခေါ်သလဲ။ (ခန္ဓာပါဘုရား)ခေါင်းက ခြေဆုံး တကိုယ်လုံးက ဘာတုန်း။(ကိုယ်ပါဘုရား) အဲဒီ ကိုယ်နဲ့ခန္ဓာ အတူတူလား၊ တခြားစီလားကွဲ။(တခြားစီပါဘုရား). တခြားစီနော်။ (မှန်ပါဘုရား)

ဆောင်ပုဒ်ထဲမှာ ပါလိမ့်မယ်ကွဲနော်။ (မှန်ပါ)

ကိုယ်နဲ့ခန္ဓာ၊ ခွဲခြား၍ သိတာ၊ ဉာတပရိညာ။

"ဒိဋ္ဌ"လို့ ဆိုတဲ့ ခန္ဓာနာမ်ရုပ်။ (မှန်ပါဘုရား) ခန္ဓာ ဆိုတာ ဘာကိုခေါ်သလဲ၊ နာမ်ရုပ်ကို ခေါ်တာ။ (မှန်ပါဘုရား) ခေါင်းက ခြေဆုံး တကိုယ်လုံး မျက်လုံးတွေ၊ နားတွေ၊ နှာခေါင်းတွေ၊ လျှာတွေ၊ လက်တွေ၊ ခြေထောက်တွေကို ဘာလို့ခေါ်သလဲ။ (ကိုယ်လုံးပါဘုရား)

အဲဒီ ကိုယ်နဲ့ ခန္ဓာနဲ့ အတူတူလား၊ တခြားစီလား။ (တခြားစီပါဘုရား)

အဲဒီလို ကိုယ်နဲ့ ခန္ဓာ ခွဲခြား၍သိတာ ဉာတပရိညာ။

အဲဒီ ပရိညာကို ပိုင်အောင်လုပ်ပါတဲ့–မြတ်စွာဘုရားက။ (မှန်ပါဘုရား) ပိုင်အောင်လုပ်ယင် "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ဖြစ်မယ်။(မှန်ပါဘုရား) မပိုင်ယင်။(မဖြစ်ပါဘုရား) ဒီတော့ "ဒိဋ္ဌေ ဒိဋ္ဌမတ္တ" ဖြစ်အောင် လုပ်ထုံးလုပ်နည်းက ပဌမ ကိုယ်နဲ့ ခန္ဓာကို ခွဲခြား၍ သိလိုက်ပါတဲ့။ (မှန်လှပါဘုရား)

## ဉာတပရိညာ ဖြစ်ပုံ

ခေါင်းက ခြေဆုံး တကိုယ်လုံး မျက်လုံး၊ နား၊ နှာ၊ ဦးခေါင်း၊ လက်ခြေ စတဲ့ ပုံသဏ္ဌာန် အစိတ်အပိုင်း၊ ဒီခေါင်းက ခြေဆုံး တကိုယ်လုံးကြီး သည် ကိုယ်။ (မှန်ပါဘုရား) မြင်ဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ ဒိဋ္ဌလို့ ခေါ်တဲ့ နာမ်ရုပ်က ခန္ဓာ။ (မှန်လှပါဘုရား) ကိုယ်နဲ့ ခန္ဓာ တူရဲ့လားကွဲ။ (မတူပါဘုရား) ခွဲခြားပြီးတော့သိတာ ဘာ ပရိညာပါလိမ့်။ (ဉာတပရိညာပါဘုရား)

ကိုယ်နဲ့ ခန္ဓာ၊ ခွဲခြား၍ သိတာ၊ ဉာတပရိညာ။

ဘုန်းကြီးတို့ ပရိသတ်၊ ကိုယ် ဘယ်မှာတုန်း။(ခေါင်းက ခြေဆုံးပါဘုရား) ဒီမှာ ခန္ဓာဘယ်မှာတုန်း။(မြင်ဆဲခဏမှာပါဘုရား) ကိုယ်ကချက်ခြင်း ပျောက်ကဲ့လား။(မပျောက်ပါဘူးဘုရား) မြင်ဆဲခဏဖြစ်တဲ့ ခန္ဓာက။ (ကွယ်ပျောက်သွားပါတယ်ဘုရား) ဒါဖြင့် ခန္ဓာက နိစ္စလား၊ အနိစ္စလား။ (ခန္ဓာက အနိစ္စပါဘုရား) ဘုန်းကြီးတို့ ပရိသတ်၊ ခန္ဓာ တွေ့ပလား။ (တွေ့ပါပြီဘုရား) သဘောပေါက်ပလားကွဲ။ (ပေါက်ပါပြီဘုရား)။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊သမီးတွေ"ဒသနဋ္ဌေန ဒိဋ္ဌ"လို့ဆိုတော့ ခန္ဓာတွေနေပြီနော်။ (မှန်ပါ) ဉာတပရိညာ ပိုင်ပြီမဟုတ်လား။ (မှန်ပါဘုရား)ဒါ တရားနာလို့ ပိုင်တာကွဲ။ (မှန်ပါ) အလုပ်နဲ့ ပိုင်ဘို့အရေးကြီးတယ်။ (မှန်ပါဘုရား)

## ဒိဋ္ဌိဝိသုဒ္ဓိ စခန်းရောက်ပုံ

"တဒုဘယမ္ပိ ယထာပစ္စယံ ပဝတ္တမာနံ ဓမ္မမတ္တမေဝ[၁]"

တဒုဘယမ္ပိ၊ ထိုမြင်တတ် မြင်အပ် နာမ်ရုပ်တရားနှစ်ပါးသည်လည်း။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ပဝတ္တမာနံ၊ ဖြစ်ပေါ်လာခဲ့သည်ရှိသော်။ ဓမ္မမတ္တမေဝ၊ နာမ်ရုပ်ဓမ္မသက်သက်မျှသာလျှင်တည်း။

နာမ်ရုပ်ပဲ ရှိတယ်တဲ့။ (မှန်ပါဘုရား)

"န တ္တေ ကောစိ ကတ္တာ ဝါ ကာရေတာ ဝါ[၂]"

တ္တေ၊ ဤ နာမ်ရုပ်၌။ ကောစိ၊ တခုတယောက်သော။ ကတ္တာ ဝါ၊ မြင်အောင် လုပ်တတ်သော သတ္တဝါသည်၎င်း။ ကာရေတာ ဝါ၊ မြင်စေတတ်သော ဖန်ဆင်းရှင်သည်၎င်း။ နတ္ထိ၊ မရှိ။

တခါထဲ အတ္တ စင်ထွက်သွားတယ်။ (မှန်ပါဘုရား) ဉာတပရိညာ–နာမ်ရုပ်ကို ပိုင်းခြားသိတယ်၊ ဒိဋ္ဌိဝိသုဒ္ဓိ။(မှန်ပါဘုရား)ကိုးနာရီကလဲ ခဲ့တော့မယ်ကွဲ၊ တော်အုံးမှနော်။ (မှန်ပါ)အဲဒီလို နာမ်ရုပ်ကို ပိုင်းခြားသိလို့ ဒိဋ္ဌိ သုဒ္ဓိ ဖြစ်ပြီလို့ ဆိုတော့ ဉာတပရိညာပြီးတော့မှ ရှင်တော်ဘုရားသည် တီရဏ ပရိညာပိုင်းကို ဆက်လက်၍ ပြတော်မူလိုသည် ဖြစ်သောကြောင့် အဋ္ဌကထာဆရာကြီး က ဘာပြသလဲဆိုတော့—

## အနိစ္စ အနိစ္စလက္ခဏာ အနိစ္စာနုပဿနာ
## တီရဏပရိညာ

"ယတော တံ ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ၊ ဥဒယဗ္ဗယပ္ပဋိပီဠနဋ္ဌေန ဒုက္ခံ၊ အဝသဝတ္တနဋ္ဌေန အနတ္တာ။"

ယတော၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ တံ၊ ထိုနာမ်ရုပ်သည်။ နာမ်ရုပ်ဆိုတဲ့ မြင်ဆဲခဏဖြစ်ပေါ်လာတဲ့ နာမ်ရုပ်ဆိုတဲ့ ခန္ဓာသည်။ ကိုယ်မဟုတ်ဘူးနော်။(မှန်ပါ)နာမ်ရုပ်သည်။ ဟုတွာ၊ ဖြစ်ပေါ်ပြီးတဲ့နောက်။ အဘာဝဋ္ဌေန၊ မရှိခြင်း ကုန်ပျောက်ခြင်း သဘောရှိသောကြောင့်။ အနိစ္စံ၊ အနိစ္စပါတကား။

ဆောင်။ ။ဖြစ်ပေါ်ပြီးနောက်၊ ချက်ချင်းပျောက်၊ ယွင်းဖောက် အနိစ္စ။

အနိစ္စဆိုတာ ဘယ်သူလဲ။ (နာမ်ရုပ်ပါဘုရား)ဘာပြုလို့ နာမ်ရုပ်ကို အနိစ္စလို့ ခေါ်သလဲ။ ဖြစ်ပေါ်ပြီး ချက်ချင်းပျောက်သည်ဖြစ်သောကြောင့် အနိစ္စလို့

၁။ ဥဒါန၊ ဋ္ဌ၊ ၈၂။

ခေါ်တယ်။ ဒါဖြင့် ဒီနာမ်ရုပ်ဟာ နိစ္စလား၊ အနိစ္စလား။ (အနိစ္စပါဘုရား) ဒီခန္ဓာကိုယ်ကြီးကတော့ ပျောက်သလား။ (မပျောက်ပါဘူးဘုရား) သူက အသက်ရှစ်ဆယ်ဆို မပျောက်ဘဲ နေအုံးမှာလား။ (မနေပါဘူးဘုရား) မြင်ဆဲခဏမှာဖြစ်တဲ့ နာမ်ရုပ်ကတော့ဖြင့် အနှစ်ရှစ်ဆယ် နေရဲ့လား။(မနေပါဘူးဘုရား)ရှစ်လ။(မနေပါဘူးဘုရား) ရှစ်ရက်လဲ မနေဘူး။ ရှစ်နာရီလဲ မနေဘူး။ ရှစ်မိနစ်ကော။(မနေပါဘူးဘုရား)ရှစ်စက္ကန့်။(မနေပါဘူးဘုရား)ဘယ်လောက်ကြာကြာနေသလဲ။ (ဘယ်လောက်မှ မကြာပါဘူးဘုရား)

**ဖြစ်ပေါ်ပြီးနောက်၊ ချက်ချင်းပျောက်၊ ယွင်းဖောက် အနိစ္စ။**

ဒါဖြင့် နာမ်ရုပ်သည် နိစ္စလား၊ အနိစ္စလားကွဲ့။ (အနိစ္စပါဘုရား) အနိစ္စလက္ခဏာထင်ပြီနော်။ (မှန်ပါဘုရား)

ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပျောက်ထာက လက္ခဏာကွဲ့။ နာမ်ရုပ်က အနိစ္စ။(မှန်ပါ) အနိစ္စ၊ အနိစ္စလက္ခဏာ၊ အဲဒါ ရှုနေတဲ့ ပုဂ္ဂိုလ်သည် အနိစ္စာနုပဿီ။ ဒါကြောင့်—

"အနိစ္စာနုပဿီ အာလောကေဿာမီတိ သိက္ခတိ"

အနိစ္စကို ရှုလေ့ရှိသည်ဖြစ်၍ ကြည့်အံ့ဟု နှလုံးသွင်းပြီးတော့—သိက္ခတိ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကို ကျင့်၏။

## အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံ

ရှုကွက် တွေ့ပြီမဟုတ်လား။(မှန်ပါဘုရား) နောက်တခု—

"ဥဒယဗ္ဗယပ္ပဋိပီဠနဋ္ဌေန ဒုက္ခံ"

ထိုမြင်ဆဲခဏ ဖြစ်ပေါ်ကြတဲ့ နာမ်ရုပ်တို့သည်။ဥဒယဗ္ဗယပ္ပဋိပီဠနဋ္ဌေန၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်အပ်သော သဘောရှိသောကြောင့်။ ဒုက္ခံ၊ ပျက်စီးတဲ့ဘေးဖြစ်၍ "ဘယဋ္ဌဒုက္ခ" မည်ပါပေ၏။

ဒုက္ခလား၊ သုခလား။ (ဒုက္ခပါ ဘုရား) ဘာဖြစ်လို့ ဒီနာမ်ရုပ် ဒုက္ခတုန်း။ (ပျက်စီးလို့ပါ ဘုရား) ပျက်စီးတဲ့ ဘေးသင့်သည်ဖြစ်သောကြောင့် ဒုက္ခ။ (မှန်ပါ ဘုရား) ဥပ္ပါဒသဘောနဲ့ ဝယသဘောသည် ဒုက္ခလက္ခဏာကွဲ့။ (မှန်ပါ ဘုရား) နာမ်ရုပ်က ဒုက္ခ။ (မှန်ပါ ဘုရား)

အဝသဝတ္တနဋ္ဌေန အနတ္တာ။ တေ ဟိ၊ ထို မြင်ဆဲခဏ ဖြစ်ပေါ်ကြတဲ့ နာမ်ရုပ်တို့သည်။ ဝါ၊ ကြားဆဲခဏ နံဆဲ လျက်ဆဲ တွေ့ဆဲ ရောက်ဆဲ သိဆဲ ခဏ၌ ဖြစ်ကြကုန်သော နာမ်ရုပ် အားလုံးတို့သည်။ ဝါ၊ ဒိဋ္ဌ သုတ မုတ

ဝိညာတ ဖြစ်ကြကုန်သော နာမ်ရုပ် အားလုံးတို့သည်။ အဝသဝတ္တနဋ္ဌေန၊ အလိုအကြိုက် မပါကြသည်ဖြစ်ပါသောကြောင့်။ အနတ္တာ၊ လိုမပါခဲ့ သူ့အလို သက်သက် "အနတ္တ" တရားတို့ပါဘကား—လို့ ဒီလို လက္ခဏာတင်လိုက်တယ်။

အနိစ္စဆိုတဲ့ ခန္ဓာပေါ်မှာ "ဟုတွာ အဘာဝဋ္ဌ" ဟု ဆိုအပ်သော ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပျောက်ဆိုတဲ့ လက္ခဏာကိုရင်း၊

ဒုက္ခဆိုတဲ့ ခန္ဓာပေါ်မှာ "ဥဒယဗ္ဗယပီဠန" လို့ဆိုတဲ့ လက္ခဏာကိုရင်း၊

အနတ္တဆိုတဲ့ ခန္ဓာပေါ်မှာ "အဝသဝတ္တန" လို့ဆိုတဲ့ လက္ခဏာကိုရင်း တင်၍ ရှုပွားသုံးသပ်လျှင် မဂ်ကိုဝင်၍ နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ပါတယ်။

ဒီနေရာမှာ ဆောင်ပုဒ်ကလေး ဆိုရမယ်။ ကဲဆို—

**ဆောင်။ ။ခတ်သား ပေါ်တွင်၊ လက္ခဏာတင်၊ အစဉ်ရှုပွားပါ။**
**လက္ခဏာတင်၊ ရှုပွားလျှင်၊ ပြေးဝင်မဂ္ဂ၊ နိဗ္ဗာန။**

အနိစ္စဖြစ်တဲ့ နာမ်ရုပ်၊ ဒုက္ခဖြစ်တဲ့ နာမ်ရုပ်၊ ဝိညာဏ်ရော အာရုံရော နော်။ (မှန်ပါဘုရား)အကုန်လုံး အနိစ္စ ဒုက္ခ အနတ္တတွေဖြစ်နေတဲ့ ဝိညာဏ်ရော အာရုံရော ဒီတရား ဆယ့်နှစ်ပါး၏ အပေါ်မှာ၊ဒိဋ္ဌ သုတ မုတ ဝိညာတ တရားတွေရဲ့ အပေါ်မှာ ဒီလို အသိဉာဏ် ရောက်နေတဲ့ ဝိပဿနာပညာဉာဏ်နဲ့ ယှဉ်တွဲ၍ နေသော ပညာရှိသူတော်ကောင်း အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့မှာ တပ်နှစ်သက်ဖို့ အခွင့်ရှိသေးရဲ့လားကွဲ။ (မရှိပါဘူး ဘုရား)

"ကုတော တတ္ထ ပဏ္ဍိတဿ ရဇ္ဇနာဒီနံ ဩကာသော"

တတ္ထ၊ ထိုစကားရပ်တို့၌။ ပဏ္ဍိတဿ၊ အနိစ္စလက္ခဏာဉာဏ် ဒုက္ခလက္ခဏာဉာဏ် အနတ္တလက္ခဏာဉာဏ်ကို ပိုင်ပိုင်ကြီး ဆင်ခြင်၍နေသော ယောဂါဝစရ ပုဂ္ဂိုလ်အား။ ရဇ္ဇနာဒီနံ၊ တပ်နှစ်သက်ခြင်း အစရှိသည်တို့၏။ ဩကာသော၊ အခွင့်သည်။ ကုတော အတ္ထိ၊ အဘယ်မှာလျှင် ရှိနိုင်ပါတော့အံ့နည်း။ နတ္ထိ ယေဝ၊ မြင်ဆဲခဏ ကြားဆဲခဏ နံ့ဆဲ လျက်ဆဲ တွေ့ထိဆဲ ခဏ သိဆဲခဏ၊ ဝါ၊ ဒိဋ္ဌ သုတ မုတ ဝိညာတဆိုတဲ့ အာရုံ အာရမ္မဏိက တရားတို့၌ ငါ ငါ့ဥစ္စာ ဟု စွဲလမ်းနှစ်သက်ခြင်းတည်းဟူသော ရာဂ ဒေါသ မောဟ တွေ ကင်းကွာ၍ နေတော့သည်သာလျှင်တည်း။

သာဓု—သာဓု—သာဓု—

# မာလုကျပုတ္တ သုတ္တန်

## တတိယပိုင်း

သာသနာသက္ကရာဇ် ၂၅၂၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၀-ပြည့်နှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၆-ရက်၊ မုံရွာမြို့ ဆုတောင်းပြည့် စေတီတော်ကြီးရဲ့ ယင်ပြင်တော်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဟောကြားတော်မူအပ်သော သံယုတ္တ-နိကာယ် သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် သဠာဝဂ်၌ လာသော မာလုကျပုတ္တသုတ္တန် တတိယပိုင်း တရားဒေသနာ။
(တရားပလ္လင်ခံနှင့် ဘုရားရှိခိုးပါဌ်အနက် ရှေးနည်းအတိုင်း)

## ပဟာနပရိညာ ဖြစ်ပုံ

"ယတော ခေါ တေ မာလုကျပုတ္တ ဒိဋ္ဌသုတ မုတ ဝိညာတဗ္ဗေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊သုတေ သုတမတ္တံ ဘဝိဿတိ၊မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ တတော တွံ မာလုကျပုတ္တ န တေန"။

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။(ယတော ကို ယဒါလို့လဲ ဖွင့်တယ်-ယသ္မာ လို့လဲ ဖွင့်တယ်ဆိုတော့ ယဒါနဲ့ သွားကြစို့။) ယတော၊ အကြင်အခါကာလ သမယ၌။ တေ၊ သင်ချစ်သားသည်။ ဒိဋ္ဌ သုတ မုတ ဝိညာတဗ္ဗေသု၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ်ကုန်သော။ ဓမ္မေသု၊ တရားတို့တွင်။ဓမ္မေ-သု၊ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဆိုတဲ့ တရားတို့တွင်။ ဒိဋ္ဌေ၊အဆင်းမျိုးစုံရူပါရုံကိုမြင်ရာ၌။ဝါ၊မြင်သည်ရှိသော်။ဒိဋ္ဌမတ္တံ၊ မြင်အပ်ကာမျှသည်။ဘဝိဿတိ၊ "ဒိဋ္ဌမတ္တ"ဖြစ်အောင် ကျင့်နိုင်သည်ဖြစ်အံ့။

သုတေ၊ အသံမျိုးစုံ သဒ္ဒါရုံကို ကြားရာ၌၊သုတမတ္တံ၊ ကြားအပ်ကာမျှသည်။ ဘဝိဿတိ၊ "သုတမတ္တ"ဖြစ်အောင် ကျင့်နိုင်သည်ဖြစ်အံ့။

မုတေ၊ ဃာနဝိညာဏ်ဖြင့် အနံ့မျိုးစုံ ဂန္ဓာရုံ ဇိဝှာဝိညာဏ်ဖြင့် အရသာမျိုးစုံ ရသာရုံ ကာယဝိညာဏ်ဖြင့် အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ကို တွေ့အပ် ရောက်အပ်

ရာဍ္ဍိ။ မုတ မတ္တံ၊ တွေ့အပ် ရောက်အပ်ကာမျှသည်။ ဘဝိဿတိ၊ မုတမတ္တ ဖြစ်အောင် ကျင့်နိုင်သည်ဖြစ်အံ့။(နောက်က ဟောခဲ့တဲ့ ဒိဋ္ဌ သုတ မုတ ဝိညာ- တမတ္တ ဖြစ်ပုံတွေကို မနေ့ညက ဟောခဲ့ပြီးပြီနော်။(မှန်ပါဘုရား)

ဝိညာတေ၊ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ကို သိအပ်သည်ရှိသော်။ ဝိညာတမတ္တံ၊ သိအပ်ကာမျှသည်။ဘဝိဿတိ၊ဖြစ်အံ့။ ဝါ၊ဖြစ်ရလေအောင်။သိက္ခိတဗ္ဗံ၊သင်ချစ်သား ကျင့်ပါ။

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တံ၊ သင်သည်။ တတော၊ ထို ဒိဋ္ဌ မတ္တ သုတမတ္တ မုတမတ္တ ဝိညာတမတ္တ ဖြစ်အောင် ကျင့်နိုင်သော အခါ၌။ တေန ရာဂါဒိနာ၊ ထို ရာဂ ဒေါသ မောဟတို့ဖြင့် တပ်မက်ခြင်း စိတ်ဆိုးခြင်း၊ ပြစ်မှားခြင်း တွေဝေခြင်းသည်။န ဘဝိဿတိ၊ မဖြစ်တော့ လတ္တံ့။

အဲဒါက သံယုတ်အဋ္ဌကထာအဖွင့်ကွဲ့။ ဥဒါန အဋ္ဌကထာ အလိုကတော့ တေန၊ ထို အဆင်းရုပ်စသည်နှင့် ဆက်စပ်သော တပ်မက်ခြင်း ပြစ်မှားခြင်း တွေဝေခြင်းနှင့်တကွ။န ဘဝိဿတိ၊မဖြစ်လတ္တံ့ —တဲ့ကွဲ့။ပါဠိတော်မှာ ဘဝိဿတိ လို့ ရှိတယ်။ ဘဝိဿသိ လို့ရှိမှ တံ—သင်သည်ဆိုတဲ့ စာသွားနှင့် သင့်လျော်မည်လို့ ယူဆရတယ်ကွဲ့။ (မှန်ပါဘုရား)

ပဟာန ပရိညာပိုင်းကို ပြတယ်။ (မှန်ပါဘုရား) ချစ်သား မာလုကျပုတ္တ၊ သင်သည် အခု ငါဘုရား ညွှန်ပြပေးခဲ့တဲ့ နည်းအတိုင်း စက္ခုဝိညာဏ်ဖြင့် အဆင်းမျိုးစုံ ရူပါရုံ၌ "ဒိဋ္ဌမတ္တ" ဖြစ်အောင်၊ သောတဝိညာဏ်ဖြင့် အသံမျိုးစုံ သဒ္ဒါရုံ၌ "သုတမတ္တ"ဖြစ်အောင်၊ ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော အနံ့ မျိုးစုံ ဂန္ဓာရုံ၊ ဇိဝှာဝိညာဏ်ဖြင့် သိအပ်ကုန်သော အရသာမျိုးစုံ ရသာရုံ၊ ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့၌ "မုတမတ္တ" ဖြစ်အောင် ကျင့်နိုင်သည်ဖြစ်အံ့။မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ရုပ်နာမ် မျိုးစုံ ဓမ္မာရုံတို့၌ "ဝိညာတမတ္တ" ဖြစ်အောင်။ ဝါ၊ ကျင့်နိုင်သည် ဖြစ်အံ့။

ချစ်သား မာလုကျပုတ္တ၊ အဲဒီ ဒိဋ္ဌ သုတ မုတ ဝိညာတ လို့ဆိုတဲ့ ဒီလေး မျိုး စုထားတဲ့ ဝိပဿနာရဲ့ အာရုံလေးမျိုးမှာ သင်ချစ်သားသည် မြင်ဆဲမှာ "ဒိဋ္ဌမတ္တ"ဖြစ်အောင် ကျင့်နိုင်မယ်ဆိုယင်၊ကြားဆဲမှာ "သုတမတ္တ"ဖြစ်အောင် ကျင့်နိုင်မယ်ဆိုယင်၊ နံဆဲ လျက်ဆဲ တွေ့ထိဆဲတို့မှာ "မုတမတ္တ"ဖြစ်အောင် ကျင့် နိုင်မယ်ဆိုယင်၊ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ကို သိရာ၌ သိအပ်ကာမျှ "ဝိညာတမတ္တ" ဖြစ်အောင် ကျင့်နိုင်မယ်ဆိုယင်– ဘယ်လို ကျင့်ရမယ်ဆိုတာ ပြီးခဲ့တဲ့ ညက တီရဏပရိညာပိုင်း ထိအောင် ဟောခဲ့ပြီးပြီနော်။ (မှန်ပါဘုရား) အဲဒီလို ဖြစ်အောင် ကျင့်နိုင်မယ်ဆိုယင်—

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။တတော၊ ထိုသို့ ဒိဋ္ဌ သုတ မုတ ဝိညာတမတ္တဖြစ်အောင် ကျင့်နိုင်သောအခါ၌။ တွံ၊ သင်ချစ်သားသည်။တေန ရာဂါဒိနာ၊ထို ရာဂ ဒေါသ မောဟတို့ဖြင့် တပ်မက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်း တွေဝေခြင်းသည်။န ဘဝိဿတိ၊ သင်ချစ်သား သန္တာန်မှာ မဖြစ်တော့လတ္တံ့။

အဲဒီလို ကျင့်နိုင်မယ်ဆိုယင် သင့်မှာ ရာဂလဲ ကင်းသွားရော၊ ဒေါသလဲ ကင်း၊ မောဟလဲ ကင်းသွားရောတဲ့။ ဒီ ရာဂကင်း၊ ဒေါသကင်း၊မောဟကင်း ဆိုယင် ဝီတ ရာဂပုဂ္ဂိုလ်၊ ဝီတ ဒေါသ ပုဂ္ဂိုလ်၊ ဝီတ မောဟပုဂ္ဂိုလ် ဖြစ်သွားရော။ အဲဒါ ရဟန္တာထိအောင် ဖြစ်သွားရောတဲ့– မြတ်စွာဘုရားက။ (မှန်ပါဘုရား) ဒါပဟာန ပရိညာပိုင်း။ ရာဂကို ပယ်တဲ့ အပိုင်း၊ ဒေါသကို ပယ်တဲ့ အပိုင်း၊ မောဟကို ပယ်တဲ့အပိုင်း၊ ဒါ တလုံးနော်။(မှန်ပါဘုရား)

"ယတော တွံ မာလုကျပုတ္တ န တေန၊ တတော တွံ မာလုကျပုတ္တ န တတ္ထ။"

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ယတော၊ အကြင်အခါ၌။တွံ၊သင်ချစ်သားသည်။တေန ရာဂါဒိနာ၊ထို ရာဂ ဒေါသ မောဟ စသည်တို့ဖြင့် တပ်မက်ခြင်း ပြစ်မှားခြင်း တွေဝေခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့။ မဖြစ်အံ့။ မာလုကျပုတ္တ၊ချစ်သား မာလုကျပုတ္တ။ တတော၊ ထိုသို့ မြင်ဆဲခဏမှာ ရာဂ ဒေါသ မောဟတွေ ကွာသောအခါ၌။ တွံ၊ သင်ချစ်သားသည်။ တတ္ထ၊ ထို ဒိဋ္ဌ သုတ မုတ ဝိညာတဗ္ဗလို့ ခေါ်တဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံတို့၌။(ရာဂါဒိနာ၊ ရာဂ ဒေါသ မောဟ စသည်တို့နှင့် တကွ။ ပဋိဗဒ္ဓေါ၊ စပ်ယှဉ်သော။ ပတိဋ္ဌိတောနာမ၊ တည်ခြင်း မည်သည်။) န ဘဝိဿတိ၊ မဖြစ်တော့ လတ္တံ့။

အာရုံပေါ်မှာလဲ ရာဂ ဒေါသ မောဟတွေ ကင်းသွားလိမ့်မယ်တဲ့။အာရုံပေါ်မှာကော၊အာရမ္မဏိကပေါ်မှာကော၊တနည်းပြောယင် စက္ခုဝိညာဏ်စိတ် သောတဝိညာဏ်စိတ် ဃာနဝိညာဏ်စိတ် ဇိဝှာဝိညာဏ်စိတ် ကာယဝိညာဏ်စိတ် ပေါ်မှာ ရာဂ ဒေါသ မောဟတွေ ကွာသွား လိမ့်မယ်။ အဲဒီလို ကွာတဲ့ အတွက်—

တတ္ထ၊ ထို မြင်အပ်သော ရူပါရုံ ကြားအပ်သော သဒ္ဒါရုံ နံအပ်သော ဂန္ဓာရုံ လျက်အပ်သော ရသာရုံ တွေ့ထိအပ်သော ဖောဋ္ဌဗ္ဗာရုံ သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့၌။ တေန ရာဂါဒိနာ၊ ရာဂ ဒေါသ မောဟတို့နှင့် တကွ။ ပဋိဗဒ္ဓေါ၊ စပ်ယှဉ်ခြင်းသည်။ပတိဋ္ဌိတောနာမ၊ တည်ခြင်း မည်သည်။ န ဘဝိဿတိ၊ မဖြစ်တော့ လတ္တံ့။

အာရုံပေါ်မှာ ရာဂ ဒေါသ မောဟကွာပုံကို ဒီစာပိုဒ်က ပြတယ်။ ပဌမ စာပိုဒ်က အာရမ္မဏိကပေါ်မှာ ရာဂ ဒေါသ မောဟ ကွာပုံကို ပြတယ်။ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ သုတေ သုတမတ္တံ မုတေ မုတမတ္တံ ဝိညာတေ ဝိညာတမတ္တံ" ဖြစ်အောင် မနေ့ညက ဟောခဲ့တဲ့၊ အထက်ကဟောခဲ့တဲ့ အတိုင်း ကျင့်နိုင်မယ်ဆိုယင် သင်ချစ်သားသည် အာရမ္မဏိက တရားလို့ ခေါ်တဲ့ စက္ခု အစရှိတဲ့ ဝိညာဏ်ခြောက်ပါးတို့ပေါ်မှာလဲဘဲ ရာဂ ဒေါသ မောဟဆိုတဲ့ တပ်မက်ခြင်း၊ ပြစ်မှားခြင်း၊ တွေဝေခြင်း မဖြစ်တော့ ဘူးတဲ့။ (မှန်ပါ ဘုရား) အဲဒီလို အာရမ္မဏိက တရားဖြစ်တဲ့ ဝိညာဏ်စိတ်တွေပေါ်မှာ ရာဂ ဒေါသ မောဟ တွေ ကင်းကွာသွားမယ်ဆိုယင် အဲဒီ ကင်းကွာတဲ့ အချိန်မှာ—

> တတ္ထ၊ ထိုဒိဋ္ဌ သုတ မုတ ဝိညာတဗ္ဗလို့ခေါ်တဲ့ အာရုံတရားတို့၌။ ရာဂါဒိနာ၊ ရာဂ ဒေါသ မောဟနှင့်တကွ။ ပဋိဗဒ္ဓေါ၊ စပ်ယှဉ်လျက်။ အလ္လီနော၊ ကပ်ငြိတွယ်တာ၍ နေခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်တော့ လတ္တံ့။

အာရုံပေါ်မှာလဲ ရာဂ ဒေါသ မောဟ ကွာသွားတယ်။ ပဟာန ပရိညာပိုင်း။

> "ယတော တွံ မာလုကျပုတ္တ န တတ္ထ၊ တတော တွံ မာလုကျပုတ္တ နေဝိဓ န် ဟုရံ၊ န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿ"

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ ယတော၊ အကြင်အခါ၌။ တွံ၊ သင် ချစ်သားသည်။ တတ္ထ၊ ထို မြင်အပ်ကြားအပ် ရောက်အပ် သိအပ်ကုန်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ တရားတို့၌။ ရာဂါဒိနာ၊ ရာဂ ဒေါသ မောဟတို့နှင့်တကွ။ ပဋိဗဒ္ဓေါ၊ စပ်ယှဉ်လျက်။ ပတိဋ္ဌိတော နာမ၊ တည်ခြင်းမည်သည်။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့။

အာရုံ အာရမ္မဏိကပေါ်မှာ ရာဂ ဒေါသ မောဟတွေနဲ့ စပ်ယှဉ် တွယ်တာကပ်ငြိပြီးတော့ မဖြစ်ဘူးဆိုယင် မြတ်စွာဘုရားက—

> မာလုကျပုတ္တ၊ ချစ်သားမာလုကျပုတ္တ။ တတော၊ ထိုအခါ၌။ တွံ၊ အာရုံအာရမ္မဏိကပေါ်မှာ ရာဂ ဒေါသ မောဟတွေ ကွာကင်း၍ သွားသော သင်ချစ်သားသည်။ ဣဓ၊ ဤဘဝ၌။ န ဘဝိဿတိ၊ မဖြစ် တော့ လတ္တံ့။

အဲဒီလိုဆိုယင် သင်ချစ်သား ဒီဘဝမှာလဲ မဖြစ်ရတော့ဘူးတဲ့။ (မှန်ပါ ဘုရား)

ဟုရံ၊ ဟို တမလွန်ဘဝမှာလဲ။ န ဘဝိဿတိ၊ မဖြစ်တော့ လတ္တံ့။
ဒီဘဝမှာလဲ မဖြစ်ဘူး။ ဟို ဘဝမှာလဲ မဖြစ်ဘူး။

ဥဘယမန္တရေန၊ ဤဘဝ ထိုဘဝလို့ ခေါ်တဲ့ ဘဝနှစ်ပါးတို့၌လည်း။
ဘဝိဿတိ၊ သင်ချစ်သား မဖြစ်ရတော့ လတ္တံ့။

ဒီဘဝမှာလဲ မဖြစ်၊ ဟိုဘဝမှာလဲ မဖြစ်၊ ဒီဘဝ ဟိုဘဝ နှစ်ခုစလုံးမှာလဲ မဖြစ်တော့ဘူးတဲ့။ ဘယ်ရောက်သွားလဲ။ အဲဒီ မဖြစ်သောအားဖြင့် ချုပ်ခြင်းလို့ခေါ်တဲ့ အနုပ္ပာဒနိရောဓ နိဗ္ဗာန်။ (မှန်ပါဘုရား) သဘောပေါက်ပလား။ (ပေါက်ပါတယ်ဘုရား) ဖြစ်ပြီးမှ ချုပ်တာက နိဗ္ဗာန် မဟုတ်ဘူးကွဲ့။ (မှန်ပါ) မဖြစ်ဘဲနဲ့ ချုပ်နေတာကမှ အနုပ္ပာဒ နိရောဓ။

ဧသေဝ၊ ဤဘဝမှာ မဖြစ်ခြင်း၊ ဟိုဘဝမှာ မဖြစ်ခြင်း။ ဤဘဝ ထိုဘဝ နှစ်ပါးစုံမှာ မဖြစ်ခြင်းသည်ပင်လျှင်။ ဒုက္ခဿ၊ သံသရာဝဋ်ဆင်းရဲဟု ဆိုအပ်သော ဒုက္ခ၏။ ဝါ၊ ဝဋ်ဆင်းရဲ၏။ အန္တော၊ အဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာ တရားတော်ကြီးပါပေတည်း။

## သာဓု—သာဓု—သာဓု—

မြတ်စွာဘုရားဟောတဲ့ ပါဠိတော် ဒီမှာ ဆုံးတယ်နော်။ (မှန်ပါဘုရား) ဒီမှာဆုံးတော့ မာလုကျပုတ္တ မထေရ်ကြီးက ဘယ်လိုနားလည်သလဲ၊ ဒီတရားကို။ အဲဒီတရားဆုံးတော့မှ မာလုကျပုတ္တ မထေရ်အရှင်မြတ်ကြီးက သူနားလည်သလို ပြန်လည်ပြီးတော့ လျှောက်ထားပုံတွေကို ပါဠိတော်မှာ ဆက်ပြီးတော့ ဘုရားဟောတယ်။ မာလုကျပုတ္တမထေရ်ကြီးက ဘုရားတပည့်တော် ဒီလိုနားလည်ပါတယ်ဘုရား။ အခု အရှင်ဘုရား အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူတဲ့တရားဒေသနာတော်ကို ဘုရားတပည့်တော်သည် အကျယ်အားဖြင့် ဒီလိုနားလယ်ပါတယ်ဘုရား—လို့ ဆိုတော့ မြတ်စွာဘုရားက သာဓု—သာဓု—မာလုကျပုတ္တ၊ ဟုတ်တယ်—မာလုကျပုတ္တ၊ သင် နားလည်သလိုဘဲ ငါဘုရား ဟောတော်မူမယ်ဆိုပြီးတော့ မာလုကျပုတ္တနားလည်သလိုဘဲ မြတ်စွာဘုရားက တထပ် ထပ်ပြီးတော့ ဟောတယ်။ (မှန်ပါဘုရား) အဲဒီအပိုင်းတွေကို ဆက်ဟောစရာ ကျန်သေးတယ်။(မှန်ပါဘုရား) ဒီတော့ ဒီဒေသနာတော်မှာ—

## မဂ် ဖိုလ် နိဗ္ဗာန်

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ။ သုတေ သုတမတ္တံ ဘဝိဿတိ။ မုတေ မုတမတ္တံ ဘဝိဿတိ။ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ"—

လို့ဆိုတဲ့ စာပိုဒ်တွေက ဝိပဿနာလုပ်ငန်းကို ပြသည်။ (မှန်ပါဘုရား)

ပဟာနပရိညာပိုင်းကျတော့ "တတော တွံ မာလုကျပုတ္တ န တေန" စသော စာပိုဒ်တွေက မဂ်ဉာဏ်ကို ပြသည်။ (မှန်ပါဘုရား)

"တတော တွံ မာလုကျပုတ္တ န တတ္ထ"လို့ ဆိုတဲ့ စာပိုဒ်တွေက ဖိုလ်ဉာဏ်ကို ပြသည်။

"နေဝိဓ န ဟုရံ န ဥဘယမန္တရေန ဧသေဝန္တော ဒုက္ခဿ"လို့ ဆိုတဲ့ စာပိုဒ်တွေက နိဗ္ဗာန် ပရမတ်ကို ပြသည်။

ဒီတော့ ဒီစာပိုဒ်ထဲမှာ ဝိပဿနာရော၊ မဂ်ရော၊ ဖိုလ်ရော၊ နိဗ္ဗာန်ရော တခါထဲ ပါသွားတယ်။ (မှန်ပါဘုရား) ဒါဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့က ဘာဖြစ်အောင် လုပ်ရမလဲလို့ဆိုတော့ မဂ် ဖိုလ်ဖြစ်အောင် လုပ်ရမယ်။ (မှန်ပါဘုရား)မဂ်ဉာဏ် ဖိုလ်ဉာဏ်မဖြစ်ဘဲနဲ့ နိဗ္ဗာန်ကို ဘယ်နည်းနဲ့မှ မျက်မှောက်မပြုနိုင်ဘူး။(မပြုနိုင်ပါဘုရား) ဒါဖြင့် အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်အောင် ဘာလုပ်ရမလဲလို့ဆိုတော့ ဝိပဿနာ ရှုပွားရမည်။ ဘာလုပ်ရမတဲ့လဲကွဲ။(ဝိပဿနာရှုပွားရမှာပါဘုရား) ဝိပဿနာရှုပွားတော့ ဘယ်လိုရှုမလဲ။"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"ဖြစ်အောင် ရှုပါ။ "သုတေ သုတမတ္တံ" ဖြစ်အောင် ရှုပါ။ "မုတေ မုတမတ္တံ" ဖြစ်အောင် ရှုပါ။"ဝိညာတေ ဝိညာတမတ္တံ" ဖြစ်အောင် ရှုပါ။ ဘုရား ကိုယ်တော်မြတ် တရားဒေသနာတော်၊ ရှင်းပြီ မဟုတ်လား။(ရှင်းပါတယ်ဘုရား)

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" ဖြစ်အောင် ရှုယင်၊ "သုတေ သုတမတ္တံ" ဖြစ်အောင် ရှုယင်၊ "မုတေ မုတမတ္တံ"ဖြစ်အောင် ရှုယင်၊ "ဝိညာတေ ဝိညာတမတ္တံ"ဖြစ်အောင် ရှုလိုက်ယင် ဘာပေါ်လာမတုန်း။ (မဂ်ဉာဏ်ပေါ်လာမှာပါဘုရား) မဂ်ဉာဏ်ပေါ်ပြီးတော့ ဘာဉာဏ်ပေါ်မတုန်း။ (ဖိုလ်ဉာဏ်ပါဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်ပြီးတော့ ဘာအာရုံ ပြုရမတုန်း။(နိဗ္ဗာန်အာရုံပြုရမှာပါဘုရား) တရားစုံသွားပြီ မဟုတ်လား။ (မှန်ပါဘုရား) အဲဒီလိုဖြစ်အောင် သင်ချစ်သားသည်–"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" ချစ်သား မာလုကျပုတ္တ။ ဒိဋ္ဌေ၊ အဆင်းမျိုးစုံ ရူပါရုံကိုမြင်အပ်ရာ၌။ မြင်သည်ရှိသော်။ ဝါ၊ မြင်ဆဲခဏ၌။ ဒိဋ္ဌမတ္တံ၊ မြင်အပ်ကာမျှသည်။ ဝါ၊ မြင်ရုံသာ။ ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ ဖြစ်ရလေအောင်။သိက္ခိတဗ္ဗံ၊ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာဟု ဆိုအပ်သော သိက္ခာ သုံးပါး အကျင့်တရားကို ကျင့်အပ်ပါပေ၏။

## မာလုကျပုတ္တတရားတော် စိစစ်ဖော်ပြချက်

သိက္ခာသုံးပါး ကျင့်ပုံလဲ နောက်က ပြောခဲ့ပြီးပြီ။ (မှန်ပါဘုရား) ဒါ မာလုကျပုတ္တသုတ္တန် ဒီနေရာမှာ တပိုဒ် ဆုံးသွားတယ် နော်။ (မှန်ပါဘုရား) ဆုံးသွားရော၊ ဆုံးသွားတော့ ဒီတရားကိုပြန်ပြီးတော့ စစ်တမ်းထုတ်ကြည့်ယင် "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"မှာ ဘာပါလာသလဲလို့ ဆိုတော့ နာမ်ရုပ်။ (မှန်ပါဘုရား)

"သုတေ သုတမတ္တံ"မှာကော ဘာပါလာသတုန်း။(နာမ်ရုပ်ပါဘုရား)"မုတေ မုတမတ္တံ" မှာကော။ (နာမ်ရုပ်ပါဘုရား) "ဝိညာတေ ဝိညာတမတ္တံ" လို့ခေါ်တဲ့ အပိုင်းမှာကော ဘာပါလာတုန်း။(နာမ်ရုပ်ပါဘုရား) နာမ်ရုပ်ပဲပါတယ်။ (မှန်ပါဘုရား)ဝိပဿနာတရားသက်သက် နာမ်ရုပ်ပါတယ်။ (မှန်ပါဘုရား)မြင်ဆဲခဏမှာ၊ ကြားဆဲခဏမှာ၊ နံဆဲခဏမှာ၊ လျက်ဆဲခဏမှာ၊ တွေ့ထိဆဲ ခဏမှာ၊ မြင်ဆဲကို ဒိဋ္ဌမတ္တ။ ကြားဆဲကို။ (သုတမတ္တပါဘုရား) နမ်းရှူဆဲရယ် လျက်ဆဲရယ် ထိဆဲရယ် မုတမတ္တ။ (မှန်ပါဘုရား) ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို သိဆဲကို ဝိညာတမတ္တ။ (မှန်ပါဘုရား)

အဲဒီ ဒိဋ္ဌ သုတ မုတ ဝိညာတမတ္တတွေမှာ ဘာတွေသာပါလာသလဲလို့ ဆိုတော့ နာမ်ရုပ် နာမ်ရုပ်။ (မှန်ပါဘုရား) ဒိဋ္ဌမှာလဲ နာမ်ရုပ်။ ရူပါရုံကလဲ ပဿိတဗ္ဗဓမ္မဖြစ်လို့ ရုပ်တရား။ စက္ခုဒွါရိကမှာ ဖြစ်တဲ့ ဇောစိတ်တွေနဲ့ တကွ စေတသိက်တွေကလဲ မြင်တတ်သော သဘောရှိသောကြောင့် နာမ်။(မှန်ပါ) ဒီတော့ ဒိဋ္ဌဆိုတဲ့ တရားမှာ နာမ်ရုပ်။

## သတိပညာ တွဲလျက်ပါမှ

မြင်လိုက်တဲ့အခါ ယောကျ်ား·မိန်း·မလှ· မလှ၊ လက်သဏ္ဌာန် ခြေသဏ္ဌာန် ခေါင်းသဏ္ဌာန် နှာခေါင်းသဏ္ဌာန် စတဲ့အသေးစိတ် အမှတ်အသားတွေ ဘက်ကို မရောက်အောင် သတိနဲ့တားပါ။ (မှန်ပါဘုရား)

"သတိ တေသံ နိဝါရဏံ" (ပါရာယနဝဂ် ပါဠိတော်မှာ)

သတိ၊ ဝိပဿနာနှင့် ယှဉ်သော သတိသည်။ တေသံ၊ ထိုရာဂ ဒေါသ မောဟတွေ ဖြစ်ချင်ရာဖြစ်တဲ့ အာရုံတွေကို။ နိဝါရဏံ၊ မဝင်အောင် တားဆီး၍ ထားတတ်တဲ့ တရားပါပေတည်း။

သတိနဲ့ တားထားရမယ်။(မှန်ပါဘုရား) ဒါကြောင့် သတိ ပါရမလား၊ မပါရဘူးလားကွဲ့။ (ပါရမှာပါဘုရား)သတိပါတယ်ဆိုယင် "သမ္မာဒိဋ္ဌိ"က တွဲလျက်ကွဲ့။(မှန်ပါ) "သမ္မာဒိဋ္ဌိ" ဆိုတာဘာလဲ ပညာ။ သတိနဲ့ ပညာ။သတိက သမာဓိမျိုးကွဲ့။ ပညာက ပညာမျိုးကွဲ့။(မှန်လှပါဘုရား) သတိက ဘာမျိုးလဲ။ (သမာဓိမျိုးပါဘုရား) ပညာက။ (ပညာမျိုးပါဘုရား) ဘယ်သူက ဦးစီးထားလဲ—ဉာဏ်။ ဉာဏ် ဦးမစီးယင် ကိလေသာဝင်လိမ့်မယ်။(မှန်ပါဘုရား) ဒီတော့ ကိလေသာ လက်ချက် အဦးမခံနဲ့၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ။(မှန်ပါဘုရား)

ဒီတော့ မြင်ဆဲခဏမှာ ဉာဏ်က ဦးအောင်ဆက်လုပ်ပါ။ ဉာဏ်က နောက်ကျနေယင် ဘယ်သူဝင်လာမလဲ။(ကိလေသာ ဝင်မှာပါဘုရား) အဝိဇ္ဇာ ဦးစီး

လာလိမ့်မယ်။ (မှန်ပါဘုရား)သတိလွတ်သွားပြီ ဆိုတာနဲ့ တပြိုင်နက်ထဲ အဝိဇ္ဇာ ဦးစီးပြီးတော့ လောဘတွေ ဒေါသတွေ မောဟတွေ ဝင်လာ လိမ့်မယ်။ (မှန်လှပါဘုရား) လောဘ ဒေါသ မောဟတွေ ဝင်လာယင် မြင်ဆဲ ဖြစ်တဲ့ အာရုံပေါ်မှာ ကာမောဃဖြစ်လို့ မျောမယ်။ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးခုနဲ့ ယှဉ်ပြီးတော့ ဒိဋ္ဌိစွဲမယ်။ အပါယ်ရောက်အောင် မျောမယ်။(မှန်လှပါဘုရား) ဒီတော့ အဝိဇ္ဇာမလာခင် ဉာဏ်က ဦးဆောင်လုပ်ထား။(မှန်ပါဘုရား) ဘယ်သူ ဦးရမတုန်းကွဲ့။(ဉာဏ်က ဦးရမှာပါဘုရား) ဉာဏ်ဦးအောင် သတိပါပစေ။ (မှန်ပါ)

ဒီတော့ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်က ဒီတရား ဒေသနာတော်ကို အရှင်မာလုကျပုတ္တ မထေရ်မြတ်အား ဟော ကြားတော်မူပြီးတော့— ချစ်သား၊ မြင်ဆဲခဏမှာ၊ ကြားဆဲခဏမှာ၊ တွေ့ဆဲ ရောက်ဆဲခဏမှာ၊ သိဆဲခဏမှာ ဖြစ်ပေါ်လာတာ မှန်သမျှ သင်္ခတဓမ္မ။သင်္ခတ ဓမ္မ အရ ကောက်ယင် စိတ်ရယ် စေတသိက်ရယ် ရုပ်ရယ် ဒီသုံးလုံးဘဲ ရတယ်ကွဲ့။ အဲဒီဓမ္မ ဒေသနာတော်က။(မှန်ပါဘုရား) အသင်္ခတဓမ္မ အရကောက် လိုက်တော့ ဟိုဘက်က နိဗ္ဗာန်ရတယ်။(မှန်ပါဘုရား) "ဧသေဝန္တော ဒုက္ခဿ" လို့ ဆိုတော့ နိဗ္ဗာန်ရတယ်။ ဒီတော့ ဒီတရားအားလုံးကို ပြန်ပြီးတော့ ချုပ် လိုက်ယင် သင်္ခတ၊ အသင်္ခတလို့ နှစ်မျိုးဘဲ ကျန်တော့တယ်။

## သင်္ခတ အသင်္ခတ ခွဲခြားပြ

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" ဆိုတာ သင်္ခတ။ "ယတော တွံ မာလုကျပုတ္တ" စတဲ့ ပဟာနပရိညာပိုင်းမှာ ပါလာတဲ့ မဂ်တို့ ဖိုလ်တို့လို့ ဆိုတာတွေကလဲ သူက သင်္ခတ နယ်ထဲကဘဲ။(မှန်ပါဘုရား) "နေဝိဓ န ဟုရံ န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿ" ကျတော့ အဲဒီ အန္တော ကျတော့ သူက ဘာတုန်း။ (အသင်္ခတပါဘုရား)အသင်္ခတ၊သင်္ခတ–ဒီနှစ်မျိုးကို မြတ်စွာဘုရားက အကျဉ်း ချုပ်ဟောတယ်။ ဘာပြုလို့ အကျဉ်းချုပ် ဟောရသလဲဆိုတော့—"သံခိတ္တေန ဓမ္မံ ဒေသေတု"လို့ တရားကို ကျဉ်းကျဉ်းဟောပါလို့ လျှောက်ထားသည်ဖြစ် သောကြောင့်ပါဘဲ။ မာလုကျပုတ္တ မထေရ်ကြီးက သံခိတ္တ ရုစိပုဂ္ဂိုလ်။

အခု ကြီးမှ သာသနာတော်ဝင်ပြီး ကြိုးစားအားထုတ်ပေမဲ့ သူက ရှင်တော် ဟောကြား အကျဉ်းချုပ်တရားကို အဲဒီ မာလုကျပုတ္တ မထေရ်မြတ်ကြီးက အကျယ်အားဖြင့် ဝေဘန်လို့ နားလည်တယ်။ အဲဒီ နားလည်ပုံတွေကို သူက မြတ်စွာဘုရားကို ပြန် လျှောက်လိမ့်အုံးမယ်နော်။ (မှန်ပါဘုရား)

ဒီတော့ ဒီဒေသနာတော်မှာ အဋ္ဌကထာများ ဖွင့်ထားတာ ဘာကျန်သေး သလဲလို့ စဉ်းစားတယ်–ဒီစာပိုဒ်နဲ့ ပတ်သက်လို့။ အဋ္ဌကထာ အဖွင့်အတိုင်းဟော

တော့ ဝိပဿနာရော မဂ်ရော ဖိုလ်ရော နိဗ္ဗာန်ရော ပါသွားပြီမဟုတ်လား။ (ပါသွားပါပြီဘုရား) ဒီတော့ ဘာကျန်သေးတုန်း။(ဘာမှမကျန်ပါဘူးဘုရား) "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"တုန်းက ရှုပွါးနည်းကို ဟောခဲ့ပြီမဟုတ်လား။ (မှန်ပါဘုရား)

မြင်တော့မယ်လို့ ဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ဟောဒီနေရာ နဲနဲလေး ပြောရအောင်နော်။(မှန်ပါဘုရား) မြင်တယ်ဆိုတာ ကြည့်လို့မြင်တာလား၊ မကြည့်ဘဲနဲ့ မြင်တာလား။ (ကြည့်လို့မြင်တာပါဘုရား) ကြည့်တယ်ဆိုတော့ ကြည့်ချင်လို့ ကြည့်တာလား၊ မကြည့်ချင်ဘဲနဲ့ ကြည့်တာလား။ (ကြည့်ချင်လို့ ကြည့်တာပါဘုရား) အေး—အဲဒီနေရာမှာ ကြည့်ချင်လို့—ကြည့်၊ ကြည့်တော့မြင်၊ ကြည့်ချင်တာရယ် ·ကြည့်တာရယ်· မြင်တာရယ်· စကားဘယ်နှစ်လုံးတုန်းကွဲ။ (သုံးလုံးပါဘုရား) ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဖြင့် တော်တော်လေး သရုပ်ကွဲနေကြပုံပေါ်တယ်။ အဲဒီ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးမှာ ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ၊ ဘယ်နှစ်ခုတုန်းကွဲ။(သုံးခုပါဘုရား) အေး-မာလုကျပုတ္တမထေရ်ကြီးကလဲ သူနားလည်ပုံတွေကို အကျယ်ပြန်ပြီးတော့ လျှောက်ထားတဲ့အခါမှာ ဝဋ္ဋပိုင်း၊ ဝိဝဋ္ဋပိုင်းလို့ နှစ်မျိုးခွဲပြီးတော့ လျှောက်တယ်ကွဲ။ (မှန်ပါဘုရား)

ဝဋ္ဋပိုင်းကို ဘုရားတပည့်တော် ဒီလို နားလည်ပါတယ်ဘုရား။ ဝိဝဋ္ဋပိုင်းကိုတော့ ဘုရားတပည့်တော် ဒီလိုနားလည်ပါတယ်ဘုရားလို့ အကျယ်ပြန်လျှောက်လိမ့်ဦးမယ်ကွဲနော်။ (မှန်ပါဘုရား) ဒီတော့—ဒိဋ္ဌေ၊ မြင်အပ်သောအာရုံ၌။ ဒိဋ္ဌမတ္တံ၊ မြင်အပ်ကာမျှသည်။ ဘဝိဿတိတိ၊ ဖြစ်ရလတ္တံ့- ဟု။ ဝါ၊ ဖြစ်ရလေအောင်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ဒါတွေ ဘုန်းကြီးနောက်က ဟောခဲ့ပြီးပြီနော်။(မှန်ပါဘုရား) မြင်—ဆိုတဲ့ နေရာမှာ—

"ရူပါယတနံ ပဿိတဗ္ဗဋ္ဌေန ဒိဋ္ဌံ၊ စက္ခုဝိညာဏံ ပန သဒ္ဓိံ တံ ဒွါရိက ဝိညာဏေဟိ ဒဿနဋ္ဌေန ဒိဋ္ဌံ"။

ရူပါရုံသည် မြင်အပ်သောတရား။ ဝိညာဏ်သည် မြင်တတ်သောတရား။
မြင်အပ် မြင်တတ်၊ ဤနှစ်ရပ်သည်၊ ဓမ္မရုပ်နာမ်၊ စင်စစ်မှန်၏။
ငါ ငါ့ဉစ္စာ၊ ငါ့လိပ်ပြာဟု၊ ဘာတခုမျှ၊ မရှိကြဘူး။(မှန်ပါဘုရား)

အဲဒီ မြင်အပ် မြင်တတ်ဆိုတဲ့ တရားသည် ဘာသာ မှန်တုန်းကွဲ။ ရုပ်နာမ်မှန်တယ်။(မှန်ပါဘုရား) ငါ ငါ့ဉစ္စာ ငါ့လိပ်ပြာဆိုတာ အဲဒီအထဲ ပါရဲ့လား။ (မပါပါဘူးဘုရား)

ငါ ငါ့ဉစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမှ၊ မပါကြဘူး။

ဘာတခုမှ မပါဘူး၊ ငါလဲ မပါဘူး၊ ငါ့ဥစ္စာလဲ မပါဘူး။ မြင်အပ် မြင်တတ် နှစ်ခုထဲဘဲ ပါတယ်။ တနည်း ပြောမယ်ဆိုယင် မြင်စရာရယ် မြင်တာရယ် ဒါဘဲ။ (မှန်လှပါဘုရား) မြင်စရာက ဘာတုန်း။ (ရုပ်တရားပါဘုရား) မြင်တာ။ (နာမ်တရားပါဘုရား) ပေါင်းလိုက်တော့ နာမ်ရုပ်။ ကြည့်မယ်ဆိုက တည်းကိုက ဝိဝဋ္ဋဘက်ကို သွားချင်ယင် ဓမ္မာနုပဿနာသတိပဋ္ဌာန်နဲ့ နာမ်ရုပ်ဆိုတာ နိစ္စလား၊ အနိစ္စလားကွဲ။ (အနိစ္စပါဘုရား) အနိစ္စဆိုတာ ဘယ်သူ့ခေါ်သလဲ။ (နာမ်ရုပ်ပါဘုရား) နာမ်ရုပ်ကို ဘာလို့ခေါ်သလဲ။ (အနိစ္စလို့ ခေါ်ပါတယ်ဘုရား) "အနိစ္စန္တိ ပဉ္စက္ခန္ဓာ" အဋ္ဌကထာက။ အနိစ္စ ဆိုတာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ခေါ်ပါတယ်တဲ့။ (မှန်ပါဘုရား) ဒါဖြင့် မြင်ဆဲခဏမှာ ဖြစ်လာတာသည် နာမ်ရုပ်ဖြစ်လာတယ်ဆိုတော့ နိစ္စဖြစ်တာလား၊ အနိစ္စဖြစ်တာလား။ (အနိစ္စဖြစ်လာတာပါဘုရား) နာမ်ရုပ်။

ဒီတော့ ဓမ္မာနုပဿနာပွားနည်းနဲ့ ရှုပွားလိုက်မယ်ဆိုယင်—"အနိစ္စာနုပဿီ အဿာသိဿာမီတိ သိက္ခတိ" ယို့ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် အာနာပါနပဗ္ဗ စတုတ္ထ စတုက္ကမှာ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဟောသလို နယဂ္ဂါဟ ယူပြီးတော့—

"အနိစ္စာနုပဿီ အာလောကေဿာမီတိ သိက္ခတိ၊
အနိစ္စာနုပဿီ ဝိလောကေဿာမီတိ သိက္ခတိ"။

ဒီလိုကျင့်ပါတဲ့။ (မှန်ပါဘုရား) အနိစ္စာနုပဿီ၊ အနိစ္စဟု ရှုလေ့ရှိသည် ဖြစ်၍။ ဝါ၊ နာမ် ရုပ်ကို အနိစ္စဟု ထင်အောင်မြင်အောင် ရှုလေ့ရှိသည်ဖြစ်၍။ အာလောကေဿာမိ၊ တည့်တည့်ကြည့်အံ့။ ဝိလောကေဿာမိ၊ စောင်း၍ ကြည့်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

နာမ်ရုပ်ပေါ်ကနေပြီးတော့ "နိမိတ္တ အနုဗျဉ္စန" လို့ခေါ်တဲ့ ပုံသဏ္ဌာန်ဘက်ကို ပြောင်းမသွားအောင် စောင့်ရှောက်နိုင် ထိန်းသိမ်းနိုင်သည် ဖြစ်သောကြောင့်—

"သံဝရဋ္ဌေန အဘိသီလသိက္ခမ္ပိ သိက္ခတိ"

အဓိသီလသိက္ခာ ပါပြီမဟုတ်လားကွဲ။ (ပါပါပြီဘုရား) မြင်ဆဲခဏမှာ နာမ်ရုပ်ကို ရှုမယ်လို့ဆိုပြီးတော့ ကြည့်လိုက်ယင် အဓိသီလသိက္ခာ ပါသွားတယ်။ (မှန်ပါဘုရား)

"အဝိက္ခေပဋ္ဌေန အဓိစိတ္တသိက္ခမ္ပိ သိက္ခတိ"

နာမ်ရုပ်ပေါ်က နေပြီးတော့ ယောကျ်ား မိန်းမ လက် ခြေ ခေါင်း နှာခေါင်း စတဲ့ သဏ္ဌာန် အသေးစိတ် အမှတ်အသားတွေဘက်ကို ပြောင်း

မသွားဘဲနဲ့ နာမ်ရုပ်ပေါ်မှာသာလျှင် အသိဉာဏ်ရောက်နေတာသည် အဓိစိတ္တသိက္ခာ။ အဝိက္ခေပဋ္ဌေန၊ နာမ်ရုပ်ပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါ၊ ယောကျ်ားမိန်းမ လက်သဏ္ဌာန် ခြေသဏ္ဌာန် စသည်တို့သို့ပြောင်းရွှေ့၍မသွားခြင်းဟူသော အနက်သဘောရှိသောကြောင့်။ အဓိစိတ္တသိက္ခမ္ပိ၊ အဓိစိတ္တသိက္ခာ ကိုလည်း။ သိက္ခတိ၊ ကျင့်သည်မည်၏။ သမာဓ်ကို ပြောတာကွဲ့။ (မှန်ပါ ဘုရား)

"ဒဿနဋ္ဌေန အဓိပညာသိက္ခမ္ပိ သိက္ခတိ"

ဒဿနဋ္ဌေန၊ ရုပ်နာမ်ကို အနိစ္စ–ဒုက္ခ–အနတ္တဟု မြင်ခြင်းဆိုတဲ့ အနက်သဘောသဘ္ဘာရှိသောကြောင့်။ အဓိပညာသိက္ခမ္ပိ၊ အဓိပညာသိက္ခာကိုလည်း။ သိက္ခတိ၊ ကျင့်၍ နေသည်မည်၏။ (မှန်လှပါ ဘုရား) ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာကို ပြောတာကွဲ့။ (မှန်ပါ ဘုရား)

ဒီတော့ အဲဒီလို အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပါး ပါသွားအောင် ရှုတော့မယ်လို့ ဆိုကတည်းက၊ ကြည့်ချင်စိတ် ပေါ်လာကတည်းကိုက အနိစ္စလို့မြင်အောင် ရှုမယ်လို့ နှစ်လုံးသွင်းပြီးတော့ ကြည့်ပါ။ (မှန်ပါ ဘုရား)

## သုတ မုတ ဝိညာတ ရှုပွားနည်း

နားထောင်တဲ့ နေရာမှာ—

"အနိစ္စာနုပဿီ သုဏိဿာမီတိ သိက္ခတိ"

'အနိစ္စလို့ နှစ်လုံးသွင်းပြီးတော့ အနိစ္စလို့ ရှုလေ့ရှိသည်ဖြစ်၍ နားထောင်အံ့ဟု နှလုံးသွင်းပြီးတော့ သိက္ခာသုံးပါးကို ကျင့်ပါ နေ၁်။ (မှန်ပါ ဘုရား) ဒါ တောက်ရှောက်သွားရောမဟုတ်လား။ (မှန်ပါ ဘုရား)

> မုတ–ဃာနဝိညာဏ်ဖြင့် ဂန္ဓာရုံကို နမ်းရှုယင်–အနိစ္စာနုပဿီ ဃာယိဿာမီတိ သိက္ခတိ အနိစ္စာနုပဿီ သာယိဿာမီတိ သိက္ခတိ၊ အနိစ္စာနုပဿီ ဝိဇာနိဿာမီတိ သိက္ခတိ။

အနိစ္စဆိုတာ ဘာပါလိမ့်၊ နာမ်ရုပ်။ အနိစ္စလို့ ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကို ရှုလေ့ရှိသည်ဖြစ်၍ ကြည့်အံ့။ အနိစ္စလို့ ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကို ရှုလေ့ရှိသည်ဖြစ်၍ နားထောင်အံ့။ အနိစ္စလို့ ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကိုသာ ရှုလေ့ရှိသည်ဖြစ်၍ နမ်းရှုအံ့။ အနိစ္စလို့ ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကိုသာ ရှုလေ့ရှိသည်ဖြစ်၍ စားအံ့။ အနိစ္စလို့ ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကိုသာ ရှုလေ့ရှိသည်ဖြစ်၍ ထိအံ့။ အနိစ္စလို့ ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကိုသာ ရှုလေ့ရှိသည်ဖြစ်၍ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို သိအံ့။ ဣတိ၊ ဤသို့။ သိက္ခသိ၊ ကျင့်၏။ အနိစ္စဆိုတာ နာမ်ရုပ်။ နာမ်ရုပ်က ဘယ်မှာလဲ ဆိုတော့—

မြင်ဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါသင့်တ။
ကြားဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါသင့်တ။
နံဆဲခဏမှာ၊ စားဆဲခဏမှာ၊ ထိဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါ သင့်တ။
သိဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါသင့်တ။

သခ်တ အရကောက်လိုက်တော့ စိတ် စေတသိက် ရုပ်။ ရုပ်တရားကရုပ်၊ စိတ် စေတသိက်က နာမ်။ နာမ်ရုပ်၊ အနိစ္စတရား။

နိစ္စလား၊ အနိစ္စလားကွဲ။ (အနိစ္စပါ ဘုရား) ရှင်းပလား။ (ရှင်းပါတယ် ဘုရား)

## ဝိညာဏ်ခြောက်ပါး အာရုံခြောက်ပါး တရားတို့၌ ရာဂစသည် ကင်းနေပုံ

အဲဒီလိုသာ ရှုသွားမယ်ဆိုယင် မြင်တတ်သော–ကြားတတ်သော–နမ်း ရှုတတ်သော– လျက်တတ်သော– စားတတ်သော – ထိတတ်သော– သိတတ် သော–ဆိုတဲ့ အာရမ္မဏိကစိတ် စေတသိက် တရားတို့ရဲ့ အပေါ်မှာ ရာဂ ဒေါသ မောဟနှင့် ယှဉ်ပြီးတော့ မဖြစ်တော့။ ရာဂ ဒေါသ မောဟတို့ဖြင့် တပ်မက်ခြင်း၊ ပြစ်မှားခြင်း၊ တွေဝေခြင်း၊ ဖြစ်ပါအုံးမလား။ (မဖြစ်ပါဘူး ဘုရား) မဖြစ်တော့ဘူး။ မဂ်–နော်။ (မှန်ပါ) ဒီလို ရာဂ ဒေါသ မောဟ တွေနဲ့ စပ်ယှဉ်ပြီးတော့ မဖြစ်ယင် မြင်အပ်၊ ကြားအပ်၊ နံအပ်၊ စားအပ်၊ ထိအပ်၊ သိအပ်သော အာရုံခြောက်ပါးတရားတို့၌ ရာဂ ဒေါသ မောဟတို့ဖြင့် စပ်ယှဉ် ကပ်ငြိခြင်းသည် မဖြစ်တော့ လတ္တံ့။

အဲဒီလို ရာဂ ဒေါသ မောဟတို့ဖြင့် အာရုံအာရမ္မဏိကပေါ်မှာ ရာဂ ဒေါသ မောဟတွေ ကွာနေယင် သင်ချစ်သားသည် ဒီ ပစ္စုပ္ပန် လောကမှာလဲ မဖြစ်၊ ဟို တမလွန်လောကမှာလဲ မဖြစ်၊ ဒီပစ္စုပ္ပန်ဘဝ ဟိုတမလွန်ဘဝလို့ ခေါ်တဲ့ ဘဝနှစ်ပါးမှာလဲ မဖြစ်တော့။ (မှန်ပါဘုရား) ဒါ အဋ္ဌကထာက ယူထားတဲ့မူ။ အဲဒီမှာ ဥဒါန်း အဋ္ဌကထာက ဆရာချင်း အသိဉာဏ် တူမျှတယ်လို့ ဆိုတယ်။

အပရေ ဆရာတို့ အညေ ဆရာတို့ရဲ့ ဝါဒကို ဒီမှာပြောရဟောရမယ်ကွဲ။ ''နေဝိဓ န ဟုရံ၊ န ဥဘယမန္တရေန''လို့ ဆိုတာ သုံးချက်နော်။ (မှန်ပါ ဘုရား)

အခု အဋ္ဌကထာယူထားတာက–နေဝိဓ၊ ဒီ ပစ္စုပ္ပန်ဘဝမှာလဲ မဖြစ်။ န ဟုရံ၊ ဟိုဘက် တမလွန် ဘဝမှာလဲ မဖြစ်။ န ဥဘယမန္တရေန၊ ဒီပစ္စုပ္ပန် ဘဝ ဟို တမလွန်ဘဝ နှစ်ပါးစုံမှာလဲ မဖြစ်။ ဒီလို အဋ္ဌကထာယူထားတယ်။ (မှန်ပါ ဘုရား)

အပရေ ဆရာတို့ အညေဆရာတို့ ယူထားတာ ရှိသေးတယ်။ (မှန်ပါဘုရား) သူကလဲ အင်မတန် ကောင်းတယ်။ အခုဘုန်းကြီး ပြောမှာက အညေဆရာတို့ အလိုကွဲ။ အညေဆရာဆိုတာ အဋ္ဌကထာဆရာ၊ ဋီကာဆရာ၊ အပရေဆရာတို့မှ သီးခြားဆရာတွေကွဲ။(မှန်ပါဘုရား)

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တတော၊ ထိုအခါ၌။ တွံ၊ သင် ချစ်သားသည်။ဣဓ၊ ဤ အဇ္ဈတ္တိကာယတန ခြောက်ပ ါး၌။ နေဝ ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။

အဇ္ဈတ္တိကာယတန ခြောက်ပါး ဒီမှာ မဖြစ်တော့ဘူးတဲ့။ (မှန်ပါဘုရား)

ဟုရုံ၊ ဗာဟိရာယတန ခြောက်ပ ါး၌။ န ဘဝိဿတိ၊ မဖြစ်တော့ လတ္တံ့။

ဗာဟိရာယတန ခြောက်ပ ါးမှာလဲ မဖြစ်တော့ဘူးတဲ့။ (မှန်ပါဘုရား)

န ဥဘယမန္တရေန၊ အဇ္ဈတ္တိကာယတန ခြောက်ပ ါး ဗာဟိရာယတန ခြောက်ပ ါးတို့၏ အလယ်၌ဖြစ်သော စိတ်စေတသိက်တို့၌လည်း။ န ဘဝိဿတိ၊ မဖြစ်တော့ လတ္တံ့။

ဒီတော့ သခ်တတွေ ဖြစ်သေးသလား။ (မဖြစ်တော့ပါဘူးဘုရား) သခ်တ မဖြစ်ယင် ဟိုဘက် ဘာတုန်းကွဲ။ (အသခ်တပ ါဘုရား) သဘောပေါက်ပလား။ (ပေါက်ပါတယ်ဘုရား)

နောက်တနည်း—

> မာလုကျပုတ္တ၊ မာလုကျပုတ္တ။ တတော၊ ထိုအခါ၌။ တွံ၊ သင်ချစ်သားသည်။ ဣဓ၊ ဤ အကြောင်းတရား၌။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။

အကြောင်းတရားသည် ဘာ သစ္စာတုန်းကွဲ။ သမုဒယသစ္စာ။ အကြောင်း တရား၌လည်း မဖြစ်တော့ဘူးတဲ့။ (မှန်ပ ါဘုရား)

ဟုရုံ၊ အကျိုးတရား၌လည်း။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။

အကြောင်းလဲ မဖြစ်ဘူး၊ အကျိုးလဲ မဖြစ်တော့ဘူးဆိုတော့ သူက ပညတ် ခံနေအုံးမယ် မဟုတ်လား။ (မှန်ပါ)

ဥဘယမန္တရေန၊ ပဏ္ဏတ္တိလို့ ခေါ်တဲ့ ပညတ်တရား၊ အကြောင်းအကျိုး ပရမတ္ထသစ္စာ နှစ်ပ ါးတို့၏ အလယ်၌ဖြစ်သော ပညတ်တရား၌လည်း။ န ဘဝိဿတိ၊ မဖြစ်တော့ လတ္တံ့။

အကြောင်းတရား၊ အကျိုးတရား၊ ပညတ်တရားတို့မှ လွတ်သွားယင် အဲဒါဘာလဲ။ (နိဗ္ဗာန်ပါဘုရား) နိရောဓ။

နောက်တနည်းကတော့—အပရေ ဆရာတို့ အလိုက္ခဲ့။ (မှန်ပါဘုရား)

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တတော၊ ထိုအခါ၌။ တွံ၊ သင်ချစ်သားသည်။ ဣဓ၊ ဤ ကာမဘဝ၌။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ ဟုရံ၊ အရူပဘဝ၌။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ ဥဘယမန္တရေန၊ ကာမဘဝ အရူပဘဝတို့၏ အကြားတို့၌ဖြစ်သော ရူပဘဝ၌လည်း။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ ဧသေဝန္တော ဒုက္ခဿ၊ အဲဒါ ဒုက္ခ၏ အဆုံး နိဗ္ဗာန်ဘဲတဲ့။ (မှန်ပါဘုရား)

ကာမဘဝမှာ ဖြစ်သေးလား။ (မဖြစ်တော့ပါဘူးဘုရား) အရူပဘဝမှာကော။ (မဖြစ်တော့ပါဘူးဘုရား) ကာမဘဝအရူပဘဝတို့ရဲ့ကြားထဲမှာ ရူပဘဝမှာကော ဖြစ်သေးရဲ့လား။ (မဖြစ်ပါဘူးဘုရား) အရူပဘဝမှာကော ဖြစ်သေးရဲ့လား။ (မဖြစ်ပါဘူးဘုရား) ကာမဘဝ အရူပဘဝတို့ရဲ့ အကြား ရူပဘဝမှာကော ဖြစ်သေးရဲ့လား။ (မဖြစ်ပါဘူးဘုရား)

အခု ဘယ်နှစ်နည်းလဲ။ (လေးနည်းပါဘုရား)

၁။ အေး ဒီတော့ ဒီဘဝ ဟိုဘဝ ဘဝ နှစ်ပါးမှာ မဖြစ်အောင်၊

၂။ အဇ္ဈတ္တိကာယတန ဗာဟိရာယတနနှင့် စိတ် စေတသိက်တရားတို့မှာ မဖြစ်အောင်၊

၃။ အကြောင်းတရား မဖြစ်အောင်၊ အကျိုးတရား မဖြစ်အောင်၊ ပညတ်တရား မဖြစ်အောင်၊

ဘာလုပ်ရမတုန်းလို့ ဆိုတော့ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"ဖြစ်အောင် ကျင့်ရမယ်။ (မှန်ပါဘုရား)

၄။ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝလို့ ခေါ်တဲ့ ဘဝသုံးပါးမှာလဲ မဖြစ်အောင်—

ဒိဋ္ဌေ၊ မြင်အပ်သော အဆင်းမျိုးစုံရူပါရုံကို မြင်သည်ရှိသော်။ ဝါ၊ မြင်အပ်ရာ၌။ မြင်ဆဲ ခဏ၌။ ဒိဋ္ဌ မတ္တံ၊ မြင်အပ်ကာမျှသည်။ ဘဝိဿတိ၊ ဖြစ်အောင်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

မြင်အပ်ကာမျှက ဘာတုန်း၊ နာမ်ရုပ်ပဲ ရှိတယ်။ (မှန်ပါဘုရား) န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ။ ဧတ္ထ၊ ဤမြင်ဆဲခဏ၌။ သတ္တော စ၊ သတ္တဝါသည်၎င်း။ မနုဇော စ၊ လူ ပုဂ္ဂိုလ်သည်၎င်း။ န ဝိဇ္ဇတိ၊ မရှိ။

ပုဂ္ဂိုလ် သတ္တဝါ ရှိသလား။ (မရှိပါဘူးဘုရား) ပုဂ္ဂိုလ်သတ္တဝါ မရှိတော့ ဘာရှိသလဲ။ (နာမ်ရုပ်ပါဘုရား) နာမ်ရုပ်ဟာ နိစ္စလား၊ အနိစ္စလား။ (အနိစ္စပါဘုရား)

"အနိစ္စာနုပဿီ အာလောကေဿာမီတိ သိက္ခတိ" အနိစ္စဟု ရှုလေ့ရှိသည် ဖြစ်၍ ကြည့်အံ့ဟု နှလုံးသွင်းယင် 'အနိစ္စ၊ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿီ၊ ဘယ်နှစ်ချက်တုန်းကွဲ့။ (သုံးချက်ပါဘုရား)

အနိစ္စဆိုတာ မြင်ဆဲခဏမှာ ဖြစ်ပေါ်တဲ့ နာမ်ရုပ်။ မြင်ဆဲခဏမှာ လူလား၊ နာမ်ရုပ်လားကွဲ့။ (နာမ်ရုပ်ပါဘုရား) မြင်ယင် ဘယ့်နှယ် ဝိပဿနာရှုရမလဲ။ (နာမ်ရုပ်လို့ ရှုရမှာပါဘုရား) ကြားယင်။ (နာမ်ရုပ်ပါဘုရား) နမ်းရှူယင်။ (နာမ်ရုပ်ပါဘုရား) လျှာပေါ် အရသာရောက်လာယင်။ (နာမ်ရုပ်ပါဘုရား) ခန္ဓာကိုယ်၌ ဖောဋ္ဌဗ္ဗာရုံနဲ့ ထိတွေ့ယင်။ (နာမ်ရုပ်ပါဘုရား) မနောဝိညာဏ်စိတ် အစဉ်၌ဓမ္မာရုံနဲ့ တွေ့ယင်။ (နာမ်ရုပ်ပါဘုရား) ဘာရှိသေးတုန်း။ (မရှိပါဘုရား) သခ်ဳတနယ်မှာ ဒါတဲ့ရှိတယ်ကွဲ့။ ဒီပြင်တရားမရှိဘူး။ (မှန်လှပါ ဘုရား)

ပုဂ္ဂိုလ်သည်၎င်း၊ သတ္တဝါသည်၎င်း ဒီ သခ်ဳတနယ်ထဲမှာ မရှိဘူးကွဲ့။ (မှန်ပါ) မရှိတာကို အရှိလုပ်ပြီးတော့ ကြည့်လိုက်ယင် သတိ လွတ်လိမ့်မယ်။ သတိလွတ်ယင် ဝဋ်ထဲ လည်လိမ့်မယ်။ အဲဒါကို မာလုကျပုတ္တမထေရ်ကြီးက ဝဋ္ဋပိုင်း ဝိဝဋ္ဋပိုင်းဆက်ပြီးတော့ သူလျှောက်လိမ့်မယ်။ (မှန်ပါဘုရား)

ဒိဋ္ဌ၊ သုတ၊ မုတ၊ ဝိညာတ။ ဘယ်နှစ်ပိုင်းတုန်း။ (လေးပိုင်းပါ ဘုရား) ဒီနေ့ည ဒိဋ္ဌကိုဟောယင် နက်ဖြန်ညကျတော့။ (သုတပါဘုရား) သဘက်ခါညကျတော့။ (မုတပါဘုရား) နောက်တနေ့ညကျတော့။ (ဝိညာတပါဘုရား) ဖြစ်ပါအုံးမလား။ (မဖြစ်နိုင်ပါဘူးဘုရား) ဟင်—အခုတော့ နဲနဲလွယ်သွားပါပြီကွယ်။ (မှန်ပါဘုရား) အင်မတန် နက်နဲခက်ခဲတဲ့အပိုင်းကြီးကို ကြိုးစားပြီးတော့ မနေ့ညကနဲ့ ဒီနေ့ည ဒီနှစ်ပိုင်း ဟောရတာ တော်တော်ကလေး ဂရုစိုက်ရတယ်။ ပါဠိတော်ရော အဋ္ဌကထာရော နဂိုက လေ့လာထားပေမဲ့ ဟောယင်းပြောယင်းနဲ့ လွဲလွဲသွားတတ်ထာက တလုံး တလုံးက ပါပါလာတတ်တယ်။ (မှန်ပါဘုရား) အဲဒါ မလွဲအောင် မနဲဂရုစိုက်ထားရတယ်၊ အာရုံနဲ့ အာရမ္မဏိက မလွဲအောင်။ (မှန်ပါဘုရား)

ကိုင်း—ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊သမီးတွေ မြင်ဆဲခဏမှာ ဘာရှုရမတုန်း။ (နာမ်ရုပ်ကို ရှုရမှာပါ ဘုရား) ကြားဆဲခဏ၊ နမ်းရှူဆဲခဏ၊ စားဆဲသောက်ဆဲခဏမှာ၊ လျက်ဆဲခဏမှာ၊ တွေ့ထိဆဲခဏမှာ၊ သိဆဲခဏမှာ၊ ဘာလို့ရှုရမလဲ။ (နာမ်ရုပ်လို့ ရှုရမှာပါ ဘုရား) နာမ်ရုပ်။

ဒီတော့ ရုပ်လို့ရှုနေယင်းဘဲ နာမ်ပါသလား၊ မပါဘူးလား။ (ပါလာပါတယ် ဘုရား)

သတိဆိုတဲ့ နာမ်နဲ့ ဝိညာဏ်ဆိုတဲ့ နာမ်က ပါပြီးသားကွဲ့။ (မှန်ပါဘုရား)

ရုပ်လို့ ရှုနေတာဟာ ထင်ရှားလို့လား၊ မထင်ရှားလို့လား။ (ထင်ရှားလို့ပါဘုရား)

ဘယ်သူ့ကြောင့်၊ သတိကြောင့်။ (မှန်ပါဘုရား) ထင်ရှားတော့မှ ဝိညာဏ်က သိရတယ်။ (မှန်ပါဘုရား)

ဒီတော့ ရုပ်လို့ သိနေယင်ဘဲ နာမ်ရော ရုပ်ရော ပါသလား၊ ပါမလာဘူလား။ (ပါလာပါဘယ် ဘုရား)

ဘယ်သူက သိနေတာတုန်း။ သတိနဲ့ ဝိညာဏ်။ သတိ က ထင်ရှားအောင် လုပ်ပေးတယ်၊ ဝိညာဏ်က။ (သိတာပါဘုရား)

ဒီတော့ သတိနဲ့ ဝိညာဏ်က နာမ်တရား။ (မှန်ပါဘုရား)

သိအပ်သော သဘောတရား က ရုပ်တရား၊ ကြွားအပ် နံအပ် လျက်အပ် တွေ့ထိအပ် သိအပ်သော သဘောတရားတွေက ရုပ်တရား။ (မှန်လှပါဘုရား)

ဒီတော့ ဘာနဲ့ ဘာသာရှိသလဲ။ (နာမ်နဲ့ ရုပ်သာ ရှိပါတယ် ဘုရား)

တခြား ပုဂ္ဂိုလ် သတ္တဝါရှိသေးသလား။ (မရှိပါဘူး ဘုရား)

ခေါင်းတွေ၊ နှာခေါင်းတွေ၊ လက်တွေ၊ ခြေထောက်တွေကော။ (မရှိပါဘူး ဘုရား)

ဒါပေမဲ့ ကြည့်လိုက်တော့ ဘာမြင်နေသလဲ။ ခေါင်းတွေ၊နှာခေါင်းတွေနဲ့ မြင်ကို နေတယ်။ ဘာမြင်နေသလဲ၊ လူမြင်နေတယ်။ အေး—အဲဒီလို ဆိုယင် ဝဋ္ဋထဲသွားလိမ့်မယ်။ (မှန်ပါဘုရား)

ဝဋ္ဋဆဲလည်ဘို့အတွက် အဲဒီနေရာမှာ ဝဋ္ဋသုံးပါးလုံးကိုတော့ဖြင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ခေါင်းစဉ်လေး မှတ်ထား။

ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ။

ဘယ်နှစ်ဝဋ္ဋတုန်းကွဲ့။ (သုံးဝဋ္ဋပါ ဘုရား) ကိလေသဝဋ္ဋဆိုတာ ဘာတုန်းကွဲ့ ဘုန်းကြီးတို့ပရိသတ်။ ဟို ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းထဲ ကြည့်လိုက်ပလားဆိုတော့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် ကိလေသဝဋ္ဋ။ ဒီလို မပြောဘူးလား။ (ပြောပါတယ် ဘုရား) အဲဒီသုံးလုံးကို ကိလေသဝဋ္ဋလို့ ခေါ်ဘယ်ကွဲ့။ ကိလေသဝဋ္ဋလို့ မှတ်ထားလို့ဆိုတော့ သဘောကိုကျလို့ မဟုတ်လား။ (မှန်ပါဘုရား)

သင်္ခါရရယ်–ဟို ဘဝမှာပါသွားတဲ့ ကမ္မဘဝရယ်က ကမ္မဝဋ်။ ကိုယ်အမူအရာက ကာယသင်္ခါရ၊ ကိုယ်အမူအရာနဲ့ လုပ်တာက ကမ္မ။ သင်္ခါရ၊ ကမ္မဘဝ၊ ကမ္မဝဋ်လို့ ဒီလိုပြောတယ်မဟုတ်လား။ (မှန်ပါဘုရား)

မြင်မနေဘူးလား။ (မြင်နေပါတယ် ဘုရား) အဲဒီ သင်္ခါရနဲ့ ကမ္မဘဝက ကမ္မဝဋ်။

နောက်ဘဝတွေမလဲ။ ဇာတိ၊ ဇရာ၊ မရဏ–မတွေ့ဘူးလား။ (တွေ့ပါတယ် ဘုရား) ဟို ပုံစံထဲမှာလေ။ (မှန်ပါဘုရား) အဲဒီ ဇာတိနဲ့ ဇရာ မရဏ က ဘာပါလိမ့်။ (ဝိပါကဝဋ်ပါ ဘုရား)

ကဲ–ဘယ်မှာလဲကွဲ လူ၊ ဘယ်မှာလဲကွဲ နတ်၊ ဘယ်မှာလဲကွဲ ဗြဟ္မာ၊ ကိလေသဝဋ် ကမ္မဝဋ်သာ ရှိတယ်လို့ ဆိုတော့ သိပ်သဘောကျနေတယ်မဟုတ်လား။ (မှန်ပါ ဘုရား) သရုပ်အနေနဲ့ သဘောကျသည်။ (မှန်ပါဘုရား) ဒါ သရုပ်ကွဲ။ (မှန်ပါ) မမှန်ဘူးလား။ (မှန်ပါတယ် ဘုရား) သရုပ်အနေနဲ့ စက်ဝိုင်းထဲမှာ လမ်းမှန်ကို မတွေ့ဘူးလား။ (တွေ့ပါတယ် ဘုရား) မှန်ပြီကွဲ အဲဒါ။ အဲဒီလို လမ်းမှန်ကို တွေ့နေပြီ၊ လမ်းမှန်ကို ဖြစ်အောင်လုပ်ပါ၊ ဘယ်လို လုပ်မတုန်း။ အလုပ်–ကဲ လုပ်ကြဇမ်း။

ကိလေသဝဋ် ဘယ်မှာလဲ။ ဟိုအထဲသွား လက်ညှိုးမထိုးနဲ့၊ မဟုတ်ဘူး။ (မှန်ပါ) ကမ္မဝဋ် ဘယ်မှာတုန်း။ ဝိပါကဝဋ်က ဘယ်မှာတုန်း။ ပဋိစ္စသမုပ္ပါဒ် ဝဋ်သုံးပါးကို အလုပ်နဲ့ ပြပါဆိုယင် ဘယ်လိုပြမလဲ။ (အမိန့်ရှိပါဘုရား)

လမ်းမှန်တော့ တွေ့နေပြီ။ ဘာနဲ့ တွေ့သလဲ၊ မျက်လုံးနဲ့ မြင်လို့ တွေ့တာ။ ခန္ဓာမှာ တွေ့တာက ဉာဏ်နဲ့မြင်လို့တွေ့တာ။ ခန္ဓာမှာ တွေ့တာက ဘာနဲ့မြင်လို့လဲကွဲ။ (ဉာဏ်နဲ့မြင်လို့ တွေ့တာပါဘုရား)

ကိုင်း– ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ကို ခန္ဓာမှာ တွေ့အောင်ရှာ တတ်ကြပလား။ သဘောပေါက်ပြီနော်။ ဟို ပဋ္ဌမက ပြထားလိုက်တဲ့ ပုံစံနဲ့ တကွ မမြင် မြင်အောင်၊ မသိ သိအောင် ပြထားလိုက်တဲ့ နည်းလမ်းက အမှန်ကို ပြထားတာ။ (မှန်လှပါဘုရား) အဲဒီ အမှန်ကို မှန်တဲ့အတိုင်းဖြစ်အောင် ခန္ဓာနဲ့ အပ်ပြီးတော့ အလုပ် လုပ်ပါ။ (မှန်ပါဘုရား) ဘယ်လို လုပ်မတုန်း။ အလုပ် လုပ်ကြစို့နော်။ (မှန်ပါ)

## "ဒိဋ္ဌေ ဒိဋ္ဌမတ္တ" အလုပ်စခန်း

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ"နဲ့ အလုပ် လုပ်ကြရအောင် ဆိုရမယ်။ ဘုန်းကြီးတို့ ပရိသတ်တွေ ဆိုရမယ်။

"ကြည့်ချင် လိုက်တာ၊ ကိလေသာ၊ ကြည့်တာ ကမ္မဝဋ်"

ဒိဋ္ဌေ၊ အဆင်းမျိုးစုံ ရူပါရုံတို့ကို မြင်အပ်သည်ရှိသော်။ ဒိဋ္ဌမတ္တံ၊ မြင်အပ်ကာမျှသည်။ ဘဝိဿတိ၊ ဖြစ်အောင်– မြင်။ ဟုတ်လား။ (မှန်ပါဘုရား) ကြည့်လို့ မြင်တာလား၊ မကြည့်ဘဲနဲ့ မြင်တာလား။ (ကြည့်လို့ မြင်တာပါဘုရား) ဘာပြုလို့ ကြည့်သလဲ။ (ကြည့်ချင်လို့ပါဘုရား)။

"ကြည့်လို့မြင်တာ၊ ရုပ်နာမ်နှစ်ဖြာ၊ မှတ်ပါ ဝိပါကဝဋ်"

သဘောကျရဲ့လားကွဲ့။ (ကျပါတယ်ဘုရား) ဆောင်ပုဒ်၊ ဆောင်ပုဒ်။ ဝဋ်သုံးပါး ဆောင်ပုဒ်၊ ဝဋ္ဋပိုင်းကို ပြောမလို့ကွဲ့။ (မှန်ပါဘုရား) မာလုကျပုတ္တ မထေရ်ကြီးကလဲ ဝဋ်ပိုင်းကစပြီး သူက လျှောက်မှာ။ (မှန်ပါဘုရား) ပြီးတော့မှ ဝိဝဋ္ဋပိုင်းကို လျှောက်မှာ။ (မှန်ပါ)

နေစမ်းပါအုံးကွဲ့၊ ဒို့ အလုပ်တခု လုပ်တယ်ဆိုတာ အားရပါးရ အဓိပတိကိစ္စတပ်ပြီး လိုလိုချင်ချင် လုပ်ပါ နေ့သ်။ (မှန်ပါဘုရား) ဘုန်းကြီးဟောနေတဲ့ ပုံစံကိုကြည့်။ ဟာ– မခိုဘူး၊ မကပ်ဘူး အားရပါးရတခါထဲကို အဓိပတိကိစ္စတပ်ပြီးတော့ ဒီတရား ဟောနေတာ။ (မှန်ပါဘုရား) ဘုန်းကြီးတို့ အမျိုးကောင်းသား၊ သမီးတွေကလဲ ဒီအတိုင်း အဓိပတိကိစ္စ တပ်ပြီးတော့ နာမှ တော်မယ် မဟုတ်လား။ (မှန်ပါတယ်ဘုရား) ကိုင်း– အဓိပတိကိစ္စပါ မပါကို တခေါက် ဆိုကြည့်စမ်း။

"ကြည့်ချင်လိုက်တာ၊ ကိလေသာ၊ ကြည့်တာ ကမ္မဝဋ်"

ကြည့်ချင်တာ ဘာတုန်းကွဲ့။ (ကိလေသာပါဘုရား) ကိလေသဝဋ်။ (မှန်ပါဘုရား) ကြည့်ချင်တယ်၊ ကြည့်ချင်တယ်၊ ကြည့်ချင်တယ်၊ ဘာတုန်းကွဲ့။ (ကိလေသဝဋ်ပါဘုရား) ခန္ဓာနဲ့ အပ်မိပလားကွဲ့။ (အပ်မိပါပြီဘုရား) ကြည့်ချင်တော့ ဘာလုပ်သလဲ။ (ကြည့်ပါတယ်ဘုရား) ကြည့်တာ ဘာဝဋ်တုန်းကွဲ့။ (ကမ္မဝဋ်ပါဘုရား) ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ မကြည့်ချင်ဘူးလား။ (ကြည့်ချင်ပါတယ်ဘုရား) ဘာကို ကြည့်ချင်ကြသလဲ။ (အဆင်းမျိုးစုံ ရူပါရုံကိုပါဘုရား) အဆင်းမျိုးစုံရူပါရုံတိုင်းကို ကြည့်ချင်တာ မဟုတ်ပါဘူး။ ဒီအထဲ ပွဲကြိုက်တဲ့ ပုဂ္ဂိုလ်တွေလဲ ပါချင်ပါအုံးမယ်။

"ကြည့်လို့မြင်တာ၊ ရုပ်နာမ်နှစ်ဖြာ၊ မှတ်ပါ ဝိပါကဝဋ်"

(၁) ကြည့်ချင်တာ ကိလေသာဝဋ်။ (မှန်ပါဘုရား)
(၂) ကြည့်တာ ကမ္မဝဋ်။
(၃) ကြည့်တော့ မမြင်ဘူးလား။ (မြင်ပါတယ်ဘုရား) မြင်တာ ဘာဝဋ်တုန်းကွဲ့။ (ဝိပါကဝဋ်ပါဘုရား)

အပ်မိပလားကွဲ၊ ခန္ဓာနဲ့။ (အပ်မိပါတယ်ဘုရား) တွေ့ပလား လမ်းမှန်။ (တွေ့ပါပြီဘုရား) ဘယ်တုန်းက တွေ့သလဲ။ (အခုတွေ့ပါတယ်ဘုရား)သဘော ကျပလား။(ကျပါတယ်ဘုရား)ရှင်းကော ရှင်းရဲ့လားကွဲ။ (ရှင်းပါတယ်ဘုရား)

ကြည့်ချင်တာ ကိလေသဝဋ်၊ ကြည့်နေရတာ ကမ္မဝဋ်။ မြင်လိုက်တာ နာမ်၊ ရုပ်နှစ်ဖြာဆိုတာက ဝိပါကဝဋ်။ (မှန်ပါဘုရား)

ကိလေသဝဋ်သည်၊ ကမ္မဝဋ်သည် ဘာသစ္စာတုန်းကွဲ။ (သမုဒယသစ္စာပါ ဘုရား) သမုဒယသစ္စာ။

ရုပ်နာမ်နှစ်ဖြာက ဘာသစ္စာတဲ့တုန်း။ (ဒုက္ခသစ္စာပါဘုရား)

သံသရာဝဋ်ဆင်းရဲကြီး လည်သွားပြီမဟုတ်လား။ (မှန်ပါဘုရား)

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ဘယ်နှစ်ဝဋ်တုန်းကွဲ။ (သုံးဝဋ်ပါ ဘုရား)

ဒီဝဋ်သုံးပါးထဲက ဘယ်ဝဋ်ဖြုတ်ကြမတုန်း။ ဟော တယောက်က ကမ္မဝဋ် ဖြုတ်မယ်တဲ့၊ တယောက်ကတော့ ဝိပါကဝဋ်ကို ဖြုတ်မယ်လို့ ပြောတယ်။ ကမ္မဝဋ် ဝိပါကဝဋ်ကို ဘယ်တော့မှ မနှိပ်စက်ရဘူးကွဲ။ မညှဉ်းဆဲရဘူးကွဲ။ ကမ္မဝဋ်ကိုဖြုတ်ယင် ဒိဋ္ဌိဝင်လိမ့်မည်။ ကမ္မဝဋ်ဖြုတ်တော့ ကုသိုလ်ကံလဲ မလုပ် နဲ့ အကုသိုလ်ကံလဲမလုပ်နဲ့ဆိုတော့ ဝိပဿနာလဲမရှုရတော့ဘူး မဟုတ်လား။(မှန် ပါဘုရား) ကုသိုလ်မပြုနဲ့လို့ ပြောယင် ဘာဖြစ်မလဲကွဲ။ကမ္မဝဋ်ကိုဖြုတ်ရမလား၊ မဖြုတ်ရဘူးလား။(မဖြုတ်ရပါဘူးဘုရား)မဖြုတ်ရဘူး။ ဖြုတ်လို့ကော ပြုတ် ပါ့မလား သူက။ (မပြုတ်ပါဘူးဘုရား)

ဝိပါကဝဋ်ကိုလဲ ဘယ်တော့မှ မနှိပ်စက်ပါနဲ့၊ မညှဉ်းဆဲပါနဲ့။ ဘာဖြစ်မလဲ ဆိုတော့ ခန္ဓာကိုယ်ကို ညှဉ်းဆဲတဲ့ အတ္တ ကိလမထ ဆိုတဲ့ အကျင့်ဖြစ်သွားတယ် ကွဲ။ (မှန်ပါဘုရား)ဒို့ဘုရားရှင်က ခန္ဓာကိုယ် ဝိပါကဝဋ်၌ တွယ်တာ ကပ်ငြိတဲ့ တဏှာ ဒိဋ္ဌိကို ဝိပဿနာ ပညာ မဂ်ပညာတို့နှင့် ပယ်ရမယ်လို့ ဟောဒါကွဲ။ (မှန်ပါဘုရား)ကဲ—ဝိပါကဝဋ် ဖြုတ်ပစ်ဆိုပြီး ဝိပါကဝဋ် ဆိုတဲ့ ခန္ဓာကို ဖျက် ဆီးပစ်ရုံ သတ္တဝါကို သတ်ပစ်ရုံနဲ့ ဝိပါကဝဋ်က မလွတ်မြောက်ဘူးကွဲ။ ပယ် သတ်တာ မမည်ဘူးကွဲ။ (မှန်ပါဘုရား)

ဘုရားရှင်လက်ထက်တော်အခါက အသုဘ ကမ္မဋ္ဌာန်းပွားများတဲ့ ရဟန်း တော်များဟာ ဝိပါကဝဋ် ခန္ဓာကိုယ်ကို ငြီးငွေ့ကြသဖြင့် ကိုယ့်ကိုယ်ကိုလဲ ကိုယ် တိုင် သတ်ကြတယ်။ မိဂလဏ္ဍိကခေါ်တဲ့ ရဟန်းတု ရဟန်းယောင်ကိုလဲ သပိတ် သင်္ကန်းပေးပြီး အသတ်ခိုင်းကြတယ်ကွဲ။ (မှန်ပါဘုရား)ဘုရားရှင်အလိုတော်နဲ့ မလွဲဘူးလားကွဲ။(လွဲပါတယ်ဘုရား) ဒီတော့ တဏှာ ဆန္ဒ ရာဂဆိုတဲ့ ကိလေ

သဝဏ္ဍ်ကို ဖြုတ်ရမယ်ကွဲ။ (မှန်ပါဘုရား) ဘယ်သူ့ဖြုတ်ရမတုန်း။ (ကိလေသဝဋ်ကိုပါဘုရား) အဲဒီ ကိလေသဝဋ် ပြုတ်ဘို့အတွက် ဘာ ရှုရမတုန်းကွဲ။ (ရုပ်နာမ် ရှုရမှာပါဘုရား) ဝိပါကဝဋ်ဆိုတဲ့ ရုပ်နာမ်ကို ရှုလိုက်တော့ ဘာပြုတ်သွားသလဲ။ (ကိလေသဝဋ် ပြုတ်သွားပါတယ်ဘုရား)

ငါလို့ စွဲတဲ့ ဒိဋ္ဌိပါဒါန်၊ နာရုပ်ကိုမြင်ယင် ဒိဋ္ဌုပါဒါန် မပြုတ်ဘူးလား။ (ပြုတ်ပါတယ်ဘုရား)

ဘာစ္စာကိုမြင်ယင် အဝိဇ္ဇာဆိုတဲ့ ကိလေသာဝဋ် မပြုတ်ဘူးလား။ ပြုတ်ပါတယ် ဘုရား)

အဲဒီသစ္စာက ဘယ်အပေါ်မှာ မြင်ရမှာတုန်းကွဲ။ (ရုပ်နာမ်ပေါ်မှာ မြင်ရမှာပါဘုရား) ရုပ်နာမ်ပေါ်မှာ မြင်ရမည်။ ဒုက္ခ သမုဒယ၊ ဒုက္ခသမုဒယ ဒါဘဲ။ ကမ္မဝဋ်သည် သမုဒယ၊ ဝိပါကဝဋ်သည် ဒုက္ခ။ အဲဒီလိုကလေးလောက်သာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ တချက်မြင်လိုက်ယင် အတီတာနန္တရ ဘဝထိုထိုက ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေရဲ့သန္တာန်မှာ ပါလာခဲ့တဲ့ အပါယ် ပဋိသန္ဓေကျိုးကို ပေးမဲ့ အပါယ်လားကြောင်း မကောင်းတဲ့ အကုသိုလ်ကံသည် မျိုးစေ့တွေ အကုန်လုံး ပြုတ်ပြုတ်ပြုန်း၍ ကုန်သည်။

## ဒိဋ္ဌိ ဝိစိကိစ္ဆာပြုတ်ဘို့ အရေးကြီးတယ်

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ မပြုတ်သေးတဲ့ ပုထုဇဉ် သတ္တဝါ တယောက်ယောက်ဟာ တရားအားမထုတ်သေးလို့ ရုပ်နာမ်ကို စင်စင် ကြယ်ကြယ် မမြင်သေးတဲ့၊ မပိုင်းမခြားနိုင်သေးတဲ့ သတ္တဝါတယောက် တယောက်မှာ ဘယ်အခြေအနေမှာဘဲ ဖြစ်နေနေကွဲ၊ အဲဒီ သတ္တဝါ တယောက်တယောက်မှာ ဒီဘဝက စုတေယင် အပါယ်လေးဘုံသို့ လားရမယ်ဆိုတဲ့ အကုသိုလ်ကံတွေဟာ သိန်းပေါင်းသန်းပေါင်း အနန္တပါ၍လာသည်။ (မှန်ပါဘုရား)

အေး–ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ပေါ့ပေါ့ လျော့လျော့ မနေကြနဲ့။ (မှန်ပါဘုရား) နာမ်ရုပ်ကိုတော့ဖြင့် သိအောင် အဆင့် အတန်းကလေးလောက်၊ ဒီဘဝမှာ အပါယ်ပဋိသန္ဓေ အကျိုးမပေးနိုင်လောက်ရုံတော့ဖြင့်၊ ဟာ–ငါ့မှာ ဒီဘဝ ဒါနကုသိုလ်တွေလဲ ရှိတယ်၊ သီလကုသိုလ်တွေလဲရှိတယ်၊ ကုသိုလ်ကောင်းမှုတွေ ငါလုပ်နေတာဘဲဆိုပြီးတော့ ရုပ်နာမ်ကိုမြင်အောင် အားထုတ်မထားယင် ဒါနကုသိုလ်ရှင်သီလကုသိုလ်ရှင်တော့ မှန်ရဲ့၊ ဒီဘဝမှာ သူတော်ကောင်းတယောက် ရယ်လို့ ဆိုသလောက်အောင်တော့ မှန်ပါရဲ့၊ အတီတာနန္တရ ဘဝထိုထိုက အပါယ်ပဋိသန္ဓေကျိုးကို ပေးခွင့်မရလို့

မပေးခဲ့ရသေးတဲ့ သူ့အသက်သတ်မှု ပါဏာတိပါတကံက၊ ဒီဘဝမှာတော့ တခါမှ မသတ်ဘူးနော်။ (မှန်ပါ) ဟိုသော် ရှေ့ဘက်ဘဝက သတ်ခဲ့တဲ့ အကုသိုလ်ကံ အကျိုးမပေးသေးယင် ဒီဘဝမှာ အခွင့်သာယင် အဲဒီ အကုသိုလ်ကံက တခါတဲ အပါယ်ကွန်းချလိမ့်မယ်။ (မှန်ပါတယ်ဘုရား)

ဒီတော့ အမျိုးကောင်းသားများ၊သမီးများ အဲဒီအကုသိုလ်ကံ အပါယ်မကျနိုင်အောင် သတ္တဝါတိုင်းမှာ အကုသိုလ်ကံတွေ အများကြီးရှိသေးတယ်နော်။ အခု အဲဒီ အပါယ်ကျမဲ့ အကုသိုလ်ကံတွေ မြောက်မြားစွာ သိန်းပေါင်း သန်းပေါင်းအနန္တသတ္တဝါ တယောက်တယောက်မှာ ရှိတယ်။

"အပရာပရိယဝေဒနီယကမ္မရဟိတော ဟိ သံသာရေ သံသရမာနော သတ္တော နာမ နတ္ထိ[၁]"

ဒီဘဝမှာ ဘယ်လောက်ပဲ အကျိုးပေးလို့၊ မဂ်ဖိုလ်ရောက်အောင် ပို့နိုင်တဲ့ ကုသိုလ်တွေကလဲ သိန်းပေါင်း သန်းပေါင်း အနန္တပါလာတာဘဲ မဟုတ်လား။ (မှန်ပါဘုရား)

ဒီတော့ အရေးကြီးနေတာက နတ်ပြည်ရောက်ဘို့ကတော့ အရေးမကြီးဘူး။ အပါယ်မကျအောင်ကတော့ သိပ်အရေးကြီးနေတယ်မဟုတ်လား။ (မှန်ပါဘုရား)

ဒီတော့ အတီတာနန္တရ ဘဝထိုထိုက ပါလာတဲ့ အကုသိုလ်ကံ သိန်းပေါင်း အနန္တတွေထဲက အပါယ်ပဋိသန္ဓေကျိုးကို မပေးရသေးတဲ့ အကုသိုလ်ကံက အကျိုးပေးခွင့်မရအောင် ရုပ်နာမ်မြင်အောင် ရှုထားကြ။ (မှန်ပါဘုရား) ဘာကိုမြင်အောင် ရှုမလဲ။ (ရုပ်နာမ်မြင်အောင် ရှုရမှာပါဘုရား) ဘယ်အချိန်မှာတုန်း။

မြင်ဆဲခဏမှာ၊ ကြားဆဲခဏမှာ၊ နံဆဲခဏမှာ၊ လျက်ဆဲခဏမှာ၊ သိဆဲခဏမှာ၊ ရုပ်နာမ်ကိုမြင်အောင် ရှုထားကြပါ။ (မှန်ပါဘုရား) သို့မဟုတ်ယင် ကိလေသဝဋ် ကမ္မဝဋ်နဲ့သွားမယ်နော်။ (မှန်ပါဘုရား) အဲဒီတော့ ကမ္မဝဋ်။ ဒီကမ္မဝဋ် ခုနင်ကတုန်းက အပါယ်ကျစေနိုင်တဲ့ အကုသိုလ်ကံ သိန်းပေါင်း သန်းပေါင်းအနန္တတွေ ဘာဝဋ်ပါလိမ့်။ (ကမ္မဝဋ်ပါဘုရား)အဲဒီ ကမ္မဝဋ်က အပါယ်ပဋိသန္ဓေကျိုးကို ပေးလိုက်ပြီလို့ ဆိုယင် ဟိုမှာ ဝိပါကဝဋ်ကြီး ဖြစ်တော့မယ်မဟုတ်လား။ (မှန်ပါဘုရား) ငရဲဘုံသူ ဘုံသားတွေ၊ တိရစ္ဆာန်ဘုံသူ ဘုံသားတွေ၊ အပါယ်လေးဘုံသူ ဘုံသားတွေရဲ့ ခန္ဓာသည် ဝိပါကဝဋ်။(မှန်ပါဘုရား)

---

၁။ ဝိသုဒ္ဓိ၊ ၂၊ ၄၅။ ပဋိသံ၊ ဋ္ဌ၊ ၁၊၃၂၇။

## ကိလေသဝဋ် ဒိဋ္ဌုပါဒါန်ပြုတ်အောင် ရှုပွားရန်

အဲဒီ ဝိပါကဝဋ်ကို ရောက်အောင် ပို့ဆောင်ပြီးတော့ ဟို ကမ္မဝဋ်က ဝိပါကဝဋ် ရောက်အောင် ပို့ဆောင်ပေးနိုင်တာ ဘယ်သူကြောင့်လဲ။ ကိလေသ ဝဋ်ကြောင့်။ အဲဒီကိလေသဝဋ်က ဘာတုန်းလို့ ဆိုတော့ သက္ကာယဒိဋ္ဌိ။ (မှန်ပါ) ဒိဋ္ဌုပါဒါန်။ (မှန်ပါဘုရား) ဘာတုန်းကွဲ့။ (ဒိဋ္ဌုပါဒါန်ပါဘုရား) အဲဒီ ဥပါဒါန်ဟာ ကိလေသဝဋ် မဟုတ်ဘူးလား။ (ဟုတ်ပါဘယ်ဘုရား) အဲဒီ ဒိဋ္ဌုပါဒါန်က ဘာတုန်းလို့ဆိုတော့ ယခုလက်ရှိ ဖြစ်နေတဲ့ မြင်ဆဲခဏမှာ ဖြစ် ပေါ်လာတဲ့ ရုပ်နာမ်နှစ်ဖြာကို ငါက သူ့ကို မြင်တယ်လို့ စွဲလိုက်ယင် ဒိဋ္ဌု- ပါဒါန်။ (မှန်ပါဘုရား) ဝဠ္ဍပိုင်း လာလိမ့်မယ်နော်။ (မှန်ပါဘုရား) ဒိဋ္ဌုပါဒါန် မဟုတ်လား။ (မှန်ပါဘုရား) ဒိဋ္ဌုပါဒါန်။ ဒီတော့ ပဌမကြည့်လိုက်—

ကြည့်ချင်လိုက်ထာ၊ ကိလေသာ= ကိလေသဝဋ်။

ကြည့်လိုက်ထာ= ကမ္မဝဋ်။

ကြည့်လို့မြင်တာ၊ ရုပ်နာမ်နှစ်ဖြာ၊ မှတ်ပါ ဝိပါကဝဋ်။

ဝဋ်သုံးပါး နားလည်သွားပြီ။ (မှန်ပါဘုရား) ဝဋ်သုံးပါးနားလည်တော့ ဘာလဲ "ကိလေသဝဋ် ကမ္မဝဋ်သည် သမုဒယသစ္စာ။ ဝိပါကဝဋ်သည် ဒုက္ခ သစ္စာ"လို့ ဒီလိုသိလိုက်ယင် ကိလေသဝဋ် ပြုတ်သလား၊ မပြုတ်ဘူးလားလို့။ (ပြုတ်ပါတယ်ဘုရား) ဉာဏ်ဝင်လာယင် ဒီ ကိလေသဝဋ်၊ဒိဋ္ဌိမပြုတ်ဘူးလား။ (ပြုတ်ပါတယ်ဘုရား) မြင်ဆဲခဏမှာ နာမ်ရုပ်လို့ သိလိုက်ယင် ငါ၊ သူဆိုတဲ့ ဒိဋ္ဌိရှိသေးလား။ (မရှိတော့ပါဘူးဘုရား) ဒိဋ္ဌုပါဒါန် မပြုတ်ဘူးလား။ (ပြုတ် ပါတယ်ဘုရား) ဒိဋ္ဌုပါဒါန်ကို ဘာနဲ့ဖြုတ်ရမလဲ ဆိုတော့ အခု တရားနာ ယင်း ပြုတ်တာက သုတမယဉာဏ်နဲ့ ပြုတ်ထာ။ (မှန်ပါဘုရား) ဝိပဿနာ ရှုဆဲ အခိုက်မှာ ပြုတ်နေတာက တဒင်္ဂပဟာန်နဲ့ ပြုတ်တာ။ မဂ်နဲ့ကျတော့မှ အခုနင် က ဟောထားတဲ့ ဒေသနာ‌တော်မှာ မဂ်နဲ့ ကျတော့မှ ပြုတ်တာက သမုစ္ဆေဒ နဲ့ ပြုတ်တာ။

## မဂ်တကြိမ်သတ်က အကုသိုလ် အနန္တပြုတ်

သမုစ္ဆေဒ ပဟာန်နဲ့ မဂ်က တချက်သဲ သတ်လိုက် ဒိဋ္ဌုပါဒါန် ပြုတ်တယ်။ ဒိဋ္ဌုပါဒါန်ပြုတ်တာနဲ့ တပြိုင်နက်ထဲ၊ တချက်ထဲ သတ်တာနော်။ (မှန်ပါ ဘုရား) အဲဒီလို မဂ်က တချက်ထဲ သတ်လိုက်အာနဲ့ ဒိဋ္ဌုပါဒါန် အပြုတ်မှာ နောက်ကပါလာတဲ့ အကုသိုလ်ကံ သိန်းပေါင်း သန်းပေါင်း အနန္တတွေ အကုန် လုံး သေကုန်၏။ (မှန်လှပါဘုရား) အပါယ်သွားလို့ရပါအုံးမလား။ (မရပါ ဘူးဘုရား) ဒိဋ္ဌုပါဒါန်မရှိယင် အပါယ်သွားဘို့ ကံတွေရှိနေပေတဲ့ သူအပါယ်

ရောက်အောင် သွားနိုင်ပါအုံးမလား။ (မသွားနိုင်ပါဘူးဘုရား) ဘယ်သူကြည့်ရမတုန်း။ ဝိသာခါတကာမကြီးတို့ အနာထပိဏ်တို့ကြည့်။ (မှန်ပါဘုရား)

ဝိသာခါ အနာထပိဏ်တို့မှာ အတီတာနန္တရဘာဝထိုထိုက ပါလာတဲ့ အပါယ်ကျစေနိုင်တဲ့ အကုသိုလ်ကံတွေ သိန်းပေါင်း သန်းပေါင်း အနန္တ ရှိသလား၊ မရှိဘူးလားကွဲ့၊ (ရှိပါတယ်ဘုရား) ကျသေးသလား။ (မကျပါဘူးဘုရား) အဲဒီကံတွေ ဘာပြုလို့ အပါယ်မကျနိုင်တာတုန်း။ (ဒိဋ္ဌိပြုတ်လို့ပါဘုရား) ဒိဋ္ဌုပါဒါန်မပါယင် အဲဒီကံတွေ ဘယ်နည်းနဲ့မှ အဲဒီကံတွေ အပါယ်ပဋိသန္ဓေပင် မပေါက်နိုင်ဘူး။ကံမျိုးစေ့တော့မှန်တယ်။(မှန်ပါဘုရား) ဒိဋ္ဌိဆိုတဲ့ တရားကို အမှီမရသည်ဖြစ်သောကြောင့် အပါယ်ပဋိသန္ဓေပင် မပေါက်နိုင်တော့ဘူး။ ဥပမာ မျိုးစေ့ကလေးတော့ မှန်ရဲ့၊ အောင်လဲ အောင်မြင်ရဲ့၊ မြေနဲ့ရေကို မရယင် ဒီ မျိုးစေ့ အပင် ပေါက်ပါ့မလား။ (မပေါက်နိုင်ပါဘူးဘုရား) အဲဒီသဘောလိုဘဲနေ၁်၊အပါယ်ဘုံပဋိသန္ဓေကျိုး ပေးနိုင်တယ်ဆိုတဲ့ ကံတော့ မှန်ရဲ့၊ အောင်လဲ အောင်မြင်တယ်၊ ရှိလဲ ရှိနေတယ်။ ဒိဋ္ဌိ တဏှာ အမှီမရယင် အဲဒီကံတွေဟာ အပါယ်ပဋိသန္ဓေမှာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံ ဖြစ်နိုင်သေးရဲ့လား။ (မဖြစ်နိုင်ပါဘူးဘုရား) မျိုးစေ့တွေတော့ အများကြီးဘဲ။ သတ်ထာ ဘယ်နှစ်ချက်လဲ။ (တချက်ထဲပါဘုရား)သေတာဘယ်လောက်များလဲ။ သိန်းပေါင်း သန်းပေါင်းအနန္တ အကုသိုလ်၊ အပါယ်လေးပါးကိုချနိုင်တဲ့ အကုသိုလ်ကံမျိုးစေ့တွေ သိန်းပေါင်း သန်းပေါင်းအနန္တပျက်စီးကုန်တယ်။ (မှန်ပါဘုရား) သတ်ထာဘယ်နှစ်ချက်လဲ။ (တချက်ထဲပါဘုရား)

ဒီတော့ အမျိုးကောင်းသားတွေ၊သမီးတွေက မမေးချင်ဘူးလား။အရှင်ဘုရားတို့ဟာက လွန်လွန်းလှချည့်လား-လို့၊ သတ်တာက တချက်ထဲနဲ့။ သေကုန်တာက။(အနန္တပါဘုရား သဘောပေါက်ပလား။ (ပေါက်ပါတယ်ဘုရား) ဘယ်လိုပေါက်တာတုန်း။ဥပမာလေးနဲ့ ပြောမှ သဘောပေါက်လိမ့်မယ်။ (မှန်ပါဘုရား) ဥပမာလေးနဲ့ ပြောကြစို့။

## မဂ်သတ်ပုံ ဥပမာ

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ၊ ဒါဟာ ချင်းတွင်းမြစ်မဟုတ်လား။ (မှန်ပါ ချင်းတွင်းမြစ်ပါဘုရား) အဲဒီ ချင်းတွင်းမြစ်ထဲက ငါးသလောက်ကြီးတွေများ စားဘူးကြလား။ (စားဘူးပါတယ်ဘုရား) ဥပမာ ပြောမလို့ အဲဒီငါးသလောက်ကြီးရဲ့ ဝမ်းထဲမှာ ဥကလေးတွေ မတွေ့ဘူးလား။ (တွေ့ပါတယ်ဘုရား) ဘယ်လောက်ကြီးတုန်းကွဲ့။ (သေးသေးလေးပါဘုရား) ဘာ—ဘာ—ဘာ၊ငါးသလောက်ဥတလုံး အမြှောင်းကြီး တခုမှာ ဘယ်နှစ်ခုပါသလဲ။(နှစ်ခုပါဘုရား)နှစ်ခု၊အမြှောင်းကြီးနှစ်ခု။ (မှန်ပါဘုရား) ဘယ်လောက်

ကြီးတုန်းကွဲ။ အဲဒီ အမြောင်းကြီး ဥတွေထဲမှာ ဥလေးတွေ ဘယ်လောက် များလဲ။ (မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူးနော်။ (မှန်ပါ) ငါး သလောက်မကြီးကိုသာ တချက်သတ်လိုက်ယင် အဲဒီ ငါးသလောက်မကြီးမသေ ယင် အဲဒီဥကလေးတွေဟာ ငါးသလောက်ပေါင်း ဘယ်လောက်များလာမလဲ။ (မရေတွက်နိုင်အောင် များမှာပါဘုရား)ငါးသလောက်မကြီးကို တချက်သတ် လိုက်ယင် မသေယင် အဲဒီ ဥကလေးတွေဟာ ငါးသလောက်ပေါင်း ဘယ် လောက် များမလဲ။ ဟိုမှာ သေကုန်တာက ဘယ်လောက်များလဲ။(အများကြီး ပါဘုရား) သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား) မင်္ဂကုသိုလ် ဆို တာ ဒီအတိုင်းဘဲကွဲ။ ကိလေသာကို တချက်ထဲသာ သတ်လိုက်ရတယ်၊အတီတာ နန္တရဘဝ ထိုထိုက ပါလာခဲ့တဲ့ အကုသိုလ် မျိုးစေ့တွေ အကုန်လုံး အပင် မပေါက်တော့ဘူး။(မှန်ပါဘုရား)

## အပါယ်မျိုးစေ့ပြုတ်အောင် အားထုတ်ကြပါ

ဒီတော့ ဒီထက်မြတ်တဲ့ လုပ်ငန်းရှိသေးသလား။(မရှိပါဘူးဘုရား) ကြိုး စားပြီး အားမထုတ်ချင်ကြဘူးလား။ (အားထုတ်ပါမယ်ဘုရား) အဲဒီတော့ ကိလေသဝဋ် တချက်သေယင် ကမ္မဝဋ်နဲ့ ဝိပါကဝဋ်ပြုတ်၏။ဒိဋ္ဌုပါဒါန်ဆိုတဲ့ ကိလေသဝဋ် ပြုတ်တယ်။ အပါယ် ပဋိသန္ဓေကို အကျိုးပေးနိုင်တယ် ဆိုတဲ့ အကုသိုလ်ကံတွေ သိန်းပေါင်း သန်းပေါင်း အနန္တ၊ ဒီအထဲ ပဉ္စာနန္တရိယကံ ကြီးနဲ့ နိယတမိစ္ဆာဒိဋ္ဌိတွေ ချန်ထားနော်။ (မှန်ပါ) အကုသိုလ် ကံတွေ သိန်းပေါင်း သန်းပေါင်း အနန္တဖြစ်တဲ့ ကမ္မဝဋ်နဲ့ အပါယ်လေးဘုံသူ လေးဘုံ သားတို့ရဲ့ ဘဝမှာ အပင်ပေါက်နိုင်တယ် ဆိုတဲ့၊ ငရဲကောင် တိရစ္ဆာန်ကောင် ပြိတ္တာကောင် အသူရကာယ်ကောင်လို့ ဆိုတဲ့ ခန္ဓာတွေ ဖြစ်သေးရဲ့သား။ (မဖြစ်တော့ပါဘူးဘုရား) ကိလေသဝဋ် တချက်သေယင် ကမ္မဝဋ် ဝိပါက ဝဋ်ပါ သေသည်။ (မှန်ပါဘုရား) အဲဒါက ဝိဝဋ္ဋပိုင်းနော်။ (မှန်ပါဘုရား)

ကိုင်း— ဒါဖြင့် ဝဋ္ဋလယ်တဲ့အပိုင်းကို အကျဉ်းဟောကြစို့နော်။ (မှန်ပါ ဘုရား) ဒါ ဝိပဿနာလုပ်ငန်းလဲ ပါပြီမဟုတ်လား၊ ဒီအထဲမှာ။(ပါပါတယ် ဘုရား) မြင်ဆဲခဏမှာ ဘာရှုရမတုန်းကွဲ။ နာမ်ရုပ် ဟုတ်လား။ ရုပ်တရားလို့ ရှုယင်ဘဲ နာမ်ပါလာပြီ မဟုတ်လား။(မှန်ပါဘုရား) ရှုအပ်သောတရားက ရုပ်၊ ရှုတတ်သောတရားက နာမ်။(မှန်ပါဘုရား) ဒီတော့ မြင်ယင် ဘာလို့ ရှုရမလဲ။ (ရုပ်လို့ရှုရမှာပါဘုရား) ရုပ်တရား။ ရူပမတ္တမေဝ၊ ရုပ်မျှကိုသာ ရှုတယ်။ (မှန်ပါ)

ကြားယင် ဘယ်လို ဝိပဿနာ ရှုရမလဲ၊အသံ နားထဲရောက်လာယင် ကြား ကာယ်မဟုတ်လား။(မှန်ပါဘုရား) အဲဒီ ကြားဆဲခဏမှာလဲ စောစောပိုင်းက

ပြောတဲ့ပုံစံအတိုင်းဘဲ မြင်ဆဲခဏာ သွားသလိုဘဲ သွားရမယ်။ ကြားယင်ဘာလဲ။ (ရုပ်တရားပါဘုရား) ရုပ်တရား။နံယင် နမ်းရှူယင်။(ရုပ်တရားပါဘုရား)လျှာပေါ်အရသာရောက်လာယင်။(ရုပ်တရားပါဘုရား)အဲဒါစားယင်လို့ ဆိုလိုတာပေါ့ အခိပ္ပာယ်က။(မှန်ပါဘုရား) ထိယင်။(ရုပ်တရားပါဘုရား) သိယင်။(ရုပ်တရားပါဘုရား) ရုပ်နာမ်၊ နာမ်ရုပ်သိတာ ဟုတ်လား။(မှန်ပါဘုရား)

အဲဒီလို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ရှုသွားနိုင်မယ်ဆိုယင် နာမ်ရုပ်ကို ပိုင်းခြားသိယင် ဒိဋ္ဌိ စင်လိမ့်မယ်။ (မှန်ပါဘုရား)

## ဝဋ္ဋသံသရာ လည်ပတ်ပုံ

မြင်ဆဲခဏမှာ၊ ကြားဆဲ-နံဆဲခဏာတွေမှာ ဖြစ်တာ ဘာတွေလဲလို့ ဆိုတော့—

**မြင်ဆဲခဏာမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါ သခ်ိတ။**

သတ္တဝါ ဖြစ်သလား၊ သခ်ိတ ဖြစ်သလား။ (သခ်ိတ ဖြစ်တာပါဘုရား) သခ့်တဆိုတာ ဘာပါလိမ့်၊ နာမ် ရုပ်။

**သခ်ိတတွင်၊ သူငါထင်၊ ခေါ်တွင် ဒိဋ္ဌိပါ။**

သခ်ိတကို သူလို ငါလို ထင်နေယင် ဘာလို ခေါ်သလဲ။ (ဒိဋ္ဌိလို့ ခေါ်ပါတယ်ဘုရား) ဒိဋ္ဌိ၊ ဒိဋ္ဌိပါဒါန်ဖြစ်ပြီကွဲ။ (မှန်ပါဘုရား) ကိလေသဝဋ္ဋ ။(မှန်လှပါဘုရား) ဘယ်သူ့မှို ဖြစ်တုန်း။ ဝိပါကဝဋ္ဋမှီပြီးတော့ ကိလေသဝဋ္ဋဖြစ်တယ်။ ပြီးတော့ တခါ ဘာဖြစ်ပြန်လဲ။ ငါလို့ အထင် ရောက်သည် ဖြစ်သောကြောင့် ငါမြင်တယ်၊ ငါကြားတယ်၊ ငါနံတယ် စသည်ဖြင့် ငါကောင်းဘို့၊ငါကောင်းဘို့ဆိုပြီးတော့ ကမ္မဝဋ္ဋ၊ အဲဒီကမ္မဝဋ္ဋက ဟိုဘက် ဘာလာအုံးမလဲ့။ (ဝိပါကဝဋ္ဋပါဘုရား) ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ။

"ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ"ပဋိစ္စသမုပ္ပါဒ် အချုပ်ကဒါဘဲကွဲ။ (မှန်ပါဘုရား) ကံနဲ့ ဝိပါက်၊ ဝိပါက်နှင့်ကံ၊ ဒီနှစ်တန် ဆက်ဆံ၍နေတာ ပဋိစ္စသမုပ္ပါဒ်။ (မှန်ပါဘုရား) သဘောပေါက်ပလားကွဲ။ (ပေါက်ပါတယ်ဘုရား)အကြောင်းသမုဒယ၊ အကျိုးဒုက္ခကိုမှီ၍ အကြောင်းသမုဒယဖြစ်။ အကြောင်းသမုဒယကိုမှီ၍ အကျိုးဒုက္ခဖြစ်။ ကမ္မာ၊ကံကြောင့်။ ဝိပါကာ၊ ဝိပါက်အကျိုးတရားတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကြလေကုန်၏။

ဝိပါကော၊ အကျိုးဝိပါက်တရားသည်။ ကမ္မသမ္ဘဝေါ၊ ကံကိုတဖန်ဖြစ်စေပြန်၏။ကံဖြစ်ပြန်တော့ ဘာလာအုံးမှာလဲ၊ ဝိပါက်လာလိမ့်အုံးမယ်။ ဝဋ္ဋပိုင်း။ (မှန်ပါ) ဘာပြုလို့ ဒီဝဋ္ဋပိုင်းလည်လာပြန်သလဲဆိုတော့ သတိမကပ်လို့။ (မှန်ပါဘုရား) မြင်—ဦးမစီးလို့။ (မှန်ပါဘုရား) မြင်ဆဲခဏာမှာ ပုဂ္ဂိုလ်သတ္တဝါ

ယောက်ျား မိန်းမ ဆိုတဲ့ မြင်ရုံကလေးကို နိမိတ္တ=ပိယနိမိတ်တွေ ယောက်ျား မိန်းမ လှမလှ ကိုကြည့်လို့၊ အနုဗျဉ္ဇန=လက်သဏ္ဌာန် ခြေသဏ္ဌာန် ခေါင်းသဏ္ဌာန် ခြေထောက်သဏ္ဌာန် မျက်လုံး မျက်ခုံးတို့ရဲ့သဏ္ဌာန် စသည်ဖြင့် အသေးစိတ် အမှတ်အသားတွေကို ရှုယင် အဲဒီပုဂ္ဂိုလ်မှာ သတိပါသေးရဲ့လား။ (မပါတော့ ပါဘူးဘုရား)

## အကျဉ်းချုပ်တရားကို အကျယ်သိသော

## မာလုင်္ကျပုတ္တ ရဟန်း

မာလုင်္ကျပုတ္တ မထေရ်ကြီးကလေ အဲဒီနေရာမှာ ဘာများလျှောက်ထား လိုက်သလဲဆိုတော့—

"ဣမဿ ခွာဟံ ဘန္တေ ဘဂဝတာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနာမိ"

ဘန္တေ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် အောင်သူထွဋ်တင် အို သဗ္ဗညုဘုရားရှင်။ အဟံ၊ ဘုရားတပည့်တော်သည်။ ဘဂဝတာ၊ ဘုန်းတော် ခြောက်ပါးသခင် သဗ္ဗညုရှင်တော်မြတ်ဘုရားသည်။ သံခိတ္တေန၊ အကျဉ်းချုပ် အားဖြင့်။ ဘာသိတဿ၊ ဟောတော်မူအပ်သော။ ဣမဿ ဓမ္မဿ၊ ဤသို့ ရှင် တော်ဟောကြား "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" စသော တရားတော်၏။ အတ္ထံ၊ အနက် အဓိပ္ပာယ်ကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ အာဇာနာမိ၊ ကောင်းစွာ ပိုင်ပိုင် သိစွမ်းနိုင်ပါ၏ ဘုရား။

တပည့်တော် အကျယ်သိပါပြီဘုရားတဲ့၊ အရှင်ဘုရားဟောတဲ့တရား။ အဲဒီ အကျယ်သိပုံကို ဘယ်လိုပြန်ပြီး လျှောက်သလဲဆိုတော့၊ဘယ်လိုသိတုန်း။ သူ့ ကျတော့ စုဏ္ဏိယနဲ့ မလျှောက်ဘူးကွဲ့။ ဂါထာတွေနဲ့ချည်း လျှောက်တယ်။ (မှန် ပါဘုရား။

ရူပံ ဒိသွာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။

တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။

ဒါ ဝဋ္ဋပိုင်းကို ပဌမလျှောက်တယ်။ ဝဋ္ဋပိုင်း။ (မှန်ပါဘုရား)

ဘန္တေ၊ ဘုန်းတော်ရောင်ဝန်း ထွန်းလင်း တောက်ပတော် မူသော အို သဗ္ဗညု ရှင်တော်မြတ်ဘုရား။ ရူပံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ ဒိသွာ၊ မြင်ရသည် ဖြစ်၍။ ဝါ၊ မြင်ရသောကြောင့်။ ပိယံ၊ ချစ်ခင်စုံမက် နှစ်သက်ဖွယ် ကောင်းသော။ နိမိတ္တံ၊ ယောကျ်ား- မိန်းမ၊ လှ- မလှကို။ ဝါ၊ လက်သဏ္ဌာန် ခြေသဏ္ဌာန် ပြုံးဟန် ရယ်ဟန်စတဲ့ အသေးစိတ် အမှတ်အသားတွေကို။ မနသိကရောတော၊ နှလုံးသွင်းနေသော သူ၏ သန္တာန်၌။ သတိ၊ ဝိပဿနာနှင့် ယှဉ်သော သတိသည်။ မုဋ္ဌာ၊ ကင်းပျောက်၍သွားသည်။ ဟောတိ၊ ဖြစ်ပါတော့သည်ဘုရား။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ တရားဒေသနာတော်တွေကို ဘုရားတပည့်တော် အကျယ်သိရတာက ဒီလိုပါဘုရား။ အဆင်းမျိုးစုံ ရူပါရုံကို မြင်လိုက်တဲ့အခါမှာ ချစ်ခင်နှစ်သက်ဖွယ် ကောင်းသော ယောကျ်ားမိန်းမ လှ-မလှခေါ်တဲ့ ခေါင်းသဏ္ဌာန် နှာခေါင်းသဏ္ဌာန် မျက်လုံး မျက်ခုံးတို့ရဲ့ သဏ္ဌာန် နှုတ်ခမ်းရဲ့သဏ္ဌာန် လက်သဏ္ဌာန် ခြေသဏ္ဌာန်စတဲ့ အသေးစိတ် အမှတ်အသားတွေကို၊ နှလုံးသွင်း ရှုပွား၍ နေသော ပုဂ္ဂိုလ်တို့ရဲ့ သန္တာန်မှာ ဝိပဿနာနဲ့ ယှဉ်သောသတိ ကင်းပျောက်၍သွားပါတော့သည် ဘုရားတဲ့၊ ဒါက အကျဉ်းချုပ်ကွဲ။ (မှန်ပါဘုရား)

အရှင်ဘုရား၊ မြင်လိုက်တဲ့အခါမှာ ယောကျ်ား မိန်းမ၊ လှ-မလှ ဆိုတဲ့ အကြမ်းစားနိမိတ်၊ လက်သဏ္ဌာန် ခြေထောက်သဏ္ဌာန် ခေါင်းသဏ္ဌာန် နားရွက်သဏ္ဌာန် နှာခေါင်းသဏ္ဌာန် မျက်လုံး မျက်ခုံး သဏ္ဌာန် ခေါ်တဲ့ အသေးစိတ် အမှတ်အသားတွေကို လူတယောက် ကြည့်ပြီးတော့ မြင်နေတယ်၊မြင်နေတယ်၊ လူတယောက် မြင်နေတယ်၊ လူမြင်နေတယ်၊ အမျိုးသမီးကို မြင်နေတယ်၊ အမျိုးသားကိုမြင်တယ်၊ မြင်တယ်၊ လက်သဏ္ဌာန်ကို မြင်နေတယ်၊မြင်နေတယ်၊ မြင်နေတယ်၊ မိန်းမ- မိန်းမအတိုင်း၊ လှတာကို လှတဲ့အတိုင်း၊ မလှတာကို မလှတဲ့အတိုင်း၊ လက်သဏ္ဌာန်ကို လက်သဏ္ဌာန်အတိုင်း၊ ခြေသဏ္ဌာန်ကို ခြေသဏ္ဌာန်အတိုင်း ကြည့်ပြီးတော့ မြင်နေတယ်လို့ နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်တဲ့ သတိမရှိတော့ပါဘူးဘုရားတဲ့။ အဲဒီလို လျှောက်ထားလိုက်တယ်ကွဲ။ (မှန်ပါဘုရား)

မာလုကျပုတ္တ မထေရ်ကြီး လျှောက်တာနော်၊ ပါဠိတော်မှာ၊ သတောပေါက်ကဲ့လား။ (ပေါက်ပါတယ် ဘုရား) ကမ္မဋ္ဌာန်းကို မဖြစ်ဘူးလို့ဆိုလိုတယ်၊ အဓိပ္ပာယ်က။ သမထကမ္မဋ္ဌာန်းတောင် မဖြစ်သလို ဖြစ်နေတယ်။ (မှန်ပါဘုရား)

အေး အဲဒီလို ယောကျ်ား မြင်ပြီးတော့၊ မိန်းမမြင်ပြီးတော့ သဏ္ဌာန် အစိတ်အပိုင်းတွေ မြင်ပြီးတော့၊ မေတ္တာတွေ ပွားများလိုက်ယင်တော့ မေတ္တာ ကမ္မဋ္ဌာန်းဖြစ်ရဲ့။ (မှန်ပါဘုရား)

အခုတော့ ယောကျ်ား မိန်းမဆိုတဲ့ အကြမ်းစားနိမိတ်ကို၊ လှ-မလှ ခေါ်တဲ့ အကြမ်းစားနိမိတ်ကို လက်သဏ္ဌာန် ခြေသဏ္ဌာန် ခေါင်းသဏ္ဌာန် နှာ ခေါင်းသဏ္ဌာန် နှုတ်ခမ်းသဏ္ဌာန်စတဲ့ အသေးစိတ် အမှတ်အသားတွေကို ကြည့် ပြီးတော့ အဲဒီလို မြင်ရုံမြင်ပြီး နေလိုက‌တော့ဖြင့် အဲဒီ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကမ္မဋ္ဌာန်းသတိ ကင်းပျောက်သွားပါပြီဘုရား။ ဒီစကားဟာ အဋ္ဌကထာစကား မဟုတ်ဘူးနော်။ ပါဠိတော်စကား။ (မှန်ပါဘုရား)

မြတ်စွာဘုရားကလဲ ဒီအတိုင်းဘဲ သာဓု သာဓု ခေါ်ပြီးတော့ ပြန်ဟော တယ်။ (မှန်ပါဘုရား)

ဒီတော့ မာလုကျပုတ္တ မထေရ်ကြီး လျှောက်တဲ့စကားကို မြတ်စွာဘုရား က သာဓု ခေါ်ပြီးတော့ ဒီဂါထာအတိုင်းဘဲ ပြန်ဟောတော့ ဒီတရားဟာ ဘယ်သူဟောတာ ဖြစ်မလဲ။ (ဘုရားဟောတဲ့ တရား ဖြစ်ပါတယ် ဘုရား) ဘုရားဟောတဲ့ တရားဟုတ်လား။ (မှန်ပါဘုရား)

ဥပမာ ဆရာတော်ကြီး တပါးက ကိုရင်ကလေး တပါးကို စာရေးခိုင်း ပြီးတော့ အဲဒီ ဆရာတော်ကြီးက အောက်ကနေ လက်မှတ် ထိုးလိုက်တယ်၊ ဒါ ဘယ်သူ့စာလဲ။ (ဆရာတော်ကြီးစာပါဘုရား) ရေးတာက ဘယ်သူရေးတာ လဲ။ (ကိုရင်ကလေးပါဘုရား) အေး-ဒီအတိုင်းဘဲကွဲနော်။ (မှန်ပါဘုရား)

မာလုကျပုတ္တ မထေရ်ကြီးရွတ်တဲ့ ဒီဂါထာကိုဘဲ ဘုရားရှင်ကိုယ်တော်မြတ် က—"သာဓု သာဓု ချစ်သား မာလုကျပုတ္တ၊ ကောင်းလိုက်တာ ကောင်း လိုက်တာ"လို့ ပြန်ပြီးတော့ ဒီ ဂါထာအတိုင်းဘဲ ပြန်ဟောတော့ ဒီဂါထာ ဘယ်သူဟောတဲ့ ဂါထာဖြစ်သလဲ။ (ဘုရားဟောဂါထာ ဖြစ်ပါတယ်ဘုရား)

ဒါ ဘုရားတရားတော်။ (မှန်ပါဘုရား) ထူးကြီးဆရာတော် တရား မဟုတ် ဘူး။ (မဟုတ်ပါဘုရား)

"ရူပံ ဒိသွာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော"

ဘန္တေ၊ ဘုန်းတော်သခင် အရှင်မြတ်ဘုရား။ ရူပံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ ဒိသွာ၊ မြင်သည်ဖြစ်၍။ ပိယံ၊ ချစ်ခင်စုံမက် နှစ်သက်ဖွယ်ကောင်းသော။ နိမိတ္တံ၊ ယောကျ်ား၊ မိန်းမ လှ-မလှခေါ်တဲ့ အကြမ်းစားနိမိတ်ကို။ ဝါ၊ လက်သဏ္ဌာန် ခြေသဏ္ဌာန် ပြုံးဟန် ရယ်ဟန်စတဲ့ အသေးစိတ်အမှတ်အသားကို။ မနသိကရော-

တော၊ နှလုံးသွင်းပြီးတော့ ကြည့်ရှုနေသောသူ၏ သန္တာန်၌။ သတိ၊ ကမ္မဋ္ဌာန်းနဲ့ပတ်သက်တဲ့ သတိသည်။ မုဋ္ဌာ၊ ကင်းပျောက်၍သွားသည်။ ဟောတိ၊ ဖြစ်ပါတော့သည်ဘုရား။

အဲဒီ ပုဂ္ဂိုလ်မှာ ကမ္မဋ္ဌာန်းသတိ ဖြစ်သေးလား။ (မဖြစ်ပါဘူးဘုရား) ယောကျ်ား ပုံသဏ္ဌာန် မိန်းမ ပုံသဏ္ဌာန် လက်သဏ္ဌာန် ခြေသဏ္ဌာန်၊ ဒါ ယောကျ်ားတယောက် ကြည့်ပြီးတော့ ယောကျ်ားတယောက်ကိုမြင်နေတယ်လို့ ဒီလိုကြည့်ပြီးတော့ နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်ရဲ့ သဏ္ဌာန်မှာ ကမ္မဋ္ဌာန်းသတိဖြစ်သေးလား။ (မဖြစ်ပါဘူးဘုရား)

ကမ္မဋ္ဌာန်းကို မဖြစ်ဘူး။ပါဠိတော်က ပြောတာ။(မှန်ပါဘုရား)

လက်သဏ္ဌာန် ခြေသဏ္ဌာန်တွေ ကြည့်ပြီးတော့ နေပြန်ယင်လဲ အဲဒီပုဂ္ဂိုလ်ရဲ့ သဏ္ဌာန်မှာ ကမ္မဋ္ဌာန်းသတိ ရှိသေးရဲ့လား။(မရှိပါဘူးဘုရား)

အဲဒီလို ကမ္မဋ္ဌာန်း သတိမရှိတဲ့ ပုဂ္ဂိုလ်မှာ ဘယ်လိုဖြစ်တုန်းလို့ဆိုတော့—

"သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ"

ဘန္တေ၊ ဘုန်းတော်သခင် အရှင်မြတ်ဘုရား။ သော၊ ထို ကမ္မဋ္ဌာန်းသတိ မရှိတဲ့ ပုဂ္ဂိုလ်သည်။ တံ၊ ထို ရူပါရုံကို။ သာရတ္တစိတ္တော၊ ပြင်းစွာတပ်မက်သော စိတ်ရှိသည် ဖြစ်၍။ ဝေဒေတိ၊ လောဘမူစိတ်နဲ့ယှဉ်သော။ ဝါ၊ တဏှာကပ်သော ဝေဒနာဖြင့် ခံစား၍ နေ၏။

သာရတ္တ၊ တပ်မက်တဲ့စိတ်ဆိုတာ လောဘမူ တဏှာ ရာဂ စိတ်ကွဲ။ (မှန်ပါဘုရား) အဲဒီလောဘ တဏှာ ရာဂစိတ်နဲ့ ယှဉ်တဲ့ သာရတ္တစိတ်ကလဲ ဘယ်သွားတွဲသလဲ ဆိုတော့ ဝေဒေတိ၊ လောဘ တဏှာ ရာဂကပ်တဲ့ ဝေဒနာနဲ့ ခံစား၍ နေ၏။ သူ့ လောဘ တဏှာ ရာဂကပ်တဲ့ ဝေဒနာ ဖြစ်နေတယ်။

တဉ္စ၊ ထိုရူပါရုံကိုလည်း။ အဇ္ဈောသ၊ မျိုးမတတ် စွဲလမ်း၍။ တိဋ္ဌတိ၊ တည်လေတော့၏။

လောဘတင်မဟုတ်ဘူးကွဲ၊ ဥပါဒါန်ပါဝင်လာတယ်။ မျိုမတတ် စွဲလမ်းထားတယ်။ တဏှာ ဥပါဒါန်၊ ဒီတော့ ရူပါရုံကို မြင်ဆဲခဏမှာ ယောကျ်ား မိန်းမ လှ-မလှခေါ်တဲ့ အကြမ်းစား နိမိတ်ကိုရင်း၊ လက်သဏ္ဌာန် ခြေသဏ္ဌာန် ပြုံးဟန် ရယ်ဟန်စတဲ့ အသေးစိတ် အမှတ်အသားကိုရင်း ကြည့်ပြီးတော့ ရှုနေတဲ့ ပုဂ္ဂိုလ်မှာ ကမ္မဋ္ဌာန်းသတိ ဖြစ်သေးလား။ (မဖြစ်ပါဘူးဘုရား)

ကမ္မဋ္ဌာန်းသတိမဖြစ်တော့ သူဘာဖြစ်နေသလဲ။ ဒီ ရူပါရုံကို ပြင်းစွာ တပ်နှစ်သက်တဲ့ လောဘ၊ တဏှာ၊ ရာဂစိတ်နဲ့ ဝေဒနာ ခံစားနေတယ်။ (မှန်ပါဘုရား)

တဥ္စ၊ ထိုရူပါရုံကိုလည်း။ အဇ္ဈောသ၊ မျိုမတတ် စွဲလမ်း၍။ တိဋ္ဌတိ၊ တည်၏။ ဥပါဒါန်ဖြစ်တယ်။ တဏှာနဲ့ ဥပါဒါန် ဖြစ်နေတဲ့၊ ကမ္မဋ္ဌာန်းသတိ မဖြစ်ဘူးတဲ့။ (မှန်ပါဘုရား)

သေသေချာချာ ဂရုစိုက်ကြပါ။(မှန်လှပါဘုရား) ဘုန်းကြီး ကြိုးစားပြီးတော့ ဟောပေးနေတာနော်၊ သေသေချာချာ ဂရုစိုက်ကြစမ်းပါ၊ စဉ်းလဲစဉ်းစားကြစမ်းပါ။ (မှန်ပါဘုရား)

ကမ္မဋ္ဌာန်းသတိ မဖြစ်ဘူးတဲ့။ ဘာပြုလို့ ကမ္မဋ္ဌာန်းသတိ မဖြစ်သလဲ၊ မြင်တာကိုက ယောကျ်ားကို မြင်နေတယ်၊ မိန်းမကို မြင်နေတယ်၊ လက်သဏ္ဌာန် ခြေသဏ္ဌာန် ပြုံးဟန် ရယ်ဟန်စတဲ့ သဏ္ဌာန်ဒြပ်တွေကို မြင်နေသည်ဖြစ်သောကြောင့် အဲဒီ မြင်မှုကို နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်ဟာ ကမ္မဋ္ဌာန်းသတိ မဖြစ်ပါဘူးဘုရားတဲ့။ ကမ္မဋ္ဌာန်း သတိမဖြစ်တော့ "သာရတ္တစိတ္တော ဝေဒေတိ" ပြင်းစွာ တပ်မက်သောစိတ် ရှိသည်ဖြစ်၍ ဒီ အာရုံကို ခံစား၍နေ၏။ လောဘ၊ တဏှာ၊ ရာဂကပ်တဲ့ ဝေဒနာ။ (မှန်ပါဘုရား) တဥ္စ၊ ထိုရူပါရုံကိုလည်း။ အဇ္ဈောသ၊ မျိုမတတ် စွဲကပ်ပြီးတော့။တိဋ္ဌတိ၊ တည်လေတော့၏။

အဲဒီလို တဏှာနဲ့ ဥပါဒါန်နဲ့ ယှဉ်ပြီးတော့ သူဖြစ်နေပြီတဲ့။ ကမ္မဋ္ဌာန်း သတိတော့ သူ မဖြစ်တော့ဘူးတဲ့။ အဲဒီလို တပ်မက်နေယင် ကမ္မဋ္ဌာန်း သတိတော့ မဖြစ်တော့ပါဘူးဘုရားတဲ့။ ဒီ ရူပါရုံပေါ်မှာ တဏှာနဲ့ ဥပါဒါန် ဝင်နေပါတယ်တဲ့။(မှန်လှပါဘုရား) ကိလေသဝဋ်။

ဒီ တဏှာ ဥပါဒါန်နဲ့ ဒီရူပါရုံကို ကြည့်ချင်လိုက်တာ၊ ကြည့်ချင်လိုက်တာ၊ ကြည့်ချင်လိုက်တာ၊ ကိလေသာ၊ ဒီတော့ ကြည့်ရော ကမ္မဝဋ်။ မြင်လိုက်တော့ ဝိပါကဝဋ်တွေ ဖြစ်လာရော၊ ဝိပါကဝဋ် သူမသိဘူး။ (မှန်ပါဘုရား)သဘောကျပလားကွဲ့။ (ကျပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် ဝဋ်သုံးပါးက။ (မှန်ပါဘုရား)

အဲဒီလို ကိလေသာတွေ ဖြစ်လာပြီလို့ ဆိုတော့ လောဘတွေ ဖြစ်လာတယ်။ ကာမောဃကြီး ဖြစ်နေပြီ မဟုတ်လား။ (မှန်ပါဘုရား)လိုချင်နေပြီသူ။ အဲဒီ ကာမောဃ ဖြစ်လာတာနဲ့ တပြိုင်နက်ထဲ အဲဒီ ကာမောဃ ဘယ်မှာဝင်နေသလဲလို့ ဆိုတော့—

## ဝဋ်သုံးပါးနှင့် ဥပါဒါန်လေးပါး မြင်အာရုံ၌ ဖြစ်ပုံ

"ကာမောဃော စတူသု ဒိဋ္ဌိဂတသမ္ပယုတ္တေသု စိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇတိ" လို့ဆိုတော့ လောဘမူစိတ်ထဲက ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုမှာ အဲဒီ ကာမောဃက သွားဝင်တော့မယ်။ (မှန်ပါဘုရား)

ဒီတော့ ဒိဋ္ဌိဝင်မလာဘူးလား။ (ဝင်လာပါတယ်ဘုရား)တဏှာဒိဋ္ဌိဝင်လာပြီကွဲ့။(မှန်ပါ) တဏှာ ဥပါဒါန် ဒိဋ္ဌိသာ ဖြစ်နေပါတော့သည် ဘုရား။ ငါက သူ့ကိုမြင်တယ်၊ ငါမြင်တာ ငါမြင်တာ၊ ငါက သူ့ကို မြင်တယ်၊ ဒီလိုစွဲတယ်၊ ဒိဋ္ဌုပါဒါန်။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်။ အဲဒီ ရူပါရုံကို မရ ရအောင် နည်းမျိုးစုံနဲ့ လုပ်တော့ သီလဗ္ဗတုပါဒါန်တွေ ဖြစ်မကုန်ဘူးလားကွဲ့။ (ဖြစ်ပါတယ်ဘုရား)ဘယ်သူ့ဘို့လဲလို့ ဆိုတော့— ငါ့ဘို့ ငါ့ဘို့၊ အတ္တဝါဒုပါဒါန်။ကိလေသဝဋ်။ ကြည့်ချင်လိုက်ထာက လာတာ။ ကြည့်တာက ကမ္မဝဋ်က လာတာ။ နာမ်ရုပ်ကို ဝိပါကဝဋ်ကိုမဆင်ခြင်မိလို့ သတိလွတ်သွားသည် ဖြစ်သောကြောင့် ဒီလိုဖြစ်တာနော်။ (မှန်ပါဘုရား)

"တဿ ဝစုန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။"

မာလုကျပုတ္တ မထေရ်ကြီးက မြတ်စွာဘုရား၏ အကျဉ်းအားဖြင့် ဟောကြားသော တရားတော်ကို အကျယ်သိပုံ လျှောက်ထားတဲ့ ဂါထာကွဲ့။(မှန်ပါဘုရား) အဲဒီ ဂါထာကို ဘုန်းကြီးက အဋ္ဌကထာဖွင့် ဒုတိယနည်းအရ ဟောမယ်ကွဲ့။(မှန်ပါဘုရား)

တဿ၊ ထိုမြင်ဆဲခဏမှာ ယောကျ်ား မိန်းမ လှ- မလှကို ကြည့်ပြီး နှလုံးသွင်းနေသောကြောင့် ကမ္မဋ္ဌာန်းသတိ မပါသည်ဖြစ်၍ ရူပါရုံကို ပြင်းစွာတပ်မက်စွဲလမ်းပြီးတော့ ကြည့်ရှုနေသောသူ၏ သန္တာန်၌။ ရူပသမ္ဘဝါ၊အဆင်း ရူပါရုံလျှင် ဖြစ်ကြောင်းရှိကုန်သော။ အနေကာ၊ တပါးမက များလှစွာကုန်သော။ ဝေဒနာ စ၊ လောဘ တဏှာ ရာဂကပ်တဲ့ဝေဒနာတို့သည်၎င်း။ ဝါ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုနဲ့ ယှဉ်သော လောဘ တဏှာ ရာဂ ကပ်တဲ့ ဝေဒနာတို့သည်၎င်း။ (လောဘနဲ့ ယှဉ်တဲ့ ဝေဒနာတွေ) အဘိဇ္ဈာ စ၊သူတပါးတို့ရဲ့ စည်းစိမ်ချမ်းသာကို လိုချင် တောင့်တပြီးရှေးရှု ကြံစည်တယ် ဆိုတဲ့ အဘိဇ္ဈာ လောဘ တရားသည်၎င်း။ဝိဟေသာ စ၊မရလို့ ပင်ပန်းတယ် နှိပ်စက်တယ်လို့ ခေါ်တဲ့ ဒေါသ တရားတို့သည်၎င်း။ ဝစုန္တိ၊ တိုးပွား၍ နေကြပါကုန်တော့သည် ဘုရား။

မြင်တဲ့နေရာမှာ ရှုပ္ပွားပုံ နေရာမကျတော့ အဲဒါတွေ တိုးပွားနေတယ်။ (မှန်ပါဘုရား) သဘောကျရဲ့လားကွဲ့။ (ကျပါတယ်ဘုရား)

အဿ၊ ထိုသူ၏။ စိတ္တံ၊ စိတ်ကို။ အဘိဇ္ဈာ ဝိဟေသာဟိ၊ အဘိဇ္ဈာ ခေါ်တဲ့ လောဘ၊ ဝိဟေသာ ခေါ်တဲ့ ဒေါသတို့သည်။ ဥပဟညတိ၊ ညှဉ်းဆဲ၍ နေပါတော့သည် ဘုရား။ ဘန္တေ၊ ဘုန်းတော်သခင် အရှင်သူမြတ်ဘုရား။ဧဝံ၊ဤသို့။ ဒုက္ခံ၊ ဒုက္ခဝတ္ထု ဒုက္ခမှုကို။ အာစိနတော၊ ဆည်းပူး၍ နေသောသူမှ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပရမတ်ကို။ အာရာ၊ ဝေးကွာလှသည် ဟူ၍။ ဝုစ္စတိ၊ ဆိုရပါတော့သည် ဘုရား။

သာဓု—သာဓု—သာဓု

---

ရူပါရုံကလေးတွေ မြင်ပြီးတော့— ဟို ပုဏ္ဏောဝါဒသုတ္တန်မှာလေ—ဘာတွေ ဟောသလဲလို့ ဆိုတော့ အဲဒီလို အဆင်းမျိုးစုံ ရူပါရုံတွေကို ကြည့်ဆဲခဏ။ ဒီ ဂါထာ အဓိပ္ပာယ်တွေကို ရှင်းရှင်းကလေး ပြန်ပြောမယ်။ (မှန်ပါဘုရား)

မြတ်စွာဘုရား၊ အဆင်းရူပါရုံကို မြင်ဆဲခဏမှာ၊ ယောကျ်ား၊မိန်းမ လှမလှ အကြမ်းစားနိမိတ်၊ လက်သဏ္ဌာန် ခြေသဏ္ဌာန် ခေါင်းသဏ္ဌာန် နှာခေါင်း သဏ္ဌာန် မျက်လုံး မျက်ခုံး နှုတ်ခမ်း ပြုံးပုံ ရယ်ပုံစတဲ့ အသေးစိတ် အမှတ် အသားဖြစ်တဲ့ ဒီသဏ္ဌာန်အသွင် အပြင်တွေကို နှလုံးသွင်းပြီးတော့ ရှုနေတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ၊ မြင်နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ၊ ကမ္မဋ္ဌာန်းသတိ မရှိဘူးဘုရားတဲ့။ ကမ္မဋ္ဌာန်းမဖြစ်တော့ဘူးတဲ့။ အဲဒီပုဂ္ဂိုလ်။ အဲဒီလို ကမ္မဋ္ဌာန်း မဖြစ်တော့ ဘာတွေဖြစ်တုန်း။ ဒီ ရူပါရုံကို အကြောင်းပြုပြီးတော့ လောဘတွေ ဒေါသတွေ မောဟတွေ ဖြစ်လာပါတယ်ဘုရား။ ဒိဋ္ဌိတွေလဲ ဝင်လာပါတယ်ဘုရားတဲ့။ ဒိဋ္ဌိတွေ ဖြစ်နေတယ်။ အဲဒီလို ဝင်လာယင် ဒီ ပုဂ္ဂိုလ်ဟာ ကိလေသဝဋ်၊ ကမ္မဝဋ်တွေကို ဆည်းပူးနေကြတဲ့ ပုဂ္ဂိုလ် ဖြစ်သောကြောင့် အဲဒီ ပုဂ္ဂိုလ် နိဗ္ဗာန်နဲ့ ဝေးသွားပါပြီ ဘုရားတဲ့။ လိုက်လေ ဝေးလေ၊ လိုက်လေ ဝေးလေ၊ ရှင်းပလားကွဲ့။(ရှင်းပါတယ်ဘုရား)

အဲဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ၊ သမီးတွေ ဆိုတတ်အောင် ဒီဂါထာတော့ ရအောင်ကျက်နိုင်မှာ မဟုတ်ဘူး။ အချုပ်အနေနဲ့ ဘုန်းကြီးဆောင်ပုဒ်ကလေး ရှစ်လုံးဘွဲ့ကလေးတခု ရေးထားတယ်။အဲဒါလေး ဟောတဲ့အခါကျတော့ ရိုက်ပြီးတော့ ပရိသတ်ကို ဝေပါလိမ့်မယ်၊ ကိုတင်အောင်တို့က။ (မှန်လှပါဘုရား)

ဝဋ္ဋပိုင်းကို ပြန်ကြည့်။ ဒါဝဋ္ဋပိုင်း၊ လိုက်ဆိုရမယ်နော်။ (မှန်ပါဘုရား) ဒီ ဂါထာရဲ့ အလိုက်ကလေး။

မြင်ဆဲခဏ၊ ရှုကြ ပုံသွင်။
သတိကင်းပ၊ ရာဂတွေဝင်။
ဒိဋ္ဌိစွဲ၍၊ သူဘဲ ငါထင်။
နိဗ္ဗာန၊ ဝေးစွ ပုထုဇဉ်။

မြင်ဆဲခဏမှာ ယောကျ်ားပုံသဏ္ဌာန် မိန်းမပုံသဏ္ဌာန် လက်သဏ္ဌာန် ခြေသဏ္ဌာန်တွေကို ရှုနေမယ်ဆိုယင်တဲ့၊ အဲဒီပုဂ္ဂိုလ်မှာ သတိကင်းပ သွားပြီ တဲ့။ သတိကင်းပယင် ဘာတွေဝင်လာမလဲဆိုတော့ ရာဂတွေဝင်လာမယ်၊ လောဘတွေ ဒေါသတွေ မောဟတွေ ဝင်လာလိမ့်မယ်။ (မှန်ပါ ဘုရား) အဲဒီလို ရာဂလို့ဆိုတဲ့"သာရတ္တ"စိတ်ဝင်လာပြီဆိုယင် ဒိဋ္ဌိစွဲလာပြီတဲ့၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခုနဲ့ ယှဉ်တွဲသွားတယ်။ (မှန်ပါ ဘုရား)

ဒိဋ္ဌိစွဲတော့ ငါက သူကို မြင်တယ်လို့ ထင်သွားတယ်။ (မှန်ပါဘုရား) အဲဒီလို ထင်နေယင် ဒီပုဂ္ဂိုလ် နိဗ္ဗာန်နဲ့ဝေးသလား၊ နီးသလား။ (ဝေးပါတယ် ဘုရား) ဒါ ဝဋ္ဋပိုင်းကွဲ နော်။ (မှန်ပါ ဘုရား) အဲဒီလိုသာ ရှုပွား နေမယ်ဆိုယင်—ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဘုရား၊ ဒီပုဂ္ဂိုလ်မှာ၊ကိလေသာတွေဝင်ပြီးတော့ နိဗ္ဗာန်နဲ့ဝေး၍နေပါတော့သည်ဘုရား၊ ဝဋ္ဋသွားပြီမဟုတ်လား။ (မှန်ပါ ဘုရား) ငါထင် သူထင်ကတဲက ကိလေသဝဋ်ထဲ သွားတယ်၊ ဟုတ်လား။ (မှန်ပါ) ဒီတော့ ငါကြည့်လို့ကောင်းအောင် သူ ကြည့်လို့ကောင်းအောင်နဲ့ အလုပ်လုပ်တော့မယ် မဟုတ်လားလို့။ (မှန်ပါ ဘုရား) ကမ္မဝဋ်ထဲကိုသွားပြီ။ စွဲလို့လား၊ မစွဲလို့လား။ (စွဲလို့ပါဘုရား) စွဲတဲ့ အတွက် အဲဒီလို နှလုံးသွင်းလိုက်တော့ ဒီပုဂ္ဂိုလ် ဒုက္ခဝဋ္ဋ၊ ဒုက္ခဝဋ္ဋနဲ့လို့ ဆိုပြီး ဆည်းပူးသလား၊ မဆည်းပူးဘူးလား။ (ဆည်းပူးပါတယ် ဘုရား) နိဗ္ဗာန်နဲ့ ဝေးသလား၊ နီးသလား။ (ဝေးပါတယ် ဘုရား)

"ရူပံ ဒိသွာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။
တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ၊
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ"။

မြင်ဆဲခဏ ပုံသဏ္ဌာန် အသေးစိတ် အမှတ်အသားတွေကို ကြည့်ပြီး ရှုနေသည်ဖြစ်သောကြောင့် သတိလွတ်တယ်။ သတိလွတ်သည်ဖြစ်သောကြောင့် ရာဂတွေ ဝင်လာတယ်။ (ဝင်လာပါတယ် ဘုရား) ရာဂဝင်လာသည့်ဖြစ်သော

ကြောင့် ဒိဋ္ဌိစွဲလာတယ်။ ဒိဋ္ဌိစွဲသည်ဖြစ်သောကြောင့် ဒီပုဂ္ဂိုလ် ကိလေသဝဋ်ကမ္မဝဋ်တွေ ဝင်ပြီးတော့ ဘာနဲ့ဝေးသွားလဲ။ (နိဗ္ဗာန်နဲ့ ဝေးသွားပါတယ် ဘုရား) အဲဒါကြောင့်၊ ခုနင်က ဆောင်ပုဒ်ကလေး ပြန်ဆိုကြရမယ်။ (ပြန်ဆို)

မာလုကျပုတ္တမထေရ်ကြီး နားလည်သလို ပြန်လျှောက်တာနော်။ (မှန်ပါဘုရား) ဘာပြုလို့ နိဗ္ဗာန်နဲ့ ဝေးသွားသလဲလို့ ဆိုတော့ ဟိုပုဏ္ဏောဝါဒ သုတ္တန်မှာ—

"သန္တိ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊ တဉ္စေ ဘိက္ခု အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ။ တဿ တံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ၊ နန္ဒီ သမုဒယာ ဒုက္ခသမုဒယော ပုဏ္ဏာတိ ဝဒါမိ"[၁]

သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်မှာလဲ ပုဏ္ဏသုတ္တန်ဆိုပြီးတော့ ဒီပါဠိဘဲ ဟောထားပါတယ် နော်။ (မှန်ပါဘုရား)

ပုဏ္ဏ၊ ချစ်သားပုဏ္ဏ။ ဣဋ္ဌာ၊ ရှာမှီးအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွားစေတတ်ကုန်သော။ ပိယရူပါ၊ ချစ်ခင်နှစ်သက်ဖွယ် သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ လိုချင်မှုလိုလားမှုနှင့် စပ်ယှဉ်ကုန်သော။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဏ်ဖြင့် သိအပ်အပ်ကုန်သော။ ယေတေ ရူပါ၊ အကြင်အဆင်းမျိုးစုံ ရူပါရုံတို့သည်။ သန္တိ၊ ရှိကြလေကုန်၏။ ပုဏ္ဏ၊ ပုဏ္ဏ။ ဘိက္ခု၊ ရဟန်းသည်။ တံ၊ ထိုနှစ်သက်ဖွယ်ဖြစ်သော အဆင်းမျိုးစုံ ရူပါရုံကို။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ အဘိဝဒတိ၊ ကြည့်လို့ကောင်းတယ် ကြည့်လို့ကောင်းတယ် ရှုလို့ကောင်းတယ်လို့ နှုတ်က ပြောဆို၏။ အဇ္ဈောသာယ၊ မျိုမတတ်စွဲလမ်း၍။ တိဋ္ဌတိ၊ တည်၏။

ပုဏ္ဏ၊ ချစ်သားပုဏ္ဏ။ တံ၊ ထိုအဆင်းမျိုးစုံ ရူပါရုံကို။ အဘိနန္ဒနတော အလွန်နှစ်သက်၍နေသော။ အဘိဝဒတော၊ ကြည့်လို့ ကောင်းလိုက်တာလို့ စွဲလမ်းပြောဆိုသော။အဇ္ဈောသာယ၊ မျိုမတတ်စွဲလမ်း၍။ တိဋ္ဌတော၊ တည်၍နေသော။ တဿ၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌။ နန္ဒီ၊ နှစ်သက်ခြင်းဆိုတဲ့ တဏှာရာဂ နန္ဒီတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (ဘာဖြစ်နေသလဲ၊ နန္ဒီရာဂဖြစ်နေပြီကွဲ) နန္ဒီသမုဒယာ၊ နန္ဒီဆိုတဲ့ တဏှာ သမုဒယဖြစ်သောကြောင့်။ ဒုက္ခသမုဒယော တိ၊ ဒုက္ခဖြစ်ခြင်းဟူ၍။ ဝဒါမိ၊ ငါဘုရားဟောကြားတော်မူပေ၏။

---

၁။ ဥပရိပဏ္ဏာသပါဠိတော်၊ ၃၁၁။

ဒုက္ခဖြစ်၏။ ဝဋ္ဋက။ ဒီ ရူပါရုံကြည့်ပြီးတော့၊ ခုနင်ကပြောတဲ့ ပုံသဏ္ဌာန် အသွင်တွေ ကြည့်ပြီးတော့၊ "မြင်နေတယ်၊ မြင်နေတယ်" လို့ ဆိုပြီးတော့ နှလုံး သွင်းနေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သတိပျောက်ပြီးတော့ ရာဂတွေ ဒိဋ္ဌိစွဲတွေ ဝင်ပြီးသကာလ သူ့မှာ ဘာဝင်လာသလဲ၊ နန္ဒီဝင်လာတယ်။ (မှန်ပါဘုရား) နန္ဒီဝင်သည် ဖြစ်သောကြောင့်—

"နန္ဒိသမုဒယာ ဒုက္ခသမုဒယော ပုဏ္ဏာတိ ဝဒါမိ"

နန္ဒိသမုဒယာ၊ နန္ဒီဆိုတဲ့ သမုဒယသစ္စာဖြစ်သောကြောင့်။ ဒုက္ခသမုဒယော၊ ဒုက္ခသစ္စာတရား ခန္ဓာဖြစ်ပေါ်လာခြင်းသည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူ၏။ မြတ်စွာဘုရားက နေ၁်။(မှန်ပါဘုရား)

ဒါ ဝဋ်ပိုင်းကွဲ ဟုတ်လား။ (မှန်ပါဘုရား) သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ နှစ်ပါးကို ဟောလိုက်တော့ ဝဋ်ပိုင်း။ နန္ဒီသည် သမုဒယသစ္စာ ရာဂ။ ဒုက္ခ ခေါ်တဲ့ ခန္ဓာသည် ဒုက္ခသစ္စာ။ ကိုင်း—သံသရာလည်သလား၊ နိဗ္ဗာန်နဲ့ နီး သလား။ (နိဗ္ဗာန်နဲ့ဝေးသွားပါတယ်ဘုရား) ဘာဖြစ်လို့လဲ။ ပုံသဏ္ဌာန်အသွင် အပြင်တွေကိုကြည့်ပြီးတော့နေတဲ့အတွက် သတိ လွတ်သည်ဖြစ်သောကြောင့်။ (မှန်ပါဘုရား) ရာဂတွေဝင်။ ရာဂဝင်တော့ ဒိဋ္ဌိတွေ ခို။ ဒိဋ္ဌိ ခိုလာတော့ နန္ဒီတွေဝင်။ နန္ဒီဝင်လာတော့ သူလို့ ငါလို့ထင်၊ ခန္ဓာငါးပါး အစဉ်ပြန်ပြီး တော့ဖြစ်တယ်။ (မှန်ပါဘုရား) ဒီတော့ နိဗ္ဗာန်ဝေးသလား၊ နီးသလား။ (ဝေး ပါတယ်ဘုရား) မြင်ဆဲခဏ၊ ရှုကြပုံသွင်—ကဗျာပြန်ဆို။

ဒါရှင်းပြီနေ၁်။(မှန်ပါဘုရား) ဒါ ဝဋ်ပိုင်း။ ဝဋ်ပိုင်းကို နားလည်ပြီးတော့ မာလုကျပုတ္တကြီး ဝဋ်ပိုင်းကို နားလည်သလို ဝဋ်မှ ထွက်မြောက်တဲ့ ဝိဝဋ္ဋပိုင်း ကိုလဲ သူနားလည်တယ်။ (မှန်ပါဘုရား) မြင်ဆဲခဏမှာ ဒါ ဝဋ်လည်တယ်။ (မှန်ပါဘုရား) ဝိဝဋ္ဋပိုင်းကို သူနားလည်ပုံကို ဘုန်းတော်သခင် သဗ္ဗညု ရှင် တော်မြတ်ဘုရားကို တဆင့် သူပြန်ပြီးတော့ လျှောက်ပြန်ပြီ။ဘယ့်နှယ်လျှောက် တုန်း။

"န သော ရဇ္ဇတိ ရူပေသု၊ ရူပံ ဒိသွာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နဇ္ဈောသ တိဋ္ဌတိ။
ယထာဿ ပဿတော ရူပံ၊ သေဝတော စာပိ ဝေဒနံ။
ခီယတိ နော ပစီယတိ၊ ဧဝံ သော စရတိ သတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ"

(ဒီလိုလျှောက်တယ်)

ဘန္တေ၊ ဘုန်းတော်ရှောင်ဝန်း ထွန်းလင်း တောက်ပတော်မူသော အို သဗ္ဗညုရှင်ဘော်မြတ်ဘုရား။ ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်သို့သော ပုဂ္ဂိုလ်သည်။ ရူပံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ ဒိသွာ၊ မြင်ရသည်ဖြစ်၍။ ပဋိသံ- ဝေဒေတိ၊ ထင်သောသတိရှိသည်။ ဟောတိ၊ ဖြစ်၏။

ရုပ်တရားလို့ သတိကပ်ထား။ ဘာလို့သတိကပ်ရမလဲ။(ရုပ်တရားလို့ သတိကပ် ရမယ်ဘုရား) ပုဂ္ဂိုလ်လို့လဲ သတိမကပ်ဘူး။ အမျိုးသားလို့လဲ သတိမကပ်ဘူး။ အမျိုးသမီးလို့လဲသတိမကပ်ဘူး။ သဏ္ဌာန် အသွင်အပြင်လို့လဲ သတိမကပ်ဘူး။ ရုပ်တရားလို့ သတိကပ်ထား တယ်။

ရူပံ၊အဆင်းမျိုးစုံ ရူပါရုံကို။ ဒိသွာ၊ မြင်ရသည်ဖြစ်၍။ ပဋိဿတော၊ ထင် သောသတိရှိသည်။ ဟောတိ၊ ဖြစ်၏။သော၊ ထိုထင်သောသတိရှိသော ပုဂ္ဂိုလ် သည်။ရူပေသု၊ အဆင်းမျိုးစုံ ရူပါရုံတို့၌။ န ရဇ္ဇတိ၊ မတပ်မက်တော့ပါဘုရား။

ရုပ်လို့သိနေတဲ့ပုဂ္ဂိုလ် တပ်မက်ခွင့်ရသေးသလား။ (မရတော့ပါဘူးဘုရား) ဘာပြုလို့ မတပ်မက်သလဲ။ရုပ်ဆိုတာဖြစ်ပေါ်ပြီးနောက် ချက်ချင်း ပျောက်ပြီး၊ ဖြစ်ပေါ်ပြီး ဘာဖြစ်သလဲ။ (ချက်ချင်း ပျောက်ပါတယ်ဘုရား)

## "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"မှာ ဝေဒနာဖြစ်ပေါ်လာပုံ

ဥပရိပဏ္ဏာသပါဠိတော်မှာ ဘာ ဟောထားသလဲ ဆိုတော့—"မြင်" ဆိုတဲ့ နေရာမှာ ဘာတွေ ပါလာပြန်သလဲဆိုတော့–"ဒိဋ္ဌေ ဒိဋ္ဌမတ္တ"မှာနော်။(မှန်ပါ ဘုရား) ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက—

> "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခ- မသုခံ ဝါ"တိ။

ချစ်သားတို့၊ စက္ခုပသာဒရုပ်လို့ဆိုတဲ့ ရုပ်တရားနဲ့ ရူပါရုံနဲ့ ဆုံတဲ့အခါကာ လမှာ စက္ခုဝိညာဏ်ဆိုတဲ့ တရားလုံးလေး ပေါ်လာတယ်။ အဲဒီ စက္ခုဝိညာဏ် ခေါ်တဲ့ တရားလုံးလေး ပေါ်လာတော့ တရားသုံးခု ပေါင်းဆုံမိဘာနဲ့ တပြိုင် နက်ထဲ အာရုံ အာရမ္မဏိက ပေါင်းဆုံမိတော့ ဖဿဆိုတဲ့တရား ဖြစ်ပေါ်လာ တယ်ကွဲ။ (မှန်ပါဘုရား) ဖဿပေါ်လာတော့ ဝေဒနာဝင်လာတော့တယ်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခ မသုခဝေဒနာ အခုနင်က ပိယနိမိတ်လို့ ခေါ်တဲ့ ယောကျ်ား မိန်းမ လှ-မလှဆိုတဲ့ အကြမ်းစားနိမိတ်တွေ ကြည့်နေ တော့ လှတဲ့ အာရုံကလေးတွေလာတော့ သောမနဿဝေဒနာ၊ ဘာဝေဒနာ တုန်းကွဲ။ (သောမနဿဝေဒနာပါဘုရား) သုခဝေဒနာ။(မှန်ပါဘုရား) ဟို မလှတဲ့အာရုံကြီး မြင်လိုက်ရပြန်တော့ ဘာဝေဒနာတုန်း။ (ဒုက္ခဝေဒနာပါ

ဘုရား) အမှတ်တမဲ့ အာရုံပြုလိုက်ပြန်တော့။ (ဥပေက္ခာဝေဒနာပါဘုရား) ဥပေက္ခာဝေဒနာလို့ ဟောဒီနေရာမှာ နာမ်ရုပ်ကိုအခြေခံလိုက်ယင် ဟောဒီ ဝေဒနာဟာ ပါလာတယ်။

## "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"မှာ အနုသယ ကိန်းဝပ်ဖြစ်ပေါ်လာပုံ

အဲဒီလို နာမ်ရုပ်ကို အခြေခံလို့ ဝေဒနာပါလာတော့ သုခ ဝေဒနာနဲ့တော့ ဘာဖြစ်တုန်း၊ ဝဋ္ဋပိုင်းမှာ။ ဒုက္ခဝေဒနာနဲ့တော့ ဘာဖြစ်တုန်း၊ အဒုက္ခမသုခ ဝေဒနာနဲ့ တွေ့တော့ ဘာတွေ ဖြစ်သာသလဲလို့ ဆိုတော့ ဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်က—

> "သုခါယ ဘိက္ခဝေ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော အနုသေတိ"

ကြည့်ကောင်းတယ် ကြည့်ကောင်းတယ်နဲ့ "အဇ္ဈောသာယ တိဋ္ဌတိ"ဖြစ်နေပြီ မဟုတ်လား။ မာလုကျပုတ္တ သုတ္တန်မှာ "သာရတ္တစိတ္တော ဝေဒေတိ" ကြည့်ကောင်းတယ်ဆိုတဲ့ ဝေဒနာနဲ့ကို ခံစားနေတယ် မဟုတ်လား။ (မှန်လှပါဘုရား) အဲဒီ ကြည့်ကောင်းတယ်ဆိုတဲ့ ဝေဒနာနဲ့ သာရတ္တစိတ္တော၊ တပ်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ ဝေဒေတိ၊ သုခဝေဒနာနဲ့ကို ခံစားနေတယ်။ဒီတော့ ဒိဋ္ဌိလ် ဘာ၁ ဝေဒနာနဲ့ တွေ့နေတုန်းကွဲ့။(သုခဝေဒနာနဲ့ပါဘုရား)

သုခဝေဒနာနဲ့ တွေ့နေဆဲအခိုက်မှာ ဒီပုဂ္ဂိုလ် ဘာဖြစ်ခနေတုန်း။ (ရာဂ ဖြစ်နေပါတယ်ဘုရား) "သုခါယ ဘိက္ခဝေ"

ဘိက္ခဝေ၊ ချစ်သားတို့။ သုခါယ၊ သုခဖြစ်သော။ ဝေဒနာယ၊ဝေဒနာနှင့်။ ဖုဋ္ဌော၊ တွေ့နေသည်။ သမာနော၊ ဖြစ်သည်ရှိသော်။ဘာဝေဒနာနဲ့ တွေ့သလဲ။ (သုခဝေဒနာနဲ့ပါ ဘုရား) ဘယ်မှာတွေ့သလဲ။ (မြင်ဆဲခဏမှာပါ ဘုရား)

မြင်ဆဲခဏမှာ ဟုတ်ပြီ။ ဘယ်သူနဲ့ တွေ့သလဲ။ (သုခဝေဒနာနဲ့ပါဘုရား) သုခ ဝေဒနာနဲ့ ဘယ်သူနဲ့ တွေ့သလဲ၊ ဒိဋ္ဌိစွဲဝင်လာသည် ဖြစ်သောကြောင့် ငါနဲ့တွေ့ တယ်လို့ သူက ပြောတယ်။ (မှန်ပါဘုရား) ဝဋ္ဋပိုင်းမှာ။ (မှန်ပါ)

အဲဒီလို သုခဝေဒနာနဲ့ ဖုဋ္ဌော၊ တွေ့သည်။ သမာနော၊ ဖြစ်သည်ရှိသော်။ အဘိနန္ဒတိ၊ အလွန် နှစ်သက်၏။ သိပ်နှစ်သက်နေတယ်။ ဒီရူပါရုံကို သူ့ မျက်လုံး ဒီရူပါရုံကနေပြီး တခြားကို မပြောင်းဘူး။(မှန်ပါ) အဘိဝဒတိ၊ ကြည့်လို့ ကောင်းလိုက်ထာ ကြည့်လို့ကောင်းလိုက်ထာလို့ နှုတ်ကပြောဆို၏။အဇ္ဈောသာယ၊မျိုမတတ် စွဲလမ်း၍။ တိဋ္ဌတိ၊ တန်းတန်း စွဲတည်၏။ ဒီ ရူပါရုံပေါ်မှာ တည်၍ နေလေတော့၏။

## သုခဝေဒနာနှင့် ရာဂါနုသယ

ဟုတ်လား။ (မှန်ပါဘုရား)ဒီဝေဒနာ။ "သာရတ္တစိတ္တော ဝေဒေတိ" အရ ပြောနေတာ။ ပြင်းစွာ တပ်မက်တဲ့ အနေနဲ့ ပြောနေတာ။ "သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသာ တိဋ္ဌတိ"မှာ အဲဒီ သုခဝေဒနာနဲ့ တွေ့နေယင် အဲဒီ ပုဂ္ဂိုလ်သန္တာန်မှာ ဘာဖြစ်နေသလဲလို့ ဆိုတော့ တဿ ရာဂါနုသယော အနုသေတိ။ တဿ၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌။ ရာဂါနုသယော၊ ရာဂါနုသယ သည်။အနုသေတိ၊ ဖြစ်ခွင့်သင့်သော အကြောင်းကို ရသည်ဖြစ်သောကြောင့် ဖြစ်ပေါ်၍နေ၏။

ရာဂါနုသယ နေ၁်။(မှန်ပါ) ဝဋ္ဋပိုင်းမှာ။ ဒီ ပုဂ္ဂိုလ် ဘာဖြစ်နေတုန်း၊ သူ့မှာ ရာဂါနုသယတွေ ကိန်းနေတယ်။ ရာဂါနုသယဖြစ်နေပြီ။ ဟုတ်လား။ (မှန်ပါဘုရား) "အနုသေတိ အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇတိတိ အတ္ထော"လို့ ဋီကာများက ပြောထားတာရှိတယ်။(မှန်ပါဘုရား) သင့်လျော် သော အကြောင်းကို ရသည်ဖြစ်သောကြောင့် သူဟာ ရာဂဖြစ်တယ်။ သင့် လျော်တဲ့ အကြောင်းတွေက ဘာတွေလဲလို့ဆိုတော့ ရူပါရုံကို မြင်တဲ့အခါမှာ သတိတွေလွှတ်ပြီးတော့ ယောကျာ်း၊မိန်းမ လှ-မလှ ခေါ်တဲ့ အကြမ်းစား နိမိတ်တွေကို မြင်နေတယ်၊ မြင်နေတယ်လို့ လုပ်နေမှုဘဲ။ (မှန်ပါဘုရား)

အဲဒီတော့ ရာဂါနုသယ ဖြစ်နေပြီ၊ ဒီ ပုဂ္ဂိုလ် ဘယ်လိုလုပ်မလဲ၊ ရာဂါနု-သယဖြစ်ပြီဆိုတော့ ဝဋ္ဋ ဖြစ်ပြီဟုတ်လား သူ။(မှန်ပါဘုရား) အဲဒါ ဝဋ္ဋ။

## ဒုက္ခဝေဒနာနှင့် ပဋိဃာနုသယ

ကဲ ကြည့်လို့မကောင်းဘူးဆိုတဲ့ဒုက္ခဝေဒနာနဲ့ တွေ့ပြန်တော့ကော ဝိဟေသ လို့ခေါ်တဲ့ ဒေါသဖြစ်လာတယ်မဟုတ်လား။(မှန်ပါဘုရား) ဒေါမနဿ ဒုက္ခ ဝေဒနာ။ သူ ဒုက္ခဝေဒနာနဲ့ တွေ့ပြန်တယ်။ ဒုက္ခဝေဒနာက ပြေးကပ်တော့ ကော သူသက်သာပါ့မလား။ (မသက်သာပါဘူးဘုရား)

> "ဒုက္ခာယ ဘိက္ခဝေ ဝေဒနာယ ဖုဋ္ဌော သမာနော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ၊ တဿ ပဋိဃာနုသယော အနုသေတိ"

မြင်ဆဲခဏမှာ ပဋိဃာနုသယ ဖြစ်ပြန်ရော။ဘိက္ခဝေ၊ ချစ်သားတို့။ဒုက္ခာယ၊ ဒုက္ခဝေဒနာနှင့်။ဖုဋ္ဌော၊ တွေ့သည်။ သမာနော၊ ဖြစ်သည်ရှိသော်။ သောစတိ၊ စိုးရိမ်၍လာ၏။ ကိလမတိ၊ ပင်ပန်း၍လာ၏။ ပရိဒေဝတိ၊ ငိုကြွေး၍လာ၏။ ဥရတ္တာဠိံ၊ ရင်လက်ခတ်တီး။ ကန္ဒတိ၊ မြည်တမ်း၍ လာ၏။

ဘုန်းကြီးတို့ ပရိသတ် မြင်ဘူးကြပါလိမ့်မယ်၊ ဟုတ်လား။ (မှန်ပါဘုရား) ပြီးတော့ ဘာဖြစ်သွားလဲ။ သမ္မောဟံ၊ တွေဝေမိန်းမောခြင်းသို့။အာပဇ္ဇတိ၊ ရောက်၏။ မေ့မြောပြီးတော့ တက်ချက်ပြီးတော့ အမလေး ဖြစ်သွားကြတာ တွေ့ဘူးကြတယ် မဟုတ်လား။(တွေ့ဘူးပါတယ်ဘုရား)ဘယ်နေရာမှာ တွေ့ဘူးလဲ။အဲဒီလိုဖြစ်နေတဲ့ ပုံစံတွေကိုသင်းချိုင်းကုန်းသွားကြည့်ယင် မတွေ့ဘူးလား။ (တွေ့ပါတယ်ဘုရား) အသုဘ ချလာယင် အမလေး– မေ့မြောပြီးတော့– အဖေရဲ့ အဖေရဲ့ အောင်ဝို၊ ရင်လက်ခတ်တီးပြီး သူ ဘာနဲ့တွေ့နေသလဲ။ မြင်နေရတာက ဖအေအလောင်းမြင်နေရတာကိုး။ (မှန်လှပါဘုရား) အမလေး ဖြစ်မှ ဖြစ်ရလေခြင်း အဖေရဲ့ အဖေရဲ့နဲ့ဆိုပြီးတော့- ဟုတ်လား။(မှန်ပါ ဘုရား) တက်ကရော မဟုတ်လား။

သမ္မောဟံ အာပဇ္ဇတိ၊ တွေဝေ မိန်းမောခြင်းသို့ ရောက်၍သွား၏။ ဘာနဲ့ တွေ့လို့ ရောက်သလဲ၊ ဒုက္ခဝေဒနာနဲ့တွေ့လို့ ရောက်ထာ။ (မှန်ပါဘုရား) ဒါဖြင့် ဒီ ပုဂ္ဂိုလ်သန္တာန်မှာ ဘာတွေ ဖြစ်နေလဲဆိုတော့—

တဿ ပဋိဃာနုသယော အနုသေတိ။ တဿ၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌။ ပဋိဃာနုသယော၊ ဒေါသကို ဖြစ်စေတတ်တဲ့ မျိုးစေ့သဖွယ်ဖြစ်သော ပဋိဃာနု- သယသည်။ အနုသေတိ၊ ဖြစ်ခွင့်သင့်သော အကြောင်းကို ရသည်ဖြစ်သော ကြောင့် ဖြစ်ပေါ်၍နေ၏။

ပဋိဃာနုသယဖြစ်နေပြီ။ (မှန်ပါ ဘုရား) သုခဝေဒနာနဲ့တွေ့တော့ ဘာဖြစ် တုန်း၊ ရာဂ။ ဒုက္ခဝေဒနာနဲ့ တွေ့တော့၊ ပဋိဃ။ (ပဋိဃာနုသယပါဘုရား) ကိုင်း အဲဒီနေရာမှာ—

"သုခါယ ဘိက္ခဝေ ဝေဒနာယ ရာဂါနုသယော ပဟာတဗ္ဗော"

ချစ်သားတို့၊ သုခဝေဒနာနဲ့ တွေ့ယင် ရာဂကို ပယ်ပစ်ပါတဲ့။ သုခဝေဒနာ ဘာလုပ်ရမလဲဆိုတော့ သုခဝေဒနာ ပရိညာတာ-ပိုင်းခြား၍ သိပါ၊ ဒုက္ခ သစ္စာ။ ဝိပရိဏာမ ဒုက္ခ။ (မှန်ပါဘုရား) ဝိပဿနာ ရှုကွက်ဘဲ၊ ဒါ။ (မှန်ပါ ဘုရား)

"ဒုက္ခာယ ဘိက္ခဝေ ဝေဒနာယ ပဋိဃာနုသယော ပဟာတဗ္ဗော"

ချစ်သားတို့၊ ဒုက္ခဝေဒနာမှာ ပဋိဃာနုသယကို ပယ်ပါတဲ့။ ဒုက္ခဝေဒနာ ကျတော့ ပိုင်းခြားသိပါ။ ပရိညာ ဟုတ်လား။(မှန်ပါ ဘုရား) ဒုက္ခ ဒုက္ခ ဒုက္ခ သစ္စာ၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီလို သိလာယင် ဟို ပဋိဃာနုသယက သူက ဘယ်သွားလဲ၊ ဟုတ်လား။ (မှန်ပါဘုရား)

## ဥပေက္ခာဝေဒနာနှင့် အဝိဇ္ဇာနုသယ

စက္ခုဝိညာဏ်စိတ်မှာကိုက ဥပေက္ခာဝေဒနာက ပါပြီးသားကွဲ။ (မှန်ပါဘုရား) ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ် ဆိုကတည်းကိုက ဥပေက္ခာဝေဒနာနဲ့ ယှဉ်နေတယ်။ ဘယ်လောက် သိမ်မွေ့သလဲလို့ဆိုတာ ကြည့်ကွဲ။(မှန်လှပါဘုရား) ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်သော စက္ခုဝိညာဏ်စိတ်ကွဲ။(မှန်ပါဘုရား)ဥပေက္ခာသဟဂတံ၊ (သင်္ဂြိုဟ်မှာ)ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်ဇင်း၊ ဟုတ်လား။ (မှန်ပါ)ဒီတော့ စက္ခုဝိညာဏ်စိတ်မှာ ဥပေက္ခာ၊ အဲဒီ ဥပေက္ခာဝေဒနာပါလာပြန်တော့ ဘာဖြစ်လာသလဲဆိုတော့—

> "အဒုက္ခမသုခါယ ဘိက္ခဝေ ဝေဒနာယ တာသံ ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ နပ္ပဇာနာတိ။ တဿ အဝိဇ္ဇာနုသယော အနုသေတိ။"

မြင်ဆဲခဏမှာ၊ ဟုတ်လား။(မှန်ပါ) "ရူပံ ဒိသွာ သတိမုဋ္ဌာ ပိယံ နိမိတ္တံ မနသိကရောတော" ပိုင်းမှာ အဲဒါတွေ အကုန် ဝင်လာလိမ့်မယ်။ ဥပေက္ခာ နေ၁်။ (မှန်ပါ) အဲဒီ ဥပေက္ခာ ဝေဒနာ၏။ သမုဒယဉ္စ၊ ဖြစ်ခြင်းကိုဇင်း။ အတ္ထင်္ဂမဉ္စ၊ ချုပ်သုံး ပျက်စီးခြင်းကိုဇင်း။ ဥပေက္ခာဝေဒနာ ဖြစ်တာလဲမသိ၊ ဥပေက္ခာဝေဒနာနဲ့ ကုန်ပျက်သွားတာလဲ မသိ၊ ဟုတ်လား။ (မှန်ပါဘုရား) အဿာဒဉ္စ၊ သာယာဘွယ်ကိုလဲ မသိ။ အာဒီနဝဉ္စ၊ ဥပေက္ခာဝေဒနာရဲ့ အပြစ်ကိုလည်း မသိ။ နိဿရဏဉ္စ၊ ဥပေက္ခာဝေဒနာမှ ထွက်မြောက်ရာကိုလည်း။ နပဇာနာတိ၊ မသိ။ တဿ၊ ထို ပုဂ္ဂိုလ်၏ သန္တာန်၌။ အဝိဇ္ဇာနုသယော၊ အဝိဇ္ဇာနုသယသည်။ အနုသေတိ၊ ဖြစ်ခွင့်သင့်သော အကြောင်းကို ရသည်ဖြစ်သောကြောင့် ဖြစ်ပေါ်နေ၏။ အဝိဇ္ဇာနုသယ။ (မှန်ပါ)

## ဝဋ်သုံးပါး လည်ပတ်နေပုံ

ဒီတော့ မြင်ဆဲခဏမှာ ယောကျ်ားမိန်းမ လှ မလှခေါ်တဲ့ အကြမ်းစား နိမိတ်ကို၊ လက်သဏ္ဌာန် ခြေသဏ္ဌာန် ပြုံးဟန် ရယ်ဟန်စတဲ့ အခသေးစိတ်အမှတ်အသား အသွင်အပြင် ပုံသဏ္ဌာန်တွေကို ကြည့်ရှုပြီးတော့ နေလို့ သတိလွတ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သာရဇ္ဇစိတ်နဲ့ "ဝေဒေတိ"ဝေဒနာ ခံစားနေတယ်ဆိုတဲ့ သာရဇ္ဇစိတ်ရဲ့ ပြင်းစွာတပ်မက်တဲ့စိတ်နဲ့ "ဝေဒေတိ" လောဘ တဏှာ ရာဂ ကပ်တဲ့ ဝေဒနာနဲ့ ခံစားတယ်ဆိုတော့၊ "သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ"သောမနဿဝေဒနာနှင့်တကွဖြစ်သော ဒိဋ္ဌိနှင့်ယှဉ်တဲ့ ဝေဒနာလို့ လောဘ တဏှာ ရာဂ ဒိဋ္ဌိကပ်တဲ့ ဝေဒနာကြီး ခံစားနေတယ်။ (မှန်ပါဘုရား)

အဲဒီလို လောဘ တဏှာ ရာဂ ဒိဋ္ဌိကပ်တဲ့ ဝေဒနာကြီးခံစားနေသည် ဖြစ်သောကြောင့် ဒိဋ္ဌိနဲ့ ယှဉ်တွဲနေတဲ့အတွက် ဒီ အမျိုးကောင်းသားမှာ၊ ဒီရှုနေတဲ့ ပုဂ္ဂိုလ်မှာ ယောကျာ်း မိန်းမ လှ မလှ အကြမ်းစား နိမိတ် လက်သဏ္ဌာန် ခြေသဏ္ဌာန်ကို ရှုနေတဲ့ ပုဂ္ဂိုလ်မှာ ဒီဝေဒနာတွေ ဝင်လာယင်၊ အဲဒီဝေဒနာရဲ့ နောက်ပိုင်းမှာ သုခဝေဒနာ ဝင်လာပြန်တော့လဲ ရာဂါနုသယ၊ ဒုက္ခဝေဒနာ ဝင်လာပြန်တော့လဲ ပဋိဃာနုသယ၊ ဥပေက္ခာဝေဒနာ ဝင်လာပြန်တော့ အဝိဇ္ဇာနုသယ။

သော ဝတ ဘိက္ခဝေ။ (လည်ပုံကွဲ—နော်)

"သော ဝတ ဘိက္ခဝေ ရာဂါနုသယ သုခါယ ဝေဒနာယ ရာဂါနုသယံ အပ္ပဟာယ ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယံ အပ္ပဋိဝိနောဒေတွာ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယံ အပ္ပဟာယ၊ ဝိဇ္ဇံ အနုပ္ပါဒေတွာ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတီတိ နေတံ ဌာနံ ဝိဇ္ဇတိ"

ချစ်သားတို့၊ သုခဝေဒနာမှာ ရာဂါနုသယကို မပယ်ဘဲနဲ့ ဒုက္ခဝေဒနာမှာ ပဋိဃာနုသယကို မပယ်ဖျောက်ပဲနဲ့၊ ဥပေက္ခာဝေဒနာမှာ အဝိဇ္ဇာနုသယကို မပယ် မနှုတ်မူ၍ ရုပ်နာမ်ကိုမြင်တဲ့ ဝိဇ္ဇာဉာဏ်ကို မဖြစ်စေဘဲ ဒုက္ခ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်တယ်လို့ဆိုတာ လောကမှာ ငါဘုရားက ရှိတယ်လို့ ဟောတော်မမူ၊ နိဗ္ဗာန်နဲ့ ဝေးတယ်လို့သာ ဟောတော်မူ၏။ (မှန်ပါဘုရား) ဝဋ္ဋ၊ ဟုတ်ပလားကွဲ။ (မှန်ပါဘုရား)

ဒါကြောင့်— ဆိုရမယ်နော်။ (မှန်ပါဘုရား)

မြင်ဆဲခဏ၊ ရှုကြပုံသွင်။
သတိကင်းပ၊ ရာဂတွေစင်။
ဒိဋ္ဌစွဲ၍၊ သူ့ဘဲ ငါထင်။
နိဗ္ဗာန၊ ဝေးစွာ ပုထုဇဉ်။

"ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ"

ဘန္တေ၊ ဘုန်းတော်သခင် အရှင်မြတ်ဘုရား။ ဧဝံ၊ ဤသို့ဟောခဲ့ပြီးသော ဒေသနာတော် အစဉ်အားဖြင့်။ ဒုက္ခံ၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတွေကို။ အာစိနတော၊ ဆည်းပူး၍ နေသောသူမှ။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အာရာ၊ ဝေးကွာလှ၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါတော့သည်ဘုရား။

သာဓု—သာဓု—သာဓု—

ဝင်္ဂပိုင်းပြီးတော့ မာလုကျပုတ္တမထေရ်ကြီး ဘာပြန်လျှောက်တုန်း၊ဝင်္ဂပိုင်းကို ဘုရားတပည့်တော် ဒီလို နားလည်ပါတယ်ဘုရားလို့ လျှောက်တော့ သုံးလောကထွင့်တင် သဗ္ဗညုမြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက—

"သာဓု သာဓု မာလုကျပုတ္တ၊ သာဓု ခေါ တွံ မာလုကျပုတ္တ မယာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနာသိ။"

ချစ်သား မာလုကျပုတ္တ၊ မှန်လိုက်တာ၊ မှန်လိုက်တာ၊ ဘာင်ချစ်သား လျှောက်ထားတဲ့စကား မှန်လိုက်တာ၊ ငါဘုရား အကျဉ်းချုပ်ဟောတာကို သင်ချစ်သား ဒီလို အကျယ်ဝေဘန်၍ သိစွမ်းနိုင်ပါပေတယ်လို့ ချီးမွမ်းစကား မိန့်ကြားတော်မူလိုက်ပါပေ၏။

ဒီဂါထာ ဘယ်သူ့ဂါထာ ဖြစ်တုန်းကွဲ။ (ဘုရားဂါထာပါ ဘုရား)ဒီတော့ ဘုရားကလဲ ပြန်ဟောတယ်—

"ရူပံ ဒိသွာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။
တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။"—

လို့ ဒီဂါထာဘဲ ဘုရားက ပြန်ဟောလိုက်တယ်။ (မှန်ပါဘုရား) ဟိုပါဠိတော်မှာတော့ ဝင်္ဂပိုင်းချည်း ဂါထာတွေ သက်သက်စီထားတယ်။ ပြီးတော့မှ ဝိဝင်္ဂပိုင်းက သက်သက်။ ဘုန်းကြီးကတော့ ဒီမှာ စပ်ပြီးတော့ ဟောမယ်။ (မှန်ပါဘုရား) ဝိဝင်္ဂပိုင်းသွားရအောင်—

## "ဒိဋ္ဌမတ္တ"၌ ဝေဒနာဖြစ်သော်လည်း တဏှာ မဖြစ်၍ ဝဋ်သုံးပါး ပြတ်စဲပုံ

ဝင်္ဂပိုင်းကို ဘုရားတပည့်တော် ဒီလိုနားလည်ပြီးတော့ ဝိဝင်္ဂပိုင်းကို ဘယ်လိုနားလည်သလဲလို့ဆိုတော့ တခါပြန်ကြည့်၊ ဝိဝင်္ဂပိုင်း နားလည်ပုံ—

"န သော ရဇ္ဇတိ ရူပေသု၊ ရူပံ ဒိသွာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နာဇ္ဈောသ တိဋ္ဌတိ။
ယထာဿ ပဿတော ရူပံ၊ သေဝတော စာပိ ဝေဒနံ။
ခီယတိ နော ပစီယတိ၊ ဧဝံ သော စရတိ သတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ"။

မာလုကျမထေရ်ကြီးက ဒီအတိုင်း ပြန်လျှောက်တယ်၊ ဝိဝင်္ဂပိုင်း။ (မှန်ပါဘုရား)

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင် အို—သဗ္ဗညုရှင်တော်မြတ်ဘုရား။ ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်သို့သော ပုဂ္ဂိုလ်သည်။ ရူပံ၊အဆင်းမျိုးစုံ ရူပါရုံကို။ ဒိသွာ၊ မြင်ရသည်ဖြစ်၍။ ပဋိဿတော၊ ထင်သောသတိရှိသည်။ ဟောတိ၊ ဖြစ်၏။

ရုပ်ကို မြင်လိုက်သည်နဲ့ တပြိုင်နက်ထဲ ရုပ်တရားလို့ ထင်သော သတိရှိတယ်၊ ယောကျ်ားလို့လဲ မသိ၊ မိန်းမလို့လဲ မကြည့်၊ သဏ္ဌာန်အသွင်ကိုလည်း မကြည့်ဘူး။ ရုပ်တရားလို့ သူက သတိထင်တယ်။

သော၊ ထိုထင်သော သတိရှိသော ပုဂ္ဂိုလ်သည်။ ရူပေသု၊ အဆင်းမျိုးစုံ ရူပါရုံတို့၌။ န ရဇ္ဇတိ၊ မတပ်မက်တော့ပါဘုရား။

ရုပ်လို့ ကြည့်လိုက်တဲ့ပုဂ္ဂိုလ် တပ်မက်လို့ ဖြစ်သေးရဲ့လား။ (မဖြစ်ပါဘူး ဘုရား) သတိဖြင့် ထင်ရှားစေသော ရုပ်တရားလို့ သိလိုက်ယင် အဲဒီရုပ်တရား ပေါ်ကို တပ်မက်ပြီးတော့—ငါ ငါ့ဥစ္စာလို့စွဲလို့ ဖြစ်သေးရဲ့လား။(မဖြစ်ပါဘူး ဘုရား) ဘာဖြစ်လို့ဝုန်း။ ရုပ်တရားတို့ မည်သည်မှာ—

**ဖြစ်ပေါ်လာပြီးနောက်၊ ချက်ချင်းပျောက်၊ ယွင်းဖောက်အနိစ္စ။**

ချက်ချင်း ပျောက်သွားတယ်ကွဲ၊ ဒီရုပ်တရားက။ (မှန်ပါဘုရား)ရုပ်တရား။ လူကြည့်နေတော့ တော်တော်နဲ့ ပျောက်ကဲ့လား။ (မပျောက်ပါဘုရား)ရုပ်တရားကျတော့။ (ပျောက်ပါတယ်ဘုရား) ချက်ချင်း ပျောက်တယ်- ဟုတ်လား။ (မှန်ပါဘုရား) မြင်ဆဲခဏကလေးမှာ ချက်ချင်း ပျောက်သွားတာကို သိပ်ချစ်စရာကောင်းလိုက်ထာလို့ ဘယ်လိုလုပ် စွဲမလဲ။ (မစွဲနိုင်ပါဘူးဘုရား) သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား)

အေး-အဲဒီလိုမြင်ဆဲခဏမှာ ရုပ်တရားလို့ ရှုလိုက်ယင် အဲဒီရုပ်အပေါ်မှာ တပ်နှစ်သက်မှု ရှိသေးရဲ့လား။ (မရှိတော့ပါဘူးဘုရား)

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်သို့သော ပုဂ္ဂိုလ်သည်။ ရူပံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ ဒိသွာ၊ မြင်ရသည်ဖြစ်၍။ ပဋိဿတော၊ ထင်အပ်သော သတိရှိသည်။ ဟောတိ၊ဖြစ်၏။ သော၊ ထို ထင်အပ်သော သတိရှိသော ပုဂ္ဂိုလ်သည်။ ရူပေသု၊ အဆင်းမျိုးစုံ ရူပါရုံတို့၌။န ရဇ္ဇတိ၊ မတပ်မက်တော့ပါဘုရား။ သော၊ ထို မတပ်မက်တဲ့ ပုဂ္ဂိုလ်သည်။ ဝိရတ္တစိတ္တော၊ တပ်နှစ်သက်ခြင်း ကင်းသောစိတ်ရှိသည်ဖြစ်၍။ ဝေဒေတိ၊ မဟာကုသိုလ် ဝိပဿနာမှာဆိုယင်နော်။ (မှန်ပါ) မဟာကုသိုလ် စိတ်နှင့်ယှဉ်သော ဝေဒနာဖြင့် ခံစား၏။

မင်္ဂမှာဆိုယင် မင်္ဂနဲ့ပတ်သက်သော ဝေဒနာအားဖြင့် ခံစား၏။ မင်္ဂ၏ စိတ္တုပ္ပါဒ်နှင့်ယှဉ်သော ဝေဒနာနှင့် ခံစား၏။ ဝိပဿနာမှာဆိုယင် မဟာကုသိုလ်စိတ်နဲ့ ယှဉ်သော ဝေဒနာနဲ့ခံစားတယ် ကုသိုလ်စိတ်။ မင်္ဂနဲ့ဆိုယင် မင်္ဂစိတ်နဲ့ယှဉ်သော ဝေဒနာနဲ့ ခံစားတယ်။ အဋ္ဌကထာကတော့ဖြင့် မင်္ဂနဲ့ယှဉ်တဲ့ ဝေဒနာကို ဦးစားပေးပြီးတော့ ဖွင့်တယ်၊ ဒါ ဥက္ကဋ္ဌနည်းလို့ ဆိုကြစို့။ အမြတ်ဆုံးနည်း။ အဋ္ဌကထာဖွင့်ထားတာကတော့ အမြတ်ဆုံးနော်။(မှန်ပါဘုရား)။

ဝိရတ္တစိတ္တော၊ တပ်နှစ်သက်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍။ ဝေဒေတိ၊ **ခံစား၏**။

မဟာကုသိုလ် ဝိပဿနာနဲ့ ယှဉ်သော ဝေဒနာနဲ့ သူက **ခံစားနေတယ်**။ **နှစ်သက်ခြင်း** ပါသေးလား။ (မပါပါဘူးဘုရား)

တဉ္စ၊ ထိုအဆင်းမျိုးစုံ ရူပါရုံကိုလည်း။ အဇ္ဈောသာ၊ မျိုမတတ် စွဲလမ်း၍။ န တိဋ္ဌတိ၊ မတည်တော့ပါဘုရား။ ဒီ ရူပါရုံကို စွဲစွဲလမ်းလမ်းကြီး မရှိခြင်းကြောင့် ဥပါဒါန်က ပြုတ်မနေဘူးလား။ (ပြုတ်ပါတယ်ဘုရား)

"ယထာဿ ပဿတော ရူပံ၊ သေဝတော စာပိ ဝေဒနံ။"

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ယထာ၊ ယင်းသို့သော အခြင်းအရာအားဖြင့်။ ရူပံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ ပဿတော စာပိ၊ မြင်သည်လည်း ဖြစ်သော။ ဝါ၊ မြင်ပါသော်လည်း။ ဝေဒနံ၊ ကြည့်ရှုခံစားတယ် ဆိုတဲ့ ဝေဒနာကို။ သေဝတော စာပိ၊ ခံစားလည်း ခံစားပါသော်လည်း။

မြင်နေပေမဲ့၊ ဝေဒနာ ခံစားနေပေမဲ့ ထို ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ်များ မြင်သလို ဝိပဿနာ မရှုတဲ့ပုဂ္ဂိုလ်များ ဝေဒနာခံစားသလို မဟုတ်တော့ဘူးတဲ့။ (မှန်ပါဘုရား) ဘာပြုလို့လဲ မဟာကုသိုလ်နဲ့ ယှဉ်တွဲတဲ့ ဝေဒနာမို့လို့၊ မင်္ဂစိတ္တုပ္ပါဒ်နဲ့ယှဉ်တဲ့ ဝေဒနာမို့လို့။ ဟို ဝိပဿနာမရှုတဲ့ပုဂ္ဂိုလ်၊ မင်္ဂမရတဲ့ပုဂ္ဂိုလ်တွေရဲ့ ဝေဒနာမျိုး မဟုတ်တော့ဘူးတဲ့ ဒီဝေဒနာက။ (မှန်ပါဘုရား) သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား)

ယထာ၊ ယင်းသို့သော အခြင်းအရာအားဖြင့်။ ရူပံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ ပဿတော စာပိ၊ မြင်သော်လဲ၊ မြင်သည်လည်း ဖြစ်သော၊ မြင်ပေမဲ့ယင်။ ဟုတ်တယ် မဟုတ်လား။ ဝေဒနံ၊ ဝေဒနာကို။ သေဝတော စာပိ၊ ခံစားလည်း ခံစားသည်လည်း ဖြစ်သော။ ခံစားနေပေမဲ့ယင်တဲ့။ အဿ၊ ဝိပဿနာကို ရှုပွား မင်္ဂဉာဏ်ကို ရနေတဲ့ ထို အမျိုးကောင်းသား-အမျိုးကောင်းသမီး၏။ အမျိုးကောင်းသမီးအား။ ဝဋ္ဋံ၊ ဝဋ်ဆင်းရဲသည်။ ဝါ၊ ကိလေသာ ဟူသော ဆင်းရဲသည်။ ခီယတိ၊ ကုန်ခြင်းသို့ ရောက်ပါတော့သည်ဘုရား။

ဘုန်းကြီးက ပါဠိတော်မှာ ဘုရားရှင် ဟောကြားတော်မူသည့် ပါဠိ အတိုင်း စာပိဆိုတဲ့ စသဒ္ဒါ အပိသဒ္ဒါတို့ကို ပေါ်လွင်အောင် အနက် ပြန် လိုက်တာကွဲ၊ စသဒ္ဒါက အဆင်းရုပ်ကို မြင်လည်း မြင်၏၊ စက္ခုဒွါရိက ဝေဒနာ ကိုလည်း ခံစား၏လို့ ပဿနနှင့် သေဝနကို အပြန်အလှန်ဆည်းပြီး အပိသဒ္ဒါ က အဆင်းကိုမြင်၍ ခံစားသော်လဲဘဲ ဝိပဿနာ ရှုပွားနေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋသုံးပါး မဖြစ်ပွားဘဲ ချုပ်၍ သာ နေသည်လို့ ချီးမွမ်းဒါကွဲ။

ဝဋ္ဋဆင်းရဲလဲ ကုန်တယ်တဲ့၊ ကိလေသာလဲ ကုန်တယ်ဆိုတော့ လောဘရော ဒေါသရော မောဟရော ဟုတ်လား။ (မှန်ပါဘုရား)

နောပစီယတိ၊ ကိလေသာနဲ့ ဝဋ္ဋဆင်းရဲတွေ မတိုးပွားတော့ပါ ဘုရား။ ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဧဝံ၊ ဤသို့။ သော၊ ထိုဝိပဿနာ ကမ္မဋ္ဌာန်းရှုပွား၍နေသောအမျိုးကောင်းသား-သမီးသည်။ သတော၊ ထင်သော သတိရှိသည်ဖြစ်၍။ စရတိ၊ ကျင့်၍ နေပါတော့သည်ဘုရား။ ဘန္တေ၊ ဘုန်းတော် ရောင်ဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရား။ ဧဝံ၊ ဤသို့။ ဒုက္ခံ၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတွေကို။ အပစိနတော၊ ဖျက်ဆီး၍ နေသောသူမှု။ ဝါ၊ ဖျက်ဆီးနေသူနှင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဝါ၊ နိဗ္ဗာန်ကို။ သန္တိကေ၊ နီး၏ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသေ့ ခေါ်ဆိုအပ်ပါပေသတည်း။

သာဓု—သာဓု—သာဓု—

ဒီ ဂါထာကလေးနဲ့ပတ်သက်ပြီးတော့ ဟောဒီ ဆောင်ပုဒ်ကလေး ဆိုကြ ရမယ်ကွဲ နော်။ (မှန်ပါဘုရား) ဝိဝဋ္ဋပိုင်းက။

> **မြင်ဆဲ ခဏ၊ ရုပ်မျှကိုပင်၊**
> **သတိထား၍၊ ရှုပွားနေလျှင်၊**
> **လောဘ ဒေါသ၊ မောဟ ကင်းစင်၊**
> **နိဗ္ဗာန၊ နီးစွာ သူတော်စင်။**

မြင်ဆဲခဏမှာ ဘာသာမြင်နေသလဲလို့ ဆိုတော့ ရုပ်တရားမျှဘဲ သူကမြင် နေတယ်။ (မှန်ပါဘုရား) ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမလို့ဆိုတဲ့ ပုံသဏ္ဌာန် အသွင်အပြင်နဲ့ မြင်သေးလား။ (မမြင်ပါဘူးဘုရား) ဘာပြုလို့လဲ ဆိုတော့ သတိ ထင်နေလို့။ (မှန်ပါဘုရား) အဲဒီ မြင်ဆဲခဏမှာပင် ရုပ်မျှကိုသာ မြင်နေ တဲ့ ပုဂ္ဂိုလ်ဟာ သူက ဘာပြုလို့ ရုပ်မျှသာ မြင်သလဲဆိုတော့ သတိ ထားပြီး တော့ ရှုပွားလို့။ (မှန်ပါဘုရား) သတိထားပြီး ရှုပွားနေလို့ ရုပ်မျှကို မြင်နေ တဲ့ ပုဂ္ဂိုလ်မှာ လောဘ ဒေါသ မောဟတွေ ဝင်သေးသလား၊ ကင်းစင်

သွားသလား။ (ကင်းစင်သွားပါတယ်ဘုရား) အဲဒီ လောဘ ဒေါသ မောဟ ကင်းစင်လာယင် နိဗ္ဗာန်နဲ့နီးတဲ့ ပုဂ္ဂိုလ်လား၊ဝေးတဲ့ပုဂ္ဂိုလ်လား။(နီးတဲ့ပုဂ္ဂိုလ် ပါဘုရား) နိဗ္ဗာန်နဲ့ နီးနေတဲ့ ပုဂ္ဂိုလ် နော်။ (မှန်ပါ) နိဗ္ဗာန်နဲ့ နီးတဲ့ ပုဂ္ဂိုလ် ဖြစ်ကြောင်း ဒိဂါထာရဲ့ အဓိပ္ပာယ်က ဖော်ပြတယ်၊ ဟုတ်လား။ (မှန်ပါ)

## "ဒိဋ္ဌေ ဒိဋ္ဌမတ္တ" အနိစ္စမြင် မဂ်ဖိုလ် နိဗ္ဗာန်ဝင်

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုရှင်တော်မြတ်ကြီးဘုရား၊ ရဟန်း ရှင် လူ မည်သူမဆို အကြင်သို့သော ပုဂ္ဂိုလ်သည် မြင်ဆဲခဏ၌ ရုပ်တရားကိုသာ လျှင် မြင်ပြီးတော့ ထင်သော သတိရှိနေတဲ့ပုဂ္ဂိုလ်မှာ ထို ရူပါရုံကို ပြင်းစွာ တပ်မက်သော စိတ်ဖြင့် ဒီ ရူပါရုံပေါ်မှာ သူမတပ်မက်တော့ပါဘုရား။ငါ့-ငါ့ ဥစ္စာလို့လဲ မစွဲတော့ပါဘူးတဲ့၊ ဘာပြုလို့လဲဆိုတော့ ရုပ်တရားက ချက်ချင်း ပျောက်သွားသည် ဖြစ်သောကြောင့်။ (မှန်ပါဘုရား)အသစ်ဖြစ်လာတာကလဲ ချက်ချင်းပျောက်တယ်။(မှန်ပါဘုရား)အဲဒီလို ချက်ချင်းပျောက်တဲ့ ရုပ်တရား ဖြစ်ပါသောကြောင့် အနိစ္စ။

ရုပ်တရားလို့ မြင်နေယင် နိစ္စလို့ မြင်နေတာလား၊ အနိစ္စလို့ မြင်နေတာ လား။ (အနိစ္စလို့ မြင်နေတာပါဘုရား)

အနိစ္စ ဘယ်သူကြိုက်သလဲ။ (မကြိုက်ပါဘူးဘုရား) ဘယ်သူ လိုချင်တုန်း။ (မလိုချင်ပါဘူးဘုရား) အေး–အနိစ္စဆိုတာက ဘယ်သူလဲ၊ မြင်ဆဲခဏ တွေ့ နေတဲ့ ရုပ်က အနိစ္စ။ (မှန်ပါဘုရား)

ဘာပြုလို့ ရုပ်တရား အနိစ္စခေါ်သလဲဆိုတော့ လက္ခဏာကြောင့်။လက္ခဏာ က ဘာလဲဆိုတော့ ဖြစ်ပေါ်ပြီး ချက်ချင်းပျောက်ဆိုတာ လက္ခဏာ။ (မှန်ပါ ဘုရား)ဖြစ်ပေါ်ပြီး ချက်ချင်းပျောက်တာ ဘယ်သူလဲ၊ လူလား၊ ရုပ်လား။ (ရုပ်ပါဘုရား)

ရုပ်က အနိစ္စ။ ဖြစ်ပေါ်ပြီး ချက်ချင်း ပျောက်ထာက လက္ခဏာ။ အနိစ္စ၊ အနိစ္စ လက္ခဏာ၊ အဲဒါကို ရှုပွားနေတဲ့ ပုဂ္ဂိုလ်မှာ အနိစ္စာနုပဿီ။

ရှုပွားနေတဲ့ပုဂ္ဂိုလ်ဟာ ဘာတုန်း။ (အနိစ္စာနုပဿီပါဘုရား)အနိစ္စ၊ အနိစ္စ လက္ခဏာ၊အနိစ္စာနုပဿီ၊ နောက်က ပြောခဲ့တာလေ။ (မှန်ပါဘုရား)

ဒီမှာ ငုံမိပြီ မဟုတ်လား၊ သုံးချက်။ ဒီတော့ အနိစ္စလဲ သိတယ်၊ အနိစ္စ လက္ခဏာကိုလဲ သိတယ်။အနိစ္စာနုပဿီကိုလဲ သိတယ်။ ဟုတ်လား။ အနိစ္စဆိုတာ မြင်ဆဲခဏဖြစ်တဲ့ ရုပ်၊ အနိစ္စလက္ခဏာဆိုတာ ဖြစ်ပေါ်ပြီးနောက် ချက်ချင်း ပျောက်တဲ့သဘော၊ ဟုတ်လား။ အဲဒီဖြစ်ပေါ်ပြီးနောက် ချက်ချင်းပျောက်

တဲ့သဘောကို ဒီလက္ခဏာကို ဘယ်အပေါ်တင်ရသလဲ၊ ရုပ်ပေါ်တင်၊ အနိစ္စ၊ အနိစ္စပေါ်ကို လက္ခဏာတင်။ ဟုတ်လား။

**လက္ခဏာတင်၊ ရှုပွားလျှင်၊ ပြေးဝင် မဂ္ဂ၊ နိရောဓ။**

ဟုတ်လား၊ အဲဒီလို လက္ခဏာတင်ပြီးတော့ အနိစ္စကို ရှုပွားနေမယ်ဆိုယင် ဘယ်ရောက်သွားမလဲ၊ မဂ်ကို ဝင်သွားမယ်။ (မှန်ပါဘုရား) မဂ်ကိုဝင်ယင် နိရောဓကို ဆိုက်လိမ့်မယ်၊သဘောပေါက်ပလား။(ပေါက်ပါတယ်ဘုရား) ဆို—

**လက္ခဏာတင်၊ ရှုပွားလျှင်၊ ပြေးဝင် မဂ္ဂ၊ နိရောဓ။**

မြင်ဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ ရုပ်တရားကို သတိနဲ့ ထင်အောင် ရှုပွားနေသည် ဖြစ်သောကြောင့် ရုပ်လို့ သိလာပြီ မဟုတ်လား။ (မှန်ပါဘုရား)

ရုပ်လို့သိတာကို ဘာလို့သိတာလဲ။ အနိစ္စ၊ အနိစ္စလို့သိတယ်။ အဲဒီ အနိစ္စ ဆိုတဲ့ ရုပ်တရားပေါ်ကို ဒီ ရုပ်တရားတွေဖြစ်ပေါ်ပြီးတဲ့နောက် ချက်ချင်း ပျောက်တယ်ဆိုတဲ့ လက္ခဏာပေါ်တင် ရှုပွားလျှင် ဘယ်ရောက်တုန်း။ မဂ်ကို ရောက်တယ်။ ပြေးဝင်မဂ္ဂ။ မဂ်ရောက်ယင် ဟိုဘက်ဘာလဲ နိရောဓ။

**လက္ခဏာတင်၊ ရှုပွားလျှင်၊ ပြေးဝင် မဂ္ဂ၊ နိရောဓ။**

သဘောကျပလား။ (ကျပါတယ်ဘုရား) အဲဒါက ဝိဝဋ္ဋ။ (မှန်ပါဘုရား) အဲဒီ ဝိဝဋ္ဋမှာ မြင်ဆဲ ခဏမှာ ရုပ်မျိုးပင် သိပါတဲ့။ ပုဂ္ဂိုလ်ရယ် သတ္တဝါရယ် ပုံသဏ္ဌာန်ရယ်၊ ယောကျ်ားရယ် မိန်းမရယ်ဆိုတဲ့ အသေးစိတ် အမှတ်အသား တွေ နိမိတ္တတွေ မပါပါစေနဲ့၊ အဲဒီလို မပါအောင် ရုပ်မျိုးပင် မြင်အောင် ဘာလုပ်ရမလဲ။ သတိထားပြီးတော့ ရှုပွားနေစဉ် လောဘလဲ ကင်းစင်၊ ဒေါသ လဲကင်းစင် မောဟလဲ ကင်းစင်၊ ဒီလိုဖြစ်ယင် ဒီပုဂ္ဂိုလ် နိဗ္ဗာန်နဲ့ နီးသလား၊ ဝေးသလား။(နီးပါတယ်ဘုရား)ဆို—

**မြင်ဆဲခဏ၊ ရုပ်မျိုးပင်၊**
**သတိထား၍၊ ရှုပွားနေလျှင်၊**
**လောဘ ဒေါသ၊ မောဟ ကင်းစင်၊**
**နိဗ္ဗာန၊ နီးစွ သူတော်စင်။**

နိဗ္ဗာန်နဲ့ နီးတဲ့ပုဂ္ဂိုလ်၊ အဲဒါကို မာလုကျပုတ္တ မထေရ်ကြီးက—

“န သော ရဇ္ဇတိ ရူပေသု၊ ရူပံ ဒိသွာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နာဇ္ဈောသ တိဋ္ဌတိ။
ယထာဿ ပဿတော ရူပံ၊ သေဝတော စာပိ ဝေဒနံ။
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတီ သတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ’’။

ဟုတ်လား။ (မှန်ပါဘုရား)

## "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"၌ တဏှာ ဒိဋ္ဌိကပ် ဝေဒနာကင်းပုံ

အဲဒီ ဝိဝဋ္ဋပိုင်းနဲ့ ပတ်သက်ပြီးတော့လဲဘဲ ခုနင်က ပုဏ္ဏသုတ္တန်မှာ—

> "သန္တိ ခေါ ပုဏ္ဏ စက္ခုဝိညေယျာ ရူပါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊ တံ စေ ဘိက္ခု နာဘိနန္ဒတိ နာဘိဝဒတိ နာဇ္ဈောသာယ တိဋ္ဌတိ။ တဿ တံ အနဘိနန္ဒတော အနဘိဝဒတော အနဇ္ဈောသာယ တိဋ္ဌတော နိရုဇ္ဈတိ နန္ဒီ၊ နန္ဒီ-နိရောဓာ ဒုက္ခနိရောဓော ပုဏ္ဏာတိ ဝဒါမိ[၁]"။

ချစ်သား ပုဏ္ဏ။ နှစ်သက်စရာ၊ မြတ်နိုးစရာ၊ လိုချင်စရာနဲ့ ပတ်သက်ကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော အဆင်းမျိုးစုံ ရူပါရုံတို့ကို မနှစ်သက်ဘူး မမြတ်နိုးဘူး ဟုတ်လား၊ နာဘိနန္ဒတိ၊ မနှစ်သက်။ မြင်လာတဲ့ ရုပ်တရားပေါ်မှာ နှစ်လဲ့ မနှစ်သက်ဘူး၊ နှစ်သက်စရာလဲ မရှိဘူး။ ဘာပြုလို့တုန်း။ ဖြစ်ပေါ်ပြီး နောက်ချက်ချင်း ပျောက်လို့။ အနိစ္စလက္ခဏာ ထင်လာလို့။ (မှန်ပါဘုရား) ဟုတ်ပလားကွဲ့။ (မှန်ပါဘုရား) နာဘိဝဒတိ၊ ကြည့်လို့ကောင်းလိုက်တာလို့လဲ မပြောဘူး။ အဇ္ဈောသာယ၊ မျိုမတတ် စွဲလမ်း၍။ န တိဋ္ဌတိ၊ မတည်။ ဟုတ်လား။ (မှန်ပါဘုရား)

တဿ တံ အနဘိနန္ဒတော၊ အဲဒီလို မနှစ်သက်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ရုပ်ကိုမြင်ဆဲကော၌ မနှစ်သက်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ လောဘ ကွာမနေဘူးလား။ (ကွာပါတယ်ဘုရား) ရာဂကွာမနေဘူးလား။ (ကွာနေပါတယ်ဘုရား) ကင်းမနေဘူးလား။ (ကင်းနေပါတယ်ဘုရား) ကွာလဲ ကွာတယ်၊ ကင်းလဲ ကင်းနေတယ်၊ ရာဂ ဒေါသ မောဟတွေ ကင်းကွာနေပြီ။ (မှန်ပါဘုရား) အဲဒီလို ရာဂ ဒေါသ မောဟတွေ ကင်းနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ— နိရုဇ္ဈတိ နန္ဒီ။ နန္ဒီ၊ နှစ်သက်ခြင်းသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ အကြောင်း သမုဒယ ချုပ်တယ်။ (မှန်ပါဘုရား)

နန္ဒီနိရောဓာ ဒုက္ခနိရောဓော ပုဏ္ဏာတိ ဝဒါမိ။ နန္ဒီ နိရောဓာ၊ နှစ်သက်မှု တဏှာ သမုဒယသစ္စာ ရုပ်ပေါ်မှာ ချုပ်ခြင်းကြောင့်။ ဒုက္ခနိရောဓော၊ ဒုက္ခ-သစ္စာရဲ့ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူ၏။ (မှန်ပါဘုရား)

---

၁။ မ၊ ၃၊ ၃၁၂။

ဟုတ်လား။ (မှန်ပါဘုရား) ဒါ—ပုဏ္ဏောဝါဒသုတ္တန်၊ ဝိဝဋ္ဋပိုင်း-ဟုတ်လား၊ (မှန်ပါဘုရား) အေး—ခုနင်က ပြောခဲ့တဲ့ ဥပရိပဏ္ဏာသ ဆဠာယတနကလဲဘဲလေ သူက စက္ခုနဲ့ ရူပါရုံကို မြင်တော့ မြင်နေရတယ် မဟုတ်လား။ (မှန်ပါဘုရား) အဲဒီ စက္ခုနဲ့ ရူပါရုံ မြင်တဲ့ အခါမှာ စက္ခုသမ္ဖဿဇာ ဝေဒနာ သူမခံစားဘူး လားလို့။ (ခံစားပါတယ်ဘုရား) ခံစားတဲ့အခါမှာ သုခဝေဒနာ ဟုတ်လား။ (မှန်ပါဘုရား)

"စက္ခုံစ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ။"

သုခဝေဒနာကော မခံစားဘူးလား။ (ခံစားပါတယ်ဘုရား) ဒုက္ခဝေဒနာ ကော။ (ခံစားပါတယ်ဘုရား) အဒုက္ခမသုခဝေဒနာ ကော။ (ခံစားပါတယ် ဘုရား)ခံစားပင် ခံစားပါသော်လဲဘဲ—ဟုတ်လား။ (မှန်ပါ)ဒီဝေဒနာပေါ်မှာ သူက ဘယ်လိုလဲလို့ဆိုတော့— ဟုတ်လား။

## "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"နှင့် အနုသယ ပယ်သတ်ပုံ

"သုခါယ ဘိက္ခဝေ ဝေဒနာယ ဖုဋ္ဌော သမာနော နာဘိနန္ဒတိ၊ နာဘိဝဒတိ၊ နာဇ္ဈောသာယ တိဋ္ဌတိ၊ တဿ ရာဂါနုသယော နာနု-သေတိ။"

ချစ်သားတို့၊ ဒီလို ဝိပဿနာရှုပွားလို့ မဂ်ဉာဏ်သို့တောင် ရောက်အောင် သွားထားတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ရူပါရုံကို မြင်လို့ သုခဝေဒနာကို ခံစား ပါသော်လဲ အဲဒီ သုခဝေဒနာပေါ်မှာ သူ နှစ်လဲ မနှစ်သက်ဘူးတဲ့။ (မှန်ပါဘုရား) တပ်လဲ မတပ်မက်ဘူးတဲ့။ (မှန်ပါဘုရား) ကောင်းလိုက်တာ လို့လဲ စွဲလမ်းပြီးတော့ မပြောဆိုဘူးတဲ့။ မျိုမတတ်လဲ စွဲလမ်းမထားတဲ့ ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာတဲ့ ဒီဝေဒနာ နောက်မှာ ဘယ်သူ ချုပ်နေသလဲ ဆိုတော့ ရာဂါနုသယချုပ်နေတယ်။ (မှန်ပါဘုရား) ဒုက္ခဝေဒနာနဲ့ တွေ့ပြန် တော့လဲ—

"ဒုက္ခာယ ဘိက္ခဝေ ဝေဒနာယ ဖုဋ္ဌော သမာနော န သောစတိ" မစိုးရိမ်ဘူး။ န ကိလမတိ၊ ပင်လဲ မပင်ပန်းဘူး။ စိတ်မပင်ပန်းတာနော်။ (မှန်ပါဘုရား) န ပရိဒေဝတိ၊ ငိုလဲ မငိုကြွေးဘူး။ န ဥရတ္တာဠိံ ကန္ဒတိ၊ ရင်လက်ခတ်တီးပြီးတော့ မြည်တမ်းမှုလဲ မရှိဘူး။ န သမ္မောဟံ အာပဇ္ဇတိ၊ တွေဝေမိန်းမောသွားခြင်းသို့လဲ မရောက်ဘူး၊ ဒုက္ခဝေဒနာနဲ့ တွေ့ပေမဲ့။

ဒါကြောင့်ခုနင်ကပြောတဲ့ "သေဝတော စာပိ"လို့ စ-သဒ္ဒါနဲ့ အပိ-သဒ္ဒါ စ-သဒ္ဒါက ဆည်းပြီးတော့ အပိသဒ္ဒါက သမ္ဘာဝနာနဲ့ပေါင်းထားတာ၊ စာပေ နယ်က။ ဟုတ်ပလားကွဲ။ (မှန်ပါဘုရား)

အေး-ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ။ ပဿန္- တော စာပိ၊ မြင်ပင် မြင်ပါသော်လဲ။ သေဝတောစာပိ၊ ဝေဒနာကို ခံစားပင် ခံစားပါသော်လဲဘဲ။ န အဘိနန္ဒတိ၊ မနှစ်သက်ဘူး။ န သောစတိ၊ မစိုးရိမ်ဘူး။ ဟုတ်လား။ အဲဒီတော့ ဥပေက္ခာ ဝေဒနာ ကျပြန်တော့လဲ ဒီ ဝေဒနာကို "သမုဒယသဘော အတ္ထင်္ဂမသဘော အဿာဒသဘော အာဒီနဝ သဘော နိဿရဏ သဘော"တွေကို သိ၍ နေ၏။ ဒီပုဂ္ဂိုလ်သန္တာန်မှာ အဝိဇ္ဇာ နုသယ ရှိသေးလား။ (မရှိပါဘုရား) ရာဂါနုသယကော။(မရှိတော့ပါဘုရား) ပဋိဃာနုသယကော။ (မရှိတော့ပါဘုရား)ဘာပြုလို့လဲဆိုတော့ မြင်ဆဲခဏမှာ ရုပ်မျှကိုပင် မြင်ဆဲခဏမှာ အဆုံးရှိလေသည် ဖြစ်သောကြောင့်။ (မှန်ပါ ဘုရား)"ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ကြောင့်။(မှန်ပါဘုရား) အဲဒါကြောင့် သဗ္ဗညုရှင်တော် မြတ်ဘုရားကိုယ်တော်မြတ်ကြီးက ဒီနေရာမှာ—

"သော ဝတ ဘိက္ခဝေ သုခါယ ဝေဒနာယ ရာဂါနုသယံ ပဟာယ" ပယ်ပြီးပြီနော်။(မှန်ပါဘုရား)"ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယံ ပဋိဝိနော- ဒေတွာ၊ အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယံ သမူဟနိတွာ ဝိဇ္ဇံ ဥပ္ပါဒေတွာ၊ အဝိဇ္ဇံ ပဟာယ" အဝိဇ္ဇာ ပယ်ပြီးတော့။ ဝိဇ္ဇံ စ ဥပ္ပါဒေတွာ၊ ဝိဇ္ဇာတရားတွေ ဖြစ်နေယင်၊ ဒိဋ္ဌေဝ ဓမ္မေ၊ ယခုမြင်ဆဲ ခဏမှာ အတ္တဘော၌ ပင်လျှင်။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တော၊ အဆုံးသို့ပြုနိုင်သော။ ဣတိ ဧတံ ဌာနံ၊ ဤ အကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိနိုင်သည်သာလျှင်တည်း။ ဝိဝဋ္ဋ။ (မှန်ပါဘုရား)

ဒါကြောင့် ဟုတ်လား။ သဗ္ဗညုရှင်တော်မြတ်ဘုရား ကိုယ်တော်မြတ်ကြီးကို မာလုကျပုတ္တမထေရ်ကြီးက ဝိဝဋ္ဋပိုင်း အကျယ်နားလည်ပုံကို လျှောက်ထား တာက—

"န သော ရဇ္ဇတိ ရူပေသု၊ ရူပံ ဒိသွာ ပဋိဿတော"

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ယော၊ ရဟန်းရှင်လူ မည် သူမဆို အကြင်သို့သော ပုဂ္ဂိုလ်သည်။ ရူပံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ ဒိသွာ၊ မြင်သည်ဖြစ်၍။ ပဋိဿတော၊ ထင်သောသတိ ရှိသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုရူပါရုံကို မြင်ဆဲခဏ၌ အဆင်းရုပ်ကိုပင် မြင်၍ နေသောသူသည်။ ရူပေသု၊ အဆင်းမျိုးစုံ ရူပါရုံတို့၌။ န ရဇ္ဇတိ၊ မတပ်မက်တော့ပါ ဘုရား။ ရာဂက္ခာသွားတယ်၊ ဝိဝဋ္ဋပိုင်း။

ဒီလို တပည့်တော် နားလည်ပါတယ်ဘုရား။ တဥ္ဓ၊ ထိုမြင်နေဆဲဖြစ်တဲ့ ရူပါရုံကိုလည်း။ ဝိရတ္တစိတ္တော၊ တပ်နှစ်သက်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍။ ဝေဒေတိ၊ မဟာကုသိုလ်စိတ်နှင့် ယှဉ်သော၊ ဝိပဿနာဉာဏ်အရာမှာ မဟာကုသိုလ်စိတ်နှင့်ယှဉ်သော ဝေဒနာ၊ မဂ်နေရာမှာ မဂ်စိတ်နဲ့ ယှဉ်သော ဝေဒနာတို့ဖြင့်။ ဝေဒေတိ၊ ခံစားပါတော့သည် ဘုရား။

ဝိပဿနာရှုနေတုန်းမှာ မဟာကုသိုလ်စိတ်နဲ့ ယှဉ်တဲ့ဝေဒနာ။(မှန်ပါဘုရား) မဂ်ကျတော့ မဂ်စိတ်နဲ့ ယှဉ်တဲ့ ဝေဒနာနဲ့ ခံစားတယ်။ ဟုတ်လား။ (မှန်ပါဘုရား)တဥ္ဓ နာဇ္ဈောသ တိဋ္ဌတိ။ တဥ္ဓ၊ထို ရူပါရုံကိုလည်း။အဇ္ဈောသ၊မျိုမတတ်စွဲလမ်း၍။န တိဋ္ဌတိ၊ မတည်တော့ပါဘုရား။

ဘန္တေ၊ ဘုန်းတော်သခင် အရှင်သူမြတ်ဘုရား။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ရူပံ၊ ဝိပဿနာ ရှုတဲ့အခြင်းအရာ၊ မဂ်အခြင်းအရာ ဟုတ်သား။(မှန်ပါ) ရူပံ၊ အဆင်းမျိုးစုံ ရူပါရုံကို။ ပဿတော စာပိ၊ မြင်လည်း မြင်သော်လည်း။ ဝါ၊ မြင်ပင် မြင်ပါသော်လည်းလို့ ဆိုလိုတယ်။ (မှန်ပါဘုရား)ဝေဒနံ၊ ဝေဒနာကို။ ခုန ပြောတဲ့ သုခ ဒုက္ခ အဒုက္ခမသုခဆိုတဲ့ ဝေဒနာတွေကို။ သေဝတော စာပိ၊ မှီဝဲလည်း မှီဝဲပါသော်လည်း။ စ သဒ္ဒါရော ပိသဒ္ဒါရော ပါအောင် လုပ်ထားတာ။(မှန်ပါဘုရား) အဿ၊ ရူပါရုံကိုမြင်၍ ဝေဒနာ ခံစားနေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်၌။ ဝဋ္ဋံ၊ ဝဋ်ဆင်းရဲသည်။ ခီယတိ၊ ကုန်ခြင်းသို့ ရောက်ပါတော့သည်ဘုရား။ ဟုတ်လား။ (မှန်ပါဘုရား)ဝဋ်ဆင်းရဲကုန်မယ်၊ ဝိဝဋ္ဋဖြစ်မယ်။ (မှန်ပါဘုရား) နော ပစီယတိ၊ တိုးပွား၍ မရှိတော့ပါဘုရား။

ဘန္တေ၊ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဧဝံ၊ ဤသို့လျှင်။ သော၊ ထိုဝိပဿနာရှုပွား၍ မဂ်ဉာဏ်တိုင်အောင် ရောက်သွားတဲ့ အမျိုးကောင်းသား၊သမီးသည်။သတော၊ထင်သော သတိရှိသည်ဖြစ်၍။ စရတိ၊ ကျင့်၍နေပါတော့သည်ဘုရား။ ဧဝံ၊ ဤသို့။ ဒုက္ခံ၊ ဆင်းရဲမှုတွေကို။ အပစိနတော၊ဖျက်ဆီးဖြိုခွဲ၍နေသောသူနှင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သန္တိကေ၊ နီး၏ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသေ့ ဆိုရပါပေတော့သည်ဘုရား။

သာဓု— သာဓု— သာဓု—

# မာလုကျပုတ္တသုတ္တန်

## စတုတ္ထပိုင်း

သာသနာသက္ကရာဇ် ၂၅၂၂–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၇-ရက်၊ မုံရွာမြို့ ဆုတောင်းပြည့် စေတီတော်ကြီး၏ ယင်ပြင်တော်တွင် တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဟောကြားအပ်သည့် သံယုတ္တနိကာယ် သဠာယတနဝဂ္ဂ သံယုတ္တ ပါဠိတော် သဠာဝဂ်၌လာသော မာလုကျပုတ္တသုတ္တန် စတုတ္ထပိုင်းတရား ဒေသနာ။

(ပလ္လင်ခံစကားနှင့် ဘုရားရှိခိုး ရှေးနှင့်တူပြီ)

### ''သုတေ သုတမတ္တ''ဖြစ်အောင် ရှုပွားနည်း

မာလုကျပုတ္တသုတ္တန်'' ဒိဋ္ဌေ ဒိဋ္ဌမတ္တံ'' ပိုင်းနဲ့ ''ဒိဋ္ဌေ ဒိဋ္ဌမတ္တ'' သဘောကို မာလုကျပုတ္တမထေရ် ပြန်လည်ပြီးတော့ နားလည်ပုံကို လျှောက်ထားတဲ့ ဝဋ္ဋပိုင်း ဝိဝဋ္ဋပိုင်း ဟောပြီးသွားပြီနော်။ (မှန်ပါဘုရား)

''သုတေ စ တေ မာလုကျပုတ္တ သုတေ သုတမတ္တံ ဘဝိဿတိ''

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ဒိဋ္ဌသုတမုတဝိညာတဗ္ဗေသု၊ မြင်အပ် ကြားအပ် ရောက်အပ် သိအပ်ကုန်သော။ တေသု ဓမ္မေသု၊ ဤတရား တို့၌၊ ဤတရားတို့တွင်။ ''ဒိဋ္ဌေ ဒိဋ္ဌမတ္တံ''ပြီးပြီနော်။ (မှန်ပါဘုရား) သုတေ၊ အသံမျိုးစုံ သဒ္ဒါရုံကို ကြားသည်ရှိသော်။ ဝါ၊ အသံမျိုးစုံ သဒ္ဒါရုံကို ကြားဆဲ ခဏ၌။သုတမတ္တံ၊ ကြားအပ်ကာမျှသာ။ ဝါ၊သောတဝိညာဏ်စိတ်၏ အတိုင်း အတာ ပမာဏရှိသည်။ ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ ကြားအပ်ကာမျှသာဖြစ်အံ့။ ဝါ၊ သုတမတ္တပမာဏဖြစ်အောင်။ သိက္ခိတဗ္ဗံ၊ သင်ချစ်သား ကျင့်အပ်၏။

ဘုန်းကြီးတို့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများမှာ မျက်လုံးတင် ရှိတာမဟုတ်ဘူးနော်၊ နားလည်း ရှိတယ်၊ အဲဒီနားကလဲဘဲ ဘာတွေလုပ် နေသလဲ ဆိုတော့ အသံမျိုးစုံ သဒ္ဒါရုံကို ကြားတဲ့လုပ်ငန်း၊ အသံမျိုးစုံ သဒ္ဒါရုံ တွေကို ကြားတိုင်း ကြားတိုင်း''သုတမတ္တ''ဖြစ်အောင် သင်ချစ်သား ကျင့်ပါ။

ဘယ်လို ကျင့်ရမလဲ။ သုတမတ္တဖြစ်အောင် ကျင့်ပုံကိုသာ ဟောတာ။ သုတ-မတ္တဖြစ်ပုံကတော့ဖြင့် ဒိဋ္ဌမတ္တဖြစ်ပုံနဲ့ အတူတူဘဲ။

"ဒိဋ္ဌမတ္တ"ဖြစ်ပုံကိုတော့ ဘုန်းကြီးတို့ ဒုတိယ ညလောက်က တော်တော် စုံစုံစေ့စေ့"ဒိဋ္ဌမတ္တ"ဖြစ်ပုံကို ဟောပြီးပြီ။ အဲဒီတော့ ဒိဋ္ဌနေရာမှာ သုတ ထည့် လိုက်ရုံဘဲ ရှိတော့တယ်။ ဒီတော့"သုတမတ္တ"ဖြစ်ပုံတော့ ဟောပြီးပြီ နော်။ အဲဟောပြီးပြီလို့ဘဲ ပြောရမယ်။ "ဒိဋ္ဌမတ္တ" ဖြစ်ပုံကိုဟောသလို "သုတမတ္တ" ဖြစ်ပုံကိုလဲ ဟောရမယ်။ အဲဒီ"သုတမတ္တ" ဖြစ်အောင် သင်ချစ်သား ကျင့်ပါ ဆိုတော့ ဒီနေရာမှာ ဝိပဿနာ ရှုတဲ့ သိက္ခါတဗ္ဗ အရ—

"သိက္ခိတဗ္ဗန္တိ အဓိသီလသိက္ခာ သိက္ခိတဗ္ဗာ အဓိစိတ္တသိက္ခာ သိက္ခိ-တဗ္ဗာ အဓိပညာသိက္ခာ သိက္ခိတဗ္ဗာ"

အဦးမူထားတာက အဓိပညာသိက္ခာကို အဦးမူထားတယ်။ ဒီတော့ ဝိပဿနာလုပ်ငန်းနဲ့ ပတ်သက်လို့ ကြားဆဲခဏ၊ အသံမျိုးစုံ သဒ္ဒါရုံတွေကို ကြားနေဆဲခဏမှာ "သုတမတ္တ" ဖြစ်အောင် သင်ချစ်သား ကျင့်ပါ၊ ဘယ်လို ကျင့်ရမလဲ—

"သဒ္ဒါယတနံ သုဏိတဗ္ဗဋ္ဌေန သုတံ။ သောတဝိညာဏံ ပန သဒ္ဒိ-တံ ဒွါရိက ဝိညာဏေဟိ သဝနဋ္ဌေန သုတံ"။

သုတလို့ဆိုတဲ့ စကားထဲမှာ ဒိဋ္ဌဆိုတဲ့ စကားလုံးတုန်းက အဲဒီ ဒိဋ္ဌထဲမှာ နာမ်ရုပ်ပါလာသလို သုတလို့ ဆိုတဲ့ စကားလုံး တလုံးထဲမှာလဲဘဲ နာမ်ရော ရုပ်ကော ပါလာတယ်။ အသံသဒ္ဒရုပ်သည် ကြားအပ်သော သဘောရှိသော ကြောင့် သုတ။ ဒါကတော့ အဋ္ဌကထာက ဒီ ပါဠိပိုဒ်တော့ မပါဘူး။ သူက နည်းဘဲပြထားတယ်။ အဋ္ဌကထာပြထားတဲ့ ပါဠိကတော့—

ရူပါယတနံ ပဿိတဗ္ဗဋ္ဌေန ဒိဋ္ဌံနာမ၊ စက္ခုဝိညာဏံ ပန သဒ္ဒိ-တံ ဒွါရိကဝိညာဏေဟိ ဒဿနဋ္ဌေန ဒိဋ္ဌံ နာမ။ တဒုဘယမ္ပိ ယထာပစ္စယံ ပဝတ္တမာနံ ဓမ္မမတ္တမေဝ၊ န ဧတ္ထ ကောစိ ကတ္တာ ဝါ ကာရေတာ ဝါ၊ ယတော တံ ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ၊ ဥဒယဗ္ဗယပ္ပဋိပီဠနဋ္ဌေန ဒုက္ခံ၊ အဝသဝတ္တနဋ္ဌေန အနတ္တာ။

ဝိပဿနာကွက်သွားတယ်။ သုတမှာလဲ ဒီ ဝိပဿနာကွက်နဲ့ဘဲ သွားရ မယ်။ အဋ္ဌကထာက မူပြထားတယ်။ အဲဒီမူက ဒိဋ္ဌမတ္တနဲ့ ပတ်သက်တဲ့မူ။ သုတ မတ္တနဲ့ပတ်သက်တဲ့မူကျတော့လဲဘဲ ဒီမူအတိုင်းဘဲသွားရမယ်။"ဒိဋ္ဌမတ္တ"ဖြစ်ပုံကို ဟောခဲ့သလို"သုတမတ္တ"ဖြစ်ပုံကိုလဲ နားလည်ရမယ်။"ဒိဋ္ဌမတ္တ" နားလည်ယင် "သုတမတ္တ"လဲ နားလည်သွားရမယ်။ ဒါကို အကျယ် ပြန်ဟောလို့တော့ မဖြစ်ဘူး။

ဒီတော့ "သုတမတ္တ" ဖြစ်အောင် ကျင့်ပုံကိုဘဲ ဒီကနေ့ညက စပြီးတော့ ဟောရမယ်။ အသံမျိုးစုံ သဒ္ဒါရုံကိုကြားရာ၌ ကြားဆဲခဏ၌ ဆောင်ပုဒ်ကလေး တခု—

**ကြားဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါ သန္တာ။**

တုန်းကြီးတို့ ဝိပဿနာဆောင်ပုဒ်မှာပါတယ်။ "ကြားဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါသန္တာ။ ကြားဆဲခဏမှာဖြစ်လာတာဟာ ဘာလဲလို့ဆိုယင် "သန္တာဓမ္မာ"ဆိုတဲ့ အဘိဓမ္မာဒေသနာတော်အရ သန္တာဓမ္မ။ အဲဒီ သန္တာဓမ္မာ အရ ကောက်လိုက်တော့ ဘာတွေရသလဲဆိုတော့ စိတ်၊ စေတသိက်၊ ရုပ်၊ ဒါဘဲ ရတယ်။ ကြားဆဲခဏမှာလဲ ဘာသာရသလဲဆိုတော့ "သန္တာဓမ္မ" တွေသာ ဖြစ်လာသည် ဖြစ်သောကြောင့် ကြားဆဲခဏမှာလဲ နာမ်ရုပ်ဘဲ ရတယ်။

စောစောပိုင်းက ပြောခဲ့တဲ့ "သန္တာ ဓမ္မာ"အရ စိတ် စေတသိက် ရုပ်ကို အရကောက်လိုက်ယင် နာမ် ရုပ်။ သောတပသာဒ သည် ရုပ်၊ အသံ သဒ္ဒါရုံ သည် ရုပ်၊ ဘာတရားတုန်းကွဲ၊ (ရုပ်တရားပါဘုရား) သောတဝိညာဏ်စိတ်နဲ့ အတူတကွဖြစ်သော စေတသိက် ခုနစ်လုံးက နာမ်၊ ဒါဘဲ ရှိတယ်။ ဝိသုဒ္ဓိ မဂ်က—

"နာမဥ္စ ရူပဥ္စ ဣဓတ္ထိ သစ္စတော၊ န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ"

ဣဓ၊ ဤကြားဆဲခဏ၌။ သစ္စတော၊ ဝိပဿနာရှုဘို့ရန် ပရမတ္ထသစ္စာ အနေအားဖြင့်။ နာမဉ္စ၊ နာမ်တရားသည်၎င်း။ ရူပဉ္စ၊ ရုပ်တရားသည်၎င်း။ အတ္ထိ၊ ပရမတ္ထအနေ ရှိပါပေ၏။

ကြားဆဲခဏမှာ ပရမတ္ထအနေနဲ့ ဘာသာရှိသလဲ ဆိုတော့ နာမ်ရုပ်သာ ရှိပါသယ်တဲ့၊ ဘာသာရှိသလဲ။ (နာမ်ရုပ်သာရှိပါတယ်ဘုရား) နာမ်ရုပ်ဆိုတာ နိစ္စလား၊ အနိစ္စလား။ (အနိစ္စပါဘုရား) နာမ် ရုပ်ကို သိနေယင် အနိစ္စ။ ဒါကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်နဲ့ ပွားမယ်ဆိုယင်—

"အနိစ္စာနုပဿီ သုဏိဿာမီတိ သိက္ခတိ။ အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ"—

လို့ဆိုတဲ့ ပါဠိတော်ကို နယဂ္ဂါဟ ယူထားတာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်။ အနိစ္စာနုပဿီ သုဏိဿာမီတိ သိက္ခတိ။

အနိစ္စာနုပဿီ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ အနိစ္စဆိုတာ ဘယ်သူတုန်း။ (နာမ်ရုပ်ပါဘုရား) အနိစ္စာနုပဿီ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိ သည်ဖြစ်၍။ သုဏိဿာမိ၊ နားထောင်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ၊ သိက္ခာသုံးပါးကို ကျင့်၏။

"သံဝရဋ္ဌေန အဓိသီလသိက္ခာပိ သိက္ခတိ၊ အဝိက္ခေပဋ္ဌေန အဓိစိတ္တ သိက္ခာပိ သိက္ခတိ။ ဒဿနဋ္ဌေန အဓိပညာသိက္ခာပိ သိက္ခတိ" သိက္ခတိရဲ့ အဓိပ္ပာယ်။

ကြားဆဲခဏမှာ အနိစ္စလို့ ဝိပဿနာ ပွားများမှုထင်မြင်ပြီး နားထောင်နိုင်မယ်ဆိုယင် အဓိသီလသိက္ခာ ကော အဓိစိတ္တသိက္ခာ ကော အဓိပညာသိက္ခာ ကော သိက္ခာ သုံးပါးအကုန်လုံး ကျင့်ပြီးသား ဖြစ်သွားတယ်။ အဦးမူထားတာက အဓိပညာသိက္ခာ။ ဒါကြောင့်"သုတမတ္တ"ဖြစ်အောင် ချစ်သား ကျင့်ပါ။ မြတ်စွာဘုရားက နေ့ာ်။ (မှန်ပါဘုရား)"သုတမတ္တ"က အကျင့်ကိုမဟုတ်သေးဘူးကွဲ၊ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"ဆိုတာ အကျင့်ကို မဟုတ်သေးဘူး၊ အဲဒီ "ဒိဋ္ဌမတ္တ" ဖြစ်အောင်က ကျင့်ရတယ်။ (မှန်ပါဘုရား)သဘောပေါက်ပလား။ (သဘောပေါက်ပါပြီဘုရား)

အေး–ဒီတော့ သုတေ သုတမတ္တဖြစ်အောင် ဘယ်လိုကျင့်ရမလဲ။အဓိသီလသိက္ခာ ကျင့်ပါ၊ အဓိစိတ္တ သိက္ခာကျင့်ပါ၊ အဓိပညာသိက္ခာကိုကျင့်ပါ။ ဘယ်သူအဦးမူပြီးတော့ ဒီနေရာမှာ ကျင့်ရမလဲ၊ အဓိပညာသိက္ခာ အဦးမူ၍ ကျင့်ရမည်။ဒဿနဋ္ဌေန အဓိပညာသိက္ခာ။ဒဿနဋ္ဌေန၊ နာမ်ရုပ်ကို၊ အနိစ္စဟု ဉာဏ်နဲ့မြင်တဲ် သိတတ်သော သဘောသတ္တိရှိသောကြောင့်။ အဓိပညာသိက္ခာ အဓိပညာ သိက္ခာမည်၏။

နာမ်ရုပ်ကို အနိစ္စသဘောမြင်နေယင် ဘာသိက္ခာတုန်းကွဲ။ ( အဓိပညာသိက္ခာပါဘုရား) အဓိပညာသိက္ခာ၊ နေ့ာ်။(မှန်ပါဘုရား)အဲဒီတော့ စောစောပိုင်းက ဘုန်းကြီးပြခဲ့တဲ့ ဝိပဿနာ ရှုကွက်မှာ–

အနိစ္စာနုပဿီ သုဏိဿာမီတိ သိက္ခတိ။ အနိစ္စာ နုပဿီ၊ အနိစ္စကို ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ သုဏိဿာမိ၊ နားထောင်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

နာမ်ရုပ်၊ ကြားဆဲခဏမှာ နာမ်ရုပ်ကို သိအောင်နှလုံးသွင်းပြီးတော့ နားထောင်မယ်လို့ ဆိုပြီးတော့ နားထောင်ရမယ်။ အသံကြားလား။ (မှန်ပါဘုရား) အသံကြားလာပြီ၊ ဒီတော့–

ဣဓ၊ ဤအသံကိုကြားတယ်ဆိုတဲ့ နေရာ၌။ သစ္စတော၊ ပရမတ္ထသစ္စာအနေအားဖြင့်။ နာမဉ္စ၊ နာမ်တရားသည်၎င်း။ ရူပဉ္စ၊ ရုပ်တရားသည်၎င်း။ အတ္ထိ၊ ပရမတ္ထအနေ ထင်ရှားရှိ၍ နေပါပေ၏။ ဟိ၊ မှန်၏။ ဧတ္ထ၊ ဤ နာမ်ရုပ်၌။ သတ္တော ဝါ၊ သတ္တဝါသည်၎င်း။ မနုဇော စ၊ လူ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သည်၎င်း။ န ဝိဇ္ဇတိ၊ မရှိ။

## ကြားဆဲခဏ္ဍ နာမ်ရုပ် ပေါ်နေပုံ

ဘာသာရှိသလဲ ဒါဖြင့်။ (နာမ်ရုပ်ဘဲရှိပါတယ်ဘုရား) သခ်တာ ဓမ္မာ။ နာမ် ရုပ်ဘဲ ရှိတယ်။ သခ်တနယ်မှာ။ အဲဒီနာမ်ရုပ်က ဘယ်လိုပေါ်သလဲဆိုတော့—

"သဒ္ဒါယတနံ သုဏိတဗ္ဗဋ္ဌေန သုတံ၊ သောတဝိညာဏံ ပနိ သဒ္ဒါ- တံ ဒွါရိကဝိညာဏေဟိ သဝဏ်ဋ္ဌေန သုတံ"။

ဒီတော့ အသံသဒ္ဒရုပ်သည် ကြားအပ်သော သဘောရှိသောကြောင့်"သုတ" သုတဆိုတာဘယ်သူ့ကိုခေါ်သလဲဆိုတော့ကြားအပ်သောသဘောရှိသောအသံ သဒ္ဒရုပ်ကို "သုတ" လို့ ခေါ်တယ်။ သုတဟုတ်လား။ (မှန်ပါဘုရား) သောတ ဝိညာဏ်စိတ်နှင့် ထို သောတဒ္ဒါရဋ္ဌဖြစ်သော စိတ် စေတသိက်ကိုတော့ ကြား တတ်သောသဘောရှိသောကြောင့် "သုတ" လို့ ခေါ်တယ်။ ဒီတော့ကြားအပ် ကြားတတ်နှစ်ခု။ ဒိပြင် ဘာရှိသေးလဲ၊ ဒီတော့ ကြားစရာရယ်၊ ကြားတာရယ် ဒါဘဲရှိတယ်။ နှစ်ခုထဲ ဗမာစကားပြောယင်၊ ကြားစရာက ဘာတုန်းကွဲ့။ အသံ သဒ္ဒရုပ်၊ ကြားတာက ဘာလဲ၊ သောတဝိညာဏ်စိတ်တဲ့။ ထို သောတဒ္ဒါရဋ္ဌ ဖြစ် သော စိတ် စေတသိက်ဆိုတဲ့ နာမ်။ ဒါတွေကို ဘုန်းကြီး နောက်က သီလက္ခန် အဋ္ဌကထာရော ဋီကာရော အကုန်ကျုံးပြီးတော့ ပြောခဲ့ပြီးပြီနော်။ (မှန်ပါ ဘုရား)

ဒီတော့ ဝိပဿနာ့ရှုကွက်ကလေး ယူတဲ့ နေရာမှာတော့ "သုတမတ္တ" ဆို တာ သုတေ၊ အသံမျိုးစုံ သဒ္ဒါရုံကို ကြားဆဲခဏ္ဍ။ သုတမတ္တံ၊ ကြားအပ်ကာ မျှသာ။ ဘဝိဿတိ၊ ဖြစ်အောင်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ သုတမတ္တဖြစ်အောင် ကျင့်ဆိုတာ ဘယ်လိုကျင့်ကြံတုန်း။ ကြားစရာရယ် ကြားတာရယ်လို့ ဒီနှစ်ခုထဲရှိ တယ်လို့ဆိုတာကို သိအောင်ကြိုးကုတ် ဝိပဿနာအားထုတ်တာကို "သုတ မတ္တ" ဖြစ်အောင် ကျင့်တယ်လို့ ခေါ်တယ်။ (မှန်ပါဘုရား)

အဲဒီ ကြားစရာက ဘာတုန်းလို့ဆိုတော့ ကြားအပ်သော သဘောရှိသော ကြားစရာတွေက ရုပ်။ ဘယ်လောက်ပဲများများ အသံတွေ ဘာသံတွေဘဲ ဖြစ် ဖြစ် ဟုတ်လား၊ လေတိုက်တဲ့ အသံဘဲ ဖြစ်ဖြစ်၊ မိုးခြိမ်းတဲ့ အသံဘဲ ဖြစ်ဖြစ်၊ တိရစ္ဆာန် အမျိုးမျိုးက အော်တဲ့ အသံအမျိုးမျိုးဘဲ ဖြစ်ဖြစ်၊လူသတ္တဝါတွေရဲ့ နှုတ်ကထွက်လာတဲ့ အသံအမျိုးမျိုးဘဲ ဖြစ်ဖြစ်၊ ချိုးမွမ်းတဲ့ အသံဘဲ ဖြစ်ဖြစ်၊ ကဲ့ရဲ့တဲ့ အသံဘဲ ဖြစ်ဖြစ် ဟုတ်လား၊ မေတ္တာပို့ အသံဘဲဖြစ်ဖြစ်၊ပြီးတော့ အမျိုး သားက ထွက်လာတဲ့ အသံဘဲဖြစ်ဖြစ်၊ အမျိုးသမီးက ထွက်လာတဲ့ အသံဘဲ ဖြစ်ဖြစ်၊ အဲဒီ အမျိုးသား- အမျိုးသမီးကို မယူမမှတ်ဘဲနဲ့ အသံကိုသာ ယူကွဲ့၊ ဟုတ်လား။ (မှန်ပါဘုရား)

ကိုယ့်နားထဲ ရောက်လာတာက အမျိုးသား ရောက်လာတာလား၊ အသံ ရောက်လာတာလား။ (အသံရောက်လာတာပါဘုရား) ကိုယ့်နားထဲရောက်လာတာက အမျိုးသမီး ရောက်လာတာလား၊ အသံရောက်လာတာလား။ (အသံရောက်လာတာပါဘုရား) ဒီတော့ ဘာယူရသလဲ။ (အသံယူရပါတယ်ဘုရား)

ဒါဖြင့် ဒီအသံဟာ ဘာလဲ။ (ရုပ်ပါဘုရား) ရုပ်တရား။ အဲဒီ အသံကို သိသိ သိသိ သိသိပြီးတော့ နေတာက သောတဒွါရမှာ ဖြစ်သော စိတ် စေတသိက်တွေကသာ အဲဒီ အသံကို သိနေသည်။ နားက သိတာ မဟုတ်။ (မဟုတ်ပါဘုရား) ဟုတ်လား။ (မှန်ပါဘုရား)

နားက သိတယ်ဆိုယင် လူသေကောင်မှာ နားရွက်ကြီးတော့ မရှိဘူးလား။ (ရှိပါတယ်ဘုရား) သူ့အနား သွားအော်နေ ဘာသိမလဲ။ (မသိပါဘုရား) နားတော့ ရှိတယ်နော်။ (ရှိပါတယ်ဘုရား) ဒီတော့ ဘုန်းကြီးတို့ ပရိသတ် ထင်နေတာက နားက သိတယ်ချည်း ထင်နေတယ် မဟုတ်လား။ (မှန်ပါဘုရား) ကိုင်း လူသေကောင်မှာ နားရွက်ကြီး မရှိဘူးလား။ (ရှိပါတယ်ဘုရား) သွားအော်စမ်း အဲဒီအနား။ (မသိပါဘူးဘုရား) ဒါဖြင့် နားက သိတာ ဟုတ်ကဲ့လား။ (မဟုတ်ပါဘူးဘုရား) ဘယ်သူက သိနေတာတုန်းကွဲ့။ (စိတ် စေတသိက်တွေကပါ ဘုရား) စိတ် စေတသိက်က သိနေတာ၊ သခ်တာ ဓမ္မာ။ သဘော ပေါက်ပလားကွဲ့။ (ပေါက်ပါတယ်ဘုရား)

ဒါဖြင့် ကြားဆဲခဏမှာ ဖြစ်ပေါ်လာတာက ဘာတွေလဲဆိုတော့ ကြားအပ်သော အသံသဒ္ဒရုပ် ဟူသရွေ့ ရုပ်တရား။ (မှန်ပါဘုရား) အသံသာ ယူနော်။ (မှန်ပါဘုရား) အမျိုးသားက ထွက်လာတဲ့ အသံဆိုယင် အမျိုးသားယူရမလား၊ အသံယူရမလား။ (အသံယူရမှာပါဘုရား) ဘုန်းကြီးတို့ ပရိသတ်က ဘာယူထားသလဲ။ (အမျိုးသား ယူထားပါတယ်ဘုရား) ဟော အဲဒီမှာ ခုနင်က ပြောတဲ့ ကိလေသာဝင်တယ်။ ဘာပြုလို့လဲ ဆိုတော့ အမျိုးသားရဲ့ သဏ္ဌာန်နိမိတ်ကို ယူတာကိုကွဲ့။ ရာဂလဲ ဝင်နိုင်တယ်၊ ဒေါသလဲ ဝင်နိုင်တယ်၊ ရာဂ ဒေါသဆိုတာ တွေဟာ ကိလေသာ မဟုတ်လားကွဲ့။ (ကိလေသာပါဘုရား) အသံကိုသာ ယူရမှာနော်။ (မှန်ပါဘုရား) အသံက ဝိပဿနာရှုရမဲ့ အာရုံတရားကွဲ့။ (မှန်ပါဘုရား) အမျိုးသမီးက ထွက်လာတဲ့ အသံဆိုယင်လဲ အသံသဒ္ဒရုပ်ကိုသာ ယူပါ၊ နားထဲ ရောက်ထာက အသံသဒ္ဒရုပ်။ (မှန်ပါဘုရား) တိရစ္ဆာန်အမျိုးမျိုးတွေ အော်တဲ့အသံ၊ ဟုတ်လား။ (မှန်လှပါဘုရား) အထူးထူးသော အရာဝတ္ထုတွေက ထွက်ပေါ်ပြီးတော့ လာတဲ့အသံ၊ ဘာယူမတုန်း။ ဥပမာ ကောင်းကင်ကနေပြီးတော့ လေယာဉ်ပျံကြီးက ဝီဝီ ဝီဝီနဲ့ သွားနေတယ်၊ ဘာယူမတုန်း။ (လေယာဉ်ပျံကြီး ယူပါတယ်ဘုရား) ဟော့ အဲဒါ ဘာလဲလို့မေးလိုက်တော့ ဘယ့်နှယ်ပြော။ (ရုပ်ပါဘုရား) ဒီလို မပြောပါဘူးကွဲ့၊ လေယာဉ်

ပံ့လို့ ပြောနေကြတာ၊ မှန်ရဲ့လားကွဲ့။ (မမှန်ပါဘူးဘုရား) သမုတိသစ္စာကတော့ မှန်တယ်နော်။ (မှန်ပါဘုရား) ပရမတ္ထသစ္စာအနေ ဝိပဿနာ ရှုဘို့ကျတော့ မှန်သေးရဲ့လား။ (မမှန်တော့ပါဘုရား) ဘယ်လို ယူမှ မှန်သလဲ။ (အသံရုပ်ကို ယူရမှာပါဘုရား) နားထဲ ရောက်လာတာက အသံ သဒ္ဒရုပ်၊ လေယာဉ်ပျံကြီး ဝင်လာတာ မဟုတ်ဘူး နားထဲကို။ (မှန်ပါဘုရား) သဘောပေါက်ပလားကွဲ့။ (ပေါက်ပါတယ်ဘုရား)

မီးရထားသံတွေ မော်တော်ကားသံတွေ ဟုတ်လား။ ငှက်တွေ အမျိုးမျိုး အော်တဲ့အသံတွေ၊ လူသတ္တဝါတွေ အမျိုးမျိုးပြောတဲ့ အသံတွေ၊ မိုးခြိမ်းသံတွေ၊ ဥတုနှစ်ပါးကြောင့် ဖြစ်တဲ့အသံတွေ စိတ်ကြောင့်ဖြစ်တဲ့ အသံတွေ၊ စိတ်ဥတု နှစ်ပါးကြောင့် ဖြစ်တဲ့ အသံတွေ ဘာအသံဘဲဖြစ်ဖြစ် အဲဒီ နားထဲကို ရောက်လာတဲ့ အသံဆိုယင် ဘာလို့ရှုလိုက်ရမလဲလို့ ဆိုတော့ ရုပ်တရား၊ဘာ တရားတုန်းကွဲ့။ (ရုပ်တရားပါဘုရား)

ဘုန်းကြီးတို့ ပရိသတ် အသံသဒ္ဒဆိုတာ ရုပ်လား၊ နာမ်လားကွဲ့။ (ရုပ်ပါဘုရား) နားထဲရောက်လာပြီနော်။ (မှန်ပါဘုရား) သူပေါ်လာပြီနော်။ (ပေါ်လာပါပြီ ဘုရား)

အဲဒီ အသံသဒ္ဒရုပ် ပေါ်တာနဲ့ တပြိုင်နက်ထဲ သောတဝိညာဏ် သောတဒွါရမှာ ဖြစ်သော စိတ္တုပ္ပါဒ်တို့နှင့် စေတသိက်တွေနှင့် အတူတကွ ကြားတယ်ဆိုတဲ့ သဘောတွေ ဖြစ်ပါတယ်။ (မှန်ပါဘုရား) ဒီတော့ ကြားဆဲခဏမှာ ဘာနဲ့ ဘာလို့ ဝိပဿနာ ရှုရမလဲ။ (ရုပ်နဲ့နာမ်လို့ ရှုရမှာပါဘုရား) နာမ်ရုပ် ဟုတ်လား။ (မှန်ပါ) ဒါကြောင့်—

အနိစ္စာနုပဿီ သုဏိဿာမီတိ သိက္ခတိ။ အနိစ္စာနုပဿီ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ သုဏိဿာမိ၊ နားထောင်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်ပါ။ "သုတမတ္တ" ဖြစ်တယ်။ ကြားကာမတ္တဘဲ မဟုတ်လား။ (မှန်ပါဘုရား) ဒီတော့ ယောကျ်ား၊ မိန်းမ ပါသေးလား။ (မပါတော့ပါဘုရား) အမျိုးသား၊ အမျိုးသမီး ပါသေးလား။ (မပါ ပါဘူးဘုရား) လူလဲ ပါသေးလား။(မပါပါဘုရား) ငါ။ (မပါ ပါဘုရား)သူ။ (မပါ ပါဘူးဘုရား) ခန္ဓာကိုယ်တွင်းမှာ ကြားသူ၊ကြားစေတတ်သူ အတ္တဆိုတဲ့ အသက်ကောင်၊လိပ်ပြာကောင် ဝိညာဉ်ကောင်ဆိုတာကော ရှိလားကွဲ့။ (မရှိပါဘုရား) ဘာသာ ရှိသလဲကွဲ့။ (နာမ်ရုပ်သာ ရှိပါတယ်ဘုရား)

ဘိက္ခဝေ၊ ချစ်သားတို့။ နာမရူပေ၊ နာမ်ရုပ်၌။ သတ္တော၊ သတ္တဝါကို။ န ဥပလဗ္ဘတိ၊ မရအပ်။ သတ္တဝါ မရှိဘူး။ (မှန်ပါဘုရား) နရော၊ လူသည်။ နတ္ထိ၊ မရှိ။

အဲဒီ ရုပ်နာမ်မှာ လူကောရှိရဲ့လား။(မရှိပါဘူးဘုရား) အမျိုးသား၊အမျိုးသမီး ရှိရဲ့လား။(မရှိပါဘူးဘုရား) ကိုယ်ကော သူကော အဲဒီ အထဲမှာ ပါရဲ့လား။(မပါပါဘူးဘုရား) ဘာနဲ့ ဘာသာ ပါလာသလဲ။(နာမ်ရုပ်သာ ပါလာပါတယ်ဘုရား) နာမ်ရုပ်၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီလို နာမ်နဲ့ရုပ် ဖြစ်လာပြီ ဆိုတော့ နာမ်နဲ့ ရုပ်လို့ ဆိုတာ ဟုတ်လား—

**ပုဂ္ဂိုလ် မဟုတ်၊ ငါ မဟုတ်၊ နာမ်ရုပ်အစုပါတကား။**

ကြားဆဲခဏ "သုတမတ္တ" ဖြစ်အောင် ရှုတာ။(မှန်ပါဘုရား)ကြားဆဲ ခဏမှာ "သုတမတ္တ" ဖြစ်အောင် ရှုတာ ဘယ်လိုရှုလဲ။ (နာမ်ရုပ်ပဲ ရှုရပါတယ်ဘုရား)

**ပုဂ္ဂိုလ် မဟုတ်၊ ငါ မဟုတ်၊ နာမ် ရုပ် အစုပါတကား။**

မှတ်မိပလားကွဲ့။ (မှတ်မိပါတယ်ဘုရား) ပုဂ္ဂိုလ်မဟုတ် ငါမဟုတ် နာမ်ရုပ် အစုပါတကား—ဆို။(ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ် အစုပါတကား)

အဲဒီ ဆောင်ပုဒ်ကလေး ကတော့ဖြင့် ဘုန်းကြီးတို့ ကျေးဇူးတော်ရှင်ဖြစ်တော်မူသော မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ၏ ဆောင်ပုဒ် ကလေး ဖြစ်ပါတယ်၊ နော်။ (မှန်ပါ) အဲဒါလေး ဘုန်းကြီးတို့ မုံရွာမြို့က အမျိုးကောင်းသားတွေ၊သမီးတွေက ပြောတယ်ကွဲ့။ တပည့်တော်တို့ မုံရွာမြို့က ဆောင်ပုဒ်ထက် ရှစ်လုံးဘွဲ့ကို ပိုကြိုက်တယ်ဘုရားတဲ့၊ သူတို့က။ (မှန်ပါဘုရား) အဲ့ဒီတော့ ဘုန်းကြီး ကပျာကယာ ဒီဆောင်ပုဒ်တွေရေး၊ကိုင်းရိုက်၊ ရိုက်ပြီးတော့ ပရိသတ် ဝေရအောင်လို့ဆိုတော့ နက်ဖြန်ကာမှ ဝေဖြစ်မယ်တဲ့။ (မှန်လှပါဘုရား) နက်ဖြန်ကာ ကျတော့ ဒီ ရှစ်လုံးဘွဲ့တွေ ဟုတ်လား၊ ဆိုရမယ်ကွဲ့နော်။ (မှန်ပါဘုရား)

**ကြားတတ် ကြားအပ်၊ နှစ်ရပ်ရုပ်နာမ်၊**
**ကြားဆဲခဏ၊ သုတမတ္တံ၊**
**သတိထား၍၊ ရှုပွားဖန်ဖန်၊**
**ဉာဏ်အလုပ်၊ ဖြစ်ချုပ် သိအောင်ကြံ။**

သုတေ သုတမတ္တံ ဘဝိဿတိ။ "သုတမတ္တ" ဖြစ်အောင် ကျင့်တယ်လို့ ဆိုတာ ကြားဆဲခဏမှာဖြစ်ပေါ်လာတာ ဘာနဲ့ဘာတုန်းလို့ဆိုတော့ သန်တာ ဓမ္မာ၊ နာမ်ရုပ်နော်။ (မှန်ပါဘုရား) အဲဒီနာမ်ရုပ်ကဘာတုန်း၊ အသံသဒ္ဒရုပ်က ရုပ်၊ ကြားအပ်သောကြောင့် အသံသည် သုတ။ (မှန်ပါဘုရား)

ကြား တတ် သော ကြောင့် သောတဝိညာဏ်စိတ်နှင့် သောတဒွါရမှာ ဖြစ်သော စိတ်စေသိက်တို့သည် သုတ။

ကြားအပ်သောကြောင့် ဘာတုန်း။ (သုတပါဘုရား) ကြားတတ်သောကြောင့်။ (သုတပါဘုရား) သုတမတ္တ။ (မှန်ပါဘုရား) အဲဒီ ကြားကာမျှနဲ့

ဟိုဘက်ယောကျ်ားဘက် မိန်းမဘက်ကို လွန်မသွားနဲ့။ (မှန်ပါဘုရား) လက်သဏ္ဌာန် ခြေသဏ္ဌာန် ခေါင်း နှာခေါင်း ရင် ဝမ်း သဏ္ဌာန်တွေဘက်ကို လွန်မသွားစေနဲ့။ လွန်သွားတာနဲ့ တပြိုင်နက်ထဲ ဘာဝင်မလဲဆိုတော့ ကိလေသာတခါထဲ ဝင်လာမယ်။ ငါက သူ့ကို မြင်တယ်လို့ ဒီလို ဖြစ်လာတယ်။ (မှန်ပါဘုရား)

ဒီတော့ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"တုန်းကတော့ မြင်အပ် မြင်တတ်၊ ဟုတ်လား။ (မှန်ပါဘုရား)မြင်အပ်သောတရားသည် ရုပ်၊ မြင်တတ်သောတရားသည် နာမ်။ အဲဒီတော့ မြင်ဆဲခဏမှာ "ဒိဋ္ဌမတ္တ" မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား) အဲဒါကို သတိထားပြီးတော့ ရှုပွားပါ ဉာဏ်အလုပ်ပါ၊ ဖြစ်ခြင်းပျက်ခြင်းလို့ ခေါ်တဲ့ အနိစ္စအချက်ကို သိအောင် ကျင့်ကြံပါ နော်။ (မှန်ပါဘုရား)

ကြားတယ်ဆိုတဲ့နေရာမှာလဲ "သောတဝိညာဏံ တံဒွါရိက ဝိညာဏေဟိ သဝနဋ္ဌေန သုတံ" ဒီလိုလုပ်ကြစို့ နော်။ (မှန်ပါဘုရား) သောတဝိညာဏံ၊ သောတဝိညာဏ်သည်။ တံ ဒွါရိကဝိညာဏေဟိ၊ ထိုသောတဒွါရမှာ ဖြစ်ကုန်သော စိတ်တို့နှင့်။ သဒ္ဒိံ၊ အတူတကွ။ သဝနဋ္ဌေန၊ နားထောင်တတ် ကြားတတ်သော သဘောသတ္တိရှိသောကြောင့်။ သုတံ၊ သုတမည်၏။ သုတ။

သဒ္ဒါယတနံ၊ အသံ သဒ္ဒရုပ်သည်။ သုဏိတဗ္ဗဋ္ဌေန၊ ကြားအပ်သော အနက်သဘော သတ္တိရှိသည် ဖြစ်သောကြောင့်။ သုတံ၊ သုတ မည်၏။

အသံ သဒ္ဒရုပ်ကလဲ သုတ၊ ကြားတတ်သော သောတဝိညာဏ်စိတ်ကလဲ။ (သုတပါဘုရား) သုတ။ အသံ သဒ္ဒရုပ်က ရုပ်၊ ကြားတတ်သော သောတဝိညာဏ်စိတ်က နာမ်။ (မှန်ပါဘုရား) အမျိုးကောင်းသားတွေ၊ သမီးတွေက ဒီအထဲမှာ ဘာစိတ်တွေပါတယ်လို့ သိသိ မသိသိ။ သောတဒွါရ တဝီထိကျပြီးတော့မှ ကြားဆိုတဲ့ အသံကလေးတခု ဖြစ်လာတာကွဲ့။ (မှန်ပါ ဘုရား) အဲဒီ ဝီထိတွေကိုတော့ ဘုန်းကြီး "ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ကို ပြောတုန်းက အကုန်လုံး ပြောခဲ့ပြီးပြီနော်။ (မှန်ပါဘုရား)

ဒါကြောင့် မင်းကွန်း တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘုန်းကြီးတို့ရဲ့ကျေးဇူးတော်အရှင် ဖြစ်တော်မူတဲ့ အရှင် ဝိစိတ္တသာရာဘိဝံသရဲ့ ဆောင်ပုဒ်ကတော့—

ကြားအပ် ကြားတတ်၊ ဤနှစ်ရပ်ကား၊ ခုတ်စုမှန်လှ၊ မည်သုတ၊ ဓမ္မသက်သက်ပါတကား။ သူက ဒီလိုစီထားတယ် နော်။ (မှန်ပါဘုရား)ကိုင်း— ဆိုရမယ်—ရှစ်လုံးဘွဲ့။

**မြင်အပ် မြင်တတ်၊ နှစ်ရပ် ရုပ်နာမ်။**

မုံရွာကလူတွေ ရှစ်လုံးဘွဲ့ကြိုက်ဘယ် မြင်ဆဲခဏ၊ ဒိဋ္ဌမတ္တံ ဆိုဘို့တော့ ကိုယ်က စီတယ်၊ လက်စသတ်တော့ သူတို့က ကျယ်ကျယ်မှ မဆိုပဲဘဲ။ မြင်အပ်

မြင်တတ်၊ နှစ်ရပ် ရုပ်နာမ်။ မြင်ဆဲခဏ၊ ဒိဋ္ဌမတ္တံ။ မြင်အပ်သော ရုပ်၊ မြင်တတ်သော နာမ်လို့ ဒီလို နာမ်ရုပ်ကို ရှုလိုက်ယင် မြင်ဆဲ ခဏမှာ ''ဒိဋ္ဌမတ္တ'' ဖြစ်ပါပြီ–တဲ့၊ ဟုတ်လား။ (မှန်ပါဘုရား)

ဒီတော့ အခုဟောနေတာက''သုတ'' ကြားအပ် ကြားတတ်ဆိုရမယ်၊ ဟုတ်လား။ (မှန်ပါဘုရား) ဒီ ဆောင်ပုဒ်ကလေးတွေ နက်ဖြန်ကာကျတော့ ဘုန်းကြီးတို့ ပရိသတ်ရဲ့ လက်ထဲရောက်မယ်၊ ဟုတ်လား။ (မှန်ပါဘုရား) ပြီးတော့ကော–ဘယ်ရောက်မလဲ။ ပြီးတော့ ဘယ်ရောက်မှာတုန်း။ (အိမ်ခေါင်မိုးပါဘုရား) အိမ်ခေါင်မိုးရောက် တော်သေးရဲ့ဗျာ၊ ကတော့လုပ်ပြီး ငြုတ်သီးမှုန့်မထုပ် တော်လှပြီ။ ဟင်-ပြီးတော့ ဘယ်မှာထားမှာတုန်းကွဲ။ (နှုတ်ထဲမှာထားမှာပါဘုရား) နှုတ်ထဲ၊ နှုတ်ထဲထည့်ထားမယ်။ (မှန်ပါဘုရား) ပြီးတော့ . နှုတ်ထဲကပြီးတော့ ဘယ်ထားမလဲ။ (ဉာဏ်ထဲမှာ ထားမှာပါဘုရား) အေး– ဉာဏ်သဲမှာ၊ ဉာဏ်ထဲမှာ ဟုတ်လား ဆိုကွဲ။

**ကြားအပ်ကြားတတ်၊ နှစ်ရပ်ရုပ်နာမ်၊**<br>**ကြားဆဲခဏ၊ သုတ မတ္တံ၊**

ဟုတ်ပြီ၊ ကြားအပ်သော သဘောသည် ရုပ်တရား။ ကြားတတ်သော သဘောသည် နာမ်တရား။ အဲဒီ နာမ်ရုပ်သည် ကြားဆဲခဏကလေးမှာသာလျှင် ဖြစ်ပေါ်လာသည် ဖြစ်သောကြောင့် ''သုတမတ္တ'' ရှင်းပလား်ကွဲ။ (မှန်ပါဘုရား)

**ကြားအပ် ကြားတတ်၊ နှစ်ရပ်ရုပ်နာမ်၊**<br>**ကြားဆဲခဏ၊ သုတမတ္တံ၊**<br>**သတိထား၍၊ ရှုပွားဖန်ဖန်၊**<br>**ဉာဏ်အလုပ်၊ ဖြစ်ချုပ် သိအောင်ကြံ။**

## ကြားဆဲ ရုပ်နာမ် လက္ခဏာဉာဏ် ထင်ပုံ

ရှင်းပလားကွဲ။ (ရှင်းပါပြီဘုရား) ဒီတော့ အဲဒီ နာမ်ရုပ်လို့ဆိုတဲ့ တရား နှစ်ပါး ကြားဆဲခဏမှာ ဖြစ်ပေါ်လာတဲ့''သုတမတ္တ'' လို့ဆိုတဲ့ နာမ်ရုပ်တရား၊ အသံသဒ္ဒရုပ်နဲ့ သောတဝိညာဏ်စိတ်လို့ခေါ်တဲ့ နာမ်ရုပ်တရား နှစ်ပါးတို့သည် နိစ္စလား၊ အနိစ္စလားကွဲ။ (အနိစ္စပါဘုရား)

ဟုတ္တာ အဘာဝဌေန အနိစ္စံ။ တေဟိ၊ ထို ကြားဆဲခဏ ဖြစ်ပေါ်လာတဲ့ သုတမတ္တလို့ခေါ်တဲ့ နာမ်ရုပ်တရားနှစ်ပါးတို့သည်။ ဟုတ္တာ အဘာဝဋ္ဌေန၊ ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပျောက်ကြသည်ဖြစ်သောကြောင့်။ အနိစ္စံ၊ အနိစ္စ တရားတို့ပါတကား။ နိစ္စလား၊ အနိစ္စလားကွဲ။ (အနိစ္စပါဘုရား)

ကြားဆဲခဏမှာ ဖြစ်တဲ့ "သုတမတ္တ"ဟု ဆိုအပ်သော နာမ်ရုပ်သည် နိစ္စလား၊ အနိစ္စလား။ (အနိစ္စပါဘုရား) ဘာပြုလို့ အနိစ္စလဲလို့ဆိုတော့ ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပျောက်လို့။ (မှန်ပါဘုရား) အခု၊ အခုလို့ ဆိုလိုက်တဲ့ အသံဟာ ဖြစ်ပြီး အခု ဘယ်ရောက်သွားလဲ။ (ပျောက်သွားပါတယ်ဘုရား) ဘယ်လောက် ကြာကြာနေတုန်းကွဲ။ (မကြာပါဘူးဘုရား) လူက ပျောက်ကဲ့လား။(မပျောက်ပါဘူးဘုရား)

ဒီတော့ ဘာကိုရှုရမှာလဲ။ (အသံကို ရှုရမှာပါဘုရား) ရုပ်တရား။ (မှန်ပါဘုရား) အေး–လူဆိုတာကတော့၊ သတ္တဝါဆိုတာကတော့ အနှစ်တရာမှာလေ အသက်တရာတမ်းမှာ အနှစ်တရာထိအောင် ရှိနိုင်တယ်ကွဲ။ (မှန်လှပါဘုရား) အဲဒီလူက ထွက်လာတဲ့ အသံသဒ္ဒရုပ်ကျတော့ ဘယ်လောက် ကြာကြာနေတုန်း။ (မကြာပါဘူးဘုရား) သဘောကျပလား။ (ကျပါတယ်ဘုရား) အဲဒီ အသံက လေးကကော ဘယ်လောက်ကြာကြာနေတုန်း။ အသံလဲပျောက် သူလဲပျောက်ဘဲ။ (မှန်ပါဘုရား)

ဟုတွာ အဘာဝဌေန အနိစ္စံ။ တေဟိ၊ ထို သုတမတ္တလို့ခေါ်တဲ့ နာမ်ရုပ်တို့သည်။ "သုတမတ္တ"လို့ ဆိုတာ နာမ်ရုပ်ကို ပြောတာ။(မှန်ပါဘုရား) တေဟိ၊ ထို"သုတမတ္တ"ခေါ်တဲ့ နာမ်ရုပ်တို့သည်။ ဟုတွာ အဘာဝဌေန၊ ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပျောက်ကြသည် ဖြစ်သောကြောင့်။ အနိစ္စံ၊ အနိစ္စပါတကား။

ဥဒယဗ္ဗယပဋိပီဠနဋ္ဌေန၊ ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ နှိပ်စက်ခြင်းဘေး သင့်၍နေသည်ဖြစ်သောကြောင့်။ ဒုက္ခံ၊ ဘယဋ္ဌ ဒုက္ခတွေပါတကား။ ဟုတ်လား။ (မှန်ပါဘုရား)

အဝသဝတ္တနဋ္ဌေန၊ မိမိအလို အကြိုက်ကို မပါသည် ဖြစ်သောကြောင့်။ အနတ္တာ၊ အနတ္တ တရားတို့ပါတကား။ အတ္တမဟုတ်တဲ့ အနတ္တတရားတို့ပါတကားလို့– အဲဒီဉာဏ်အလုပ်ကို၊ ဖြစ်တယ်၊ ချုပ်ပျောက်သွားတယ်၊ ဖြစ်တယ် ချုပ်ပျောက်သွားတယ် ဆိုတဲ့ အနိစ္စ၏လက္ခဏာကို၊ အနိစ္စဆိုတဲ့ "သုတမတ္တ"လို့ခေါ်တဲ့ နာမ်ရုပ်ပေါ်မှာ တင်ပြီးတော့ ဒီဉာဏ်အလုပ်ကို ဖြစ်အောင် ကြိုးစားပြီးတော့ အားထုတ်ပါ နော်။(မှန်ပါဘုရား)

အဲဒီလို ဉာဏ်ရှေ့သွားပြီးတော့ ရှုပွားလိုက်မယ်ဆိုယင် ဘာဖြစ်လာတုန်းလို့ဆိုတော့ ဆိုရမယ်ကွဲ။

ဉာဏ်ရှေ့သွား၍၊ ရှုပွားပါလျှင်၊
ယောကျ်ားမိန်းမ၊ အတ္တကင်းစင်။

အဲဒီလို ဉာဏ်နဲ့ယှဉ်တွဲပြီးတော့ ရှုပွားလိုက်မယ်ဆိုယင် ဒီ အသံသဒ္ဒရုပ်ကို ကြားဆဲခဏမှာ ယောကျ်ားရယ် မိန်းမရယ် သတ္တဝါရယ် ပါသေးလားကွဲ့။ (မပါပါဘူးဘုရား)ဘာသာပါတုန်း။ (နာမ်ရုပ်ဘဲ ပါပါတယ်ဘုရား)နာမ်ရုပ် ဆိုတာ ဘာပါလိမ့်။(အနိစ္စပါဘုရား) အနိစ္စ။ အနိစ္စဆိုတဲ့ တရားသည် ဒုက္ခ လား သုခလားကွဲ့။ (ဒုက္ခပါဘုရား) အနိစ္စနဲ့ ဒုက္ခဖြစ်သော တရားသည် အတ္တ လား အနတ္တလားကွဲ့။(အနတ္တပါဘုရား) ဒါကြောင့်ဆိုရမယ်။

ဉာဏ်ရှေ့သွား၍၊ ရှုပွားပါလျှင်၊
ယောကျ်ား မိန်းမ၊ အတ္တ ကင်းစင်၊
အနိစ္စနှင့်၊ ဒုက္ခကိုမြင်၊
အနတ္တ၊ ရှုမှ နိဗ္ဗာန်ဝင်။

## ကြားဆဲ ရုပ်နာမ်၌ ပရိညာသုံးပါး ဖြစ်ပုံ

ချစ်သား၊ အဲဒီလို သင်"သုတေ သုတမတ္တ"ဖြစ်အောင် ကျင့်ပါ၊ နားလည် ပြီမဟုတ်လားကွဲ့။ (မှန်ပါဘုရား) "သုတေ သုတမတ္တံ" ကို ရှုကွက်နှင့်တကွ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား) အဲဒီလို "သုတေ သုတမတ္တ" မှာ အနိစ္စ လက္ခဏာထင် အောင်၊ ဒါ ဉာတပရိညာနဲ့ တီရဏ ပရိညာပိုင်းကွဲ့၊ အဲဒါ။ (မှန်ပါဘုရား) "သုတေ သုတမတ္တ"၌ ရုပ် နာမ် ပိုင်းခြားသိတာက ဉာတပရိညာပိုင်း၊ အနိစ္စ ဒုက္ခနဲ့ အနတ္တကို မြင်အောင်ရှုပွားဆင်ခြင်တာက တီရဏပရိညာပိုင်း။ (မှန်ပါဘုရား)

"ယတော တေ မာလုကျပုတ္တ သုတေ သုတမတ္တံ ဘဝိဿတိ၊ တတော တွံ မာလုကျပုတ္တ န တေန၊ ယတော တွံ မာလုကျပုတ္တ န တေန၊ တတော တွံ မာလုကျပုတ္တ န တတ္ထ။ ယတော တွံ မာလုကျပုတ္တ န တတ္ထ၊ တတော တွံ မာလုကျပုတ္တ နေဝိဓ န ဟုရံ န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿ။"

ပဟာနပရိညာပိုင်း။(မှန်ပါဘုရား)

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ ယတော၊ အကြင်အခါ၌။ တေ၊ သင်ချစ်သားသည်။ သုတေ၊ အသံမျိုးစုံ သဒ္ဒါရုံကို ကြားရာ၌။ သုတမတ္တံ၊ သုတမတ္တလို့ ခေါ်တဲ့ နာမ်ရုပ်ကို ကြားကာမျှသာ။ ဘဝိဿတိ၊ ဖြစ်အောင် ဟုတ်လား။ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ အသံမျိုးစုံ သဒ္ဒါရုံကို ကြားရာ၌ "သုတ မတ္တ"ဖြစ်အောင် သင်ချစ်သား အခုပြောခဲ့တဲ့ အစဉ်အတိုင်း ကျင့်နိုင်သည် ဖြစ်အံ့။

မာလုကျပုတ္တ၊ မာလုကျပုတ္တ။ တတော၊ ထိုကြားဆဲခဏ၌ နာမ်ရုပ် မျှကို သာလျှင် မြင်အောင် ကျင့်နိုင်သော အခါကာလ သမယ၌။ တွံ၊ သင်ချစ်သားသည်။ တေန ရာဂ ဒိနာ၊ ထိုရာဂ ဒေါသ မောဟ တို့နှင့် တပ်မက်ခြင်း ပြစ်မှားခြင်း တွေဝေခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။

ပဟာနပရိညာ၊ အဲဒါ မင်္ဂကို ဟောတာဘဲ။ (မှန်ပါဘုရား) "ယတော တွံ မာလုကျပုတ္တ န တေန၊တတော တွံ မာလုကျပုတ္တ န တတ္ထ" နော်။ပဌမက အဲဒီ မဂ်ကို ဟောလိုက်တဲ့ အပိုင်းက အာရမ္မဏိက တရားပေါ်မှာ သောတ ဝိညာဏ်စိတ်နဲ့ သောတဒွါရမှာ ဖြစ်သော စိတ် စေတသိက်တရားတို့ရဲ့ အပေါ်မှာ ရာဂ ဒေါသ မောဟ မပါပုံကို ဟောလိုက်တာကွဲ။ (မှန်ပါဘုရား) ပယ်လိုက်ပုံကို ဟောတာ။ (မှန်ပါဘုရား) ဝိညာဏ်ပေါ်မှာ– အခု ဟောထားတဲ့ဟာက ဝိညာဏ်အာရုံကိုကွဲ။(မှန်ပါ) အဲဒီ ဝိညာဏ်ပေါ်မှာ ရာဂ ဒေါသ မောဟကွာအောင် ဟောလိုက်တာ။ နို့ အာရုံပေါ်ကျတော့ကော၊အာရုံပေါ်ကျတော့—

"ယတော တွံ မာလုကျပုတ္တ န တေန၊ တတော တွံ မာလုကျပုတ္တ န တတ္ထ။"

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ ယတော၊ အကြင် အာရမ္မဏိက ခေါ်တဲ့ တရားပေါ်မှာ ရာဂ ဒေါသ မောဟ မပါသော အခါ၌။ တွံ၊ သင်ချစ်သားသည်။တေန ရာဂ ဒိနာ၊သည်။န ဘဝိဿတိ၊ လတ္တံ့။မာလုကျပုတ္တ၊ ပုတ္တ။ တတော၊၌။ တွံ၊ သင်သည်။ တတ္ထ၊ ထို သုတလို့ ခေါ်တဲ့ ကြားအပ်သော အသံမျိုးစုံ သဒ္ဒါရုံ၌။ ရာဂ ဒိနာ၊ ရာဂ စသည်နှင့်။ ဝါ၊ ရာဂ ဒေါသ မောဟနှင့်။ ပဋိဗဒ္ဓေါ၊ စပ်ယှဉ်သော။ အလ္လိနော နာမ၊ ကပ်ငြိတွယ်တာ၍ နေခြင်းမည်သည်။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။

ဟုတ်လား။(မှန်ပါဘုရား) အဲဒီလို မဖြစ်ဘူးဆိုယင် အဲဒါ ဖိုလ်ကွဲ။ ဟို အဋ္ဌကထာ ပိုင်းထားတာ၊ အဲဒီလိုဘဲ ပိုင်းတယ်။ (မှန်ပါဘုရား)နောက်တပိုဒ်—

"ယတော တွံ မာလုကျပုတ္တ န တတ္ထ၊ တတော တွံ မာလုကျပုတ္တ နေဝိဓ န ဟုရံ န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿ။"

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ ယတော၊ အကြင်အခါကာလ အာရုံ အာရမ္မဏိကတွေရဲ့ အပေါ်မှာ ရာဂ ဒေါသ မောဟတွေ ကွာ၍ ပဟာနပရိညာစခန်း ပိုင်နိုင်အောင် ကျင့်နိုင်သော အခါ၌။ တွံ၊ သင်ချစ်သားသည်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။နေဝ ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ ဟုရံ၊ ဟိုတမလွန် ဘဝ၌။ န ဘဝိဿတိ၊ မဖြစ်တော့ လတ္တံ့။ ဥဘယမန္တရေန၊ ဒီဘဝ ဟိုဘဝလို့ ခေါ်တဲ့ ပစ္စုပ္ပန် တမလွန် နှစ်ပါးစုံသော ဘဝ၌။ န ဘဝိဿတိ၊

မဖြစ်တော့လတ္တံ့။ တနည်း—ဣဓ၊ ဤ အဇ္ဈတ္တိကာယတန ခြောက်ခု၌။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ ဟုရ၊ ဗာဟိရာယတန ခြောက်ခု၌လည်း။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ ဥဘယမန္တရေန၊အဇ္ဈတ္တိကာယတန ဗာဟိရာယတန နှစ်ခုတို့၏ အကြားအလယ်၌ ဖြစ်သော စိတ် စေတသိက်၌လည်း။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။

လွတ်သွားပြီကွဲ၊ဝိညာဏ် နာမ်ရုပ်က။(မှန်ပါဘုရား)စိတ် စေတသိက် ရုပ်က လွတ်သွားပြီကွဲ။(မှန်ပါဘုရား) အဲဒါ ပဋိစ္စသမုပ္ပါဒ်မှာ ထွက်ပေါက်ကွဲ၊ အဲဒီ ဟာ။(မှန်ပါဘုရား) သဘောပေါက်ကဲ့သား။ (ပေါက်ပါတယ်ဘုရား) ဖြစ် အောင်လုပ်ပါနော်။ (မှန်ပါ) တနည်း—

မာလုကျပုတ္တ၊ မာလုကျပုတ္တ။ တတော၊ထိုအခါ၌။တွံ၊သင်ချစ်သားသည်။ ဣဓ၊ ဤ ကာမဘဝ၌။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ ဟုရ၊ အရူပဘဝ၌။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ ဥဘယမန္တရေန၊ ကာမဘဝ အရူပဘဝတို့၏ အကြား၌ဖြစ်သော ရူပဘဝ၌လည်း။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။

ကာမဘဝကကော ရူပဘဝကကော အရူပဘဝကကော ဆိုတော့ သုံး ဆယ့်တဘုံက လွတ်သွားပြီမဟုတ်လားလို့။ (လွတ်သွားပါပြီဘုရား) ဘယ်မှာ ဖြစ်သေးတုန်း။(မဖြစ်တော့ပါဘူးဘုရား)မဖြစ်ယင် အနုပ္ပါဒနိရောဓ အနေနဲ့ ငြိမ်းသွားပြီ မဟုတ်လား။ (ငြိမ်းသွားပါပြီဘုရား) နိရောဓသစ္စာ၊ နိဗ္ဗာန် ဟော်ဒါ နိဗ္ဗာန်ပြတာ။(မှန်ပါဘုရား) နောက်တနည်း—

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တွံ၊ သင် မာလုကျပုတ္တသည်။ တတော၊ ထိုသို့ အာရုံ အာရမ္မဏိကပေါ်မှာ ရာဂ ဒေါသ မောဟကွာ အောင် "သုတမတ္တ" ဖြစ်အောင် ကျင့်သော အခါကာလ သမယ၌။ဣဓ၊ ဤ အကြောင်းတရား၌လည်း။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ အကြောင်း သမုဒယ မဖြစ်တော့ဘူးတဲ့။(မှန်ပါဘုရား)

ဟုရ၊ အကျိုး ဒုက္ခသစ္စာ၌လည်း။ န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ ပဋိစ္စ သမုပ္ပါဒ် အကွက် ဘယ်နှယ်လုပ် လည်မလဲ။ (မလည်ပါဘူးဘုရား) ဥဘယ- မန္တရေန၊အကြောင်းအကျိုးနှစ်မျိုးတို့၏ အလယ်၌ ဖြစ်သော ပဏ္ဏတ္တိ ခေါ်တဲ့ ပညတ်တရား၌လည်း။ဝါ၊ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာလည်း၊န ဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ ဧသေဝ၊ ဤသည်ပင်လျှင်၊ ဒုက္ခဿ၊ ကိလေသဝဋ်ဆင်းရဲ၏။ အန္တော၊ အဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာတရားတော်ကြီးပါပေဘည်း။

သာဓု—သာဓု—သာဓု

ဒါ"သုတေ သုတမတ္တံ"နဲ့ ပတ်သက်တဲ့ အပိုင်းပြီးရောပေါ့နော်။ (မှန်ပါဘုရား) ဒီတော့ မာလုကျပုတ္တမထေရ်ကြီးက ဘယ့်နှယ် နားလည်သွားသလဲ။ မာလုကျပုတ္တမထေရ်ကြီး နားလည်သွားပုံကတော့ ညကတုန်းက မာလုကျပုတ္တမထေရ်ကြီးနားလည်ပုံကို ဝဋ္ဋပိုင်း ဝိဝဋ္ဋပိုင်းနဲ့ နှစ်ပိုင်း ပိုင်းပြီးတော့ ဆောင်ပုဒ်နဲ့ ဘုန်းကြီး ဟောခဲ့ပြီးပြီ မဟုတ်လား။ (မှန်ပါဘုရား) ရသေးလား-ဟင် ရသေးလား- အေး-အဲဒါ စာတွေဝေပေးထား။ ရတော့ ခေါင်းမိုးထိုး၊ ပြီးတော့ ခေါင်းမိုးထိုး၊တော်သေးတယ်။ ခုနင်က ပြောသလိုဘဲ ငြုတ်သီးမှုန့် မထုပ်လို့ ဆားမထုပ်ယင် တော်လှပြီ။ နက်ဖြန်တော့ ဝေလိမ့်မယ်ကွဲ့။ ဒီကနေ့ညတော့ ပုံနှိပ်တိုက်က မပြီးသေးတော့ မဝေရသေးဘူး။ "ဒိဋ္ဌမတ္တ"ဖြစ်ပုံ သဘောကျပလား (ကျပါတယ်ဘုရား) "သုတမတ္တ" ဖြစ်ပုံကော၊ ခုနင်က ဟောခဲ့တာ "သုတမတ္တ"ကို ဟောခဲ့တာ။(မှန်ပါဘုရား) ကြားဆဲခဏ၊ ဟုတ်လား။(မှန်ပါဘုရား)

အဲဒီလို ဘုန်းတော်သခင်သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး နက်ဖြန်ခါကျတော့"မုတမတ္တ"ပေါ့။ (မှန်ပါဘုရား) သဘက်ခါ ညကျတော့ ဝိညာတမတ္တပေါ့ နော်။ (မှန်ပါ) ပြီးရောပေါ့ ဟုတ်လား။ (မှန်ပါဘုရား) ဒီနေ့ "သုတမတ္တ"ပိုင်းကို အရှင် မာလုကျပုတ္တမထေရ်ကြီးအား သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဤသို့ "သုတမတ္တ" ဖြစ်အောင် ကျင့်ပုံနှင့်တကွ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အရောက် ဒီဒေသနာတော်ကို ဟောကြားချီးမြှောက်ပြီးတဲ့ အခါမှာ မာလုကျပုတ္တမထေရ်ကြီးက မြတ်စွာဘုရားကို လျှောက်တယ်။

ဣမဿ ခွါဟံ ဘန္တေ ဘဂဝတာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနာမိ"

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဤသို့ အကျဉ်းချုပ်စကား ဟောကြားတော်မူတဲ့ တရားဒေသနာတော်မြတ်ကို ဘုရားတပည့်တော်သည် ဤသို့အားဖြင့် အကျယ်ဝေဘန်၍ နားလည်ပါပြီဘုရား၊ နော်။(မှန်ပါဘုရား) သူနားလည်ပုံတွေကို ဂါထာတွေနဲ့ လျှောက်မယ်ကွဲ့၊ (မှန်ပါဘုရား) သူနားလည်တာက ဝဋ္ဋပိုင်း ဝိဝဋ္ဋပိုင်းဆိုပြီးတော့ နှစ်ပိုင်း ပိုင်းပြီးတော့ နားလည်ပုံကို ပြန်လျှောက်တယ်။ လျှောက်တော့ ဒီလို စုဏ္ဏိယတွေနဲ့ မလျှောက်ဘူးကွဲ့။ မာလုကျပုတ္တမထေရ်ကြီးက ကြီးသာကြီးတယ်၊ ဟုတ်လား။ (မှန်ပါဘုရား) အင်မတန်စွမ်းတယ်။ ဘာနဲ့လျှောက်တုန်းလို့ဆိုတော့ ဂါထာပုဒ်တွေနဲ့ ပြန်ပြီးတော့ လျှောက်တယ်။ ဘုန်းကြီးတို့ပရိသတ်၊ ဘာနဲ့ပြန်လျှောက်လဲ။ (ဂါထာပုဒ်တွေနဲ့ပါဘုရား)

## "သုတေ သုတမတ္တ"၌ သံသရာဝဋ် လည်ပုံ(၁)

"သဒ္ဒံ သုတွာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။
တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ သဒ္ဒသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ"။

ဝဋ္ဋပိုင်းကို ဒီလို နားလည်ပါတယ်ဘုရား။ ဘန္တေ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် အောင်သူထွဋ်တင် အို သဗ္ဗညုဘုရားရှင်။ (ဒီအနက်က ဘယ်က အနက်လဲလို့ဆိုတော့ မုံရွာမြို့က လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရဲ့ အနက်ကွဲ။ (မှန်ပါဘုရား) ဟုတ်လား—ရှေးဖြစ်ဟောင်း အောင်းမေ့ဘွယ် ကလေးတွေပေါ့ကွယ်၊ ဟုတ်လား။ (မှန်ပါဘုရား) မာလုကျပုတ္တမထေရ် ကြီးက ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ယခု ရွတ်ဆိုအပ်ခဲ့ပြီးတဲ့ ဂါထာပုဒ်ဖြင့် ဝဋ္ဋပိုင်းကို ပြန်ပြီးတော့ နားလည်သလို လျှောက်တယ်၊ ဟုတ်လား။ (မှန်ပါဘုရား) ဒီဂါထာ အနက်ပေးကြအုံးစို့။

ဘန္တေ၊ ဘုန်းတော်ရောင်ဝန်း ထွန်းလင်းတောက်ပတော်မူသော အို သဗ္ဗ-ညုရှင်တော်မြတ်ဘုရား။ သဒ္ဒံ၊ အသံမျိုးစုံ သဒ္ဒါရုံကို။ သုတွာ၊ ကြားရသည် ဖြစ်၍။ ဝါ၊ ကြားရလေသောကြောင့်။ ဝါ၊ ကြားရသည်ရှိသော်။ ပိယံ နိမိတ္တံ၊ ချစ်ခင်နှစ်သက် သာယာဘွယ်လို့ခေါ်တဲ့ ပိယနိမိတ်ကို။ မနသိကရော တော၊ နှလုံးသွင်းရှုပွား၍ နေသောသူ၏ သန္တာန်၌။ သတိ၊ ဝိပဿနာနှင့် ပတ်သက်သော သတိသည်။ မုဋ္ဌာ၊ ကင်းပျောက်၍သွားသည်။ ဟောတိ၊ ဖြစ်ပါတော့သည်ဘုရား။

မာလုကျမထေရ်ကြီး လျှောက်တဲ့ စကားကွဲ။ (မှန်ပါဘုရား) ဘုန်းတော် ကြီးတော်မူသောမြတ်စွာဘုရား—ဒါ ဝဋ္ဋပိုင်း လျှောက်နေတာနော်။ (မှန်ပါ ဘုရား) အသံမျိုးစုံသဒ္ဒါရုံကို ကြားဆဲခဏ၌ ယောကျ်ားသံ မိန်းမသံ စသည် ဖြင့်ပေါ့။ (မှန်ပါဘုရား) ဆွဲဆိုတဲ့ အသံ၊ တိုတဲ့အသံ၊ ရှေတဲ့အသံ၊ ကောင်း တဲ့အသံ၊ မကောင်းတဲ့အသံ၊ သာယာတဲ့အသံ၊ မသာယာတဲ့အသံ၊ အရာဝတ္ထု အသီးသီးတွေက ထွက်လာတဲ့ အသံ၊ဥပမာတခု ဗုံသံ ပတ်သံနှဲသံ ပုလွေသံ ခရာသံ စသည်ဖြင့်။ (မှန်ပါဘုရား) အဲဒီလို နိမိတ္တအမှတ်အသားတွေကို အကယ်၍ ယူယင် ဆွဲပုံ ယူပုံ လေယူပုံ လေသိမ်းပုံနဲ့တကွ ကြားဘူးကြတယ်မဟုတ်လား၊ ဘုန်းကြီးတို့ပရိသတ်။ (မှန်ပါဘုရား) ဟိုး-ဟိုပွဲထဲက မင်းသားတွေဆိုတာ လေ။ (ကြားဘူးပါတယ်ဘုရား) ဒီလို ရှောက်ပြီးတော့ အသေးစိတ်အမှတ် အသားတွေနဲ့ နိမိတ္တလို့ခေါ်တဲ့ အပေါင်းအစု အမှတ်အသားတွေကို ရဲ့ပြီး တော့ နားထောင်ပြီးတော့ ဒီအသံကို ကြားတယ်လို့ နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်ရဲ့

သန္တာန်မှာ ကမ္မဋ္ဌာန်းနဲ့ပတ်သက်တဲ့ သတိ ပျောက်ကွယ်သွားပါသည်ဘုရား။ ကမ္မဋ္ဌာန်း မဖြစ်ပါဘူးဘုရား။ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်တဲ့ သတိ မရှိဘူးတဲ့။ (မှန်ပါဘုရား) သူလျှောက်တဲ့ ပါဠိက။ (မှန်ပါဘုရား)

ဘန္တေ၊ ဘုန်းတော်သခင် အရှင်မြတ်ဘုရား။ သဒ္ဒံ၊ အသံမျိုးစုံ သဒ္ဒါရုံကို။ သုတွာ၊ ကြားရသည်ဖြစ်၍။ ဝါ၊ ကြားရသောကြောင့်။ ပိယနိမိတ္တံ၊ ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးဘွယ်ကောင်းတဲ့ အပေါင်းအမှတ်အသားတည်းဟူသော နိမိတ်ကို။ မနသိကရောတော၊ နှလုံးသွင်း ရှုပွား၍နေသောသူ၏ သန္တာန်၌။ သတိ၊ ဝိပဿနာနဲ့ ပတ်သက်သော သတိသည်။ မုဋ္ဌာ၊ ကင်းပျောက်၍သွားသည်။ ဟောတိ၊ ဖြစ်ပါတော့၏ ဘုရား။

အဲဒီပုဂ္ဂိုလ်သန္တာန်မှာ သတိမရှိတော့ဘူးဘုရား။ (မှန်ပါဘုရား) ဒီအသံကြားတာတွေကို ခုနပ်ကပြောတဲ့ ပိယနိမိတ်တွေကို နှလုံးသွင်းပြီးတော့ "သုတ" နားထောင်နေမယ်ဆိုယင် အဲဒီပုဂ္ဂိုလ်သန္တာန်မှာ ကမ္မဋ္ဌာန်း သတိရှိသေးလား။ (မရှိတော့ပါဘူးဘုရား) သတိမရှိယင် ဒီပုဂ္ဂိုလ်သန္တာန်မှာ ကမ္မဋ္ဌာန်းသတိ ဖြစ်ပါအုံးမလားကွဲ့။ (မဖြစ်ပါဘူးဘုရား)ဘယ်ကမ္မဋ္ဌာန်း ဖြစ်ဖြစ် သတိပါမှ ဖြစ်တယ်။ (မှန်ပါဘုရား)အခု သတိပျောက်သွားပြီ။ (ပျောက်သွားပါတယ်ဘုရား) ဘာပြုလို့ သူ့မှာ သတိပျောက်သွားတုန်း၊ ကြားလာတဲ့အသံသဒ္ဒါရုံပေါ်မှာ ပိယနိမိတ်ကို နှလုံးသွင်း နားထောင်နေတဲ့အတွက် သူ့မှာ သတိပျောက်သွားတယ်။ (မှန်ပါဘုရား) အဲဒီ သတိပျောက်သွားယင် ဒီ ကမ္မဋ္ဌာန်းဖြစ်အုံးမလား၊ မဖြစ်တော့ဘူးလားကွဲ့။ (မဖြစ်တော့ပါဘုရား) သူ့မှာ သတိမရှိဘူး။ (မရှိပါဘူးဘုရား) သတိမရှိယင် ဒီလူဘယ်လိုဖြစ်မလဲ၊ ဘယ်လိုဖြစ်မလဲလို့ဆိုတော့—

## သတိကင်းပျောက် ဝေဒနာရောက်၏

"သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ" (ဒုတိယ စာပိုဒ်က)

သော၊ ထို ကမ္မဋ္ဌာန်းသတိပျောက်၍နေသော ပုဂ္ဂိုလ်သည် အသံကြားဆဲခဏ၌ ကမ္မဋ္ဌာန်းသတိပျောက်၍ နေသော ပုဂ္ဂိုလ်သည်။ သာရတ္တစိတ္တော၊ ပြင်းစွာတပ်မက်သော စိတ်ရှိသည်ဖြစ်၍။ ဝေဒေတိ၊ လောဘမှုနှင့် ယှဉ်သော။ ဝါ၊ တဏှာကပ်သော ဝေဒနာဖြင့် ခံစား၍ နေပါတော့သည်ဘုရား။

သူ့မှာ ဒီ အသံကို ကြားပြီး နားထောင်နေတာ လောဘ တဏှာကပ်တဲ့ ဝေဒနာတွေ ဖြစ်နေပြီကွဲ့၊ ဝေဒနာ။ (မှန်ပါဘုရား) ဒီအသံကို ကြားလို့ကောင်းတယ်ကြားလို့ ကောင်းတယ်ဆိုတဲ့ လောဘ တဏှာ ရာဂ ကပ်တဲ့ဝေဒနာ

တွေ ဖြစ်လာတယ်။ ဝေဒနာဖြစ်လာပြီနော်။ (မှန်ပါဘုရား) ဘာဝေဒနာဖြစ်လာသလဲ။(လောဘ တဏှာ ရာဂ ကပ်တဲ့ ဝေဒနာ ဖြစ်လာပါတယ်ဘုရား) လောဘမူစိတ်နဲ့ယှဉ်တဲ့ သာရတ္တစိတ္တော တပ်နှစ်သက်သောစိတ်နဲ့ ဒီအသံသဒ္ဒါရုံကို ခံစားသည်ဖြစ်သောကြောင့် ဒီဝေဒနာသည် ဘာဝေဒနာတုန်း။ (လောဘဝေဒနာပါဘုရား) လောဘ တဏှာ ရာဂတွဲပြီး ခံစားနေတာ၊ အဲဒီ လောဘ တဏှာ ရာဂနဲ့ တွဲပြီးတော့ အသံ သဒ္ဒါရုံပေါ်မှာ စွဲလမ်းယင် နှစ်သက်ယင်- တဉ္စ အဇ္ဈောသ တိဋ္ဌတိ။

တဉ္စ၊ ထိုလောဘ တဏှာ ရာဂကပ်တဲ့ ဝေဒနာနဲ့ တွဲပြီးတော့ ခံစားနေတဲ့ အသံသဒ္ဒါရုံကိုလည်း။ အဇ္ဈောသ၊ မျိုမတတ် စွဲလမ်း၍။ တိဋ္ဌတိ၊ တည်ပါတော့သည်ဘုရား။

ကာမောဃ၊ သိပ်လိုချင်နေပြီ၊ သိပ်နှစ်သက်နေပြီ။ (မှန်ပါဘုရား) အဲဒီ ကာမောဃ ခေါ်တဲ့ လောဘက ဘယ်မှာတုန်းလို့ဆိုတော့—

"ကာမောဃော စတူသု ဒိဋ္ဌိဂတသမ္ပယုတ္တေသု ဥပ္ပဇ္ဇတိ" အဋ္ဌကထာက။

လောဘမူနဲ့တွဲပြီးတော့ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုမှာရှိတဲ့ ဒိဋ္ဌိဖြစ်ပါသည်ဘုရားတဲ့၊ မာလုကျပုတ္တမထေရ်ကြီးက။ (မှန်ပါဘုရား) ကိုင်း-လောဘရယ် ဒိဋ္ဌိရယ်ဆိုတဲ့ တရားနှစ်လုံး အသံသဒ္ဒါရုံနှင့်ပတ်သက်၍ ဝင်ပြီးတော့ ကိန်းအောင်းခြင်းကို ခံလိုက်ရတဲ့ အမျိုးကောင်းသားတွေ၊ သမီးတွေ ဝဋ်ထဲလည် မလား မလည်ဘူးလား။ (လည်မှာပါဘုရား) ဒါ ဝဋ္ဋပိုင်း။ (မှန်ပါဘုရား) ဒါတင်လားဆိုတော့ မကသေးဘူး။

တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ သဒ္ဒသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိ ဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။

အဲဒီပုဂ္ဂိုလ် နိဗ္ဗာန်နဲ့ ဝေးသွားသလား၊ ဝေးမသွားပါဘူးလား။(ဝေးသွားပါတယ်ဘုရား) ဝေးသွားပြီ နိဗ္ဗာန်။ (မှန်ပါဘုရား)

တဿ၊ထိုဒိဋ္ဌိတဏှာ ယှဉ်တွဲ၍ အသံသဒ္ဒါရုံကိုကြားနေတဲ့ ပုဂ္ဂိုလ်၏သန္တာန်၌ သဒ္ဒသမ္ဘဝါ၊ အသံမျိုးစုံ သဒ္ဒါရုံလျှင် ဖြစ်ကြောင်းရှိကုန်သော။ အနေကာ၊ တပါးမက များလှစွာကုန်သော။ဝေဒနာ၊လောဘမူနဲ့ယှဉ်တဲ့ ဝေဒနာတို့သည်။ ဝဍ္ဎန္တိ၊ တိုးပွား၍နေကြပါသည်ဘုရား။ အဘိဇ္ဈာ စ၊ ဒီအသံမျိုးကို ရှေးရှုနောက်ထပ် လိုချင်နေပါတယ် ခေါ်တဲ့ ကြံစည်ခြင်း အဘိဇ္ဈာခေါ်တဲ့ လောဘဖြင့်၎င်း။ ဝိဟေသာ စ၊ ဒီအသံပျက်စီးသွားသည် ဖြစ်သောကြောင့် ဒီအသံ

မျိုး မရတဲ့အတွက် ပင်ပန်းခြင်းခေါ်တဲ့ ဒေါသတရားဖြင့်ငင်း။အသ၊ ထိုကမ္မဋ္ဌာန်းသတိ ပျောက်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်ကို။ ဥပဟညတိ၊ ညှဉ်းဆဲ၍ နေပါတော့သည်ဘုရား။

စိတ်ညစ်ပြီ၊ ဘယ်သူညှဉ်းဆဲလို့လဲ။ အဘိဇ္ဈာ ဝိဟေသလို့ခေါ်တဲ့ လောဘနဲ့ ဒေါသနှိပ်စက်လို့ စိတ်ဆင်းရဲတာ။(မှန်ပါဘုရား)ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ–သမီးတွေ၊ စိတ်မဆင်းရဲဘူးလား။(ဆင်းရဲပါတယ်ဘုရား။) ဘယ်သူနှိပ်စက်လို့ ဆင်းရဲသလဲ။ (လောဘနဲ့ ဒေါသ နှိပ်စက်လို့ စိတ်ဆင်းရဲတာပါဘုရား။) အဲ–လက်သယ် သူဘဲ။ (မှန်ပါဘုရား) တွေ့ပလားကွဲ–လက်သယ်။ (တွေ့ပါတယ်ဘုရား။) အဲဒါ ဝဋ္ဋလည်ပြီနော်။ (လည်ပါတယ်ဘုရား)

"အဘိဇ္ဈာ စ ဝိဟေသာ စ စိတ္တမဿူပဟညတိ" အဘိဇ္ဈာ ဝိဟေသတွေ သူမှာ အားကြီးနေပြီမဟုတ်လား။ (မှန်ပါဘုရား) အဲဒါ ဆင်းရဲဖြစ်ကြောင်းတွေလား၊ ဆင်းရဲချုပ်ကြောင်းတွေလား။(ဆင်းရဲဖြစ်ကြောင်းတွေပါဘုရား) ဒိဋ္ဌိတို့ တဏှာတို့ ဆိုတာ ဆင်းရဲဖြစ်ကြောင်းတွေလား၊ ဆင်းရဲချုပ်ကြောင်းတွေလား။ (ဆင်းရဲဖြစ်ကြောင်းတွေပါ ဘုရား။) ဒုက္ခ ဖြစ်ကြောင်းတွေလား၊ ဒုက္ခချုပ်ကြောင်းတွေလား။ (ဒုက္ခဖြစ်ကြောင်းတွေပါဘုရား)

"ဧဝံ အာစိနတော ဒုက္ခံ" ဧဝံ၊ ဤသို့။ ဒုက္ခံ၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတွေကို။ အာစိနတော၊ ဆည်းပူးသောသူမှ။ ဝါ၊ တိုးပွားအောင်လုပ်နေတဲ့သူမှ။နိဗ္ဗာနံ၊ နိဗ္ဗာန် ပရမတ် ဆိုတဲ့ တရားသည်။ အာရာ၊ ဝေးကွာလှသည်ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမခသွ ခေါ်ဆိုရပါပေသတည်း။

သာဓု— သာဓု— သာဓု—

ဝဋ္ဋပိုင်းနော်။ (မှန်ပါဘုရား) ဆိုရမယ် ဆောင်ပုဒ်။

ကြားဆဲခဏ၊ ရှုကြံပုံသွင်၊
သတိ ကင်းပ၊ ရာဂတွေဝင်၊
ဒိဋ္ဌိစွဲ၍၊ သူ့ဘဲ ငါယင်၊
နိဗ္ဗာန၊ ဝေးစွ ပုထုဇဉ်။

## ကြားဆဲခဏ၌ ဂေဟာသိတ ဝေဒနာ ဖြစ်ပေါ်လာပုံ

နက်ဖြန်ကာကျတော့ လာမယ်၊ ဒီစာပိုဒ်ကလေးတွေ ဟုတ်လား။ (မှန်ပါဘုရား) ဒါ ဝဋ္ဋပိုင်း။ ဘယ်လို ဝေးသွားသလဲ ဆိုတော့ သူက ဒုက္ခတွေကို ဆည်းပူးနေတာက ဟို ပုဏ္ဏသုတ္တန် ကြည့်ပါ၊ ဟုတ်လား။ (မှန်ပါဘုရား) ဝေဒနာ ပါလာတယ်နော်။ (ပါပါတယ်ဘုရား) ဒီနေ့ ဝေဒနာပိုင်းကို ခွဲ

မလိုက်ဲ့။ (မှန်ပါဘုရား။) ဝိဝဋ္ဋဘက်ကို သွားမလို့။ (မှန်ပါ) ဝိဝဋ္ဋဘက်ကို သွားဘို့ ကူးပေးရမယ်။ (မှန်ပါဘုရား။) ကြားထဲ သုတ္တန်တွေထည့်ပြီး ကူးရမှာ။ (မှန်ပါဘုရား။) ဟုတ်လား။ (မှန်ပါဘုရား။) ဝိဝဋ္ဋဘက်ကို သွားရမယ်၊ ဝေဒနာဝင်လာပြီမဟုတ်လား။ (ဝင်လာပါတယ်ဘုရား။) ဝေဒနာ ဝေဒနာ။ (မှန်ပါဘုရား) ပြီးတော့ ဘာနဲ့ ဝင်သလဲလို့ ဆိုတော့ ဝေဒနာနဲ့ ဟိုဘက်ကို ဝိဝဋ္ဋဘက်ကို ကူးမယ်လို့။ (မှန်ပါဘုရား) ဘာဝေဒနာတွေ ဝင်လာသလဲ ဆိုတော့ လောဘ တဏှာ ရာဂကပ်တဲ့ ဝေဒနာတွေမဟုတ်လားလို့။ (မှန်ပါဘုရား) လောဘ တဏှာ ရာဂ ကပ်တဲ့ ဝေဒနာသည် သောမနဿ ဝေဒနာ ဥပေက္ခာ ဝေဒနာ ဆိုပြီးတော့ ဝေဒနာတွေဝင်လာတယ်ကွဲ့။ (မှန်ပါဘုရား) ဟုတ်လား။(မှန်ပါဘုရား)ဟို ပါဠိတော်က ဘာပြောထားသလဲ ဆိုတော့—

"ဥပ္ပန္နာ ခေါ မျာယံ သုခါ ဝေဒနာ" (သံ၊ ၂။ ၄၁၃)

လောဘ တဏှာ ရာဂနဲ့တွဲတဲ့ သောမနဿ ဝေဒနာကို သုခဝေဒနာလို့ ခေါ်တယ်။ (မှန်ပါဘုရား။) ဂေဟဿိတ သောမနဿဝေဒနာကွဲ့။ (မှန်ပါ) ဘာဝေဒနာတဲ့လဲ။ (ဂေဟဿိတ သောမနဿဝေဒနာပါဘုရား။) ကာမဂုဏ် အာရုံ လိုချင်စရာကောင်းတဲ့ အသံ သဒ္ဒါရုံကို ကာမဂုဏ်လို့ ခေါ်တယ် မဟုတ်လား။ (မှန်ပါဘုရား) အဲဒီ ကာမဂုဏ် အာရုံကို မှီပြီးတော့ ဖြစ်လိုက်တဲ့ သောမနဿဝေဒနာသည် ဂေဟဿိတ သောမနဿဝေဒနာ။ အဲဒီဝေဒနာမျိုးက မှီကို မမှီဝဲရတဲ့ ဝေဒနာမျိုး။ (မှန်ပါဘုရား) ဒါပေတဲ့ ဘုန်းကြီးတို့ ပရိသတ်က မသတ်နိုင်ဘူး၊ အဲဒီ ဝေဒနာမျိုးကို။ (မှန်ပါဘုရား)

အခု အသံ သဒ္ဒါရုံ ကာမဂုဏ်နဲ့ ပတ်သက်ပြီးတော့ ဝင်လာတဲ့ ဝေဒနာ မဟုတ်လား။ (မှန်ပါဘုရား) သိပ်ပြီး ဒီအသံကြားနေရတာ ပျော်နေတာဘဲ။ မပျော်ဘူးလား။ (ပျော်ပါတယ်ဘုရား) နို့ ကြည့်ပါလား၊ တီးကာ မှုတ်ကာနဲ့ အမယ် လူ့ကို ပျော်လို့၊ ဟုတ်တယ်မဟုတ်လား။ (မှန်ပါဘုရား) အသံကလေး နားထောင်လို့၊ သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ် ဘုရား) အဲဒါ ကာမဂုဏ်ကို မှီပြီးတော့ဖြစ်တဲ့ သောမနဿဝေဒနာ။ သာရတ္တစိတ္တော၊ပြင်းစွာ တပ်မက်သော စိတ်ရှိသည်ဖြစ်၍။ ဝေဒေတိ၊ လောဘ တဏှာ ရာဂကပ်တဲ့ ဝေဒနာဖြင့် ခံစား၏။ တပ်မက်တဲ့စိတ်ရှိနေတာကိုးကွဲ့။(မှန်ပါဘုရား) ဘာကို နှစ်သက်သလဲ၊ အဲဒီ အသံကလေး ဒီအသံကလေး နှစ်သက်တယ်။

အဲဒီ အသံမကြားရယင်—"တဒ္ဓ အဇ္ဈောသ တိဋ္ဌတိ"က နေကိုမနေနိုင်ဘူး။ လိုက်ကို ရှာရတယ်။ ရှာမရတော့ ဘာလုပ်လဲဆိုတော့ ပိုက်ဆံပေး သွားကြည့်ရတယ်။ ဘယ်လောက်ပေးရလဲ၊ တခါသွားကြည့်ယင်။ (နှစ်ကျပ်ပါဘုရား) အင်း—ရလိမ့်မယ်၊ဘုန်းကြီးကြားဘူးတယ်၊ ရန်ကုန်မျှား အစိတ်တဲ့၊သုံးဆယ်တဲ့။ ဒါ ရှီးရှီးကလေး။ (မှန်ပါဘုရား) ကဲဒီတော့ သိပြီ ဟုတ်လား။(မှန်ပါ)

ဝိပဿနာလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ဒီဝဠ္ဍပိုင်းကနေပြီးတော့ ဝိဝဋ္ဋပိုင်းကို သူလျှောက်မလို့ကွဲ။(မှန်ပါဘုရား)ဒီတော့ ဘုန်းကြီးက ကြားထဲမှာ သုတ္တန်တွေထည့်ပြီးတော့ ကူးပေးရမယ်၊ ဟုတ်လား။(မှန်ပါ)လောဘမူနဲ့ ယှဉ်သောဝေဒနာနော်။ (မှန်ပါဘုရား) သောတသမ္ဖဿဇဝေဒနာပေါ့ ဟုတ်သား။ (မှန်ပါ) ဒီဝေဒနာ ဘယ်ကလာသလဲ ဆိုတော့—

## ဝေဒနာဖြစ်ပေါ်လာရခြင်း၏ အခြေခံအကြောင်းရင်း

"ဉပ္ပန္နာ ခေါ မျာယံ သုခါ ဝေဒနာ" ဒီ ကနေ့ တမျိုးကူးမလို့ကွဲ။ (မှန်ပါဘုရား) မနေ့က ဝေဒနာ ကူးတာ တမျိုးနော်။(မှန်ပါ)ဒီကနေ့ ပါဠိတမျိုးနဲ့ ကူးမယ်။

"ဉပ္ပန္နာ ခေါ မျာယံ သုခါ ဝေဒနာ"

မေ၊ ငါ၏သန္တာန်၌။ အယံ သုခါ ဝေဒနာ၊ ဤ သုခဝေဒနာသည်။ ဝ ါ၊ အသံသဒ္ဒါရုံကို ကြားလို့ကောင်းတယ်၊ နားထောင်လို့ကောင်းတယ်ဆိုတဲ့ သောမနဿဝေဒနာ သုခဝေဒနာသည်။ ဉပ္ပန္နာ၊ ဖြစ်ပေါ်၍ နေချေပြီ။ ဖြစ်ပြီ မဟုတ်လား၊ ဘာပြုလို့ ဒီဝေဒနာဖြစ်သလဲ။

"သာ စ ခေါ ပဋိစ္စ၊ နော အပ္ပဋိစ္စ။ ကိံ ပဋိစ္စ၊ ဣမမေဝ ကာယံ ပဋိစ္စ"

စ ခေါ၊ စင်စစ်သော်ကား။ သာ ဝေဒနာ၊ ထို ကြားလို့ကောင်းတယ်ခေါ်တဲ့ သောမနဿ သုခဝေဒနာသည်။ ပဋိစ္စ၊ တစုံ တခုကိုစွဲရမှီရ၍။ ဉပ္ပဇ္ဇတိ၊ ဖြစ်၏။

ဒီဝေဒနာဟာ တခုခုကို မမှီရဘဲနဲ့ အဲဒီကြားလို့ ကောင်းတယ်ဆိုတဲ့ ဝေဒနာဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား) ဝေဒနာနော်။ (မှန်ပါ ဘုရား)

ကိံ၊ အဘယ်တရားကို။ ပဋိစ္စ၊ စွဲ၍။ဉပ္ပဇ္ဇတိ၊ ဒီဝေဒနာ ဖြစ်ပေါ်၍လာသနည်း။ ဘယ်တရားတွေ မှီဖြစ်လာသလဲ။ ဣမ မေဝ ကာယံ၊ ဤကြားဆဲခဏဖြစ်ပေါ်လာတဲ့ "သုတမတ္တ"လို့ ခေါ်တဲ့ နာမ်ရုပ်တရား နှစ်ပါးအပေါင်းကို။ ပဋိစ္စ၊ စွဲ၍ မှီ၍။ ဉပ္ပဇ္ဇတိ၊ ဒီ သုခဝေဒနာ ဖြစ်၏။

"သုတမတ္တ" သုတ လို့ ခေါ်တဲ့ အသံ သဒ္ဒရုပ်၊ သုတလို့ ခေါ်တဲ့ သောတဝိညာဏ်စိတ်၊ ဒီ နာမ်ရုပ်တရား နှစ်ပါးအပေါင်းကို မမှီရဘဲနဲ့ အဲဒီကြားကောင်းတယ်ဆိုတဲ့ သုခဝေဒနာပေါ်မလား၊ မပေါ်ဘူးလား။ (မပေါ်ပါဘူးဘုရား) သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား) ဒါဖြင့်—

"ဤမမေဝ ကာယံ ပဋိစ္စ အယံ သုခါဝေဒနာ"

အယံ သုခါဝေဒနာ၊ ဤ သုခဝေဒနာသည်။ ဤမမေဝ ကာယံ၊ ဤ "သုတမတ္တ"မှာ ဖြစ်အောင်ကျင့်တားတဲ့ နာမ်ရုပ်တရား နှစ်ပါးအပေါင်းကို။ ပဋိစ္စ၊ စွဲ၍မှီ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဘယ်သူ့ကြောင့် ဖြစ်သလဲ။ (နာမ်ရုပ်ကြောင့်ပါဘုရား) နာမ် ရုပ်မှီ ဖြစ်တယ်နော်။(မှန်ပါ) ဝဋ္ဋပိုင်းကနေပြီးတော့ ဝိဝဋ္ဋပိုင်းကို အဲဒီဝေဒနာနဲ့ ကူးသွားပုံကလေးကို ဂရုကြပ်ကြပ်ပြုစမ်းပါ။ (မှန်ပါဘုရား)

"သုတမတ္တ"တုန်းက နာမ်ရုပ်ကို ဘုန်းကြီးတို့ ဘယ်လိုလုပ်ခဲ့ကြလဲ။

ကြားအပ် ကြားတတ်၊ နှစ်ရပ် ရုပ်နာမ်၊
ကြားဆဲ ခဏ၊ သုတမတ္တံ၊
သတိထား၍၊ ရှုပွားဖန်ဖန်၊
ဉာဏ် အလုပ်၊ ဖြစ်ချုပ် သိအောင်ကြံ—

လို့ နောက်က ဟောခဲ့ပြီ မဟုတ်လား။ (ဟောခဲ့ပါတယ်ဘုရား)

ဉာဏ်ရှေ့သွား၍၊ ရှုပွားပါလျှင်၊
ယောဂီများမိန်းမ၊ အတ္တ ကင်းစင်၊
အနိစ္စနှင့်၊ ဒုက္ခကိုမြင်၊
အနတ္တ၊ ရှုမှ နိဗ္ဗာန်ဝင်—

လို့ဆိုပြီးတော့ "သုတမတ္တ" တုန်းကဖြစ်တဲ့ "သုတမတ္တ" လို့ခေါ်တဲ့ နာမ်ရုပ်ကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုခဲ့ပြီ မဟုတ်လားလို့။ (မှန်ပါဘုရား)ကိုင်းဒါဖြင့် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်နေတဲ့ နာမ် ရုပ်ကို မှီပြီးတော့မှ ဒီသုခ ဝေဒနာဖြစ်တာကွဲ။(မှန်ပါဘုရား) ရှင်းပလား။ (ရှင်းပါတယ်ဘုရား)

"ဤမမေဝ ကာယံ ပဋိစ္စ အယံ သုခါဝေဒနာ" အယံ သုခါဝေဒနာ၊ ကြားလို့ ကောင်းတယ် ခေါ်တဲ့ သုခဝေဒနာသည်။ ဤမမေဝ ကာယံ ပဋိစ္စ၊ ဤ"သုတမတ္တ"တုန်းက ဖြစ်တဲ့နာမ်ရုပ်၊ အနိစ္စဖြစ်တဲ့ နာမ်ရုပ်၊ ဒုက္ခဖြစ်တဲ့ နာမ်ရုပ်၊ အနတ္တဖြစ်တဲ့ နာမ်ရုပ်ကို စွဲမှီ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဘာမှီဖြစ်တုန်းကွဲ။ (နာမ်ရုပ်မှီဖြစ်ပါတယ်ဘုရား) ဘယ်က နာမ်ရုပ်မှီဖြစ်တုန်းကွဲ၊"သုတမတ္တ"တုန်းက ကြားဆဲခဏဖြစ်တဲ့ နာမ်ရုပ်ကို မှီဖြစ်တာ။ (မှန်ပါဘုရား) သုခဝေဒနာ၊ဟုတ်လား။(မှန်ပါ)ဖြစ်ပြီနော်။(မှန်ပါ) "သုတမတ္တ" တုန်းက ကြားဆဲခဏမှာ ဖြစ်တဲ့ နာမ်ရုပ်ကိုမှီပြီးတော့ ဖြစ်တဲ့ သုခဝေဒနာ ဟုတ်လား။(မှန်ပါဘုရား) "ဤမမေဝ ကာယံ ပဋိစ္စ" ဒါလေး ပြန်ကြည့်။

## "သုတေ သုတမတ္တ"၌ သံသရာဝဋ် ပြတ်ပုံ (၁)

"အယံ ခေါ ပန ကာယော အနိစ္စော သင်္ခတော ပဋိစ္စ သမုပ္ပန္နော"

ခေါ ပန၊ စင်စစ်သော်ကား။ အယံ ကာယော၊ ဤသုခ ဝေဒနာ၏ မှီရာ ဖြစ်သော "သုတမတ္တ"တုန်းက ပါလာတဲ့ ကြားဆဲ ခဏမှာဖြစ်တဲ့ နာမ်ရုပ် သည်။အနိစ္စော၊ အနိစ္စမည်၏။ ကုန်ခြင်း ပျောက်ခြင်းသဘောရှိတယ်။(မှန်ပါ ဘုရား) ကုန်ခြင်း ပျောက်ခြင်း သဘောရှိသောကြောင့် အနိစ္စမည်၏။

သုခဝေဒနာရဲ့ မှီရာဖြစ်သော "သုတမတ္တ"တုန်းက ပါလာတဲ့ နာမ်ရုပ် သည် ကုန်ခြင်း ပျောက်ခြင်း သဘောရှိသောကြောင့် ဘာပါလိမ့်။ (အနိစ္စပါ ဘုရား) အနိစ္စ။ သုခဝေဒနာရဲ့ မှီရာဟာ နိစ္စလား၊ အနိစ္စလားကွဲ့။ (အနိစ္စပါ ဘုရား)

သင်္ခတော၊ အကြောင်းတရားတို့သည် ပေါင်း၍ပြုပြင်အပ်သော တရားမည် ၏။ ဟုတ်လား။(မှန်ပါဘုရား) "ယထာပစ္စယံ ပဝတ္တမာနံ" ကွဲ့၊ အကြောင်း အားလျော်စွာဖြစ်လာတာ။(မှန်ပါဘုရား) ပဋိစ္စသမုပ္ပန္နော၊ အကြောင်းကိုစွဲ၍ ဖြစ်သော အကျိုးတရား မည်၏။ အကြောင်းက သမုဒယ၊အကျိုးက ဒုက္ခ။ (မှန်ပါဘုရား) အကျိုးတရားနော်။ (အကျိုးတရားပါဘုရား) ဒုက္ခလား၊ သုခ လား။(ဒုက္ခပါဘုရား) အနိစ္စနဲ့ ဒုက္ခကို မှီပြီးတော့ ဒီ သုခဝေဒနာဖြစ်တာကွဲ့။ (မှန်ပါဘုရား)ဒီတော့ ဒီ သုခဝေဒနာဟာ ဘယ်အပေါ်မှာတုန်းလို့ဆိုတော့ အနိစ္စနဲ့ဒုက္ခပေါ်မှာ။ (မှန်ပါဘုရား) နော်။ (မှန်ပါဘုရား) အနိစ္စ ကြည့်၊ ရှုကွက်။

"အနိစ္စံ ခေါ ပန သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ကာယံ ပဋိစ္စ ဥပ္ပန္နာ သုခါ ဝေဒနာ ကုတော နိစ္စာ ဘဝိဿတိတိ"

ခေါ ပန၊ စင်စစ်သော်ကား၊ အနိစ္စံ၊သုခ ဝေဒနာရဲ့ မှီရာဖြစ်သော "သုတ မတ္တ"လို့ဆိုတဲ့ နာမ်ရုပ်နှစ်ပါးသည် ကုန်ခြင်း ပျောက်ခြင်းသဘော ရှိသော ကြောင့် အနိစ္စဖြစ်သော။သင်္ခတံ၊ သင်္ခတဖြစ်သော။ ပဋိစ္စသမုပ္ပန္နံ၊ အကြောင်း ကို စွဲမှီ၍ဖြစ်သော အကျိုးဒုက္ခသစ္စာတရားကြီး ဖြစ်၍ နေသော။ နာမ်ရုပ် ဟာ ဒုက္ခလား၊ သုခလားကွဲ့။(ဒုက္ခပါဘုရား) ကာယံ၊ "သုတမတ္တ"မှာ ဖြစ် ပေါ်ပြီးတော့နေတဲ့ နာမ်ရုပ်တရားနှစ်ပါး အပေါင်းကို။ ပဋိစ္စ၊ စွဲ၍ မှီ၍။ ဥပ္ပန္နာ၊ ဖြစ်ပေါ်၍ လာသော။ သုခါဝေဒနာ၊ ကြားလို့ ကောင်းတယ် ခေါ်တဲ့ သုခဝေဒနာသည်။ နိစ္စာ၊ မြဲ၏ ဟူ၍။ ကုတော ဘဝိဿတိ၊ အဘယ်မှာ ဖြစ်ပါတော့အံ့နည်း။ မြဲပါအုံးမလား။ (မမြဲပါဘူးဘုရား)အနိစ္စံယေဝ၊ ဒီ သုခ ဝေဒနာလည်း စင်စစ်ကေန် အနိစ္စသည်သာလျှင်တည်း။

သုခဝေဒနာသည် နိစ္စလား၊ အနိစ္စလားကွဲ။ (အနိစ္စပါဘုရား) လောဘ တဏှာ ရာဂ ယှဉ်ကပ်တဲ့ သုခဝေဒနာသည် နိစ္စလား၊ အနိစ္စလား။(အနိစ္စပါ ဘုရား) ကူးသွားပြီကွဲ၊ ဝိဝဋ္ဋဘက်ကို။ (မှန်ပါဘုရား) အဲဒီလို အနိစ္စလို့ သုခ ဝေဒနာကို သိလိုက်တော့ ဒီသုခဝေဒနာရဲ မှီရာဖြစ်သော "သုတမတ္တ" ဖြစ်တဲ့ နာမ်ရုပ်ကလဲ အနိစ္စ၊ နာမ်ရုပ်ကို မှီပြီးတော့ ဖြစ်ပေါ်လာတဲ့ သုခဝေဒနာက လဲ။(အနိစ္စပါဘုရား) ဘယ်အနိစ္စ ကြိုက်သလဲ။ (ဘယ်အနိစ္စမှ မကြိုက်ပါဘူး ဘုရား) ဘယ် အနိစ္စကော စိတ်က ကပ်အုံးမလဲ။ (မကပ်ပါဘူးဘုရား) အေး အဲဒီလို ကူးပြီးတော့မှ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု မြတ်စွာဘုရား ရှင် ကိုယ်တော်မြတ်ကြီးရဲ ဒေသနာတော်ဒီလိုကူးသွားတယ်ကွဲ နော်။(မှန်ပါ ဘုရား)ကူးပုံကလေး သဘောပေါက်ပြီမဟုတ်လား။ (ပေါက်ပါတယ်ဘုရား) ဝဋ္ဋကနေ ဝိဝဋ္ဋကို ကူးပုံကလေးကွဲ နော်။ (မှန်ပါဘုရား) ပြီးတော့မှ သူ ဝိဝဋ္ဋပိုင်းကို ပြန်ပြီးတော့ လျှောက်လိမ့်မယ်၊ ဟုတ်လား။ (မှန်ပါဘုရား)

## "သုတေ သုတမတ္တ"၌ သံသရာဝဋ်လည်ပုံ (၂)

"သန္တိ ခေါ ပုဏ္ဏ သောတဝိညေယျာ သဒ္ဒါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊တံ စေ ဘိက္ခု အဘိ နန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ၊ တဿ တံ အဘိနန္ဒတော အဘိဝဒတော အဇ္ဈောသာယ တိဋ္ဌတော ဥပ္ပဇ္ဇတိ နန္ဒီ၊ နန္ဒီသမုဒယာ ဒုက္ခသမုဒယော ပုဏ္ဏာတိ ဝဒါမိ[၁]"။

ဝဋ္ဋပိုင်း။ (မှန်ပါဘုရား) ခုနင်က ဝဋ္ဋပိုင်း ဝိဝဋ္ဋပိုင်းကူးပုံတခု ပြောပြီးပြီ နော်။ (ပြောပြီးပါပြီဘုရား) ဟိုဂါထာကို မရွတ်သေးဘူး။ အခု ဝဋ္ဋပိုင်း ဝိဝဋ္ဋပိုင်း ကူးပုံလေးကို တနည်း ပြောအုံးမယ်။ (မှန်ပါဘုရား)

ပုဏ္ဏ၊ ချစ်သားပုဏ္ဏ။ဣဋ္ဌာ၊ ရှာမှီးအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန် သော။ မနာပါ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွား စေတတ်ကုန်သော။ ပိယရူပါ၊ ချစ်ခင်နှစ်သက် မြတ်နိုးအပ်သော သဘောရှိကုန်သော။ ကာမူပသံဟိတာ၊ လိုချင်စရာ လိုချင်ဖွယ်နှင့် စပ်ယှဉ်ကုန်သော။ ရဇနီယာ၊ တပ်မက်စွဲလမ်းအပ် ကုန်သော။ သောတဝိညေယျာ၊ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော။ သဒ္ဒါ၊ အသံမျိုးစုံ သဒ္ဒါရုံတို့သည်။ သန္တိ၊ ရှိကြလေကုန်၏။

ချစ်သား ပုဏ္ဏ၊ သောတဝိညာဏ်ဖြင့် သိအပ်သော။ နှစ်သက်မြတ်နိုးအပ် အလိုရှိအပ် တောင့်တအပ် ရှာမှီးအပ် သိမ်းပိုက်အပ်သော အသံမျိုးစုံ သဒ္ဒါရုံ ဆိုတာရှိတယ်တဲ့။(မှန်ပါဘုရား)မရှိဘူးလား။(ရှိပါတယ်ဘုရား) နိဒါဘဲ လိုက်

---

[၁]။ မ၊ ၃၊ ၃၃၁။

ရှာနေတာဘဲ မဟုတ်လား။ (မှန်ပါဘုရား) ဟင်။ (မှန်ပါဘုရား) ရှိတယ်ကွဲ။ (ရှိပါတယ်ဘုရား)

ဘိက္ခု၊ ရဟန်းသည်။ တံ၊ ထို သောတဝိညာဏ်ဖြင့်သိအပ်သော နှစ်သက်အပ် မြတ်နိုးအပ် အလိုရှိအပ်သော အသံမျိုးစုံ သဒ္ဒါရုံတွေကို။ စေ အဘိနန္ဒတိ၊ အကယ်၍ နှစ်သက်နေသည်ဖြစ်အံ့။ ခုနင်ကဝုန်းက လောဘ တဏှာ ရာဂကပ်တဲ့ ဝေဒနာကွဲ၊ (မှန်ပါဘုရား) စေ အဘိဝဒတိ၊ အကယ်၍ ဒီအသံတွေ ကောင်းလိုက်တာ ဒီအသံကလေးတွေ ကောင်းလိုက်တာ နားထောင်လို့ ကောင်းလိုက်တာလို့ နှုတ်က ပြောဆိုသည်ဖြစ်အံ့။ စေ အဇ္ဈောသာယ တိဋ္ဌတိ၊ အဲဒီကောင်းလိုက်တာဆိုတဲ့ အသံမျိုးစုံ သဒ္ဒါရုံတွေကို မျိုမတတ် စွဲလမ်းသိမ်းပိုက်၍ အကယ်၍ထားသည်ဖြစ်အံ့။

ဒီ အသံ သဒ္ဒါရုံ လောဘ တဏှာ ရာဂကပ်တဲ့ ဝေဒနာ။ (မှန်ပါဘုရား) သူ့ ဒဏ်ချက်နော်။ (မှန်ပါ) ဘာဒဏ်ချက်တုန်း၊ လောဘ တဏှာ ရာဂကပ်တဲ့ ဝေဒနာ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီ လောဘ တဏှာ ရာဂ ကပ်တဲ့ဝေဒနာနဲ့ ဒီ အာရုံကလေးကို သိပ်ပြီးတော့ နှစ်သက်နေပြီ ဆိုခဲ့လို့ ရှိယင်ဖြင့်—

ပုဏ္ဏ၊ ချစ်သားပုဏ္ဏ။ တံ၊ ထို သဒ္ဒါရုံကို။ အဘိနန္ဒတော၊ အလွန်နှစ်သက်၍နေသော။ အဘိဝဒတော၊ ကောင်းလိုက်တာလို့ နှုတ်ကပြောဆိုသော။ အဇ္ဈောသာယ တိဋ္ဌတော၊ ဒီ အသံကို မျိုမတတ် စွဲစွဲလမ်းလမ်းကြီး ဖြစ်၍နေသော။ တဿ၊ ထိုသူ၏ သန္တာန်၌။ နန္ဒီ၊ သမုဒယသစ္စာတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ (မှန်ပါဘုရား)

ဝေးရော့မဟုတ်လားကွဲ—နိဗ္ဗာန်နဲ့။ (ဝေးပါတယ်ဘုရား) "အာရာ နိဗ္ဗာန ဝုစ္စတိ" လို့ ဒီလိုဟောတယ်မဟုတ်လား။ (မှန်ပါဘုရား)

ပုဏ္ဏ၊ ချစ်သားပုဏ္ဏ။ နန္ဒီသမုဒယာ၊ နှစ်သက်ခြင်းဆိုတဲ့ သမုဒယသစ္စာတရားဖြစ်ခြင်းကြောင့်။ ဒုက္ခသမုဒယော၊ ခန္ဓာငါးပါး ဝဋ်ဆင်းရဲ လည်ပတ်ပြီးတော့ သွားတယ်ဆိုတဲ့ ဒုက္ခသစ္စာတရား၏ ဖြစ်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ဝဋ္ဋပိုင်း (မှန်ပါဘုရား)အဲဒီ ဝဋ္ဋပိုင်းကနေပြီးတော့ ဟိုဘက် ဝိဝဋ္ဋကူးပုံကြည့်။(မှန်ပါ)

## "သုတေ သုတမတ္တံ"၌ သံသရာဝဋ် ပြတ်ပုံ(၂)

"သန္တိ စ ခေါ ပုဏ္ဏ သောတဝိညေယျာ သဒ္ဒါ ဣဋ္ဌာ ကန္တာ မနာပါ ပိယရူပါ ကာမူပသံဟိတာ ရဇနီယာ၊ တံ စေ ဘိက္ခု နာဘိနန္ဒတိ နာဘိဝဒတိ နာဇ္ဈောသာယ တိဋ္ဌတိ။ တဿ တံ အန-

ဘိနန္ဒတော အနဘိဝဒတော အနဇ္ဈောသာယ တိဋ္ဌတော နန္ဒီ နိရု-ဇ္ဈတိ၊ နန္ဒိနိရောဓာ ဒုက္ခနိရောဓော ပုဏ္ဏာတိ ဝဒါမိ"။

ပုဏ္ဏ၊ ချစ်သားပုဏ္ဏ။ ဣဋ္ဌာ၊ ရှာမှီးအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ မနာပါ၊ စိတ်နှလုံးကို ရွှင်ပြုံးတိုးပွားစေကုန်သော။ ပိယရူပါ၊ ချစ်ခင်နှစ်သက်အပ်သော သဘောရှိကုန်သော။ကာမူပသံဟိတာ၊ လိုချင်စရာနှင့် စပ်ယှဉ်ကုန်သော။ရဇနိယာ၊တပ်မက်စွဲလမ်းအပ်ကုန်သော။သောတဝိညေယျာ၊ သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော။ သဒ္ဒါ၊ အသံမျိုးစုံ သဒ္ဒါရုံတို့သည်။ သန္တိ၊ ရှိကြလေကုန်၏။ ရှိတယ်တဲ့ အသံမျိုးစုံ သဒ္ဒါရုံတွေ။ (ရှိပါတယ်ဘုရား)

ဘိက္ခု၊ သံသရာ၏အပြစ်ကို ရှုလေ့ရှိသော အမျိုးကောင်းသား-သမီးသည်။ တံ၊ ထို ရှာမှီးအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ သောတဝိညာဏ်ဖြင့် သိအပ်သော အသံမျိုးစုံ သဒ္ဒါရုံကို။ နာဘိနန္ဒတိ၊ မနှစ်သက်။

ဘာပြုလို့ မနှစ်သက်သလဲ၊ "သုတမတ္တ" ဖြစ်နေလို့၊ ဟုတ်လား။ (မှန်ပါဘုရား)"သုတ မတ္တ"က ဘယ်လိုဖြစ်တုန်း၊ နာမ်ရုပ်။ကြားဆဲ ခဏမှာ "သုတ-မတ္တ"ဖြစ်နေလို့ ကြားအပ် ကြားတတ်။ ကြားအပ်သောတရားသည် ရုပ်၊ ကြားတတ်သောတရားသည်နာမ်လို့ နာမ်ရုပ်ကို မြင်နေသည်ဖြစ်သောကြောင့် အနိစ္စကိုလဲ မြင်တယ်၊ အနိစ္စမြင်ယင် ဒုက္ခလိုမြင်တယ်၊ အနိစ္စနဲ့ ဒုက္ခကိုမြင်ယင် အနတ္တကိုပါ မြင်တယ်။(မှန်ပါဘုရား) ဟုတ်လား။ (မှန်ပါ) သဘောပေါက် ပလားကွဲ။ (ပေါက်ပါတယ်ဘုရား) အေး—အဲဒီလို ဖြစ်နေတဲ့အတွက် အဲဒီ နှစ်သက်စရာကောင်းတဲ့ အသံမျိုးစုံ သဒ္ဒါရုံကို နာဘိနန္ဒတိ၊ မနှစ်သက်။ ဘာပြုလို့ မနှစ်သက်သလဲ "သုတမတ္တ"ဖြစ်လို့။"သုတမတ္တ"ဖြစ်အောင် ကျင့်လို့၊ "သုတမတ္တ"ဖြစ်အောင် ဘယ်လိုကျင့်သလဲ၊ ကြားဆဲခဏမှာ နာမ်ရုပ်လို့ရှုတယ်၊ အနိစ္စလို့ နှလုံးသွင်းပြီးတော့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်နဲ့ ရှုပွားတယ်။ ဒါကြောင့် ကြားဆဲခဏမှာဖြစ်တဲ့ "သုတမတ္တ"၌ အကျုံးဝင်သော နာမ်ရုပ်ကို နာဘိနန္ဒတိ၊ မနှစ်သက်။ မနှစ်သက်ဘူးနော်။ (မနှစ်သက်ပါဘူးဘုရား)

နာဘိဝဒတိ၊ ကောင်းလိုက်တာ ကောင်းလိုက်တာလို့ နှုတ်ကပြောဆိုခြင်းကို မပြု။ ကောင်းတယ်လို့ ပြောအုံးမလား။ (မပြောပါဘူးဘုရား) ပျက်စီးတဲ့ ဘေးကြီးသင့်နေတဲ့ နာမ်ရုပ်ကိုများ ကောင်းတယ်လို့ ဘယ်သူပြောကြမတုန်း။ (မပြောကြပါဘူးဘုရား) အဇ္ဈောသာယ၊ ဒီ အသံ သဒ္ဒရုပ်ကို မျိုမတတ် စွဲလမ်းပြီးတော့။ န တိဋ္ဌတိ၊ မတည်။ တည်ပါအုံးမလား။ (မတည်တော့ပါဘူးဘုရား) ဝိဝဋ္ဋဘက် ရောက်သွားပုံနော်။ (မှန်ပါဘုရား)

ပုဏ္ဏ၊ ပုဏ္ဏ။ အနဘိနန္ဒတော၊ မနှစ်သက်သော။ အနဘိဝဒတော၊ ကောင်းလိုက်တာလို့ နှုတ်ကစွဲလမ်း၍ မပြောဆိုသော။ နှစ်သက်စရာရှိသေးလား။(မရှိတော့ပါဘူးဘုရား) ကောင်းပေ့လို့ ပြောစရာများ ရှာပေးကြစမ်းပါ။

ဖြစ်ပေါ်ပြီးနောက်၊ချက်ချင်းပျောက်၊ ယွင်းဖောက် အနိစ္စ။ဟုတ်လားကွဲ။ (မှန်ပါ) ဟိုဒီ ဝိပဿနာ ဆောင်ပုဒ်မှာ။ ကောင်းတယ်လို့ ပြောစရာ ရှာတွေ့သေးလား။(မရှိပါဘူးဘုရား) အေး အဲဒီလို မတွေ့သည်ဖြစ်သောကြောင့်—

နာဘိဝဒတော၊ ကောင်းလိုက်တာလို့ စွဲလမ်း ပြောဆိုခြင်းကို မပြုသော။ အဇ္ဈောသာယ၊ မျိုမတတ် စွဲလမ်း၍။ န တိဋ္ဌတော၊ မတည်သော၊ တဿ၊ ထို"သုတမတ္တ"ဖြစ်အောင် ရှုပွားတဲ့ အမျိုးကောင်းသား–သမီးရဲ့ သန္တာန်၌။ နန္ဒိ၊ နှစ်သက်ခြင်း ခေါ်သော တဏှာဆိုတဲ့ နန္ဒိသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ ချုပ်သလား မချုပ်ဘူးလား။ (ချုပ်သွားပါတယ်ဘုရား)

ပုဏ္ဏ၊ ချစ်သားပုဏ္ဏ။ နန္ဒိနိရောဓာ၊ နှစ်သက်မှု တဏှာ သမုဒယသစ္စာ ချုပ်သောကြောင့်၊ ဒုက္ခနိရောဓော၊ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားဆိုတဲ့ ဝဋ်တရားတွေ ချုပ်ပျောက်၍သွားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဝိဝဋ္ဋဘက်ဝင်သွားပြီ။(မှန်ပါဘုရား) အဲဒီလို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူတဲ့ ပုံစံကို ဟုတ်လား။ (မှန်ပါဘုရား)

## "သုတမတ္တ" ၌ ဝေဒနာ ဖြစ်သော်လည်း တဏှာ မဖြစ်၍ ဝဋ်သုံးပါး ပြတ်စဲပုံ

ဒီလို ဝိဝဋ္ဋဘက် လည်သွားတာကို ဟော–မာလုကျပုတ္တ မထေရ်ကြီးက "သုတေ သုတမတ္တံ ဘဝိဿတိ"လို့ ရှင်တော်ဘုရား "သုတမတ္တ" ဖြစ်အောင် ကျင့်နည်း ကြံနည်းတွေကို ဟောကြားလိုက်သည်နှင့် တပြိုင်နက်ထဲ ဝိဝဋ္ဋပိုင်းကို ဘုရားတပည့်တော် ဒီလို နားလည်ပါတယ်ဘုရား၊ ဝိဝဋ္ဋပိုင်း။ (မှန်ပါဘုရား) ဝိဝဋ္ဋပိုင်း ဝဋ်ပြတ်တဲ့အပိုင်း။ (မှန်ပါဘုရား) ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တွေ ပြတ်တဲ့အပိုင်း။ (မှန်ပါဘုရား)

"န သော ရဇ္ဇတိ သဒ္ဒေသု၊ သဒ္ဒံ သုတွာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နာဇ္ဈောသ တိဋ္ဌတိ။
ယထာဿ သုဏတော သဒ္ဒံ၊ သေဝတော စာပိ ဝေဒနံ။
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတီ သတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ။"

ဘန္တေ၊ ဘုန်းတော်ရောင်ဝန်း ထွန်းလင်းတောက်ပတော်မူသော အိုသဗ္ဗညုရှင်တော်မြတ်ဘုရား။ ယော၊ ရဟန်း၊ရှင်လူ မည်သူမဆို အကြင်သို့သောပုဂ္ဂိုလ်

သည်။ သဒ္ဒံ၊ အသံမျိုးစုံ သဒ္ဒါရုံကို။ သုတွာ၊ ကြားရသည်ဖြစ်၍။ ဝါ၊ ကြားဆဲခဏ၌။ ပဋိဿတော၊ထင်သောသတိရှိသည်။ ဟောတိ၊ ဖြစ်ပါ၏။ သတိထင်လာတယ်လို့ ဆိုတာ ဘာ ထင်လာတာလဲ၊ နာမ်ရုပ်လို့ ထင်လာတယ်။ ဟုတ်လား။ (မှန်ပါဘုရား) သော၊ ထိုအသံ ကြားဆဲခဏ၌ သတိ ထင်၍ နေသော အမျိုးကောင်းသား–သမီးသည်။ သဒ္ဒေသု၊ အသံမျိုးစုံ သဒ္ဒါရုံတို့၌။ န ရဇ္ဇတိ၊ မတပ်မက်တော့ပါဘုရား။ တပ်မက်ပါအုံးမလားကွဲ့။(မတပ်မက်ပါဘူးဘုရား) အသံ သဒ္ဒကို ရုပ်လို့ သူက ရှုတယ်။ ရုပ်လို့ ရှုနေတော့ သူတပ်မက်အုံးမလား။ (မတပ်မက်ပါဘူးဘုရား) သော၊ ထိုအမျိုးကောင်းသား–သမီးသည်။ဝိရတ္တစိတ္တော၊ တပ်နှစ်သက်ခြင်း ကင်းသော စိတ်ရှိသည် ဖြစ်၍။ ဝေဒေတိ၊ မဟာကုသိုလ်စိတ်နှင့်ယှဉ်သောဝေဒနာ၊ လောကုတ္တရာစိတ်နှင့်ယှဉ်သော ဝေဒနာတို့က ခံစား၍နေပါတော့သည်ဘုရား။

နာမ်ရုပ်လို့ရှုနေတဲ့အခါမှာ ဝိပဿနာဉာဏ်ဝင်ပြီးတော့ မဟာကုသိုလ်ဉာဏသမ္ပယုတ်နှင့် ယှဉ်တဲ့ သောမနဿ။ (မှန်ပါဘုရား) မဂ်ကိုရောက်သွားတဲ့အခါကျတော့ မဂ်စိတ်တွေနဲ့ယှဉ်တဲ့သောမနဿဝေဒနာ၊ဟုတ်လား။(မှန်ပါဘုရား) သဘောပေါက်ပလားကွဲ့။ (ပေါက်ပါတယ်ဘုရား) ဝိဝဋ္ဋဘက် ရောက်သွားပြီနော်။ (ရောက်သွားပါပြီဘုရား)

ဝိရတ္တစိတ္တော၊ တပ်နှစ်သက်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍။ဒီအသံကြားနေရတဲ့ အပေါ်မှာ လောဘမူဝေဒနာ ရှိသေးလား။ (မရှိပါဘူးဘုရား) ဒိဋ္ဌိဝင်သေးလား။ (မဝင်တော့ပါဘူးဘုရား) တပ်နှစ်သက်ခြင်း ကင်းသောစိတ်ရှိနေတယ် ဆိုတာ ကိုယ်က လောဘမူဝေဒနာ မဟုတ်တော့ဘူးကွဲ့။ (မှန်ပါဘုရား) ဒီတော့ ဒီအသံ သဒ္ဒရုပ်ကို ကြားတော့ ကြားနေတယ်-သူ။ (ကြားနေပါတယ်ဘုရား) ကြားနေတော့ ဒီအသံ သဒ္ဒရုပ်ကို ဝိရတ္တစိတ္တနဲ့ သူကခံစားနေတယ်။ ဝေဒနာတော့ ဝင်လာတယ်။ ခံတော့ ခံစားတယ်။ ကြားတော့ ကြားတယ်။ ကြားပေမဲ့ သူတပ်မက်သေးလား။(မတပ်မက်ပါဘူးဘုရား)ဘာပြုလို့လဲ။ (နာမ်ရုပ်လို့ သိနေလို့ပါဘုရား) နာမ်ရုပ်လို့ သိနေတဲ့အတွက် ဟုတ်လား။ (မှန်ပါ)

တဉ္စ နာဇ္ဈောသ တိဋ္ဌတိ။ တဉ္စ၊ ထိုအသံ သဒ္ဒါရုံကိုလည်း။ အဇ္ဈောသ၊ မျိုမတတ် စွဲလမ်း၍။ န တိဋ္ဌတိ၊ မတည်တော့ပါဘုရား။ (မှန်ပါဘုရား)

ဘန္တေ၊ ဘုန်းတော်ရောင်ဝန်း ထွန်းလင်းတောက်ပတော်မူသော အိုသဗ္ဗညုရှင်တော်မြတ်ဘုရား။ ယထာ၊ ယင်းသို့သောအခြင်းအရာအားဖြင့်။ သဒ္ဒံ၊အသံမျိုးစုံ သဒ္ဒါရုံကို။သုဏတောစာပိ၊ နားထောင်ပင် နားထောင်ပါသော်လည်း။

ဝေဒနံ၊ ဝိပဿနာရှုပွား၍နေသည်ဖြစ်သောကြောင့် ကာမာဝစရ ကုသိုလ် ဉာဏသမ္ပယုတ်နဲ့ယှဉ်တဲ့ဝေဒနာကို။ သေဝတောစာပိ၊ ခံစားပင် ခံစားပါသော်လည်း—

ဝေဒနာတော့ ခံစားတယ်။ (မှန်ပါဘုရား) ဝေဒနာကို ခံစားပါသော်လည်း တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်၊ သတိပညာဦးမစီးတဲ့ ပုဂ္ဂိုလ်လို မတပ်မက်တော့ဘူးတဲ့။

အဿ၊ ထိုတရားနှလုံး ကျင့်သုံးရှုပွားနေတဲ့အမျိုးကောင်းသား၊ သမီးအား။ ဝါ၊ ရုပ်နာမ်လို "သတမတ္တ"ဖြစ်အောင် ရှုပွားနေတဲ့ အမျိုးကောင်းသား၊ သမီးအား။ ဒုက္ခံ၊ ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲသည်။ ခီယတိ၊ ကုန်ခန်း၍ သွားသည်။ ဟောတိ၊ ဖြစ်ပါ၏။ နောပစီယတိ၊ မတိုးပွားတော့ပါဘုရား။

ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲတွေပါ ကုန်တယ်တဲ့။ (မှန်ပါဘုရား)ခုနင်က ကူးသွားတဲ့ အကူး ပြေပြီးပြီနော်။ (မှန်ပါဘုရား)

"ဧဝံ သော စရတိ သတော" ဧဝံ၊ ဤသို့။ သော၊ ထိုအမျိုးကောင်းသား၊ သမီးသည်။ သတော၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ စရတိ၊ ကျင့်ပါပေ၏။ နာမ်ရုပ် နာမ်ရုပ်။ "သတမတ္တ"ဖြစ်နေတယ်။ (မှန်ပါဘုရား) "သတမတ္တ" လို ဖြစ်ယင် နာမ်ရုပ်ဘဲ။ (မှန်ပါဘုရား) နာမ်ရုပ်ဆိုယင် နိစ္စလား၊ အနိစ္စလား။ (အနိစ္စပါဘုရား) အနိစ္စဆိုယင် ဒုက္ခလား၊ သုခလား။ (ဒုက္ခပါဘုရား)

"ယဒနိစ္စံ တံ ဒုက္ခံ"တဲ့။ ယံ၊ အကြင်နာမ်ရုပ်သည်။ အနိစ္စံ၊ အနိစ္စမည်၏။ တံ၊ ထို အနိစ္စဖြစ်တဲ့ နာမ်ရုပ်သည်။ ဒုက္ခံ၊ ဒုက္ခမည်၏။

"ယံ ဒုက္ခံ တဒနတ္တာ" ယံ ဒုက္ခံ၊ အကြင်ဒုက္ခဖြစ်သော နာမ်ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဒုက္ခဖြစ်တဲ့ နာမ်ရုပ်သည်။ အနတ္တာ၊ အတ္တမဟုတ်၊ အနတ္တ စင်းစင်းကြီးပင်တည်း။ (မှန်ပါဘုရား)

ဘန္တေ၊ ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရား။ ဧဝံ၊ ဤသို့။ ဒုက္ခံ၊ ဆင်းရဲကို။ အပစိနတော၊ ဖျက်ဆီး၍ ပစ်သောသူအား။ ဒုက္ခဖြစ်ကြောင်းတွေ ဖျက်ဆီးပစ်လိုက်ပြီ မဟုတ်လား။ (မှန်ပါဘုရား) ဝါ၊ မတိုးပွားစေသောသူမှာ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပရမတ်ကို။ သန္တိကေ၊ ဘယ်လောက်ကမှ မဝေး လက်တကမ်းကလေး အနီးကလေးဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ဆိုအပ်ပါပေသည်ဘုရား။

သာဓု— သာဓု— သာဓု—

ဆိုရမယ်ကွဲ၊ ဆောင်ပုဒ်ကလေး၊ ဒီဂါထာနဲ့အတူ ဝိဝဋ္ဋပိုင်းကလေးကို။ (မှန်ပါဘုရား)

ကြားဆဲခဏ၊ ရုပ်မျှကိုပင်၊
သတိထား၍၊ ရှုပွားနေလျှင်၊
လောဘ ဒေါသ၊ မောဟကင်းစင်၊
နိဗ္ဗာန၊ နီးစွာ သူတော်စင်။

အဲဒီ ဆောင်ပုဒ်ကလေးတော့ နက်ဖြန်ကျတော့ ရလိမ့်မယ်နော်။ (မှန်ပါဘုရား) အေး-ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ မာလုကျပုတ္တမထေရ်ကြီးက ဤသို့ ဝဋ်ပိုင်း ဝိဝဋ္ဋပိုင်းလို့ အပိုင်းနှစ်ပိုင်း နားလည်ပုံကို ဘုန်းတော်ခြောက်ပါးသခင် ရှင်တော်မြတ်ဘုရား ကိုယ်တော်မြတ်ကြီးကို ဒီလို ပြန်လျှောက်တယ်နော်။ (မှန်ပါဘုရား)

အကျဉ်းချုပ် ဒီနေရာမှာ အဓိပ္ပာယ်က "သုတမတ္တ" ဖြစ်တယ်လို့ဆိုတာဘုရား၊ သတိလွတ်နေတဲ့ ပုဂ္ဂိုလ်မှာ "သုတမတ္တ" မဖြစ်ပါ။

ပိယနိမိတ်တွေ နှဲ့ထောင်နေလျှင် "သုတမတ္တ" မဖြစ်ဘူး။

သတိထင်ပြီးတော့ နာမ်ရုပ်ကိုမြင်နေတဲ့ ပုဂ္ဂိုလ်မှာ "သုတမတ္တ" ဖြစ်ပါတယ်ဘုရား။ (မှန်ပါဘုရား) သတိထင်တယ်ဆိုတာ နာမ်ရုပ်ကိုမြင်တာကို ပြောတာနော်။ (မှန်ပါဘုရား) သတိက နာမ်ရုပ်ကို ထင်ရှားပေါ်လွင်အောင်ဖော်ပြပေးလိုက်သည် ဖြစ်သောကြောင့် ကြားဆဲခဏ ဖြစ်ပေါ်တာသည် နာမ်ရုပ်၊ ဟုတ်လား။ (မှန်ပါဘုရား)

အသံသဒ္ဒါရုံက ရုပ်၊ ကြားအပ် ကြားတတ်-တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက—

ကြားအပ် ကြားတတ်၊ ဤနှစ်ရပ်ကား၊ ခေတ်မှုမှန်လျှ၊ မည်သုတ၊ ဓမ္မ သက်သက်ပါတကား။

ဤ ကြားအပ်သော တရားနှင့် ကြားတတ်သော တရားသည် "သုတမတ္တ" နာမ်ရုပ်မျှသက်သက်၊ ဓမ္မသက်သက်ဘဲတဲ့။

ပုဂ္ဂိုလ် မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ် အစုပါတကား။

ပုဂ္ဂိုလ်ဟုတ်ကဲ့သား။ ( မဟုတ်ပါဘူးဘုရား) ငါကော ဟုတ်ကဲ့သား။ (မဟုတ်ပါဘူးဘုရား) ပုဂ္ဂိုလ်မဟုတ် ငါမဟုတ်ယင် ဘယ်သူတုန်း။ (နာမ်ရုပ်အစုပါဘုရား) အဲဒီ နာမ်ရုပ်ဆိုယင် နိစ္စလား၊ အနိစ္စလား။ (အနိစ္စပါဘုရား)

ဖြစ်ပေါ်ပြီးနောက်၊ ချက်ချင်းပျောက်၊ ယွင်းဖောက် အနိစ္စပါတကား။

ဟုတ်လား။ (မှန်ပါဘုရား) နိစ္စလား၊ အနိစ္စလား။ (အနိစ္စပါဘုရား)

**ဖြစ်ခြင်း ပျက်ခြင်း၊ နှိပ်စက်ခြင်း၊ မယွင်း ဒုက္ခပါတကား။**

အဲဒီ ဖြစ်ခြင်း၊ ပျက်ခြင်းဖြင့် နှိပ်စက်ခြင်းကို ခံနေရတဲ့ ဒီ နာမ်ရုပ်၊ "သုတမတ္တ"မှာ ပါတဲ့ နာမ်ရုပ်ဟာ ဒုက္ခလား၊ သုခလားကွဲ့။ (ဒုက္ခပါဘုရား) ကိုယ့်အလိုပါသလား။ (မပါပါဘူးဘုရား) ကိုယ်လိုသလို ထားလို့ရရဲ့လား။ (မရပါဘူးဘုရား)ကိုင်းဘုန်းကြီးတို့အမျိုးကောင်းသားတွေ၊သမီးတွေ၊ အခု ဘုန်းကြီးဆိုထားတဲ့ "သုတမတ္တ"လို့ဆိုတဲ့ ဒီစကားနှစ်လုံး မပျောက်အောင်၊ ကဲ ကိုယ့်အလိုအတိုင်းထားကြစမ်း၊ ထားလို့ရသလား။ (ထားလို့ မရပါဘုရား)ဘယ်လိုလုပ် ထားကြမလဲ။ (မရပါဘုရား) ချက်ချင်းပျောက်တယ်နော်။(မှန်ပါဘုရား) လူပျောက်ကဲ့လားကွဲ့။ (မပျောက်ပါဘူးဘုရား) သဏ္ဌာန်ပျောက်ကဲ့လားကွဲ့။ (မပျောက်ပါဘူး ဘုရား) ဒြပ် ပျောက်ကဲ့လားကွဲ့။ (မပျောက်ပါဘူးဘုရား) အဲဒီ လူရယ် သဏ္ဌာန်ရယ် ဒြပ်ရယ် ဒါတွေကို နားထောင်ပြီးတော့ မနေပါနဲ့။ အသံ သဒ္ဒရုပ် ရုပ်တရား ရုပ်တရား ရုပ်တရားလို့ ရှုပါ။ ကြားဆဲခဏ ရုပ်တရားလို့ ရှုပါ။ ဘာလို့ ရှုရမလဲ။(ရုပ်တရားလို့ရှုရမှာပါဘုရား)အဲဒါ သတိထင်လာတယ်။(မှန်ပါဘုရား) အဲဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ အသံကြားယင် ဘယ်လို ဝိပဿနာရှုရမလဲ။ (ရုပ်တရားလို့ ဝိပဿနာ ရှုရမှာပါဘုရား) ရုပ်တရား ရုပ်တရား ရုပ်တရားနဲ့ အသိကပ်။ ဘုန်းကြီးက ဟောခဲ့ပြီလေ နောက်က။(မှန်ပါဘုရား) အနိစ္စာနုပဿီလို့ ဟုတ်လား။(မှန်ပါ) ဟို ဓမ္မာနုပဿနာသတိပဋ္ဌာန်နဲ့—

"အနိစ္စာနုပဿီ သုဏိဿာမိတိ သိက္ခတိ"

အနိစ္စာနုပဿီ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ သုဏိဿာမိ၊နားထောင်ပါအံ့။ဣတိ၊ဤသို့။ သိက္ခတိ၊ ကျင့်၏။ နဲ့ယဂ္ဂါဟ။ (မှန်ပါဘုရား)

"အနိစ္စာနုပဿီ အဿသိဿာမိတိ သိက္ခတိ"လို့ ဘုရားမဟောဘူးလား။ (ဟောပါတယ်ဘုရား) အဲဒီ နည်းအတိုင်း၊ ဒီနည်းယူထားတယ် ။(မှန်ပါဘုရား) အနိစ္စာနုပဿီ ဘာတဲ့လဲ သုဏိဿာမိတိ သိက္ခတိ။နာမ်ရုပ်ကို အနိစ္စမြင်အောင် ရှုလေ့ရှိသည် ဖြစ်၍ နားထောင်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။ "သုတမတ္တ"ဖြစ်၏။

သဘောပေါက်ပလားကွဲ့။ (ပေါက်ပါတယ်ဘုရား) သဘောပေါက်ပြီနော်။(မှန်ပါ) အေး ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ၊ သမီးတွေ "သုတမတ္တ"ဖြစ်တယ်။ အနိစ္စ နာမ်ရုပ် ကိုယ့်အလိုပါရဲ့လား။(မပါပါဘူးဘုရား)

**သိမပါချက်၊ သူ့အနက်၊ သက်သက်အနတ္တပါတကား။**

ဖြေးဖြေးကလေး။

**ကြားအပ်ကြားတတ်၊ ဤနှစ်ရပ်ကား၊ ခေတ်စု မှန်လှ၊ မည်သုတ၊ ဓမ္မ သက်သက်ပါတကား။**

ပုဂ္ဂိုလ် မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ် အစုပါတကား။ နာမ်ရုပ်။ (မှန်ပါ) ဒါ သုတမတ္တ။ (မှန်ပါဘုရား)

**ဖြစ်ပြီးလျှင်ပျက်၊ သူ့အနက်၊ သက်သက် အနိစ္စပါတကား။**

နိစ္စလား–အနိစ္စလား။ (အနိစ္စပါဘုရား) ဒါ တီရဏပရိညာကွဲ။ (မှန်ပါဘုရား) သုတမတ္တ က ဉာတပရိညာကွဲ။ (မှန်ပါ)

**လို မပါချက်၊ သူ့အနက်၊ သက်သက် အနတ္တပါတကား။**

ဟုတ်လား။ (မှန်ပါဘုရား) ဒီလို ရှုနေတဲ့ အမျိုးကောင်းသား၊ သမီးများမှာ ဘယ်လိုလုပ် တပ်နှစ်သက်ခြင်းဖြစ်အုံးမလဲ။ (မဖြစ်ပါဘူးဘုရား)

"ကုတော ပန ပဏ္ဍိတဿ၊ ရဇ္ဇနာဒီနံ ဩကာသော" အဋ္ဌကထာ။

ပဏ္ဍိတဿ၊ ဒီလို ဉာတပရိညာ၊ တီရဏပရိညာခေါ် ပရိညာနှစ်ပါးကို ပိုင်နိုင်အောင် ရှုပွားနေတဲ့ ယောဂါဝစရပုဂ္ဂိုလ် အမျိုးကောင်းသား၊သမီး ဆိုတဲ့ ဝိပဿနာ ပညာဉာဏ်ရှိနေကြတဲ့ ပုဂ္ဂိုလ်အား။ထွေ။ဤ"သုတမတ္တ"လို့ ခေါ်တဲ့ နာမ်ရုပ်တရားနှစ်ပါး၌။ရဇ္ဇနာဒီနံ၊ တပ်မက်ခြင်းလောဘ ပြစ်မှားခြင်း ဒေါသ တွေဝေခြင်း မောဟတို့၏။ ဩကာသော၊ ဖြစ်ခွင့်သည်။ ကုတော ပန ဥပ္ပဇ္ဇိဿတိ၊ အဘယ်မှာလျှင် ဖြစ်နိုင်ပါတော့အံ့နည်း။

ပဟာနပရိညာ ကူးသွားတယ်။ (မှန်ပါဘုရား) သဘောပေါက်ပြီနော်။ (ပေါက်ပါပြီဘုရား) အဘယ်မှာလျှင် ဖြစ်ပါတော့အံ့နည်း၊ ဖြစ်ပါအုံးမလား။ (မဖြစ်ပါဘူးဘုရား) မဖြစ်ယင် ဒီပုဂ္ဂိုလ် ဝဋ္ဋဆင်းရဲက လွတ်မသွားဘူးလား။ (လွတ်သွားပါသယ်ဘုရား)

အဲဒါကြောင့် သုံးလောကထွဋ်ထင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ "သုတေ သုတမတ္တ" ၏ သံသရာဝဋ်က လွတ်ကြောင်း အကျော့ကောင်းကြီးပါလို့ ဝိဝဋ္ဋပိုင်းကိုလဲ ဘုရားတပည့်တော် ဤသို့ မြင်ပါသည်ဘုရားလို့ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို မာလုကျပုတ္တမထေရ်ကြီးက ဒီစကား–ဝဋ္ဋနဲ့ ဝိဝဋ္ဋ ပြန်ပြီးတော့ လျှောက်လိုက်တော့ ဘုရားရှင်ကိုယ်တော်မြတ်က—

"သာဓု သာဓု မာလုကျပုတ္တ သာဓု ခေါ တံ မာလုကျပုတ္တ မယာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနာသိ"

ကောင်းလိုက်တာ ချစ်သားရယ်၊ သင် ချစ်သား လျှောက်တာ မှန်လိုက်လေခြင်း ဟုတ်လား။ (မှန်ပါဘုရား) ငါ ဘုရားသည် အကျဉ်းချုပ် အားဖြင့်

ဟောကြားတော်မူတဲ့ တရားဒေသနာတော်တို့ကို သင်ချစ်သားသည် အကျယ် ဝေဘန်၍ နားလည်ခြင်းငှာ စွမ်းနိုင်ပါပေ၏။ ငါဘုရား ဟောယင်လဲ ဒီလိုဘဲ ဟောမှာဘဲလို့ ဆိုပြီးတော့ ဘုရားကိုယ်တော်မြတ်က၊ ဟုတ်လား။ (မှန်ပါ) ဝိဝရှုပိုင်းကို ပြောကြစို့ကွယ် နော်။ (မှန်ပါဘုရား)

"န သော ရဇ္ဇတိ သဒ္ဒေသု၊ သဒ္ဒံ သုတွာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နာဇ္ဈောသ တိဋ္ဌတိ။
ယထာဿ သုဏတော သဒ္ဒံ၊ သေဝတော စာပိ ဝေဒနံ။
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတီ သတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတီတိ"—

ဝုစ္စတိ ဟူ၍။ ဘဂဝါ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် အောင်သူ ထွဋ်ထား ရှင်တော်မြတ်ဘုရားသည်။ ဒေသေတိ၊ ကရုဏာ ရှေ့ထား မေတ္တာ အားဖြင့် သနားကြည်ဖြူ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု— သာဓု— သာဓု—

# မာလုကျပုတ္တသုတ္တန်

## ပဌမပိုင်း

သာသနာသက္ကရာဇ် ၂၅၂၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၀-ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်၊ မုံရွာမြို့ ဆုတောင်းပြည့် စေတီတော်ကြီး၏ ယင်ပြင်တော် ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် တည်ခင်း၊ ဟောကြားအပ်သော သံယုတ္တနိကာယ် သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် သဠဝဂ်၌လာသော မာလုကျပုတ္တသုတ္တန် ပဌမပိုင်း တရားဒေသနာ။

(ဘုရားရှိခိုး ရှေးနည်းအတိုင်း)

### "မုတေ မုတမတ္တံ"

"တွေ့ စ တေ မာလုကျပုတ္တ ဒိဋ္ဌသုတမုတဝိညာတဗ္ဗေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ"။

ဒီ- စာပိုဒ်ထဲက "ဒိဋ္ဌေ ဒိဋ္ဌမတ္တံဘဝိဿတိ"ကို ဘုန်းကြီးတို့ဟောခဲ့ပြီးပြီ။ "သုတေ သုတမတ္တံ ဘဝိဿတိ" ဟောပြီးခဲ့ပြီ။ ဒီကနေ့ "မုတေ မုတမတ္တံ ဘဝိဿတိ"လို့ ဆိုတဲ့ ဒီ စာပိုဒ်ကို ဟောရမယ်။

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တေ တယာ၊ သင်ချစ်သား မာလုကျပုတ္တသည်။ မုတေ၊ ဃာနဝိညာဏ်ဖြင့် အနံ့မျိုးစုံ ဂန္ဓာရုံကို နမ်းရှူရာ၌။ ဇိဝှာဝိညာဏ်ဖြင့် ရသာမျိုးစုံ ရသာရုံကို စားရာ သောက်ရာ လျက်ရာ ခဲရာ၌။ ကာယဝိညာဏ်ဖြင့် အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေကို တွေ့ထိရာ၌။ မုတမတ္တံ၊ ရောက်အပ်ကာမျှသည်သာ။ ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ "မုတမတ္တ"ဖြစ်အောင်။ သိက္ခိတဗ္ဗံ၊ ကောင်းစွာမသေ့ ကျင့်အပ်ပါပေသတည်း။

သာဓု— သာဓု— သာဓု—

ချစ်သားမာလုကျပုတ္တ၊ ဆာနဝိညာဏ်ဖြင့် အနံ့မျိုးစုံ ဂန္ဓာရုံတွေကို နမ်းရှူဆဲအခါ၊ ဇိဝှာဝိညာဏ်ဖြင့် ရသာရုံတွေကို စားဆဲ သောက်ဆဲ လျက်ဆဲ ခဲဆဲ အခါ၊ ကာယဝိညာဏ်ဖြင့် အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေကို တွေ့ထိဆဲအခါမှာ "မုတမတ္တ"ဖြစ်အောင် သင်ချစ်သား ကျင့်ပါတဲ့။

"ဒိဋ္ဌေ ဒိဋ္ဌမတ္တ"ဖြစ်ပုံကိုတော့ ဘုန်းကြီးတို့ ဒုတိယနေ့ညက ကျယ်ကျယ် ဝန်းဝန်းဟောခဲ့ပြီးပါပြီ။ ဒီတော့"ဒိဋ္ဌမတ္တ"ဖြစ်ပုံ"ဒိဋ္ဌမတ္တ"ဖြစ်အောင် ကျင့်ပုံဟောပြီးပြီနော်။ (မှန်ပါဘုရား) ဒီတော့ "သုတမတ္တ" ဖြစ်ပုံတို့ "မုတမတ္တ" ဖြစ်ပုံတို့"ဝိညာတမတ္တ" ဖြစ်ပုံတို့ကတော့ "ဒိဋ္ဌမတ္တ" ဖြစ်ပုံနဲ့ အတူတူဘဲ။ ဖြစ်အောင်ကျင့်ပုံလဲဘဲ ဒီလမ်းစဉ်ဘဲ သွားတယ်။(မှန်ပါဘုရား)

## မိမိထံမှောက် ရောက်သော အာရုံကို ယူသောတရား

"မုတမတ္တ"ဖြစ်အောင် ကျင့်ပါတဲ့ မြတ်စွာဘုရားက။"မုတမတ္တ"ဖြစ်အောင် ဘယ်လို ကျင့်ရမတုန်း။ ဒီ သုံးခုစုထားတယ်။ ဃာနဝိညာဏ်ရယ် ဇိဝှာဝိညာဏ်ရယ် ကာယဝိညာဏ်ရယ်ဆိုတဲ့ ဝိညာဏ်သုံးပါး။ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ အာရုံသုံးပါး။ အဲဒါကို ရောက်အပ်သော "သမ္ပတ္တဂါဟ"ရောက်အပ်သောလို့ ဆိုတော့ ဘယ်လိုရောက်သလဲ။

အနံ့လို့ ဆိုတာကတော့ အဝေးကြီးက နေလို့တော့ဖြင့် ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ ဟောဒီ နှာခေါင်း ဃာနပသာဒရုပ်ကို လာပြီးတော့ အနံ့ဝင်ရောက်လာမှ အနံ့က ဃာနပသာဒရုပ်ကို ထိရောက်လာမှ နှာခေါင်းထဲကို ရောက်လာမှ အဲဒီ အနံ့ကို သိတဲ့ ဃာနဝိညာဏ်စိတ်က ပေါ်တယ်။

ဇိဝှာဝိညာဏ်စိတ် ဆိုတာကလဲဘဲ ခဲဘွယ် ဘောဇဉ် ချိုချဉ် သစ်သီး အနှီးနှီး အဝဝတွေ ဘယ်လိုဘဲ ဟောဒီ ရှေ့မှောက်မှာ ပြင်ထားထား ဇိဝှာပသာဒရုပ်ပေါ်ကို မရောက်ယင် ဇိဝှာဝိညာဏ်က ပေါ်ကို မပေါ်ဘူး။ ဇိဝှာပသာဒရုပ်ပေါ်ကို ရသာရုံရောက်မှ ဇိဝှာဝိညာဏ်ပေါ်တယ်။

ကာယဝိညာဏ်ကလဲ ဒီလိုဘဲ ကာယပသာဒကို လာပြီးတော့ မထိမရောက်သေးသမျှ ကာလပတ်လုံး ကာယဝိညာဏ်စိတ်ကလဲ မပေါ်ဘူး။

အဲဒါကြောင့် အာရုံရောက်လာမှ ဒီအာရုံကို ယူတတ်သည်ဖြစ်သောကြောင့် ဒီဝိညာဏ်သုံးပါးကို သမ္ပတ္တဂ္ဂါဟလို့ ဒီလိုပြောတာ။ ရောက်လာမှ အာရုံကိုယူတယ်။

## မိမိထံ မရောက်သော အာရုံကို ယူသောတရား

စက္ခုဝိညာဏ်တို့ သောတဝိညာဏ်တို့ကတော့ လူတယောက်ကို မြင်တယ်ဆိုယင် အဲဒီလူတယောက်လုံးလုံး မျက်လုံးထဲ ရောက်မလာဘူး။ (မှန်ပါဘုရား) သောတဝိညာဏ်ကလဲဘဲ လူတယောက်ရဲ့ အသံကို ကြားတယ်ဆိုယင် လူတယောက်လုံးလုံး အဲဒီနားထဲ ရောက်မလာဘူး၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒါကြောင့် သူ့ကို"အသမ္ပတ္တဂ္ဂါဟ" ရောက်မလာတဲ့အာရုံ၊ ခပ်လှမ်းလှမ်းက အာရုံကို သူက ယူနိုင်တယ်၊ သိနိုင်တယ်။

ဃာနဝိညာဏ်ကျတော့ အနံ့က နှာခေါင်းထဲရောက်လာမှ ဃာနဝိညာဏ်က ပေါ်တယ်။ (မှန်ပါဘုရား) ဇိဝှါဝိညာဏ်ကလဲဘဲ လျှာပေါ်ကို အရသာ ရောက်လာမှ ပေါ်တယ်။ ကာယဝိညာဏ်ကလဲဘဲ ဖောဋ္ဌဗ္ဗာရုံတွေ လာပြီးတော့ ဒီကာယပသာဒရုပ်ကို ထိမှ။ မထိဘဲနဲ့ သူဘယ်လိုလုပ်လို့မှ မသိဘူး၊ ကာယဝိညာဏ် မပေါ်ဘူး။ အဲဒီတော့ ရောက်လာမှ အဲဒီ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံတွေကို ယူတတ်ကုန်သည်ဖြစ်သောကြောင့် ဒီသုံးလုံးကို သတေ၁တူ "သမ္ပတ္တဂ္ဂါဟ"အနေနဲ့ တခုခုရှုလိုက်တော့ "မုတ"လို့ ဖြစ်တယ်။ (မှန်ပါဘုရား)

ဒီတော့ နှာခေါင်းထဲကို အနံ့ရောက်လာယင် ဘာပေါ်လာသလဲ၊ ဃာနဝိညာဏ်။ လျှာပေါ်ကိုအရသာရောက်လာယင်။ (ဇိဝှါဝိညာဏ်ပါဘုရား) ကာယသို့ အထိအတွေ့ ရောက်လာယင်။ (ကာယဝိညာဏ်ပါဘုရား) ကာယဝိညာဏ်ရယ်လို့ ဝိညာဏ်သုံးပါး ပေါ်လာတယ်။ အဲဒီ ဝိညာဏ် သုံးပါးဟာ ဘာတရားလဲလို့ဆိုတော့ ရောက်လာတဲ့ အာရုံကို ယူတတ်သောကြောင့် သူ့ကို "မုတ"လို့ ခေါ်တယ်။ ဝိညာဏ်သုံးပါးသည် ရောက်လာတဲ့ အာရုံကို ယူတတ်သည်၏ အဖြစ်ကြောင့် ဘာလို့ခေါ်တုန်း။ (မုတလို့ ခေါ်ပါတယ် ဘုရား) "မုတ" တွေ့အပ် ရောက်အပ်သော အာရုံကို ယူတတ်တဲ့ ဝိညာဏ်သုံးခု။ (မှန်ပါဘုရား)အဲဒီ ဝိညာဏ်သုံးခုဟာ နာမ်လား ရုပ်လား။ (နာမ်ပါဘုရား) နာမ်တရား။

အဲဒီ ဝိညာဏ်သုံးခု နောက်မှာ ဘာတွေ ပါလာသလဲလို့ ဆိုတော့ စေတသိက်က ခုနစ်လုံးစီ ခုနစ်လုံးစီ ပါလာတယ်။ (မှန်ပါဘုရား)ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ ဖြစ်တဲ့ စိတ်တွေ စေတသိက် တွေလဲ ပါတယ်။ (မှန်ပါဘုရား)အဲဒီ စိတ်တွေ စေတသိက်တွေက ရှုတဲ့ပုဂ္ဂိုလ် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အနံ့ကို သိတာနဲ့ တပြိုင်နက်ထဲ အဲဒီ စိတ် စေတသိက်တွေဟာ အကုန်လုံး ဆိုင်ရာ ဆိုင်ရာ သူ့ကိစ္စတွေကို ဓမ္မသတ္တိ **အနေအားဖြင့်**

လုပ်တယ်၊ ပါလဲ ပါလာတယ်။ ဒီတော့ ဘာလို့ ခေါ်သလဲ၊ သူ့ကို နာမ်တရား။ ဘာတရားလို့ ခေါ်သလဲ။ (နာမ်တရားလို့ ခေါ်ပါတယ်ဘုရား)

အပြင်ဘက်က ရောက်လာတဲ့ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ ဘာတရားတွေ ပါသိမ့်။ (ရုပ်တရားပါ ဘုရား) ရုပ်တရား၊ အနံ့ဆိုတာ ဘာတရားပါလိမ့်။ (ရုပ်တရားပါဘုရား) ရုပ်တရား၊ အရသာဆိုတာ။(ရုပ်တရားပါဘုရား) အထိအတွေ့ဆိုတဲ့ ဖောဋ္ဌဗ္ဗလို့ ခေါ်တဲ့ ရုပ်က ဘာတဲ့လဲလို့ဆိုတော့—

"အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံနာမ"—

ဆိုတဲ့ သင်္ဂြိုဟ်အတိုင်း အာပေါဓာတ်တခု ကြဉ်ထားပြီးတော့ ပထဝီရယ် တေဇောရယ် ဝါယောရယ် ဆိုတဲ့ အဲဒီ ဓာတ်သုံးပါးကို ဖောဋ္ဌဗ္ဗလို့ ခေါ်တယ်။ ခန္ဓာကိုယ်ကို လာပြီးတော့ ထိတွေ့ဘာဟာ အဲဒီ ရုပ်သုံးခုနဲ့ လာပြီး ထိတွေ့တာ။(မှန်ပါဘုရား)

ဒီတော့ အမျိုးကောင်းသားများ၊ သမီးများရဲ့ နားထဲကို ရောက်လာတဲ့ တရားသံထဲမှာ ဘာနဲ့ ဘာသာပါလာသလဲလို့ ဆိုတော့ နာမ်ရုပ်။ဘာနဲ့ ဘာပါလာသလဲ။(နာမ်ရုပ်ပါဘုရား) အဲဒီ နာမ်ရုပ်သာ ပါလာသည် ဖြစ်သောကြောင့် ဒီနာမ်ရုပ်ကိုသာ အာရုံပြုနိုင်မယ်ဆိုယင် "သုတမတ္တ" ယောကျ်ားမိန်းမ လှ- မလှ မပါနဲ့။ လက် ခေါင်း နှာခေါင်းစတဲ့ အသေးစိတ် အမှတ်အသားတွေလဲ မပါနဲ့။ အဲဒီ အသေးစိတ် အမှတ်အသားတွေကို စုပေါင်းထားတဲ့ နိမိတ္တလို့ခေါ်တဲ့ ပုံသဏ္ဌာန် အသွင်တွေလဲ မပါစေနဲ့။ (ရုပ်ပါဘုရား) ဒီတော့ ဘာသာရှိသလဲ။(နာမ်ရုပ်ပါဘုရား)

အဲဒီ နာမ်ရုပ်ရှုကွက်ကို အဋ္ဌကထာက ဘယ်လိုဖော်ထားသလဲလို့ဆိုတော့ မနေ့ညက ဖော်တဲ့နည်းအတိုင်းဘဲ။

ဂန္ဓာယတနံ ဃာယိတဗ္ဗေန—ဟော သူက မုတလို့ ရှုထားတာ ဖြစ်သောကြောင့် မုတလို့ဘဲ ဒီလို ပြောလိုက်ရမယ် နော်။ (မှန်ပါဘုရား)

"ဂန္ဓာယတနံ ဃာယိတဗ္ဗေန မုတံ။ ဃာနဝိညာဏံ ပန သဒ္ဒိံ တံဒွါရိကဝိညာဏေဟိ ဃာယနဋ္ဌေန မုတံ။"

မုတလို့ဆိုတဲ့ စကားလုံးထဲမှာ ဒီစကားလုံး တလုံးထဲမှာ ဘာပါလာသလဲ ဆိုတော့ နာမ်ရုပ်နှစ်ပါး ပါလာတယ်။ဒီတော့ ပေါင်းပြီးတော့ ဟောထားတဲ့ ဒေသနာတော် ဖြစ်သောကြောင့် ပေါင်းပြီးဘဲ ပြောကြစို့၊ ဟုတ်လား။ (မှန်ပါဘုရား) ဒီတော့—

ဂန္ဓာယတနံ ဃာယိတဗ္ဗဋ္ဌေန
ရသာယတနံ သာယိတဗ္ဗဋ္ဌေန
ဖောဋ္ဌဗ္ဗာယတနံ ဖုသိတဗ္ဗဋ္ဌေန မုတံ။

ဒီလို ပေါင်းလိုက်မယ် နော်။(မှန်ပါဘုရား)

"ဃာနဝိညာဏံ ပန ဇိဝှာဝိညာဏံ ပန ကာယဝိညာဏံ ပန သဒ္ဒိံ တံဒွါရိကဝိညာဏေဟိ ဃာယနဋ္ဌေန သာယနဋ္ဌေန ဖုသနဋ္ဌေန မုတံ"

ဃာနဝိညာဏ်ရယ် ဇိဝှာဝိညာဏ်ရယ် ကာယဝိညာဏ်ရယ်ခေါ်တဲ့ဒီဝိညာဏ် စိတ်သုံးလုံးတို့သည် ထို ဃာနဒွါရ ဇိဝှာဒွါရ ကာယဒွါရ၌ ဖြစ်ကုန်သော စိတ် စေတသိက် တို့နှင့် အတူ ဇကွ နမ်းရှုတတ် တွေ့တတ် ရောက်တတ် စားတတ် သောက်တတ် ခဲတတ် လျက်တတ် တွေ့တတ် ရောက်တတ်၊ ပြီးတော့ ရောက်လာတဲ့ ဖောဋ္ဌဗ္ဗာရုံတွေကို ထိတွေ့တတ်သော သဘောသတ္တိ ရှိသော ကြောင့် ဒီတရားတွေကို "မုတ"လို့ ခေါ်တယ်။

အဲဒီ "မုတ"က ဘာ "မုတ" တွေလဲလို့ဆိုတော့ ဝိညာဏ်လို့ခေါ်တဲ့ နာမ် တရားတွေ။

"ဂန္ဓာယတနံ ဃာယိတဗ္ဗဋ္ဌေန ရသာယတနံ သာယိတဗ္ဗဋ္ဌေန ဖောဋ္ဌဗ္ဗာယတနံ ဖုသိတဗ္ဗဋ္ဌေန မုတံ"

အနံ့မျိုးစုံ ဂန္ဓာရုံ အရသာမျိုးစုံ ရသာရုံ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ သည် ရောက်အပ်သောကြောင့် သူ့ကို မုတ။ ဒီ အာရုံ။(မှန်ပါဘုရား)ဝိညာဏ် ကိုတော့ တွေ့တတ် ရောက်တတ်သောကြောင့် "မုတ"

## နံအပ် နံတတ် ရုပ်နာမ်

အဲဒီ တရားသုံးမျိုး ဃာနဝိညာဏ်နဲ့ ဂန္ဓာရုံ၊ ဇိဝှာဝိညာဏ်နဲ့ ရသာရုံ၊ ကာယဝိညာဏ်နဲ့ ဖောဋ္ဌဗ္ဗာရုံ ဒီတရားသုံးမျိုးကို တခုစီ ခွဲလိုက်ယင် ဂန္ဓာရုံ ဆိုတဲ့အနံ့အာရုံက နံအပ်သော တရားကွဲ၊ ရုပ်တရား၊ ဟုတ်လား။ (မှန်ပါဘုရား)

ဃာနဝိညာဏ်က နံတတ်သော တရား၊ နာမ်တရားကွဲ။ (မှန်ပါဘုရား) အေး–ဒါကြောင့် ဆောင်ပုဒ်ကဗျာလေး လိုက်ဆိုရမယ်။ (မှန်ပါဘုရား)

**နံအပ် နံတတ်၊ နှစ်ရပ် ရုပ်နာမ်၊**
**နံဆဲ ခဏ၊ မုတ မဟ္တ၊**
**သတိထား၍၊ ရှုပွားမန်မန်၊**
**ဉာဏ်အလုပ်၊ ဖြစ်ချုပ် သိအောင်ကြံ။**

နံအပ်သော အနံ့အာရုံ ဂန္ဓာရုံက နံတတ်သော ဃာနဝိညာဏ်ကို လာပြီးတော့ တွေ့ကာမျှ ရောက်ကာမျှသာလျှင် ဖြစ်တယ်လို့ သတိထားပြီးတော့ အထပ်ထပ်ရှုနေယင် ဘာလဲကွဲ့။ (ဉာဏ်အလုပ်ပါဘုရား) အေး အဲဒီ ဉာဏ်အလုပ်နဲ့ ဒီအနံ့ကလေးရောက်ကာမျှ ဖြစ်တယ်။ ချက်ချင်း ကုန်ပျောက်သွားတယ်၊ ဖြစ်တယ် ကုန်ပျောက် ချုပ်ငြိမ်းသွားတယ်လို့ ဝိပဿနာဉာဏ်အလုပ်နဲ့ ကြံရမယ်။ ကြံရမယ်ဆိုတာ ရှုရမယ်လို့ ဆိုတယ်ကွဲ့၊ ဟုတ်လား။(မှန်ပါဘုရား) အဲဒီတော့ ဂန္ဓာရုံ ဃာနဝိညာဏ်ဟုတ်လား။ (မှန်ပါဘုရား)

## စားအပ် စားတတ် ရုပ်နာမ်

ဂန္ဓာရုံပြီးတော့ ရသာရုံ၊ ရသာရုံဆိုတဲ့ အရသာကလဲဘဲ လျှာပေါ်ကို ရောက်လာတော့ ဇိဝှာဝိညာဏ်ဆိုတဲ့ တရားတွေကနေ၁။(မှန်ပါ) ဇိဝှာဝိညာဏ်ဆိုတဲ့ နာမ်တရားတွေက အဲဒီ အရသာတွေကို ခံစားတတ်တဲ့ သဘော-စားတတ်တဲ့ သဘောဖြစ်လာတယ်။ ဒီတော့ စားအပ်သော ရသာရုံတွေက ရုပ်တရား၊ စားတတ်သော ဇိဝှာဝိညာဏ်က ဘာတုန်း။ (နာမ်တရားပါဘုရား) အဲဒီလို ခွဲလိုက်ယင်လဲဘဲ စားအပ် စားတတ် နှစ်ရပ် ရုပ်နာမ် ဖြစ်မလာဘူးလား။ (ဖြစ်လာပါတယ်ဘုရား) ဆိုကွဲ—

စားအပ် စားတတ်၊၊ နှစ်ရပ် ရုပ်နာမ်၊
စားဆဲ ခဏ။ မုတမတ္တံ၊
သတိထား၍၊ ရှုပွားဖန်ဖန်၊
ဉာဏ်အလုပ်။ ဖြစ်ချုပ်သိအောင်ကြံ။

သဘောပေါက်ပလားကွဲ့။(ပေါက်ပါတယ်ဘုရား)ဆောင်ပုဒ်ရဲ့အဓိပ္ပာယ်က ဒီဇိဝှာဝိညာဏ် ရသာရုံ ရုပ်တရားမှာလဲဘဲ၊ ဂန္ဓာရုံ ဃာနဝိညာဏ်အတိုင်းဘဲကွဲ့။ (မှန်ပါဘုရား) ရှုတတ်ပလားကွဲ့။ (ရှုတတ်ပါပြီဘုရား)

## ထိအပ် ထိတတ် ရုပ်နာမ်

ဒါဖြင့်—ရသာရုံပြီးတော့ ဘာတုန်းကွဲ့။ (ဖောဋ္ဌဗ္ဗာရုံပါဘုရား) ဖောဋ္ဌဗ္ဗာရုံကျတော့ ဆောင်ပုဒ် ဘယ်လိုဆိုမလဲ။ (ထိအပ် ထိတတ်ပါဘုရား) အေး—ဟုတ်ပြီ၊ နံတာရယ် စားတာရယ် ထိတာရယ် အဲဒီ သုံးမျိုးကို "မုတ" လို့ ပေါင်းထားတယ်နေ၁။(မှန်ပါဘုရား) အဲဒါဖြင့် ဆိုပါအုံးကွဲ၊ ဖောဋ္ဌဗ္ဗာရုံကို။

ထိအပ် ထိတတ်၊ နှစ်ရပ် ရုပ်နာမ်၊
ထိဆဲ ခဏ၊ မုတမတ္တံ၊
သတိကား၍၊ ရှုပွားဖန်ဖန်၊
ဉာဏ်အလုပ်၊ ဖြစ်ချုပ် သိအောင်ကြံ။

အဲဒီ တရားသုံးမျိုးကို သရုပ်ခွဲပြီး ရှုလိုက်ပေမဲ့လဲဘဲ ထူးခြားတာကတော့ နံအပ် နံတတ်၊ စားအပ်စားတတ်၊ ထိတွေ့အပ် ထိတွေ့တတ် ဒါဘဲ ကွဲတယ် နော်။ (မှန်ပါဘုရား)

## ရောက်အပ် ရောက်တတ် ရုပ်နာမ်ချည်းဘဲ

နံဆဲ စားဆဲ ထိတွေ့ဆဲ ခဏမှာတော့ဖြင့် ဒီ အာရုံတွေ ရောက်ဆဲ တွေ့ဆဲ ချည်းထဲဘဲ။ ရောက်ဆဲ တွေ့ဆဲ ခဏမျှသာ ဖြစ်တယ်လို့ အသိဉာဏ်ကပ်ပြီးတော့ ရှုရမှာကတော့ အတူတူဘဲကွဲ့။ (မှန်ပါဘုရား) မုတမတ္တ နော်။ (မှန်ပါဘုရား) ရောက်အပ် ရောက်တတ် ဘယ်နှစ်ခုတုန်း။ (နှစ်ခုပါဘုရား) နှစ်ခု၊ ရောက် အပ်သောတရားသည် ရုပ်တရား၊ ရောက်အပ်သောတရားကို ဘာလို့ခေါ်သလဲ။ (ရုပ်တရားလို့ ခေါ်ပါတယ်ဘုရား)

တွေ့တတ် ရောက်တတ်သော တရားကို နာမ်တရား။
တွေ့အပ် ရောက်အပ်သော တရားကို ရုပ်တရား။

တွေ့တတ် ရောက်တတ်သော တရားကို။ (နာမ်တရားပါဘုရား)နာမ်တရား သဘောပေါက်ပလား။ (ပေါက်ပါတယ်ဘုရား)နာမ်ရုပ်နော်။ (မှန်ပါဘုရား) ဒီတော့ ပေါင်းလိုက်တော့ "မုတ" မှာ ဝိညာဏ်သုံးခု၊ အာရုံသုံးခု၊ ပေါင်း လိုက်တော့ ခြောက်ခု။ အဲဒီ ခြောက်ခုဟာ ဘာနဲ့ ဘာတုန်း၊ နာမ်ရုပ်။အဲဒီလို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သုံးမျိုးကို "မုတ" လို့ တမျိုးထဲ ဟော ထားပေမဲ့ မာလုကျပုတ္တမထေရ်ကြီးနားလည်ပုံကို ပြန်လည် လျှောက်ထားတဲ့ အခါကျတော့ ဒီသုံးမျိုးစလုံး တမျိုးစီ တမျိုးစီ ခွဲပြီးတော့ သူ ပြန်လျှောက် တယ်။ (မှန်ပါဘုရား) မုတ နော်။ (မှန်ပါဘုရား) နံဆဲခဏ စားဆဲခဏ ထိဆဲခဏ၊ ဟုတ်လား။ (မှန်ပါဘုရား)

## နံအပ်နံတတ် ရုပ်နာမ် ဓမ္မာနုပဿနာသတိပဋ္ဌာန်

ဒီတော့ ဓမ္မာနုပဿနာအနေနဲ့ နယဂ္ဂါဟယူကြစို့လို့ဆိုတော့— အနှံ့တခုကို နမ်းရှုတော့မယ်လို့ ဆိုယင်—

"အနိစ္စာနုဿီ ဃာယိဿာမီတိ သိက္ခတိ"

ဒီလိုနှလုံးသွင်းပါတဲ့။ (မှန်ပါဘုရား)အနိစ္စာနုပဿီ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ ဃာယိဿာမိ၊ နာမ်းရှုပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

နမ်းရှူတတ်သော သဘောရှိသော ဃာနဝိညာဏ်စိတ်က နာမ်တရား။ နမ်းရှူအပ်သော သဘောရှိသော အနံ့မျိုးစုံ ဂန္ဓာရုံတွေက။ (ရုပ်တရားပါဘုရား) ရုပ်တရား၊ ဟုတ်လား။ (မှန်ပါ) ဒီတော့ ဘာနဲ့ဘာပါလိမ့်။ (နာမ်ရုပ်ပါဘုရား) နမ်းရှူဆဲမှာ လူပါလာသလား၊ နာမ်ရုပ် ပါလာသလား။ (နာမ်ရုပ်ပါလာပါတယ်ဘုရား) ဒိပြင် ဘာပါသေးတုန်း။ (ဘာမှ မပါပါဘူးဘုရား) အမျိုးသားလဲ မပါဘူး၊ အမျိုးသမီးလဲ မပါဘူး။ အဲဒီ နမ်းရှူတယ်ဆိုတဲ့ နေရာမှာ—

> "နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော၊ န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ[၁]။"

ဣဓ၊ ဤနမ်းရှူတဲ့နေရာ၌။ ဣဓ၊ ဤ နမ်းရှူဆဲခဏ၌။ နာမဉ္စ၊ နမ်းရှူတတ်သော နာမ်တရားသည်၎င်း။ ရူပဉ္စ၊ နမ်းရှူအပ်သော အနံ့မျိုးစုံ ဂန္ဓာရုံဆိုတဲ့ ရုပ်တရားသည်၎င်း။ သစ္စတော၊ ဝိပဿနာ ရှုဘို့ရန် ပရမတ္ထသစ္စာအနေအားဖြင့်။ အတ္ထိ၊ ရှိပါပေ၏။

ဧတ္ထ၊ ဤနံအပ်နံတတ် ရုပ်နာမ်တရား နှစ်ပါး၌၊ သတ္တော စ၊ ထိုထိုအာရုံ၌ ကပ်ငြိတွယ်တာတတ်သော သတ္တဝါသည်၎င်း။ မနုဇော စ၊ မနုမည်သောသူမှ ဆင်းသက်လာသော လူသားသည်၎င်း။ နဟိ=နဧဝ ဝိဇ္ဇတိ၊ မရှိသည်သာတည်း။

ဝိပဿနာ ရှုမယ်လို့ဆိုယင် နမ်းရှူဆဲမှာ နာမ်ရုပ်အပြင် ဘာရှိသေးလဲ။ (ဘာမှမရှိပါဘုရား) ဒီတော့ အနံ့ နံ့ယင် ဘာရှုမလဲ။ (နာမ်ရုပ်ရှုရမှာပါဘုရား) ဒီတော့ အနံ့ဟာ ဘာတုန်း။ (ရုပ်တရားပါဘုရား) အဲဒီ အနံ့ကလေးရလာယင် ဘယ်လိုရှုရမလဲ။ ရုပ်တရား။ ပါဠိတော်မူက ဓမ္မာနုပဿနာသတိပဋ္ဌာန်အရ ရုပ်တရားလို့ ရှုပါတဲ့၊ ဟုတ်လား။ (မှန်ပါဘုရား) ဒါကြောင့် ဒီ မာလုကျပုတ္တသုတ္တန်အဖွင့် အဋ္ဌကထာက "ရူပါယတနံ ပဿိတဗ္ဗေန ဒိဋ္ဌံ"လို့ ဒီလိုပြောထားတာကိုး။ (မှန်ပါ) ဒီတော့ အခု ရူပါယတနနေရာမှာ ဘယ်သူဝင်လာရမလဲ၊ ဂန္ဓာယတန ဝင်လာရမယ်။

"ဂန္ဓာယတနံ ဃာယိတဗ္ဗေန" ဟုတ်လား။ (မှန်ပါဘုရား)ဒီတော့ ဟို "မုတ"လို့ ပေါင်းထားတော့ သူက "မုတ"ထဲ သွားလိုက်ရမယ်။ (မှန်ပါဘုရား)

---

၁။ ဝိသုဒ္ဓိမဂ်၊ ဒု၊ ၂၃၀၊

ဂန္ဓာယတနံ၊ အနံ့မျိုးစုံ ဂန္ဓာရုံသည်။ ဃာယတိဗ္ဗဋ္ဌေနေ၊ နမ်းရှူအပ်သော သဘောရှိသောကြောင့်။ သူဘယ်ရောက်သွားလဲ၊ မုတ ရောက်သွားတယ်၊ နော်။(မှန်ပါဘုရား)နမ်းရှူအပ်သော သဘောဟာ ဘယ်သူတုန်း။ (ရုပ်ပါဘုရား) ဒီတော့ ဗမာလိုပြန်ပြီးတော့ နားလည်အောင်ပြောမယ်။ စာသံ ပေသံကြီးက ပါနေတယ်၊ နမ်းရှူအပ်သောလို့။

နမ်းရှူစရာကလေးဟာ ဘာတုန်း။ (ရုပ်ပါဘုရား) ရှူစရာ ရှူစရာကလေးဟာ။ (ရုပ်ပါဘုရား) မွှေးတာဘာတုန်း။ (ရုပ်ပါဘုရား) ပန်းက မွှေးတာလား၊ အနံ့က မွှေးတာလား။ (အနံ့က မွှေးတာပါဘုရား) အဲဒီပန်းမှာ အနံ့ရှိသလား ကွဲ့။ အေး—ပန်းနဲ့ အနံ့ ခြားနားအောင်ကြည့်ပါ။ ဟုတ်လား။ (မှန်ပါဘုရား) အေး—ပန်း။

ဘုန်းကြီးတို့ပရိသတ်၊ မွှေးနေတာ ဘာကမွှေးနေတာလဲ။ (အနံ့က မွှေးနေပါတယ်ဘုရား) ပန်းကမွှေးတာလား၊ အနံ့ကမွှေးတာလား။ (အနံ့က မွှေးတာပါဘုရား) ဒါဖြင့် မွှေးတာ ဘာတုန်း။ (ရုပ်တရားပါဘုရား)

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေကတော့ ပန်းက မွှေးတယ်လို့ သိမနေဘူးလား။ (သိနေပါတယ်ဘုရား) ဟုတ်ကဲ့လား။ (မဟုတ်ပါဘူးဘုရား) ဘာက မွှေးတာလဲ။ (အနံ့က မွှေးတာပါဘုရား) အနံ့ကဘာပါလိမ့်။ (ရုပ်ပါဘုရား) ပန်းက ဥတုဇရုပ်၊ နော်။ (မှန်ပါဘုရား) ပထဝီရယ် အာပေါရယ် တေဇောရယ် ဝါယောရယ် ဝဏ္ဏရယ် ဂန္ဓရယ် ရသရယ် ဩဇာရယ် လို့ဆိုတဲ့ အဋ္ဌကလာပ်ရုပ်ရှစ်ခု ဒါဘဲ။ (မှန်ပါဘုရား)

ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ခေတ်ကြီးလေးပါး အမာခံပြုထားတာ မဟုတ်လားလို့။ (မှန်ပါဘုရား) အပေါ်က အမာခံ ပြုထားတယ် မဟုတ်လားလို့။ (မှန်ပါဘုရား) အပေါ်က အရံလေးပြုလိုက်တော့ အနံ့၊ ဟုတ်လား။ (မှန်ပါဘုရား) မွှေးတာက ဘာကမွှေးသလဲ။ (အနံ့က မွှေးပါတယ်ဘုရား)

ဘုန်းကြီးတို့ မုံရွာမြို့က အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ ထန်းလျက်စားဘူးသလား။ (စားဘူးပါတယ်ဘုရား) အဲဒီထန်းလျက်က ဘယ်လိုနေသလဲ။ (ချိုပါတယ်ဘုရား)

ဆားကောစားဘူးကြရဲ့လား။ (စားဘူးပါတယ်ဘုရား)ဆားက ဘယ်လိုနေသလဲ။ (ငန်ပါတယ်ဘုရား) စဉ်းစားကြည့်ပါအုံး။

ဆားကငန်တာလား ရသာရုံ ရုပ်တရားက ငန်တာလား။ (ရသာရုံ ရုပ်တရားက ငန်တာပါဘုရား) ငန်တာဟာ ဆားလား ရုပ်လား။ (ရုပ်ပါဘုရား)

ကဲ့အောင်ကြည့်ပါ ဟုတ်လား။ (မှန်ပါဘုရား) ဟို နေ့ကဘဲဘုန်းကြီးပြောသွား သေးတယ်မဟုတ်လား ငြုတ်သီးက စပ်သလား၊ သကြားလေးက စပ်သလား။ (သကြားလေးက စပ်ပါတယ်ဘုရား) သဘောပေါက်ကဲ့လားကွဲ့။ (ပေါက်ပါတယ် ဘုရား)

မေးတယ် ဘာကမေးတာလဲလို့ မေးယင် ဘုန်းကြီးတို့အမျိုး ကောင်းသား တွေ၊ သမီးတွေ ဘာပြောပလဲ။ (အနံ့က မေးတာပါဘုရား) အနံ့ဆိုတာ ရုပ် တရားလား နာမ်တရားလားလို့ မေးယင်။ (ရုပ်တရားပါဘုရား) ရုပ်တရား။ ဒါကြောင့်—

"ဂန္ဓာယတနံ ဃာယိတဗ္ဗဋ္ဌေန ဗုတ်"

ဂန္ဓာယတနံ၊ အနံ့မျိုးစုံ ဂန္ဓာရုံသည်။ ဃာယိတဗ္ဗဋ္ဌေန၊ နမ်းရှူအပ်သော သဘောရှိသောကြောင့်။ ဗုတံ၊ "ဗုတ" မည်၏။

ဒီတော့ နမ်းရှူစရာ လေးတွေဟာ ဘာတုန်းကွဲ့။ (ရုပ်တရားပါဘုရား) ရှူတတ်တာက ဘယ်သူတုန်းကွဲ့။ (နာမ်တရားပါဘုရား)နာမ်တရား။ ဒီတော့ အနံ့လာတယ်ဆိုယင် ဘာနဲ့ ဘာသာ ပါလာသလဲ။(နာမ်ရုပ် ပါလာ ပါတယ် ဘုရား) နာမ်ရုပ်သည် နိစ္စလား၊ အနိစ္စလားကွဲ့။ (အနိစ္စပါဘုရား) နာမ်ရုပ် ဆိုတာ အနိစ္စ။

အနိစ္စန္တိ ပဉ္စက္ခန္ဓာ။ အဋ္ဌကထာများက။ အနိစ္စန္တိ၊အနိစ္စ ဆိုတဲ့ သဘော သည်ကား။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးကိုခေါ်၏။ ခန္ဓာငါးပါး စုလိုက်တော့ နာမ် ရုပ်။ ဝေဒနာက္ခန္ဓာရယ် သညာက္ခန္ဓာရယ် သင်္ခါရက္ခန္ဓာရယ် ဝိညာဏက္ခန္ဓာ ရယ်က နာမ်။(မှန်ပါဘုရား) ရူပက္ခန္ဓာက။ (ရုပ်တရားပါဘုရား)ဒီတော့ အနိစ္စ ဆိုတာ နာမ်ရုပ်ကို ခေါ်တယ်ဆိုတာ ရှင်းမနေဘူးလားကွဲ့။ (ရှင်းနေပါတယ် ဘုရား)အနိစ္စဆိုတာ ဘယ်သူ့ခေါ်သလဲ။ (နာမ်ရုပ်ကို ခေါ်ပါတယ်ဘုရား) ဘာပြုလို့ အနိစ္စကို နာမ်ရုပ်လို့ ခေါ်ရသလဲ ဆိုတော့မှ သူ့လက္ခဏာကြည့်လိုက်။

"ဟေတွာ ဥပ္ပါဒဝယဋ္ဌေန အနိစ္စံ"

ဖြစ်ခြင်း ကုန်ပျောက်ခြင်း သဘောရှိသောကြောင့် အနိစ္စ။

ရှင်းပလားကွဲ့။ (ရှင်းပါပြီဘုရား) နမ်းရှူဆဲ အခိုက်အတန့်ကလေးမှာ နံတာ နဲ့ ဘာပါလာသလဲ။ (နာမ်နဲ့ရုပ်ပါလာပါတယ်ဘုရား) ဒါဖြင့် ဒီနာမ်ရုပ်က ဘာ တုန်း။ (အနိစ္စပါဘုရား) ဒီတော့ နမ်းတော့ ရှူတော့မယ်လို့ ဆိုကတည်းက၊ အနံ့ ရောက်လာပြီ ဆိုကတည်းက—

အနိစ္စာနုပဿီ ဃာယိဿာမီတိ သိက္ခတိ။ အနိစ္စာနုပဿီ၊ အနိစ္စကို ရှုလေ့ရှိ သည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည် ဖြစ်၍။ ဃာယိဿာမိ၊

နမ်းရှုပ့္ါအံ။ ဏ္ဍတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်။ (မှန်ပါဘုရား)

သဘောပေါက်ပလားကွဲ။ (ပေါက်ပါပြီဘုရား) ကဲ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ အနံ့နံယင် ဘယ်လိုရှုရမလဲ။ (အနိစ္စလို့ရှုရမှာပါဘုရား) နာမ်ရုပ်။ (နာမ်ရုပ်လို့ ရှုရမှာပါဘုရား) မထူးပါဘူး။ ဟင် နာမ်ရုပ်။ (မှန်ပါ) အနံ့ကလေးက ရုပ်၊ နမ်းရှုတတ်တဲ့ ဃာနဝိညာဏ် စိတ်နှင့် တကွ သူ့မှာရှိနေတဲ့ စေတသိက်တွေက နာမ်၊ ပေါင်းတော့။ (နာမ်ရုပ်ပါဘုရား)

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ နံတယ်ဆိုတာ နှာခေါင်းက နံတာလား၊ ဃာနဝိညာဏ်ဆိုတဲ့ နာမ်တရားက နံတတ်တာလား။ (နာမ်တရားက နံတတ်တာပါဘုရား) အဲဒီ နံတတ်တဲ့ သဘောတရား ကလေးဟာ အနံ့လဲ ပျောက်သွားရော နံတတ်တဲ့ သဘောလေးကကော။ (ပျောက်သွားပါတယ်ဘုရား) နှာခေါင်းက။ (ကျန်ရစ်ခဲ့ပါတယ်ဘုရား) သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား)

ဒီတော့ နာမ်ရုပ်သာ အနိစ္စကွဲ။ ဟောဒီ နှာခေါင်းကြီးက သူက ဘယ် လောက်ကြာသလဲ။ (မကြာပါဘူးဘုရား) ခုထက်ထိ မြင်နေရတုန်း။ ဟို နာမ် ရုပ်က မြင်ရရဲ့လား (မမြင်ရပါဘူးဘုရား) ဉာဏ်နဲ့တော့ အခု တွေ့သလား မတွေ့ ဘူးလား။ (တွေ့ပါတယ်ဘုရား) နာမ်ရုပ်။

ဒီတော့ ဝိပဿနာ နယ်ပယ်မှာ ဘုန်းကြီး မကြာမကြာ ပြောပေးနေပါ တယ်၊ ဝိပဿနာ လုပ်ငန်းမှာ နာမ်ရုပ်ကို ပိုင်အောင်သိဖို့ဟာ အရေးအကြီးဆုံး ဘဲ။ (မှန်ပါဘုရား) ဒိပြင် ကိစ္စက ကိုယ့်ကိစ္စ မဟုတ်ဘူး၊ နာမ်ရုပ်ကိုသာကိုယ် က ပိုင်အောင်ကြည့်။ နာမ်ရုပ်တွေ့တာနဲ့ တပြိုင်နက်ဆဲ အဲဒါ နာမ်ရုပ် နာမ်ရုပ် နာမ်ရုပ် နဲ့ သွားရော။ ဉာဏ်စဉ် တက်သွားပြန်တော့လဲဘဲ ဥဒယဗ္ဗယ ဉာဏ်ကျ တော့ကော နာမ်ရုပ် လက်လွှတ်လို့ ဖြစ်ကဲ့လား။ (မဖြစ်ပါဘူးဘုရား) ဘယ် ဉာဏ်မှာ နာမ်ရုပ်ကို ထားပစ်ခဲ့ရမလဲ။ (ဘယ်ဉာဏ်မှ မထားခဲ့ရပါဘူး ဘုရား) အနုလောမဉာဏ်ကျတော့ကော။ (မထားရပါဘူး ဘုရား) ဂေါတြဘူ ကျတော့ လဲဘဲ ဟုတ်လား၊ ဂေါတြဘူဆိုတာ မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ်လို့ ဆို တော့ ဂေါတြဘူဟာ ဘာစိတ်ပါလိမ့်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ဟုတ်လား။ (မှန်ပါ) အဲဒါ ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီးက သင်္ဂြိုဟ်ကို တတ်စေချင်တာ ဒါ၊ ဟုတ်လား။ (မှန်ပါဘုရား)

ဂေါတြဘူဆိုတာ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ကို ခေါ်တယ်။ မဂ်ကို ဝင်မယ်ကြံတော့။ (မှန်ပါ) ပရိကံ ဆိုတာလဲ သူဘဲ၊ ဥပစာ ဆိုတာလဲ သူဘဲ၊ အနုလုံ ဆိုတာလဲ သူဘဲ။ ဉာဏသမ္ပယုတ်စိတ်ချည်းတဲ့ဘဲ။ အဲဒီ ဉာဏ သမ္ပယုတ်

စိတ်ဆိုတာ ရုပ်တရားလား၊ နာမ်တရားလား။ (နာမ်တရားပါဘုရား) နာမ်တရား၊ ဟုတ်လား။(မှန်ပါ) ခုတော့ နာမ်ရုပ်၊ ဟုတ်လား။ နာမ်ရုပ်ကိုသာ ပိုင်အောင် သိမ်းဆည်းပါ။ ဝိပဿနာလုပ်ငန်းမှာ အရေးအကြီးဆုံးသည် နာမ်ရုပ်။(မှန်ပါဘုရား) နာမ်ရုပ်ကို သိဘို့သာ အရေး အကြီးဆုံးဘဲ။

## ရုပ် နာမ်ဆိုက သခ်တနယ်ပင်

အဲဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ—

နန်းရှုဆဲမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါသခ်တ။

သခ်တာ ဓမ္မာ။ ဓမ္မသင်္ဂဏီပါဠိတော် ဒုကမှာလေ။ (မှန်ပါ) အဲဒီ သခ်တာဓမ္မာဟူသော ပဌမပုဒ်အရ–အရကောက်လိုက်တော့ ဘာတွေ ရလာ သလဲဆိုတော့ စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ် ဒါဘဲရတယ်၊ ဒိပြင်မရဘူး။ (မှန်ပါဘုရား) တရားက သုံးလုံးထဲရှိတယ်၊ သခ်တနယ်ထဲမှာ။ ဘယ်နှစ်လုံးရှိသလဲ။ (သုံးလုံးဘဲ ရှိပါတယ်ဘုရား) အဲဒီ စိတ် စေတသိက်ရုပ်မှာ စိတ်နဲ့ စေတသိက်က နာမ်၊ ရုပ်တရားက ရုပ်၊ ပေါင်းလိုက်တော့။ (နာမ်ရုပ်ပါဘုရား) သခ်တာ ဓမ္မာဟူသော ပဌမပုဒ် အရကောက်လိုက်ယင် ဝိပဿနာ နေရာမှာ နာမ်ရုပ်ကို ရ၏၊ သခ်တဓမ္မ။ (မှန်ပါဘုရား) နာမ်ရုပ်အပြင် ဘာရှိသေးလဲ။ (ဘာမှမရှိပါဘူးဘုရား)

> "နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော။ န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ။"

ဣဓ၊ ဤနမ်းရှုဆဲခဏ၌။ သစ္စတော၊ ဝိပဿနာရှုဘို့ရန် သစ္စာအနေ အားဖြင့်။ (အမှန်အားဖြင့်။) နာမဉ္စ၊ နာမ်ခေါ်တဲ့ တရားသည်၎င်း။ ရူပဉ္စ၊ ရုပ်ခေါ်တဲ့တရားသည်၎င်း။ အတ္ထိ၊ ရှိပါပေ၏။ ဟိ၊ မှန်၏။ ဧတ္ထ၊ ဤ နမ်း ရှုဆဲခဏ၌ ဖြစ်ပေါ်တဲ့ နမ်းရှုအပ် နမ်းရှုတတ်။ ဝါ၊ နမ်းရှုစရာ နမ်းရှုတာခေါ်တဲ့နာမ်ရုပ်၌။ ပုဂ္ဂလော စ၊ ပုဂ္ဂိုလ်သည်၎င်း။ မနုဇော စ၊ လူ သတ္တဝါသည်၎င်း။ န ဝိဇ္ဇတိ၊ မရှိ။

ပုဂ္ဂိုလ်သတ္တဝါ ရှိသေးလား။ (မရှိပါဘူးဘုရား) ဘာသာရှိသလဲ။ (နာမ် ရုပ်သာ ရှိပါတယ်ဘုရား) နာမ်ရုပ်ဆိုတာ နိစ္စလား၊ အနိစ္စလား။ (အနိစ္စပါ ဘုရား)

"အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ"လို့ ဥပရိပဏ္ဏာသ ပါဠိတော် အာနာပါနသတိ သုတ်တို့မှာ မြတ်စွာဘုရားဟောထားတဲ့ ပါဠိတော်အပိုဒ်ကို နယဂ္ဂါဟ ယူပြီးတော့"အနိစ္စာနုပဿီ ဿာဿိဿာမီတိ သိက္ခတိ"ဒီလို ကျင့်ပါတဲ့။

(မှန်ပါဘုရား) ဒီလိုကျင့်ယင် "မုတမတ္တ" ဖြစ်မယ်။ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား) အဲဒါမှ "မုတမတ္တ" ဖြစ်မယ်။ (မှန်ပါဘုရား)

အနိစ္စာနုပဿီ၊ အနိစ္စကို ရှုလေ့ရှိသည်ဖြစ်၍။ အနိစ္စာနုပဿီ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ ဿာယိဿာမိ၊ နမ်းရှူပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

## တဏှာလှည့်ပတ်က မကြိုက်တာ မရှိ

အနံ့ကလေး နမ်းရှူတယ်၊ အဲဒီလို နမ်းရှူတဲ့နေရာမှာ ဒီလိုမကျင့်ယင် ဖြစ်ပါ့မလား။ (မဖြစ်ပါဘူးဘုရား) ဘယ်လိုတုန်းဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေရဲ့ နှာခေါင်းကလေးက အနံ့ဟူသရွေ့ကို သူလက်မခံတဲ့အနံ့ ဘာနံ့ရှိသလဲ။ (ဘာနံ့မှ မရှိပါဘုရား) ဟင်—ဘယ်အာရုံတရားမဆို ဒီ ဃာနဝိညာဏ်က ယူတယ်နော်။ (မှန်ပါဘုရား) မယူဘူးလား။ (ယူပါတယ်ဘုရား) သူ လက်မခံဟာ ရှိသလား။ (မရှိပါဘူးဘုရား) အဲဒီ ဃာနဝိညာဏ်မှာ တဏှာဝင်ကပ်လာပြီဆိုယင် ဘယ်အနံ့မဆို ကြိုက်တယ်၊ မကြိုက်ဘူးလား။ (ကြိုက်ပါတယ်ဘုရား) ကိုင်း—ကောင်းပြီ ကြိုက်ပါတယ်ဆိုတော့ ခွေးသေကောင်ပုပ်အနံ့ကို ကြိုက်ကဲ့လား။ (မကြိုက်ပါဘူးဘုရား) နို့ခုနင်က ဘယ်အနံ့မဆို ကြိုက်တယ်ဆို။ အေး—ဒီတော့ တဏှာက ဘယ်လိုလုပ်သလဲဆိုတော့ တဏှာ လှည့်ပတ်ပုံကလေးကို ကြည့်စမ်း။

လူဟာ ခွေးသေကောင်ပုပ်အနံ့ကို မကြိုက်ဘူးတဲ့၊ ဟုတ်လား။ (မှန်ပါဘုရား) ဒါပေမဲ့ တဏှာကတော့ ကြိုက်နေတယ်၊ ဒီခွေးသေကောင်ပုပ်အနံ့ကို တဏှာကတော့ ကြိုက်နေတယ်၊ တဏှာဆိုတာ ကြိုက်တဲ့တရား မဟုတ်လား။ (မှန်ပါဘုရား) နှစ်သက်နေတယ်။

ဒီတော့ တဏှာက ဘယ်သူ့လှည့်ကပ်နေသလဲဆိုတော့ လူ မကပ်တော့ဘူး၊ ယင်ကောင်ကလေးတို့ တိရစ္ဆာန်သတ္တဝါတို့ လင်းတတို့ သွားပြီးတော့ ကပ်လိုက်တယ်။ (မှန်ပါဘုရား) ကြိုက်ကရော မဟုတ်လား သူ။ (ကြိုက်ပါတယ်ဘုရား) တဏှာမကြိုက်တာ ဘာရှိတုန်းကွဲ့။ (ဘာမှမရှိပါဘူးဘုရား)

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ဘယ်အနံ့မဆိုနော်။ (မှန်ပါဘုရား) ဘယ်သူက လက်ခံသလဲ။ ဟောဒီနှာခေါင်း နော်။ (မှန်ပါ) ဒီနှာခေါင်းက လက်ခံသည်။ ဒီတော့ အဲဒီလို ဃာနဝိညာဏ်စိတ်ဖြင့် သိဆဲခဏ၌ နာမ်ရုပ်ကို မရှုပွားမိယင် ဘာဖြစ်လာမတုန်း၊ အန္တရာယ်တွေ ဝင်လာလိမ့်မယ်။ (မှန်ပါဘုရား) မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကလေ အခုဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ အဲဒီအနံ့ဂန္ဓာရုံကို သိပ်ပြီးတော့ ကြိုက်

နေတယ်မဟုတ်လား။ အမွေးနံ့သာကလေးတွေ—အနံ့အနံ့။ (မှန်ပါဘုရား) အဲဒီအနံ့ဟာ သတ္တဝါမဟုတ်ဘူးနော်။ (မဟုတ်ပါဘုရား) ရုပ်တရား။ (ရုပ်တရားပါဘုရား) ဒီ ရုပ်တရားသည် ဖြစ်ပေါ်ပြီး ချက်ချင်းပျောက်တဲ့တရား၊ အနိစ္စတရား။ (မှန်ပါဘုရား)

## ဂန္ဓာရုံ ဃာနဝိညာဏ်အတွက် အာဒိတ္တပရိယာယသုတ်

အဲဒါကို အနိစ္စာနုပဿီလို့ မရှုဘဲနဲ့ နာမ်ရုပ်လို့ မရှုဘဲနဲ့ မွှေးလိုက်တာ မွှေးလိုက်တာ မွှေးလိုက်တာလို့ ဆိုပြီးတော့ အဲဒီအနံ့ကို ယူတယ်။ (မှန်ပါ) ဘယ်သူဝင်လာလို့လဲ တဏှာကပ်တာ၊ ဟုတ်လား။ (မှန်ပါ) အဲဒီတော့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာများ မိန့်တော်မူလိုက်သလဲလို့ဆိုတော့ အဲဒီလို နိမိတ္တ အနုဗျဉ္ဇနတွေကို ယူပြီးတော့ ဒီအနံ့ကလေး မွှေးလိုက်တာ မွှေးလိုက်တာလို့ ယူစွဲပြီးတော့ နမ်းရှုနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ချစ်သားတို့၊ ဘယ်လောက် ကြောက်စရာ ကောင်းသလဲဆိုတော့ အာဒိတ္တပရိယာယသုတ္တန်မှာဟောတဲ့ စကားသောတနဲ့ အတူတူဘဲကွဲနော်။ (မှန်ပါဘုရား) ဘုန်းကြီး ဒီကနေ့မှ ဒါထည့်မလို့ကွဲ။ (မှန်ပါဘုရား)

## နှာခေါင်းကို လက်သည်းလှီးဓားနဲ့ ထိုးဆွတာက မြတ်ပုံ

"ဝရံ ဘိက္ခဝေ တိဏှေန နခစ္ဆေဒနေန အာဒိတ္တေန သမ္ပဇ္ဇလိတေန သဇောတိဘူတေန ဃာနိန္ဒြိယံ သမ္ပလိမဋ္ဌံ၊ နတွေဝ ဃာနဝိညေယျေသု ဂန္ဓေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော[၁]" (ပါဠိတော်မှာ)

ဘိက္ခဝေ၊ ချစ်သားတို့။ အာဒိတ္တေန၊ ရဲရဲညီသော။ သမ္ပဇ္ဇလိတေန၊ အလျှံပြောင်ပြောင် တောက်၍ နေသော။ သဇောတိဘူတေန၊ အခိုးအလျှံတွေနဲ့တကွ ဖြစ်သော။ တိဏှေန၊ ထက်လှစွာသော။ နခစ္ဆေဒနေန၊ လက်သည်းလှီးဓား ဖြင့်။ ဃာနိန္ဒြိယံ၊ ဃာနိန္ဒြေခေါ်တဲ့ နှာခေါင်းကို။ သမ္ပလိမဋ္ဌံ၊ ထိုး၍မွှေလိုက် နှောက်လိုက်ရခြင်းသည်။ ဝရံ၊ သက်သာချင့်ရသေး၏။ ဃာနဝိညေယျေသု၊ ဃာနဝိညာဏ်လို့ခေါ်တဲ့ နာမ်တရားဖြင့် သိအပ်ကုန်သော။ ဂန္ဓေသု၊ အနံ့ မျိုးစုံ ဂန္ဓာရုံခေါ်တဲ့ ရုပ်တရားတို့၌။ အနုဗျဉ္ဇနသော၊ အသေးဖိတ် အစိတ် အပိုင်းလို့ ဆိုတဲ့ အမှတ်အသားကလေးတွေကို ယူသည်ဖြစ်၍။ နိမိတ္တဂ္ဂါဟော၊ အပေါင်းနိမိတ် နှင်းဆီပွင့်ကလေး ဟူသော သဘောကို ယူပြီးတော့ နမ်းရှုလိုက်ရခြင်းသည်။ န တွေဝ ဝရံ၊ နှာခေါင်းကို သံဆူးကြီး မီးဖုတ်ပြီးတော့ ထိုးမွှေရတာလောက် မမြတ်သည်သာလျှင်တည်း။ (မှန်ပါဘုရား)

---

[၁] သံ၊ ၂၊ ၃၇၀။

ဘာပြောတုန်း မြတ်စွာဘုရားက— ချစ်သား ချစ်သမီးတို့၊ သင် ချစ်သား ချစ်သမီးတို့သည် အသေးစိတ် အမှတ်အသားတွေကို ဟုတ်လား၊ နှင်းဆီပွင့် ကလေးဘဲ၊ အခုပြောနေတာနော်၊ ဥပမာ။(မှန်ပါဘုရား) အခြားသောနည်း တွေကို ဘုန်းကြီးတို့ ပရိသတ်တွေ ဉာဏ်နဲ့ ယှဉ်ကြည့်။ (မှန်ပါဘုရား) နှင်းဆီ ပွင့်ကလေး အရောင်ကလေးက ဘယ်လို၊အသွေးကလေးက ဘယ်လို၊ဟုတ်လား။ (မှန်ပါဘုရား)အေး—ပွင့်ချပ်ကလေးက ဘယ်လို၊ပွင့်တဲ့ ပုံပန်းသဏ္ဌာန်ကလေး က ဘယ်လို ဆိုပြီး နှင်းဆီ ပွင့်ကလေးတွေရဲ့ ဟို နှင်းဆီ ပွင့်ချပ်ကလေးတွေ ရှိတယ် မဟုတ်လား။ (မှန်ပါ) အဲဒီ ပွင့်ချပ်ကလေးတွေကို ပွင့်ချပ်ကလေး တချပ်စီ တချပ်စီကလေးက၊ အရောင်ကလေးတွေ တမျိုးစီ တမျိုးစီကလေး တွေက ဘာလဲလို့ဆိုတော့ အနုဗျဉ္ဇန။ (မှန်ပါဘုရား) အဲဒါတွေ ပေါင်း လိုက်တဲ့အခါကျတော့ နှင်းဆီပွင့်လို့ ခေါ်တဲ့ နိမိတ္တ ပုံသဏ္ဌာန်ကြီး ဖြစ်မလာ ဘူးလား။ (ဖြစ်လာပါတယ်ဘုရား)

အဲဒီ နိမိတ္တတို့ အနုဗျဉ္ဇနလို့ ခေါ်တဲ့ ပုံသဏ္ဌာန်ကြီးကို ယူပြီးတော့ နှင်းဆီ ပွင့်ကလေးက မွှေးလိုက်တာ နှင်းဆီပွင့်ကလေးက မွှေးလိုက်တာလို့ နမ်းရှူ၍ နေခြင်းသည်မမြတ်ဘူးတဲ့၊မသက်သာဘူးတဲ့ သင်ချစ်သားတို့။ဘယ်ဒင်းကသက် သာသလဲ အလျှံတပြောင်ပြောင် တောက်လောင်ပြီးတော့နေတဲ့ လက်သည်းလှီး ဓားနဲ့ သင့်နှာခေါင်းပေါက်ထဲကိုထိုး၍ မွှေလိုက်ရတာက သင်ချစ်သား သက် သာခွင့်ရသေး၏။ ခုနင်က အနံ့မျိုးစုံ ဂန္ဓာရုံတွေမှာ နိမိတ္တ အနုဗျဉ္ဇနတွေကို နမ်းရှူ၍နေခြင်းသည်မသက်သာ၍ မမြတ်သည်သာလျှင်တည်း။(မှန်ပါဘုရား) မြတ်စွာဘုရား ဟောလိုက်တယ် အာဒိတ္တပရိယာယသုတ္တန်ကြီး။

ကိုင်း ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ၊သမီးများ အဲဒီအမွှေး နံ့ကလေးကို နိမိတ္တ အနုဗျဉ္ဇနကို ယူပြီးတော့ နမ်းရှူတာနဲ့ လက်သဲလှီးဓားကို မီးရဲရဲကြီးဖုတ်ပြီးတော့ အခိုးအလျှံတွေနဲ့တကွ တခါထဲ ဟောဒီ နှာခေါင်းထဲ ထိုးမွှေလိုက်ရတာနဲ့ ဘယ်ဒင်းက သက်သာသလဲ။(နှာခေါင်းထဲ ထိုးမွှေတာက သက်သာပါတယ်ဘုရား) မဟုတ်ဘူး၊ကိုယ့်အသိနဲ့ကိုယ်ပြော၊ အခု ဘယ်ဒင်းက သက်သာသလဲ။ (အနံ့ကို နမ်းရှူရတာက သက်သာပါတယ်ဘုရား)ဟင်၊ စဉ်း စားစမ်း။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ဘုန်းကြီးတို့တတွေ ဘယ် လောက် အထင်မှားနေသလဲ၊ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက တော့ ဒီလိုနမ်းရှူရတာက မသက်သာဘူးတဲ့။ (မှန်ပါဘုရား) နိမိတ္တ အနုဗျဉ္ဇန လဘောတွေကိုယူပြီးတော့ နမ်းရှူရတာက မသက်သာဘူး ဟုတ်လား။(မှန်ပါ ဘုရား) လက်သဲလှီးဓားကို မီးရဲရဲဖုတ်ပြီးတော့ နှာခေါင်းထဲ ထိုးမွှေလိုက်ရ

တာက သက်သာတယ်လို့ ဘုရားက ပြောတယ်။(မှန်ပါဘုရား) ဘုန်းကြီးတို့က ဘယ်ဒင်းသက်သာတယ် ပြောသလဲ။ ကိုင်း ဒါဖြင့် ဘယ်သူကမှန်တုန်း ဘုရားနဲ့ ဘုန်းကြီးတို့နဲ့။(ဘုရားက မှန်ပါတယ်ဘုရား) ဟင် အဲဒါကြောင့် မြတ်စွာဘုရားကလေ—

"နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ၊ လောကော စ မယာ ဝိဝဒတိ။

ချစ်သားတို့၊ ငါဘုရား ကိုယ်တော်မြတ်ကြီးက လောကလူတွေနဲ့ ဘယ်တော့မှ မငြင်းပါဘူးတဲ့။ လောကော စ၊ လူတွေကသာလျှင်။ မယာ၊ ငါဘုရား ကိုယ်တော်မြတ်နှင့်။ ဝိဝဒတိ၊ ပြန့်ပြန်ပြီးတော့ ငြင်းနေကြပေ၏။

အခု ဘုန်းကြီးတို့ ပရိသတ် ငြင်းသလား၊ မငြင်းဘူးလား။ (ငြင်းပါတယ်ဘုရား) အခု ဘယ်သူက မှန်တယ်ထင်နေသလဲ။ (ဘုရားက မှန်ပါတယ်ဘုရား) နို့ကိုယ်က ဘယ်ဒင်းယူမှာတုန်း။မှန်တာယူမလား၊ မှားတဲ့နောက် လိုက်မလား၊ မှန်တဲ့နောက်လိုက်မလား။ (မှန်တဲ့နောက် လိုက်ရမှာပါဘုရား) လိုက်မလား၊ မလိုက်နိုင်သေးဘူးနော်။ (မှန်ပါ)

## ဂန္ဓာရုံအတွက် ငရဲဘုံ တိရစ္ဆာန်ဘုံ ရောက်တတ်ပုံ

မြတ်စွာဘုရားက ဘာပြုလို့ ဒီလို ဟောတော်မူရပါသလဲဆိုတော့—

"နိမိတ္တဿာဒဂထိတံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ အနုဗျဉ္ဇနဿာဒဂထိတံ ဝါ၊ တသ္မိံ စေ သမယေ ကာလံ ကရေယျ၊ ဌာနမေတံ ဝိဇ္ဇတိ၊ ယံ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဂစ္ဆေယျ နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ။"

ချစ်သားတို့၊ ချစ်သမီးတို့၊ အဲဒီ အနုဗျဉ္ဇန နိမိတ္တဿာဒလို့ ဆိုတဲ့ သဘောလေးကို သာယာခြင်းဖြင့် နှောင်ဖွဲ့သော သဘောရှိသောကမ္မဝိညာဏ်အစဉ်ဖြစ်ငြား သင်ချစ်သားတို့ ဖြုတ်ကနဲဆို မတော်တဆ စုတေစိတ်များ ကျသွားလိုက်မယ်ဆိုခဲ့လိုရှိယင် ငရဲသို့သော်ငဒင်း၊ တိရစ္ဆာန်သို့သော်ငဒင်း နှစ်မျိုး တမျိုးမျိုးရောက်မယ်။(မှန်ပါဘုရား)

"ဣမံ ခွာဟံ ဘိက္ခဝေ အာဒီနဝံ ဒိသွာ ဧဝံ ဝဒါမိ"
ဒီ အပြစ်ကို မြင်လို့ ငါဘုရား ဒီလိုဟောတာ။(မှန်ပါဘုရား)

ကိုင်း ဘယ်ဒင်းက သက်သာသလဲ၊ ဘယ်ဒင်းက သက်သာတုန်းကွဲ။ (ခဲ့နဲ့ ထိုးမွှေတာက သက်သာပါတယ်ဘုရား) အေး ဒီလိုမဖြစ်အောင် ဘာလုပ်ရမလဲ။

> “တိဋ္ဌတု တာ၀ တိဏှေန္န နခစ္ဆေဒနေန အာဒိတ္တေန သမ္ပဇ္ဇလိတေန သဇောတိဘူတေန ဃာနိန္ဒြိယံ သမ္ပလိမဋ္ဌံ၊ ဟန္ဒာဟံ ဣဒမေ၀ မနသိကရောမိ၊ ဣတိ ဃာနံ အနိစ္စံ၊ ဂန္ဓာ အနိစ္စာ၊ ဃာနဝိညာဏံ အနိစ္စန္တိ”။

ဒီတော့ နှာခေါင်းထဲကို လက်သဲ ခြေသဲလှီးတဲ့ ဓားကလေးနဲ့ ထိုးမွှေနေတာကို အသာလေးထားအုံးကွဲ။ ရှိပစေတော့၊ ရောက်လာတဲ့ အနံ့ကိုတော့ဖြင့် အနိစ္စလို့ ရှုပြီးတော့—

အာဒိတ္တေန၊ ရဲရဲညီသော။ သမ္ပဇ္ဇလိတေန၊ အလျှံပြောင်ပြောင် တောက်လောင်၍ နေသော။ သဇောတိဘူတေန၊ အခိုးအလျှံနှင့် တကွ ဖြစ်သော။ တိဏှေန၊ ထက်လှစွာသော။ နခစ္ဆေဒနေန၊ လက်သဲ ခြေသဲ လှီးဓားငယ်ဖြင့်။ ဃာနိန္ဒြိယံ၊ ဃာနပသာဒ တည်ရာနှာခေါင်းကို။ သမ္ပလိမဋ္ဌံ၊ ထိုးဆွမွှေနှောက်ခြင်းကို။ တာ၀တိဋ္ဌတု၊ တားလိုက်ပါတော့။ ဟန္ဒ၊ ယခု။ အဟံ၊ ငါသည်။ “ဣတိ၊ ဖြစ်ပေါ်ပြီးလျှင် မရှိခြင်းကြောင့်။ ဃာနံ၊ ဃာနပသာဒသည်။ အနိစ္စံ၊ မမြဲ။ ဂန္ဓာ အနိစ္စာ၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့သည် မမြဲကုန်။ ဃာနဝိညာဏံ၊ ဃာနဝိညာဏ်စိတ်သည်။ အနိစ္စန္တိ၊ မမြဲဟူ၍။ ဣဒမေ၀၊ ဤဝိပဿနာ ပွားများခြင်းကိုသာလျှင်။ မနသိကရောမိ၊ နှလုံးသွင်းပေတော့အံ့။

ဒီလို လုပ်ရမယ်တဲ့။ (မှန်ပါဘုရား) အာဒိတ္တ မဟုတ်ဘူး သဋ္ဌာယတနသံယုတ်မှာ ဘုရားဟောတဲ့ အာဒိတ္တပရိယာယတဲ့။ ယခုဘုန်းကြီး ဟောတာက လိုရင်းလောက်ဘဲ၊ အပြည့်အစုံမဟုတ်ဘူးနော်။ (မှန်ပါဘုရား) ဟို—အာဒိတ္တသုတ္တန်က တခုရှိသေးတယ်။ (မှန်ပါဘုရား)

> “သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ။ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အာဒိတ္တံ၊ စက္ခု ဘိက္ခဝေ အာဒိတ္တံ၊ ရူပါ အာဒိတ္တာ၊ စက္ခုဝိညာဏံ အာဒိတ္တံ၊ စက္ခုသမ္ဖဿော အာဒိတ္တော၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ။”

ဒါမဟုတ်လား–အာဒိတ္တ က။ ဒါက အာဒိတ္တပရိယာယကွဲနော်။ (မှန်ပါဘုရား)။ ဒါဖြင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ အနံ့ကလေး နံ့ဆဲအခါမှာ ဘယ်လိုရှုမတုန်း။ (ရှုပ်တရားလို့ ရှုရမှာပါဘုရား) ဒီလို ရှုပါတဲ့၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်က—

> **အနိစ္စာနုပဿီ ဃာယိဿာမီတိ သိက္ခတိ။ အနိစ္စာနုပဿီ၊ အနိစ္စကို ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နံ့ဆဲခဏမှာ နာမ်ရုပ်ကို ရှုလေ့ရှိသည်ဖြစ်၍။ ဃာယိဿာမိ၊ နမ်းရှုပါအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်ရ၏။**

## ရုပ်နာမ်ပိုင်းခြားသိတော့ ဉာတပရိညာ

နာမ်ရုပ်။ သဘောကျပလား။ (ကျပါတယ်ဘုရား) ချစ်သားတို့၊ ဟုတ်လား။ နာမ်ရုပ်နော်။ ဒီတော့ နာမ်ရုပ်နဲ့ သတ္တဝါနဲ့ ကွဲသွားသလား၊ ကွဲမသွားဘူးလား။ (ကွဲသွားပါတယ်ဘုရား) ဉာတပရိညာ။ (မှန်ပါဘုရား) နာမ်ရုပ်နဲ့ သတ္တဝါ၊ နာမ်ရုပ်နဲ့ လူသတ္တဝါခွဲခြားရှုသိတာ ဉာတပရိညာ။ (မှန်ပါဘုရား) ကိုယ်နဲ့ ခန္ဓာကွဲ၊ နာမ်ရုပ်က ခန္ဓာကွဲ။ (မှန်ပါ)ဒီ နှာခေါင်းတို့ ဘာတို့ဆိုတဲ့ စုပေါင်းထားတာက ကိုယ်ကွဲ။ (မှန်ပါဘုရား) အဲဒီ ကိုယ်နဲ့ခန္ဓာ၊ နန်းရှုဆဲမှာ ခွဲခြားရှုသိတာ၊ ဉာတပရိညာ။ ပိုင်အောင်လုပ်ပါ။

ရှင်းပလားကွဲ။ (ရှင်းပါတယ်ဘုရား) ဉာတပရိညာနော်။ (မှန်ပါဘုရား)

ကဲဒါဖြင့် တီရဏပရိညာ ဘယ်မှာတုန်းလို့ဆိုတော့ သုံးလောကထွဋ်တင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အနိစ္စလို ဟောထားတယ် နော်။ (မှန်ပါဘုရား) ဘာပြုလို့ အနိစ္စလဲ။ ဒီတော့မှ—

န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ။ ဧတ္ထ၊ ဤနာမ်ရုပ်၌။ သတ္တော စ၊ သတ္တဝါသည်ရင်း။ မနုဇော စ၊ လူသည်ရင်း။ န ဝိဇ္ဇတိ၊ မရှိ။ ပုဂ္ဂိုလ် သတ္တဝါ ပါသေးလား။ (မပါဘူးဘုရား) ပုဂ္ဂိုလ်သတ္တဝါနဲ့ နာမ်ရုပ်နဲ့ ကွဲသွားပလားကွဲ။ (ကွဲပါပြီဘုရား) အဲဒီလိုခွဲခြားရှုသိတာ ဉာတပရိညာ။

ယထာပစ္စယံ ဓမ္မမတ္တမေဝ၊ အကြောင်းအားလျော်စွာ အနန္တနဲ့ ဿာန ပသာဒရုပ်နဲ့ထိခိုက်လို့ အကြောင်းဆုံလာတဲ့အခါမှာ ဖြစ်ပေါ်လာတာသည် နာမ်ရုပ်မျှသာလျှင် ဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါမပါ၊ ပါသေးရဲ့လား။ (မပါပါဘူးဘုရား) ဘယ်မတုန်း ငါ။ (မပါပါဘူးဘုရား) ဟင်။ ငါနဲ့ ကိုယ်နဲ့လို့ ဆိုနေကြတယ်မဟုတ်လားလို့။ (မှန်ပါဘုရား) အဲဒီ ငါတဲ့ ကိုယ်တဲ့လို့ ဆိုလို့သာ ဆိုနေတာဟုတ်လား။ဘယ်မှာလဲ—ငါနဲ့ကိုယ်။ (မတွေ့ပါဘူးဘုရား) ဘာသာရှိသလဲ။(နာမ်ရုပ်သာ ရှိပါတယ်ဘုရား)

ငါတဲ့ ကိုယ်တဲ့ ဆိုမွဲ့သာဆို၊
ရုပ်နာမ်နှစ်ပါး၊ တရားထိုထို၊
(ရုပ်နာမ် နှစ်ပါးဘဲရှိတယ် နော်—(မှန်ပါ)
ဉာဏ်နှင့်ခွဲ၍၊ အစွဲကိုဖြို၊
ရုပ်နာမ်ကွဲ၊ ဘယ်မလဲ ငါနှင့်ကိုယ်။

ဆောင်ပုဒ် (မှန်ပါဘုရား) ရှစ်လုံးဘွဲ့ကလေး။ ကိုတင်အောင်က ပြောတာ ကိုးကွဲ၊ မုံရွာက ရှစ်လုံးဘွဲ့ ကြိုက်တယ်ဆိုလို့ အခုရေးရတာ။ (မှန်ပါ) ခိုင်းပုံကတော့ဖြင့် အင်မတန် သိမ်မွေ့တဲ့လူကွဲ၊ ဒါကြောင့် ဘုရားလူကြီးဖြစ်တာ

ထင်ရဲ့။ ဟုတ်လား၊ ဆောင်ပုဒ်ကလေးတွေကတော့ စာရွက်ကလေးတွေထဲ ပါနေတယ်မဟုတ်လား။ (မှန်ပါ) ရှစ်လုံးဘွဲ့က မပါဘူး။ ဒီတော့ သူ ဘုန်းကြီး ရှစ်လုံးဘွဲ့ အရေးခိုင်းချင်လို့၊ ဒါနဲ့ပတ်သက်လို့။ (မှန်ပါ) မလျှောက်ဘူး။ တပည့်တော်တို့ မှုရှာက ရှစ်လုံးဘွဲ့ သိပ်ကြိုက်တယ်ဘုရားတဲ့။ သိလား ဟုတ်လား။ (ဟုတ်ပါတယ်ဘုရား) ဟုတ်ပုံ မပေါ်ပါဘူး၊ သူခိုင်းတာဘဲ ဟုတ်တယ်မဟုတ်လား။

ဘုန်းကြီးဒါ့ကြောင့်လေ—ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ–သမီးတွေ အခု ဂန္ထာရုံနေဉ်။ (မှန်ပါ) အဲဒီလို—

"တေဟိ ယထာသစ္စယံ ဓမ္မမတ္တမေဝ" အကြောင်းအားလျော်စွာ ဖြစ်၍ နမ်းရှုဆဲခဏဖြစ်ပေါ်လာတာသည်နာမ်ရုပ်ခေါ်တဲ့ ဓမ္မသက်သက်သာလျှင်ဖြစ်၏။ပုဂ္ဂိုလ်သတ္တဝါ မဟုတ်။ ကွဲသွားပြီနေဉ်—နာမ်ရုပ်။ (ကွဲသွားပါပြီဘုရား) နမ်းရှုဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ နာမ်ရုပ်နဲ့—နာမ်ရုပ်ဆိုတာဘာတုန်းကွဲ၊ ခန္ဓာ။ (မှန်ပါဘုရား) အဲဒီ နမ်းရှုဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ ခန္ဓာနဲ့ကိုယ်နဲ့ ကွဲပြား၍ သိတာ(ဉာတပရိညာ) ဉာတပရိညာ ပိုင်အောင်လုပ်။ (မှန်ပါဘုရား)

ဆောင်။ ။ကိုယ်နဲ့ ခန္ဓာ ခွဲခြား၍သိတာ ဉာတပရိညာ၊
ရုပ်နာမ်ကို အနိစ္စစသည်သိတော့ တီရဏပရိညာ။

တီရဏပရိညာ ဘယ်မှာလဲလို့ဆိုတော့—

"တေဟိ ဥပ္ပါဒဝယဋ္ဌေန အနိစ္စံ"

အဲဒီ နာမ်ရုပ်တို့ဟာ ဖြစ်ပေါ်ပြီးတဲ့နောက် ချက်ချင်းပျောက်သလား မပျောက်ဘူးလား။ (ပျောက်ပါတယ်ဘုရား) ဘယ်လောက်ကြာကြာနေသတုန်း။ (တာဝကာလိကနေပါတယ်ဘုရား) တာဝကာလိက။ (မှန်ပါ) အခိုက်အတန့်။ (မှန်ပါ) ဖြစ်ပေါ်ပြီးတဲ့နောက် ချက်ချင်း ပျောက်ကြသည်ဖြစ်သောကြောင့် ဒီ နမ်းရှုဆဲခဏမှာ ဖြစ်ပေါ်တဲ့ နာမ်ရုပ်သည် နိစ္စလား၊ အနိစ္စလား။ (အနိစ္စ ပါဘုရား) အနိစ္စ။

"ဥဒယဗ္ဗယပဋိပီဠနဋ္ဌေန ဒုက္ခံ"

ဖြစ်ခြင်း ပျက်ခြင်း နှိပ်စက်ခြင်း ခံရသည် ဖြစ်သောကြောင့် ဒုက္ခ။

ဖြစ်ခြင်း ပျက်ခြင်း နှိပ်စက်ခြင်းကို ခံနေရတာ လူသား၊ နာမ်ရုပ်လား။ (နာမ်ရုပ်ပါဘုရား) ဒါဖြင့် ဒီနာမ်ရုပ်ဟာ ဒုက္ခလား၊ သုခလားကွဲ။ (ဒုက္ခပါ ဘုရား)

"အဝသဝတ္တနဋ္ဌေန အနတ္တာ"

အလိုအကြိုက် မပါသည် ဖြစ်သောကြောင့် ဒီနာမ်ရုပ်သည် အတ္တလား၊ အနတ္တလား။ (အနတ္တပါဘုရား) အနတ္တ နော်။ (မှန်ပါ) အေး "မုတမတ္တ"က မကုန်သေးဘူးကွဲ့။ (မှန်ပါ) ဒီဆောင်ပုဒ်ချဘို့က။ ဟိုဝဋ္ဋပိုင်း ဝိဝဋ္ဋပိုင်းရောက်မှ သူကကုန်တာ။ ဒီတော့ အသာထားအုံး ဆောင်ပုဒ်ကို။

## ရုပ်နာမ်၌ တပ်စွဲမှု တဏှာပယ်တော့

## ပဟာနပရိညာ

အနိစ္စ ဒုက္ခ အနတ္တလို့ ဒီ နာမ်ရုပ်ကို ရှုလိုက်ယင် တီရဏပရိညာ ဖြစ်ပြီ နော်။ (မှန်ပါ) ဉာတပရိညာ တီရဏပရိညာ။ ဉာတပရိညာဆိုတာ နာမ်ရုပ်၊ တီရဏ ပရိညာဆိုတာကောကွဲ့။ (နာမ်ရုပ်ပါဘုရား) နာမ်ရုပ်ပဲ ဟုတ်လား။ (မှန်ပါ) အနိစ္စလို့ လက္ခဏာတင်တယ်။ အဲဒီလို နာမ်ရုပ်ကို အနိစ္စ လက္ခဏာ တင်၍ရှင်း၊ နာမ်ရုပ်ကို ဒုက္ခ လက္ခဏာ တင်၍ ရှင်း၊ နာမ်ရုပ်ကို အနတ္တ လက္ခဏာကိုတင်၍ရှင်း ရှုပွားလျှင် ရုပ်နာမ်၌တပ်မက်တွယ်တာတဲ့ ကိလေသာ ကို ပယ်သတ်၍ မဂ်ကို ရောက်ပြီးတော့ နိရောဓ ဆိုက်မယ်နော်။ (မှန်ပါ ဘုရား)လိုက်ဆို—

**ဆောင်။ ။လက္ခဏာတင်၊ ရှုပွားလျှင်၊ ပြေးဝင်မဂ်၊ နိရောဓ။**

ပဟာနပရိညာဝင်သွားပြီ မဟုတ်လား။ (မှန်ပါဘုရား) သဘောပေါက်ပြီ နော်။ (ပေါက်ပါပြီဘုရား)ပြီးတော့ သူ့စာပိုဒ်နဲ့သူ ဟောအုံးမှာ ဘုန်းကြီး က— နောက်ပိုင်းမှာ နော်။(မှန်ပါ) ဒါ "မုတ"၊တပါးပြီးသွားပြီ။ မုတက သုံးပါး ပေါင်းထားတာ။ တပါး ပြီးသွားပြီ ဆိုပါတော့။ (မှန်ပါဘုရား)

## စားအပ်စားတတ် ရုပ်နာမ်

နောက်တပါးက ဘာလဲလို့ဆိုတော့ ရသာရုံ ဇိဝှာဝိညာဏ်။

"မုတေ မုတမတ္တံ ဘဝိဿတိ"

မာလုင်္ကျပုတ္တ၊ချစ်သား မာလုင်္ကျပုတ္တ။ တေ၊ သင်ချစ်သားသည်။ မုတေ၊ ဇိဝှာဝိညာဏ်ဖြင့် အရသာမျိုးစုံ ရသာရုံကို တွေ့အပ် ရောက်အပ်ရာ၌။ ဝါ၊ တွေ့ဆဲရောက်ဆဲခဏ၌။ မုတမတ္တံ၊တွေ့အပ် ရောက်အပ်ကာမျှသည်။ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ "မုတမတ္တ"ဖြစ်ရလေအောင်။ သိက္ခိတဗ္ဗံ၊ ကောင်းစွာ မသေ့ ကျင့် အပ်ပါပေ သတည်း။

သာဓု— သာဓု— သာဓု—

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က မာလုကျပုတ္တမထေရ်အိုကြီးကို ဟောတဲ့ နေရာမှာ ချစ်သား၊ လျှာပေါ်မှာ အရသာရောက်လာယင် "မုတမတ္တ" ဖြစ် အောင် သင်ချစ်သား ကျင့်ပါ။ (မှန်ပါဘုရား) ဘယ်လိုကျင့်ရမတုန်း၊ ကျင့် နည်းက၊ ဟုတ်လား။ (မှန်ပါ) အဋ္ဌကထာက ပြောပေးထားတယ်နော်။ (မှန်ပါ)ကျင့်ပုံ ကျင့်နည်း ရှုကွက် ဖော်ပေးထားတာ အဋ္ဌကထာက။

"ရူပါယတနံ ပဿိတဗ္ဗဋ္ဌေန ဒိဋ္ဌံ နာမ။ စက္ခုဝိညာဏံ ပန သဒ္ဓိံ တံ ဒွါရိကဝိညာဏေဟိ ဒဿနဋ္ဌေန"—

လို့ ဆိုပြီးတော့ သူက ဒီလိုဖွင့်ထားတာရှိတယ်။ (မှန်ပါဘုရား) ဒီ အဖွင့်ကို မှီးပြီးတော့ အကုန်သိပါ အကုန်ပြောပါတဲ့ အဋ္ဌကထာက။ (မှန်ပါဘုရား) ဒီလိုဆိုတော့၊ ဘယ့်နှယ်ပြောရမလဲ ဒီနေရာမှာ—

"ရသာယတနံ သာယိတဗ္ဗဋ္ဌေန မုတံ နာမ"

ရသာရုံသည် စားအပ် သောက်အပ် ခဲအပ်သော သဘောရှိသောကြောင့် "မုတ"ဖြစ်တယ်၊ ဟုတ်လား။ (မှန်ပါဘုရား)

"ဇိဝှာဝိညာဏံ ပန သဒ္ဓိံ တံ ဒွါရိကဝိညာဏေဟိ သာယနဋ္ဌေန မုတံ"

ဇိဝှာဝိညာဏံ၊ ဇိဝှာဝိညာဏ်စိတ်သည်။ တံ ဒွါရိက ဝိညာဏေဟိ၊ ထို ဇိဝှာ ဒွါရ၌ ဖြစ်ကုန်သော စိတ်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ သာယနဋ္ဌေန၊ စားတတ် သောက်တတ် ခဲတတ် လျက်တတ်သော သဘောရှိသောကြောင့်။မုတံ၊ မုတ မည်၏။ ဟုတ်လား။(မှန်ပါဘုရား)

ဒီတော့ စားအပ် စားတတ်၊ ဘယ်နှစ်ခုတုန်းကွဲ့။ (နှစ်ခုပါဘုရား)အေး— ဒါကြောင့် ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ဖြစ်တော်မူတဲ့ မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော် အရှင် ဘုရားကြီး က—

**ဆောင်။ ။စားအပ် စားတတ်၊ ဤနှစ်ရပ်ကား၊ ခေတ်စုမှန်လှ၊ မည်မုတ မမွှသက်သက် ပါတကား။**

စားအပ်။ ရုပ်တရား။ စားစရာရယ် စားတတ်တာရယ်။ စားစရာတွေက ဘာပါလိမ့်။ (ရုပ်တရားပါဘုရား) စားတာက။ (နာမ်တရားပါဘုရား) စား တတ်တာက။(နာမ်တရားပါဘုရား) နာမ်တရား ဇိဝှာဝိညာဏ်။ (မှန်ပါဘုရား)

စားတတ် လျက်တတ် ခဲတတ်သောကြောင့် ဇိဝှာဝိညာဏ်စိတ်နဲ့ ထိုဇိဝှာ ဒွါရမှာ ဖြစ်သော စိတ် စေတသိက် တရားတွေကို နာမ်။ စားစရာမျိုးစုံ ရသာရုံတွေက စားစရာတွေ ဖြစ်သောကြောင့် ရုပ်။ စားစရာတွေက ဘာပါ

လိမ့်။ (ရုပ်တရားပါဘုရား) စားတတ်တဲ့သဘောက ဘာပါလိမ့်။ (နာမ်တရားပါဘုရား) စားအပ် စားတတ်။

စားအပ်ဆိုတာ စားစရာတွေ၊ အာဟာရတွေက ရုပ်တရား။ စားတတ်တဲ့သဘောက ဘယ်သူပါလိမ့်။(နာမ်တရားပါဘုရား) နာမ်တရား။ ဟုတ်လား။ (မှန်ပါ) ဘာနဲ့ ဘာတုန်းကွဲ။(နာမ်ရုပ်ပါဘုရား) အဲဒီ နာမ်ရုပ်ကို ထင်ရှားအောင် ဒီလိုသိပြီး တော့—

စားဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါ သန်တ။

စားဆဲခဏဖြစ်လာတော့ ဘာပါလိမ့်။(သန်တပါဘုရား)သန်တာမှာ အရကောက်လိုက်တော့ စိတ် စေတသိက် ရုပ် နေ၁။(မှန်ပါ) စိတ်နဲ့ စေတသိက်က နာမ်။ ရုပ်တရားက ရုပ်။ စားဆဲခဏ ဖြစ်ပေါ်တာ ဘာနဲ့ ဘာတုန်း။ (နာမ်နဲ့ ရုပ်ပါဘုရား) နာမ်ရုပ်။ နာမ်ရုပ် ဘယ်လိုဖြစ်တုန်း၊ စားဆဲခဏမှာ စားစရာရယ် စားတာရယ်၊ ဒီလိုမဟုတ်လား။ (မှန်ပါ) ဗမာလို ပြောကြစို့။ (မှန်ပါ) စားစရာရယ် စားတာရယ်၊ စားစရာတွေက ရုပ်၊ စားတာက နာမ်။ ပေါင်းတော့ ဘာနဲ့ ဘာတုန်းကွဲ။ (နာမ်နဲ့ရုပ်ပါဘုရား) နာမ်ရုပ်။ အဲဒီလိုသိယင် သင်ချစ်သား "မုတမတ္တ" ဖြစ်မယ်တဲ့။ အဲဒီလိုဖြစ်အောင် သင်ချစ်သား ကျင့်ပါ။ ဘယ့်နှယ်ကျင့်မလဲ—

**စားအပ် စားတတ် ရုပ် နာမ် ဓမ္မာနုဿနာ သတိပဋ္ဌာန်**

"အနိစ္စာနုပဿီ ခါယိဿာမီတိ သိက္ခတိ၊
အနိစ္စာနုပဿဿီ သာယိဿာမီတိ သိက္ခတိ၊
အနိစ္စာနုပဿီ ဘုဉ္ဇိဿာမီတိ သိက္ခတိ"

ဓမ္မာနုပဿနာ သတိပဋ္ဌာန်။ အနိစ္စာနုပဿီ၊ အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ စားအပ် စားတတ်သော နာမ်ရုပ်ကို ရှုလေ့ရှိသည်ဖြစ်၍။ ခါယိဿာမိ၊ ခဲအံ့။ သာယိဿာမိ၊ လျက်အံ့။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

ဒီလိုကျင့်ပါတဲ့၊ စားဆဲခဏမှာ ကျင့်ရမှာနေ၁။(မှန်ပါဘုရား) မစားဘဲနဲ့ သွားကျင့်လို့ ဖြစ်ပါ့မလား။(မဖြစ်ပါဘုရား) မသောက်ဘဲနဲ့။ (မဖြစ်ပါဘုရား) ဒီနေ့တော့ ဒီအပိုင်းကို ခပ်ကျယ်ကျယ် ဟောမလို့ နေ၁။(မှန်ပါဘုရား) အစားနေ၁။

အနိစ္စာနုပဿီ၊ အနိစ္စကို ရှုလေ့ရှိသည်ဖြစ်၍။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုပွားနည်း နေ၁။(မှန်ပါ) စားဆဲခဏမှာ ဓမ္မာနုပဿနာ ရှုပွားနည်း ဘယ်လို ရှုရမလဲလို့ဆိုတော့။

"အနိစ္စာနုပဿီ ဘုဉ္ဇိဿာမီတိ သိက္ခတိ။ အနိစ္စာနုပဿီ သာယိဿာမီတိ သိက္ခတိ။ အနိစ္စာနုပဿီ ပိဝိဿာမီတိ သိက္ခတိ။ အနိစ္စာနုပဿီ ခါယိဿာမီတိ သိက္ခတိ။"

စားတာရယ် သောက်တာရယ် ခဲတာရယ် လျက်တာရယ် ကွဲ့။ (မှန်ပါဘုရား)စားစရာ သောက်စရာ ခဲစရာ လျက်စရာ ပေါ့ကွယ်။ လျက်စရာက ဘာပါလိမ့်။(လျက်ဆားပါဘုရား) အဲဒါ လျက်စရာတွေ။ သူက ဘာတရားတုန်း။(ရုပ်တရားပါဘုရား) သောက်စရာ။ (လက်ဖက်ရည် စသည်ပါဘုရား) စာထဲမှာပါတာက ယာဂုလဲ ပါတယ်ကွဲ့၊ ယာဂုနော်။ (မှန်ပါ) အဲဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ–သမီးတွေ ဟုတ်လား၊ သောက်စရာက ယာဂုလို့လဲ စာထဲမှာပါတယ်။(မှန်ပါဘုရား) သဘော ပေါက်ကြရဲ့လားကွဲ့။ (ပေါက်ပါတယ်ဘုရား)အေးကွယ် ဘုန်းကြီးတို့ မုံရွာ မြို့က အမျိုးကောင်းသားတွေ–သမီးတွေ ဒီလိုသဘောပေါက်တာ အင်မတန် ဝမ်းသာစရာကွဲ့၊ နော်။(မှန်ပါဘုရား)

ဘာပြုလို့ မုံရွာသူ မုံရွာသားတွေ ဒီလောက် သဘောပေါက် သလဲ၊ ဘုန်းကြီးထင်တယ်၊ ဘုန်ကြီး အဟောအပြောကောင်းလို့ ပေါက်တာ မဟုတ်ဘူး၊ ဟုတ်လား။(မှန်ပါ) ဒီ မုံရွာမြို့က အမျိုးကောင်းသားတွေ- သမီးတွေကိုကလေ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးနဲ့ ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီး နှစ်ပါးတို့က ဟောပစ်ခဲ့တဲ့ တရားသံတွေက ဒီကနေ့ မုံရွာမြို့မှာ ဆိတ်သုဉ်းကုန်ပလား။(မကုန်သေးပါဘူးဘုရား)အေး အဲဒီကျေးဇူးကွဲ့၊ ဒီကျေးဇူးကြောင့်။(မှန်ပါဘုရား)

ဘုန်းကြီးတို့ မုံရွာသူ မုံရွာသားတွေ ဒါလောက်နားလည်တာ ဒီဘုန်းကြီး အဟောအပြော ကောင်းလို့ ပဟုတ်ဘူး။(ဘုန်းကြီးကလဲ အဟောကောင်းပါတယ်ဘုရား) ဟို ဆရာတော် တွေရဲ့ ကျေးဇူး တရားတွေက အများကြီး။ ပြီးတော့ မုံရွာမှာ အမြဲတမ်း သီတင်းသုံးနေကြတဲ့ ဆရာတော် သံဃာတော်တွေရဲ့ သင်ပြထားတဲ့ ကျေးဇူးကွဲ့၊ ဘုန်းကြီးတို့က တခါတရံလေး လာတာ။ (မှန်ပါဘုရား)ခေတ်ခံတွေရအောင် နှလုံးသွင်းပေးထားတာက ဒီမြို့က ဆရာတော် သံဃာတော်တွေ။(မှန်ပါဘုရား) ဟုတ်ပလားကွဲ့။(မှန်ပါဘုရား)။အဲဒါကြောင့်—

"အနိစ္စာနုပဿီ ဘုဉ္ဇိဿာမီတိ သိက္ခတိ၊အနိစ္စာနုပဿီ ပိဝိဿာမီတိ သိက္ခတိ၊ အနိစ္စာနုပဿီ ခါယိဿာမီတိ သိက္ခတိ။"

**ခဲတယ်ဆိုတာက** အနုလျက်ခဲ ကိုက်စားတာတို့ မုန့်ကိုက်စားတာတို့ကို **ခဲတယ်ခေါ်တယ်။** ဟုတ်ကဲ့ မဟုတ်သလား။ (မှန်ပါဘုရား)

လျက်ဆားလျက်တာတို့ ပျားရည်လေး လျက်တာတို့ အဲဒါက "သာယန" လျက်တာ။ အဲဒါ ဘယ်သူ့ ကိစ္စလဲ၊ လျှာရဲ့ ကိစ္စ။ ဘယ်သူ့ ကိစ္စတွေပါလိမ့်။ (လျှာရဲ့ ကိစ္စပါဘုရား) ဒီလျှာက စားလဲ စားတယ်၊ သောက်လဲ သောက်တယ်၊ လျက်လဲ လျက်တယ်၊ ခဲလဲ ခဲတယ်။ (မှန်ပါဘုရား) အဲဒါက ဒီလျှာပေါ် ရောက်လာတယ်ဆိုတာက စားစရာရယ် သောက်စရာရယ် လျက်စရာရယ် ခဲစရာရယ် ဆိုတဲ့ ဒီအာဟာရကို လျှာပေါ် ရောက်တာနဲ့ တပြိုင်နက်ထဲ ဇိဝှာဝိညာဏ်စိတ်က ပေါ်လာတယ်၊ အဲဒါ သူခံစားတော့ သိတော့မယ်။ (မှန်ပါဘုရား) ဘယ်သူက သိပါလိမ့်။ (နာမ်တရားကပါဘုရား) ဇိဝှာဝိညာဏ်စိတ်။ အဲဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ—

အနိစ္စာနုပဿီ၊ အနိစ္စကို ရှုလေ့ ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ ခါယိဿာမိ၊ ခဲအံ့။ ပိဝိဿာမိ၊ သောက်အံ့။ ဘုဥ္ဇိဿာမိ၊ စားအံ့။ သာယိဿာမိ၊ လျက်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

အဲဒါ ဓမ္မာနုပဿနာ သတိပဋ္ဌာန်။ (မှန်ပါဘုရား) စားဆဲခဏ ဘယ့်နှယ် ရှုမလဲ။ (နာမ်ရုပ်ပါဘုရား) နာမ်ရုပ်။

စားဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါသခ်တ။

သခ်ာတာ ဓမ္မာ အရကောက်လိုက်တော့ စိတ် စေတသိက် ရုပ်၊ ဒါဘဲမဟုတ်လား။ (မှန်ပါဘုရား) အဲဒီ စိတ် စေတသိက် ရုပ်ကို ခွဲလိုက်ဘော့ နာမ်ရုပ်၊ ဒီ နာမ်ရုပ် နိစ္စလား- အနိစ္စလားလို့ ဆိုတော့။ (အနိစ္စပါဘုရား) အနိစ္စ ဆိုတာ ဘာပါလိမ့်။ အနိစ္စန္တိ ပဉ္စက္ခန္ဓာ။ ပဏ္ဏာသ အဋ္ဌကထာများမှာ။ (မှန်ပါဘုရား) အနိစ္စဆိုတာ ခန္ဓာ ငါးပါးကို ခေါ်၏။ ခန္ဓာငါးပါး ပေါင်း လိုက် တော့ နာမ်ရုပ်။

ကေဇ္ဈံ ကတ္ဒာ အဘိသညှိုဟိတွာ အဘိသခ်ိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော အယံ ဝုစ္စတိ နာမက္ခန္ဓော ဘဲကွဲ။ (မှန်ပါဘုရား) ရုပ်ခန္ဓာ နာမ်ခန္ဓာ ဒါဘဲ ရတယ်။ ဒီတော့ စားဆဲခဏမှာ ဖြစ်ပေါ်လာတာ နာမ်ရုပ်၊ ဖြစ်ပေါ်လာတဲ့ နာမ်ရုပ်ကို နာမ်ရုပ်လို့ရှုပါ။ (မှန်လှပါဘုရား) အဲဒါ ဝိပဿနာ။ ဟုတ်ပလား ကွဲ၊ (မှန်ပါဘုရား) လျှာပေါ် အရသာ ရောက်လာယင် နာမ်ရုပ်နော်။ (မှန်ပါ) ဟောရင်းစွဲဖြစ်တဲ့ မာလုကျပုတ္တသုတ္တန် အဋ္ဌကထာဖော်ထားတာက ရသာယတနံ သောက်စရာကော စားစရာကော ခဲစရာကော လျက်စရာကော အကုန် လုံး သူက ရသာရုံတွေကွဲ။ (မှန်ပါဘုရား) ဘာတရားပါလိမ့်။ (ရုပ်တရားပါ ဘုရား) ရုပ်တရား။

ရသာယတနံ၊ ရသာရုံ ရုပ်တရားသည်။ သာယိတဗ္ဗဋ္ဌေန ဘုဥ္ဇိတဗ္ဗဋ္ဌေန ခါယိတဗ္ဗဋ္ဌေန၊ သောက်အပ် ခဲအပ် လျက်အပ်သော သဘောရှိသောကြောင့် မုတ။

မုတလို့ဘဲ ခေါ်ရမယ်။ (မှန်ပါဘုရား) ရောက်အပ်သော သဘောရှိသော ကြောင့် ဒီရသာရုံ ဟူသမွေသည် မုတ။ ရုပ်တရားတွေ။

"ဇိဝှာဝိညာဏံ ပန သဒ္ဓိံ တံ ဒွါရိကဝိညာဏေဟိဘုဉ္ဇနဋ္ဌေန ပိဝနဋ္ဌေန သာယနဋ္ဌေန ခါယနဋ္ဌေန မုတံ"

ဇိဝှာဝိညာဏ်စိတ်သည် ထိုဇိဝှာဒွါရ၌ ဖြစ်သော စိတ်တို့နှင့် အတူ တကွ စားတတ် သောက်တတ် လျက်တတ် ခဲတတ်သော သဘော ရှိသောကြောင့် သူကို။ (မုတပါဘုရား) နာမ်တရား၊ ဘာတရားကုန်းကွဲ။ (နာမ်တရား ပါဘုရား)ပေါင်းလိုက်တော့ စားဆဲ သောက်ဆဲ လျက်ဆဲ ခဲဆဲခဏမှာ ဘာ ပေါ်လာတုန်း။ (နာမ်ရုပ်ပါဘုရား) နာမ်ရုပ်သည် နိစ္စလား၊အနိစ္စလား။ (အနိစ္စပါဘုရား) အနိစ္စလို့ ရှုပြီးတော့မှ စားပါ။ ဓမ္မာနုပဿနာသတိ ပဋ္ဌာန်။

အနိစ္စဆိုတာ နာမ်ရုပ်၊ ဘာပြုလို့ နာမ်ရုပ်ကိုခေါ်သလဲဆိုတော့ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသောကြောင့် အနိစ္စ။ (မှန်ပါဘုရား) ကုန်ပျောက်ခြင်း သဘောရှိသောကြောင့် အနိစ္စ။

ခယဋ္ဌေန အနိစ္စံ။ ခယဋ္ဌေန၊ ကုန်ခြင်းသဘောရှိသောကြောင့်။ ဝယဋ္ဌေန၊ ပျောက်ခြင်းသဘောရှိသောကြောင့်။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အနိစ္စ မည်၏။

ကုန်ခြင်း ပျောက်ခြင်း သဘောရှိသောကြောင့် နာမ်ရုပ်ကို ဘာလို့ခေါ် သလဲ။ (အနိစ္စလို့ခေါ်ပါတယ်ဘုရား) လျှာပေါ်ရောက်လာတဲ့ အရသာက လေး ဘယ်လောက်ကြာကြာနေသလဲ။ (မကြာပါဘူးဘုရား) ဘယ်လောက် ကောင်းတဲ့အရသာဘဲ ဖြစ်ဖြစ်၊ ဘယ်လောက်ကြိုက်တဲ့ အရသာဘဲ ဖြစ်ဖြစ်၊ ဒီ အပေါ်မှာ ဘယ်လောက်ကြာကြာ နေမလဲ။ (မနေပါဘူးဘုရား) ချက်ချင်း ပျောက်တယ်။ (မှန်ပါဘုရား) ဒီတော့ အရသာပျောက်တာနဲ့ တပြိုင်နက်ထဲ အဲဒီအရသာကို သိတဲ့အသိကော။ (ပျောက်သွားပါတယ်ဘုရား) အရသာ ပျောက်တာ၊ ရုပ်ပျောက်တာ အသိပျောက်တာ နာမ်ပျောက်တာ နိစ္စလား၊ အနိစ္စလားကွဲ။(အနိစ္စပါဘုရား)သဘောကျပလား။ (ကျပါတယ်ဘုရား)

အနိစ္စာနုပဿီ ဘုဉ္ဇာမိတိ သိက္ခတိ။ အဲဒီလို အခိုက်အတန့်သာ တည် နေတဲ့ကုန်ခြင်း ပျောက်ခြင်းသဘောရှိသော အနိစ္စဖြစ်တဲ့ နာမ်ရုပ်ကို သိ၍စား မယ်လို့ဆိုပြီးတော့ စားမှုကို ကျင့်ပါ။စားပါ။(မှန်ပါဘုရား) စားတတ်ပလား ကွဲ။ (စားတတ်ပါတယ်ဘုရား) ဟင်၊ မမေ့နဲ့နော်။(မှန်ပါ)ဒီတော့ ကိုယ့်အိမ် ကိုယ့်ထမင်း ကိုယ်စားနေယင်လဲဘဲ ဝိပဿနာ ဖြစ်ခနေဘူးလား။ (ဖြစ်နေပါ

တယ်ဘုရား) အဲဒီလို ကိုယ့်ထမင်း ကိုယ်စားနေယင်း ဝိပဿနာ မဖြစ်ယင် ဘာ ဖြစ်မတုန်း။ အာဒိတ္တပရိယာယသုတ်ကြီးက လာလိမ့်အုံးမယ်ကွဲ။ (မှန်ပါ ဘုရား)

## ရသာရုံ ဇိဝှာဝိညာဏ်အတွက်

## အာဒိတ္တပရိယာယသုတ်

"ဝရံ ဘိက္ခဝေ တိဏှေန ခုရေန အာဒိတ္တေန သမ္ပဇ္ဇလိတေန သဇောတိဘူတေန ဇိဝှိန္ဒြိယံ သမ္ပလိမဋ္ဌံ၊ န တွေဝ ဇိဝှာဝိညေယျေသု ရသေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော"

ချစ်သား၊ အနက်က ခုနင်က အတိုင်းဘဲကွဲနော်။(မှန်ပါ) ချစ်သား၊ ဝက်သားဖြင့် ကောင်းလိုက်တာ၊ နိမိတ္တ၊ အနုဗျဉ္ဇန။ (မှန်ပါ) အရောင်ကလေးက ဘယ်လို၊ အသွေးလေးက ဘယ်လို အနံ့ကလေးက ဘယ်လို၊ ဘာလုပ်တာလဲ ဒီဟာတွေက။ ဇိဝှာဝိညာဏ်နဲ့ အနံ့နဲ့ ဘာဆိုင်သလဲ၊ ဟင်။(မဆိုင်ပါဘူးဘုရား) အရောင်အသွေးနဲ့ ဇိဝှာဝိညာဏ်နဲ့ ဘာဆိုင်တုန်း။(မဆိုင်ပါဘူးဘုရား)ဒါပေမဲ့ သူခြယ်လှယ်ပုံက အရောင်ကလေးလဲ ကောင်းမှ အနံ့ကလေးလဲ ကောင်းမှတဲ့။ သူလဲ စားတာ မဟုတ်ဘဲနဲ့ အရောင်ကောင်းမှတဲ့ သူက လုပ်ပုံ။

အနံ့ကလေးကလဲ ကောင်းအုံးမှတဲ့။ (မှန်ပါဘုရား) အနံ့က ဘယ်သူနဲ့ဆိုင်သလဲ။ (နှာခေါင်းနဲ့ပါဘုရား) ဒီနှာခေါင်းက စားလို့လား၊ သူက။ (မစားပါဘူးဘုရား) သူလဲ စားတာမဟုတ်ဘဲနဲ့ ဟို ဇိဝှာဝိညာဏ်စားမဲ့ အာဟာရကို အဆင်းလဲ လှမှ၊ အရောင်ကလေးကောင်းမှ။ (မှန်ပါဘုရား) အေး—အနံ့ကလေးကကော။ (ကောင်းမှပါဘုရား)ကြည့်ပါအုံး သူနဲ့ဘာဆိုင်တုန်း။ (ဘာမှ မဆိုင်ပါဘူးဘုရား) လုပ်ပုံ ဝင်ပြီး ရှုပ်တာ တကျော တကျော။ နာမ်အင်မတန် ရှောက်ချဲ့တာ၊ သူ့ကြည့်၊ သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား) အေး—ကြုပ်ကြုပ် သတိထားကြ၊ ကြုပ်ကြုပ်သတိထားကြ၊ ဟုတ်လား။(မှန်ပါ ဘုရား)

ဒါကြောင့်— အဲဒါ အသေးစိတ် အမှတ်အသားလေးတွေ မဟုတ်လား။ (မှန်ပါဘုရား)ပြီးတော့မှ ငါးဟင်း၊ ဝက်သားတုံး၊ ကြက်သားတုံး ဘာညာ စသည်ဖြင့် အဲဒီလို နိမိတ္တ အနုဗျဉ္ဇနတွေကို ယူပြီးတော့ စားလဲကြည့်လိုက်က ရော အရသာ ပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား) အဲဒီအရသာ ကို ရုပ်တရားလို့ မသိဘဲနဲ့ ဘာအရသာလဲဟေ့လို့ မေးလိုက်တော့ ဝက်သား ဟင်းက ကောင်းလိုက်တာ၊လုပ်တယ်။ ဝက်သားက ကောင်းတာလား၊အရသာ က ကောင်းတာလားကွဲ။ (အရသာက ကောင်းတာပါဘုရား) ဟင်—ငါးက

ကောင်းတာလား၊အရသာက ကောင်းတာလား။(အရသာက ကောင်းတာပါဘုရား) ဆိတ်သားတွေ၊ နွားသားတွေတော့ မစားကြနဲ့ကွဲ၊ လယ်တီဆရာတော်ဘုရားကြီးက အလှူခံထားတာ။(မှန်ပါဘုရား) ဟုတ်လား။(မှန်ပါ) သဘောပေါက်ပြီ မဟုတ်လား။ (ပေါက်ပါတယ်ဘုရား) အမျိုးမျိုးပါကွယ်၊ သောက်တာကျပြန်တော့လဲ၊ အရသာကတမျိုး၊ ကောင်းလိုက်တဲ့ အရသာလို့ မပြောဘူးကွဲ။ ကောင်းလိုက်တဲ့ နက်စ်ကော်ဖီတဲ့၊ လုပ်ပုံ။ (မှန်ပါဘုရား) မှန်သေးရဲ့လားကွဲ။(မမှန်ပါဘူးဘုရား)

အဲဒီလို နိမိတ္တ အနုဗျဉ္ဇနတွေကို ယူပြီးတော့ ကောင်းနေတာနော်။(မှန်ပါဘုရား)အဲဒီလို နိမိတ္တ အနုဗျဉ္ဇန တွေကို ယူပြီးတော့ သင်ချစ်သားတို့ နေ့စဉ်နှင့် အမျှ ထမင်းပွဲကြီး ပြင်ပြီးတော့ စားပွဲတွေ ကုလားထိုင်တွေနဲ့ စားပွဲခင်းတွေ ကျကျနန ခင်းပြီးတော့ ဒါ နိမိတ္တ အနုဗျဉ္ဇနတွေကို ယူနေတာ၊ ဟုတ်လား။ (မှန်ပါဘုရား)ပန်းကန်ကလဲ၊ကောင်းအုံးမှ၊ဇွန်းကလဲ ကောင်းအုံးမှကွဲ။ ဖြစ်ပုံ၊ ဟုတ်လား။ (မှန်ပါဘုရား) ဇိဝှာဝိညာဏ်နဲ့ အဲဒါတွေနဲ့ ဘာဆိုင်သတုန်း။ (ဘာမှမဆိုင်ပါဘူးဘုရား) မဆိုင်ပေတဲ့ နိမိတ္တတွေ အနုဗျဉ္ဇနတွေကို ယူပြီးတော့ အပေါင်းအသေးစိတ် အမှတ်အသားတွေကို ယူပြီးတော့ ဒီလို သင်ချစ်သားတို့ စားသုံးရှိနေကြမယ်ဆိုယင်—

### ခေါ်း ထက်ထက်နှင့် လျှာကို ဖြတ်တာက မြတ်ပုံ

''ဝရံ ဘိက္ခဝေ တိဏှေန ခုရေန အာဒိတ္တေန သမ္ပဇ္ဇလိတေန သဇောတိဘူတေန ဇိဝှိန္ဒြိယံ သမ္ပလိမဋ္ဌံ န တွေဝ ဇိဝှာဝိညေယျေသု ရသေသု နိမိတ္တဂ္ဂါဟော အနုဗျဉ္ဇနသော''

မြတ်စွာဘုရားဟောတယ်။(မှန်ပါဘုရား) ဒီ သုတ္တန်တွေနဲ့ပတ်သက်ပြီးတော့ အခန်းတိုင်း အခန်းတိုင်းမှာ ဒါတွေဟာ ထည့်ဘိုက္ကဲ့နော်။ (မှန်ပါ) ဘုန်းကြီးကတော့ တည တမျိုး တမျိုးသာ ထည့်လာတာ။ (မှန်ပါဘုရား)

ဒီ ပါဠိက အနက်ပေးပြီးပြီကွဲ၊ ဟုတ်လား။ (မှန်ပါ)

ချစ်သားတို့တဲ့၊ အဲဒီလို နိမိတ္တ အနုဗျဉ္ဇန သဘောတွေကို ယူပြီးတော့ ဒီ ရသာရုံ ကာမဂုဏ်တွေကို သင်ချစ်သားတို့ ခံစားနေတာဟာ မိမိရဲ့ လျှာကို အရင်းက ဖြတ်ပစ်လိုက်ရတာက မြတ်သေးတယ်။အဲဒီလို စားနေတာက သင်ချစ်သားတို့မှာ မသက်သာ။

ကိုင်း—ဘယ်ဒင်းက သက်သာသလဲ။ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေလေ ဒီလို ရသာရုံတွေကို ခမ်းခမ်းနားနား နိမိတ္တ အနုဗျဉ္ဇနသဘောတွေကို ယူပြီးတော့ ဝက်သားငုံးကြီးတွေ သုံးထပ်သားကြီးတွေ ဆိုပါတော့

ကြက်သားတုံးကြီးတွေ ငါးကြော်ကြီးတွေ ငါးကြင်းကြော်ကြီးတွေ ငါးမြင်းသားကြီးတွေ ဝင်းဝင်းလှလှနဲ့ ပြင်ဆင်ပြီးတော့ ချက်ပြုတ်ထားတဲ့ နိမိတ္တ အနုဗျဥ္စနတွေကို ယူပြီးတော့ အရသာရှိရှိနဲ့ လျှာပေါ်မှာ စားလိုက်ရတာနဲ့ သားလှီးဓားကို မီးရဲရဲဖုတ်ပြီးတော့ လျှာပေါ်ကို ထိုးပြီးတော့ မွှေလိုက်ဖြတ်လိုက်ရတာနဲ့ ဘယ်ဒင်းက သက်သာသလဲ။ (သားလှီးဓားက သက်သာပါတယ် ဘုရား) ကဲ–ဒါဖြင့် တကာကြီး သားလှီးဓားက သက်သာယင် စားမလား၊ အခု သားလှီးဓားနဲ့အလှီးခံမလား၊ ကဲ ပြောစမ်း။ (စားမှာပါဘုရား) ဘုရားရှင် ကိုယ်တော်မြတ်ကြီးကတော့ဖြင့် မီးတွေ ရဲရဲဖုတ်ပြီးတော့ သားလှီးဓားနဲ့ လျှာကို အစိတ်စိတ် အမွှာမွှာ စိတ်လိုက်ရတာက သက်သာတယ်တဲ့။

အဲဒီလို နိမိတ္တ အနုဗျဥ္စန တွေကို ယူပြီးတော့ သင်ချစ်သားတို့ ရသာရုံတွေကို စားသောက်ပြီးတော့ နေရတာသည် န စေဝ ဝရံ၊ မသက်သာ၍ မမြတ်သည်သာလျှင်တည်း။

မသက်သာဘူးတဲ့။ (မှန်လှပါဘုရား)ဘုန်ကြီးတို့ ပရိသတ်နဲ့ မြတ်စွာဘုရားနဲ့ ဘယ်လိုဖြစ်နေသလဲ။ (ကန့်လန့်ဖြစ်နေပါတယ်ဘုရား)အမလေး မုံ့ရှာသူ မုံ့ရှာသားတွေဘုရားတောင်ကန့်လန့်တိုက်သည်။(ရယ်ကြသည်)ဟုတ်လား။(မှန်ပါ) ဘုန်းကြီးတို့တွေ ဘုန်းကြီးတို့တွေ၊ ဒီဘုန်းကြီးလဲ ပါတယ်၊ ဟုတ်လား။(မှန်ပါ) ပုထုဇဉ်တို့သဘော ဘယ်လောက်ကြောက်စရာကောင်းသလဲလို့ဆိုတာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ အဲဒါ စဉ်းစား ကြည့်ကြပေါ့နော်။ (မှန်ပါဘုရား) သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာပြုလို့ ဒီလို ဟောသလဲလို့ဆိုတော့—

## ရသာရုံအတွက် ငရဲဘုံ တိရစ္ဆာန်ဘုံ ရောက်တတ်ပုံ

"နိမိတ္တဿာဒဂထိတံ ဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌေယျ၊ အနုဗျဥ္စနဿာဒဂထိတံ ဝါ၊ တသ္မိံ စေ ကာလံ ကရေယျ။

ဌာနံ မေတံ ဝိဇ္ဇတိ၊ ယံ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဂစ္ဆေယျ နိရယံ ဝါ တိရစ္ဆာန ယောနိံ ဝါ။"

ချစ်သားတို့၊ အဲဒီလို နိမိတ္တ အနုဗျဥ္စန တွေကို ယူပြီးတော့ ကမ္မဝိညာဏ် ဝိပါက်ဝိညာဏ်တွေ ဖြစ်နေတုန်းမှာများ ဖြုတ်ကနဲဆို မတော်တဆ အကယ်၍များ စုတေစိတ် ကျသွားကြမယ်ဆိုယင် အဲဒီပုဂ္ဂိုလ် ဘယ်သွားမလဲ။(ငရဲသွားမှာပါဘုရား) ငရဲကိုသော်၎င်း၊ တိရစ္ဆာန်ကိုသော်၎င်း နှစ်မျိုး တမျိုးမျိုး အဲဒီဘဝတွေကို သင်ချစ်သားတို့ သွားလိမ့်မယ်။ ဤသို့သော အပြစ်တွေကို မြင်တော်မူသည်ဖြစ်သောကြောင့် ငါ ဘုရားကိုယ်တော်မြတ်က—

"ဣမံ ခွါဟံ ဘိက္ခဝေ အာဒီနဝံ ဒိသွာ ဝဒါမိ"

ဘိက္ခဝေ၊ ချစ်သားတို့ ချစ်သမီးတို့။ ဣမံ၊ ဤသို့သောအဖြစ်ကို။ ဒိသွာ၊ မြင်သည်ဖြစ်၍။ ဣမံ၊ ဤအချိန်မျိုးမှာ စုတေယင် ငရဲနဲ့ တိရစ္ဆာန် တခုခုသို့ ရောက်မယ်ဆိုတဲ့ အဖြစ်မျိုးတွေကို။ ဒိသွာ၊ မြင်သည်ဖြစ်၍။ အဟံ၊ ငါဘုရား ကိုယ်တော်မြတ်သည်။ ဧဝံ၊ ဤသို့။ ဝါ၊ နိမိတ္တ အနုဗျဉ္ဇန သဘောကို ယူပြီးတော့ စားရခြင်းထက် လျှာကို သင်ခုန်းဓားနဲ့ အပိုင်း အပိုင်း ဖြတ်၍ ချလိုက်ရခြင်းသည် မြတ်သေး၏ ဟူ၍ ဆိုတဲ့ ဤသဘောကို။ ဝဒါမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု— သာဓု— သာဓု—

## ရသာရုံ ကာမဂုဏ်ဟာ အရေးအကြီးဆုံး

အပြစ်ကွဲ နော်။ (မှန်ပါဘုရား)ရသာရုံ ကာမဂုဏ်တွေဟာ အဆိုးဆုံးကွဲ့။ (မှန်ပါဘုရား) ကဲ—ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ၊ စဉ်းစား ကြည့်ပါ၊ ရူပါရုံ၊သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံလို့ အာရုံငါးပါးမရှိ ဘူးလားကွဲ့။ (ရှိပါတယ် ဘုရား) ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ သမီးတွေ၊ ဒီအာရုံ ငါးပါးထဲမှာ ဘယ် အာရုံကို ပိုပြီးတော့ အကြိုက်ဆုံးလဲ။ (ရသာရုံကိုပါဘုရား) ဟင်၊ ဘယ့်နှယ်ထင်တုန်း။ (ရသာရုံကို ကြိုက်တယ် ထင် ပါတယ်ဘုရား) ဒီပြင် လူတွေကကော။ (ရူပါရုံကြိုက်ပါတယ်ဘုရား) ဟင်— ရူပါရုံကြိုက်တယ်။ စဉ်းစား ကြည့်နော်။ (မှန်ပါဘုရား) ဥပမာကလေး တခု ပြောမယ်။

လူတယောက်အစာမစားရဘဲနဲ့ လဲနေတာ ခုနစ်ရက်ရှိပြီ။အားရှိသေးလား။ (မရှိပါဘူးဘုရား) အဲဒီ လူတယောက် သွားပြီးတော့ မေးလေ။ အဆင်းရူပါရုံ လှလှကလေးဘွေကို ကြည့်မလား၊ အာဟာရသုံးဆောင်မလားဆိုယင် သူဘာ ပြောမလဲ။ (အာဟာရသုံးဆောင်မယ်လို့ ပြောမှာပါဘုရား) အဲဒီ အနားမှာ အဆင်းရူပါရုံ လှလှကလေးတွေကို လာပြနေမ ယ်၊ ကတာ ခုန်တာတွေကို လာ ပြနေမယ်ဆိုယင် သူကြည့်ချင်ပါ့မလား။ (မကြည့်ချင်ပါဘုရား)

ကိုင်း—အသံကောင်းတာ ရှိတယ်မဟုတ်လား။ (ရှိပါတယ်ဘုရား) ဘယ်သူ တုန်း။ (ရွှေမန်းတင်မောင်ပါဘုရား) သေတာမပြောနဲ့ကွဲ့။ အေး—အဲဒီတော့ အသံကောင်းကောင်းကလေးနဲ့ သီချင်းဆိုပြမယ် နားထောင်မလာ း၊အာဟာရ ယူမလား၊ နှစ်ခုမပြောနဲ့ တခုခုယူရမယ်၊ ဘာယူမလဲ။ (အာဟ ာရ ယူရမှာ ပါဘုရား) သူအရေးကြီးဆုံးကွဲ့။ (မှန်ပါဘုရား)

အနံ့ကလေး ယူမလား၊ အာဟာရယူမလား ဆိုယင် အာဟာရယူမယ်၊ ဟာ ခုတင်တွေ မွေ့ရာတွေနဲ့ ကတဲ အဝတ်ကောင်းတွေ အခု နောက်ဆုံးပေါ်တဲ့ အဝတ်တွေလဲ ရှိတယ် မဟုတ်လား။ (ရှိပါတယ် ဘုရား) ဘာတဲ့— ဘာ-ဟို အဝတ်၊ ဘာတဲ့-ဘာ အဝတ်ကွဲ့။ (ဖောက်ရှမ်ပါဘုရား) အခု နောက်ဆုံးပေါ်နေတဲ့ အဝတ်တွေရှိတယ်မဟုတ်လား။ (ရှိပါတယ်ဘုရား) ဘာတဲ့ကွဲ့ ဘုန်းကြီးပြောသံကြားတယ်၊ ဘာ ဦးပဥ္စင်းတပါး တနေ့က သက်န်းတစုံဝတ်လာတယ်၊ ဟုထိုနေ့တုန်းက၊ ဟ-ဒီသက်န်းဘာခေါ်သလဲဆိုတော့။ (နိုင်လွန်သက်န်းပါ ဘုရား) မဟုတ်ဘူး တကားကြီးရဲ့၊ သူ့သက်န်းက အလဲဗင်းဒေးသက်န်းတဲ့၊ အောင်မယ်လေး ကိုယ်လဲ နားမလည်ဘူး။ ကိုတင်အောင် ဘယ်ရောက်သွားတုန်း၊ ဟင် ဘာသက်န်းတဲ့ ကွဲ့။(အလဲဗင်းဒေးပါဘုရား) ကြုံကြုံဖန်ဖန်ကွယ်၊ ဒါ အထိ အတွေ့ ဖောဋ္ဌဗ္ဗာရုံတွေနဲ့ ပတ်သက်တာ မဟုတ်လားလို့။ (မှန်ပါဘုရား) အဲဒါ ဝတ်မလား၊ အာဟာရသုံးဆောင်မလားလို့ ဆိုယင် ဘာပြောမလဲ။(အာဟာရသုံးဆောင်မှာပါဘုရား)အရေးအကြီးဆုံးဟာ သူကွဲ့၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ၊ စဉ်းစားကြည့်စမ်းပါ။

ဒီကနေ့ သတ္တဝါတွေရဲ့ စားရေး ဝတ်ရေး နေရေးမှာ ဘယ်ဒင်း အရေးအကြီးဆုံးလဲ။(စားရေးက အရေးအကြီးဆုံးပါဘုရား) စားရေး စားရေး စားရေး၊ ဟောဒီ လျှာ လျှာ သူ အရေးအကြီးဆုံးဘဲ။(မှန်ပါဘုရား) မျက်လုံးလဲ သူ့လောက် အရေးမကြီးဘူး၊ မကြည့်ရယင် နေပစေ၊ မစားဘဲ နေနိုင်ရဲ့လား။ (မနေနိုင်ပါ ဘုရား) အသံ ကောင်းကောင်း နားမထောင်ရယင် နေပါစေ၊ မစားဘဲ နေနိုင်ရဲ့လား။ (မနေနိုင်ပါဘုရား) အနံ့ ကောင်းကောင်း မနမ်းမရှူရယင် နေပါစေ၊ မစားဘဲ နေနိုင်ရဲ့လား။ (မနေနိုင်ပါဘုရား) အဝတ်ကောင်း မဝတ်ရယင် နေပါစေ၊ စိန်တွေ ရွှေတွေ မဆင်ရယင် နေပါစေ။ (မစားရယင် မနေနိုင်ပါဘုရား)

ဒါဖြင့် သူ အရေးအကြီးဆုံးဘဲကွဲ့။ အဲဒီ အရေးကြီးတဲ့ အပိုင်းကတော့ အရေးတကြီးကိုဘဲ ဒီကနေ့ ဟောရပယ်ကွဲ့။(မှန်ပါဘုရား)အာဟာရ ရသာရုံ ဘယ်လောက် အရေးကြီးသလဲ။ (ကြီးပါတယ်ဘုရား) ကဗဠီကာရ ဟာရလို့ ခေါ်တယ်။ (မှန်ပါ) ကဗဠီကာရ အာဟာရလို့ဆိုတဲ့ ရသာရုံဟာ ကာမဂုဏ်ငါးပါးထဲမှာ သူအရေးအကြီးဆုံးဘဲ။ (မှန်ပါဘုရား)

## ရသာရုံ ကာမဂုဏ်ဒုက္ခ များပြားလှ

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ၊ ကဗဠီကာရ အာဟာရလို့ ဆိုတဲ့ ရသာရုံ ကာမဂုဏ်တွေဟာ ဘယ်လောက်တောင် အပြစ်တွေ ရှိနေသလဲလို့ ဆိုတော့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က—

"အပ္ပဿာဒါ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ အာဒီနဝေါ ဧတ္ထ ဘိယျော[၁]"

ကာမာ၊ ရသာရုံ ကာမဂုဏ်နှင့်တကွ ကာမဂုဏ်အားလုံးတို့သည်။ ရသာရုံ ကာမဂုဏ်ကို ခေါင်းတပ်ထားတယ်နော်၊ အခု။ (မှန်ပါဘုရား) အပ္ပဿာဒါ၊ သာယာဘွယ်က နည်းပြီးတော့။ ဗဟုဒုက္ခာ၊ များသောဆင်းရဲခြင်း ရှိကြလေကုန်၏။ ဗဟုပါယာသာ၊ များသော ပင်ပန်းခြင်း ရှိကြလေကုန်၏။ ဧတ္ထ၊ ဤရသာရုံ ကာမဂုဏ်ချမ်းသာ၌။ အာဒီနဝေါ၊ အပြစ်သည်။ ဘိယျော၊ များလှပါပေ၏။

စားတော့မယ့် လူတွေ၊ ဟုတ်လား၊ စားတော့မယ့်ပုဂ္ဂိုလ်တွေ ကမ္မဋ္ဌာန်း မဆင်ခြင်ယင်လေ—"အနိစ္စာနုပဿီ ဘုဉ္ဇိဿာမိတိ သိက္ခတိ" လို့ အနိစ္စဆိုတဲ့ နာမ်ရုပ်ကို မသိဘဲနဲ့ စားယင် ကာမဂုဏ်အပြစ်တွေ ဝင်လာတယ်ကွဲ။ (မှန်ပါဘုရား) အဲဒီ ကာမဂုဏ်အပြစ်တွေ ဘယ်လို ဝင်လာသလဲလို့ဆိုတော့ -"အာဒီနဝေါ ဧတ္ထ ဘိယျော၊ဗဟုဒုက္ခာ ဗဟုပါယာသာ"နှစ်ချက်ညှပ်တယ်။ (မှန်ပါဘုရား)

သာယာတယ် ကောင်းတယ်ဆိုတဲ့ ရသာရုံ ကာမဂုဏ်ရဲ့ချမ်းသာကလေးက သူလဲ ချမ်းသာပါတယ်၊ မချမ်းသာဘူး မဟုတ်ဘူး၊ ရသာရုံ ကာမဂုဏ်လဲ ချမ်းသာတာဘဲကွဲ။(မှန်ပါ) ဘုရားကလဲ သူ့ကို ချမ်းသာတမျိုးလို့ ဟောပါတယ်။ဒါပေမဲ့ အဲဒီချမ်းသာဟာ နဲနဲကလေးရယ်တဲ့၊ သာယာဘွယ် ကလေးက။ (မှန်ပါဘုရား) အဲဒီ ချမ်းသာကို ဘာညှပ်ထားသလဲ ဆိုတော့ ဗဟုဒုက္ခ ဗဟုပါယာသလို့ ဒုက္ခနဲ့ ပါယာသ နှစ်ခုညှပ်ထားတယ်။ (မှန်ပါ)

ဒီတော့ ရသာရုံရုပ်တရားကို ဇဝနဝိညာဏ်စိတ်နဲ့ ခံစားဘို့ နာမ်ရုပ်မပေါ်ခင် အဲဒီ ရသာရုံ ကာမဂုဏ်ရဲ့ ရှေ့အဖို့ကို ကြည့်လိုက် စမ်းကွဲ၊ ဘာတွေ မြင်တုန်း၊ ရှာလိုက်ရတာတွေ ဖွေလိုက်ရတာတွေ သွားလိုက်ရတာတွေ လာလိုက်ရတာတွေ လုပ်လိုက် ကိုင်လိုက်ရတာတွေ၊ နေပူလို့လဲ မရှောင်နိုင်၊ မိုးရွာလို့လဲ မရှောင်နိုင်၊ ရန်သူတွေလဲ မရှောင်နိုင်၊ ရှာလိုက် ဖွေလိုက်ရတာတွေ ဒုက္ခလား၊ သုခလား။ (ဒုက္ခပါဘုရား) မြင်ရဲ့လား နို့။(မမြင်ပါဘုရား) မမြင်သာ မမြင်တယ် အမြဲတွေ့နေတာ၊ ဟုတ်လား။(မှန်ပါဘုရား)

လုပ်လိုက် ကိုင်လိုက်ရတာတွေ။ စာရေးစာချီ လုပ်တဲ့လူတွေ ဆိုတာလဲ၊ တနေ့လုံး ရောင်းတဲ့ဝယ်တဲ့ လူတွေဆိုတာလဲ ညောင်းရမှန်းမသိ၊ ညာရမှန်းမသိနဲ့၊အဲဒါ ရှေ့ထိုင်ပြီးတော့ တငုတ်ငုတ်နဲ့ တနေ့လုံး ထိုင်နေရတာ ဒုက္ခလား သုခလား။(ဒုက္ခပါဘုရား) အဲဒါ ဘယ်သူ့ကြောင့်လဲ စားရေးကြောင့်။မဝတ်ရယင်

---

၁။ မ၊ ၁၊ ၁၂၆။ (အံ၊ ၂၊ ၀၅-စသည်လည်း ရှု)

နေပါစေ၊ မဆင်ရယင် နေပါစေ၊ မမြင်ရယင် နေပါစေ၊ မနံရယင် နေပါစေ၊ မကြားရယင် နေပါစေ သူမနေနိုင်ဘူး။ (မှန်ပါဘုရား) စားရေး နေနိုင်ရဲ့လား ကွဲ့။ (မနေနိုင်ပါဘူးဘုရား)

သွားလိုက်ရတာတွေ၊ လာလိုက်ရတာတွေ။ ဘုန်းကြီးတို့အမျိုးကောင်းသား တွေ၊ သမီးတွေ ဘယ်လောက်ပင်ပန်းသလဲ။ ဒီရသာရုံ ကာမဂုဏ်ကလေးတခုကို ရရှိဘို့အရေးကို ရှာလိုက်ရတာ ပင်ပန်းသလား၊ မပင်ပန်းဘူးလား။ (ပင်ပန်းပါ တယ်ဘုရား) နွားနဲ့ ကျွဲနဲ့ တောင်သူ လယ်သမားတွေ ရွှံ့ထဲ ရေထဲမှာ ဘယ် လောက် ပင်ပန်းသလဲ၊ မြင်သလားကွဲ့။ ဒီ ဒုက္ခတွေ။ (မမြင်ပါဘုရား) ပင်ပန်း လိုက်တာ လူ့ကိုယ် အရိုးပြိုင်းပြိုင်းကျလို့ ဟုတ်လား။ (မှန်ပါဘုရား) အမလေး နေပူထဲမှာလဲ တကုန်းကုန်း၊ မိုးရွာထဲလဲ တကုန်းကုန်း၊ ရန်သူတွေ စပ်ကြားထဲ မှာ တကုန်းကုန်း၊ ဟောဟို နားမှာ ရှိနေတဲ့ မော်တော်တွေကို ကြည့်ပါ၊ ဘာလုပ်တဲ့ကိစ္စတုန်း။ စားရေး စားရေး၊ ဟို ခန္တီးတို့ ဟူမွလင်းတို့ အဲဒီကနေ ပြီးတော့ ဟိုမှာ အင်မတန် ချစ်ခင်နှစ်သက်လှစွာတဲ့ အမိတို့ အဖတို့ ဇနီးသား သမီး ကလေးတွေကို ပစ်ပြီးတော့ အဲဒီ ပိယဝိပ္ပယောဂ ဒုက္ခကြီးခွဲပြီးတော့ ဒီ မုံရွာမြို့ လာခဲ့ရတာ ဘယ်သူ့ကြောင့်။ (စားရေးကြောင့်ပါဘုရား) ဆင်းရဲ သလား၊ မဆင်းရဲဘူးလားကွဲ့။ (ဆင်းရဲပါတယ်ဘုရား) မြင်ရဲ့လားသူတို့။ (မြင်ပါ တယ်ဘုရား) အင်း— ခုမှ မြင်တယ်လား၊ ရေတတန် ကုန်းတတန် အန္တရာယ်တွေ မများဘူးလား။ (များပါတယ်ဘုရား) သစ်ဖောင်ကြီးတွေ ဝါးဖောင်ကြီးတွေ နဲ့ ချပြီးတော့ လာခဲ့ရတာ အသက်ကို စွန့်ရလုမတတ်ကွဲ့၊ ပင်ပန်းလာတာ။ (မှန်ပါဘုရား)

ရသာရုံ ကာမဂုဏ်ရဲ့ စားရေး၊ ဇိဝှာ ဇိဝှာ။ (မှန်ပါဘုရား) ဒီဒုက္ခတွေ မြင်ပ လား။ (မြင်ပါတယ်ဘုရား) ဒါက တချက်နော်။ (မှန်ပါ)

အဲဒီလို ရှာတဲ့ ဖွေတဲ့အခါမှာလဲဘဲ သူ့အသက် သတ်ပြီးတော့ ရှာလိုက်ရ တာတွေ၊ သူများပစ္စည်းကို ခိုးယူတိုက်ဖျက် လိမ်လည်လှည့်ဖျားပြီးတော့ ချိန် စဉ်းလဲတွေ၊ တောင်းစဉ်းလဲတွေ၊ အသပြာစဉ်းလဲမှုတွေ ပြုလုပ်ပြီးတော့ယူလိုက် ရတာတွေ၊ အကုသိုလ် ဒုစရိုက်ဘက်က။ (မှန်ပါဘုရား) လိမ်လိုက် ရတာတွေ၊ ဈေးသည်တွေ၊ ကုန်သယ်တွေ ဒီ အထဲ မုံရွာမြို့ထဲက ဈေးသယ်တွေ ပါမယ် နော်။ (ပါပါတယ်ဘုရား) ကိုင်း ရိုးရိုးပြောကြစမ်း။ ဒီနေ့ ဈေးသယ်တွေ ဘယ် နှစ်ခါ လိမ်ခဲ့ကြသလဲ ပြောစမ်း၊ ဟင်— နေ့တိုင်းကောကွယ်။

ဒီတရားကို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေလေ၊ ဟို နား ထောင် ကောင်းတယ် ဆိုတဲ့ အနေမျိုးနဲ့ နှလုံး မသွင်းပါနဲ့။ (မှန်ပါဘုရား) ဖြေးဖြေးချာချာ ဂရုစိုက်ပြီးတော့ တွေးစမ်းပါ၊ ဘယ်လောက် ကြောက်စရာ

ကောင်းတဲ့ တာဝန်ကြီးလဲလို့ဆိုတာ၊ ဘယ်လောက်ကြီးတဲ့ဒုက္ခတုန်း။ (ကြီးပါတယ်ဘုရား) ဗဟုဒုက္ခာတဲ့ မြတ်စွာဘုရားက။ ရေတွက်မပြနိုင်ဘူးကွဲ။ (မှန်ပါဘုရား) ဆင်းရဲလိုက်တဲ့ ဒုက္ခတွေ၊ ရသာရုံ ကာမဂုဏ်ရဲ့ အရသာကလေး လျှာပေါ်မှာ ပေါ်လာမဲ့အရေးနဲ့ ပတ်သက်ပြီးတော့ ရှေ့အဖို့မှာ များလိုက်တဲ့ ဒုက္ခတွေ ဘယ်လောက်ကယ်လို့ ရေတွက်လို့ မပြနိုင်ဘူး၊ ဗဟုဒုက္ခာ။ (မှန်ပါဘုရား)

အဲဒီ ဒုစရိုက်မှုကြီးတွေ ဖြစ်ဖြစ် ဖြစ်ဖြစ်နေတာဟာ ရူပါရုံကြောင့် ဒုစရိုက်ဖြစ်တာနဲ့၊သဒ္ဒါရုံကြောင့် ဒုစရိုက် ဖြစ်တာနဲ့၊ ဂန္ဓာရုံကြောင့် ဒုစရိုက်ဖြစ်တာနဲ့၊ ရသာရုံကြောင့် ဒုစရိုက်ဖြစ်တာနဲ့၊ ဖောဋ္ဌဗ္ဗာရုံကြောင့် ဒုစရိုက်ဖြစ်တာနဲ့ ဘယ်ဒင်းက ပိုများတုန်းကွဲ၊ ဒုစရိုက်ဖြစ်တာ။ (ရသာရုံက ပိုများပါတယ်ဘုရား)

အကုသိုလ် ဒုစရိုက် ကြီးတွေကြောင့် ငရဲဘုံသွားမှာတွေ၊ တိရစ္ဆာန် ဖြစ်မှာတွေ၊ ပြိတ္တာဖြစ်မှာတွေ၊ အသူရကာယ် ဖြစ်မှာတွေ ကြည့်စမ်း၊ နဲတဲ့ ဒုက္ခတွေလား၊ ပစ္စည်းရှာရတဲ့ အတွက်ကြောင့်။ (မှန်ပါဘုရား) ဘာလုပ်ဘို့လဲ။ (စားဘို့ပါဘုရား) ရသာရုံ ဟုတ်လား။ (မှန်ပါဘုရား)

သူက ပိုမှ ဝတ်ဘို့ကွဲ၊ ဖောဋ္ဌဗ္ဗက။ (မှန်ပါဘုရား) သူကပိုမှ ကြည့်ဘို့ကွဲ။ (မှန်ပါ) သူက ပိုမှကြားဘို့ကွဲ။သူက ပိုမှ နမ်းရှူဘို့ကွဲ။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ရသာရုံ ကာမဂုဏ်ရဲ့ ရှေ့အဖို့က ဒုက္ခဒဏ်ချက်ကြီးကို မြင်အောင်ကြည့်လိုက်စမ်းပါ။အုံးအုံး အုံးအုံးနဲ့ မုံရွာ တမြို့လုံး ရှောက်ကြည့်လိုက်စမ်း။ မုံရွာဈေးကြီးထဲကို သွားကြည့်လိုက်စမ်း၊ရသာရုံကာမဂုဏ်နဲ့ပတ်သက်ပြီးတော့အလုအယက် သူ့ထက်ငါ ပင်ပန်းနေလိုက်တာ၊ ပြေးလိုက်ဟယ်၊လွှားလိုက်ဟယ်၊ရွက်လိုက်ဟယ်၊ပိုးလိုက်ဟယ်၊ထမ်းလိုက်ဟယ်၊ကတဲဟိုပြောလိုက် ဒီပြောလိုက် ရန်တွေဖြစ်လိုက်ကြဟဲ့ စကားတွေများကြဟဲ့ ဆူကြဟယ် ပူကြဟယ်နဲ့ အဲဒီအထဲမှာ ကြည့်စမ်း၊ ငရဲဘုံကြီးနဲ့ မတူပေဘူးလား။ (တူပါတယ်ဘုရား) နက်ဖြန်ခါ ဈေးထဲသွားကြအုံးမလား၊ စဉ်းစားကြည့်ပါ၊ သဘောပေါက်ကဲ့သား။ (ပေါက်ပါတယ်ဘုရား)

အဲဒီလို အပင်ပန်းခံပြီး ဒုစရိုက်မှုကြီးတွေ အဖြစ်ခံ အပါယ်လေးပါးကို အလားခံ ကိုယ်လဲ အပင်ပန်းခံ စိတ်လဲ အပင်ပန်းခံပြီးတော့ ဒါလောက်ကြီး ရှာပါလျက်သားနဲ့ ဟုတ်လား၊ လူဆိုးလဲ မရှောင်နိုင်၊ သူဆိုးလဲ မရှောင်နိုင်၊ "ပိယဝိပ္ပယောဂဒုက္ခ" ချစ်ခင်နှစ်သက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ခွဲခွာ ကွေကွင်းပြီးတော့ ပစ္စည်းရှာရတဲ့ဒုက္ခဟုတ်လား။ (မှန်ပါဘုရား) စဉ်းစားကြည့်စမ်းပါ၊ဟုတ်လား။ (မှန်ပါ) ဟို ခရီးတို့ ဟုမ္မလင်းတို့ ပြီးတော့ ဘာဘာ ဟိုဘက်။ (မော်လိုက်ပါဘုရား) မော်လိုက်တို့ကနေပြီး မော်တော်တွေနဲ့ ဒီမလာကြဘူးလား။ (လာ

ကြပါတယ်ဘုရား) ဘာလုပ်ရအောင် လာကြသလဲ၊ သူတို့ ပျော်လို့လား။ (မဟုတ်ပါဘူးဘုရား) ဟိုမှာ အင်မတန် ချစ်ခင်နှစ်သက်လှစွာတဲ့ အမိရှိတယ်၊ အဖရှိတယ်၊ သားရှိတယ်၊ သမီးရှိတယ်၊ ဇနီးရှိတယ်၊ ဒါတွေကို ထားပြီးတော့ ပစ်ထားခဲ့ရတယ်။ (မှန်ပါဘုရား) ခွဲချင်ပါ့မလား၊ သူတို့။ (မခွဲချင်ပါဘူး ဘုရား) မခွဲချင်ဘဲနဲ့ ခွဲပြီးတော့ လာခဲ့ရတဲ့ဒုက္ခ ဘယ်လောက် ကြီးသလဲလို့ဆို တာကို စဉ်းစားသာကြည့်ကြ—ဝိပ္ပယောဂ ဒုက္ခ။ (မှန်ပါဘုရား) ဝမ္မစကြာက ပြောထားတယ်မဟုတ်လား။ (မှန်ပါဘုရား) "ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော" ဘယ်လောက် ဒုက္ခရောက်သလဲ၊ အဲဒီ ဒုက္ခကြီး ခံရတာ ဘယ်သူ့အတွက်လဲ။ (ရသာရုံအတွက်ပါဘုရား) နို့ ရောက်ပလား သူ့အပေါ်မှာ။ (မရောက်သေး ပါဘူးဘုရား) ရသာရုံက လျှာပေါ်ရောက်ပလား။ (ပရောက်သေးပါဘူး ဘုရား) ဘယ်လောက်ကြီးလဲ၊ ဗဟုဒုက္ခ။

အဲဒါလောက်ကြီး အပင်ပန်းခံပြီးတော့ ရှာလို့မရယင်၊ ဒုက္ခ၊ ဆင်းရဲတယ် မဟုတ်လား၊ ကိုယ်လဲ ဆင်းရဲတယ်၊ စိတ်လဲ ဆင်းရဲတယ်၊ ရှာလျက်သားနဲ့ မရ တာ။(မှန်ပါဘုရား)ရှာလို့ ရှာသလောက် ရလာပြန်တော့ကောကွယ်။ (ဒုက္ခပါ ဘဲဘုရား) နို့ ဘယ်မှာလဲ ချမ်းသာ။ (မရှိပါဘူးဘုရား) ဘယ်မှာလဲကွဲ့ လူတွေ ရဲ့ချမ်းသာ။ ဒါနဲ့တောင် သူတို့ ဘုန်းကြီးမလုပ်ချင်ကြဘူးလား၊ ဟင်—စဉ်းစား ကြနော်၊ အေး—အဲဒီ ဒုက္ခကြီးတွေက ရှေ့ကနော်။ (မှန်ပါဘုရား) ရသာရုံ ကာမဂုဏ်ရဲ့ ရှေ့က ဒုက္ခကြီးတွေ ဗဟုဒုက္ခ။ အနိစ္စနဲ့ ဒုက္ခကို မြင်အောင်ကြည့် ပါ။ ဒီ ရသာရုံ ကာမဂုဏ်ပေါ်မှာ ဖြစ်ပေါ်လာတဲ့ ဒုက္ခ တွေ့ပလားကွဲ့ ဘုန်းကြီးတို့ပရိသတ်။ (တွေ့ပါပြီဘုရား)

ကဲ အဲဒီလို ရှာလိုက်တော့ ပစ္စည်းတွေ ရလာတယ်၊ရောက်ပလား လျှာပေါ်။ (မရောက်သေးပါဘူးဘုရား) မရောက်သေးတော့ ဘာလုပ်ရသလဲ။ ဝယ်ရအုံး မယ်၊ ခြမ်းရအုံးမယ်၊ ဆန်ရှာရအုံးမယ်၊ ဆီရှာရအုံးမယ်၊ အဲဒါတွေ ရှာအုံး၊ အမျိုးမျိုးတွေ၊ ပြောင်းလိုက်ရသေးတယ် မဟုတ်သား။ (မှန်ပါဘုရား) ရလာ ပြီတဲ့၊ ပြည့်ပြည့်စုံစုံရောက်ပလား။(မရောက်သေးပါဘူးဘုရား) တခါထဲ မီးဖို ချောင်ထဲဝင်ပြီးတော့ ထုအုံးဟယ်၊ ထောင်းအုံးဟယ်၊ ခုတ်အုံးဟယ်၊ ထစ်အုံး ဟယ်၊ ချက်အုံးဟယ်၊ လုပ်အုံးဟယ်၊ နဲတဲ့ဒုက္ခလား၊ မီးပူကြီးခံပြီးတော့။ (မနဲ ပါဘူးဘုရား) အဲဒါတွေဟာ ဒုက္ခတွေလား၊ သုခတွေလား။ (ဒုက္ခတွေပါ ဘုရား)ဗဟုဒုက္ခလို့ပြောထားတယ်ကွယ်၊ မြတ်စွာဘုရားက။ တွေးသာ တွေးကြ ပေတော့ ဟုတ်လား။ (မှန်ပါဘုရား)

ပြီးတော့မှ လျှာပေါ်မှာ အရသာကလေး ရောက်လာသည်၊ ဘယ်လောက် ကြာမတုန်း။ (မကြာပါဘူးဘုရား) ကောင်းလိုက်တာ၊ ချမ်းသာလိုက်တာ၊ ဘယ်လောက်ကြာသလဲ။ (မကြာပါဘူးဘုရား) အခိုက်အတန့် "တာဝကာလိ

က''ရသာရုံကလေးကနေပြီးတော့။ (မှန်ပါဘုရား) ရသာရုံဆိုတဲ့ ရုပ်တရားလဲ ပျောက် ဇိဝှာဝိညာဏ်စိတ်လဲပျောက်။ အနိစ္စ၊ပြီးပလား သူ့ကိစ္စ။ (မပြီးပါဘူး ဘုရား) မပြီးသေးဘူးကွဲ့။ လျှာပေါ်ကနေ ဝမ်းထဲရောက်သွားတယ်။ ဝမ်းထဲ ရောက်သွားပြီ။ (မှန်ပါဘုရား) ဝမ်းထဲကို ရောက်သွားပြီလို့ ဆိုလိုက်သည်နဲ့ တပြိုင်နက်ထဲ အစာစားပိုးနင့်တယ်ဆိုတဲ့ ဒုက္ခ၊ အိပ်ချင်တယ်ဆိုတဲ့ ဒုက္ခ၊ လာ ပြန်ပြီ မဟုတ်လား။(လာပြန်ပါပြီဘုရား) ရောဂါဝေဒနာတွေ ထူပြောတဲ့ ဒုက္ခ၊ ခေါင်းကိုက်တယ်ဆိုတဲ့ ဒုက္ခ၊ အကြောဘက်ဘယ်ဆိုတဲ့ ဒုက္ခ၊ ဗိုက်နာ တယ်ဆိုတဲ့ ဒုက္ခ၊ လေတက်တယ်ဆိုတဲ့ ဒုက္ခ၊ ဝမ်းသွားတယ်ဆိုတဲ့ ဒုက္ခ၊ ဝမ်း ချုပ်တယ်ဆိုတဲ့ ဒုက္ခ၊ ဘယ်သူ့ကြောင့်လဲ၊ အာဟာရကြောင့်။ (မှန်ပါဘုရား) ဒါတင်လား၊ အနာတွေပေါက်လာတယ်ဆိုတဲ့ ဒုက္ခ၊ အမျိုးမျိုးသော ရောဂါ ဝေဒနာတွေ ဖြစ်ပွားလာတယ်ဆိုတဲ့ ဒုက္ခ ဘယ်သူ့ကြောင့်လဲ၊ အဲဒီ အာဟာ ရကြောင့်၊ မြင်ရဲ့လားကွဲ့။ (မြင်ပါတယ်ဘုရား) ဒါ လူတွေနော်။ (မှန်ပါ ဘုရား)

ဘုန်းကြီးတို့ကော သီလရှင် ဆရာလေးတွေကော ရှာလိုက်ရတာ၊ ရှာဲလိုက် ရတာ သူများအိမ် ထမင်းကျက်မှန်းမသိ၊ မကျက်မှန်းမသိ၊ မနက်မိုးမလင်း သေးဘူး၊ သကင်္န်းရုံ သပိတ်ပိုက်ပြီး မားကနဲ ရောက်နေပြီ၊ ဖြစ်ပုံ။ (မှန်ပါ ဘုရား) ဘယ်လောက်ကြီးတဲ့ ဒုက္ခ ထင်လို့တုန်း။(ကြီးပါတယ်ဘုရား) သဘော ပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား) ဦးပဉ္စင်းကလေးတွေ ကိုရင်ကလေး တွေ မန္တလေးမှာ၊ မုံရွာမှာ မနက် မိုးမလင်းသေးဘူး ဖားဖား ဖားဖားနဲ့ သပိတ်ကလေးပိုက်ပြီးတော့ လိမ့်လိမ့် လိမ့်လိမ့်နဲ့ ကတဲ ဒေါက်ဒေါက် ဒေါက် ဒေါက်နဲ့ သွားလိုက်ရတာ အဲဒါဘာလဲ။(ဒုက္ခပါဘုရား) ဒုက္ခ ဒုက္ခ။

သီလရှင်တွေကော၊(ဒုက္ခပါဘဲဘုရား) ဒီ အတိုင်းဘဲ။ အမယ်လေး သူတို့က လဲ ''ယံ ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ''ကိုးကွဲ့။(မှန်ပါဘုရား)ဟုတ်လား၊ အဲဒါ ကြားဘူးသလားကွဲ့။ (ကြားဘူးပါတယ်ဘုရား) သီလရှင်တွေ ပေးတဲ့ အနက်။ ယံ ပိစ္ဆံ၊ အကြင် ပိတ်နဲ့ဆန်ကို။ န လဘတိ၊ မရ။ တံ၊ ထို ပိတ်နဲ့ဆန်ကို မရ ခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲလှပါပေ၏။ ဒါက သီလရှင်တွေ ပေးတဲ့အနက်၊ အဲဒါ သဘောပေါက်ကဲ့လားကွဲ့။ (ပေါက်ပါတယ်ဘုရား) မုံရွာက သီလရှင် တွေပေးတဲ့ အနက်မဟုတ်ပါဘူးကွယ်။ (ရယ်ကြသည်)

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ၊ ဒီနေ့တရားကတော့ ဘယ် ရောက်ရောက်သိလား။(မှန်ပါဘုရား) အဲဒီ''ယံ ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ'' ကို အနက်ထင် သွားပြီနော်။ (မှန်ပါ) ဇအေး အဲဒီတော့ ရှာရဖွေရတဲ့ ဒုက္ခ၊ ဗဟုဒုက္ခနော်။ (မှန်ပါ)

## ရသာရုံ ကာမဂုဏ်တွက် ပင်ပန်းဒုက္ခရောက်ပုံ

ဗဟုပါယာသ-က စားပြီးလို့ အစာဝမ်းထဲ ရောက်တာနဲ့ တပြိုင်နက်ထဲ များသော ပင်ပန်းခြင်းတို့ ပေါ်၍ လာသည်။ ရောဂါဝေဒနာတွေ၊ ဒီအစာတွေ ဘာတွေ ကြေအောင် ချက်တာတို့ ဘာတို့ ဒုက္ခ ချည်းဘဲ၊ ရှေ့အဖို့ နောက်အဖို့မှာ ပင်ပန်းမှုနဲ့ ဆင်ရဲမှုက အဲဒီ ရသာရုံ ကာမဂုဏ်မှာ ညပ်နေတယ်။(မှန်ပါဘုရား)မြင်ရဲ့လား။ (မြင်ပါတယ်ဘုရား) အနာတွေ ပေါက်တာတွေ၊ ရောဂါတွေ ဖြစ်တာတွေ၊ နောက်ဆုံးစုတေပျက်ကြွေ ဟုတ်လား၊အစားတွေ မှားပြီးတော့ သေသည်၏ အဖြစ်သို့ ရောက်အောင်သွားတာ ညှဉ်းဆဲတာ ဘယ်သူတုန်း။(ရသာရုံပါဘုရား)ကိုင်း ဗဟုဒုက္ခ၊ ဗဟုပါယာသ။(မှန်ပါဘုရား)

ဒါဖြင့် ဒီအာဟာရမှာ အပြစ်က များသလား၊ ဒုက္ခတွေက များသလား၊ ချမ်းသာတာက များသလား။(ဒုက္ခတွေက များပါတယ်ဘုရား) မြင်အောင်ကြည့်နော်။(မှန်ပါဘုရား) အေး– ကဗဠီကာရ အာဟာရကွဲ့နော်။ (မှန်ပါဘုရား)

အဲဒါလေးတခုကို ပရိညာသုံးခု ပိုင်ယင် ဟို ကာမဂုဏ် ငါးပါး အကုန်ကုန်ရောက်ကွဲ့။(မှန်ပါဘုရား)အကုန်လုံး ပိုင်ပြီးသွားဘဲ။အကုန်ပိုင်ယင်အနာဂါမ် ဖြစ်မယ်ကွဲ့။(မှန်ပါဘုရား) ဒါဖြင့် ရသာရုံရုပ်တရားမှာ ရှေ့အဖို့က ဒုက္ခကြီးတွေကြည့်ပါ၊ နောက်အဖို့က ဒုက္ခတွေကို ကြည့်ပါ၊ပင်ပန်းမှုတွေကို ကြည့်ပါ၊ သက်သာတာ ဘာတခုရှိသတုန်း။(ဘာမှ မရှိပါဘုရား) တခုမှ မရှိဘူး။ အဲဒီ ရသာရုံ ရုပ်တရားနဲ့ ဇိဝှာဝိညာဏ်ဆိုတဲ့ နာမ်ရုပ်ရဲ့ ကိစ္စတွေ မဟုတ်လားလို့။ (မှန်ပါဘုရား) ဒီနာမ်ရုပ်ရဲ့ ရှေ့အဖို့မှာ ဒုက္ခတွေ၊ နောက်အဖို့မှာ ပင်ပန်းခြင်းတွေ အဲဒီလို မြင်အောင် ကြည့်ပြီးတော့မှ နာမ်ရုပ်ကြောင့် ရှေ့အဖို့က ဒုက္ခတွေ ဘယ်သူ့ကြောင့် ခံရသလဲ။(နာမ်ရုပ်ကြောင့်ပါဘုရား) နောက်အဖို့က ပင်ပန်းမှုတွေ ဘယ်သူ့ကြောင့်။(နာမ်ရုပ်ကြောင့်ပါဘုရား) ဒီ နာမ်ရုပ်ကို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ စိတ်မနာကြသေးဘူးလား။ (မနာသေးပါဘုရား)

စဉ်းစားကြည့်ပါ၊ မစဉ်းစားကြလို့ပါ၊ ဟုတ်သား။ စိတ်နာစရာမကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)သူ့ကို မုန်းစရာကော မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား) ဘုန်းကြီးတို့ ပရိသတ်က နာမ်ရုပ် မုန်းသလား။ အချင်းချင်းမုန်းသလား။(အချင်းချင်း မုန်းပါတယ်ဘုရား) လွဲနေပြန်ရောကွဲ့။ (မှန်ပါ) ဒီ နာမ်ရုပ်ကိုခွဲဘို့ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)

ဘုန်းကြီးတို့ပရိသတ်က နာမ်ရုပ်ခွဲသလား၊ အချင်းချင်း ခွဲနေကြသလား။ (အချင်းချင်း ခွဲနေကြပါတယ်ဘုရား) ကိုင်း ဘယ်လို လုပ်ကြမလဲ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ၊ နာမ်ရုပ်ကိုသာ ခွဲပါ၊ အချင်း

ချင်းမခွဲကြပါနဲ့၊ ဟုတ်လား။ (မှန်ပါဘုရား) အချင်းချင်း ကူညီပါ၊ ရိုင်းပင်းပါ။ စောင့်ရှောက်ပါ။ (မှန်ပါဘုရား) နာမ်ရုပ်ကျတော့ ခွဲဖြစ်အောင် ခွဲ။ ဟုတ်တယ် မဟုတ်လား။ (မှန်ပါဘုရား) အချင်းချင်း မမုန်းကြပါနဲ့၊ မေတ္တာပွားပါ။ အချင်းချင်း ဘာလုပ်ရမလဲ။ (မေတ္တာပွားရမယ်ဘုရား) မေတ္တာပွားပါ။ နာမ်ရုပ်ကျတော့ မုန်းအောင်ကြည့်ပါ။ (မှန်ပါဘုရား) ရှင်းပလားကွဲ့။ (ရှင်းပါတယ်ဘုရား) အခုတော့ သူတို့က နာမ်ရုပ်တော့ဖြင့် မုန်းအောင်မကြည့်ဘူး၊ အချင်းချင်း မုန်းနေကြတယ်။ နာမ်ရုပ်တော့ မခွဲခြားဘူး၊ အချင်းချင်း။(ခွဲနေကြပါတယ်ဘုရား) အဲဒါ တော်ရောလား။ (မတော်ပါဘုရား) မတော်တာတွေ မလုပ်ကြပါနဲ့၊ မြတ်စွာဘုရားက။ (မှန်ပါဘုရား) သဘောပေါက်ပလားကွဲ့။ (ပေါက်ပါတယ်ဘုရား)

ရှင်းအောင်ကြည့်ကွဲ့။ (မှန်ပါ) ဒီ ဒေသနာတော်တွေဟာ ဘုန်းကြီးတို့ အမျိုးကောင်းသားများ၊ သမီးများအတွက် ဘယ်လောက်အကျိုးသက်ရောက်သလဲ။ လောကရေး ဓမ္မရေးမှာ စဉ်းစားကြည့်ပါ။ ဝိပဿနာတရားကိုဟော နေတယ်ဆိုပေမဲ့ လောကရေးရော ဓမ္မရေးရော အကျိုးသက်ရောက်အောင်လို့ ဘုရားကိုယ်တော်မြတ်က ဟုတ်လား။ (မှန်ပါ)

အေး ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ရသာ ရုံရုပ်တရား၊ ဇီဝှာဝိညာဏ်လို့ ခေါ်တဲ့ နာမ်တရား၊ နာမ်ရုပ်သာ ကြည့်နော်။ (မှန်ပါဘုရား) နာမ်ရုပ်ကြည့်လိုက်လို့ရှိယင် အနိစ္စကွဲ့။ အဲဒီလိုဆိုယင် "မုတ မတ္တ"ဖြစ်မယ်၊ ဟုတ်လား။(မှန်ပါ) ဒါကြောင့် စားခါနီးတိုင်း စားခါနီး တိုင်းမှာ နာမ်ရုပ်ကို မကွဲ ကွဲအောင် မမုန်း မုန်းအောင် ကြည့်ဘို့—

"အနိစ္စာနုပဿီကို ဘုဉ္ဇိဿာမိတိ သိက္ခတိ" ကဗဠီကာရ အာဟာရရော ဘာရော ရုပ်တရားတွေ မဟုတ်လား။ (မှန်ပါဘုရား) အနိစ္စာနုပဿီ၊ အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ဝိပဿနာအကျင့်ကို ကျင့်၏။

ဒါ ဝိပဿနာ။ (မှန်ပါဘုရား) အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ သိက္ခာသုံးပါး။ အဲဒီလို တခါထဲ ရတယ်ဟုတ်လား။ (မှန်ပါဘုရား) အဲဒီလို ကဗဠီကာရအာဟာရခေါ်တဲ့ ရုပ်ကို– တခါ စားပြန်တော့ ဒီအရသာကလေး ဘယ်လောက် ကောင်းသလဲလို့ ဆိုတာ စဉ်းစားကြည့်ပါ အုံး။

## ပုတ္တမံသူပမာသုတ်

ဟို- ဘုန်းကြီးတို့ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်(နှာ-၃၂၂)မှာ ပုတ္တမံသူပမ သုတ္တန်လို့ ဆိုတာရှိတယ်။ အာဟာရနဲ့ ပတ်သက်လို့။ (မှန်ပါဘုရား) တရား

အားထုတ်တဲ့ ပုဂ္ဂိုလ်လို့ဆိုတာ ဒီ အာဟာရ သုံးဆောင် မှီဝဲနေရတာဟာ မဖြစ်လို့သာ စားနေတာနော်။ (မှန်ပါဘုရား) မစားလဲ မဖြစ်ဘူး။ (မဖြစ်ပါဘုရား)ဟော—

သေယျထာပိ ဘိက္ခဝေ ဒွေ ဇာယမ္ပတိကာ ပရိတ္တံ သမ္ဗလံ အာဒါယ ကန္တာရမဂ္ဂံ ပဋိပဇ္ဇေယျုံ။

ချစ်သားတို့၊ ဇနီးမောင်နှံ နှစ်ယောက်ဟာ အနည်းငယ်မျှသော ရိက္ခာကို ယူ၍ သားငယ်ကလေး ရင်ဝယ်ပိုက်ပြီးတော့ ခရီးခဲကြီး သွားကြတယ်ဆိုပါတော့။ (မှန်ပါဘုရား) ယူဇနာ တရာလောက် ဝေးတဲ့ ခရီးဆိုကြပါစို့။ သဲကန္တာရကြီး ဖြတ်ပြီးတော့ ယူဇနာတရာ ဝေးတဲ့ခရီးကြီးကို ဒီဇနီးမောင်နှံ အနည်းငယ်မျှသော ရိက္ခာဖြင့် သားငယ်ကို ရင်ခွင်ပိုက်ပြီးတော့ ခရီးထွက်ကြတဲ့အခါ ယူဇနာ ငါးဆယ်လောက်ကျတော့ အဲဒီရိက္ခာကုန်ရော။ (မှန်ပါဘုရား) နို့ ခရီးသွားစရာ ရှိသေးလား။ (မှန်ပါ ရှိပါသေးတယ်ဘုရား) ယူဇနာ ငါးဆယ်တောင် ကျန်သေးတယ်၊ ခရီးက အရှည်ကြီး မဟုတ်လား။ (မှန်ပါဘုရား) အဲဒီ ယူဇနာ ငါးဆယ်ရဲ့ ပတ်ဝန်းကျင် အတောအတွင်းမှာ အိမ်လဲ မရှိဘူး၊ ရွာလဲ မရှိဘူး။ သစ်ပင်လဲ မရှိ၊ ရေလဲ မရှိ။

ဒီတော့ ဒီသားအမိ သားအဖ သုံးယောက် ဘယ်လို ဖြစ်ကြသလဲ။ (ရိက္ခာ ပြတ်နေပါတယ်ဘုရား) ဒီတော့ ခင်ပွန်းသည်ယောကျ်ားက ဘာပြောသလဲ ဆိုတော့၊ အိမ့်ရှင်မတဲ့၊ ဟုတ်လား။ (မှန်ပါ) ဘဒ္ဒေ၊ အို-ဇနီးသည်။ ငါဟာ ယောကျ်ားကောင်း တယောက်ဖြစ်နေပေမဲ့ ဒီအချိန် ဒီအခါမှာ ယောကျ်ားတွေလုပ်သင့်လုပ်ထိုက်တဲ့ လယ်ထွန်ခြင်း နွားကျောင်းခြင်းစတဲ့ ဒီလုပ်ငန်းတွေကို ငါမလုပ်နိုင်တဲ့ အတူတူ ငါ့ကိုသတ်ပြီးတော့ ငါ့ အသားကို သင်တို့သားအမိ နှစ်ယောက် တချို့ကိုစား တချို့ကို ရိက္ခာလုပ်ပြီးတော့ သွားကြပါ။ သုံးယောက်စလုံးတော့ မသေပါစေနဲ့။ အမှန်က သုံးယောက် သေရတော့မယ် မဟုတ်လား။(မှန်ပါဘုရား) အဲဒီလို ခင်ပွန်းသည်က ပြောတယ်၊

ဒီတော့ ဇနီးသည်က တခါ ဘာပြောသလဲ။ သူကလဲဘဲတဲ့၊ အမျိုးသမီးတွေ လုပ်ရမဲ့ ရက်ကန်းခတ်ခြင်း၊ ချည်ငင်ခြင်းဆိုတဲ့ လုပ်ငန်း သူမလုပ်နိုင်တဲ့ အတူတူ သူ့ကိုသတ်ပြီးတော့ သူ့ အသားစားပြီးတော့ တချို့စား၊ တချို့ကိုရိက္ခာ ထုပ်လုပ်ပြီးတော့ ရှင်တို့သားအဖ ခရီးသွားကြပါ။ ဒီခရီးခဲကို လွန်အောင် သွားကြပါပေါ့။ (မှန်ပါဘုရား)

ကိုင်း–ခင်ပွန်းသည်ကလဲ သူ့အသားစား ရိက္ခာထုပ် လုပ်သွားပါတဲ့။ ဇနီးသည်ကကော။ (ဒီလိုဘဲ ပြောပါတယ် ဘုရား) ဘုန်းကြီးတို့ ပရိသတ်၊ ကိုယ်ချင်းစာပြီးတော့ ကြည့်စမ်း၊ ဘယ်သူ့ကို သတ်မလဲ။ (ဘယ်သူ့မှ မသတ်ပါ

ဘုရား) ဒီတော့ ဇနီးသယ်ကလဲ ခင်ပွန်းသယ်မသတ်ရက်၊ ခင်ပွန်းသယ်ကလဲ ဇနီးသယ်ကို မသတ်ရက်တော့ ခင်ပွန်းသယ်က ပြောပြန်တယ်၊ အို ဇနီးသယ်၊ အမေသေယင် သားကလေးပါ နှစ်ယောက်လုံး သေရလိမ့်မယ်၊ ဟုတ်တယ် မဟုတ်လား။ (မှန်ပါဘုရား) ငါတို့ နှစ်ယောက် အသက် ရှင်နေကြယင်ဖြင့် သားအစား ရနိုင်ပါတယ်ကွယ်၊ ဒီတော့ အမေလဲ မသေပါစေနဲ့တော့၊ အဖေလဲ မသေပါစေနဲ့တော့၊ ဒီသားကလေးသတ်ပြီးတော့—အင်း ဥပမာစကား ပြောတာနော်၊ တကယ်မဟုတ်ဘူး တကယ်မဟုတ်ဘူး၊ ဟို အာဟာရမှာ အပြစ်မြင်အောင် မြတ်စွာဘုရားဟောနေတာ။ (မှန်ပါဘုရား)

ဒီတော့ ချစ်သားတို့၊ ဥပမာအားဖြင့် အဲဒီ ဇနီးသယ်နဲ့ ခင်ပွန်းသယ်နှစ်ဦးတို့က သားကလေးကို သတ်စားကြတော့မယ်တဲ့၊ ဟုတ်လား။ (မှန်ပါဘုရား) သားကလေးသတ်မယ်ဆိုတော့ ကိုင်း-ဘယ်သူက သတ်မလဲ၊ မိခင်လုပ်တဲ့ လူက ဖခင်ပေးလိုက်၊ သားငယ်ကို လည်မျိုကိုင်ပြီးတော့ သတ်မယ် ကြံရုံရှိသေးတယ်၊ မျက်လုံးကလေးပြူးပြီးတော့ အဲ့ကနဲ ငိုတာနဲ့ သတ်ရက်သေးရဲ့လား။ (မသတ်ရက်ပါဘူးဘုရား) ငါမသတ်ရက်ဘူး ရော့—မိခင်၊ မင်းဟာ မင်းသတ်၊ မိခင်ကကော။ (မသတ်ရက်ပါဘူးဘုရား)

ဒါနဲ့ မင်းသတ်၊ ရော့—မင့်သားလို့ဆိုပြီး ပေး။ ကိုင်း—တိုတိုပြောကြပါစို့ရဲ့။ မိခင်နဲ့ ဖခင်လက်ထဲ ပြောင်းယင်း ကူးယင်း ပြောင်းကူးယင်းနဲ့ သားငယ်ကလေး သေရော။ (မှန်ပါဘုရား) သေတော့ အဲဒီ သားကလေးရဲ့အသားကို တချို့ သူတို့စားကြတယ်၊ တချို့ကိုတော့ဖြင့် ရိက္ခာထုပ် လုပ်ပြီးတော့ သွားကြတယ်။

အဲဒီ သားငယ်ရဲ့အသားကို ဒီမိခင်နဲ့ ဖခင် နှစ်ယောက် စားကြတယ်ဆိုပါတော့။ (မှန်ပါဘုရား) ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ၊ အခု ဝက်သားစားသလို ဒီ မိခင် ဖခင်က ဒီ အသား စားနိုင်ပါ့မလား။ (မစားနိုင်ပါဘူးဘုရား) ရင်ဘတ်ကြီး ထု ထုပြီးတော့ နော်။ (မှန်ပါဘုရား) မစားလို့လဲ မဖြစ်ဘူး၊ သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား)

ချစ်သားတို့၊ ကဗဠီကာရ အာဟာရ ဆိုတာ အဲဒီ သားရဲ့ အသား သတ်စားတာနဲ့ တူအောင် သင် ချစ်သားတို့ အဲဒီ အာဟာရကို စားပါတဲ့။ (မှန်လှပါဘုရား) မဖြစ်လို့ စားနေရတာ။ (မှန်ပါဘုရား) မြိန်ရည်ရှက်ရည် စားနိုင်ပါ့မလား။ (မစားနိုင်ပါဘူးဘုရား)

ဒါက ငါ့ဘို့ ဒါက သူ့ဘို့ လုပ်နိုင်ပါ့မလား။ (မလုပ်နိုင်ပါဘူးဘုရား) သူက ပိုစားတယ်၊ ငါက နဲစားရတယ်နဲ့ ဒီလို လုပ်ပါအုံးမလား။ (မလုပ်ပါဘူး ဘုရား) အခုတော့ ဘုန်းကြီးတို့ ပရိသတ်က စားကြပြီဆိုမှဖြင့် ဟိုလှ ကြည့်လိုက် ၊ပိုပြီး

ဟင်းဘဲ ခပ်သလိုလို၊ဘယ့်နှယ်တုန်း၊ကွဲ၊ စားလိုက်တာ၊ ချန်လိုက်တာ၊ ဖွက်လိုတာ။

ခုဘော့ အေး—ဒီအသားကလေးက စားလို့ကောင်းတယ်၊ သားရဲ့အသားလို ဖြစ်နိုင်ပါ့မလား။ (မဖြစ်နိုင်ပါဘူးဘုရား) အေး ဟောဒီ အသားက စားလို့ ကောင်းလိုက်တာ၊ ဟောဒါက အသဲကလေး၊ ဒါက ဥကလေးနဲ့ ဖြစ်နိုင်ပါ့ မလား။ (မဖြစ်နိုင်ပါဘူးဘုရား)

## အာဟာရနှင့် သား အသား တသားတည်းထား၍ စား

မစားယင် မဖြစ်သို့သာ၊ ကန္တာရ ခရီးခဲကြီး သွားဘို့အရေး တွေးပြီးတော့ သာ ဒီသားငယ် အသားကို အတင်း မျိုချနေရတယ်၊ တဏှာနဲ့ တွဲပြီးတော့ ဒီအသားကို စားနိုင်ပါ့မလား။ (မစားနိုင်ပါ ဘုရား) ဘုန်းကြီးတို့ အမျိုး ကောင်းသားတွေ မြိန်ရည် ရှက်ရည် စားနေနိုင်လိုက်ကြတာ၊ စားလို့ကောင်း နိုင်ပါ့မလား။ (မကောင်းနိုင်ပါဘူးဘုရား) အသားကလဲ အစိမ်းကြီးဖြစ်ပြန် တယ်၊ ဆားကလဲမပါဘူး၊ ဇာတ်တူသားလဲ ဖြစ်တယ်၊ကိုယ့်သားရဲ့အသားလဲ ဖြစ်နေတယ်၊ ဘာမှ ချက်ကာ ပြုတ်ကာနဲ့ ဆားလဲမပါဘူး။ (မပါပါဘုရား) ဒီအသားကို အရသာရှိကယ် ဆိုပြီးတော့ စားနိုင်ကြပါ့မလား။ (မစားနိုင်ပါ ဘူး ဘုရား)

ချစ်သားတို့၊ သင်တို့ အခု စားနေကြတဲ့ ကဗဠီကာရအာဟာရလို့ခေါ်တဲ့ လျှာပေါ်ရောက်လာတဲ့ အရသာကို အဲဒီသားဘောမျိုးနဲ့ တန်းတူထားပြီးတော့ တဏှာ ကင်းစွာ စားကြပါ။ မြတ်စွာဘုရားက၊ ဟုတ်လား၊ (မှန်ပါဘုရား) အခုတော့ ဘာဟုတ်မလဲ၊ ခွတုတ်တာဘဲ၊ ဟုတ်လား၊ အဲဒီတော့ ဘယ်လိုတုန်း ကွဲ၊ ဘုန်းကြီးတို့ ပရိသတ်၊ တဏှာ တဏှာ။ (မှန်ပါဘုရား)

## ခွေးလေ ခွေးလွင့်နှင့် အဆိပ်လူး အမဲတုံး

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ပေးထားတဲ့ ဥပမာတခုရှိတယ်။ တခါက—ဟို ဘုန်းကြီးတို့ ရန်ကုန်ဆိမ်မှာမြို့ထဲမှာလေလွင့်နေတဲ့ခွေးတွေကိုညကျ တော့အမဲသားတုံးတွေပစ်တယ်၊အမဲသားတုံးတွေကို ဟိုအနား လိုက်ပုံ ဒီအနား လိုက်ပုံနဲ့ လိုက်ပုံတယ်။ ဒီတော့ ခွေးတွေက စားရော၊ စားတော့ သေရော။ ဒီခွေး ဘယ်သူသတ်သလဲ။ မြူနီစီပယ်က သတ်တယ်လို့ ပြောနေကြတယ်မဟုတ် လားလို့၊ ဒီခွေး ဘယ်သူသတ်တာတုန်း။

အဲဒီခွေးကို သတ်တာဟာ ဒီခွေးရဲ့ မျက်လုံးရယ်၊ ဒီခွေးရဲ့ နှာခေါင်းရယ်၊ ဒီခွေးရဲ့ လျှာရယ်၊ ဒီခွေးရဲ့ စားချင်တဲ့ တဏှာရယ်၊ အတွင်းက ဘယ်နှစ် ယောက်လဲ လေးယောက်၊ ဟုတ်လား။ (မှန်ပါဘုရား)

အပြင်ဘက် ရန်သူက အမဲသားတုံးရဲ့ ရူပါရုံရယ်၊ အမဲသားတုံးရဲ့ ဂန္ဓာရုံ အနံ့ရယ်၊ အမဲသားတုံးရဲ့ ရသာရုံရယ်၊ အဆိပ်ရယ်၊ ဘယ်နှစ်မျိုးတုန်းကွဲ။ (ငါးမျိုးပါဘုရား) လေးမျိုး၊ အမဲသားတုံးမှာ ရှိတဲ့ အဆင်း ရူပါရုံရယ်၊အမဲသားတုံးမှာ ရှိတဲ့ အနံ့ ဂန္ဓာရုံရယ်၊ အမဲသားတုံးမှာ ရှိတဲ့ အရသာ ဆိုတဲ့ ရသာရုံရယ်၊ အဆိပ် အပြင်ဘက်က ရန်သူ။

အတွင်းက ခွေးရဲ့ မျက်လုံးရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ စားလိုတဲ့ တဏှာရယ်၊ ဘယ်နှစ်ခုတုန်း။ (လေးခုပါဘုရား) ဒီ ခွေးသတ်တာ ဘယ်သူတုန်း။ နာမ်ရုပ်သတ်တာ၊ ဟုတ်လား။ (မှန်ပါဘုရား)

ဘုန်းကြီးတို့ အမျိုးကောင်းသား၊သမီးတွေကို သတ်သတ် သတ်သတ် နေတာ ဘယ်သူတုန်း။ (နာမ်ရုပ်ပါဘုရား) မြင်ပလားကွဲ။ (မြင်ပါတယ်ဘုရား) သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား)အဲဒါကြောင့် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က—

"ကဗဠီကာရေ ဘိက္ခဝေ အာဟာရေ ပရိညာတေ ပဉ္စကာမဂုဏိကော ရာဂေါ ပရိညာတော ဟောတိ"

ပုတ္တမံသူပမ— သားရဲ့ အသား ဥပမာထားပြီးတော့ ဒီအာဟာရကို သုံးဆောင်နိုင်တယ်ဆိုယင် တဏှာ ဝင်အုံးမလား။ (မဝင်ပါဘူးဘုရား) ဟောဒီ အသားကလေးက စားကောင်းလိုက်တာ၊ နောက် ဒီအသားမျိုးလေး စားချင်သေးတယ်၊ ချက်ပါအုံးကွဲလို့ ဘယ့်နှယ်တုန်း၊ ပြောရက်ပါ့မလား။ (မပြောရက်ပါဘူးဘုရား) ဒီအသားပေါ်မှာ တဏှာတွေ ကွာနေတယ်နော်။ (မှန်ပါဘုရား) လောဘကွာနေတာနော်။ (မှန်ပါဘုရား)

အေး ဒီတော့အမျိုးကောင်းသားတွေ၊သမီးတွေ၊ဒီအာဟာရကိုအကြောင်းပြုပြီးတော့ ရသာရုံ ကာမဂုဏ် နာမ်ရုပ်ပဲမဟုတ်လားလို့။ (နာမ်ရုပ်ပါဘုရား) "မုတေ မုတမတ္တံ ဘဝိဿတိ" ဖြစ်အောင် အဲဒီလို နှလုံးသွင်းလိုက်ယင် နာမ်ရုပ်ကြောင့် အသေသတ်မဲ့ နာမ်ရုပ်။ (မှန်ပါဘုရား) ဟုတ်လား။ (မှန်ပါ) ခုနင်က တိရစ္ဆာန်သတ်ပြီးပြီ မဟုတ်လား။ (သတ်ပြီးပါပြီဘုရား)ဘယ်သူရယ် ဘယ်သူရယ်တုန်းကွဲ၊ နာမ်ရုပ်။ စက္ခုဝိညာဏ် စိတ်ကယ်၊ ဃာနဝိညာဏ် စိတ်ကယ်၊ ဇိဝှာဝိညာဏ်စိတ်ကယ်၊တဏှာရယ်၊ ဟိုဘက်က ရူပါရုံရယ်၊ ဂန္ဓာရုံရယ်၊ ရသာရုံရယ်၊ အဆိပ်ရယ်— နာမ်ရုပ်၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီ စားဘို့ရန် ဖြစ်ပေါ်လာတဲ့ နာမ်ရုပ်တွေသည် သတ္တဝါကို သေအောင် သတ်တယ်။ အဲဒါကြောင့် အမျိုးကောင်း သားတွေ၊ သမီးတွေကို နှိပ်စက်တယ်၊ ညှဉ်းဆဲတယ်၊ သတ်တယ်၊ မပြတ်သေးသမျှ နောက်လဲ သတ်လိမ့်အုံးမယ်၊ ဟုတ်လား။ (မှန်ပါဘုရား)

## ရသာရုံ ကာမဂုဏ်နှင့် ပရိညာသုံးပါးဖြစ်ပုံ

အဲဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေကို သဗ္ဗညု ရှင်တော်မြတ်ဘုရားက အဲဒီ ကဗဠီကာရ အာဟာရကို ဉာတပရိညာ တီရဏ ပရိညာ ပဟာနပရိညာလို့ ခေါ်တဲ့ ဒီပရိညာသုံးပါးကို သင်ချစ်သားတို့ ပိုင်း ခြားသိခြင်း အပြီးတိုင် ရောက်ကြပလားလို့ဆိုယင်၊ အာဟာရတခုမှာ ပိုင်းခြား နိုင်မယ် ဆိုယင် ကာမဂုဏ်ငါးပါး အကုန်ပိုင်းခြားပြီးသားဘဲတဲ့ ဟုတ်လား။ (မှန်ပါဘုရား)

"ပဉ္စကာမဂုဏိကေ ရာဂေ ပရိညာတေ နတ္ထိ တံ သံယောဇနံ ယေန သံယောဇနေန သံယုတ္တော အရိယသာဝကော ပုန ဣမံ လောကံ အာဂစ္ဆေယျ"

ဟော– အနာဂါမိမဂ် တခါထဲ ရောက်မယ်ကွဲ၊ ဒီပြန်မလာတော့ဘူး။ (မှန်ပါဘုရား)အဲဒီ ကဗဠီကာရ အာဟာရတခု ဇိဝှာပသာဒနဲ့ ဇိဝှာဝိညာဏ် စိတ်နဲ့ ရသာရုံကို နာမ်ရုပ်တရား၊ ပုဂ္ဂိုလ်သတ္တဝါ မပါ၊ ဉာတပရိညာ။ (မှန်ပါ ဘုရား) ဟုတ်လား။ (မှန်ပါဘုရား)

ရသာယတနံ သာယိတဗ္ဗဋ္ဌေန ဘုဉ္ဇိတဗ္ဗဋ္ဌေန–စားအပ်သောကြောင့် ရုပ်။ ဉာတပရိညာပိုင်ဘို့။

"ဇိဝှာဝိညာဏံ ပန သဒ္ဓိံ တံ ဒွါရိကဝိညာဏေဟိ ဘုဉ္ဇနဋ္ဌေန မုတံ"

နာမ်၊ စားအပ် စားတတ် ဤနှစ်ရပ် ဟုတ်သား။ (မှန်ပါဘုရား) စားအပ် သောတရား၊ စားတတ်သောတရား၊ အင်း–သူက ရောက်အပ်ပေါ့ ဟုဘ်ဘယ် မဟုတ်လား။ (မှန်ပါဘုရား)

ရောက်အပ် ရောက်တတ်၊ နှစ်ရပ် ရုပ်နာမ်။
ရောက်ဆဲခဏ၊ မုတ မတ္တံ၊
သတိထား၍၊ ရှုပွားဖန်ဖန်၊
ဉာဏ်အလုပ်၊ ဖြစ်ချုပ်သိအောင်ကြံ၊

ဆောင်ပုဒ်ထဲ ပါပြီးသား၊ ချပေးစရာမလိုတော့ဘူး။ စာရွက်ကလေးတွေ ဝေထားတာ ရပြီမဟုတ်လားလို့။ (ရပါပြီဘုရား) ရောက်အပ် ရောက်ဘဘ် နှစ်ရပ်ရုပ်နာမ်။ ရောက်အပ်ဆိုတာက ဘယ်သူတုန်း။ (ရုပ်တရားပါဘုရား) ရောက်တယ်လို့ဆိုတာ ဘယ်သူတုန်း။ (နာမ်တရားပါဘုရား) ဇိဝှာဝိညာဏ်စိတ်နဲ့ ထိ ဇိဝှာဒွါရမှာ ဖြစ်ကုန်သော နာမ်တရား။ အဲဒီ နှစ်ရပ် ရုပ်နာမ်တို့ ဘယ် အချိန်ပေါ်လာသလဲလို့ ဆိုတော့ ရောက်ဆဲခဏမှာ သူက ပေါ်လာဘယ်။ (မှန်ပါဘုရား)

**ရောက်အပ် ရောက်တတ် နှစ်ရပ်ရုပ်နာမ်၊**
**ရောက်ဆဲခဏ မုတ မတ္တံ၊**
**သတိထား၍ ရှုပွားဖန်ဖန်၊**
**ဉာဏ်အလုပ် ဖြစ်ချုပ်သိအောင်ကြံ၊**

အဲဒီ နာမ်ရုပ်တို့သည် ဖြစ်ပေါ်ပြီး တဲ့နောက် ဘယ်ရောက် သွားသလဲ။ (ပျောက်သွားပါတယ်ဘုရား)

ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ။ ဟုတွာ အဘာဝဋ္ဌေန၊ ဖြစ်ပေါ် ပြီးတဲ့ နောက် ချက်ချင်းပျောက်ကြသည် ဖြစ်သောကြောင့်။ နာမရူပံ၊ ရောက်အပ်သော နာမ်ရုပ်သည်။ အနိစ္စံ၊ အနိစ္စပါတကား။

ဉဒယဗ္ဗယပဋိပီဠနဋ္ဌေန ဒုက္ခံ။ ဉဒယဗ္ဗယပဋိပီဠနဋ္ဌေန၊ ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်ခြင်းရှိသောကြောင့်။ ဒုက္ခံ၊ ဒုက္ခပါတကား။

အဝသဝတ္တနဋ္ဌေန အနတ္တာ။ အဝသဝတ္တနဋ္ဌေန၊ အလိုအကြိုက် မပါသောကြောင့်။ အနတ္တာ၊ အနတ္တပါတကား။ တီရဏပရိညာ နော်။ (မှန်ပါဘုရား)

အဲဒီ အနိစ္စခေါ်တဲ့ နာမ်ရုပ်ပေါ်မှာ အနိစ္စ၏ လက္ခဏာဖြစ်ခြင်း၊ ပျက်ခြင်း၊ ဒုက္ခ၏ လက္ခဏာ နှိပ်စက်ခြင်း၊ အနတ္တ၏ လက္ခဏာ အလို မလိုက်ခြင်း အစိုးမရခြင်းဆိုတဲ့ လက္ခဏာသုံးချက်တင်ပြီးတော့ ဒီ နာမ်ရုပ်ကို ရှုပွားလျှင် ဘယ်ရောက်မလဲ။

**လက္ခဏာတင်၊ ရှုပွားလျှင်၊ မြေးဝင်မဂ္ဂ၊ နိရောဓ။**

ဒီရောက်သွားမယ်မဟုတ်လားလို့။ (မှန်ပါဘုရား) ပဟာနပရိညာ၊ နော်။ (မှန်ပါဘုရား)

အဲဒီလို ကဗဠီကာရ အာဟာရလို့ခေါ်တဲ့ ရသာရုံ ရုပ်တရားပေါ်မှာ ဇိဝှာဝိညာဏ်စိတ်လို့ခေါ်တဲ့ နာမ်တရားတွေပေါ်မှာ ရောက်အပ် ရောက်တတ်သော "မုတမတ္တ" ပေါ်မှာ "မုတမတ္တ" ဖြစ်အောင် ကျင့်ဘို့၊ ဒီလိုကျင့်လိုက်ယင် "မုတမတ္တ" ဖြစ်ပြီနော်။ (ဖြစ်ပါပြီဘုရား) အဲဒီလို "မုတမတ္တ" ဖြစ်ပလားလို့ ဆိုယင် သင် ချစ်သားတို့သည် မြတ်စွာဘုရားက ဟုတ်လား။ (မှန်ပါဘုရား) လက္ခဏာတင်ပြီးတော့ ရှုပွားမယ်ဆိုယင် မင်္ဂကိုဝင်မယ်။ ပဟာနပရိညာ။ မင်္ဂကိုဝင်တာနဲ့ တပြိုင်နက် နိရောဓ မျက်မှောက်ပြုရမယ် နော်။ (မှန်ပါဘုရား) ဒါ မုတ၊ ရသာရုံပိုင်း ဟုတ်လား။ (မှန်ပါဘုရား)

**စားလိုသော နာမ်၊ စားလိုက်ပြန်၊ ရုပ်နာမ်ကွဲအောင်ရှု။**

ဟောဒီစာပိုဒ်ကလေးမှတ်ထား။ (မှန်ပါဘုရား) စားလိုသောစိတ်ကလေး ပေါ်လာပြီး စားပြီ မဟုတ်လား။ (စားပါပြီဘုရား) စားလိုက်တော့ ဘယ်လို ရှုရမလဲ၊ နာမ်ရုပ်ကွဲအောင် ရှုလိုက်။ (မှန်ပါဘုရား) ဘယ်လိုရှုမလဲ။

"အနိစ္စာနုပဿီ ဘုဉ္ဇာမိတိ သိက္ခတိ"

နာမ်ကို အနိစ္စလို့ရှုပြီးတော့၊ နာမ်ကို ရှုပြီးတော့၊ စားအံ့ဟို့ ဆိုပြီးတော့ စားယင် ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝိပဿနာ ရှုပွားနည်းဖြစ်ပြီ။ ထင်အောင် ကြည့်။ (မှန်ပါဘုရား) သဘောပေါက်ပသားကွဲ။ (ပေါက်ပါတယ် ဘုရား) "မုတ"ဟုဘ်လား။ (မှန်ပါဘုရား) ရှင်းပြီနော်။ (ရှင်းပါတယ်ဘုရား) ကိုးနာ ရီလဲ ခဲ့ပြီကွဲ၊ မတော်သေးဘူးလား၊ မတော်သေးဘူးကွဲ။ ဟောအုံးမယ်၊ ဘုန်းကြီး စာပိုဒ်က မဆုံးသေးဘူးနော်။ (မှန်ပါ) မာလုကျပုတ္တမထေရ်ကြီး ပြန်ပြီးတော့လျှောက်တဲ့ ဝဋ္ဋ ဝိဝဋ္ဋပိုင်းကျန်သေးတယ်ကွဲ။ (မှန်ပါ)ဟုတ်လား၊ အဲဒါတော်ချင်တဲ့ ပုဂ္ဂိုလ်ကတော့ ထသာပြန်၊ ဘုန်းကြီးအားမနာနဲ့။ ဝဋ္ဋ ဝိဝဋ္ဋပိုင်းကျန်နေသေးတယ်။ ဒါ ဟောအုံးမှ ဖြစ်အုံးမှာကွဲနော်။ (မှန်ပါ ဘုရား) သို့သော်လည်း ဝဋ္ဋ ဝိဝဋ္ဋတွေကို နောက်ကလဲ ဘုန်းကြီး ခပ်ကျယ် ကျယ်ဟောလာခဲ့ပါတယ်။ အခုတော့ သိပ်ကျယ်ကျယ် မဟောတော့ပါဘူး။ အချိန်ကလဲ သိပ်မရတော့ဘူး။ အင်း–နောက်က လူစုကလဲ တော်ချင်နေပြီ၊ ဘယ့်နှယ်လုပ်ကြမဘဲ။ (တပည့်တော်တို့ကတော့ မတော်သေးပါဘုရား)

**စားဆဲခဏ ရုပ်နာမ်သာရှိ ပုဂ္ဂိုလ်သတ္တဝါမရှိ**

"မုတ မတ္တ"က သုံးခုတွဲထားတာကိုး၊ အခု တခုတောင် ကျန်သေးတယ်၊ ဖောဋ္ဌဗ္ဗ ကျန်သေးတယ်။ ကဲဒီတော့ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒီနေရာမှာ စားတယ်ဆိုတဲ့သဘော။

"အဇ္ဈတ္တရေ အတ္တာ နာမ ကောစိ ဘုဉ္ဇနကော နတ္ထိ"

စားတဲ့ သတ္တဝါ အထဲမှာရှိသလား။ (မရှိပါဘူးဘုရား) ဒါဖြင့် ဘယ်သူ စားတုန်း။

"ဝုတ္တပ္ပကာရ စိတ္တကိရိယဝါယောဓာတု ဝိပ္ဖာရေနေဝ ပတ္တပဋိဂ္ဂ-ဟဏံ နာမ ဟောတိ။ (သီလက္ခန် အဋ္ဌကထာမှာ၊ နှာ ၁၇၉)

ဆိုအပ်ခဲ့ပြီးသော အပိုင်းအခြား အပြားရှိသော စိတ္တကိရိယဝါယော ဓာတ်သည် လှုံ့ဆော်မှုကြောင့် လက်သည် သပိတ်ပေါ်ကို ရောက်၏။ စားတဲ့ ခွက်ထဲကို လက်ရောက်အောင် ပို့ပေးတာ ဘယ်သူတုန်း။ (ဝါယောဓာတ်ပါ ဘုရား) ထမင်းလုတ် လုပ်ဘာ။ (ဝါယောဓာတ်ပါဘုရား) ထမင်းလုတ်ကို မ-လာတာ။ (ဝါယောဓာတ်ပါဘုရား) မေးရိုးတွေကို ဟပေးတာ။ (ဝါယော ဓာတ်ပါဘုရား) ဘယ်သူမှ သံကောက်နဲ့ ဖွင့်ပေးတာ မဟုတ်ဘူး၊ ဘယ်သူမှ ယန္တရားနဲ့ ဖွင့်တာမဟုတ်ဘူးတဲ့၊ ဝါယောရုပ် ထမင်းခံ့ လိုက်တာ။ (ဝါယော ရုပ်ပါဘုရား) ဝါးတာ။ (ဝါယောရုပ်ပါဘုရား) လျှာနဲ့လိမ်းပြီးတော့ မျိုချ

လိုက်တာ။ (ဝါယောရုပ်ပါဘုရား) အဲဒီ အာဟာရကို ဝမ်းထဲမျိုချလိုက်တော့ အာဟာရ ဝမ်းထဲရောက်သွားတာ ဘယ်သူ တွန်းချတုန်း။ (ဝါယောရုပ်ပါ ဘုရား)

အဲဒီ ဝါယောရုပ်က တွန်းချလိုက်တဲ့ အာဟာရတွေကို ဟိုမှာခံထားတာက ဘယ်သူက ကောက်ရိုးတွေ မြက်တွေခင်းပြီးတော့ ဘယ်သူက ခံထားသလဲ၊ ဝါယော။ သူမျိုချလိုက်တယ်၊ အာဟာရကို။ ဝါယောက ခံတာ။ ဝါယောခံထားကြောင်းကို ဘာပြရမလဲဆိုတော့ ဟောဒီ မဟာပထဝီမြေကြီးအောက်က ရေရှိတယ်။ အဲဒီမြေကြီးနဲ့ ရေအောက်မှာ ခံထားတာ ဘယ်သူတုန်း၊ လေ ဟုတ်လား(မှန်ပါဘုရား) ဒီက အပေါ်က မျိုချလိုက်တဲ့ ထမင်းလုတ်ကို အထဲက ဝမ်းထဲက ခံထားတာ ဘယ်အပေါ်တင်ထားတုန်း။ (လေပေါ် တင်ထားပါ တယ်ဘုရား) ဝါယောရုပ်၊ ဟုတ်လား။ (မှန်ပါဘုရား) ပြီးတော့ အဲဒီအာ ဟာရတွေကို ကြေအောင် ညက်အောင် ချက်ပေးတာ ဘယ်သူတုန်း။ တေဇော။ ကြေညက်သွားရော။

အဲဒီ အာဟာရတွေကို အပြင်ဘက်ကို ရောက်အောင် ဘယ်သူ တုတ်နဲ့ ကော် ချသလဲ။ (ဝါယောရုပ်ကပါဘုရား) ဥစ္စာရပဿာဝကမ္မက လဲ ဝါယောဘဲ မဟုတ်လား။ (မှန်ပါဘုရား) ဒီတော့ ဝါယောရုပ်တွေ၊ တေဇောရုပ်တွေ၊ ဟုတ်လား။ စားဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ တရားတွေထဲမှာ အတ္တ၊ လုပ်တတ် တဲ့ သတ္တဝါတယောက် ပါရဲ့လား။ (မပါပါဘူးဘုရား) ရုပ်တရားကွဲ။ သဘော ပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား) အေး- အဲဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ၊ စားဆဲခဏမှာ ဖြစ်ပေါ်လာတာ ဘာလဲ လို့ဆိုတော့၊ သင်္ခါရ-နာမ်ရုပ်တရားတွေ။

## ဝဋ်သုံးပါး ဖြစ်ပေါ်ပုံ

စားလိုတဲ့စိတ် ဖြစ်ပေါ်လာလို့ စားယင် ဝဋ်သုံးပါးဖြစ်လာခဲ့၊ ဟုတ်လား။ (မှန်ပါဘုရား)

စားချင်လိုက်တာ၊ ကိလေသာ၊ စားတာ ကမ္မဝဋ်။
စားလိုက်သောခါ၊ ရုပ်နာမ်နှစ်ဖြာ၊ မှတ်ပါ ဝိပါကဝဋ်။

ပဋိစ္စသမုပ္ပာဒ် အလုပ်က ဒီမှာ။ (မှန်ပါဘုရား) ခန္ဓာမှာ တွေ့ပလားကွဲ၊ ပဋိစ္စသမုပ္ပာဒ်။ (တွေ့ပါတယ်ဘုရား) ဘယ်တုန်းက တွေ့သလဲ။ (အခုမှ တွေ့ ပါတယ်ဘုရား) ဟင် တွေ့ပလား ခန္ဓာ၊ ခန္ဓာ ဆိုတာ နာမ်ရုပ်။ (မှန်ပါ ဘုရား) အဲဒီ နာမ်ရုပ်က ဘယ်မှာတုန်း၊ စားဆဲခဏလေးမှာ ရှိတယ်။ အဲဒီ စားဆဲခဏလေးမှာ စားလိုတယ်ဆိုတဲ့ ကိလေသဝဋ်၊ လိုက်တဲ့ ကမ္မဝဋ် စားဆဲ

ခဏ ဖြစ်ပေါ်တဲ့ နာမ်ရုပ်ဆိုတဲ့ ဝိပါကဝဋ်၊ ခန္ဓာမှာ ဝဋ်သုံးပါးတွေ့ပလား။ (တွေ့ပါတယ်ဘုရား) ဒါ သိပ် အရေးကြီးတယ်ကွဲ့။ (မှန်ပါဘုရား)

ဟိုအခါတုန်းက ဘုန်းကြီးတို့ စာတွေသင်လာခဲ့တယ်၊ အဲဒီ ကိလေသဝဋ် ကမ္မဝဋ်က သင်္ဂြိုဟ် စာအုပ်ထဲမှာ။ ဘုန်းကြီးတို့ သင်တုန်းက ကိလေသဝဋ် ကမ္မဝဋ် သမ္မောအဌကထာထဲမှာ အခယ်လေး ဟုတ်လား၊ အခယ်ဟန်ကျလိုက်တာ ကိုယ့်ကို၊ သဘောကိုကျပြီးတော့ ဒိဋ္ဌိကို တခါထဲ ကွာသွား၊မနဲထိန်းထားရတယ်၊ ဒိဋ္ဌိ ပြုတ်မှာစိုးလို့။ အဲဒီတုန်းက (မှန်ပါဘုရား) ဟုတ်လား၊တကယ် မျှားကို ဒိဋ္ဌိကြီး ပြုတ်ကွာကျသွားပြီလို့ ဒီလို အောက်မေ့လိုက်ရတာ၊ စာ သဘောပေါက်ထာကိုးကွဲ့။ (မှန်ပါဘုရား) နို့—အဲဒါ ဘုန်းကြီးတို့ ခန္ဓာရောက်ခဲ့ရဲ့လား။ (မရောက်ပါဘုရား) ဟင်–ရောက်ကဲ့လား၊ တကာကြီး။ (မရောက်ပါဘူးဘုရား) မရောက်ဘူး။ အလုပ်လုပ်လိုက်တော့ ခန္ဓာရောက်လာပြီမဟုတ်လား လို့။ (ရောက်လာပါပြီဘုရား) ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ခန္ဓာရောက်မလာဘူးလား။ (ရောက်လာပါပြီဘုရား) အဲဒီ ခန္ဓာကို ရောက်မှ ဉာဏ်သက်ဝင်တယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ဟုတ်လား။ (မှန်ပါဘုရား)

ဒါကြောင့် ဉာဏ်အလုပ်ဖြစ်အောင်လုပ်ပါ။ (မှန်လှပါဘုရား) စားဆဲခဏ နော်။(မှန်ပါ)အေး–ဒီကနေ့တော့ အဲဒါနဲ့ ပြီးရလိမ့်မကွဲ၊ နော်။ အေး—ကျန်သေးတယ်ကွဲ့။ (မှန်ပါ) အေး—ဒီတော့ အဲဒီ ကဗဠီကာရအာဟာရလို့ခေါ်တဲ့ စားဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ နာမ်ရုပ်ကို ဝိပဿနာရှုယင် "မုတမတ္တ" ဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတော့ ခုနင်က ပြောခဲ့တဲ့အတိုင်းဘဲ၊ဟုတ်လား။ (မှန်ပါဘုရား)

"ရသာယတနံ သာယိတဗ္ဗေသု ခါယိတဗ္ဗေသု ဘုဉ္ဇိတဗ္ဗေသု မုတံ"

လျက်အပ်၊ ခဲအပ်၊ စားအပ်သော (သောက်အပ်သော) သဘောရှိသောကြောင့် သူ့ကို ရုပ်။ (ရုပ်တရားပါဘုရား)

"ဇိဝှာဝိညာဏံ ပန သဒ္ဓိံ တံ ဒွါရိကဝိညာဏေဟိ ဘုဥ္စနေ့ေသု မုတံ"

စားတတ်သောကြောင့်။ (နာမ်တရားပါဘုရား)

စားအပ် စားတဘ်၊ထိုနှစ်ရပ်ဘား၊ခေတ်စုံ့နှလုံ၊မည် မုတ၊ ဓမ္မ သက်သက်ပါတကား။

ပုဂ္ဂိုလ်မဟုတ်၊ ငါမဟုတ်၊ နာမ်ရုပ် အစုပါတကား။ ဉာတပရိညာ။(မှန်ပါဘုရား)

**ဖြစ်ပေါ်ပြီးနောက်၊ ချက်ချင်းပျောက်၊ ယွင်းဖောက်အနိစ္စပါတကား။**
**ဖြစ်ခြင်း ပျက်ခြင်း၊ နှိပ်စက်ခြင်း၊ မယွင်း ဒုက္ခပါတကား။**
**လို မပါခဲ့၊ သူ့အနက်၊ သက်သက် အနတ္တပါတကား—**

လို့ဆိုတော့၊ တီရဏပရိညာ။ (မှန်ပါဘုရား) အဲဒီလို ပိုင်သွားယင် ဒီ လက္ခဏာကို တင်ပြီးတော့ ဝိပဿနာရှုယင်လေ၊ အဲဒီလက္ခဏာတင်ပြီးတော့ နာမ်ရုပ်ကို ရှုပွားလျှင်—

လက္ခဏာတင်၊ ရှုပွားလျှင်။ ပြေးဝင် မဂ္ဂ နိရောဓ—လို့ဆိုယင် ကာမတဆယ့်တဘုံ ပြုတ်ကရောက္ခ။ (မှန်ပါဘုရား) ဟုတ်လား၊ အနာဂါမိမဂ် အနာဂါမိဖိုလ်ထိအောင် သွားတယ်လို့ ပြောတယ်။ (မှန်ပါဘုရား) အဲဒီ အတိုင်းသာ ရှုပွားမယ်ဆိုယင်ဖြင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ ဉာတပရိညာ တီရဏပရိညာ အခု ညနေ၁်၊ နက်ဖြန်ကာ ပဟာနပရိညာပိုင်းကို ပြောရမယ်။ (မှန်ပါဘုရား) ဒီတော့ ပဟာနပရိညာပိုင်းကို မပြောသေးခင် ဘာပြောရမလဲ ဆိုတော့၊ ဖောဋ္ဌဗ္ဗကျန်သေးတယ်။ (မှန်ပါဘုရား)

နက်ဖြန်ကာကျတော့ ဖောဋ္ဌဗ္ဗရယ် ပဟာနပရိညာပိုင်းရယ် ဝိညာတရယ် အဲဒါ ပေါင်းပြီးတော့ ဟောကြစို့နော်။ (မှန်ပါဘုရား) အဲဒါကြောင့် ဒီကနေ့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ အချိန်လေးလဲ တော်တော်များသွားပြီ၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒါကြောင့် စားဆဲခဏမှာ ဖြစ်ပေါ်လာယင်—"အနိစ္စာနုပဿီ ဘုဉ္ဇိဿာမိတိ သိက္ခတိ" အနိစ္စာနုပဿီ၊ အနိစ္စကို ရှုလေ့ရှိသည်ဖြစ်၍။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်နဲ့ "မုတမတ္တ" ဖြစ်အောင် ကျင့်ပါ။ (မှန်ပါဘုရား)

အနိစ္စာနုပဿီ၊ အနိစ္စကို ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကို အနိစ္စလို့ ရှုသည်ဖြစ်၍၊ ဝါ၊ စားအပ်စားတတ် စားစရာ စားတာခေါ်တဲ့ စားအပ်သော ရုပ် စားအပ်သော နာမ်ကို ပိုင်းခြားထင်ထင် ဉာဏ်နဲ့ မြင်အောင် ရှုလေ့ရှိသည်ဖြစ်၍။ ဘုဉ္ဇိဿာမိ၊ စားအံ့။ သာယိဿာမိ၊ လျက်အံ့။ ခါယိဿာမိ၊ ခဲအံ့။ ပိဝိဿာမိ၊ သောက်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။ ကျင့်ပါ။ တုမှေ၊ သင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်းတို့သည်။ သိက္ခထ၊ ကောင်းစွာမသွေ ကြိုးစား၍ ကျင့်နိုင်ကြပါစေကုန်သတည်း။

သာဓု— သာဓု— သာဓု—

# မာလုကျပုတ္တသုတ္တန်

## ဆဋ္ဌမပိုင်း

သာသနာတော် သက္ကရာဇ်—၂၅၂၂—ခုနှစ်၊ ကောဇာသက္ကရာဇ်—၁၃၄၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉—ရက်၊ မုံရွာမြို့ ဆုတောင်းပြည့် စေတီတော်ကြီး၏ ယင်ပြင်တော် ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် တည်ခင်း ဟောကြားအပ်သော သံယုတ္တနိကာယ် သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် သဠဝဂ်၌ မာလုကျပုတ္တသုတ္တန် ဆဋ္ဌမပိုင်း တရားဒေသနာ။

### ကာယဝိညာဏ် မုတေ မုတမတ္တ

(ဘုရားရှိခိုး ရွေးနည်းအတိုင်း)

"တ္ထေ စ တေ မာလုကျပုတ္တ ဒိဋ္ဌသုတမုတဝိညာတဗ္ဗေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ"။

မာလုကျပုတ္တ၊ ချစ်သားမာလုကျပုတ္တ။ ဒိဋ္ဌသုတမုတဝိညာတဗ္ဗေသု၊ မြင်အပ် ကြားအပ် တွေ့အပ် ရောက်အပ် သိအပ်ကုန်သော။ တ္ထေ စ တေသု ဓမ္မေသု၊ ဤတရားတို့၌။ ဝါ၊ ဤတရားတို့တွင်။ ဒိဋ္ဌေ၊ အဆင်းမျိုးစုံ ရူပါရုံကို မြင်အပ်ရာ၌။ ဒိဋ္ဌမတ္တံ။ မြင်အပ်ကာမျှသည်သာ။ ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ ဖြစ်ရလေအောင်။ သုတေ၊ အသံမျိုးစုံ သဒ္ဒါရုံကို ကြားအပ်ရာ၌။ ဝါ၊ ကြားဆဲခဏ၌။ သုတမတ္တံ၊ ကြားအပ်ကာမျှသည်သာ။ ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ "သုတမတ္တ" ဖြစ်ရလေအောင်။ မုတေ၊ ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တို့ဖြင့် ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ကို တွေ့အပ် ရောက်အပ်ရာ၌။ မုတမတ္တံ၊ တွေ့အပ် ရောက်အပ်ကာမျှသည်သာ။ ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ "မုတမတ္တ" ဖြစ်ရလေအောင်။ ဝိညာတေ၊ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့၌။ ဝိညာတမတ္တံ၊ သိအပ်ကာမျှသည်သာ။ ဘဝိဿတိ၊ ဖြစ်အံ့။ ဝါ၊ "ဝိညာတမတ္တ" ဖြစ်ရလေအောင်။

တို့၊ သင်ချစ်သား မာလုကျပုတ္တသည်။ သိက္ခိတဗ္ဗံ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကို ကောင်းစွာမသေ့ ကျင့်အပ်ပါပေသတည်း။

သာဓု— သာဓု— သာဓု—

ဘုန်းကြီးတို့ အဲဒီစာပိုဒ်ကို ဟောခဲ့တာ ဒီကနေ့ညဆိုတော့ ခြောက်ည၊ အဲဒီခြောက်ညမှာ ဘယ်လောက် ကုန်သွားပလဲလို့ဆိုတော့ မာလုကျပုတ္တာသုတ္တန်ကြီးမှာ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"၌ "ဒိဋ္ဌမတ္တ"ဖြစ်အောင် ကျင့်ပုံကို ဟောပြီးပြီနော်။ (မှန်ပါဘုရား)"သုတေ သုတမတ္တံ"၌ "သုတမတ္တ"ဖြစ်အောင် ကျင့်ပုံနှင့်တကွ ဟောပြီးပြီ။(မှန်ပါဘုရား) "မုတေ မုတမတ္တံ"ဆိုတဲ့အပိုင်းမှာ ဃာနဝိညာဏ်ဖြင့်သိအပ်သော အနံ့မျိုးစုံ ဂန္ဓာရုံ၊ ဇိဝှာဝိညာဏ်ဖြင့်သိအပ်သော အရသာမျိုးစုံ ရသာရုံ ဟောပြခဲ့ပြီနော်။ (မှန်ပါဘုရား)

## ကာယဝိညာဏ်နှင့် အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ

ကာယဝိညာဏ်ဖြင့် တွေ့အပ် ရောက်အပ်သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ "မုတမတ္တ"ပိုင်း (မှန်ပါဘုရား) အဲဒီ ကာယဝိညာဏ်ဖြင့် သိအပ်သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံမှာလဲဘဲ သင်ချစ်သားသည် တွေ့အပ်ကာမျှသာ ဖြစ်အောင် ကျင့်ပါတဲ့။ ဘယ်နှယ်ကျင့်ရမလဲ၊ ဘယ်လိုကျင့်ရမလဲ "မုတမတ္တ" ဖြစ်အောင် မနေ့ညကလဲ ပြောခဲ့ပြီးပါပြီ နော်။ (မှန်ပါဘုရား) ဒီတော့ "မုတ မတ္တ"မှာ ကာယဝိညာဏ်နဲ့ ဖောဋ္ဌဗ္ဗ။ ကာယဝိညာဏ် ထိဆဲ ခဏတွေမှာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေရဲ့ ကာယပသာဒ ရုပ်တွေ ပျံ့နှံ့ရာဖြစ်သော ခန္ဓာကိုယ် အတ္တဘောမှာ ဖောဋ္ဌဗ္ဗရုပ်နဲ့ ထိတိုင်း ထိတိုင်း ဖောဋ္ဌဗ္ဗ ဓာတ်ကြီး အင်မတန် ကြောက်စရာကောင်းတဲ့ဓာတ်။ ဖောဋ္ဌဗ္ဗဓာတ်။

နာမ်ဓာတ်ဘက်က ဖဿ၊ အင်မတန် ကြောက်စရာ ကောင်းတဲ့ ဖဿ။ ရုပ်ဓာတ်ဘက်က ဖောဋ္ဌဗ္ဗ၊ အင်မတန် ကြောက်စရာကောင်းတယ်။ ဘုန်းကြီးတို့ အမျိုးကောင်းသားများ၊သမီးများမှာ စိတ်ဆင်းရဲတယ်၊စိတ်နာတယ်၊စိတ်ပူပင်သောကတွေရောက်တယ် စသည်ဖြင့် စိတ်ပူပင်မှုဟူသရွေ့ဟာ ဖဿဒဏ်ချက်တွေချည်းဘဲကွဲ့။ ဘာဒဏ်ချက်တုန်း။ (ဖဿဒဏ်ချက်ပါဘုရား) ခန္ဓာကိုယ် တကိုယ်လုံးမှာ နာတယ်၊ကျင်တယ်၊တောင့်တယ်၊ တင်းတယ်၊ ခန္ဓာကိုယ် ပင်ပန်းတယ်၊ နွမ်းနယ်တယ်ဆိုတဲ့ ဒဏ်ချက်တွေ ဟူသရွေ့ဟာ ဖောဋ္ဌဗ္ဗ ဒဏ်ချက်ချည်းထဲဘဲကွဲ့။ ခေါင်းကိုက်တာလဲ ဖောဋ္ဌဗ္ဗဒဏ်ချက်ပဲ၊ ရင်အောင့်တာလဲ ဖောဋ္ဌဗ္ဗ ဒဏ်ချက်ပဲ၊ ခန္ဓာကိုယ်မှာ ကိုက်ခဲတယ်၊ နာကျင်တယ်၊ တောင့်တင်းတယ်ဆိုတာတွေ ဖောဋ္ဌဗ္ဗဒဏ်ချက်တွေ။ အဲဒါ ဖောဋ္ဌဗ္ဗ ဒဏ်ချက်တွေ။ (မှန်ပါဘုရား)

ဒီတော့ အင်မတန် အဆိပ်ပြင်းထန်တဲ့ မြွေနဂါးကြီးတွေဟာ အစွယ်နှစ်ချောင်းနဲ့ သတ္တဝါတွေကို အဆိပ်သင့်အောင် သေလောက်အောင် သေတဲ့ဒုက္ခကိုဖြစ်အောင် ဖန်တီးပေးနေကြသလို ရုပ်ခဲ့ဘက် နာမ်ခဲ့ဘက်တွေမှာလဲဘဲ သတ္တဝါတွေကို သေလောက်အောင် သေသည်အထိဖြစ်အောင် နှိပ်စက်နေတဲ့ ဒဏ်ချက်ကြီး နှစ်ချက်ဟာ နာမ်ကာယတွေဘက်က ဖဿဒဏ်ချက်၊ ဘာဒဏ်ချက်တုန်းကွဲ။ (ဖဿ ဒဏ်ချက်ပါဘုရား) ရုပ်ကာယတွေ ဘက်က နှိပ်စက်ပြီးတော့ ဖျက်ဆီးနေတာ ဖောဋ္ဌဗ္ဗဒဏ်ချက်။ (မှန်ပါဘုရား) အခု ဖောဋ္ဌဗ္ဗာရုံ ဟုတ်လား။(မှန်ပါဘုရား) ဖောဋ္ဌဗ္ဗ ဒဏ်ချက်လို့ ဆိုဘာ ထိတွေ့ ဖောဋ္ဌဗ္ဗ။ ဖွဲ့တင်း ကြပ် ဖောဋ္ဌဗ္ဗ။ ဖောဋ္ဌဗ္ဗ ဒဏ်ချက်။ လက်လေးချောင်းကို ကားပြီးတော့ ထောင်ထားလိုက်မယ်ဆိုယင် ဘာဒဏ်ချက်မှ မပေါ်သေးဘူး။ ပူးလိုက်၊ ထိလာပြီ။(ထိပါတယ်ဘုရား)အဲဒါကို ပူးလိုက် ဆုပ်လိုက်ယင် ဒဏ်ချက်တွေ ပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား) အဲဒါ ဖောဋ္ဌဗ္ဗဒဏ်ချက်။ (မှန်ပါဘုရား) သဘောပေါက်ကဲ့လား။(ပေါက်ပါတယ်ဘုရား)ဒါ သဘောပေါက်ပြီ ဟုတ်လား။(မှန်ပါ)

### ကာယဝိညာဏ်နှင့် ဖောဋ္ဌဗ္ဗခဲ့ဘက်၏ တရားကိုယ်

ဒီဖောဋ္ဌဗ္ဗခဲ့ဘက်ရဲ့ အာရုံတရားကွဲ။ဒီဖောဋ္ဌဗ္ဗအာရုံကို ဘယ်သူက ယူသလဲလို့ဆိုတော့ ကာယဝိညာဏ်က ယူထားတယ်။ (မှန်ပါဘုရား) ကာယဝိညာဏ်က ယူပြီးတော့ သူဘယ်ပို့လိုက်သလဲလို့ဆိုတော့ မနောဝိညာဏ် ထိအောင် သူက ပို့လိုက်တော့ သိပ်ပင်ပန်းကုန်တယ်။ (ပင်ပန်းပါတယ်ဘုရား) အဲဒါကြောင့် ဖောဋ္ဌဗ္ဗဒဏ်ချက်နဲ့ တွေ့လာတဲ့ အခါမှာ "မုဘ မတ္တ"ဖြစ်အောင် ကျင့်နည်းကိုတော့ "ဒိဋ္ဌမတ္တ"ဖြစ်အောင် ကျင့်သလိုဘဲ၊ ဖောဋ္ဌဗ္ဗရုပ် ဖောဋ္ဌဗ္ဗာယတန၊ နော်။ (မှန်ပါဘုရား)ကာယဝိညာဏ်လို့ ဒီလို နှစ်ခုတွဲသိုက်။အဲဒီလို နှစ်ခုတွဲပြီးတော့—

"ဖောဋ္ဌဗ္ဗာယတနံ ဖုသိတဗ္ဗဋ္ဌေန မုတံ"

ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗရုပ်သည်။ ဖုသိတဗ္ဗဋ္ဌေန၊ တွေ့အပ် ရောက်အပ်သော သဘောရှိသောကြောင့်။ မုတံ၊ မုဘမည်။

မုဘလို့ ဆိုတဲ့ စကားလုံးထဲမှာ ဖောဋ္ဌဗ္ဗရုပ် ဆိုတဲ့ ရုပ်တလုံး ပါလာတယ်။ (မှန်ပါဘုရား) ထိဆဲခဏ။(မှန်ပါ)

"ကာယဝိညာဏံ ပန သဒ္ဓိံ တံ ဒွါရိကဝိညာဏေဟိ ဖုသနဋ္ဌေန မုတံ"

ကာယဝိညာဏံ ပန၊ ကာယဝိညာဏ် စိတ်သည်ကား။ ထိယင် သိတဲ့ စိတ်ကို ကာယဝိညာဏ်စိတ်လို့ ခေါ်တယ်။ (မှန်ပါတယ်) ကာယပသာဒရုပ် ပျံ့နှံ့ရာ

ဖြစ်တဲ့ တကိုယ်လုံးကို ဘယ်နေရာ ထိထိ။ထိလို့ အသိကလေး ပေါ်လာယင် အဲဒီအသိဟာ ဘာတုန်း။(ကာယဝိညာဏ်စိတ်ပါဘုရား) အဲဒီ ကာယဝိညာဏ် စိတ်က "သဒ္ဓိံ တံ ဒွါရိက ဝိညာဏေဟိ ဖုသနဒ္ဓေန မုတံ" ကာယဝိညာဏံ ပန၊ ကာယဝိညာဏ် စိတ်သည်ကား။ တံ ဒွါရိကဝိညာဏေဟိ၊ ထို ကာယ ဒွါရ၌ ဖြစ်ကုန်သော ဝိညာဏ်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ ဖုသနဒ္ဓေန၊တွေ့ထိဘတ်သော သဘောရှိသောကြောင့်။မုတံ၊ မုတ။ (မှန်ပါဘုရား)

မုတလို့ဆိုတဲ့ စကားလုံးထဲမှာ နာမ်ရော ရုပ်ရော တခါထဲ ပါလာတယ်။ (မှန်လှပါဘုရား) အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံသည် တွေ့အပ် ရောက်အပ်သော သဘောရှိသောကြောင့် မုတ။ ကာယဝိညာဏ်စိတ်သည် တွေ့တတ် ရောက်တတ်သော သဘောရှိသောကြောင့် မုတ။ ကာယဝိညာဏ်စိတ်က နာမ်တရား၊ ဖောဋ္ဌဗ္ဗရုပ်က ဘာပါလိမ့်။(ရုပ်တရားပါဘုရား) ပေါင်းလိုက်တော့ ဘာနဲ့ ဘာပါလိမ့်။(နာမ်ရုပ်ပါဘုရား)

## ပုဂ္ဂိုလ်သတ္တဝါ မရှိ နာမ်ရုပ်သာရှိ

"န တတ္ထ ကောစိ ပုဂ္ဂလော ဝါ သတ္တော ဝါ ဝိဇ္ဇတိ"

တတ္ထ၊ ထို အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေ ရောက်ရှိလာရာ၌။ ကောစိ၊ တစုံ တခုသော။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်၎င်း။ သတ္တော ဝါ၊သတ္တဝါသည်၎င်း။ န ဝိဇ္ဇတိ၊ မရှိ။

ဘာနဲ့ ဘာသာ ရှိသတုန်းကွဲ့။(နာမ်နဲ့ရုပ်သာ ရှိပါတယ်ဘုရား) နာမ်နဲ့ရုပ်၊ ထိဆဲခဏမှာ ဘာနဲ့ ဘာသာ ရှိသလဲ။ (နာမ်နဲ့ ရုပ်သာ ရှိပါတယ်ဘုရား) အဲဒီ နာမ်နဲ့ ရုပ်မှာ ပုဂ္ဂိုလ်လဲ မရှိဘူး၊ သတ္တဝါလဲ မရှိဘူးတဲ့၊ ခေါင်းလဲ မရှိဘူးတဲ့၊ နှာခေါင်းလဲ မရှိဘူးတဲ့၊ ရှိရဲ့လား။(မရှိပါဘုရား) နာမ်ရုပ်မှာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ခေါင်းတို့ နှာခေါင်းတို့ ရှိသလား။ (မရှိပါဘူးဘုရား)

လူကျတော့။(ရှိပါတယ်ဘုရား) သတ္တဝါကျတော့။ (ရှိပါတယ်ဘုရား) သတ္တဝါမှာ ခေါင်းလဲရှိတယ်၊ နှာခေါင်းလဲရှိတယ်၊ အင်္ဂါအစိတ်အပိုင်းတွေ အားလုံးရှိတယ်။လူမှာလဲဘဲ ခေါင်းတွေ နှာခေါင်းတွေ နားရွက်တွေ မျက်လုံးတွေ မျက်ခုံးတွေစသည်ဖြင့် အားလုံး အင်္ဂါ အစိတ် အပိုင်းတွေရှိတယ်၊ ရှိတယ် မဟုတ်လား။(ရှိပါတယ်ဘုရား)အဲဒါ သတ္တဝါမှာရှိတာနော်။ (မှန်ပါဘုရား)

**အဲဒီ** အင်္ဂါအစိတ်အပိုင်းတွေရှိတဲ့ သတ္တဝါကိုတော့ ဘုန်းကြီးတို့ အမျိုး **ကောင်းသား၊သမီးတွေက** မေတ္တာပွားပါ။ ဘာလုပ်ရမတဲ့လဲ။ (မေတ္တာပွားရ

မှာပါဘုရား) အေး—မေတ္တာ ကမ္မဋ္ဌာန်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းလို့ ကမ္မဋ္ဌာန်း နှစ်ခုရှိတယ်။ (မှန်ပါဘုရား) ဒီတော့ မေတ္တာ ကမ္မဋ္ဌာန်း၏ အာရုံသည် ဘာလဲလို့ မေးယင်။ (ပုဂ္ဂိုလ်နဲ့ သတ္တဝါပါဘုရား) သုခိတသတ္တဝါပညတ်တို့ ဒုက္ခိတသတ္တဝါပညတ်တို့ ဟုတ်ဘယ် မဟုတ်လား၊ (မှန်ပါဘုရား) အဲဒါ ပညတ်အာရုံ။ ကမ္မဋ္ဌာန်းဆိုတဲ့စကားလုံးသံလေး ပါနေတာနဲ့ မေတ္တာကမ္မဋ္ဌာန်းရဲ့ အာရုံဟာ နာမ်ရုပ်ပါလို့ဖြေယင် မှားသလား၊ မှန်သလား။ (မှန်ပါတယ်ဘုရား) မှားတယ်။ မေတ္တာကမ္မဋ္ဌာန်းရဲ့ အာရုံဆိုယင်တော့ ဘာပြောရမလဲ။ (ပုဂ္ဂိုလ် သတ္တဝါပါဘုရား) ဝိပဿနာ ကမ္မဋ္ဌာန်းရဲ့ အာရုံကျတော့ ဘာပါလိမ့်။ (နာမ် ရုပ်ပါဘုရား) နာမ်ရုပ်။ အဲဒီ နာမ်ရုပ်မှာ၊ အဋ္ဌကထာက—

"န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ"

ဧတ္ထ၊ ဤနာမ်ရုပ်၌။ သတ္တော ဝါ၊ သတ္တဝါသည်၎င်း။ မနုဇော စ၊ လူပုဂ္ဂိုလ်သည်၎င်း။ န ဝိဇ္ဇတိ၊ မရှိ။

နာမ်ရုပ်မှာ ပုဂ္ဂိုလ်လဲမရှိ၊ သတ္တဝါလဲ မရှိဘူး။ (မှန်ပါဘုရား) ဒါဖြင့် ဘာတွေ ရကောင်းသလဲ၊ ထိဆဲ ခဏမှာ ရကောင်းတာက။ (နာမ်နဲ့ရုပ်ပါဘုရား)

ဖုသိတဗ္ဗဋ္ဌေန မုတံ။ ရုပ်တရား။ (မှန်ပါဘုရား)

ဖုသဋ္ဌေန မုတံ။ နာမ်တရား။ (မှန်ပါဘုရား)

ကာယဝိညာဏ်စိတ်နှင့်တကွ ထိုကာယဒွါရ၌ ဖြစ်ကုန်သော စိတ် စေတသိက်တို့သည် နာမ်၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေက ရုပ်။ ဒီတော့ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေဟူသရွေ့ကို ဘာလို့ ရှုထားရမလဲ၊ တွေ့လာယင် ထိလာယင် ရောက်လာယင် ဘာလို့ရှုရမလဲ။ (ရုပ်တရားလို့ ရှုရမှာပါဘုရား) သိနေတာ ဘာပါလိမ့်။ (နာမ်တရားပါဘုရား) ပေါင်းတော့ ဘာနဲ့ဘာတုန်း။ (နာမ်ရုပ်ပါဘုရား) နာမ်ရုပ်။ တခုခုလေး ထိတော့မယ်ဆိုယင် နေ၁်။ (မှန်ပါ)

"အနိစ္စာနုပဿီ ဖုသိဿာမိတိ သိက္ခတိ"

ဟော—မုတမတ္တဖြစ်အောင် ဒီလိုကျင့်ရမယ်။ (မှန်ပါဘုရား) အနိစ္စာနုပဿီ။ နာမ် ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ ဖုသိဿာမိ၊ ထိတွေ့အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

ဒီလိုကျင့်ယင် "မုတမတ္တ" ဖြစ်တယ်။ (မှန်ပါဘုရား) ဒီတော့ ထိဆဲခဏမှာ ဖြစ်ပေါ်လာတာတွေကတော ဘာတွေတုန်း—

ထိဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါ သင်္ခတ။

ထိဆဲခဏမှာ ဖြစ်ပေါ်လာတာက ဘာတရားပါလိမ့်။ (သန်တတရားပါဘုရား) သဲတာ ဓမ္မာဟူသော ပဌမပဒ်၏ အရကောက်လိုက်တော့ စိတ်ရယ် စေတသိက်ရယ် ရုပ်ရယ်၊ ဒါဘဲရတယ်၊ သတ္တဝါ မရဘူး။ (မရပါဘုရား) ပုဂ္ဂိုလ်လဲမရဘူး၊ လူလဲ မရဘူး၊ ခေါင်းတွေလဲမရဘူး။(မှန်ပါဘုရား)ဘာရသလဲ။(သန်တ တရားပါဘုရား) စိတ် စေတသိက် ရုပ်။ စိတ် စေတသိက်က နာမ်၊ ရုပ်တရားက ရုပ်။ ဘာနဲ့ ဘာရသလဲ။(နာမ်ရုပ်ပါဘုရား)နာမ်ရုပ်။အဲဒီနာမ်ရုပ်ကို ဘာလို့ ခေါ်သလဲလို့ဆိုတော့ မမြဲသည့်အတွက် အနိစ္စလို့ ခေါ်တယ်ကွဲ။ (မှန်ပါဘုရား)

"အနိစ္စန္တိ ပဉ္စက္ခန္ဓာ" (အဋ္ဌကထာ)

အနိစ္စဆိုတာ ဘာကိုခေါ်သလဲလို့ဆိုတော့ ခန္ဓာငါးပါးကို ခေါ်တယ်ကွဲ။ ခန္ဓာငါးပါးကို ပေါင်းလိုက်တော့ ဘာတွေရသလဲ။(နာမ်ရုပ်ရပါတယ်ဘုရား) ရူပက္ခန္ဓာက ရုပ်၊ ကျန်တဲ့ ခန္ဓာလေးပါးက နာမ်။ ပေါင်းတော့ ဘာနဲ့ဘာပါလိမ့်။(နာမ်ရုပ်ပါဘုရား) အဲဒီနာမ်ရုပ်ကို အနိစ္စလို့ ရှုလေ့ရှိသည်ဖြစ်၍ ဓမ္မာနု-ပဿနာသတိပဋ္ဌာန်—

"အနိစ္စာနုပဿီ ဖုသိဿာမိတိ သိက္ခတိ"

အနိစ္စာနုပဿီ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ ဖုသိဿာမိ၊ထိတွေ့အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။

ဒါ"အနိစ္စာနုပဿီအဿသိဿာမိတိသိက္ခတိ"ဆိုတဲ့ ပါဠိတော်ကို နယဂ္ဂါဟ ယူထားတာ။ (မှန်ပါဘုရား)ဒီတော့ ထိဆဲခဏမှာ ဖြစ်ပေါ်လာတာ၊ထိဆဲခဏ သိဆဲခဏတို့မှာ ဖြစ်လာတာ၊ ထိယင် ဘယ်လိုရှုရမလဲ။ (နာမ်ရုပ်ကို ရှုရမှာပါဘုရား) တစ်ခုတခု ကာယပသာဒကို လာပြီးတော့ ထိယင်။ (နာမ်ရုပ်ကိုရှုရမှာဘုရား) နာမ်ရုပ်။ ထိတဲ့သဘောဟာ ရုပ်၊ သိတဲ့သဘောက။ (နာမ်ပါဘုရား) ပေါင်းလိုက်တော့။ (နာမ်ရုပ်ပါဘုရား) ရုပ်လို့သိနေယင် နာမ်မပါဘူးလား။ (ပါပါတယ်ဘုရား)အဲဒီလို ရုပ်ကိုသိနေတော့ ရုပ်ကို မှီပြီးသိနေတဲ့ အသိနာမ် ကလေးကလဲ ထင်ထင်ရှားရှားကြီး ဖြစ်လာတယ်ကွဲ။ (မှန်ပါဘုရား) အဲဒါကြောင့်—

"တဒါရမ္မဏာ အရူပဓမ္မာ သယမေဝ ပါကဋာ ဟောန္တိ"

တဒါရမ္မဏာ၊ ထိုရုပ်တရားလျှင် အာရုံရှိကုန်သော။ အရူပဓမ္မာ၊ နာမ်တရားတို့သည်။သယမေဝ၊ သူ့အလိုလိုသာလျှင်။ပါကဋာဟောန္တိ၊ ထင်ရှားဖြစ်လာကုန်၏။

လို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာက ဆိုတာကွဲ။ အဲဒါ သတိကပ်ဘို့ အရေးကြီးတယ်၊ သတိကပ်ထားတဲ့ ဝိပဿနာစိတ်က ရုပ်ကိုလဲသိတယ်။ ရုပ်ကိုမှိုဖြစ်တဲ့ အသိဉာဏ် ကိုလဲ သိတယ်။(မှန်ပါဘုရား)ပညာ ယှဉ်သွားဘို့၊ ဦးစီးဘို့ အရေးကြီးတယ်။ (မှန်လှပါဘုရား)

## ဝိပဿနာ ရှုပွားစိတ်၌ မဂ္ဂင်နှင့် သိက္ခာသုံးပါး ပါဝင်နေပုံ

သတိက သမာဓိမျိုးကွဲ။ (မှန်ပါ) ဉာဏ်က ပညာမျိုးကွဲ။ မဂ္ဂရှစ်ပါးကို ခွဲလိုက်တဲ့ အခါကျတော့ သတိရယ် ဝီရိယရယ် သမာဓိရယ်က သမာဓိမဂ္ဂင်။ (မှန်ပါဘုရား) သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပက ပညာမဂ္ဂင်လို့ ဆိုတော့ ဉာဏ်က ပညာမျိုး၊ သတိက ဘာမျိုးပါလိမ့်။ (သမာဓိမျိုးပါဘုရား) သတိသမာဓိ၊ ဟုတ်လား(မှန်ပါဘုရား)

အေး—ပြောင်းမသွားအောင် ဒီ သတိ သမာဓိ ပါနေကတဲကိုက အဓိ စိတ္တသိက္ခာ။ ဘာသိက္ခာတုန်းကွဲ။ (အဓိစိတ္တသိက္ခာပါဘုရား) နာမ်ရုပ်ကို မြင် နေတာ အဓိပညာသိက္ခာ၊ ဘာသိက္ခာတုန်းကွဲ။ (အဓိပညာ သိက္ခာပါဘုရား) အဲဒီနာမ်ရုပ်ပေါ်က ပုဂ္ဂိုလ်ဘက် သတ္တဝါဘက်၊ ခေါင်းတွေ၊ နားခေါင်းတွေ၊ နားရွက်တွေ၊ မျက်လုံးတွေ၊ မျက်ခုံးတွေဘက်ကို စိတ်ပြောင်းပြီးတော့ မသွား အောင် စောင့်ရှောက်လိုက်တာက သံဝရဋ္ဌ အနက်သဘောရှိသောကြောင့် သီလသိက္ခာ။(မှန်ပါဘုရား) သိက္ခတိ၊ ဟုတ်လား။ (မှန်ပါဘုရား)

> "သိက္ခတီတိ အဓိသီလသိက္ခမ္ပိ သိက္ခတိ၊ အဓိစိတ္တသိက္ခမ္ပိ သိက္ခတိ၊ အဓိပညာသိက္ခမ္ပိ သိက္ခတိ"။

ကျင့်တယ်လို့ဆိုတာ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ သုံးပါးကို ကျင့်တယ်။ ဘယ်လိုကျင့်သလဲ၊ သံဝရဋ္ဌေန အဓိသီလသိက္ခမ္ပိ သိက္ခတိ။ နာမ်ရုပ်ဘက်ကနေပြီးတော့ ပုဂ္ဂိုလ်သတ္တဝါဘက်ကို ပြောင်းမသွား အောင် မိမိစိတ်ကို စောင့်စည်းခြင်းဟူသော အနက်သဘောသဘောရှိသော ကြောင့် အဓိသီလသိက္ခာကို ကျင့်သည်မည်၏။(မှန်လှပါဘုရား)

တနည်းအားဖြင့်— အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများသည် ငါးပါးသီလစသည်ကို စောင့်ထိန်းပြီး ဝိပဿနာ ရှုပွားနေကြတယ် မဟုတ် လား။ (သီလ စောင့်ထိန်းကြပါတယ် ဘုရား) အဲဒီ စောင့်ထိန်းတဲ့ သီလ ဟာ ဝိပဿနာရဲ့ အခြေခံဖြစ်သည့်အတွက် အဓိသီလသိက္ခာမည်တယ်ကွဲ။ (မှန်ပါဘုရား)သာသနာကြီးနဲ့ ကြုံကြိုက်ရတဲ့ အကျိုးကွဲ။ (မှန်ပါဘုရား)

ဝိပဿနာသတိပါနေသည် ဖြစ်သောကြောင့်· အဝိက္ခေပဌေနေ၊ နာမ်ရုပ်မှ ပုဂ္ဂိုလ်သတ္တဝါဘက်ကို စိတ်ပြန့်၍၊ နိမိတ္တ အနုဗျဉ္ဇနတွေကို စိတ်ပြန့်၍ မသွားခြင်းဟူသော အနက်သဘော သတ္တိရှိသောကြောင့်။ အဝိစိတ္တသိက္ခမ္ပိ၊ အဝိစိတ္တသိက္ခာကိုလည်း။ သိက္ခတိ၊ ကျင့်သည်မည်၏။

သိက္ခိတဗ္ဗအရ ဟောနေတာ။ (မှန်ပါ) ဒဿနဋ္ဌေန၊ ထိဆဲခဏမှာ နာမ်ရုပ်ကိုသာ လက္ခဏာဉာဏ်နဲ့ မြင်၍ နေသည်ဖြစ်သောကြောင့်။အဓိပညာသိက္ခမ္ပိ၊ အဓိပညာသိက္ခာကိုလည်း။ သိက္ခတိ၊ ကျင့်သည်မည်၏။

သိက္ခာသုံးပါး။ (မှန်ပါဘုရား) ချစ်သား၊ အဲဒီ ထိဆဲခဏမှာ"မုတမတ္တ" ဖြစ်အောင် ဒီ သိက္ခာသုံးပါးကို သင်ချစ်သား ကျင့်ပါ။ မကျင့်ဘဲနဲ့ ဖြစ်သလား၊ ကျင့်မှဖြစ်သလား။(ကျင့်မှ ဖြစ်မှာပါဘုရား) ဘုရားကိုယ်တော်မြတ်က၊ သိက္ခိတဗ္ဗံ၊ သိက္ခိတဗ္ဗံနဲ့ သုတ္တန် တသုတ္တန်လုံး ဟောနေတာ၊ ကျင့်အပ်၏ ကျင့်ရမယ်၊ ကျင့်အပ်၏ ကျင့်ရမယ်လို့ ဒီလိုချည်းဟောမနေဘူးလား။ (ဟောနေပါတယ်ဘုရား) မကျင့်ရဘူးလို့ ဘုရား ဘယ်နှစ်ခါ ဟောသလဲ။ (မဟောပါဘူးဘုရား) ဘုန်းကြီးတို့ အမျိုးကောင်း သားများ၊ သမီးများ၊ကျင့်ရမလား၊ မကျင့်ရဘူးလား။(ကျင့်ရမှာပါဘုရား) မကျင့်ရတဲ့ နည်းများရှိသေးသလား။ (မရှိပါဘူးဘုရား)ဟင်—မလုပ်ရဘူးဆိုတဲ့ နည်းလမ်းများရှိသေးသလား။ (မရှိပါဘူးဘုရား) မရှိဘူး။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ အမျိုးကောင်းသမီးတွေ "မုတမတ္တ"ဖြစ်အောင် ကျင့်တတ်ပလား၊ မကျင့်တတ်သေးဘူးလား။ (ကျင့်တတ်ပါပြီဘုရား) ကျင့်တတ်ပြီ။ (မှန်ပါဘုရား)

## ဝတ်စားဆင်ယင် သတိသမ္ပဇဉ်နှင့်ယှဉ်

ဘယ်လိုကျင့်တတ်တုန်းလို့ဆိုတော့ တခုခုနဲ့လာပြီးတော့ ထိဆဲခဏ ကိုယ်က တခုခုကို သွားပြီးတော့ ထိမယ် ကိုင်မယ်ဆိုတဲ့ခဏ ဘာတွေ ထိကြကိုင်ကြသလဲ။

"သံဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ" (ဒီ၊ ၁၊ ၆၇) သတိပဋ္ဌာန်ဘက်ကို ပြန်လိုက်ယင်၊ အဲဒါ ဘုန်းကြီးတို့ ရဟန်းတော်များ အတွက်ကော၊ သံဃာဋိ ဆိုတာက သင်္ကန်းကြီး၊ ပတ္တ-လို့ ဆိုတာက သပိတ်၊ စီဝရလို့ဆိုတာက သင်းပိုင်ရယ် ကောသီရယ်၊ အဲဒါနဲ့ ဘုန်းကြီးတို့ ကင်းလို့ ဖြစ်ကဲ့လား။(မဖြစ်ပါဘူးဘုရား) သပိတ်ကို ကိုင်ရမယ်၊ သင်္ကန်းကို ကိုင်ရမယ်၊ ပြန်ဝတ်ရမယ်၊ ကောသီကို ရမ်းရမယ်၊ ခါးပန်းကြိုး ပန်းရမယ်၊ သင်္ကန်းရုံရမယ်။ အဲဒီလို လုပ်တိုင်း လုပ်တိုင်းမှာ—

"အဗ္ဘန္တရေ အတ္တာ နာမ ကောစိ ပတ္တံ ဂဏှန္တော နတ္ထိ။ အဗ္ဘန္တရေ အတ္တာ နာမ ကောစိ စိဝရံ ပါရုပေန္တော နတ္ထိ"။(ဒီ၊ ဌ၊ ၁၊ ၁၇၇-၈)

သီလက္ခန် အဋ္ဌကထာမှာကွဲ။(မှန်ပါဘုရား)

အဗ္ဘန္တရေ၊ ဤ ကိုယ်အတွင်း၌။ ကောစိ၊ တစုံတယောက်သော။ ပတ္တံ ဂဏှန္တော၊ သပိတ်ကို ကိုင်တတ် ထိတတ်သော။ အတ္တာ နာမ၊ အတ္တကောင် သတ္တဝါကောင်မည်သည်။ နတ္ထိ၊ မရှိ။

မရှိဘူးတဲ့။ ဒါဖြင့် သပိတ်ကို ကိုင်တာ ဘာတုန်း။

"ဝုတ္တပ္ပကာရေန စိတ္တ ကိရိယာ ဝါယောဓာတု ဝိပ္ဖာရဝသေနေဝ ပတ္တဂ္ဂဟဏံ နာမ ဟောတိ"

ဒီလိုဘဲ ပြောကြစို့။ (မှန်ပါဘုရား) ဆိုအပ်ခဲ့ပြီးသော စိတ်ကြောင့် ဖြစ်သော ကိုင်လိုသောစိတ် ၊ယူလိုသောစိတ်၊ သက်န်းကို ကိုင်လိုသောစိတ်၊ ယူလိုသောစိတ်၊ ရုံလိုသောစိတ် ဒီလိုဟာတွေ မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား)ဒါက ဘုန်းကြီးတို့ဘက်ကနေ ပြောတာနော်။ (မှန်ပါဘုရား)

အမျိုးကောင်းသားတွေ၊ သမီးတွေဘက်ကျတော့ ကိုင်စရာ ယူစရာတွေ ကိုယ်ဝတ်စရာ ဆင်စရာတွေ ဟုတ်လား၊ အဲဒါတွေ အားလုံး လုပ်နေရတယ် မဟုတ်လား။ (လုပ်ရပါတယ်ဘုရား) အဲဒါ ဖောဋ္ဌဗ္ဗနဲ့ လာပြီးတော့ ထိခိုက်တယ်၊ ခန္ဓာကိုယ်နဲ့ လာပြီးတော့ ထိတွေ့ရမယ်။ (မှန်ပါဘုရား) ထိတွေ့တိုင်း ထိတွေ့တိုင်းမှာ—သပိတ်ကို လှမ်းကိုင်တယ်၊ သပိတ်ကို ပိုက်တယ်၊ သပိတ်ကို ပွေ့ပြီးတော့ ထိထားတယ်၊ အဲဒီလို ထိတိုင်း ထိတိုင်းမှာ—

"အဗ္ဘန္တရေ အတ္တာ နာမ ကောစိ ပတ္တံ ဂဏှန္တော နတ္ထိ"

အတ္တဆိုတဲ့ သဘောတရား၊ သတ္တဝါဆိုတဲ့ သဘောတရား၊ ကိုင်တတ်တဲ့ ထိတတ်တဲ့ သတ္တဝါ မရှိဘူးတဲ့။ သက်န်းရုံတတ်တဲ့ သတ္တဝါ၊သက်န်းရမ်းတတ်တဲ့ သတ္တဝါ၊ အဝတ် ဝတ်တတ်တဲ့ သတ္တဝါရယ်လို့ မရှိဘူး။ စိတ်၏ဆန္ဒကြောင့် ဖြစ်သော ဝါယော လေဓာတ် ရုပ်ပရမတ္ထ တရားတို့သည် သာလျှင် သပိတ်ကို ပိုက်တယ်၊ သက်န်းကို ရုံတယ်။

ဒီတော့ ဒီကိုယ်လုံးကြီးနဲ့ သက်န်းကလဲ "အစေတနာ" စိတ်မရှိဘူး၊ အဝတ်ကလဲ စိတ်မရှိဘူး။ (မှန်ပါဘုရား) ကိုယ်လုံးကြီးကလဲ စိတ်မရှိဘူး။ သက်န်းကလဲ ဓာတ်လေးပါး၊ ဒီခန္ဓာကိုယ်ကလဲ ဓာတ်လေးပါး၊ သက်န်းကလဲ ငါဟာ ခန္ဓာကိုယ်ကြီးကို ရုံထားတယ်၊ ခန္ဓာကိုယ်ပေါ်တင်ပြီးတော့ ငါရုံနေတယ်ဆိုတဲ့ သက်န်းမှာ သိတဲ့ သဘော ရှိသလား။ (မရှိပါဘုရား) ဒီကိုယ်ကြီးကလဲဘဲ ငါ့မှာ သက်န်းတွေ ရုံပတ်ထားတယ်ဆိုတာ သိသလား။ (မသိပါဘူးဘုရား)

ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုတော့ သစ်သားရုပ်ကလေးကို၊ အဌကထာကလဲ ဒါဘဲ ဥပမာပေးထားတယ်။ (မှန်ပါဘုရား) သစ်သားရုပ်ကလေးကို အဝတ်တွေ ဝတ်ဆင်ပြီး ပေးထားတော့ အဝတ်တွေကလဲ ငါသစ်သားရုပ်ပေါ် ရောက်နေတယ်ဆိုတာ သိသလား။ (မသိပါဘူးဘုရား) သစ်သားရုပ်ကလေးကလဲ ငါ့အပေါ် အဝတ်တွေ ဆင်မြန်းပြီးတော့ လှလှပပ ရှိနေတယ်ဆိုတာ သိသလား။ (မသိပါဘူးဘုရား) အဲဒီလို မသိသလို—

အညမညံ န ဇာနန္တိ။ အညမည့်၊ အဝတ်နဲ့ ခန္ဓာကိုယ် အချင်းချင်းသည်။ န ဇာနန္တိ။ တဦးနှင့်တဦးကို မသိကြလေကုန်။ (မှန်လှပါဘုရား) ဓမ္မမတ္တမေဝ။ ရုပ်ဓာတ်တွေမျှသာလျှင်တည်း။ ဘာတရားတုန်းကွဲ့။ (ရုပ်တရားပါဘုရား)

သိတာ ဘယ်သူလဲ ဆိုတော့ ဝိညာဏဓာတ် တခါ ပေါ်လာလိုက်တော့ ဘယ်လိုဖြစ်သလဲ၊ ဝိညာဏ်ရှိမှ သိတာ။ (မှန်ပါ) ဝိညာဏဓာတ် ပေါ်လာတယ်ဆိုတော့ သူက ဩြော်—ဒီအဝတ်က ဘာဘဲဆိုပြီး သိလာတယ်ဟုတ်လား။ (မှန်ပါဘုရား)

အေး—ဒီတော့ သက်န်း ဝတ်ရုံ သုံးဆောင်တဲ့ နေရာမှာ၊ သပိတ်သက်န်းကို ကိုင်တွယ်တဲ့ နေရာမှာ ကိုင်တွယ်လိုသောစိတ် ဝတ်ရုံလိုတဲ့စိတ်က နာမ်တရားကွဲ့၊ ဟုတ်လား။ (မှန်ပါဘုရား) ထိအပ်သော သဘောရှိသော သပိတ်တို့သက်န်းတို့ ဆိုတာတွေက ဘာတရားတုန်း။ (ရုပ်တရားပါဘုရား) နာမ်ရုပ်။ အဲဒီသပိတ်တို့ သက်န်းတို့ အဝတ် အစား တွေကို လှမ်းပြီးတော့ ယူလိုက် ကိုင်လိုက်မယ် ဆိုယင်—

"အနိစ္စာနုပဿီ ဂဏှိဿာမီတိ သိက္ခတိ" ဓမ္မာနုပဿနာ သတိပဋ္ဌာန်။ (မှန်ပါဘုရား) လှမ်းပြီးယူလိုက်တော့မယ်လို့ ဆိုကတည်းက အနိစ္စဆိုတဲ့ ရုပ်တရားနဲ့ နာမ်တရားကို ဝိပဿနာ နှလုံးသွင်းပြီးတော့မှ ယူမယ်လို့ဆိုပြီးတော့ ကျင့်ပါတဲ့။ "မုတမတ္တ" ဖြစ်တယ်၊ ဘာဖြစ်တုန်း။ ("မုတမတ္တ" ဖြစ်ပါဘယ် ဘုရား)

ဆောင်။ ။ယူဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါ သခ်တ။

ယူဆဲခဏမှာ ဖြစ်ပေါ်လာတာ ဘာပါလိမ့်။ (သခ်တပါဘုရား) ဘုန်းကြီးတို့ ပရိသတ်က လက်နဲ့ လှမ်းယူတယ်လို့ ထင်နေတယ်။ ဝါယောရုပ်၊ယူလိုသောစိတ်၊ ဟုတ်လား။(မှန်ပါ) အဲဒီမှာ ဝင့်သုံးပါးလဲ ပါပြီးသားကွဲ့နော်။ (မှန်ပါဘုရား)

**ဆောင်။ ။ယူလိုသော နာမ်၊ ယူလိုက်ပြန်၊ ရုပ်နာမ် ကွဲအောင်ရှု။**

သဘောပေါက်ပလားကွဲ့။ (ပေါက်ပါတယ်ဘုရား) ဘာဘဲ လှမ်းယူယူ ဘာဘဲ လှမ်းကိုင်ချင် ကိုင်ချင်ကွဲ့၊ ဟုတ်လား။ (မှန်ပါဘုရား)

**ကိုင်လိုသော နာမ်၊ ကိုင်လိုက်ပြန်၊ ရုပ်နာမ်ကွဲအောင်ရှု။**

ဟုတ်လား။ (မှန်ပါဘုရား) အေး—ကိုင်စရာတွေနှင့် ကိုင်တာက ရုပ်တရား ကိုင်ချင်နေတာက။ (နာမ်တရားပါဘုရား) နာမ်ဘရား။ အဲဒီ နာမ်ရုပ်ကို ထင် ရှား ရှုပြီးတော့မှ ကိုင်မယ်လို့ ဆိုပြီးတော့ ဒီ သိက္ခာသုံးပါးကို ကျင့်ပါ။ သီလ သိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာခေါ်တဲ့ သိက္ခာသုံးပါးကို ကျင့်ပါ။ (မှန် ပါဘုရား) သဘောပေါက်ပလား။ (ပေါက်ပါတယ်ဘုရား)ကွေးချင်ပြန်ပြီကွဲ့။

**ဆောင်။ ။ကွေးလိုသော နာမ်။ ကွေးလိုက်ပြန်၊ ရုပ်နာမ် ကွဲအောင်ရှု။**

ကွေးတာ ဆန့်တာတွေ၊ ဒီတော့ ကွေးယင် ဘယ်လို ရှုရမလဲကွဲ့။ (ရုပ် နာမ်ကို ရှုရမှာပါဘုရား) ဆန့်ယင်ကောကွဲ့။ (ရုပ်နာမ်ကို ရှုရမှာပါဘုရား) သဘောပေါက်ပလားကွဲ့။ (ပေါက်ပါတယ်ဘုရား)

**ကိုယ်အမှုအရာ နှုတ်အမှုအရာ၌ ဝဋ်သုံးပါးဖြစ်ပုံ**

**ကွေးလိုသောနာမ်၊ ကွေးလိုက်ပြန်၊ ရုပ်နာမ်ကွဲအောင်ရှု။**

ဒါဘဲကွဲ့၊ နော်။ (မှန်ပါဘုရား) အဲ—ဝဋ်သုံးပါးနဲ့ တခါတွက်ကြည့်၊ နာမ်ရုပ်ကွဲသွားပြီနော်။ (မှန်ပါ)

ဒီ နာမ်ရုပ်မှာ ဘာရှိသလဲ၊ ဝဋ်သုံးပါးရှိတယ်။ (မှန်ပါဘုရား) ခန္ဓာမှာ။ (မှန်ပါဘုရား) ဝဋ်သုံးပါးက သူက ခန္ဓာမှာ ပေါ်ရမှာကွဲ့။ (မှန်ပါဘုရား) ခန္ဓာမှာ။ (မှန်ပါဘုရား) ဝဋ်သုံးပါးက သူက ခန္ဓာမှာ ပေါ်ရမှာကွဲ့။ (မှန်ပါ ဘုရား)ဘယ်မှာပေါ်ရမှာတုန်း။ (ခန္ဓာမှာပေါ်ရမှာပါဘုရား) အဲဒီရုပ်နာမ်လို့ ဆိုတော့ ခန္ဓာ။ရုပ်နာမ်ဆိုတော့ ဘာပါလိမ့်။ (ခန္ဓာပါဘုရား)ခန္ဓာ၊ အဲဒီ ခန္ဓာ မှာ ဘာရှိသလဲ။ (ဝဋ်သုံးပါးရှိပါတယ်ဘုရား) ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါက ဝဋ် ဒီလို ပြောကြစို့နော်။ (မှန်ပါဘုရား)

**ဆောင်။ ။ကွေးချင်လိုက်တာ၊ ကိလေသာ၊ ကွေးတာကမ္မဝဋ်။**
**ကွေးတဲ့အခါ၊ နာမ်ရုပ်နှစ်ဖြာ၊ မှတ်ပါဝိပါကဝဋ်။**

ကွေးချင်တာ ဘာပါလိမ့်။(ကိလေသဝဋ်ပါဘုရား)ကွေးလိုက်တာ။ (ကမ္မ ဝဋ်ပါဘုရား) ကွေးဆဲခဏဖြစ်ပေါ်တဲ့ နာမ်ရုပ်နှစ်ဖြာ။ (ဝိပါကဝဋ်ပါဘုရား) သဘောပေါက်ပလား။(ပေါက်ပါတယ်ဘုရား) နေရာကျလိုက်တာ။ ဘုန်းကြီး တို့ အမျိုးကောင်းသားတွေ၊သမီးတွေ၊ ခန္ဓာမှာ ဝဋ်သုံးပါးတွေ့ပါပြီလားကွဲ့။ (တွေ့ပါပြီဘုရား) အဲဒီ ဝဋ်သုံးပါးကို သိတဲ့ဉာဏ်၊ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဟုတ်လား။(မှန်ပါဘုရား) အဲဒီ ဝိပါကဝဋ်ပေါ်မှာဘာကြည့်လိုက်

ရမလဲလို့ဆိုတော့ ပုဂ္ဂိုလ် မပါပါစေနဲ့၊ သတ္တဝါမပါပါစေနဲ့။အဲဒီ ဝိပါကဝဋ်ဟာ ဘာလဲလို့ဆိုတော့ နာမ်ရုပ်။(မှန်ပါဘုရား)"ကွေးလိုသောနာမ်၊ကွေးလိုက်ပြန်၊ ရုပ်နာမ်ကွဲအောင်ရှု"လို့ဆိုတဲ့ ရုပ်နာမ်နော်။(မှန်ပါ)

အဲဒါ ဓမ္မာနုပဿနာသတိပဋ္ဌာန်နဲ့ ရှုပွားမယ်ဆိုယင် ဘာတွေဖြစ်လာသလဲ လို့ဆိုတော့—

"အနိစ္စာနုပဿီ သမိဥ္စိဿာမိတိ သိက္ခတိ"
"အနိစ္စာနုပဿီ ပဿာရေဿာမိတိ သိက္ခတိ"

အနိစ္စာနုပဿီ၊ နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ သမိဥ္စိဿာမိ၊ ကွေးအံ့။ ပဿာရေဿာမိ၊ ဆန့်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကို ကျင့်၏။

"မုတ္တ မတ္တ"ဖြစ်၏။(မှန်ပါဘုရား) ရှင်းလေသားကွဲ့။(မှန်ပါ)ကွေးယင် ဘယ်လို ရှုရမလဲ။(နာမ်ရုပ်ကို မြင်အောင်ရှုရမှာပါဘုရား) တကာကြီး တယောက် ထဲလား၊ ဘုန်းကြီးက ဟောဒီ ပရိသတ်ကြီး ကြုံးစားပြီး အော်နေတာ။ ဟုတ်လား။ သူတို့က ပြန်ပြီး စကားမပြောဘူး။ နေစမ်းပါအုံးကွဲ့။

"ဣမံ မာနံ အပ္ပဟာယ ဒေသနံ သမ္မဋ္ဌိစ္ဆိတုံ အဘဗ္ဗော"
(သံ၊ ဋ္ဌ၊ ၁။ ၁၈)

ဣမံ မာနံ၊ ဤမာနကို။ အပ္ပဟာယ၊ မပယ်မစွန့်မူ၍။ဒေသနံ၊ ရှင်တော် ဟောကြား ဤ မြတ်တရားကို။ သမ္မဋ္ဌိစ္ဆိတုံ၊ ကောင်းစွာ ခံယူခြင်းငှါ။ အဘဗ္ဗော၊ ထိုက်တန်လိမ့်မည် မဟုတ်။

ချစ်သားတဲ့၊ ချစ်သမီးတဲ့၊မာနကြီးတဲ့လူနဲ့ ငါ့တရားနဲ့ မတန်ဘူးကွဲ့။(မှန်ပါဘုရား) မေးယင် ပြန်ပြီးတော့ အားရပါးရ မပြောတာ ဘာဖြစ်လို့လဲ။(အာရုံ ပြန့်နေလို့ ဖြစ်မှာပါဘုရား) တကာကြီးတို့ မှိုရှာက လူတွေဟာ အရှောင် သမားတွေဘဲကွဲ့၊ ဟင်—ဟုတ်တယ်လေ၊ ဘယ်လောက် ရှောင်လာသလဲ၊ ဂင်္ဂါ ဝါလု သဲစုမက ပွင့်တော်မူလာတဲ့ ဘုရားတွေ ရှောင်လာခဲ့တယ်ကွဲ့။ (မှန်လှပါ ဘုရား)

အေးဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ကွေးတဲ့ အခါမှာ "ကွေးလိုသောနာမ်၊ ကွေးလိုက်ပြင်၊ ရုပ်နာမ်ကွဲအောင်ရှု။" "မုတ မတ္တ"ဖြစ်မယ်။ (မှန်ပါဘုရား) သဘောပေါက်ကဲလား။ (ပေါက်ပါတယ် ဘုရား) "အိပ်လိုသောနာမ်၊ အိပ်လိုက်ပြန်"ဘာလုပ်ရမလဲ။(ရုပ်နာမ်ကွဲအောင် ရှုရမှာပါဘုရား) "လျောင်းလိုသောနာမ်၊ လျောင်းလိုက်ပြန်။" (ရုပ်နာမ်ကွဲ

အောင် ရှုရမှာပါဘုရား) "သွားလိုသောနာမ်၊ သွားလိုက်ပြန်" (ရုပ်နာမ်ကွဲ အောင် ရှုရမှာပါဘုရား) ရုပ်နာမ်ကွဲအောင် ဘယ့်နှယ်ရှုမလဲ၊ ဟော-ကြည့်—

"အနိစ္စာနုပဿီ သမိဉ္ဇိဿာမီတိ သိက္ခတိ"
"အနိစ္စာနုပဿီ ပသာရိဿာမီတိ သိက္ခတိ"

အကုန်လုံးကွဲ။ အနိစ္စာနုပဿီ၊ ရုပ်နာမ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍။ သမိဉ္ဇိဿာမိ၊ ကွေးအံ့။ ပသာရိဿာမိ၊ ဆန့်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊သိက္ခာ သုံးပါးကို ကျင့်၏။

အနိစ္စဆိုတာ ဘာပါလိမ့်။(နာမ်ရုပ်ပါဘုရား) ကွေးလိုသောနာမ်၊ နာမ် ဟုတ်လား။ (မှန်ပါဘုရား) ကွေးလိုက်တဲ့အခါကျတော့ ကွေးလာတယ်လို့ ဆိုတာ ဘယ်သူလဲလို့ဆိုတော့ ဝါယော ရုပ်၊ စိတ်ကြောင့်ဖြစ်သော ဝါယော ရုပ်၊ စိတ္တဇ ဝါယောရုပ်။ ဘာနဲ့ ဘာတုန်းကွဲ။ (နာမ်နဲ့ရုပ်ပါဘုရား) ဒီဘော့ ဝိပဿနာ အာရုံလို့ဆိုတာ ဘာပါလိမ့်။ (နာမ်နဲ့ရုပ်ပါဘုရား) သဘောပေါက် ပလား။(ပေါက်ပါတယ်ဘုရား)။

ကွေးဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ ရူပါသဒ္ဒတ။
ကွေးလိုသောနာမ်၊ ကွေးလိုက်ပြန်၊ ရုပ်နာမ် ကွဲအောင်ရှု။

ဘယ့်နှယ် ရှုမလဲ။ "အနိစ္စာနုပဿီ သမိဉ္ဇိဿာမီတိ သိက္ခတိ" နာမ်ရုပ်ကို အနိစ္စဟု ရှုလေ့ရှိသည်ဖြစ်၍ ကွေးခြင်းကို ပြုအံ့—လို့၊ ကွေးချင်တဲ့စိတ်ကလေး ကြောင့် ကွေးလာလို့ ရွေ့လာတဲ့ ဝါယောရုပ်။ ဒီတော့ ကွေးလာတယ်ဆိုယင် ဘာလို့ ရှုရမလဲ၊ ရုပ်တရား။ (မှန်ပါဘုရား) ဆန့်လိုက်တော့ ဟိုဘက်ရောက် အောင် တွန်းပေးတာ ဘယ်သူတုန်း။ (ဝါယောရုပ်ပါဘုရား) ရုပ်တရား၊ ဝိပဿနာ၏ အာရုံ။ (မှန်ပါဘုရား) အဲဒါဘယ်သူ၏ အာရုံတုန်း။ (ဝိပဿနာ ၏ အာရုံပါဘုရား) ဝိပဿနာ၏ အာရုံဟာ ရုပ်နာမ်မှတပါး ရှိသေးရဲ့လား။ (မရှိပါဘူးဘုရား) သဘောပေါက်ပလား။ (ပေါက်ပါပြီဘုရား)

ကိုင်း—ဒါဖြင့် အဲဒီရုပ်နာမ်ကို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီး တွေ ကွေးဆဲ ခဏမှာ ဘယ်လိုရှုမယ်။ (ရုပ်လို့ ရှုရမှာပါဘုရား) ဆန့်ဆဲခဏ၊ (ရုပ်လို့ရှုရမှာပါဘုရား) သင်္ကန်း သပိတ် ပရိက္ခရာတွေကို ကိုင်တွယ်ဆဲ ခဏ၊ အိုးခွက် ပန်းကန် အဝတ်တန်ဆာတွေကို ကိုယ်တွယ်ဆဲခဏမှာ ဘာရှုမတုန်း။ (ရုပ်ကိုရှုရမှာပါဘုရား) သဘောပေါက်ပလား။ (ပေါက်ပါတယ်ဘုရား) အဲဒီ လို အနိစ္စလို့ရှုနိုင်ယင် အနိစ္စဆိုတာ နာမ်ရုပ်၊ ဒီလိုချစ်သားတို့ မြင်အောင် ကျင့် နိုင်မယ်ဆိုယင် ဒီလိုဖြစ်အောင် ကျင့်နိုင်မယ်ဆိုယင် "မုတေ မုဘမတ္တံ" ဖြစ်ပါ ပေ၏။ (မှန်ပါဘုရား) "မုတမတ္တ"ဖြစ်အောင် ကျင့်နည်းနေ၁။(မှန်ပါ) ဒါ

ဉာတပရိညာပိုင်းနှင့် တီရဏပရိညာပိုင်းကိုပါ ပြောနေတာ။ အဲဒီ "မုတမတ္တ" ခဏမှာ ဖြစ်နေတဲ့—နာမ်ရုပ်ပဲနော်။ (မှန်ပါဘုရား)

"န ဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ"

ဧတ္ထ၊ ထိုထိဆဲခဏဖြစ်ပေါ်လာတဲ့ နာမ်ရုပ်တို့၌။ ကောစိ၊တစုံတခုသော။ သတ္တော ဝါ၊ သတ္တဝါသည်၎င်း။ မနုဇော စ၊ လူပုဂ္ဂိုလ်သည်၎င်း။ န ဝိဇ္ဇတိ၊ မရှိ။

ပုဂ္ဂိုလ်သတ္တဝါ ရသေးလား။ (မရပါဘူးဘုရား) ပုဂ္ဂိုလ်သတ္တဝါမရတော့ ဘာနဲ့ဘာ ရသလဲ။ (နာမ်နဲ့ရုပ်ရပါတယ်ဘုရား) နာမ်ရုပ်။ ဉာတပရိညာ။ (မှန်ပါဘုရား) ဒါဖြင့် ဒီနာမ်ရုပ်သည် မြဲသလား—မမြဲဘူးလားလို့ဆိုတော့—ဟုတ္ဝာ အဘာဝတ္ထေန အနိစ္စံ။ တေဟိ၊ ထိုနာမ်ရုပ်တို့သည်။ ကွေးဆဲခဏဖြစ်တဲ့ နာမ်ရုပ်၊ ကိုင်ဆဲခဏဖြစ်တဲ့ နာမ်ရုပ်။ (မှန်ပါဘုရား) ထိဆဲခဏဖြစ်တဲ့ နာမ်ရုပ်တို့သည်။ ဟုတ္ဝာ အဘာဝတ္ထေန၊ ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပျောက်ကြသည်ဖြစ်သောကြောင့်။ အနိစ္စံ၊ အနိစ္စတရားတို့ပါတကား။

ဘာတဆားတုန်းကွဲ။ (အနိစ္စတရားပါဘုရား) ဥဒယဗ္ဗယပဋိပီဠနဋ္ဌေန၊ ဖြစ်ခြင်းပျက်ခြင်း နှိပ်စက်ခြင်းရှိသောကြောင့်။ ဒုက္ခံ၊ ဒုက္ခတရားတို့ ပါတကား။ ဖြစ်ခြင်းပျက်ခြင်း နှိပ်စက်ခြင်း ရှိသောကြောင့် ဒီနာမ်ရုပ်သည် ဘာပါလိမ့်။ (ဒုက္ခပါဘုရား)

အဝသဝတ္တနဋ္ဌေန၊ ကိုယ့်အလို ကိုယ့်အကြိုက်ကို မပါကြသည် ဖြစ်သောကြောင့်။ အနတ္တာ၊ အနတ္တတရားတို့ပါတကား။ ကွေးဆဲခဏဖြစ်တဲ့ နာမ်ရုပ်တွေဟာ ဘာတရားတွေပါလိမ့်။ (အနတ္တတရားပါဘုရား)

အဲဒီလို အနိစ္စဆိုတဲ့ နာမ်ရုပ်၊ ဒုက္ခဆိုတဲ့နာမ်ရုပ်၊ အနတ္တဆိုတဲ့ နာမ်ရုပ်တရားတွေကို ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပျောက်ဆိုတဲ့ လက္ခဏာ တင်၍၎င်း၊ ဖြစ်ခြင်း ပျက်ခြင်း နှိပ်စက်ခြင်းဆိုတဲ့ လက္ခဏာတင်၍၎င်း၊ ကပ်၍ နှိပ်စက်တယ်ဆိုတဲ့ လက္ခဏာတင်၍၎င်း၊ အလိုအကြိုက်သို့ မပါပါဘူးလို့ဆိုတဲ့ လက္ခဏာ ဘင်၍၎င်း ရှုပွားလျှင် ဘယ်ရောက်တုန်း။ မဂ်။ မဂ်ရောက်ယင် ဘယ်ဆိုက် မတုန်း၊ နိဗ္ဗာန်။

**ဆောင်။　။လက္ခဏာတင်၊ ရှုပွားလျှင်၊ ပြေးဝင်မဂ်၊ နိဗ္ဗာန်။**

ရှင်းပြီနော်။ (မှန်ပါ) သဘောပေါက်ပြီ မဟုတ်လား။ (ပေါက်ပါပြီဘုရား) **အေး-ဒီဆောင်ပုဒ်ကလေးတွေ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ နှုတ်ထဲမှာ ရပြီးတော့ရှုပွားတိုင်း ရှုပွားတိုင်း ရှုပွားတိုင်း ဆင်ခြင်ပါ၊ဟုတ်**

လား။(မှန်ပါဘုရား)ရှုပွားဆဲမှာဆင်ခြင်ပါ၊ဟုတ်လား။(မှန်ပါဘုရား)"မုတေ မုတမတ္တံ ဘဝိဿတိ" ဒီလို ဟောလိုက်တယ်နော်။ (မှန်ပါဘုရား)

အဲဒီလိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က–မာလုကျပုတ္တ၊ ချစ်သားမာလုကျပုတ္တ။ မုတေ၊ ဃာနဝိညာဏ်ဖြင့် အနံ့မျိုးစုံ ဂန္ဓာရုံကို နမ်းရှူရာ၌၊ ဒီလိုဘဲ ပြောကြစို့နော်။ (မှန်ပါဘုရား) ဝါ၊ နမ်းရှူဆဲခဏမှာ။ ဇိဝှာဝိညာဏ်ဖြင့် အရသာမျိုးစုံ ရသာရုံကို စားဆဲ သောက်ဆဲ လျက်ဆဲ ခဏ၌။ ဝါ၊ လျက်ဆဲခဏမှာ။ ကာယဝိညာဏ်ဖြင့် အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေကို တွေ့ထိဆဲခဏ၌။ မုတမတ္တံ၊ တွေ့အပ် ရောက်အပ်ကာမျှဖြစ်အောင်။ တေ တယာ၊ သင်ချစ်သားသည်။သိက္ခိတဗ္ဗံ၊ ကောင်းစွာမသေ့ ကျင့်အပ်ပါပေသတည်း။

သာဓု— သာဓု— သာဓု—

## ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ သုံးမျိုး"မုတမတ္တ"ရှုပွားပုံ အကျဉ်း

"မုတမတ္တ"ပိုင်း ပြီးရောနော်။ (မှန်ပါဘုရား) "မုတမတ္တ"ပိုင်း ပြီးတော့ အဲဒီ"မုတမတ္တ"ပိုင်းမှာ "မုတမတ္တ"ဖြစ်တယ်ဆိုတာ ရောက်အပ် ရောက်ဘတ်သော တရား နှစ်ပါး၊ ဂန္ဓာရုံဃာနဝိညာဏ်ဖြင့် သိအပ်သော ဂန္ဓာရုံ ရုပ်တရား၊ ဇိဝှာဝိညာဏ်ဖြင့် သိအပ်သော ရသာရုံ ရုပ်တရား၊ကာယဝိညာဏ်ဖြင့် ထိအပ်သော သိအပ်သော ဖောဋ္ဌဗ္ဗာရုံရုပ်တရား၊ ဟုတ်လား။(မှန်ပါဘုရား)ဒီအာရုံ အာရမ္မဏိက တရားသုံးပါးတို့သည် တွေ့အပ် ရောက်အပ် ရောက်တတ်သော သဘောရှိသောကြောင့် နာမ်ရုပ်။ ရောက်အပ်ရောက်တတ်သော သဘောရှိသောကြောင့် ဘာပါလိမ့်။ (နာမ်ရုပ်ပါဘုရား)

ရောက်အပ်၊ ဘယ်တရားတွေလဲလို့ဆိုတော့ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ ရုပ်တရားသည် ရောက်အပ်သောတရား။ (မှန်ပါ ဘုရား)သူက ဘာပါလိမ့်။ (ရုပ်တရားပါဘုရား)

ရောက်ဘယ်လို့ဆိုတာ။ (နာမ်တရားပါဘုရား) ဘယ်တရားတွေလဲလို့ဆိုတော့ ဃာနဝိညာဏ် ဇိဝှာဝိညာဏ် ကာယဝိညာဏ်တွေနဲ့ အတူတွဲပြီးတော့ ဖြစ်တဲ့ စိတ် စေတသိက်တွေသည် အာရုံထဲသို့ ရောက်ဘတ်သောတရား၊ ဟုတ်လား။(မှန်ပါ)

အဲဒီရောက်အပ်လို့ဆိုတဲ့ ရုပ်နဲ့ ရောက်တတ်လို့ဆိုတဲ့ တရားနှစ်ပါးကို ရုပ်နာမ်လို့ ဒီလိုခေါ်တယ်။ (မှန်လှပါဘုရား) ဘာလို့ခေါ်တုန်းကွဲ။(ရုပ်နာမ်လို့ ခေါ်ပါတယ်ဘုရား) အဲဒီရုပ်နာမ်ဟာ ဘယ်မှာလဲလို့ဆိုတော့ ရောက်ဆဲခဏ

လေးမှာ။ (မှန်ပါဘုရား) နံဆဲခဏမှာ စားဆဲခဏမှာ ထိဆဲခဏမှာ ရောက်အပ် ရောက်တတ်သော ရုပ်နာမ်ကို သိယင် အဲဒါ "မုတမုတ္တ" ဖြစ်ကရော။ (မှန်ပါတယ် ဘုရား)

အဲဒီလို "မုတမုတ္တ" ဖြစ်အောင် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေက သတိထားပြီးတော့ အခါခါရှုပါ။ ပြီးတော့မှ အနိစ္စလက္ခဏာ တင်၍ရှုင်း၊ ဒုက္ခလက္ခဏာတင်၍ရှုင်း၊ အနတ္တလက္ခဏာတင်၍ရှုင်း၊ ဉာဏ်ဖြစ် အောင် ဉာဏ်မြင်အောင် လုပ်ပါ၊ ဟုတ်လား။ (မှန်ပါဘုရား)

**ဆောင်။　။ရောက်အပ် ရောက်တတ်၊ နှစ်ရပ် ရုပ်နာမ်၊**
**ရောက်ဆဲ ခဏ၊ မုတ မုတ္တံ၊**
**သတိထား၍၊ ရှုပွား ဖန်ဖန်၊**
**ဉာဏ်အလုပ်၊ ဖြစ်ချုပ် သိအောင်ကြံ။**

ဒီနေရာမှာ "မုတမုတ္တ" လို့ဆိုတာ ဂန္ဓရယ် ရသရယ် ဖောဋ္ဌဗ္ဗရယ်။ (မှန်ပါ ဘုရား) ဂန္ဓက ဂန္ဓာရုံ ရုပ်တရား၊ ရသက ရသာရုံ ရုပ်တရား၊ ဖောဋ္ဌဗ္ဗက ဖောဋ္ဌဗ္ဗာရုံ ရုပ်တရား ဟုတ်လား။ (မှန်ပါဘုရား) အဲဒါ ရောက်အပ်သော တရားသုံးပါး။ (မှန်ပါဘုရား)

ရောက်တတ်သော တရားက ဃာနဝိညာဏ် ဇိဝှာဝိညာဏ် ကာယဝိညာဏ် စိတ်၊ ရောက်တတ်သောတရား။ (မှန်ပါဘုရား)

ပေါင်းလိုက်တော့ ဘာနဲ့ဘာတုန်းကွဲ့။ (နာမ်နဲ့ရုပ်ပါဘုရား) အဲဒီလိုအနံ့ကို နမ်းရှုလို့ အနံ့ကလေး ဖြစ်လာတိုင်း ဖြစ်လာတိုင်း အရသာလေးပေါ်လာတိုင်း ပေါ်လာတိုင်း အထိကလေး ပေါ်လာတိုင်း ပေါ်လာတိုင်းမှာ နာမ်ရုပ် နာမ်ရုပ် နာမ်ရုပ်လို့ နာမ်နဲ့ရုပ်ကို ကွဲကွဲပြားပြား သိနေအောင် ဒီလိုရှုရမယ်။ (မှန်ပါဘုရား) အဲဒီလို ရှုယင် "မုတမုတ္တ" ဖြစ်မယ်။

"မုတမုတ္တ" ဖြစ်အောင် ဘာကို ရှေ့ကထားရမလဲ၊ သတိရှေ့က ထားရမယ်။ (မှန်ပါဘုရား) သတိက ဘာလုပ်ဖို့လဲလို့ဆိုတော့—ဟို အနံ့တွေ အရသာတွေ အထိ အတွေ့မှာ သဏ္ဌာန်တွေ နိမိတ်တွေ ပုံပန်းသဏ္ဌာန်တွေ မပေါ်အောင် သတိထားပြီးတော့ နာမ်ရုပ်လို့ ထင်ရှားဘို့ရန်အတွက် သတိထားလိုက်။ (မှန် ပါဘုရား) ဒီ သတိက သူက တားတတ်တယ်ကွဲ့။ (မှန်ပါဘုရား)

"သတိ တေသံ နိဝါရဏံ"

**သတိ၊ သတိခေါ်မမေ့ခြင်းသတ်သည်။ တေသံ၊ ထိုကိလေသာဆိုတဲ့ တရားတွေ ကို။ နိဝါရဏံ၊ ပိတ်ပင်တားဆီး၍ ထားတတ်၏။**

အနံ့လိုဆိုတော့ ပန်းပွင့်ကလေးလို အဲဒီလိုထင်မလာအောင်။ (မှန်ပါဘုရား) အရသာဆိုတဲ့ ညကပြောခဲ့တဲ့ ကြက်သား ဝက်သားလို အဲဒီလို ထင်မလာအောင်။ (မှန်ပါဘုရား) အထိအတွေ့လိုဆိုတော့ နူးညံ့တဲ့ ညကပြောခဲ့တဲ့ ဟိုအဝတ်။ (အလဲဗင်းဒေးပါဘုရား) အဲဒီလို ထင်မလာအောင် နိမိတ္တ အနုဗျဥ္စနတွေ ဝင်မလာအောင် နိမိတ္တ အနုဗျဥ္စနတွေ ဝင်လာယင် လိုချင်မှုဆိုတဲ့ ကာမစ္ဆန္ဒဝင်မလာဘူးလား။ (ဝင်လာပါတယ်ဘုရား) စိတ်ပျက်မှုဆိုတဲ့ ဗျာပါဒ ဝင်မလာဘူးလား။ (ဝင်လာပါတယ်ဘုရား)

အဲဒီလို ကာမစ္ဆန္ဒတွေ ဗျာပါဒတွေ ဝင်မလာအောင် အာရုံကော အာရမ္မဏိကကော ဟောဒီ သတိက တားထားတယ်။ (မှန်ပါဘုရား) တားထားယင် ဒါတခုနေ၁်။ (မှန်ပါဘုရား) သတိ တေသံ နိဝါရဏံ။ သတိ၊ သတိသည်။ တေသံ၊ ထို ကိလေသာနဲ့ ကိလေသာ အာရုံတွေကို။ နိဝါရဏံ၊ မဝင်အောင် ပိတ်ပင်တားဆီး၍ ထားတတ်၏။ သတိက အဲဒီလို တားပေးလိုက်တော့ အဲဒီ "မုတမတ္တ"ဏောမှာ ရောက်အပ် ရောက်တတ်တဲ့ သဘောတရားတို့သည် ရုပ်နာမ် လို့ထင်ရှားပေါ်လွင်အောင် အဲဒီသတိက ပြပေးတယ်။ (မှန်ပါဘုရား) သတိ ပြပေးလို့ ရုပ်နာမ်ဖြစ်နေပြီမဟုတ်လား။ (မှန်ပါဘုရား) အဲဒါ "မုတမတ္တ"ဖြစ်အောင်လို့ သတိထားပြီးတော့ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတွေကို အဖန်ဖန် ရှုပွားပါ၊ ဟုတ်လား။ (မှန်ပါဘုရား)

အဲဒီလို ရှုပွားလို့ ဓာတ်သားတွေ ပေါ်လာပြီလို့ဆိုတဲ့ အခါကျတော့မှ ပညာခေါ်တဲ့ ဉာဏ်အလုပ်ဖြင့် ဖြစ်ခြင်း ချုပ်ပျောက်ခြင်းကို သိအောင်လုပ်ပါ။ (မှန်ပါဘုရား) "မုတမတ္တ" ဖြစ်တယ်၊ သဘောကျပလား။ (ကျပါတယ်ဘုရား) ဆို—

ဆောင်။ ။ရောက်အပ်ရောက်တတ်၊ နှစ်ရပ်ရုပ်နာမ်၊
ရောက်ဆဲခဏ၊ မုတမတ္တ၊
သတိထား၍၊ ရှုပွားဖန်ဖန်၊
ဉာဏ်အလုပ်၊ ဖြစ်ချုပ်သိအောင်ကြ။

ဤသို့ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ရောက်အပ်သောတရားသည် ရုပ်တရား၊ ရောက်တတ်သောတရားသည် နာမ်တရား။ နာမ်ရုပ်နှစ်ပါးသည် နိစ္စလား၊ အနိစ္စလားလို့ ဆိုတော့ အနိစ္စ။ "အနိစ္စတ္ထိ ပဋ္ဌကန္ဒာ" အရ ဒီနာမ်ရုပ်သည် နိစ္စလား၊ အနိစ္စလား။ (အနိစ္စပါဘုရား)

ဘာပြုလို့ အနိစ္စဖြစ်သလဲဆိုတော့ ဟုတွာ အဘာဝဋ္ဌေန၊ ဖြစ်ပေါ်ပြီး နောက်ချက်ချင်းပျောက်တယ်ဆိုတဲ့ လက္ခဏာရှိသောကြောင့် ထိုနာမ်ရုပ်သည် အနိစ္စ။ (မှန်ပါဘုရား) ဖြစ်ခြင်း ပျက်ခြင်း နှိပ်စက်ခြင်း ဆိုတဲ့ "ပဋိပီဠနဋ္ဌ

အနက်သဘောရှိသောကြောင့် ထိုနာမ်ရုပ်သည် ဒုက္ခ။ (ဒုက္ခပါဘုရား) အဝသ-ဝတ္တနဋ္ဌေန၊ အလိုအကြိုက်မပါသည်ဖြစ်သောကြောင့် ထိုနာမ်ရုပ်သည် အနတ္တ။ (အနတ္တပါဘုရား) အနတ္တလို့ ဉာဏ်အလုပ်ကြီး ပေါ်လာပြီမဟုတ်လား။ (မှန်ပါဘုရား) ဉာတပရိညာ၊ တီရဏပရိညာ။

နာမ်ရုပ်လို့ သိတာကိုက ဉာဏ်ကွဲ။ (မှန်ပါ)နာမ်ရုပ်လို့သိတာ ဘာပါလိမ့်။ (ဉာဏ်ပါဘုရား) ထိုနာမ်ရုပ်သည် ဖြစ်ခြင်း ပျက်ခြင်းရှိတယ်လို့ ဆိုတာ သိနေတာ ဘာပါလိမ့်။ (ဉာဏ်ပါဘုရား) ဉာဏ်အလုပ်ကွဲ၊ သတိက တားရုံတားပေးနိုင်တယ်။(မှန်ပါဘုရား)ကိလေသာ မဝင်အောင်၊ ကိလေသာ အာရုံတွေ ပေါ်မလာအောင်၊ နိမိတ္တ ပုံသဏ္ဌာန်တွေ ပေါ်မလာအောင် တားပေးတာ ဘယ်သူပါလိမ့်။ (သတိပါဘုရား) သတိက ဘာလုပ်နိုင်တုန်း။ (တားပေး ပါတယ်ဘုရား)ဘာတားပေးသလဲ။ (ကိလေသာမဝင်အောင် တားပေးပါတယ်ဘုရား) ကိလေသာ မဝင်အောင် တားလိုက်တယ်ကွဲ။ (မှန်ပါဘုရား) ဒါ နိမိတ္တ အနု-ဗျဉ္စနလို့ဆိုတာ ကိလေသာရဲ့ အာရုံတွေ။ (မှန်ပါဘုရား) ယောကျ်ားဘဲ၊ မိန်းမဘဲ၊ လှတာရယ်၊ မလှတာရယ်၊ နိမိတ္တ။ ယောကျ်ား မိန်းမ လှ မလှ မာလုကျပုတ္တမထေရ်ကြီး နားလယ်ပုံ ပြန်လျှောက်တော့ အဲဒါတွေ ပါလိမ့်မယ်။ (မှန်ပါဘုရား) အနုဗျဉ္စန လက်သဏ္ဌာန် ခြေသဏ္ဌာန် ခေါင်းသဏ္ဌာန် နှာခေါင်းသဏ္ဌာန် နှုတ်ခမ်းသဏ္ဌာန် သွားကလေးရဲ့ ပုံသဏ္ဌာန် မျက်လုံးကလေးရဲ့ ပုံသဏ္ဌာန် ဟုတ်လား။(မှန်ပါ)အဲဒီ သဏ္ဌာန်တွေပါ ယူလိုက်ယင် ဘာတွေဖြစ်လာမလဲ။ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာ-သဝေယျုံ။ "အဘိဇ္ဈာနဲ့ ဒေါမနဿတွေ" ဝင်လာဘယ်။ (မှန်ပါဘုရား) အဲဒါတွေ မဝင်အောင် တားပေးတာ ဘယ်သူပါလိမ့်။ (သတိပါဘုရား)

## နိမိတ္တ အနုဗျဉ္စန ကွဲပြားခြားနားချက်

အေး–ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ ၊သမီးတွေ မြင်တာရယ်၊ကြားတာရယ်၊နံတာရယ်၊စားတာရယ်၊သိတာရယ်ငါးမျိုးပြီးသွားပြီနော်။ (မှန်ပါဘုရား) အဲဒီတရားတွေအပေါ်မှာ နိမိတ္တ အနုဗျဉ္စနလို့ ခေါ်တဲ့ သဘောတွေကွဲအောင် ပြောရဦးမယ်။ (မှန်ပါတယ်ဘုရား) ပုံသဏ္ဌာန် ဟန်အမူအရာတွေက နိမိတ်ဟုတ်လား။ (မှန်ပါဘုရား) အနုဗျဉ္စနလို့ဆိုတာအသေးစိတ်အမှတ်အသားတွေ။ ဒါက ဆံပင်၊ ဒါက နဖူး၊ ဒါက မျက်လုံး၊ ဒါက မျက်ခုံး၊ ဒါက မျက်တောင်၊ဒါက နှုတ်ခမ်း၊ ဒါက သွား၊ဒါက နားရွက်၊ ဒါက ပါးစပ်စသည်ဖြင့်ပေါ့ကွယ်။ ဒါက လက်၊ဒါက ခြေ၊ဒါက လက်ညှိုး လက်မစသည်ဖြင့်ပေါ့ ဟုတ်လား။(မှန်ပါဘုရား)ဒါက ကျောကုန်း၊ အဲဒါက ရင်ခေါင်း စသည်ဖြင့်နော်။(မှန်ပါ)အဲဒါတွေကို အသေးစိတ် အမှတ်အသားတွေလို့ ခေါ်တယ်။

ဒီ အသေးစိတ် အမှတ်အသား တွေကို တွေ့လိုက်ယင် ဘာတွေ ဝင်လာသလဲ။ "အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာသဝေယျုံ" အဘိဇ္ဈာ ရယ် ဒေါမနဿ ရယ်ဆိုတဲ့ အကုသိုလ် ကိလေသာတွေ အစဉ်တစိုက် ဝင်ရောက်လာလိမ့်မယ် ဘုရားက။ (မှန်ပါဘုရား)

အဲဒီတော့ အဘိဇ္ဈာ ဒေါမနဿဆိုတဲ့ အကုသိုလ်တွေရယ်၊ ကိလေသာတွေရယ်၊ အဘိဇ္ဈာ ဒေါမနဿတို့ရဲ့ မှီရာဖြစ်သော အနုဗျဉ္ဇန တို့ရယ် ဝင်မလာအောင် တားပေးနိုင်တာ ဘယ်သူတုန်းကွဲ။ (သတိပါဘုရား) သတိ မှားဘဲ နေလို့ဖြစ်ပါ့မလား။ (မဖြစ်ပါဘုရား) သဘောပေါက်ပြီနော်။ (ပေါက်ပါတယ်ဘုရား) သတိထားပြီးတော့ အဲဒါတွေ ရှုပွားပါ။ အဲဒီလို သတိထားရှုပွားလိုက်တော့ သတိက နိမိတ္တ အနုဗျဉ္ဇန ကိလေသာ ဖြစ်စရာတွေ အာရုံတွေနဲ့ ကိလေသာတွေ မဝင်အောင် တားပြီးတော့ တွေ့ဆဲခဏ မြင်ဆဲခဏ ကြားဆဲခဏတို့မှာ ဖြစ်လာတာတွေသည် ဟုတ်လား၊ မြင်အပ် မြင်တတ်သော နာမ်ရုပ်၊ ကြားအပ် ကြားတတ်သော နာမ်ရုပ်၊ တွေ့အပ် ရောက်အပ် ရောက်တတ်သော နာမ်ရုပ်လို့ သတိက ထင်ရှားအောင် ဖော်ပြထားပေးလိုက်သည်။ (မှန်ပါဘုရား)

ဒီတော့ နာမ်ရုပ်လို့ သိလိုက်တာ ဘယ်သူပါလိမ့်။ (သတိပါဘုရား) ဉာဏ် ဉာဏ် ဉာဏ် ဉာဏ်၊ ဟော—ဟောနေယင်း တရားကို သေသေချာချာ ခွဲမှတ်ပါ။ သတိ ဘာလုပ်သလဲ၊ သတိလုပ်တတ်တာ။ (ကိလေသာ တားပေးပါတယ်ဘုရား) သိပေးလို့ဖြစ်ကဲ့လား။ (မဖြစ်ပါဘူးဘုရား) ဘာလုပ်ပေးသလဲဆိုတော့ ခုနင်က နိမိတ္တ အနုဗျဉ္ဇနတွေ မဝင်အောင် တားပေးတယ်၊ နိမိတ္တ အနုဗျဉ္ဇနကို မှီပြီးတော့ဖြစ်မဲ့ အဘိဇ္ဈာ ဒေါမနဿတွေ ဝင်မလာအောင် သတိက တားပေးတယ်။ တန်ဘိုးမရှိဘူးလား။ (ရှိပါတယ်ဘုရား) ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ ပြောတယ် မဟုတ်လား၊ သတိက တံခါး စောင့်တယ်လို့။ (မှန်ပါဘုရား) တံခါးဆိုတာ ဘာလုပ်တတ်သလဲ၊ မိုးရွာမြို့တဲ့ ရေတွေမဝင်အောင် တားထားတာ ဘာပါလိမ့်။ (တံခါးပါဘုရား) တားရုံ တားနိုင်တာကွဲ၊ အဲဒီတံခါးက ရေတွေကုန်အောင် သုတ်ပေးမပေးနိုင်။ (မှန်ပါဘုရား) သဘောပေါက်ပလားကွဲ။ (ပေါက်ပါတယ်ဘုရား) ဒီတော့ ဟော ဉာဏ်။

သတိက အဲဒီလို တားပေးလိုက်တယ်၊ ဘာတွေ တားပေးလိုက်သလဲ ဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေရဲ့ သန္တာန်ကို မြင်ဆဲခဏ ကြားဆဲခဏ နံဆဲခဏ ထိဆဲခဏတို့မှာ နိမိတ္တလို့ ခေါ်တဲ့ ယောက်ျား မိန်းမ လှ မလှ လို့ ခေါ်တဲ့ ပုံသဏ္ဌာန်တွေ လက်သဏ္ဌာန် ခြေသဏ္ဌာန်တွေ ခေါင်းသဏ္ဌာန် နှာခေါင်းသဏ္ဌာန် ရင်ဘတ်သဏ္ဌာန် လက်

ချောင်း လက်ညှိုးကလေးတွေရဲ့ သဏ္ဍာန် လက်သဲ ခြေသဲတို့ရဲ့သဏ္ဍာန် နှုတ်ခမ်းရဲ့ သဏ္ဍာန် ဟုတ်သလား။ (မှန်ပါဘုရား) သွားရဲ့သဏ္ဍာန် စတဲ့ အဲဒီလိုသဏ္ဍာန်တွေ ဝင်မလာအောင် အနုဗျဉ္ဇနလို့ ခေါ်တဲ့ အဲဒီလို အသေးစိတ် အမှတ်အသားတွေကို ကြည့်လိုက်ယင် ကြားလိုက်ယင် နံလိုက်ယင် စားလိုက်ယင် ထိလိုက်ယင် ဘာတွေ ဝင်လာသလဲ။ "အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ" အဘိဇ္ဈာ လောဘ ဒေါမနဿတွေ ဝင်လာတယ် မဟုတ်လားလို့။ (မှန်ပါဘုရား) အဲဒါတွေမဝင်အောင် တားပေးတာ၊ ခုနင်က အသေးစိတ်အမှတ်အသားတွေနဲ့ ယောကျ်ား မိန်းမ လှ-မလှ ခေါ်တဲ့ အကြမ်းစားနိမိတ်ကြီးတွေနဲ့ အသေးစိတ် အမှတ်အသားတွေ ဝင်မလာအောင် တားပေးတာ ဘယ်သူတုန်း။ (သတိပါဘုရား) သတိက တားရုံ တားနိုင်တာနော်။ (မှန်ပါဘုရား) သူ ဘာမြင်တတ်သလဲ။ (ဘာမှမမြင်တတ်ပါဘုရား) ဘာမှ မမြင်တတ်ဘူး။

အဲဒီလို သတိက တားပေးပြီးတဲ့ အပြင် သူက ဘာ လုပ်ပေးတတ်ပြန်သလဲလို့ဆိုတော့ မြင်ဆဲခဏမှာ ကြားဆဲခဏမှာ နံဆဲခဏမှာ စားဆဲခဏမှာ ထိဆဲခဏမှာ ဖြစ်ပေါ်လာတာသည် မြင်အပ် မြင်တတ်၊ ကြားအပ် ကြားတတ်၊ ရောက်အပ် ရောက်တတ်သော နာမ်ရုပ်တို့ ဖော်ပေးလိုက်သည်။ (မှန်ပါဘုရား) ကိလေသာ မဝင်အောင် တားပေးတတ်တယ်။ နိမိတ္တ အနုဗျဉ္ဇနတွေ မဝင်အောင် တားပေးတတ်တယ်၊ နာမ်ရုပ်လို့လဲ သူက ဖော်ပြပေးလိုက်တယ်။ (မှန်ပါဘုရား) ဘယ်သူက သိလဲ၊ ပညာ။ (ပညာပါ ဘုရား) ဉာဏ် ဟုတ်လား။ (မှန်ပါဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ၊ ဒီဆောင်ပုဒ်ကလေး ပြန်ဆိုလိုက်စမ်းပါဦး။ ဘာတဲ့လဲလို့ ဆိုတော့ (ရောက်အပ် ရောက်တတ် ကဗျာ)

ဉာဏ်နဲ့ လုပ်ရမှာ ဘယ်သူ ဦးစီးရမတုန်းကွဲ့။ (ဉာဏ်ဦးစီးရမှာပါ ဘုရား) နာမ်ရုပ်လို့ သိတာ ဉာဏ်။ (မှန်ပါဘုရား) ထိုနာမ်ရုပ်သည် ဖြစ်ပေါ်ခြင်း ကုန်ပျောက်ခြင်း ဖြစ်သောကြောင့် အနိစ္စ၊ ထို နာမ်ရုပ်သည် ဖြစ်ခြင်း ပျက်ခြင်း နှိပ်စက်ခြင်းကြောင့် ဒုက္ခ။ ထိုနာမ်ရုပ်သည် အလိုက် အကြိုက် မပါသည် ဖြစ်သောကြောင့် အနတ္တလို့ သိတာ ဘာပါလိမ့်။ (ဉာဏ်ပါဘုရား) ဝိပဿနာဉာဏ်ဖြစ်အောင်လုပ်ပါ။ (မှန်ပါဘုရား) ဘုန်းကြီးတို့ ပရိသတ်၊ သဘောပေါက်ပလား။ (ပေါက်ပါတယ်ဘုရား) အမျိုးကောင်းသားတွေထက် အမျိုးကောင်းသမီးတွေက ပိုပြီးတော့ သဘောပေါက်စေချင်တယ်၊ ဘာပြုလို့လဲ ဆိုတော့ အမျိုးကောင်းသမီးတွေက ပိုပြီးတော့ တရားနာတယ်ကွဲ့၊ အမျိုးသားတွေက သိပ်မနာဘူး၊ ဟုတ်လား၊ သဘောပေါက်ကြပလားကွဲ့။ (ပေါက်ပါတယ်ဘုရား) အေး—အဲဒါကြောင့် ဘုန်းကြီးတို့အမျိုးကောင်းသားတွေ သမီးတွေ၊

"မုတမတ္တ"သဘောကို သိအောင် အားထုတ်ပါ၊နာမ်ရုပ်ကို သိအောင် "မုတ-မတ္တ" ဖြစ်အောင် လုပ်ပါ၊ ကျင့်ပါ။ (မှန်ပါဘုရား) ကျင့်နည်း ပြောပြီးပြီနော်။ (မှန်ပါဘုရား)

## မာလုကျပုတ္တမထေရ်ကြီး"မုတေ မုတမတ္တ" အကျယ်သိပုံ

အဲဒီလို သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မာလုကျပုတ္တ မထေရ်ကြီးကို ဟောတော်မူလိုက်တော့ မာလုကျပုတ္တမထေရ်ကြီး သူနားလည်ပြီ ဒီအပိုင်းကို။ (မှန်ပါဘုရား)

"ဣမဿ ခွါဟံ ဘန္တေ ဘဂဝတာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနာမိ"

ဘန္တေ၊ ဘုန်းတော်ရောင်ဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဘဂဝတာ၊ ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရားသည်။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဘာသိတဿ၊ ဟောကြားတော်မူအပ်သော။ ဣမဿ၊ ဤ "မုတေ မုတမတ္တံ" ခေါ်တဲ့ အကျဉ်းချုပ်တရား၏။ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ ခေါ၊ ဤသို့လျှင်။ ဝိတ္ထာ-ရေန၊ အကျယ်အားဖြင့်။ အာဇာနာမိ၊ ကောင်းစွာ ပိုင်ပိုင် သိစွမ်းနိုင်ပါ၏ဘုရား။

သာဓု— သာဓု— သာဓု—

ဒီလို အကျယ် သိသွားပါပြီ၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီလို အကျယ်သိပုံကို မာလုကျပုတ္တမထေရ်ကြီး ဘာပြန်ပြီးတော့ လျှောက်တုန်း။ ဟို ပဟာန ပရိညာပိုင်းကိုလေ။ (မှန်ပါ) "ဝိညာတမတ္တ" နဲ့မှ ရောပြီးတော့ ဟောလိုက်တော့မယ်၊ ဒီကနေ့။ (မှန်ပါဘုရား) လက်ဦးတုန်းကတော့ သူ့အပိုင်းနဲ့ သူ ဟောလာခဲ့တယ်။ (မှန်ပါ) ဒိဋ္ဌရော သုတရော မုတရော ဝိညာတရော လေးခု စလုံး ရောပြီးတော့ ဟောလိုက်တော့ သူပါသွားလိမ့်မယ်။ (မှန်ပါဘုရား) ဒီတော့ ပဟာန ပရိညာပိုင်းကို ချန်ခဲ့။ (မှန်ပါဘုရား) လက်ဦးနေ့ ညတွေကတော့ စက္ခု သောတမှာ ပဟာန ပရိညာ ပိုင်းတွေ ထည့် ဟောခဲ့တယ် မဟုတ်လား။ (မှန်ပါဘုရား) အခု ဉာတ ပရိညာနဲ့ တီရဏ ပရိညာပိုင်း ပြီးရော့ပေါ့၊ ဟုတ်လား။ (မှန်ပါဘုရား) ဒီကနေ့ ညတော့ အဲဒီ "ဝိညာတမတ္တ" ပိုင်း ပြီးတော့မှဘဲ ပဟာန ပရိညာ ပိုင်းကို ထည့်ပြီးတော့ အကုန်ဟောမယ်။ (မှန်ပါ) ဟောပြန်တော့လဲ "ဒိဋ္ဌမတ္တ သုတမတ္တ မုတမတ္တ ဝိညာတမတ္တ" အဲဒါ လေးခုစလုံး ပေါင်းပြီးတော့မှ ပဟာနပရိညာ ပိုင်း ဟောကြစို့-နော်။ (မှန်ပါဘုရား)

သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို မာလုကျပုတ္တမထေရ်ကြီးက အရှင်ဘုရား၊ဤသို့ အကျဉ်းချုပ်ဟောကြားတော်မူတဲ့ တရားသဘာဝတွေ၏ အနက်အဓိပ္ပာယ်အကျယ်တွေကို ဘုရားတပည့်တော် ကောင်းစွာပိုင်ပိုင် နားလည်ခြင်းသို့ ရောက်ပါပြီဘုရား၊ ဘယ်လိုနားလည်သလဲဆိုတော့ သူကတော့ တလုံးစီ လျှောက်တယ်နော်။(မှန်ပါဘုရား)

**ဂန္ဓေဂန္ဓမတ္တံ၊ ရသေ ရသမတ္တံ ဖောဋ္ဌဗ္ဗေ ဖောဋ္ဌဗ္ဗမတ္တံ**

ဂန္ဓံ ဃတွာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။

တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ဂန္ဓသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။

ဝဋ္ဋပိုင်းကို ဒီလိုနားလည်ပုံကို လျှောက်တယ်။

ဘန္တေ၊ ဘုန်းတော်ရောင်ဝန်း ထွန်းလင်းတောက်ပတော်မူတဲ့ အို သဗ္ဗညုရှင်တော်မြတ်ဘုရား။ ဂန္ဓံ၊ အနံ့မျိုးစုံ ဂန္ဓာရုံကို။ ဃတွာ—ဃာယိတွာ၊ နမ်းရှုရသည်ရှိသော်။ ပိယံ နိမိတ္တံ၊ ယောကျ်ားမိန်းမ လှ-မလှခေါ်တဲ့ ချစ်စရာကောင်းတဲ့ အကြမ်းစားဖြစ်တဲ့ နိမိတ်ကို။ ဝါ၊ လက်သဏ္ဌာန် ခြေသဏ္ဌာန် ခေါင်း နှာခေါင်းစတဲ့ သဏ္ဌာန်အသေးစိတ်အမှတ်အသားတွေကို။ မနသိ ကရောတော၊ နှလုံးသွင်း၍နေသောသူ၏သန္တာန်၌။ သတိ၊ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်သော သတိသည်။ မုဋ္ဌာ၊ ကင်းပျောက်၍သွားသည်။ ဟောတိ၊ ဖြစ်ပါတော့သည်ဘုရား။

ဘယ်လောက်ပိုင်သလဲလို့ဆိုတာ။ (ပိုင်ပါတယ်ဘုရား) ဘုန်းကြီးစောစောပိုင်းက ပြောခဲ့တဲ့ အဓိပ္ပာယ် ဒီမှာ လာမပေါ်ဘူးလား။ (ပေါ်ပါတယ်ဘုရား) မြတ်စွာဘုရား၊ အနံ့မျိုးစုံ ဂန္ဓာရုံတွေကို နမ်းရှုဆဲခဏမှာ ပိယလို့ခေါ်တဲ့၊ နှစ်သက်ဖွယ်ကောင်းသော နိမိတ္တလို့ခေါ်တဲ့၊ယောကျ်ား မိန်းမဆိုတဲ့ ပုံသဏ္ဌာန်ဟုတ်လား။ခုနင်ကပြောတဲ့ ပန်းပွင့်ကလေးဆိုတဲ့ ပုံသဏ္ဌာန်တွေ၊ အရသာစားစရာဆိုတဲ့ ပုံသဏ္ဌာန်တွေ၊ ထိစရာ တွေ့စရာဆိုတဲ့ ပုံသဏ္ဌာန်တွေ၊အရသာ စားစရာဆိုတဲ့ ပုံသဏ္ဌာန်တွေ၊ ထိစရာ တွေ့စရာဆိုတဲ့ ပုံသဏ္ဌာန်တွေကို နှစ်သက်ဖွယ်ကောင်းတဲ့ ပုံသဏ္ဌာန်နိမိတ်တွေကို "နိမိတ္တ"လို့ဆိုသဖြင့် "အနုဗျဉ္ဇန"ပါယူရမယ်နော်။(မှန်ပါဘုရား) အနုဗျဉ္ဇနံ၊ လက်သဏ္ဌာန် ခြေသဏ္ဌာန် ခေါင်းသဏ္ဌာန် နှာခေါင်းသဏ္ဌာန် စတဲ့ အသေးစိတ် အမှတ်အသားတွေကို။ မနသိကရောတော၊ နှလုံးသွင်း၍နေသော ရှု၍နေသောသူ၏ သဏ္ဌာန်၌။ သတိ၊

ဝိပဿနာနဲ့ ပတ်သက်သော သတိသည်။ မုဋ္ဌာ၊ ကင်းပျောက်၍သွားသည်။ ဟောတိ၊ ဖြစ်ပါတော့သည်ဘုရား။

ပျောက်သွားပြီ၊ အဲဒီပုဂ္ဂိုလ်မှာ သတိမရှိဘူး။ သတိဝင်လာမှ ဟို ပိယနိမိတ် တွေပျောက်မှာဟုတ်လား။ (မှန်ပါ) ဒီပိယနိမိတ်ကို အကြောင်းပြုပြီးတော့ဖြစ်မဲ့ ရာဂတွေ ဒေါသတွေ ပါနေမှာကို။ ခုတော့ သတိပျောက်သွားပြီတဲ့၊ သူ ပိယ နိမိတ်ကို ကြည့်နေတော့ ဟောဒါ ယောကျ်ားဘဲ၊ ဒါက အမျိုးသားဘဲ၊ ဒါက အမျိုးသမီးဘဲ၊ ဒါ ခေါင်းဘဲ၊ ဒါ နှာခေါင်းဘဲ၊ ဒါ နားရွက်ဘဲ၊ ဒါ မျက်လုံးဘဲ၊ ဒါ သွားကလေးဘဲ၊ ဒါ လက်ဘဲ၊ ဒါ ခြေထောက်ဘဲလို့ အဲဒီလို အသေးစိတ် အမှတ်အသားတွေကို ရှုပြီးတော့ ရှုနေတဲ့ ပုဂ္ဂိုလ်၊ နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ။ သတိ၊ ဝိပဿနာနဲ့ပတ်သက်သော သတိသည်။ မုဋ္ဌာ၊ ကင်းပျောက် ၍ သွားသည်။ ဟောတိ၊ ဖြစ်ပါတော့သည်ဘုရား။

အဲဒါ ကမ္မဋ္ဌာန်းကို မဖြစ်တော့ဘူးဘုရားတဲ့– ဒီလိုကြည့်နေယင်၊ သဘော ပေါက်ပလားကွဲ။ (ပေါက်ပါတယ်ဘုရား) ကမ္မဋ္ဌာန်း ဖြစ်ပါအုံးမလား။ (မဖြစ် ပါဘူးဘုရား) ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ဒီပါဠိတော်ကြီးတွေနဲ့ ပတ်သက်ပြီးတော့ ဒီ အဋ္ဌကထာတွေ ဖွင့်ထားတာတွေ ဟာ အပိုတွေမဟုတ်ဘူးနော်၊ စဉ်းလဲစဉ်းစားကြခမ်းပါ။ (မှန်ပါ စဉ်းစားပါ တယ်ဘုရား) အဲဒီလို သတိလွတ်နေယင် ဘာဖြစ်မလဲသို့ ဆိုတော့ ရှေ့ဆက် လျှောက်ပုံကြည့်ကွဲ။ (မှန်ပါဘုရား)

သော၊ ထို ကမ္မဋ္ဌာန်းသတိ လက်လွတ်၍ နေသောသူသည်။ သာရတ္တ စိတ္တော၊ပြင်းစွာတပ်မက်သော စိတ်ရှိသည်ဖြစ်၍။ တံ၊ထို ဂန္ဓာရုံကို၊ ရသာရုံကို၊ ဖောဋ္ဌဗ္ဗာရုံကို။ ဝေဒေတိ၊ လောဘတဏှာ ရာဂကပ်တဲ့ ဝေဒနာဖြင့် ခံစား ၍ နေပါတော့သည်ဘုရား။

ဒီတော့ "သာရတ္တစိတ္တော"လို့ ပြောထားတယ်မဟုတ်လား။ (ပြောထားပါ တယ်ဘုရား) တပ်မက်သော စိတ်ဆိုတာ လောဘစိတ်၊ အဲဒီ လောဘစိတ်နဲ့ တွဲ ပြီးတော့ ဒီ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတွေကို ခံစား၍ နေပါတော့သည် ဘုရားလို့ဆိုတော့– လောဘမူနဲ့ တွဲတဲ့ဝေဒနာ။ အဲဒီ လောဘတဏှာ ရာဂတွဲ ပြီးတော့ဖြစ်တဲ့ ဝေဒနာ ဘာဖြစ်တုန်းလို့ဆိုတော့ ကာမေဿ ဖြစ်နေပြီမဟုတ် လား။ (မှန်ပါဘုရား) "ကာမဝစရ အဋ္ဌသု လောဘသဟဂတေသု စိတ္တုပ္ပါ- ဒေသု ဥပ္ပဇ္ဇတိ" ထဲက "စတူသု ဒိဋ္ဌိဂတသမ္ပယုတ္တေသု ဥပ္ပဇ္ဇတိ" လို့ဆိုတော့ ဒိဋ္ဌိ ဂတသမ္ပယုတ်စိတ်နဲ့လာတဲ့တယ်။ (မှန်ပါဘုရား) ဘုန်းကြီးဟောခဲ့ပြီးတဲ့ အပိုင်း တွေတုန်းကလဲဘဲ လောဘတဏှာက ဒိဋ္ဌိနဲ့ တွဲလာတဲ့အခါမှာ အဋ္ဌကထာလား

ကာမောဃ-အဖွင့်ကိုသရုပ်ခွဲပြီး "ကာမောဃော စတုသု ဒိဋ္ဌိဂတသမ္ပယုတ္တေသု ဥပ္ပဇ္ဇတိ"လို့ လောဘဒိဋ္ဌိတွဲသွားပုံကို ပြောခဲ့ပြီနော်၊ လောဘဒိဋ္ဌိ။ (မှန်ပါဘုရား)

ဆိုလိုတဲ့အဓိပ္ပာယ်က အရှင်ဘုရား၊ ဒီအနံ့မျိုးစုံ ဂန္ဓာရုံတွေ၊ အရသာမျိုးစုံ ရသာရုံတွေ၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေကို တွေ့ထိ ရောက်ရှိလာတဲ့အခါမှာ ယောကျ်ား မိန်းမ လှ မလှခေါ်တဲ့ အကြမ်းစား နိမိတ်တွေ ပုံသဏ္ဌာန်ဆိုတဲ့ အသေးစိတ်အမှတ်အသားတွေကို ကြည့်ပြီးတော့ ရှုနေမယ်ဆိုယင် အဲဒီပုဂ္ဂိုလ်မှာ ကမ္မဋ္ဌာန်းသတိ မဖြစ်တော့ဘူး ဘုရားတဲ့။ (မှန်ပါဘုရား) သတိပျောက်သွားပြီတဲ့၊ ဒီပုဂ္ဂိုလ်မှာ။ (မှန်ပါ)သတိပျောက်တာနဲ့ တပြိုင်နက်ထဲ အဲဒီအာရုံတွေကို သူ ပြင်းစွာ တပ်မက်တဲ့စိတ်နဲ့ လောဘ တဏှာ ရာဂ ဒိဋ္ဌိကပ်တဲ့ဝေဒနာကြီးနဲ့ သူ ခံစားနေပြီဘုရားတဲ့။ (မှန်ပါဘုရား)လောဘဒိဋ္ဌိဝင်လာပြီ မဟုတ်လား။(ဝင်လာပါတယ်ဘုရား) လောဘဒိဋ္ဌိ။ ဒိဋ္ဌိက ဒိဋ္ဌိ၊ လောဘက တဏှာ၊ တဏှာဒိဋ္ဌိ။ (မှန်ပါတယ်ဘုရား) ကမ္မဋ္ဌာန်း မဖြစ်ဘူးလို့ ပြောတာ။ အဲဒါပြောတာ။ (မှန်ပါဘုရား) ဘာသာဖြစ်နေသလဲဒါဖြင့်။ (တဏှာ ဒိဋ္ဌိဖြစ်နေပါတယ် ဘုရား) လောဘနဲ့ ဒိဋ္ဌိဘဲ ဖြစ်နေတော့တယ်။ (မှန်ပါဘုရား) လောဘနဲ့ ဒိဋ္ဌိဖြစ်နေတော့ ဒီအာရုံကို သူဟာ—

တဉ္စ အဇ္ဈောသာ တိဋ္ဌတိ။ တဉ္စ၊ ထိုအာရုံကိုလည်း။ ထို ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံကိုလည်း။ အဇ္ဈောသာ၊ မျိုမတတ်စွဲလမ်း၍။ တိဋ္ဌတိ၊ တည်၏။

မလွှတ်ကို မလွှတ်နိုင်အောင် ဥပါဒါန်စွဲကြီးနဲ့ တည်လိုက်တယ်။ ကိလေသဝဋ်။ (မှန်ပါဘုရား)သွင်းရောမဟုတ်လား၊ ကိလေသဝဋ် ကမ္မဝဋ်တွေ၊ ရုပ်လို့ ရပါအုံးမလား။ (မရပါဘုရား) ရှင်းလဲ ရှင်းပြီနော်။ (ရှင်းပါတယ်ဘုရား) ကဲ- ဒါဖြင့် ကောင်းပြီ။ အဲဒီပုဂ္ဂိုလ် ဘယ်လိုဖြစ်မလဲဆိုတော့၊ သံယုတ်ဋီကာဆရာ၏ အလိုအတိုင်း မာလုကျပုတ္တမထေရ်ကြီး လျှောက်ထားပုံက ဒီလိုကွဲ။ (မှန်ပါဘုရား)

ဘန္တေ၊ ဘုန်းတော်သခင် အရှင်သူမြတ်ဘုရား။ တဿ၊ ထို လောဘတဏှာ ရာဂ ဒိဋ္ဌိကပ်တဲ့ ဝေဒနာနဲ့ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ဆုံရာ၌ သတိလွတ်ကင်းသည် ဖြစ်သောကြောင့် နှစ်သက်တဲ့ လောဘ တဏှာ ဝေဒနာနဲ့ ခံစားပြီးတော့ မျိုမတတ်စွဲလမ်းနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်၌။ အနေကာ၊ တပါးမက များလှစွာကုန်သော။ ဂန္ဓသမ္ဘဝါ၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့ကြောင့် ဖြစ်ကုန်သော။ ဝေဒနာ၊ လောဘ တဏှာ ဒိဋ္ဌိကပ်သော ဝေဒနာတို့သည်။ ဝဍ္ဍန္တိ၊ တိုးပွား၍ လာကြပါကုန်တော့သည် ဘုရား။ အဘိဇ္ဈာ စ၊ အဲဒီ အာရုံတွေကို လိုချင်တယ်ခေါ်တဲ့ ရှေးရှုကြံစည်ခြင်းဆိုတဲ့ အဘိဇ္ဈာဖြင့်၎င်း။ ဝိဟေသာ စ၊ ပင်ပန်းခြင်းခေါ်တဲ့ ဒေါသတရားဖြင့်၎င်း။ အဿ၊ ထိုသူ၏။ စိတ္တံ၊ စိတ်ကို။ ဥပဟညတိ၊ ကပ်၍ညှဉ်းဆဲပါတော့သည်ဘုရား– တဲ့။

အဋ္ဌကထာဆရာ၏ အလိုတော်အရ မာလုကျပုတ္တမထေရ်ကြီး လျှောက်ထားပုံက ဒီလိုကွဲ။ (မှန်ပါဘုရား)

တဿ၊ ထိုကမ္မဋ္ဌာန်း သတိ လက်လွတ်၍ နေသော ပုဂ္ဂိုလ်၏ သန္တာန်၌။ ဂန္ဓသမ္ဘဝါ၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့ကြောင့် ဖြစ်ကုန်သော။အနေကာ၊တပါးမက များလှစွာကုန်သော။ ဝေဒနာ စ၊ ဝေဒနာတို့သည်ငှင်း။ ဝါ၊ လောဘတဏှာဒိဋ္ဌိကပ်သော ဝေဒနာတို့သည်ငှင်း။ အဘိဇ္ဈာ စ၊ အဘိဇ္ဈာတို့သည်ငှင်း။ ဝိဟေသာ စ၊ ဝိဟေသလို့ခေါ်တဲ့ ဒေါသတရားတို့သည်ငှင်း။ ဝဍ္ဎန္တိ၊ တိုပွားရျှလာကြပ့ါကုန်တော့သည်ဘုရား။အဘိဇ္ဈာ ဝိဟေသာဟိ၊အဘိဇ္ဈာခေါ်တဲ့လောဘ၊ ဝိဟေသာလို့ခေါ်တဲ့ ဒေါသတို့သည်။အဿ၊ ထိုသူ၏။စိတ္တံ၊ စိတ်ကို။ ဥပဟညတိ၊ ကပ်၍ ညှဥ်းဆဲပါတော့သည်ဘုရား—တဲ့။

အဋ္ဌကထာဆရာ ဋီကာဆရာတို့က မာလုကျပုတ္တ မထေရ်ကြီးရဲ့ မြတ်စွာဘုရားအား လျှောက်ထားပုံကို ပေါ်လွင်အောင် ဖော်ဆောင်ပေးလိုက်တာ မရှင်းလင်းဘူးသားကွဲ။ (ရှင်းလင်းပါသည်ဘုရား)ဒီတော့ တဏှာ ဒိဋ္ဌိကပ်တဲ့ ဝေဒနာနဲ့ မလွတ်နိုင်အောင် ခံစားနေတဲ့ ပုဂ္ဂိုလ်ဟာ ပင်ပန်းပြီ မဟုတ်လား။ (မှန်ပါဘုရား)

မာလုကျပုတ္တမထေရ်ကြီးက ရှုသိုလား၊မရှုလို့လား။ (ရှုလို့ပါဘုရား) သူက။ "မုဟော မုတမတ္တံ" ဆိုတာ နံယင် နံတဲ့အတိုင်းကလေးထားလို့၊ ဒီလိုအောက်မေ့နေတာ မဟုတ်ဘူး။ (မှန်ပါဘုရား) သဘောပေါက်ပလား။ (ပေါက်ပါတယ်ဘုရား) "ဒိဋ္ဌေဒိဋ္ဌမတ္တံ" မြင်ယင် မြင်တဲ့အတိုင်းကလေး၊ "သုတေသုတမတ္တံ" ဆိုတာ ကြားယင် ကြားတဲ့အတိုင်းထား၊ ဒါလောက်ကလေးဘဲ မှတ်နေသလား။ (မဟုတ်ပါဘုရား) "ဒိဋ္ဌမတ္တ" ဖြစ်အောင်က ရှုကိုရှုရမယ်။ (ရှုရမှာပါဘုရား) ဒါမှ "ဒိဋ္ဌမတ္တ" ဖြစ်မယ်၊ သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား) ရှုကွက်ပါ ဖော်ပြီး ဟောထားတယ်နော်။ (မှန်ပါဘုရား)

"ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။"

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဧဝံ၊ ဤသို့။ ဒုက္ခံ၊ ဒုက္ခဖြစ်ကြောင်းဆိုတဲ့ လောဘ ဒိဋ္ဌိတွေကို။ အာစိနတော၊ ဆည်းပူး၍နေသောသူတိုးပွားအောင် လုပ်နေတဲ့သူမှ။ ဝါ၊ သူနှင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန် ပရမတ်သည်။ ဝါ၊ ကို။အာရာ၊ ဝေးကွာလှ၏ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသေ့ ဆိုအပ်ပေတော့သည်ဘုရား။

သာဓု—သာဓု—သာဓု—

## ဂန္ဓေ ဂန္ဓမတ္တ ဝဋ္ဋပိုင်း ဝဋ်လည်ပုံ

အဲဒီတရားနဲ့ ပတ်သက်လို့ ဟောဒီ ဆောင်ပုဒ်ကလေးကို ဆိုရမယ်ကွဲ့။ ဒီအဓိပ္ပာယ်ကို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ နားလည်အောင် ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင့်ကိုယ်တော်မြတ်ကြီးက "မုတမတ္တ" ပိုင်းမှာနော်။ (မှန်ပါဘုရား) မာလုကျပုတ္တမထေရ်က မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်တဲ့အဓိပ္ပာယ်က။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ အနံ့ကို နမ်းရှူဆဲ ခဏမှာ ပုံသဏ္ဌာန်နဲ့ ချစ်ဖွယ်ကောင်းသော နိမိတ္တတွေကို ရှုပွားနေကြမယ် ဆိုယင် အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်တဲ့ သတိတွေကင်းပြီးတော့ "သာရတ္တစိတ္တော ဝေဒေတိ" လို့ ဆိုတဲ့အတိုင်း ပြင်းစွာတပ်မက်ခြင်းဖြင့် ခံစားသော ရာဂတွေနဲ့ယှဉ်တဲ့ ဝေဒနာတွေ ဝင်လာပါတယ်ဘုရားတဲ့၊ သတိကင်းလို့။ (မှန်ပါဘုရား)

ဒီရာဂတွေ ဘာပြုလို့ဝင်လာသလဲ၊ သတိမရှိလို့၊ ဟုတ်လား။(မှန်ပါဘုရား) သတိက ဘာပြုလို့မရှိသလဲ၊ နံ့ဆဲခဏမှာ နိမိတ္တနဲ့ အနုဗျဉ္စနတွေကို ယူပြီးတော့ ရှုနေသည်ဖြစ်သောကြောင့် အဲဒီသတိကင်းသွားတယ်။ (မှန်ပါဘုရား) သတိကင်းတာနဲ့ တပြိုင်နက်ထဲ ဘယ်သူဝင်လာသလဲ၊ တားနိုင်တဲ့တရား ရှိသေးသလား။ (မရှိပါဘူးဘုရား) နိမိတ္တသဘော၊ အနုဗျဉ္စနသဘော-နိမိတ္တအနုဗျဉ္စနတို့ကို မှီပြီးတော့ ဖြစ်မဲ့အဘိဇ္ဈာတို့ ဒေါမနဿတို့ဆိုတဲ့ တရားတွေကို တားနိုင်တဲ့တရားရှိသေးသလား။ (မရှိပါဘူးဘုရား) အဲဒီသတိကင်းပနေတာနဲ့ တပြိုင်နက်ထဲ ဘယ်သူတွေဝင်လာသလဲ။ (အဘိဇ္ဈာဝင်လာပါတယ်ဘုရား)

ရာဂတွေဝင်လာမယ်၊ အဲဒီရာဂဝင်ယင်၊ ဒိဋ္ဌိစွဲပြီးတော့ ငါဘဲသူဘဲလို့ အထင်ရောက်လာပါလိမ့်မယ်။ (မှန်ပါဘုရား) အဲဒီလို ရာဂနဲ့ဒိဋ္ဌိတွေ ဝင်ပြီးတော့ သူငါလို့ထင်နေယင် အဲဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်နဲ့ဝေးပြီးတော့နေတဲ့ ပုထုဇဉ်လို့ ခေါ်ပါတော့သည်ဘုရား။ ဒီလိုလျှောက်တာနော်။ (မှန်ပါဘုရား) ဒီဂါထာရဲ့အချုပ်ဟာ ဒါဘဲ။ (မှန်ပါတယ်ဘုရား) ဒါကြောင့် ဟောဒီ ဝဋ္ဋပိုင်းက နံ့ပါတ်သုံး ဆောင်ပုဒ်ကလေးကို ဆိုရမယ်။

**ဆောင်။ ။နံ့ဆဲခဏ၊ ရှုကြပုံသွင်၊**
**သတိကင်းပ၊ ရာဂတွေဝင်၊**
**ဒိဋ္ဌိစွဲ၍၊ သူဘဲငါထင်၊**
**နိဗ္ဗာန်၊ ဝေးစွာပုထုဇဉ်။**

အဲဒီ နံ့ဆဲခဏကလေးမှာ ချစ်စရာကောင်းတဲ့ ပုံသဏ္ဌာန် အကြမ်းစားနိမိတ်တွေကို ရှုနေယင် အဲဒီ ပုဂ္ဂိုလ်သန္တာန်မှာ သတိရှိသေးလား။ (မရှိတော့ပါဘူးဘုရား) သတိမရှိယင် ဘယ်သူဝင်လာသလဲ။ (ရာဂတွေ ဝင်လာပါတယ်

ဘုရား) ရာဂဝင်ယင် ဘာလိုစွဲတော့မလဲ။ (ဒိဋ္ဌိစွဲပါတယ်ဘုရား) ဒိဋ္ဌိစွဲယင် ရုပ်နာမ်လို့ထင်မလား၊ သူငါလို့ထင်တော့မလား။ (သူငါလို့ထင်ပါတယ်ဘုရား) အဲဒီလို ထင်နေတဲ့ ပုဂ္ဂိုလ် နိဗ္ဗာန်နဲ့ နီးသလား ဝေးသလားကွဲ။ (ဝေးပါတယ် ဘုရား)

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ ရှင်းကြပလားကွဲ။(ရှင်းပါ တယ်ဘုရား) အဲဒီလို ဘုရားတပည့်တော်သည် ဝဋ္ဋပိုင်းကို ဒီလိုနားလယ်လာပါ တယ်ဘုရားတဲ့။ နံဆဲ့ဘဏ်မှာ ပုံသဏ္ဍာန်တွေကို ရှုနေမယ်ဆိုယင် ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဝိပဿနာနဲ့ ပတ်သက်တဲ့ သတိတွေကင်းပြီးတော့ ရာဂတွေ ဝင် လာပါလိမ့်မယ်ဘုရား။ ရာဂဝင်တာနဲ့ တပြိုင်နက်ထဲ ထိုရာဂသည် ဒိဋ္ဌိဂတ- သမ္ပယုတ်စိတ်လေးခုနဲ့ ယှဉ်တဲ့အတွက် ဒိဋ္ဌိတွေ စွဲနေပါသည်ဘုရား။ ဒိဋ္ဌိစွဲတော့ ရုပ်နာမ်ကို မထင်တော့ဘဲနဲ့ ငါဘဲ သူဘဲလို့ အယူလွဲတွေ ထင်ကုန်ပါသည်။ ဒီလို ထင်တာနဲ့ တပြိုင်နက်ထဲ အဲဒီပုဂ္ဂိုလ်သည် နိဗ္ဗာန်နဲ့ ဝေးသွားတဲ့ ပုထု ဇဉ်လို့ခေါ်ပါတော့သည်ဘုရား။ဒီလို လျှောက်တယ်နော်။(မှန်ပါဘုရား)အဲဒါ ဝဋ်လည်တဲ့အပိုင်းကွဲ။ (မှန်ပါဘုရား) လည်ပြီ မဟုတ်လား။ (မှန်ပါဘုရား)

**ဆောင်။ ။နံချင်လိုက်တာ၊ ကိလေသာ၊ နံတာကမ္မဝဋ်၊**
**နမ်းရှုချင်တာ၊ ကိလေသာ၊ နံတာကမ္မဝဋ်၊**
**နမ်းရှုဆဲမှာ၊ ရုပ်နာမ်နှစ်ဖြာ၊ မှတ်ပါ ဝိပါကဝဋ်။**

လည်သွားပြီမဟုတ်လား။ (လည်သွားပါပြီဘုရား) ဘာဖြစ်လို့လဲ၊ သတိ ကင်းလို့။ (မှန်ပါဘုရား)ဘာပြုလို့ သတိကင်းသလဲ၊ ပုံသဏ္ဍာန် ရှုလို့ကွဲ။ (မှန်ပါ ဘုရား) ပုံသဏ္ဍာန်တွေကို နှလုံးသွင်းရှုတော့ ဘာပျောက်သွားသလဲ။ (သတိ ပျောက်သွားပါတယ်ဘုရား)သတိပျောက်သွားတော့ ဘာဝင်လာသလဲ။(ရာဂ ဝင်လာပါတယ်ဘုရား) ရာဂဝင်လာတော့ ဘယ်သူစွဲသလဲ။ (ဒိဋ္ဌိ ဝင်စွဲပါတယ် ဘုရား) နိဗ္ဗာန်နဲ့နီးသလား၊ ဝေးသလား။ (ဝေးပါတယ်ဘုရား) ဒီဆောင်ပုဒ် ကလေးရဲ့အဓိပ္ပာယ် ရှင်းပလားကွဲ။(ရှင်းပါတယ်ဘုရား)အဲဒီတော့ ဝိဝဋ္ဋပိုင်းကို ဟောဒီဘက် ကြည့်လိုက်၊ ဃာနပိညာဏ်နဲ့ ဂန္ဓာရုံမှာ ဟုတ်လား။ (မှန်ပါ) အေး နံဆဲ့ခဏလေးကို ခဏထားအုံး၊ ဝိဝဋ္ဋပိုင်းက ပါဠိလေး ရွတ်ကြအုံးစို့ ဟုတ်လား။ (မှန်ပါဘုရား)

### “ဂန္ဓေ ဂန္ဓမတ္တံ”ဝိဝဋ္ဋပိုင်း ဝဋ်ဖြတ်ပုံ

“နသော ရဇ္ဇတိ ဂန္ဓေသု၊ ဂန္ဓံ ဃတွာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နာဇ္ဈောသ တိဋ္ဌတိ။
ယထာဿ ဃာယတော ဂန္ဓံ၊ သေဝတော စာပိ ဝေဒနံ။
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတိ သတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ။”

ဝိဝဋ္ဋပိုင်းမှာ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား အကျဉ်းအားဖြင့် ဒေသနာတော်မြတ်ကို မာလုကျပုတ္တမထေရ်အရှင်မြတ် အကျယ် ဝေဘန်၍ နားလည်ပုံကို လျှောက်ထားလေတယ်၊ ဟုတ်လား။ (မှန်ပါဘုရား) မြတ်စွာဘုရားက မဟုတ်ဘူး မပြောဘူးနော်။ (မပြောပါဘုရား)

သာဓု သာဓု မာလုကျပုတ္တ၊ မှန်လိုက်လေခြင်း ချစ်သားရယ်တဲ့၊ ဒီစကား ဘုရားက ထောက်ခံတယ်ကွဲ့။ (မှန်ပါဘုရား) ချစ်သား မာလုကျပုတ္တ၊ သင် သိတာ မှန်လိုက်လေခြင်း။

"သာဓု ခေါ တွံ မာလုကျပုတ္တ မယာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနာသိ"

ချစ်သား—မှန်လိုက်လေခြင်း၊ ငါ ဘုရား အကျဉ်းချုပ်ဟောတဲ့ ဒေသနာတော်ကို ချစ်သား အကျယ်ဝေဘန်ပြီးတော့ သိပါပေတယ်။

ဘုရားဟော ဖြစ်ပြီမဟုတ်လားကွဲ့။ (ဖြစ်ပါပြီဘုရား) ဒါ မာလုကျပုတ္တလား၊ ဘုရားလား။ (ဘုရားပါ ဘုရား) နောက်လဲ ဒီဂါထာတွေဘဲ ပြန်ဟောမယ်။ (မှန်ပါဘုရား) ဘုရားက ဒီလိုဘဲဟောပါတယ်လို့ နားလည်ထားကြ။ (မှန်ပါဘုရား)

ခုနင်က ဂါထာကလေးဖြင့် မာလုကျပုတ္တမထေရ် ဘုန်းတော်သခင် အရှင်မြတ်ဘုရားကို ပြန်ပြီးတော့ လျှောက်ထားပုံက—

ဘန္တေ၊ ဘုန်းတော် ရောင်ဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရား။ ဂန္ဓံ၊ အနံ့မျိုးစုံ ဂန္ဓာရုံတွေကို။ ဃာယိတွာ၊ နမ်းရှူရသည်ရှိသော်။ ဝါ၊ နမ်းရှူရသည်ဖြစ်၍။ ပဋိဿတော၊ ထင်သော သတိရှိသောသူအား။

သတိရတယ်။ (မှန်ပါ) ဘာပြုလို့ သတိဝင်လာသလဲ နမ်းရှူအပ် နမ်းရှူတတ် နာမ်ရုပ်ကို သတိကလေး ကပ်လိုက်တော့—

ပဋိဿတော၊ ထင်သော သတိရှိသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုအနံ့မျိုးစုံ ဂန္ဓာရုံကို နမ်းရှူရာ၌ ထင်သောသတိရှိသော ပုဂ္ဂိုလ်သည်။ ဂန္ဓေသု၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့၌။ န ရဇ္ဇတိ၊ မတပ်မက်တော့ပါ ဘုရား။

နာမ်ရုပ်ပေါ်လာလို့ မတပ်မက်တော့တာ။ (မှန်ပါဘုရား) နိမိတ္တအနုဗျဥ္စနသာ ပေါ်လာယင်။ (တပ်မက်မှာပါဘုရား) နာမ်ရုပ်ပေါ်လာတော့။ (မတပ်မက်ပါဘူးဘုရား) ဘာပြုလို့လဲသတိထင်လို့။ (မှန်ပါဘုရား) သတိက နာမ်ရုပ်ထင်အောင်သာ လုပ်ပေးတယ်နော်။ (မှန်ပါဘုရား) ဒီတော့ ဒီ သတိကလေး ရှေ့ထားလိုက်တဲ့အခါကျတော့ နိမိတ္တ အနုဗျဥ္စနတွေ ဝင်ခွင့်ရသေးသလား။ (မရ

တော့ပါဘူးဘုရား)နိမိတ္တ အနုဗျဉ္စနကို အကြောင်းပြုပြီးတော့ ဖြစ်ရမဲ့အဘိဇ္ဈာ ဒေါမနဿ ဝင်ခွင့်ရသေးရဲ့လား။(မရတော့ပါဘူးဘုရား)ဘယ်သူတားပေးလဲ။ (သတိက တားပေးပါတယ်ဘုရား)

### နေက္ခမ္မသိတ ဝေဒနာဖြစ်ပေါ်လာပုံ

သော၊ ထိုထင်သော သတိရှိသော ပုဂ္ဂိုလ်သည်။ သော၊ ထိုသင်သော သတိရှိသော ရဟန်းရှင်လူမည်သူမဆို ထိုပုဂ္ဂိုလ်သည်၊ ဂန္ဓေသု၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့၌။ န ရဇ္ဇတိ၊ မတပ်မက်တော့ပါဘုရား။ တပ်မက်ခြင်းကင်းတယ်။(မှန်ပါဘုရား)

သော၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့၌ မတပ်မက်သောပုဂ္ဂိုလ်သည်။ ဝိရတ္တစိတ္တော၊ နာမ်ရုပ်ကိုမြင်သဖြင့် တပ်နှစ်သက်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍။ ဝေဒေတိ၊ လောဘ တဏှာ ဒိဋ္ဌိ မပါသော မဟာကုသိုလ်ဉာဏသမ္ပယုတ်နှင့်ယှဉ်သော ဝေဒနာဖြင့် ခံစား၍နေပါတော့၏ဘုရား။

ဝိပဿနာနဲ့။ (မှန်ပါ) နာမ်ရုပ် နာမ်ရုပ် နာမ်ရုပ် လို့ဆိုတော့ မဟာကုသိုလ်နဲ့ ယှဉ်တဲ့ ပညာမဟုတ်လား။(မှန်ပါဘုရား) အဲဒီ ဝေဒနာမပါဘူးလား။ (ပါပါတယ်ဘုရား) အဲဒီ ဝေဒနာနဲ့ ခံစားနေတယ်။ (ခံစားပါတယ်ဘုရား) လောဘတဏှာ ဒိဋ္ဌိကပ်တဲ့ဝေဒနာလား၊ မဟာကုသိုလ်စိတ်နဲ့ ယှဉ်တဲ့ဝေဒနာလား။ (မဟာကုသိုလ်စိတ်နဲ့ယှဉ်တဲ့ ဝေဒနာပါဘုရား)

အဋ္ဌကထာကတော့ "စတုမဂ္ဂသမ္ပယုတ္တပဝတ္တဋ္ဌာနာနံ ဝေဒနာ" မဂ်လေးပါးနဲ့ယှဉ်တဲ့ဝေဒနာလို့ ဖွင့်ထားတယ်။ (မှန်ပါဘုရား) မဂ်စိတ်လေးခုမှာလဲ ဝေဒနာပါတယ်နော်။(မှန်ပါဘုရား)ဒါပေတဲ့ ဥက္ကဋ္ဌနည်းလို့ ဆိုကြစို့။(မှန်ပါ)

ဒီတော့ ဝိပဿနာ ရှုတဲ့နေရာမှာ"ဂန္ဓံ ဃာယိတွာ" လို့ဆိုတဲ့ စကားကို ထောက်သောအားဖြင့် ဒီနံဆဲခဏမှာကိုက မဟာကုသိုလ်စိတ်နဲ့ နာမ်ရုပ် နာမ်ရုပ်လို့ ရှုပွားနေသည်ဖြစ်သောကြောင့် ဒီနာမ်ရုပ်ကို ရှုနေတယ် ကြည့်နေတယ်ဆိုတာ ဝေဒနာက ပါလာတယ်ကွဲ့။-(မှန်လှပါဘုရား) အဲဒီ မဟာကုသိုလ်ဝေဒနာနဲ့ ခံစား၍ နေပါတော့သည်ဘုရား။ ဝိပဿနာနဲ့ ယှဉ်တဲ့ဝေဒနာ။(မှန်ပါဘုရား) အဲဒီဝေဒနာမျိုးကိုတော့ဖြင့်"သေဝိတဗ္ဗ ဝေဒနာ" မှီဝဲရမဲ့ ဝေဒနာကွဲ့။ (မှန်ပါဘုရား)

ခုနင်က ကာမဂုဏ်နဲ့ ပတ်သက်တဲ့ ဝေဒနာကျတော့ကော။ (ရှောင်ကြဉ်ရမှာပါဘုရား) အဲဒါက ဘာခေါ်လဲတဲ့ဆိုတော့"ဂေဟသိတဝေဒနာ"။အခု ဝိပဿနာနဲ့ယှဉ်တဲ့ မှီဝဲရမဲ့ ဝေဒနာကတော့ "နေက္ခမ္မသိတဝေဒနာ"လို့ ခေါ်တယ်။(မှန်ပါဘုရား)

"နေက္ခမ္မသိတ"ကိလေသာအာရုံ ကာမဂုဏ်မှထွက်မြောက်ခြင်းကို မှီသော ဝေဒနာလို့ခေါ်တယ်ကွဲ့ နေက္ခမ္မ။ (မှန်ပါဘုရား) "နေက္ခမ္မသိတဝေဒနာ"လို့

ခေါ်တယ်။ (မှန်လှပါဘုရား) အဲဒီ နေက္ခမ္မသိတဝေဒနာဖြင့် ခံစား၍ နေပါတော့သည်ဘုရား။

တဥ္စ၊ ထိုနံဆဲခဏ ဖြစ်ပေါ်လာတဲ့ အနံ့မျိုးစုံ ဂန္ဓာရုံကိုလည်း။ အဇ္ဈောသာ၊ မျိုမတတ်စွဲလမ်း၍။ န တိဋ္ဌတိ၊ မဘည်တော့ပါ ဘုရား။

အင်း ဥပါဒါန်စွဲကြီး ပြုတ်မနေဘူးလားသူ။ (ပြုတ်ပါတယ်ဘုရား) ဟုတ်လား။ ဝိဝဋ္ဋပိုင်းမှာ။ (မှန်ပါဘုရား) ဒီတော့ ဘယ်လိုဖြစ်သလဲ—

ဘန္တေ၊ ဘုန်းတော်သခင် အရှင်မြတ်ဘုရား။ ယထာ၊ ယင်းသို့သော အခြင်းအရာအားဖြင့်။ ဂန္ဓံ၊ အနံ့မျိုးစုံ ဂန္ဓာရုံကို။ဃာယတော စာပိ၊ နမ်းရှူပါသော်လည်း။ နမ်းနေပေမဲ့-လို့ ဆိုလိုတယ်။ (မှန်ပါဘုရား) ရှူနေပေမဲ့လို့ ဆိုလိုတယ်။ (မှန်ပါဘုရား) ဝေဒနံ၊ ဝေဒနာကို။ သေဝတော စာပိ၊ မှီဝဲလဲ မှီဝဲသော်လည်း။

ဒီဝေဒနာဖြစ်နေပေမဲ့လို့ ဆိုလိုတယ်။ နေက္ခမ္မသိတဝေဒနာဖြစ်နေသည် ဖြစ်သောကြောင့် ဟုတ်လား (မှန်ပါဘုရား)

အသော၊ ထိုထင်သောသတိရှိသည် ဖြစ်၍ တပ်နှစ်သက်ခြင်း ကင်းပြီးတော့ ဒီဂန္ဓာရုံကို မှီဝဲပြီးနေသော ပုဂ္ဂိုလ်၏ သန္တာန်၌။ဒုက္ခံ၊ကိလေသာဆင်းရဲ ဝဋ္ဋဆင်းရဲသည်။ ခီယတိ၊ ကုန်ခြင်းသို့ ရောက်ပါပြီဘုရား။ ကိလေသာကုန်ခြင်းသို့ ရောက်ပါတယ်တဲ့။ (မှန်ပါဘုရား) နောပစီယတိ၊ တိုးပွားခြင်းသို့ မရောက်ပါဘုရား။

ဘန္တေ၊ ဘုန်းတော်သခင် အရှင်မြတ်ဘုရား။ ဧဝံ၊ ဤဆိုခဲ့ပြီးသော အခြင်းအရာအားဖြင့်။ သော ကုလပုတ္တော၊ ထိုအမျိုးကောင်းသား သမီးသည်။ သတော၊ နိမိတ္တ အနုဗျဉ္စနတွေကို မှီပြီးတော့ ဖြစ်တဲ့ အဘိဇ္ဈာ ဒေါမနဿတွေ မဝင်အောင် တားနိုင်တဲ့ သတိရှိသည်ဖြစ်၍။ စရတိ၊ ကျင့်၍နေပါပေ၏။

ဘာကျင့်လဲ သိက္ခာသုံးပါး။ (မှန်ပါဘုရား) သတိနဲ့နော်။ (မှန်ပါဘုရား) သတိထားနေတယ်နော်။ (မှန်ပါဘုရား) ဘယ်အခါမှာတုန်း၊ နံဆဲခဏနော်။ (မှန်ပါဘုရား) အဲဒီလို ကျင့်၍ နေပါတော့သည်ဘုရား။

ဘန္တေ၊ ဘုန်းတော်အရှင် သခင်မြတ်ဘုရား။ ဧဝံ၊ ဤသို့သော အခြင်းအရာအားဖြ[illegible]။ ဒုက္ခံ၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတွေကို။ အပစိနဘော၊ ဖျက်ဆီးဖြိုခွဲသူမှ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သန္တိကေ၊ ဘယ်လောက်ကမှ မဝေး လက်တကမ်းအနီးကလေးကျ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ခေါ်ဆိုအပ်ပါပေသည်ဘုရား။

သာဓု— သာဓု— သာဓု—

ဒီဂါထာရဲ့ အဓိပ္ပာယ်က ဒီသောင်ပုဒ်ကလေး၊ဝိဝဋ္ဋပိုင်းမှာ။ (မှန်ပါဘုရား) ဒီတော့ ဒီဂါထာရဲ့ အဓိပ္ပာယ်က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဝိဝဋ္ဋပိုင်းကို ဘုရားတပည့်တော် အကျဉ်းချုပ် အရှင်ဘုရား ဟောကြားတော်မူတဲ့ မုတပိုင်းကို ဒီလို အကျယ်ဝေဖန်ပြီးတော့ ဝိဝဋ္ဋပိုင်းနားလည်ပါပြီဘုရား။

ရဟန်းရှင်လူ မည်သူမဆို အကြင်သို့သော အမျိုးကောင်းသား—သမီးသည် အနံ့မျိုးစုံ ဂန္ဓာရုံကို နမ်းရှူဆဲခဏ၌ ထင်သော သတိရှိသည် ဖြစ်သောကြောင့် နိမိတ္တ အနုဗျဉ္ဇနနဲ့တကွ ပုံသဏ္ဌာန်အမျိုးမျိုးတွေ လက်တွေ ခြေထောက်တွေ ခေါင်းတွေ နှာခေါင်းတွေကို ပယ်ပြီးတော့ ဟုတ်လား၊ သတိထင်တော့ ဒါတွေပယ်ထားတယ် သတိက။ (မှန်ပါဘုရား) အဲဒီအဘိဇ္ဈာ ဒေါမနဿတွေ မဝင်နိုင်အောင် တားနိုင်တဲ့ သတိထင်သည် ဖြစ်သောကြောင့် ထိုနံ့ဆဲခဏ၌ သတိက ထင်ရှားအောင် ဖော်ပြပေးလိုက်တဲ့ နံ့အပ် နံ့တတ်လို့ခေါ်တဲ့ နှစ်ရပ် ရုပ်နာမ်ကို ဟုတ်လား။ (မှန်ပါဘုရား) "နံ့အပ် နံ့တတ်၊ နှစ်ရပ်ရုပ်နာမ်၊ နံ့ဆဲခဏ၊ မုတမတ္တံ"လို့ ဒီလိုဘဲ ဆိုရမယ်။ (မှန်ပါဘုရား) ကဗျာကတော့ ရောက်အပ် ရောက်တတ်လို့သာ ဆိုထားတယ်။ (မှန်ပါဘုရား) အဲဒီတော့ နံ့ဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ နံ့အပ်သောတရား၊ နံ့တတ်သောတရား၊ အဲဒီရုပ်နာမ်ကို သတိက ထင်ရှားအောင် ဖော်ပြ၍ ပေးသည်ဖြစ်သောကြောင့်၊ သတိထားပြီး ရှုပွားနေသည် ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဒီနမ်းရှူအပ်သော အာရုံကို နမ်းရှူပင် နမ်းရှူ၍နေပါသော်လည်း နမ်းရှူတဲ့ဝေဒနာကို ခံစားပင် ခံစား၍ နေပါသော်လဲဘဲ အကုသိုလ်တွေမဝင်ဘဲနဲ့ နေကွမ္မသိတဝေဒနာဖြစ်ပြီးတော့ လောဘ ဒေါသ မောဟတွေ ကင်းစင်သွားပါတယ်ဘုရား။ အဲဒီလို ကင်းစင်တဲ့ ပုဂ္ဂိုလ်သန္တာန်မှာ နိဗ္ဗာန်ကိုနီးတဲ့ သူတော်စင်လို့ ခေါ်ရပါတော့သည်ဘုရား။ ဒီလို လျှောက်တာနော်· ဝိဝဋ္ဋပိုင်း။ အဲဒါကြောင့် ဝိဝဋ္ဋပိုင်း အတွက်—

ဆောင်။ ။နံ့ဆဲခဏ၊ ရုပ်မျှကိုပင်၊
သတိထား၍၊ ရှုပွားနေလျှင်၊
လောဘ ဒေါသ၊ မောဟကင်းစင်၊
နိဗ္ဗာန၊ နီးစွာသူတော်စင်။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ နမ်းရှူဆဲခဏမှာ အနံ့ကလေး ရောက်လာယင် ရုပ်မျှသာ ရှုရမယ်။ (မှန်ပါဘုရား) နိမိတ္တ အနုဗျဉ္ဇန ပုံသဏ္ဌာန်တွေ မပါစေနဲ့။ (မှန်ပါဘုရား) ရုပ်ကလေးမျှကိုသာရှု။

နံ့အပ် နံ့တတ်၊ ထိုနှစ်ရပ်ကား၊ ဓာတ်စုမှန်လှ၊ မည်မုတ၊ စမ္မသက်သက်ပါတကား။

ပုဂ္ဂိုလ် ပါသေးလား။ (မပါပါဘူးဘုရား) ပုဂ္ဂိုလ်မဟုတ်၊ ငါ မဟုတ်ယင် ဘာပါလိမ့်။ (နာမ်ရုပ်ပါဘုရား) နာမ်ရုပ်အစုပါတကားလို့ ဉာဏ်ပရိညာပိုင်း ဟုတ်လား။ (မှန်ပါ)

အဲဒီလို သတိထားပြီးတော့ ရှုပွားနေတဲ့ပုဂ္ဂိုလ်သန္တာန်မှာ လောဘဝင်ခွင့် ရသေးရဲ့လား။ (မရပါဘူးဘုရား) ဒေါသဝင်ခွင့်ရသေးရဲ့လား။ (မရပါဘူး ဘုရား) မောဟကော ဝင်ခွင့်ရသေးရဲ့လား။ (မရပါဘူးဘုရား) ရှုပွားနေစဉ် မှာ လောဘ ဒေါသ မောဟတွေ ကင်းမနေဘူးလားကွဲ့။ (ကင်းနေပါတယ် ဘုရား) အဲဒီလို ရှုပွား ဆင်ခြင်နေတဲ့ ပုဂ္ဂိုလ်ကို နိဗ္ဗာန်နဲ့နီးတဲ့ပုဂ္ဂိုလ်လို့ ခေါ် ဆိုရပါတော့သည်ဘုရားလို့ မြတ်စွာဘုရားကို လျှောက်သည်၊ ဟုတ်လား။ (မှန် ပါဘုရား) ခုနင်က ဂါထာနဲ့။ (မှန်ပါဘုရား)ဒီတော့ဆိုရမယ်။ နံ့သဲခဏ ရုပ် မျှကိုပင်။ ပ။ နီးစွ့သူတော်စင်။

ဒါလောက်ဆိုယင် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ စာရွက် ကလေးလဲ ပေးထားတာဖြစ်တော့ သဘောပေါက်လောက်ပါပြီနော်။ (မှန်ပါ ဘုရား) ဒါ နံ့သဲခဏ မုတ တပိုင်းပေါ့။ (မှန်ပါဘုရား) မာလုကျပုတ္တမထေရ် ကြီးက အဲဒီ နံ့သဲခဏမှာလဲဘဲ ဒီလိုဂါထာနဲ့ ဝဏ္ဏပိုင်း ဝိဝဋ္ဋပိုင်း နှစ်ပိုင်းထား ပြီးတော့ အကျယ်ဝေဘန်၍ လျှောက်ထားပါသည်။ ရှင်တော်ဘုရားကလဲ ဒီစကားတွေ လျှောက်ထားပြီးတဲ့အခါမှာ—

သာဓု သာဓု မာလုကျပုတ္တ သာဓု ခေါ တွံ မာလုကျပုတ္တ မယာ
သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနာသိ''

မာလုကျပုတ္တ၊ ချစ်သားမာလုကျပုတ္တ။ သာဓု သာဓု၊ ကောင်းပါပေစွ၊ ကောင်းလေစွ။ မယာ၊ ငါဘုရားကိုယ်တော်မြတ်သည်။ သံခိတ္တေန၊ အကျဉ်း အားဖြင့်။ ဘာသိတဿ၊ ဟောတော်မူအပ်သော။ ဓမ္မဿ၊ တရားတော်၏။ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ သာဓုခေါ၊ ကောင်းစွာသာလျှင်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ တွံ၊ သင်ချစ်သားမာလုကျပုတ္တသည်။ အာဇာနာသိ၊ သိပါ ပေ၏။

ဩော်—ချစ်သားသိတာ အမှန်ဘဲ၊ အကောင်းဆုံးသိတာဘဲ ဆိုပြီးတော့ လေ။ (မှန်ပါ) ဘုရားက သာဓု ပခေါ်ဘူးလား။ (ခေါ်ပါတယ်ဘုရား) ဒါ ဘယ်သူ့ ဂါထာ ဖြစ်သွားသလဲ။ (ဘုရားဂါထာ ဖြစ်သွားပါတယ်ဘုရား) သဘောပေါက်ကဲ့လား။ (ပေါက်ပါတယ်ဘုရား) မှားယင် မြတ်စွာဘုရားက "မာဟောဝံ မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ၊ ဒီလိုမပြောနဲ့"လို့ ပြော မှာပေါ့။ (မှန်လှပါဘုရား) ခုတော့ မပြောဘူးကွဲ့။ "သာဓု ခေါ မာလုကျ ပုတ္တ မယာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနာသိ"လို့ ဒီလို ပြောလိုက်တယ်။ (မှန်ပါဘုရား)

## "ရသေ ရသမတ္တံ" ဝဋ္ဋပိုင်းဝဋ်လည်ပုံ

ဒီတော့ နောက်တခါ မုတပိုင်းနဲ့ပတ်သက်လို့ အခုဂန္ဓပြီးပြီနော်။ (မှန်ပါ) ဂန္ဓပိုင်းပြီးတော့ ဘာပါလိမ့်။ (ရသပါဘုရား) ရသပိုင်းကို ဝဋ္ဋ ဝိဝဋ္ဋပိုင်းမှာ ဝဋ္ဋပိုင်းနားလည်ပုံကို လျှောက်ပါရစေဘုရား။ အရှင်ဘုရား ဟောကြားတော်မူတဲ့ "မုတေ မုတမတ္တံ"၏ အဓိပ္ပာယ် အကျယ် နားလည်ပြီ ဖြစ်သောကြောင့် ဘုရားတပည့်တော် လျှောက်ပါရစေ။ ရသပိုင်းနားလည်ပုံ—

"ရသံ ဘောတွာ သတိ မုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ။
တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ရသသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ"

ဒီဂါထာတွေဟာ ကြားနေရတော့ အသံတွေတော့ တူတယ် မထင်ဘူးလား။ (ထင်ပါတယ်ဘုရား) ပြောင်းပြောင်း သွားရတယ်ကွဲ။ ဂန္ဓာရုံ ရသာရုံနဲ့ သံတူကြောင်းကွဲဆိုတာ အဲဒါနဲ့ တူရဲ့။ (မှန်ပါဘုရား)

ဘန္တေ၊ ဘုန်းတော်သခင်အရှင်မြတ်ဘုရား။ ရသံ၊ အရသာမျိုးစုံ ရသာရုံကို။ ဘောတွာ၊ စားသည်ဖြစ်၍၊ စားသည်ရှိသော်။ ပိယံ၊ ချစ်ခင်စုံမက် နှစ်သက်စရာ ကောင်းသော။ နိမိတ္တံ၊ ပုံသဏ္ဌာန်နဲ့ အသေးစိတ်အမှတ်အသားကို။ မနသိကရောတော၊ နှလုံးသွင်း ရှုပွား၍ နေသောသူ၏သန္တာန်၌။ သတိ၊ ကမ္မဋ္ဌာန်းနဲ့ပတ်သက်သော သတိသည်။ မုဋ္ဌာ၊ ကင်းပျောက်၍သွားသည်။ ဟောတိ၊ ဖြစ်ပါတော့သည်ဘုရား။

သော၊ ထိုကမ္မဋ္ဌာန်း သတိ ကင်းပျောက်၍နေသောသူသည်။ တံ၊ ထိုရသာရုံကာမဂုဏ်ကို။ သာရတ္တစိတ္တော၊ ပြင်းစွာတပ်မက်သောစိတ်ရှိသည်ဖြစ်၍။ ဝေဒေတိ၊ အားရပါးရကြီး လောဘ တဏှာ ဒိဋ္ဌိကပ်တဲ့ ဝေဒနာနဲ့ ခံစားပါတော့သည်ဘုရား။ တဉ္စ၊ ထိုရသာရုံကာမဂုဏ်ကိုလည်း။ အဇ္ဈောသ၊ မျိုမတတ် စွဲလမ်း၍။ တိဋ္ဌတိ၊ တည်ပါတော့သည်ဘုရား။

ဘယ်လောက် စွဲလမ်းထားသလဲဆိုတော့ ဝက်သားသုံးတုံးရှိတာ တဖတ်က သူဆယ်ထားတယ်၊ တဖတ်က ပါးစပ်ထဲ ကိုက်ထားတယ်၊ ဟို ခွက်ထဲက ဟာလဲ ငါ့ဟာဆိုတော့ ဘယ်လောက် စွဲသလဲ ကြည့်စမ်း။ အဇ္ဈောသ အဇ္ဈောသ။ (မှန်ပါဘုရား) အဲဒါစားတဲ့သောက်ဘဲ့နေရာ သတိထားကြနော် ဟောပြီးပြီပဟုတ်လား အကျယ်။ (ဟောပြီးပါပြီဘုရား) "တဉ္စ အဇ္ဈောသ တိဋ္ဌတိ" အဲဒီလိုဖြစ်နေယင်—

တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ရသသမ္ဘဝါ။

ဘန္တေ၊ ဘုန်းတော်သခင် အရှင်သူမြတ်ဘုရား။ တဿ၊ ထိုပုဂ္ဂိုလ်၏သန္တာန်၌။ ထိုသို့ လောဘ တဏှာ ဒိဋ္ဌိကပ်တဲ့ ဝေဒနာဖြင့် ခံစား၍နေသော သူ၏သန္တာန်၌။ အနေကာ၊ တပါးမက များလှစွာကုန်သော။ ရသသမ္ဘဝါ၊ အရသာမျိုးစုံ ရသာရုံတို့ကြောင့်ဖြစ်ကုန်သော။ ရသာရုံတို့လျှင် ဖြစ်ကြောင်းရှိကုန်သော။ ဝေဒနာ စ၊ လောဘတဏှာ ဒိဋ္ဌိကပ်သော ဝေဒနာတို့သည်၎င်း။ အဘိဇ္ဈာ စ၊ အဘိဇ္ဈာတို့သည်၎င်း။ ဝိဟေသာ စ၊ ဒေါသတို့သည်၎င်း။ ဝဍ္ဎန္တိ၊တိုးပွား၍ နေကြပါကုန်၏။ အဘိဇ္ဈာဝိဟေသာဟိ၊အဘိဇ္ဈာခေါ်တဲ့ လောဘဝိဟေသခေါ်တဲ့ ဒေါသတရားတို့သည်။ အဿ၊ သတိမကပ် အမိုက်မှောင်ဖြင့် ဖုံးအုပ်ခံနေရသော ထိုသူ၏။ စိတ္တံ၊ ရုပ်နာမ်မမြင် ပုဂ္ဂိုလ် သတ္တဝါထင်သောစိတ်ကို။ ဥပဟညတိ၊ ပူးကပ်၍ညှင်းဆဲခံနေရပါတော့သည်ဘုရား။

တနည်း—တဿ၊ ထိုသူ၏သန္တာန်၌။ ရသသမ္ဘဝါ၊ အရသာမျိုးစုံ ရသာရုံလျှင်ဖြစ်ကြောင်းရှိကုန်သော။ အနေကာ၊ တပါးမက များလှစွာကုန်သော။ ဝေဒနာ၊ ဝေဒနာတို့သည်။ ဝဍ္ဎန္တိ၊ တိုးပွား၍လာပါကုန်တော့၏ဘုရား။ လောဘ တဏှာ ဒိဋ္ဌိကပ်သောဝေဒနာများ တိုးပွားလာတယ်။ (မှန်ပါဘုရား) အဘိဇ္ဈာ စ၊အဘိဇ္ဈာအားဖြင့်၎င်း။ ဝိဟေသာ စ၊ ဝိဟေသာခေါ်တဲ့ ဒေါသဖြင့်၎င်း။ အဿ၊ ထိုသူ၏။ စိတ္တံ၊ စိတ်ကို။ ဥပဟညတိ၊ ပူးကပ်၍ ညှဉ်းဆဲပါတော့သည်ဘုရား။

ဧဝံ၊ ဤသို့။ ဒုက္ခံ၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတွေကို။ အာပစိနတော၊ ဆည်းပူး၍နေသောပုဂ္ဂိုလ်မှ။ ဝါ၊ ပုဂ္ဂိုလ်နှင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဝါ၊ နိဗ္ဗာန်ကို။ အာရာ၊ ဝေးကွာလှ၏ဟူ၍။ ဝုစ္စတိ၊ ဆိုရပါတော့သည်ဘုရား။

သာဓု—သာဓု—သာဓု—

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ စားဆဲ သောက်ဆဲခဏမှာ ဝဋ္ဋပိုင်းနားလည်ပုံလေးကို ပြန်လျှောက်တယ် နော်။(မှန်ပါ)စားဆဲ သောက်ဆဲခဏမှာ စားစရာ သောက်စရာတွေကို စားချင်စရာကောင်းတဲ့ ပုံသဏ္ဍာန်တွေနဲ့ အသေးစိတ် အမှတ်အသားတွေကို ကြည့်ရှုပြီးတော့ နှလုံးသွင်းနေမယ်ဆိုယင် ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သတိ ကင်းပျောက်၍ သွားပါပြီဘုရား။ ကမ္မဋ္ဌာန်း မဖြစ်တော့ပါဘူးတဲ့နော်။ (မှန်ပါဘုရား) သတိ ကင်းပျောက်ပြီးတော့ သွားပြီတဲ့။ (မှန်ပါဘုရား)

အဲဒီလို သတိ ကင်းပျောက်သွားတာနဲ့ တပြိုင်နက်ထဲ သတိကင်းနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဘာတွေဝင်လာသလဲလို့ဆိုတော့ ဒီရသာရုံ ကာမဂုဏ်တွေ

ပေါ်ကို "ဝိရတ္တစိတ္တော ဝေဒေတိ" တပ်နှစ်သက်သောစိတ်လို့ခေါ်တဲ့ လောဘ တဏှာစိတ်ကြီးနဲ့ ဒီရသာရုံတွေကို ခံစားနေပါတယ်တဲ့။ (မှန်ပါဘုရား)ဒီတော့ ဘာဝေဒနာပါလိမ့်။ (လောဘတဏှာကပ်သော ဝေဒနာပါဘုရား) လောဘ တဏှာ ကပ်သောဝေဒနာနဲ့ ခံစားနေသည်ဖြစ်သောကြောင့် လောဘတဏှာ ကပ်သောဝေဒနာသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခုနဲ့ ယှဉ်တဲ့အတွက် ဒိဋ္ဌိလဲ ဝင်နေပါသည်ဘုရား။ (မှန်ပါဘုရား) အဲဒီလို ဒိဋ္ဌိတွေဝင်နေသည်ဖြစ်သော ကြောင့် ငါ့ဘို့သူ့ဘို့လို့ဆိုပြီးတော့ ငါအစွဲ သူအစွဲနဲ့ အယူလွဲတွေ ဝင်နေပါ တော့သည်ဘုရား။ ဒီပုဂ္ဂိုလ်သန္တာန်မှာ အဲဒီ အနန္တအဆင်းမျိုးစုံ ရသာရုံလျှင် အကြောင်းရှိကုန်သော အဘိဇ္ဈာခေါ်တဲ့လောဘ၊ ဝိဟေသာခေါ်တဲ့ ဒေါသ တို့သည် ထိုပုဂ္ဂိုလ်ရဲ့ စိတ်အစဉ်ကို နှိပ်စက်၍ ညှဉ်းဆဲပါတော့သည်ဘုရား။

ဒီလို သတိကင်းပတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အဘိဇ္ဈာတွေ ဝင်ပြီးတော့ နေ တဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ နိဗ္ဗာန်နဲ့ဝေးတဲ့ ပုထုဇဉ်လို့ ခေါ်ဆိုရပါတော့သည် ဘုရား၊ ဘုရားတပည့်တော် ဝဋ္ဋပိုင်းကို ဒီလို နားလည်ပါတယ်။

ဆောင်။ ။စားဆဲခဏ၊ ရှုကြံ ပုံသွင်၊
သတိကင်းပ။ ရာဂတွေဝင်၊
ဒိဋ္ဌိစွဲ၍၊ သူဘဲငါထင်၊
နိဗ္ဗာန၊ ဝေးစွာ ပုထုဇဉ်။

စားဆဲခဏ စားနေစဉ်မှာ ပုံသဏ္ဌာန်နိမိတ်တွေကို ရပ်တရားလို့ မရှုဘဲနဲ့ စားနေစဉ် စားနေဆဲ စားနေခိုက်မှာ စားချင်စရာကောင်းတဲ့ နှစ်သက်စရာ ကောင်းတဲ့ ပုံသဏ္ဌာန်တွေနဲ့ ဒါတွေ ကြည့်ရှုပြီးတော့ ဆင်ခြင်နေမယ်ဆိုယင် အဲဒါတွေဆင်ခြင်ပြီးတော့ စားနေယင်လို့ဆိုလိုတဲ့အဓိပ္ပာယ်။ (မှန်ပါဘုရား)ပုံ သဏ္ဌာန်အမှတ်အသားတွေနဲ့ စားနေယင် ဒီပုဂ္ဂိုလ်သန္တာန်မှာ သတိပါသေးရဲ့ လား။ (မပါတော့ပါဘူးဘုရား) ကမ္မဋ္ဌာန်းသတိပျောက်သွားတယ်။ ကမ္မ- ဋ္ဌာန်းသတိပျောက်တာနဲ့တပြိုင်နက်ထဲ အဲဒီပုဂ္ဂိုလ် စားဆဲခဏမှာ ဘာတွေ ဝင်လာသလဲ။ (ရာဂတွေ ဝင်လာပါတယ်ဘုရား)

လောဘ တဏှာ ရာဂကပ်သော ဝေဒနာနဲ့"သာရတ္တစိတ္တ" လို့ခေါ်တဲ့ ဒီအစားပေါ်မှာ တပ်မက်တဲ့စိတ်တွေ၊ ငါ့ဘို့ဆိုတဲ့စိတ်တွေ၊ ဒိဋ္ဌိလဲဝင်လာတယ် မဟုတ်လား။(ဝင်ပါတယ်ဘုရား)အဲဒီဒိဋ္ဌိတွေဝင်လာပြီဆိုယင်တော့ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ—သမီးတွေ ဒီပုဂ္ဂိုလ် နိဗ္ဗာန်နဲ့နီးသလား ဝေးသလား။ (ဝေးပါတယ်ဘုရား)ခုနရေး အကြောင်းပြုပြီးတော့ ပုဂ္ဂိုလ်မှာ လောဘ ဒေါ သာတွေနှိပ်စက်ခြင်းခံရသလား၊ မခံရဘူးလား။ (ခံရပါတယ်ဘုရား) အဲဒီလို ခံရ လို့ ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေ တိုးပွားနေယင် ဒီပုဂ္ဂိုလ် နိဗ္ဗာန်နဲ့ ဝေးသလား၊ နီးသ

လား။ (ဝေးပါတယ်ဘုရား) နိဗ္ဗာန်နဲ့ဝေးယင် ဘာလဲ၊ ပုထုဇဉ်။ ဟုတ်လား။ ဒါကြောင့်—စားဆဲခဏ၊ ရှုကြပုံသွင်။ ပ။ နိဗ္ဗာန၊ ဝေးစွ ပုထုဇဉ်။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ စားဆဲခဏ၌ နိမိတ္တ အနုဗျဉ္စန သဘောတွေကို သိပြီးတော့ စားနေတယ်လို့ဆိုတာကို ရှုပွားနေတဲ့ပုဂ္ဂိုလ်မှာ ကမ္မဋ္ဌာန်းသတိ ပျောက်သွားပါသည် ဘုရား။ အဲဒီလို ကမ္မဋ္ဌာန်းသတိ ပျောက်သည်ဖြစ်သောကြောင့် ဒီစားနေတဲ့ အာရုံပေါ်ကို တပ်နှစ်သက်သော စိတ်နဲ့ လောဘ တဏှာ ရာဂကပ်တဲ့ ဝေဒနာနဲ့ ခံစားပြီးတော့ ဒိဋ္ဌိစွဲကာ ယှဉ်တွဲ၍ ပါလာပါတော့သည်ဘုရား။

အဲဒီလို ရာဂတွေ ဒိဋ္ဌိတွေဝင်ပြီးတော့ များစွာသော လောဘ တဏှာ ဒိဋ္ဌိကပ်သော ဝေဒနာတွေ တိုးပွားပြီးတော့ နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အဘိဇ္ဈာဝိဟေသာလို့ခေါ်တဲ့ တရားတွေ စိတ်ကိုနှိပ်စက်ညှဉ်းဆဲခြင်း ခံရပါတယ်ဘုရား။ ဒီပုဂ္ဂိုလ်မျိုးသည် နိဗ္ဗာန်နဲ့ဝေးတဲ့ ပုဂ္ဂိုလ်လို့ ဘုရားတပည့်တော် ဒီလိုနားလည်ပါတယ်ဘုရား။ ဝဋ္ဋပိုင်း။ (မှန်ပါဘုရား)

## "ရသေ ရသမတ္တံ" ဝိဝဋ္ဋပိုင်း ဝင့်ပြတ်ပုံ

ဝိဝဋ္ဋပိုင်းကို နားလည်ပုံကလေးကို မြတ်စွာဘုရားပြန်ပြီးတော့ လျှောက်တဲ့အခါကျတော့ ဘယ့်နှယ်လျှောက်တုန်း။ ဝိဝဋ္ဋပိုင်း သူနားလည်ပုံက ဒီလိုကွဲ။ (မှန်ပါ)

"န သော ရဇ္ဇတိ ရသေသု၊ ရသံ ဘောတွာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နာဇ္ဈောသာ တိဋ္ဌတိ။
ယထာဿ သာယတော ရသံ၊ သေဝတော စာပိ ဝေဒနံ။
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတီ သတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ"။

ဒီလိုလျှောက်တယ်၊ ဝဋ္ဋပိုင်း။ (မှန်ပါဘုရား)

ဘန္တေ၊ ဘုန်းတော်ရောင်ဝန်း ထွန်းလင်းတောက်ပတော်မူသော အို သဗ္ဗညုရှင်တော်မြတ်ဘုရား။ ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်သို့သောပုဂ္ဂိုလ်သည်။ ရသံ၊ အရသာမျိုးစုံ ရသာရုံကို။ ဘောတွာ၊ သုံးဆောင် ခံစားရသည်ဖြစ်၍။ ပဋိဿတော၊ ထင်သောသတိရှိသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုရသာရုံကို ခံစားသောအခါ၌ ထင်သောသတိရှိသော အမျိုးကောင်းသားသမီးသည်။ ရသေသု၊ အရသာမျိုးစုံ ရသာရုံတို့၌။ န ရဇ္ဇတိ၊ မတပ်မက်—တော့ပါ ဘုရား။ သော၊ ထိုမတပ်မက်တဲ့ပုဂ္ဂိုလ်သည်။ ဝိရတ္တစိတ္တော၊ တပ်မက်သောစိတ် ကင်းသည်ဖြစ်၍။ တံ၊ ထိုရသာရုံကို။ ဝေဒေတိ၊ တပ်နှစ်သက်ခြင်း ကင်းသည်ဖြစ်

သောကြောင့် မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ်နှဲ့ယှဉ်သော နာမ်ရုပ်မျှသာဟု သိပြီး၍ စားသည်ဖြစ်သောကြောင့် ဝိပဿနာ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ်နှင့်ယှဉ်သော ဝေဒနာဖြင့်၊ နေက္ခမ္မသိတဝေဒနာဖြင့် ခံစားပါတော့သည် ဘုရား။

နေက္ခမ္မသိတဝေဒနာ။(မှန်လှပါဘုရား) ခုနင်က ဂေဟသိတဝေဒနာကြီး၊ ဟုတ်လား။(မှန်ပါဘုရား) ကာမဂုဏ်ကို မှီပြီးတော့ ဖြစ်တဲ့ဝေဒနာ၊ ဂေဟသိတဝေဒနာ၊ အဲဒါက ပမှီရမဲ့ ဝေဒနာကွဲ။ (မှန်ပါဘုရား) အခု မှီဝဲရမဲ့ဝေဒနာ၊ နေက္ခမ္မသိတဝေဒနာ။ (မှန်ပါဘုရား)

တဥ္စ နာဇ္ဈောသာ တိဋ္ဌတိ။ သော၊ ထို နေက္ခမ္မသိတဝေဒနာဖြင့် ခံစား၍ နေသော ပုဂ္ဂိုလ်သည်။ တဥ္စ၊ ထိုရသာရုံကိုလည်း။ အဇ္ဈောသာ၊ မျိုပတတ်စွဲလမ်း၍။ န တိဋ္ဌတိ၊ မတည်တော့ပါဘုရား။

ဘန္တေ၊ ဘုန်းတော်ရောင်ဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ယထာ၊ ယင်းသို့သော အခြင်းအရာအားဖြင့်။ ရသံ၊ အရသာမျိုးစုံ ရသာရုံကို။ သာယတောစာပိ၊ စားနေပါသော်လည်း။ ဝေဒနံ၊ ရသာရုံ၏ အရသာကို ခံစားတဲ့ ဝေဒနာကို။ သေဝတော စာပိ၊ မှီဝဲပါသော်လည်း။ နေက္ခမ္မသိတဝေဒနာ မဟုတ်လား။(မှန်ပါဘုရား) အဿ၊ ထိုအမျိုးကောင်း သား၊ သမီး၏ သန္တာန်၌။ ဒုက္ခံ၊ ကိလေသာ ဝဋ်ဆင်းရဲသည်။ ခီယတိ၊ကုန် ခန်းပါသည်ဘုရား။ နောပစီယတိ၊ တဏှာဒိဋ္ဌိတိုးပွားခြင်း ဖြစ်ပေါ်ခြင်းသို့ မရောက်တော့ပါဘုရား။ ဘန္တေ၊ ဘုန်းတော်သခင် အရှင်မြတ်ဘုရား။ ဧဝံ၊ ဤသို့။ သော၊ ထိုအမျိုးကောင်းသား၊ သမီးသည်။ ဝါ၊ ရဟန်းရှင်လူ မည် သူမဆို ထို ပုဂ္ဂိုလ်သည်။ သတော၊ တင်သော သတိရှိသည်ဖြစ်၍။ စရတိ၊ ကျင့်သုံး၍နေပါတော့သည် ဘုရား။ ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ် ဘုရား။ ဧဝံ၊ ဤသို့။ ဒုက္ခံ၊ ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေကို၊ အပစိနတော၊ ဖျက်ဆီး သောသူနှင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန် ပရမတ်ကို၊ သန္တိကေ၊ ဘယ်လောက်ကမှ မဝေး လက်တကမ်း အနီးကလေးဟူ၍။ ဝုစ္စတိ၊ ဆိုရပါတော့သည် ဘုရား။

သာဓု— သာဓု— သာဓု—

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဝိဝဋ္ဋပိုင်းကို ဘုရားတပည့် တော် နားလည်တာက အရသာမျိုးစုံ ရသာရုံတွေကို စားနေဆဲခဏ၌ "မုတ မတ္တ"ဖြစ်အောင် စားအပ် စားတတ်တဲ့ ရုပ်နာမ်သာလို့ ရုပ်မျှကိုသာလျှင် သယိ ကပ်ပြီးတော့ နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သယ်ယပ်သည် ဖြစ်သောကြောင့် နိမိတ္တ အနုဗျဉ္စနနဲ့ ပုံသဏ္ဌာန်တွေ အမျိုးမျိုး နိမိတ်တွေ အမျိုးမျိုးဟုတ်လား။

(မှန်ပါဘုရား) ပြီးတော့ နိမိတ်တွေ၊ ပုံသဏ္ဍာန်တွေကို အကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ အဘိဇ္ဈာ ဒေါမနဿတွေဆိုတဲ့ အကုသိုလ်တွေကို တားထား သည်ဖြစ်သောကြောင့် ထိုသတိက ရုပ်နာမ် သဘော၊ အနိစ္စ ဒုက္ခ အနတ္တ သဘောမျှပင် ရှိတယ်လို့ ဆိုတာကို ထင်ရှားစေတဲ့အတွက် ဒီအမျိုးကောင်း သား၊ အမျိုးကောင်း သမီးရဲ့ သန္တာန်မှာ စားပင် စားနေပါသော်လည်း ရာဂ ဒေါသ မောဟတွေ ကင်းစင်ပြီးတော့ နေပါတော့သည်ဘုရား၊ဟုတ်လား။ (မှန်ပါဘုရား)

အဲဒီလိုပုဂ္ဂိုလ်ကို နိဗ္ဗာန်နဲ့နီးတဲ့ ပုဂ္ဂိုလ်လို့ ခေါ်ရပါသည်ဘုရားလို့ အကျဉ်း ချုပ်အဓိပ္ပာယ် ဒါလောက်ဘဲ မှတ်တော့နော်။ (မှန်ပါဘုရား) အကျယ် အဓိပ္ပာယ်တွေကတော့ အထက်က ပြောခဲ့တဲ့ အတိုင်းပါဘဲ၊ ဟုတ်လား ။(မှန် ပါဘုရား) အဲဒါကြောင့် ဒီဆောင်ပုဒ်ကလေး ဆိုကြရမယ်။

**ဆောင်။**　　**။စားဆဲခဏ၊ ရုပ်မျှကိုပင်၊**
**သတိထား၍၊ ရှုပွားနေလျှင်၊**
**လောဘ ဒေါသ၊ မောဟ ကင်းစင်၊**
**နိဗ္ဗာန၊ နီးစွ သူတော်စင်။**

**"ရသေ ရသမတ္တံ"၌ ဓမ္မာနုပဿနာရှုပုံ**

အေး— စားဆဲခဏမှာ သတိကလေးကပ်ပြီးတော့—

"အနိစ္စာနုပဿီ ဘုဥ္ဇသာမီတိ သိက္ခတိ"

အနိစ္စာနုပဿီ၊ အနိစ္စကို ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကို ရှုလေ့ရှိ သည်ဖြစ်၍။ ဘုဥ္ဇသာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏- လို့ စားဆဲခဏ ဖြစ်ပေါ်လာတာ ဘာတရားတုန်း။ (ရုပ်နာမ်တရားပါ ဘုရား) နာမ်ရုပ်နော်။(မှန်ပါဘုရား) ဇိဝှာဝိညာဏ်ကနာမ်၊ရသာရုံက ဘာတုန်း။ (ရုပ် တရားပါဘုရား) အဲဒီ ရသာရုံထဲမှာ ပုံသဏ္ဍာန် ပါသေးလား။ (မပါပါဘူး ဘုရား) နိမိတ်ကော။ (မပါပါဘူးဘုရား) အတုံးအခဲကြီးကော ပါသေး လား။(မပါပါဘူးဘုရား) အတုံးအခဲလဲ မပါဘူးကွဲ၊(နာမ်ရုပ်သာ ပါပါတယ် ဘုရား)ရုပ်သက်သက်မျှဘဲ ပါတယ်။ (မှန်ပါဘုရား)

အဲဒီတော့ စားနေဆဲခဏမှာ ဘယ့်နှယ်ဝိပဿနာရှုရမလဲ။(ရုပ်မျှသာရှုရမှာ ပါဘုရား) ရုပ်တရား၊ ရုပ်တရားလို့ အသိကပ်ပါ၊ သတိကပ်ပါ၊ဟုတ်လား။ (မှန် ပါဘုရား)အဲဒီလို ရုပ်တရားလို့ သတိကပ်ထားယင်— ဒီ ရုပ်လို့ ထင်ရှားအောင် က ဘယ်သူက ပြပေးသလဲ။(သတိက ပြပေးပါတယ်ဘုရား)ရုပ်လို့လဲ ပြပေးမယ်၊ နိမိတ္တ အနုဗျဉ္ဇန၊ ပြီးတော့ နိမိတ္တ အနုဗျဉ္ဇနတွေကို အကြောင်းပြုပြီးတော့

ဖြစ်လာတဲ့ အဘိဇ္ဈာဒေါမနဿကိုလဲ သူကဘားပေးတယ်။(တားပေးပါတယ် ဘုရား)ဒီတော့ ရုပ်လို့လဲထင်ရှားအောင် ဖော်ပြပေးလို့ သတိထားပြီးတော့ ရှုပွားနေယင် လောဘလဲ ကင်းမယ်၊ ဒေါသလဲ ကင်းမယ်၊ မောဟလဲ ကင်းမယ်။ အဲဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်နဲ့ နီးတဲ့ ပုဂ္ဂိုလ်လို့ ဆိုရပါသည်ဘုရားလို့– ဒီလို နားလည်ပါသည်။ (မှန်ပါဘုရား)

အဲဒီအခါကျတော့လဲ မြတ်စွာဘုရားက—

"သာဓု ခေါ တွံ မာလုကျပုတ္တ မယာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနာသိ"—

လို့ ဒီလိုဘဲ ဟောတယ်။ (မှန်ပါဘုရား) ချစ်သား၊ ငါဘုရား အကျဉ်းချုပ် ဟောတော်မူတဲ့ ဒေသနာတော်ကို သင်ချစ်သားသည် ဤသို့ အကျယ်ဝေဘန်၍ ကောင်းမွန်စွာ သိပါပေ၏။ ကောင်းကောင်းကြီး သိတယ်။ "သာဓု သာဓု မာလုကျပုတ္တ" မှန်လိုက်ဘာ ချစ်သားတဲ့ မြတ်စွာဘုရားက။ (မှန်ပါဘုရား) သဘောကျပလား။ (သဘောကျပါတယ် ဘုရား)

## "ဖောဋ္ဌဗ္ဗေ ဖောဋ္ဌဗ္ဗမတ္တံ" ဝဋ္ဋပိုင်း ဝဋ်လည်ပုံ

ကိုင်း စားဆဲပြီးဘော့ ထိဆဲခဏ သွားကြစို့၊ ဟုတ်သား။ (မှန်ပါဘုရား)ထိဆဲခဏမှာ ဝဋ္ဋပိုင်း ဝိဝဋ္ဋပိုင်း နှစ်မျိုးနားလည်ပုံကို လျှောက်ဘယ်။ (မှန်ပါ) ထိဆဲခဏ ဝဋ္ဋပိုင်းကို ဘယ်လိုလျှောက်တုန်း။ "မုတ"ပိုင်းကို လျှောက်နေဘာ နော်။ (မှန်ပါ)

"ဖဿံ ဖုဿ သတိ မုဋ္ဌာ၊ ပိယံ နိမိတ္တံ ပနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ၊
တဿ ဝဍ္ဎန္တိ ဝေဒနာ၊ အနေကာ ဖဿသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ"

အနက်ကတော့ ခုနင်ကအတိုင်းပါဘဲနော်၊(မှန်ပါဘုရား) ဘုန်းတော်ကြီး တော်မူသော သဗ္ဗညုရှင်တော်ဘုရား၊ အာတွေမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေနဲ့ တွေ့တဲ့ အခါမှာ၊ ထိဆဲခဏမှာ။(မှန်ပါဘုရား) ချစ်ခင်နှစ်သက် စုံမက်စရာကောင်းတဲ့ ယောကျ်ား မိန်းမ လှ-မလှ၊ လက်သဏ္ဌာန် ခြေသဏ္ဌာန် ခေါင်းသဏ္ဌာန် နှာခေါင်းသဏ္ဌာန်မျက်လုံးမျက်ခုံးစတဲ့ အသေ့စိတ် အမှတ်အသားတွေကို နှလုံးသွင်းနေတဲ့ သူရဲ့သန္တာန်မှာ အဲဒီ နိမိတ္တတွေ အနုဗျဉ္ဇနတွေကို နှလုံးသွင်းနေတဲ့ သူ၏သန္တာန်မှာတဲ့။ (မှန်ပါဘုရား) ကမ္မဋ္ဌာန်းနဲ့ ပတ်သက်ဘဲ့ သတိကင်း ပျောက်၍ သွားပါတော့သည်ဘုရားတဲ့။ (မှန်လှပါဘုရား)

အဲဒီ သတိကင်းပျောက်နေတဲ့ ပုဂ္ဂိုလ်သည် ထိုထိဆဲဖြစ်တဲ့ အာရုံကို ပြင်းစွာ တပ်မက်တဲ့ စိတ်နဲ့ ခံစားပါတော့သည်ဘုရား။ လောဘတဏှာ ရာဂကပ်တဲ့ ဝေဒနာ။(မှန်ပါဘုရား) ဒိဋ္ဌိဝင်လာတယ်။ (မှန်ပါဘုရား) ထိုအာရုံကို လက်မလွှတ်နိုင်အောင် တမ်းတမ်းစွဲ စွဲထားပါတော့သည်ဘုရား။ ဒါလေးမှမရယင် နေကို မနေနိုင်ဘူးဖြစ်တယ်။ (မှန်ပါဘုရား) ဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)

တဿ အဇ္ဈောသာ တိဋ္ဌတိ။ အဲဒီ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ တို့ကြောင့် ဖြစ်ကုန်သော များစွာကုန်သော ဝေဒနာတို့သည်၎င်း၊ အဘိဇ္ဈာတို့ သည်၎င်း ဝိဟေသာခေါ်တဲ့ ပင်ပန်းခြင်း ဒေါသတို့သည်၎င်း တိုးပွားရှိနေပါ တော့သည်ဘုရား။ (မှန်လှပါဘုရား) ဟုတ်လား။ (မှန်ပါဘုရား)ဘာပြုလို့လဲ ပုံသဏ္ဌာန် မလွှတ်လို့ကွဲ။(မှန်ပါဘုရား)သတိပျောက်သွားတာ။ (ပျောက်သွား ပါတယ်ဘုရား) သတိပျောက်တော့ ကိလေသာ ဝင်လာတာ။ (မှန်ပါဘုရား) ဟုတ်လား။ (မှန်ပါဘုရား)

ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အဘိဇ္ဈာဆိုတဲ့ လောဘတွေ ဝိဟေသာခေါ်တဲ့ ဒေါ သတွေ နှိပ်စက်ခြင်းခံရပါတော့သည်ဘုရား။ ဤသို့ ဒုက္ခဝတ္ထု ဒုက္ခမှုတွေကို တိုး ပွားစေသောသူမှ နိဗ္ဗာန်ကို ဝေးတယ်လို့ ဆိုရပါတော့သည်ဘုရား—လို့ သူဒီလို ပြန်လျှောက်တယ် နော်။(မှန်လှပါဘုရား)ကိုင်း အဲဒီဆောင်ပုဒ်ကလေး ဆိုကြရ အောင်။ ထိဆဲခဏ၊ရှုကြပုံသွင်။ "ပုံသွင်"ဆိုဘာ ပုံသဏ္ဌာန်ကို ပြောတာနော်။ (မှန်ပါဘုရား)

ဆောင်။　　။ထိဆဲခဏ၊ ရှုကြပုံသွင်၊
သတိ ကင်းပ၊ ရာဂတွေဝင်၊
ဒိဋ္ဌိစွဲ၍၊ သုဘဲ ငါထင်၊
နိဗ္ဗာန၊ ဝေးစွာ့ပုထုဇဉ်။

## "ဖောဋ္ဌဗ္ဗေ ဖောဋ္ဌဗ္ဗမတ္တံ"ဝိဝဋ္ဋပိုင်း ဝဋ္ဋပြတ်ပုံ

အဲဒီလိုဆိုယင် နိဗ္ဗာန်နဲ့ ဝေးသလား နီးသလားကွဲ။ (ဝေးပါတယ်ဘုရား) နိဗ္ဗာန်နဲ့ဝေးတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်ဘုရား။ ဘုရားတပည့်တော် ဒီလိုနားလည် ပါတယ်။(မှန်ပါဘုရား)

ဝိဝဋ္ဋပိုင်းနားလည်ပုံကို ဘုရားတပည့်တော် ဒီလိုဆက်လက်၍ လျှောက်ထား ပါရစေ၊ဘယ်လိုနားလည်သလဲ—

"န သော ရဇ္ဇတိ ဖဿေသု၊ ဖဿံ ဖုဿ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နာဇ္ဈောသ တိဋ္ဌတိ။
ယထာဿ ဖုဿတော ဖဿံ၊ သေဝတော စာပိ ဝေဒနံ။

ခီယတိ နော့ပစိယတိ၊ ဧဝံ သော စရတိ သတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ''

စကားပြေလေးဘဲ ပြောကြစို့ကွယ်နော်။(မှန်ပါဘုရား)အနက်တွေကတော့ ဒီအနက်အတိုင်းပါဘဲ၊ ဟုတ်လား။ (မှန်ပါဘုရား)

ဘုန်းတော်ကြီးတော်မူသော သဗ္ဗညုရှင်တော်မြတ်ဘုရား၊ ဝိဝဋ္ဋပိုင်း ဘုရား တပည့်တော် နည်းလည်ပုံကို အထက်က ဂါထာအတိုင်း စကားပြေလျှောက် ပါရစေ။ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတွေကို ထိဆဲခဏ၌ ထင်သော သတိရှိတဲ့ ပုဂ္ဂိုလ်သည် ထိုအတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့၌ မတပ်မက် မစွဲလန်းတော့ပါ ဘုရား။

ဘာပြုလို့တုန်း၊ သတိက ဘာလုပ်ပေးတုန်း။ (တားပေးပါတယ်ဘုရား) သတိက နိမိတ္တ အနုဗျဉ္ဇနတွေကို တားပေးတယ်။ နိမိတ္တ အနုဗျဉ္ဇနတွေ ဝင်လာ ယင် ခုနင်က အဘိဇ္ဈာနဲ့ ဒေါမနဿကိလေသာတွေဝင်မယ်။ အဲဒီတော့ နိမိတ္တ နဲ့ အနုဗျဉ္ဇန၊အဘိဇ္ဈာနဲ့ ဒေါမနဿတွေ မဝင်အောင် ဘယ်သူက တားပေးလိုက် သလဲ။(သတိက တားပေးပါတယ်ဘုရား )သတိက တားရုံ တားပေးတယ်နော်။ (မှန်ပါဘုရား)

အဲဒီ ထိဆဲခဏမှာ ဖြစ်ပေါ်တဲ့ တရားသည် ထိအပ်ထိတတ်၊ဟုတ်လား။ ထိ အပ်တာရုပ်တရား ထိတတ်တာ နာမ်တရားလို့ ဆိုပြီးတော့ နာမ်ရုပ်တရားကို ခွဲပေးလိုက်တယ်။(မှန်ပါဘုရား)ထိဆဲခဏမှာ ရုပ်မျိုးကိုပင် မြင်နေယင် သူဟာ သတိပေါ်မလာဘူးလား။ (ပေါ်လာပါတယ်ဘုရား) အဲဒီလို သတိထားပြီး တော့ ရှုပွားနေသည့် ဖြစ်သောကြောင့် ရုပ်ကိုဘဲ ထိဆဲခဏမှာ ထိလာယင် ဘာလို့ရှုရမလဲ။ (ရုပ်တရားလို့ ရှုရမှာပါဘုရား) ရုပ်တရား။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အဲဒီလို ရှုပွားနေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဖောဋ္ဌဗ္ဗာရုံကို ပြင်းစွာတပ်မက်သောစိတ်နဲ့ မခံစားတော့ပါဘုရား။ မဟာကုသိုလ်နဲ့ယှဉ်တဲ့ ဝေဒနာဖြစ်ပြီး ''နေက္ခမ္မသိတဝေဒနာ''။ ရုပ်နာမ်လို့ သိယင် မဟာကုသိုလ်နဲ့ယှဉ်သော ''နေက္ခမ္မသိတဝေဒနာ'' နဲ့ ခံစားနေရ ပါတော့သည်ဘုရား။ ထိုဖောဋ္ဌဗ္ဗာရုံကိုလဲ ပြင်းစွာ တပ်မက်ခြင်းကင်းပါတော့ သည်ဘုရား။ ''တဉ္စ နာဇ္ဈောသ တိဋ္ဌတိ'' ပေါ့နော်။ (မှန်ပါဘုရား)

အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ ထိုအတွေ့မျိုးစုံကို ခံစားပင် ခံစား ပြီးတော့ နေပါသော်လည်း ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကိလေသာဆင်းရဲ ဝဋ္ဋ ဆင်းရဲ ကင်းပါတော့သည်ဘုရား။ကိလေသာဆင်းရဲ ဝဋ္ဋဆင်းရဲတွေ မတိုးပွား တော့ပါဘူးဘုရား။ ဤသို့ သတိရှိသည်ဖြစ်၍ နာမ်ရုပ်ကိုထင်အောင် ဝိပဿနာ ရှုပွားပြီးတော့ ကျင့်နေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကိလေသာ ဆင်းရဲဝဋ္ဋဆင်းရဲ

တွေကိုဖျက်ဆီးတဲ့ပုဂ္ဂိုလ်ဖြစ်သောကြောင့် နိဗ္ဗာန်နဲ့နီးတဲ့ပုဂ္ဂိုလ်လို့ ဆိုရပါတော့ သည်ဘုရားလို့ ဒီလိုလျှောက်တယ်နော်။ (မှန်ပါဘုရား)

အဲဒီဂါထာရဲ့အဓိပ္ပာယ် ဆောင်ပုဒ်ကလေးကို ဆိုရမယ်ကွဲ့ ဟုတ်လား။ (ဆိုပါမယ်ဘုရား)

ဆောင်။ ။ထိဆဲခဏ၊ ရုပ်မျှကိုပင်၊
သတိထား၍၊ ရှုပွားနေလျှင်၊
လောဘ ဒေါသ၊ မောဟ ကင်းစင်၊
နိဗ္ဗာန၊ နီးစွာ သူတော်စင်။

အဲဒီလို မုတပိုင်းမှာ ဤသို့ နံအပ် နံတတ် စားအပ် စားတတ် ထိအပ် ထိတတ်သော ဒီတရားကို ရောက်အပ် ရောက်တတ် ဟုတ်လား။ (မှန်ပါဘုရား) အဲဒီလို ရောက်အပ် ရောက်တတ်ဖြစ်တဲ့ တရားနှစ်ပါးကို နာမ်ရုပ်လို့ ရှုနေယင် သိဆဲခဏ၌ "ဝိညာတမတ္တ"ဖြစ်တယ်ဟုတ်လား။(မှန်ပါဘုရား) အဲဒီ"ဝိညာတ မတ္တ"ကို သတိထားပြီးတော့ အဖန်ဖန်ရှုပွားနေတဲ့ ဉာဏ်အလုပ်ကို ဖြစ်အောင် လုပ်ပါလို့ ဟုတ်လား။(မှန်ပါဘုရား) ရောက်အပ် ရောက်ဘတ် နှစ်ရပ်ရုပ်နာမ်။

ဆောင်။ ။ရောက်အပ် ရောက်တတ်၊ နှစ်ရပ်ရုပ်နာမ်၊
ရောက်ဆဲခဏ၊ မုတမတ္တ၊
သတိထား၍၊ ရှုပွား ဖန်ဖန်၊
ဉာဏ်အလုပ်၊ ဖြစ်ချုပ် သိအောင်ကြံ။

ကိုင်း မုတပိုင်း ပြီးသွားပြီကွဲ့။ (မှန်ပါဘုရား)ကိုးနာရီလဲ ခွဲသွားပြီ၊ ဟုတ်လား။ (မှန်ပါဘုရား) ကိုးနာရီလဲ ခွဲသွားတော့ ဝိညာတပိုင်း ကျန်မနေဘူးလား။ (ကျန်ပါတယ်ဘုရား) ဟင်–ဘုန်းကြီးတို့ မုံရွာတော့ မဟောဘူးကွယ်။ တနေရာကျမှ ဟောတော့မယ်။ ပြီးတော့မှ စာအုပ်ထည့်ရိုက်မယ်၊ မုံရွာတော့ မဟောဘူး။ ဘယ့်နှယ်တုန်း၊ ဟင်။ "ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ" ဟုတ်လား။ (မှန်ပါဘုရား)

"ဝိညာတေ ဝိညာတမတ္တံ"

အဲဒီနေရာမှာလဲ သုံးလောကထွဋ်တင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးက—

> "တ္တေ စ တေ မာလုကျပုတ္တ ဒိဋ္ဌ သုတ မုတ ဝိညာတဗ္ဗေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတ မတ္တံ ဘဝိဿတိ၊ ပြီးခဲ့ပြီ နော်။ (မှန်ပါဘုရား) ဝိညာတေ ဝိညာတ မတ္တံ ဘဝိဿတိ။"

မာလုကျပုတ္တ၊ မာလုကျပုတ္တ။ တွေ့၊ ကြား၊ ဒိဋ္ဌ သုတ မုတ ဝိညာတခေါ်တဲ့ တရားတို့တွင်။ ဝိညာတေ၊ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ကို သိရာ၌။ ဝိညာတမတ္တံ၊ သိအပ်ကာမျှသည်သာ။ ဘဝိဿတိ၊ ဖြစ်အံ့၊ ဝါ၊ ဝိညာတမတ္တဖြစ်အောင်။ သိက္ခိတဗ္ဗံ၊ ကောင်းစွာမသေ့ ကျင့်အပ်ပါပေသတည်း။

သာဓု— သာဓု— သာဓု—

"ဝိညာတေ ဝိညာတမတ္တံ"၌ ရှုကွက်တရားပေါ်ပုံ

ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။ "ဝိညာတ" လို့ဆိုတာ "ဝိညာတ မတ္တ" လို့ဆိုတာ ဝိညာတေ ဝိညာတမတ္တ။ ဒါလေးတော့ နဲနဲပြောအုံးမှနေ့ာ်။ (မှန်ပါဘုရား) ဝိညာတ ဝိညာတမတ္တ။ ဝိညာတလို့ဆိုဘာ—

"ဝိညာတံ နာမ မနောဒွါရာဝဇ္ဇနေန ဝိညာတာရမ္မဏံ"

ဝိညာတလို့ဆိုတာ မနောဒွါရနဲ့သိသော အာရုံကို ဝိညာတလို့ ခေါ်တယ်။ မနောဒွါရလို့ဆိုဘာ မနောဝိညာဏ်စိတ်ကို ဆိုလိုတယ်၊ အဓိပ္ပာယ်။ (မှန်ပါဘုရား)

အဲဒီ မနောဝိညာဏ်စိတ်နဲ့ သိတာက ဘာတွေလဲလို့ဆိုတော့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၊ ဓမ္မာရုံက ဘယ်လို တွေ့ထိသလဲလို့ဆိုတော့ ခြောက်ခုရှိတယ်။

"ဓမ္မာရမ္မဏံ ပန ပသာဒ သုခုမရူပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိဝသေန ဆဓာ သင်္ဂယှတိ"—

လို့ ဒီလိုဆို မဟုတ်လား။

ဓမ္မာရုံဆိုတာ ပသာဒရုပ် သုခုမရုပ် ဓမ္မာရုံ၊ စိတ် စေတသိက် ဓမ္မာရုံ၊ နိဗ္ဗာန် ဓမ္မာရုံ၊ ပညတ် ဘယ်နှစ်ပါးတုန်း။ (ခြောက်ပါးပါဘုရား) ခြောက်ပါး၊ အဲဒီခြောက်ပါးထဲက ပညတ်ဖယ်ပစ်ခဲ့၊ ပြီးတော့ သင်္ခတဓမ္မကို ဟောလိုရင်းဖြစ်သောကြောင့် ဒီဓမ္မာရုံထဲမှာ နိဗ္ဗာန်ဖယ်ပစ်ခဲ့။ ဒီတော့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)

"ဝိညာတ"က ဘာပြောသလဲလို့ဆိုတော့ မနောဝိညာဏ်ဖြင့် သိအပ်သောဓမ္မာရုံကို ပြောတာ။ (မှန်ပါဘုရား) သင်္ခတ ဟောနေသည်ဖြစ်သောကြောင့် ရုပ်နာမ်ဟူသရွေ့ ဘာအာရုံတုန်း။ (ဓမ္မာရုံပါဘုရား) ဓမ္မာရုံ၊ ရုပ်နာမ်မျိုးစုံဓမ္မာရုံ၊ ဟုတ်လား။ (မှန်ပါဘုရား)

"ဝိညာတမတ္တ" လို့ ဆိုဘာက ဘာပြောသလဲလို့ ဆိုတော့—

"ဝိညာတမတ္တန္တိ အာဝဇ္ဇနပမာဏံ"

အာဝဇ္ဇန်း ပမာဏလောက်ဘဲ ထားပါတဲ့။ မနောဒွါရ၊ မနောဝိညာဏ်။ ဘာဖြစ်လို့လဲဆိုတော့ ဟိုဘက်က ဇောစိတ်တွေကို အာဝဇ္ဇာန်းနဲ့တူအောင် ပမာဏ အတိုင်းအတာ ထားလိုက်ပါတဲ့။ အာဝဇ္ဇန်းသည်—

"ယထာ အာဝဇ္ဇနံ န ရဇ္ဇတိ န ဒုဿတိ န မုယှတိ၊ ဧဝံ ရဇ္ဇနာဒိဝသေန ဥပ္ပဇ္ဇိတုံ အဒတွာ အာဝဇ္ဇနပမာဏေနေဝ စိတ္တံ ဌပေဿာမိ။"
(အဋ္ဌကထာက)

အာဝဇ္ဇနံ၊ အာဝဇ္ဇန်း စိတ်သည်။ န ရဇ္ဇတိယထာ၊ မတပ်မက်တတ်သလို။ န ဒုဿတိယထာ။ မပြစ်မှားတတ်သလို။ န မုယှတိ ယထာ၊ မတွေဝေတတ် မောဟလဲ မဖြစ်တတ်သလို။ ဟုတ်လား။ (မှန်ပါဘုရား) ဧဝံ၊ ဤသို့ အာဝဇ္ဇန်း၏ မတပ်မက်တတ်၊ ဒေါသလဲမဖြစ်တတ် မောဟလဲမဖြစ်တဲ့ နည်းအတူ။ ရဇ္ဇနာဒိဝသေန၊ တပ်မက်ခြင်း စသည်၏ အစွမ်းအားဖြင့်။ ဥပ္ပဇ္ဇိတုံ၊ ဖြစ်ခြင်းငှာ။ အဒတွာ၊ မပေးမူ၍။ အာဝဇ္ဇနပမာဏေနေဝ၊ အာဝဇ္ဇန်းပမာဏမျှဖြင့်သာလျှင်။ စိတ္တံ၊ အာဝဇ္ဇန်းနောက်က လာတဲ့ ဇောစိတ်ကို။ ဌပေဿာမိ၊ ထားအံ့။ ထားပါ။ (မှန်ပါဘုရား)

အာဝဇ္ဇန်း စိတ်ကလေးလို့ဆိုတာ တပ်လဲ မတပ်မက်တတ်ဘူး၊ ဒေါသလဲ မဖြစ်တတ်ဘူး၊ မောဟလဲ မဖြစ်တတ်ဘူး။ ဒီတော့ အာဝဇ္ဇန်းရဲ့ နောက်မှာ "မတ္တ" ဆိုတဲ့ ပမာဏ၊ အာဝဇ္ဇန်းရဲ့ ပမာဏဆိုတော့ ဟို ဇောစိတ်ကို အာဝဇ္ဇန်းနဲ့တူအောင်သာလျှင် အာဝဇ္ဇန်းအတိုင်းအတာ ပမာဏလောက်ဘဲ လောဘ ဒေါသ မောဟ မဖြစ်အောင် ရှုပါလို့ ဒီလိုပြောတာ မြတ်စွာဘုရားက။ (မှန်ပါဘုရား) အဲဒါကို "မတ္တ" ဟုတ်လား။ (မှန်ပါဘုရား)

"အာဝဇ္ဇန ပမာဏေနေဝ စိတ္တံ ဌပေဿာမီတိ အယမေတ္ထ အတ္ထော"

"ဒီတော့ အာဝဇ္ဇန်းပမာဏလောက်ဘဲရှိတဲ့ "စိတ္တံ" က ဘယ်သူဆိုသလဲဆိုတော့ ဇောစိတ်။ အဲဒီ ဇောစိတ်ကို အာဝဇ္ဇန်း ပမာဏလောက်ဘဲ အညီအမျှ ထားပြီးတော့ အာဝဇ္ဇန်း ပမာဏကို မလွန်အောင် လုပ်ပါ၊ ကျင့်ပါ။

ဆိုလိုတဲ့ အဓိပ္ပာယ်က အာဝဇ္ဇန်းမှာ ရဇ္ဇန ဒုဿန မုယှန ဆိုတဲ့ လောဘ ဒေါသ မောဟ မဖြစ်သလို ဇောစိတ်မှာလဲဘဲ ရဇ္ဇန ဒုဿန မုယှန မဖြစ်အောင် ချစ်သား မာလုကျပုတ္တ ကျင့်အပ်၏၊ ဒီလိုပြောဒါ။ (မှန်ပါဘုရား) ဒါ "ဝိညာတေ ဝိညာတမတ္တံ။" (မှန်ပါဘုရား) "ဝိညာတေ ဝိညာတမတ္တ" ဖြစ်အောင် ဘယ်လိုလုပ်မလဲ။ ဝိညာတမတ္တတော့ နားလည်ပြီနော်။ (မှန်ပါဘုရား)

မာလုကျပုတ္တ-၁၇(ခ)

ဝိညာတလို့ ဆိုတာက မနောဒွါရာရုံ၊ မနောဝိညာဏ်ဖြင့် သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ။

ဝိညာဘမတ္တလို့ ဆိုတာက အဲဒီ အာရုံစိတ်သည် မဘပ်မက်တတ်သလို၊ မနှစ်သက်တတ်သလို၊ မနှမြော မစုံမက်တတ်သလို၊ မပြစ်မှားတတ်သလို၊ စိတ်မဆိုးတတ်သလို၊ မောဟမဖြစ်တတ်သလို၊ အာရုံနောက်ကလာတဲ့ စိတ္တလို့ ခေါ်တဲ့ ဇောစိတ်တွေကိုလဲ၊ ရဇ္ဇန ဒုဿန မုယှန မဖြစ်အောင် ချစ်သားကျင့်ပါ၊ အဲဒါကို"ဝိညာတေ ဝိညာတမတ္တ"လို့ ခေါ်တာ။ (မှန်ပါဘုရား)

"ဝိညာတမတ္တ"ဖြစ်ပုံကိုတော့ ပြောပြီးပြီနော်။ (မှန်ပါဘုရား) ဒါဖြင့် ဖြစ်အောင်ဘယ်လို ကျင့်မတုန်းလို့ဆိုတော့၊ အဋ္ဌကထာ ပြောထားတဲ့ နယဂ္ဂါဟ လေး ပြောမယ်။ ကျင့်နည်းက၊ ရှုကွက်ပေါ်ပုံက။ (မှန်ပါဘုရား)

"ဓမ္မာယတနံ ဝိဇာနိတဗ္ဗဋ္ဌေန ဝိညာတံ"

ရုပ်နာမ်မျိုးစုံ ဓမ္မာရုံသည် သိအပ်သောကြောင့်"ဝိညာတ"မည်၏။ သိအပ်သောကြောင့်။ (ဝိညာတပါဘုရား) ဝိညာတ ရုပ်နာမ်။ (မှန်ပါဘုရား)

"မနောဝိညာဏံ ပန သဒ္ဒိံ တံ ဒွါရိကဝိညာဏေဟိ ဝိဇာနနဋ္ဌေန ဝိညာတံ"

မနောဝိညာဏ် စိတ်သည် သိတတ်သော သဘော ရှိသောကြောင့်။ (ဝိညာတပါဘုရား) ဒီတော့ သိအပ် သိတတ်၊ သိအပ်သောတရား၊သိတတ်သောတရား။ သိစရာ သိတာ အာရုံ အာရမ္မဏိကကွဲ။(မှန်ပါဘုရား) သိအပ်သောတရားက နာမ်ရုပ်၊ သိအပ်သော တရားက ဘာပါလိမ့်။ (နာမ်ရုပ်ပါဘုရား) သိတတ်သောတရားက ဘာပါလိမ့်။ (နာမ်ပါဘုရား)နာမ်။ စိတ်ကိုသူက၊ မနောဝိညာဏ်စိတ်ကလဲ နာမ်ဘဲ။ (မှန်ပါဘုရား)

## "ဝိညာတေ ဝိညာတမတ္တ"၌ ဓမ္မာနုပဿနာရှုပုံ

ဒီတော့ သိအပ် သိတတ် ဒီနှစ်ရပ်မှာ ရုပ်နာမ်အပြင် ဘာရှိသေးသလဲ။ (မရှိပါဘုရား)

"အနိစ္စာနုပဿီ ဝိဇာနိဿာမီတိ သိက္ခတိ"

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖော်ယှဉ်။ (မှန်ပါဘုရား) အနိစ္စာနုပဿီ၊ အနိစ္စကို ရှုလေ့ရှိသည်ဖြစ်၍။ ဝါ၊ နာမ်ရုပ်ကို ရှုလေ့ရှိသည် ဖြစ်၍။ ဝိဇာနိဿာမိ၊ သိအောင် ကျင့်အံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးပါးကို ကျင့်၏။

အနိစ္စာနုပဿီနဲ့သွား။ (မှန်ပါဘုရား) ဓမ္မာနုပဿနာ သတိပဋ္ဌာန်။ (မှန်ပါဘုရား) ဓမ္မာနုပဿနာ သတိပဋ္ဌာန်က "အနိစ္စာနုပဿီ ဝိဇာနိယာမိတိ သိက္ခတိ" အရှင်ဘုရား၊အဲဒါ ဘယ်ပါဠိတော်မှာ ပါသလဲဆိုတော့ ဘယ်ပါဠိတော်မှ မပါဘူး။ မပါဘဲနဲ့ ဘာပြုလို့ ပါဠိတော် ဟောစဉ်ဆိုပြီး ရွတ်သလဲလို့ ဆိုတော့ နယဂ္ဂါယ ယူထားတာ။ "အနိစ္စာနုပဿီ အဿာသိဿာမီတိ သိက္ခတိ" ဆိုတဲ့ ပါဠိတော်ကို နယဂ္ဂါဟ ယူထားတာ။ (မှန်ပါဘုရား) ပါဠိတော်တပိုဒ် ဟောထားတယ်ဆိုတာဟာ ဒေသနာ ဥက္ကဋ္ဌနည်း ဟုတ်လား၊ သူ့ချည်းမဟုတ်ဘူး၊ အကုန် အဲဒီလို ယူလို့ရတယ်။ (မှန်ပါဘုရား) ယူလို့ရတဲ့ နည်းတွေ ဘုန်းကြီးတို့ စာပေနယ်မှာ ရှိတယ်နော်။ (မှန်ပါဘုရား)

ဒီတော့ ဝင်လေ ဝင်ဆဲခဏတောင်မှ "အနိစ္စာနုပဿီ" လုပ်လို့ဖြစ်သေးယင် ထိုဓမ္မာရုံ သိဆဲခဏ၌ "အနိစ္စာနုပဿီ ဝိဇာနိဿာမီတိ သိက္ခတိ"လို့ လုပ်လို့မဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား) ဟုတ်လား။ (မှန်ပါ) အနိစ္စာ-နုပဿီ၊ ရုပ်နာမ်ကို အနိစ္စ ဟု ရှုလေ့ရှိသည် ဖြစ်၍။ ဝိဇာနိဿာမိ၊ သိစရာမှန်သမျှကို သိအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ ကျင့်၏။ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၊ ဟုတ်လား။ (မှန်ပါဘုရား) ရုပ်နာမ် သိအပ် သိတတ် ဟုတ်လား။ (မှန်ပါဘုရား)

**ဆောင်။　။သိအပ် သိတတ် ထိုနှစ်ရပ်ကား၊ ခေတ်စုမှန်လှ ဝိညာဏ၊ ဓမ္မသက်သက်ပါတကား။**

ဓမ္မသက်သက်။ (မှန်ပါဘုရား)

အဲဒီတော့ "ဝိညာဏမတ္တ"ဖြစ်အောင် ဘယ်လို ကျင့်မတုန်းဆိုတော့ သိအပ်သောတရား၊ သိတတ်သောတရား။ သိအပ်သောတရားက ဘယ်သူပါလိမ့်။ (ရုပ်တရားပါဘုရား) အဲ—ရုပ်တရားချည်းမဟုတ်ဘူး၊ နာမ်ရုပ်။ ဒီကျတော့ ရုပ်ချည်းသက်သက် မရတော့ဘူး။ (မှန်ပါဘုရား) သိအပ်သော တရားက ဘယ်သူပါလိမ့်။ (နာမ်ရုပ်ပါဘုရား) သိတတ်သောတရားက။ (နာမ်တရားပါဘုရား) ဘာနဲ့ဘာတုန်းကွ။ (နာမ်ရုပ်ပါဘုရား)ဝိညာဏမတ္တ ဟုတ်လား။ (မှန်ပါ) ဆိုရမယ်နော်။ (မှန်ပါဘုရား)

**ဆောင်။　။သိအပ်သိတတ်၊ နှစ်ရပ်ရုပ်နာမ်၊**
**သိဆဲခဏ၊ ဝိညာဏမတ္တ၊**
**သတိထား၍ ရှုပွားမပြတ်**
**ဉာဏ်အလုပ်၊ ဖြစ်ချုပ်သိအောင်ကြ။**

## ပုဂ္ဂိုလ် သတ္တဝါ မရှိ ရုပ်နာမ်သာ ရှိ

"အနိစ္စာနုပဿီ ဝိဇာနိဿာမီတိ သိက္ခတိ"အရ ဒီ"ဝိညာဏမတ္တ"ဟာ သိအပ်သိဘတ်သောတရားသည် နာမ်ရုပ်၊ အဲဒီ နာမ်ရုပ်လို့သိအောင် နိမိတ္တ အနုဗျဉ္ဇနသဘောတွေမပါအောင် သတိထား။ (မှန်ပါဘုရား) သတိက တားရုံ တားနိုင်တာ။ (မှန်ပါဘုရား) ဘာကို တားနိုင်တုန်း။ ဒီ နာမ်ရုပ် နှစ်ပါးကို ပုဂ္ဂိုလ်လို့ ထင်နေတယ်၊ သတ္တဝါလို့ထင်နေတယ်၊ လူလို့ထင်နေတယ်။ အမျိုးသား အမျိုးသမီးလို့ ထင်နေတယ်၊ ဟုတ်လား။(မှန်ပါဘုရား)

ပြီးတော့ အဲဒီ နာမ်ရုပ်တွေကို လက်လို့ထင်နေတယ်၊ ခေါင်းလို့ ထင်နေတယ်၊ နှာခေါင်းလို့ ထင်နေတယ်။လက်သဏ္ဌာန် ခြေသဏ္ဌာန်ဆိုတဲ့ အသေးစိတ် အမှတ်အသားတွေ အဲဒီလိုလဲ ထင်နေတယ်။ (မှန်ပါဘုရား) အဲဒီလိုထင်နေတာကို ဒီ သဏ္ဌာန်တွေ မဝင်အောင် ဘယ်သူတားပေးသလဲ။ (သတိက တားပေးပါတယ်ဘုရား) အဲဒီသဏ္ဌာန်တွေကို ထင်လိုက်တော့ နိမိတ္တ ယောကျ်ား မိန်းမ၊ အနုဗျဉ္ဇန ခုနကပြောတဲ့ ပုံသဏ္ဌာန်အမျိုးမျိုး နှာခေါင်းရဲ့ပုံသဏ္ဌာန် မျက်လုံးရဲ့ ပုံသဏ္ဌာန် မျက်ခုံးရဲ့ ပုံသဏ္ဌာန် နားရွက်ရဲ့ ပုံသဏ္ဌာန် အဲဒီလို ပုံသဏ္ဌာန် အမျိုးမျိုးတွေကို အနုဗျဉ္ဇနလို့ ခေါ်တယ်။ (မှန်ပါဘုရား)

အဲဒီ နိမိတ္တ အနုဗျဉ္ဇနတွေကို ရှုပ္ပားနေယင်တဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဘာတွေ ဖြစ်လာသလဲ၊ အဘိဇ္ဈာ ဒေါမနဿတွေ ဝင်လာတယ်။ (မှန်ပါဘုရား) အဲဒီ အဘိဇ္ဈာ ဒေါမနဿနဲ့ ခုနင်က နိမိတ္တ အနုဗျဉ္ဇနဆိုတဲ့ သဘောတွေကို မဝင်အောင် တားပေးတာ ဘယ်သူပါလိမ့်။ (သတိပါဘုရား) အဲဒါကြောင့် သိဆဲခဏမှာ "ဝိညာဏမတ္တ" ဖြစ်အောင် သတိထားပါ။ (မှန်ပါဘုရား) "ဝိညာဏမတ္တ" က ဘယ်အချိန် ဖြစ်တုန်းလို့ဆိုတော့ — သိအပ်သိတတ်တဲ့ တရားနှစ်ပါးသည် နာမ်ရုပ်သို့ ဒီလိုသိယင် "ဝိညာဏမတ္တ" ဖြစ်တယ်။ (မှန်ပါဘုရား) နိမိတ္တ အနုဗျဉ္ဇန ဝင်လာပြီး ယောကျ်ား မိန်းမ လှ—မလှလို့ဆိုယင် ဝိညာဏမတ္တ ဟုတ်ပါအုန်းတော့မလား။ (မဟုတ်ပါဘူးဘုရား) "ဝိညာဏမတ္တ" မဟုတ်တော့ဘူး၊ ဒီတော့ "ဝိညာဏမတ္တ" ဖြစ်အောင်လို့ သိဆဲခဏလေးမှာ သတိထားပြီးတော့ နာမ်ရုပ်ကို ထင်ရှားအောင် ပေါ်လွင်အောင် ရှုပါ။ အဲဒီနာမ်ရုပ် ပေါ်လွင်ထင်ရှား လာပလားလို့ဆိုယင် ထိုနာမ်ရုပ်ကို နာမ်ရုပ်လို့ သိလိုက်ဘာ ဘယ်သူ့ အလုပ်တုန်းကွဲ။ (ဉာဏ်အလုပ်ပါဘုရား) နာမ်ရုပ်လို့သိတာ သတိအလုပ်လား၊ ဉာဏ်အလုပ်လား။ (ဉာဏ်အလုပ်ပါဘုရား) ထိုနာမ်ရုပ်သည် အနိစ္စ၊ ထိုနာမ်ရုပ်သည် ဒုက္ခ၊ ထိုနာမ်ရုပ်သည် အနတ္တလို့သိဘာ သတိအလုပ်လား။ ဉာဏ်အလုပ်လား။(ဉာဏ်အလုပ်ပါဘုရား)သူ့အလုပ်နဲ့သူသွား။ (မှန်ပါဘုရား)

အဲဒါကြောင့် ဆောင်ပုဒ်ကလေးကို ဆိုရမယ်ကွဲ့ နော်၊ (မှန်ပါဘုရား)

**ဆောင်။ ။သိအပ်သိတတ်၊ နှစ်ရပ်ရုပ်နာမ်။**
**သိဆဲခဏ၊ ဝိညာဏမတ္တ၊**
**သတိထား၍၊ ရှုပွားဖန်ဖန်၊**
**ဉာဏ်အလုပ်၊ ဖြစ်ချုပ်သိအောင်ကြံ။**

အဲဒီလို "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" ဖြစ်ယင် "သုတေ သုတမတ္တံ" ဖြစ်ယင် "မုတေ မုတမတ္တံ"ဖြစ်ယင် "ဝိညာ တေ ဝိညာတမတ္တံ"ဖြစ်အောင် သတိထားပြီးတော့ ဉာဏ်ရှေ့သွား၍ ရှုပွားပါလျှင် ဟုတ်လား။ (မှန်ပါ)။ ဒီ ဆောင်ပုဒ်ကလေး တွေကိုလဲ ဆိုလိုက်ကြအုန်းကွဲ့၊ ဆုံးတော့ ဆုံးနေပြီ မဟုတ်လား (မှန်ပါ ဘုရား) ဟိုမှာ မြတ်စွာဘုရားဟောတာကို နားလည်တဲ့ ဝဋ္ဋပိုင်း ဝိဝဋ္ဋပိုင်းကို ဟောပြီးလို့ ပဟာနပရိညာ ပိုင်း ဟောပြီးယင် ဒီ သုတ္တန်ဆုံးရမှာဘဲ။ (မှန်လှ ပါဘုရား) ဒါကြောင့် ဒီဆောင်ပုဒ်ကလေး ဆိုကြစမ်းပါအုန်း။

**ဆောင်။ ။ဉာဏ်ရှေ့သွား၍၊ ရှုပွားပါလျှင်၊**
**ယောက်ျားမိန်းမ၊ အတ္တကင်းစင်၊**
**အနိစ္စနှင့်၊ ဒုက္ခကိုမြင်၊**
**အနတ္တ၊ ရှုမှန်ဗွာန်ဝင်။**

သဘောပေါက်ကြပလား။ (ပေါက်ပါပြီဘုရား) ဒီတော့ သိဆဲခဏမှာ—

**သိဆဲခဏမှာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါသင်္ခတ။**

## ရုပ်နာမ်ဆိုတာ သင်္ခတတရား

ဒီ နာမ်ရုပ်ကို သိဆဲခဏမှာ၊ မနောဝိညာဏ် စိတ်အစဥ်ဖြင့် သိဆဲခဏမှာ ဖြစ်ပေါ်လာတာ ဘာတရားတွေလဲလို့ဆိုတော့ သင်္ခတ။ သင်္ခတာ ဓမ္မာ။ (မှန်ပါဘုရား) သင်္ခတာဓမ္မာ အရကောက်လိုက်တော့ စိတ် စေတသိက် ရုပ်၊ ဟုတ်လား။ (မှန်ပါဘုရား) အေး ဒီတော့ ဘုန်းကြီးတို့ ဝိပဿနာဆောင် ပုဒ်ကလေး ဝေထားတဲ့အထဲက ဘာလဲဆိုတော့—

**သိဆဲခဏမှာ၊ ဖြစ်ပေါ်လာတာ၊ မှတ်ပါသင်္ခတ။**

သင်္ခတတွေ ဖြစ်လာတယ်။ (မှန်ပါဘုရား)။ အဲဒီ—

**သင်္ခတတွင်၊ သူငါထင်၊ ခေါ်တွင် ဒိဋ္ဌိပါ။**

သင်္ခတ။ သူလို ငါလို ထင်နေယင် ဘာတုန်းကွဲ့။ (ဒိဋ္ဌိပါဘုရား)

**ဒိဋ္ဌိပယ်လှန်၊ ခေတ်သားကျန်၊ ရှုရန် ဝိပဿနာ။**

အဲဒီ ဒိဋ္ဌိကြီးပယ်လိုက်၊ပုဂ္ဂိုလ်လဲမရှိဘူး၊ သတ္တဝါလဲမရှိဘူး၊ အမျိုးသားလဲ မရှိဘူး၊ အမျိုးသမီးလဲမရှိဘူး၊ကိုယ်လဲမရှိဘူး၊ သူလဲမရှိဘူး၊ ဘာရှိတုန်း။(ခေတ်သားပါဘုရား)သိဆဲခဏမှာ ဘာရှိတုန်း၊ နာမ်ရုပ်။ အဲဒီနာမ်ရုပ်ဘဲ ရှိနေတာသည် "ဝိညာတမတ္တ"။(မှန်လှပါဘုရား)ပုဂ္ဂိုလ် သတ္တဝါ ပါသာယင် "ဝိညာတမတ္တ" မဟုတ်တော့ဘူး။ နိမိတ္တ အနုဗျဉ္ဇနတွေ ဝင်လာပြီးတော့ ကိလေသာဝင်တော့မယ်။(မှန်ပါဘုရား) သတိနဲ့တားပါ။ ပညာနဲ့ ရှုဆင်ခြင်ပါ။(မှန်ပါဘုရား) ဟုတ်လား။ (မှန်ပါဘုရား)

ဒီတော့ သိဆဲခဏမှာ ဖြစ်ပေါ်လာတဲ့ သဒ္ဒါ ခေတ်သားကို သူလိုငါလို ထင်နေယင် ဒိဋ္ဌိ။ (မှန်ပါဘုရား) သဒ္ဒါဘွင်၊ သူငါသင်။ ခေါ်တွင် ဒိဋ္ဌိပါ။ ဒိဋ္ဌိ။(မှန်ပါဘုရား) ဒီတော့ ဒိဋ္ဌိပယ်လှန် ဆိုတော့ သူငါ–လို ကိုယ့်အထင်ကို ပယ်ဖြုတ်လိုက်။ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အထင်ကို ဖြုတ်လိုက် ဘာကျန်တုန်း။ (ခေတ်သားဘဲ ကျန်ပါဘယ်ဘုရား) နာမ်ရုပ်လို့ဆိုတဲ့ ခေတ်သားမကျန်ဘူးလား။(ကျန်ပါဘယ်ဘုရား) အဲဒါ "ဝိညာတမတ္တ" ကွဲ့။ (မှန်ပါဘုရား) အဲဒီ ဒိဋ္ဌိပယ်လှန့် ခေတ်သားတွေကျန်ယင် ဒီခေတ်သား ဘာလုပ်ရမလဲ၊ ဝိပဿနာ ရှုပါ၊ ဘာလုပ်ရမလဲ။(ဝိပဿနာ ရှုရမှာပါဘုရား)

## ဝိညာတတရား အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံ

ဝိပဿနာရှုပါလို့ဆိုတာ ထိုနာမ်ရုပ်သည် ဖြစ်ပေါ်ပြီးနောက် ချက်ချင်း ပျောက်သည် ဖြစ်သောကြောင့် နာမ်ရုပ်သည် အနိစ္စ၊ ဟုတ်လား။ (မှန်ပါဘုရား)

ဖြစ်ခြင်း ပျက်ခြင်းတို့သည် အမြဲမပြတ် ကပ်၍ နှိပ်စက်အပ်သည်ဖြစ်သောကြောင့် ထိုနာမ်ရုပ်သည်။ (ဒုက္ခပါဘုရား)

အလိုအကြိုက် မပါသည်ဖြစ်သောကြောင့် ထိုနာမ်ရုပ်သည်။ (အနတ္တပါဘုရား)

ဒီတော့ အနိစ္စဆိုတာ ဘယ်သူတုန်း။ (နာမ်ရုပ်ပါဘုရား) ဒုက္ခဆိုတာ။ (နာမ်ရုပ်ပါဘုရား) အနတ္တဆိုတာ။ (နာမ်ရုပ်ပါဘုရား)

ဘာပြုလို့ အနိစ္စ ဒုက္ခ အနတ္တလို့ နာမ်ရုပ်ကို ခေါ်ရသလဲလို့ဆိုတော့၊အနိစ္စလို့ခေါ်ရတာက ဖြစ်ပေါ်ပြီးနောက် ချက်ချင်းပျောက်လို့။ (မှန်ပါဘုရား) "ဟုတွာ အဘာဝဋ္ဌေန အနိစ္စ" လို့ အဋ္ဌကထာက ပြောတယ်။ (မှန်ပါဘုရား)

ဘာပြုလို့ နာမ်ရုပ်ကို ဒုက္ခခေါ်ရသလဲလို့ ဆိုတော့ သူ့ လက္ခဏာ က၊ "ဥဒယဗ္ဗယပတိပီဠနဋ္ဌ" ဖြစ်ခြင်း ပျက်ခြင်းတို့သည် ကပ်ပြီးတော့ နှိပ်စက်ခံန

သည်ဖြစ်သောကြောင့်။ (ဒုက္ခပါဘုရား) ဘယ်တော့မှ ခွာချလို့ မရဘူးကွဲ့။ ကပ်ပါလာတယ်။ (မှန်ပါဘုရား) အပျက်ဘေးကြီး နှိပ်စက်နေတာ ဘယ်နေရာ ထားပစ်ခဲ့သလဲ၊ ဘယ်နေရာ လွှတ်အောင်ရှောင်သလဲ။ (မရှောင်ပါဘူးဘုရား) နာမ်ရုပ်ကို ကပ်ပြီးတော့ နှိပ်စက်နေတာ၊ ဒါကြောင့် ဒီ နာမ်ရုပ်သည် ဘာ တုန်း။ (ဒုက္ခပါဘုရား) ဒုက္ခဆိုတာ ပျက်စီးတဲ့ ဘေးကြီးသင့်နေတဲ့ ဘယဋ္ဌ ဒုက္ခကို ယူမယ်၊ ဘေးသင့်နေတဲ့ ဒုက္ခ။ (မှန်ပါဘုရား) နာတယ်ဆိုတဲ့ ဒုက္ခက ဝေဒနာ ဒုက္ခကွဲ့။ (မှန်ပါဘုရား) နာတယ်ဆိုတဲ့ ဒုက္ခက ဘာဒုက္ခလဲ။ (ဝေဒနာ ဒုက္ခပါဘုရား) ဝေဒနာမှာလဲ ပျက်စီးတဲ့ ဘေးမသင့်ဘူးလား။ (သင့်ပါတယ် ဘုရား) အဲဒီ ပျက်စီးတဲ့ ဘေးကို ဘာလို့ခေါ်သလဲ၊ ဒုက္ခ။

ဘယဋ္ဌေန ဒုက္ခံ။ ဘယဋ္ဌေန၊ ပျက်စီးတယ်ဆိုတဲ့ ဘေးကြီးသင့်၍ နေသည် ဖြစ်သောကြောင့်။ နာမ ရူပံ၊ "ဝိညာဏမတ္တ"လို့ခေါ်တဲ့ သိဆဲခဏ ဖြစ်ပေါ် ပြီးလာတဲ့ သိအပ် သိဘတ်သော နာမ်ရုပ်တရား နှစ်ပါးသည်။ ဒုက္ခံ၊ ဒုက္ခမည် ၏။ ဟုတ်လား။ (မှန်ပါဘုရား)

အဝသဝတ္တနဋ္ဌေန၊ ဒီ နာမ်ရုပ်သည် ကိုယ့်အလိုအကြိုက် မပါသည် ဖြစ် သောကြောင့် အနတ္တ၊ ဟုတ်လား။ (မှန်ပါဘုရား)

အဲဒီ လက္ခဏာကို တင်ပြီးတော့ နာမ်ရုပ်ကို ရှုသွားလျှင်၊ ဖြစ်ပေါ်ပြီး နောက် ချက်ချင်းပျောက်တယ်ဆိုတဲ့ လက္ခဏာကို နာမ်ရုပ်ပေါ်တင်ပြီးတော့ ရှုပွားလျှင်၊ ဖြစ်ခြင်း ပျက်ခြင်း ဘေးကပ်ပြီးတော့၊ နှိပ်စက်ဘယ် ခေါ်တဲ့ လက္ခဏာကို နာမ်ရုပ်ပေါ်တင်ပြီးတော့ ရှုပွားလျှင် လက္ခဏာ တင်တာက ဘယ်အပေါ်တင်တင်နေလဲ၊ နာမ်ရုပ်တင်ရမယ်။ (မှန်ပါဘုရား) အလိုအကြိုက် ကို မပါဘူးလို့ဆိုတဲ့ လက္ခဏာကို နာမ်ရုပ်ပေါ်တင်ပြီးတော့ ရှုပွားလျှင် ဘယ် ဝင်သွားလဲ၊ မဂ်ကိုရောက်သွားတယ်။ (မှန်ပါဘုရား) မဂ်ရောက်ယင် နိဗ္ဗာန် ဆိုက်မယ်။

ဆောင်။ ။လက္ခဏာတင်၊ ရှုပွားလျှင်၊ ပြေးဝင်မဂ္ဂ၊ နိဗ္ဗာန်။

သဘောကျပလား။ (ကျပါတယ်ဘုရား) ရှင်းကော ရှင်းပလားကွဲ့။ (ရှင်းပါ တယ်ဘုရား) ရှုကော ရှုတတ်ကြပလား။ (ရှုတတ်ပါတယ်ဘုရား) ဟင်—လက္ခ ဏာတင် ရှုပွားလျှင်၊ ပြေးဝင်မဂ္ဂ။ (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်၊ ဟုတ်ပလား ကွဲ့။ (ဟုတ်ပါတယ်ဘုရား) အဲဒီလို ရှုပွားပြီးတော့ ချစ်သား ဖြစ်အောင်ရှုပါ၊ ဟုတ်လား။ (မှန်ပါဘုရား)

"ဝိညာဏေ ဝိညာဏမတ္တံ ဘဝိဿတိ"

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ ဝိညာတေ၊ မနော ဝိညာဏ်စိတ်အစဉ်ဖြင့် သိအပ်သော ရုပ်နာမ်မျိုးစုံ မွေ့ရာ၌။ ဝိညာတမတ္တံ၊ သိအပ်ကာမျှသည်။ ဘဝိဿတိ၊ ဖြစ်အံ့။ ဧ ါ၊ "ဝိညာတမတ္တ" ဖြစ်အောင်။ သိက္ခိတဗ္ဗံ၊ ကောင်းစွာမသွေ ကျင့်အပ်ပါပေ သတည်း။

သာဓု— သာဓု— သာဓု—

## ဉာတပရိညာပိုင်း

"ဝိညာတမတ္တ"ဖြစ်အောင် ကျင့်တော့ အခုပြောတဲ့အတိုင်း ကျင့်ရမယ်။ (မှန်ပါဘုရား) ဒီအတိုင်းကျင့်ယင် အဲဒီ ဝိညာတမတ္တမှာ ဉာတပရိညာနဲ့ တီရဏပရိညာ အပြီးအတိုင် မပိုင်ဘူးလားကွဲ။ (ပိုင်ပါတယ်ဘုရား) မြင်ဆဲခဏမှာ နာမ်ရုပ်၊ ကြားဆဲခဏမှာ နာမ်ရုပ်၊ တွေ့ဆဲရောက်ဆဲခဏမှာ၊ နာမ်ရုပ်၊ သိဆဲခဏမှာနာမ်ရုပ်လို့ဆိုတော့ ဉာတပရိညာ။ ဘာ ပရိညာတဲ့လဲ။ (ဉာတပရိညာပါဘုရား)အဲဒီ နာမ်ရုပ်သည် ကိုယ်နဲ့တူရဲ့လား။ (မတူပါဘူးဘုရား)

နာမ်ရုပ်က ခန္ဓာ၊ ခေါင်းကခြေဆုံး တကိုယ်လုံးက ဘာပါလိမ့်။ (ကိုယ်ပါဘုရား) အဲဒီကိုယ်နဲ့ ခန္ဓာ ခွဲခြား၍ သိတာ။ (ဉာတပရိညာပါဘုရား) ဉာတပရိညာပိုင်အောင် လုပ်။ (မှန်ပါဘုရား)

**ဆောင်။ ။ကိုယ်နဲ့ခန္ဓာ၊ ခွဲခြား၍သိတာ၊ ဉာတပရိညာ။**

## တီရဏပရိညာ

အဲဒီ ဒိဋ္ဌ သုတ မုတ ဝိညာတလို့ ဆိုတဲ့ ဒီလေးချက်မှာ ဉာတပရိညာ-ဒါဘဲ။ (မှန်ပါဘုရား)

အဲဒီ ဉာတပရိညာ ပြီးတော့ တီရဏပရိညာ ပိုင်းကို ဘယ်လို ဖော်သလဲ ဆိုတော့—

> တေဟိ၊ ထို ဒိဋ္ဌ သုတ မုတ ဝိညာတလို့ ခေါ်တဲ့ မြင်ဆဲ ကြားဆဲ နံဆဲ လျက်ဆဲ တွေ့ထိဆဲ သိဆဲ ခဏတို့၌ ဖြစ်ပေါ်တဲ့ နာမ်ရုပ်တို့သည်။ ဟုတွာ အဘာဝတ္တေန၊ ဖြစ်ပေါ်ပြီးနောက် ချက်ခြင်း ပျောက်ကြသောကြောင့် အနိစ္စ။ တီရဏပရိညာ။ (မှန်ပါဘုရား)

ဖြစ်ပေါ်ပြီးနောက် ချက်ချင်း ပျောက်တာက လက္ခဏာ။ နာမ်ရုပ်က အနိစ္စ။ (မှန်ပါဘုရား) အနိစ္စနဲ့ အနိစ္စလက္ခဏာ။

ပြီးတော့ ထိုနာမ်ရုပ်တို့သည် ဖြစ်ခြင်းပျက်ခြင်း အမြဲကပ်ပြီး နှိပ်စက်လို့ ဘေးသင့်နေသည်ဖြစ်သောကြောင့် ထိုနာမ်ရုပ်တို့သည် ဒုက္ခ၊ ဟုတ်လား။(မှန်ပါဘုရား) ဒီတော့ ဖြစ်ခြင်း ပျက်ခြင်း ဘေးတွေက လက္ခဏာ၊ နော်။(မှန်ပါဘုရား) နာမ်ရုပ်က ဒုက္ခ၊ အဲဒီ ဒုက္ခရဲ့ လက္ခဏာကို နာမ်ရုပ်ပေါ်ကို တင်ပြီးတော့ ရှု၊ အနိစ္စ၊ အနိစ္စလက္ခဏာ၊ ဒုက္ခ၊ ဒုက္ခလက္ခဏာ။

အလိုအကြိုက်ကို မပါဘူးဆိုတာ လက္ခဏာ၊နာမ်ရုပ်က။(အနတ္တပါဘုရား) အနတ္တ၊ အနတ္တနဲ့ အနတ္တလက္ခဏာ၊ အဲဒီလို ခွဲခြား၍ သိတာ တီရဏပရိညာ။

**ဆောင်။ ။အနိစ္စနဲ့ အနိစ္စလက္ခဏာ၊ခွဲခြား၍သိတာ၊တီရဏပရိညာ။**
**ဒုက္ခနဲ့ ဒုက္ခလက္ခဏာ၊ ခွဲခြား၍ သိတာ၊ တီရဏ ပရိညာ။**
**အနတ္တနဲ့ အနတ္တလက္ခဏာ၊ ခွဲခြား၍သိတာ၊ တီရဏ ပရိညာ။**

## ပဟာန ပရိညာ

ရှင်းပလားကွဲ့။(ရှင်းပါတယ်ဘုရား)ဉာတပရိညာ၊ တီရဏပရိညာ၊ ပြီးတော့ ပဟာနပရိညာပိုင်းကို ဘုန်းတော်သခင် သဗ္ဗညု ရှင်ဘော်မြတ်ဘုရား ဟောကြားတော်မူလိမ့်မယ်။

> "ယတော တေ မာလုကျပုတ္တ ဒိဋ္ဌ သုတ မုတ ဝိညာတဗ္ဗေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ တတော တွံ မာလုကျပုတ္တ န တေန။"

ပဟာနပရိညာ။ (မှန်ပါဘုရား) မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ (ယတောကို ယဒါလို့လဲဖွင့်တယ်၊ယသ္မာလို့လဲ ဖွင့်တယ်၊ အဋ္ဌကထာက။ ဒီတော့ ယတောနဲ့ဘဲ သွားကြပါစို့) မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တေ တယာ၊ သင်သည်။ ယတော၊ အကြင် အခါ၌။ ဒိဋ္ဌ သုတ မုတ ဝိညာတဗ္ဗေသု၊ မြင်အပ် ကြားအပ် ရောက်အပ် သိအပ်ကုန်သော။ ဓမ္မေသု၊ မြင်ဆဲခဏ ကြားဆဲခဏ နံဆဲခဏ လျက်ဆဲခဏ ထိဆဲခဏ သိဆဲခဏတို့၌ ဖြစ်ပေါ်ကုန်သော နာမ်ရုပ်တရားတို့၌။ ဒိဋ္ဌမတ္တံ၊ နိမိတ္တ အနုဗျဉ္ဇနတွေမပါဘဲ မြင်အပ်ကာမျှသည်သာ။ သုတမတ္တံ၊ ကြားအပ်ကာမျှသည်သာ။ မုတမတ္တံ၊ တွေ့အပ် ရောက်အပ်ကာမျှသည်သာ။ ဝိညာတမတ္တံ၊ နာမ်ရုပ်မျှကို သိအပ်ကာမျှသည်သာ။ဘဝိဿတိ၊ ဖြစ်အံ့။

မာလုကျပုတ္တ၊ မာလုကျပုတ္တ။ တတော၊ ထိုသို့ ဒိဋ္ဌမတ္တ သုတမတ္တ မုတမတ္တ ဝိညာတမတ္တလို့ နာမ်ရုပ်မျှပင်ဟု သိလိုက်သောအခါကာလ၌။တွံ၊ သင်ချစ်သား

သည်။ တေန၊ ထိုရာဂ ဒေါသ မောဟတို့နှင့် တပ်မက်ခြင်း၊ ပြစ်မှားခြင်း၊တွေဝေခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်တော့လတ့်။

ပဟာနပရိညာပိုင်း မင်္ဂကို ပြတာကွဲ၊အဲဒါ။(မှန်ပါဘုရား) ဒီဘုပ်ဒ်တပိုင်းနော်။ (မှန်ပါဘုရား)

"ယတော တုံ့ မာလုင်ကျပုတ္တ န တေန၊ တတော တွံ မာလုင်ကျပုတ္တ န တတ္ထ။"

မာလုင်ကျပုတ္တ၊ ချစ်သား မာလုင်ကျပုတ္တ။ ယတော၊ အကြင်အခါ၌။ တွံ၊ သင်သည်။ တေန၊ ထိုရာဂ ဒေါသ မောဟတို့ဖြင့် တပ်မက်ခြင်း ပြစ်မှားခြင်း တွေဝေခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်တော့လတ့်။

အာရမ္မဏိကပေါ်မှာ အဲဒါကွာတာပြောတာ။

မာလုင်ကျပုတ္တ၊ ချစ်သား မာလုင်ကျပုတ္တ။ တတော၊ ထိုအခါ၌။တွံ၊သင်သည်။ တတ္ထ၊ ထိုဒိဋ္ဌ သုတ မုတ ဝိညာတလို့ခေါ်တဲ့ အာရုံခြောက်ပါးတရားအပေါ်၌။ ရာဂါဒိနာ၊ ရာဂစသည်ဖြင့်။ ပဋိဗဒ္ဓေါ၊ နှောင်ဖွဲ့သည်ဖြင့်၍။ အလ္လီနော၊ ကပ်ငြိသည်ဖြစ်၍။ ပတိဋ္ဌိတော န ဘဝိဿတိ၊ တည်သည်မည်သည်။ န ဘဝိဿတိ၊ မဖြစ်တော့လတ့်။

ချစ်သား မာလုင်ကျပုတ္တ၊ အဲဒီလို အာရမ္မဏိကဖြစ်သော ဝိညာဏ် ခြောက်ပါးရဲ့အပေါ်မှာ ရာဂ ဒေါသတွေ မဖြစ်ခဲ့ယင် အာရုံ ခြောက်ပါးပေါ်မှာ လဲဘဲ သင်ချစ်သားသည် ရာဂ ဒေါသ မောဟနှင့် စပ်ယှဉ် စွဲငြိ၍ တည်နေခြင်း မဖြစ်တော့။

"ယတော တွံ မာလုင်ကျပုတ္တ န တတ္ထ၊ တတော တွံ မာလုင်ကျပုတ္တ နေဝိဓ န ဟုရံ န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿာတိ။"

နိဗ္ဗာန်ကိုပြောတာ။ (မှန်ပါဘုရား) "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"က ဝိပဿနာ၊ ယတော တေ မာလုင်ကျပုတ္တ စတဲ့ အခုဟောခဲ့ပြီးတဲ့ ဝါပိုဒ်တွေက မင်္ဂရယ် ဖိုလ်ရယ် နိဗ္ဗာန်ရယ် အဲဒါ အကုန်ဟောလိုက်တာဘဲကွဲ့၊ ဒီဝါပိုဒ်က။ပဟာန ပရိညာပိုင်းမှာ။(မှန်ပါဘုရား)

မာလုင်ကျပုတ္တ၊ ချစ်သား မာလုင်ကျပုတ္တ။ ယတော၊ အကြင်အခါ၌။ တွံ၊ သင်ချစ်သားသည်။ တတ္ထ၊ ထိုဒိဋ္ဌ သုတ မုတ ဝိညာတခေါ်တဲ့ အာရုံခြောက်ပါးတရားပေါ်၌။ ရာဂါဒိနာ၊ ရာဂစသည်ဖြင့်။ပဋိဗဒ္ဓေါ အလ္လီနော၊ နှောင်ဖွဲ့ ငြိကပ်၍နေခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်လတ့်။ ဝါ၊ မနှောင်ဖွဲ့ မကပ်ငြိသည် ဖြစ်အံ့။

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တတော၊ ထိုအခါ၌။ တွံ၊ သင်သည်။ ဣဓ၊ ဤ လောက၌။ နေဝ ဘဝိဿသိ၊ မဖြစ်တော့လတ့်။ ဟုရံ၊ တမလွန် လောက၌။ န ဘဝိဿသိ၊ မဖြစ်တော့လတံ့။ ဥဘယမန္တရေန၊ ဤဘဝ ထိုဘဝလို့ ခေါ်တဲ့ နှစ်ပါးသော ဘဝ၌လည်း။ န ဘဝိဿသိ၊ မဖြစ်တော့လတံ့။

ဒါ အဋ္ဌကထာယူထားတဲ့ ဝါဒ။ (မှန်ပါဘုရား)

အပရေဆရာတို့ရဲ့ ဝါဒ၊အညေ ဆရာတို့ရဲ့ ဝါဒ ဆိုတာလဲ ရှိသေးတယ် နော်။ (မှန်ပါဘုရား) ဘယ်လိုလဲဆိုတော့—

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ တတော၊ ထို အခါရံ အာရမ္မဏိကတရားပေါ်၌ ရာဂ ဒေါသ မောဟတွေ သင်ချစ်သား ကင်းကွာ၍ သွားခဲ့သည်ရှိသော်။ ဣဓ၊ ဤကာမဘဝ၌။ န ဘဝိဿသိ၊ မဖြစ်တော့လတံ့။ ဟုရံ၊ အရူပ ဘဝ၌လည်း။ န ဘဝိဿသိ၊ မဖြစ်တော့လတံ့။ ဥဘယမန္တရေန၊ ကာမဘဝ အရူပဘဝတို့ရဲ့ နှစ်ခုတို့၏အကြား၌ ရှိသော ရူပဘဝ၌လည်း။ န ဘဝိဿသိ၊ မဖြစ်တော့လတံ့။

ကာမဘဝမှာလဲ မရှိဘူး။ (မှန်ပါဘုရား) အရူပဘဝမှာကော။ (မရှိပါဘုရား) ရူပဘဝမှာကော။ (မရှိပါဘုရား) ဘယ်ရောက်သွားလဲ။ (နိဗ္ဗာန်ပါဘုရား) နောက်တနည်း—

မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ အဲဒီလို ရာဂ ဒေါသ မောဟတွေ ကွာတဲ့အခါမှာ—တွံ၊ သင်ချစ်သားသည်။ ဣဓ၊ဤ အဇ္ဈတ္တိကာယတနခြောက်ပါး၌လည်း။ န ဘဝိဿသိ၊ မဖြစ်တော့လတံ့။

အဇ္ဈတ္တိကာယတနခြောက်ပါး၊ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန အဲဒါတွေမှာ သင် မရှိတော့ဘူးတဲ့။ (မှန်ပါဘုရား)

ဟုရံ၊ ဗာဟိရာယတန ခြောက်ပါး၌လည်း။ န ဘဝိဿသိ၊ မဖြစ်တော့လတံ့။

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံမှာလဲ သင်မရှိတော့ဘူးတဲ့။ (မှန်ပါဘုရား)

ဥဘယမန္တရေန၊ အလယ်ခေါင်အကြားမှာရှိတဲ့ စိတ် စေတသိက်တို့မှာလဲဘဲ။ န ဘဝိဿသိ၊ မဖြစ်တော့လတံ့။

ဝိညာဏ်ခြောက်ပါးမှာလဲ သင်မဖြစ်တော့ဘူးတဲ့။ကိုင်းဘယ်ရောက်သွားလဲ၊ (နိဗ္ဗာန်ပါဘုရား) ဟုတ်လား။ (မှန်ပါဘုရား) နောက်တနည်း—

> မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ အဲဒီလို ရာဂ ဒေါသ မောဟတွေ ကွာတဲ့အခါမှာ—တုံ၊ သင်ချစ်သားသည်။ ဣဓ၊ ဤ အကြောင်းတရား၌လည်း။ န ဘဝိဿသိ၊ မဖြစ်တော့လတံ့။ ဟုရံ၊ အကျိုး တရား ဒုက္ခသစ္စာ၌လည်း။ န ဘဝိဿသိ၊ မဖြစ်တော့လတံ့။

အကြောင်းသမုဒယမှာလဲ သင်ချစ်သား မဖြစ်တော့ဘူးတဲ့။ အကျိုးဒုက္ခ မှာလဲ သင်ချစ်သား မဖြစ်တော့ဘူးတဲ့။

> ဥဘယမန္တရေန၊ ပဏ္ဏတ္တိ လိုခေါ်တဲ့ အလယ်ခေါင် အကြောင်း အကျိုးတို့ရဲ့ ကြားထဲမှာရှိတဲ့ အလယ်ခေါင် ပညတ်တရားမှာလဲဘဲ။ န ဘဝိဿသိ၊ သင်ချစ်သား မဖြစ်တော့လတံ့။

ဖြစ်ပါအုံးမလား။ (မဖြစ်တော့ပါဘူးဘုရား) ဘယ်ရောက်သွားသလဲ။ (နိဗ္ဗာန် ရောက်သွားပါတယ်ဘုရား) အကြောင်းမှာလဲ သူမရှိတော့ဘူး၊ သမုဒယသစ္စာ။ (မရှိတော့ပါဘူးဘုရား) အကျိုးဒုက္ခသစ္စာမှာကော ရှိသေးလား။ (မရှိတော့ ပါဘူးဘုရား) ပညတ်ဆိုတာမှာကော ရှိသေးလား။ (မရှိတော့ပါဘူးဘုရား) "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" အပိုဒ်တုန်းက ဟောပြီးပြီကွဲ။ (မှန်ပါဘုရား)

ခုနင်က ဓမ္မာရုံမှာ ပသာဒရုပ်မှာလဲ သူမရှိတော့ဘူး၊ သုခုမရုပ်မှာလဲ သူမရှိ တော့ဘူး။ စိတ်မှာလဲ မရှိတော့ဘူး၊ စေတသိက်မှာလဲ မရှိတော့ဘူး၊ ပညတ် မှာကော။ (မရှိပါဘူးဘုရား) ဒါဖြင့် ဘယ်ရောက်သွားလဲ။ (နိဗ္ဗာန်ရောက်သွား ပါတယ်ဘုရား) ဓမ္မာရုံ-နိဗ္ဗာန်။ သဘောပေါက်ပလား။ (ပေါက်ပါတယ်ဘုရား)

ဤသို့ သဗ္ဗညုမြတ်စွာဘုရား ရှင်တော်မြတ်သည် မာလုကျပုတ္တမထေရ်ကြီး အား ဟောကြားတော်မူခဲ့ရာဝယ် အာရုံခြောက်ပါး၊ ဝိညာဏ် ခြောက်ပါး၊ ဤဆယ့်နှစ်ပါးကို သံခိတ္တရုစိပုဂ္ဂိုလ်ဖြစ်ပါသောကြောင့် ဝိပဿနာအာရုံ အဖြစ်နဲ့ ဒိဋ္ဌတစု သုတတစု မုတတစု ဝိညာတတစုလို့ အုပ်လေးခု ရှုပြီးတော့ "ဒိဋ္ဌမတ္တ" ဖြစ်အောင် "သုတမတ္တ" ဖြစ်အောင် "မုတမတ္တ" ဖြစ်အောင် "ဝိညာတမတ္တ"ဖြစ်အောင် ကျင့်ပုံကျင့်နည်းနှင့်တကွ ရှုကွက်ကိုပါ ဖော်၍ မာလုကျပုတ္တမထေရ်ကြီးနားလယ်သလိုပြန်လည်ပြီးတော့ ဝဋ္ဋပိုင်း ဝိဝဋ္ဋပိုင်း ဂါထာပိုင်းတွေနဲ့ သူ့အပိုင်းနဲ့သူ လျှောက်ခဲ့ပြီးပြီနော်။ (မှန်ပါဘုရား)

## "ဝိညာတေ ဝိညာတမတ္တ"၌ မာလုကျပုတ္တမထေရ်ကြီး အကျယ်လျှောက်ပုံ

အခု "ဝိညာတ" ပိုင်းကျတော့ သူနားလည်ပုံကို မာလုကျပုတ္တမထေရ်ကြီးက ပြန်ပြီးတော့ လျှောက်လိမ့်မယ်။ (မှန်ပါဘုရား)

"ဣမဿ ခွာဟံ ဘန္တေ **ဘဂဝတာ** သံခိတ္တေန ဘာသိတဿ အတ္ထံ အာဇာနာမိ"

ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နဲ့ **ပြည့်စုံတော်မူသော** မြတ်စွာဘုရား၊ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် အစဉ်သနား သည်ကို အကြောင်းပြု၍ အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူအပ်သော တရားဒေသနာတော်မြတ်ကို ဘုရားတပည့်တော်သည် ဤသို့ အကျယ်ဝေဘန်၍ ဝဋ္ဋ ဝိဝဋ္ဋပိုင်းထား၍ နားလည်ပါပြီဘုရားလို့ ပြန်လျှောက်တယ်နော်။ (မှန်ပါ ဘုရား)

## ဝဋ္ဋပိုင်း ဝဋ္ဋလည်ပုံ မာလုကျပုတ္တမထေရ် လျှောက်ထားချက်

အဲဒီလျှောက်တဲ့ လျှောက်ထားချက်ထဲက— ဘုန်းတော်သခင် အရှင်မြတ် ဘုရားလို့ ပြန်လည်လျှောက်တဲ့ ဂါထာတွေ သူ့အပိုင်းနဲ့သူ ဘုန်းကြီးတို့ နောက် က ဟောခဲ့ပြီးပြီ နော်။ (မှန်ပါဘုရား) "ဝိညာတမတ္တ"ပိုင်း ကျန်နေတယ်။ (ကျန်နေပါတယ်ဘုရား) အဲဒီ"ဝိညာတမတ္တ"ပိုင်းကို ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားကို မာလုကျပုတ္တမထေရ်**သည်** ဘယ်လို လျှောက်ထားသလဲ ဆိုတော့—

"ဓမ္မံ ဉတွာ သတိ မုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ **တဉ္စ** အဇ္ဈောသ တိဋ္ဌတိ။

တဿ ဝဍ္ဎန္တိ ဝေဒနာ၊ **အနေကာ** ဓမ္မသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ **စ၊ စိတ္တမဿူပဟညတိ။**
ဧဝံ အာစိနတော ဒုက္ခံ၊ **အာရာ** နိဗ္ဗာန ဝုစ္စတိ"။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင် အို သဗ္ဗညုရှင်တော်မြတ် ဘုရား။ ဓမ္မံ၊ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို။ ဉတွာ၊ သိ၍။ ဝါ၊ သိရသည် ရှိသော်။ ပိယံ၊ ချစ်ခင်စုံမက် **နှစ်သက်ဖွယ်ကောင်းသော။** နိမိတ္တံ၊ ပုံသဏ္ဌာန်နဲ့ ထိုပုံသဏ္ဌာန်တွေပေါင်းထားတဲ့ နိမိတ်ကို၊

လက်ခြေ ခေါင်း နှာခေါင်း မျက်လုံး **မျက်ခုံး**စတဲ့ အသေးစိတ် အမှတ် အသားတွေက အနုဗျဥ္စနတွေ၊ အဲဒီ **အနုဗျဥ္စနတွေ** ပေါင်းထားတဲ့ တကိုယ် လုံးကြီးက နိမိတ္တ။ နာမ်ရုပ်လို့ကို မထင်**တော့ဘူး**၊ သူသဘောတာက ပုံသဏ္ဌာန် ဘဲ ထင်နေတော့တယ်။(မှန်ပါဘုရား)ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား များ၊ သမီးများ ဝိပဿနာလုပ်**ငန်းနေ့ရာမှာလေ** ဝိပဿနာဉာဏ်ကို **တကယ်**

လိုချင်ယင် သဏ္ဍာန်ကိုတော့ဖြင့် ဝိပဿနာရှုပွား၍ ရုပ် နာမ်သဘောမျှသာ ထင်အောင်မြင်အောင် ရှုပွား၍ ဖျောက်ပါ။(မှန်ပါဘုရား)

သဏ္ဍာန်ပါယင် ဘယ်နှယ်တုန်း၊ သဏ္ဍာန်ပါလာပလားလို့ဆိုယင် သဏ္ဍာန်ကို အကြောင်းပြုပြီးတော့ အဘိဇ္ဈာ ဒေါမနဿ ဝင်မယ်။ အဲဒါ သတိနဲ့ တား။ သဏ္ဍာန်ကို အမှီပြုဖြစ်တဲ့ အဘိဇ္ဈာ ဒေါမနဿ ကိုကော ဘယ်သူက တားပေးရမလဲ။(သတိကပါဘုရား) သတိက တားပေးရမယ်နော်။ (မှန်ပါဘုရား) အဲဒါကြောင့်—

ဘန္တေ၊ ဘုန်းတော်ရောင်ဝန်း ထွန်းလင်းတောက်ပတော်မူသော အို-သဗ္ဗညုရှင်တော်မြတ်ဘုရား။ မေ့၊ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို။ ဥ တွာ၊ သိသည်ဖြစ်၍။ ဝါ၊ သိရသောကြောင့်။ ပိယံ၊ ချစ်ခင်ငုံမက် နှစ်သက်ရောကောင်းသော။ နိမိတ္တံ၊ အသေးစိတ် အမှတ်အသားနဲ့ အပေါင်း အမှတ်အသားကို။ မနသိကရောတော၊ နှလုံးသွင်း၍ နေသောသူ၏ သန္တာန်၌။သတိ၊ဝိပဿနာနှင့်ယှဉ်သောသတိသည်။ မုဋ္ဌာ၊ ကင်းပျောက်၍သွားပါတော့သည်ဘုရား။

အဲဒီ သဏ္ဍာန်နဲ့ နိမိတ္တကို နှလုံးသွင်းပြီးနေတဲ့ သူ့ရဲ့သန္တာန်မှာ ဘာဖြစ်သလဲ။ (သတိကင်းပျောက်သွားပါတယ်ဘုရား) ထူးကြီး ဆရာတော် တရား မဟုတ်ဘူးနော်။(မဟုတ်ပါဘူးဘုရား) ဘယ်သူ့တရားတုန်း။ (မြတ်စွာဘုရား တရားပါဘုရား) မြတ်စွာဘုရားတရား၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီလို ကမ္မဋ္ဌာန်းသတိ လက်လွတ်နေပလားလို့ဆိုယင်—

သော၊ ထိုကမ္မဋ္ဌာန်းသတိ လက်လွတ်နေသောသူသည်။ သာရတ္တစိတ္တော၊ပြင်းစွာတပ်မက်သော စိတ်ရှိသည်ဖြစ်၍။ တံ၊ ထို ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို။ ဝေဒေတိ၊ လောဘ တဏှာ ဒိဋ္ဌိကပ်တဲ့ ဝေဒနာဖြင့် ခံစားပါတော့သည်ဘုရား။

ဒီရုပ်ပါင်ကို ဝေဒနာဖြင့် ခံစားနေတယ်။ ကြည့်လို့ကောင်းတယ်၊ ကြည့်လို့ မကောင်းဘူး၊ ဒီလိုဟာတွေ ဖြစ်လာရော၊ လောဘတဏှာ ရာဂကပ်တဲ့ ဝေဒနာ၊ လောဘ တဏှာ ရာဂကပ်တဲ့ ဝေဒနာဝင်ယင် ဘယ်သူပါလာမလဲ။ ဒိဋ္ဌိ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်။(မှန်ပါဘုရား) လောဘဝင်တော့ ကာမောဃ မဟုတ်လား။(မှန်ပါဘုရား)ကာမောဃ ဘယ်ယှဉ်သလဲ ဆိုတော့—

ကာမောဃော အဋ္ဌသု လောဘသဟဂတေသု စိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇတိ။ (သဂါထာ၊ ၁၆။)

သံယုတ်အဋ္ဌကထာက။ အေး-လောဘ တဏှာ ရာဂကပ်တဲ့ ဝေဒနာနဲ့ ခံစားပလားလို့ ဆိုယင် သူဘယ်ရောက်သွားလဲ၊လောဘဒိဋ္ဌိ ဝင်မလာဘူးလား။ (ဝင်ပါတယ်ဘုရား) လောဘ က တဏှာ၊ ဒိဋ္ဌိက ဒိဋ္ဌိ။ အဲဒီနှစ်ခု ပါတဲ့နေရာမှာ အဝိဇ္ဇာက အုပ်စိုးနေတာချည်းထဲဘဲ၊ဟုတ်လား။ (မှန်ပါဘုရား) ဒီတော့ ကိလေသဝဋ်တွေ ကမ္မဝဋ်တွေ လည်သွားပြန်ရော မဟုတ်လားကွဲ။ (လည်ပါတယ်ဘုရား) ဟင်-လောဘ ဒိဋ္ဌိ။ အဲဒီလို လောဘ ဒိဋ္ဌိဝင်လာတဲ့ ပုဂ္ဂိုလ်သည်—

တဥ္စ၊ ထို သိအပ်သော ရုပ်နာမ်မျိုးစုံ မွေ့ခံ့ကိုလည်း။ အဇ္ဈောသ၊ မျိုမတတ် စွဲလမ်း၍။ တိဋ္ဌတိ၊ တည်ပါတော့သည်ဘုရား။

အဲဒီအာရုံပေါ် တည်နေပြီ။ ဘာဖြစ်နေတုန်း၊ အဲဒီပုဂ္ဂိုလ်။ လောဘဒိဋ္ဌိတွေ ဖြင့်ပြီးတော့ ဒီအာရုံကို မလွတ်နိုင်အောင် တမ်းတမ်းစွဲ ဖြစ်နေပြီ။ အစွဲတွေ ဝင်နေပြီ။ အဲဒီအစွဲကို ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ ဖြုတ်ပါ။ မဖြုတ်ယင် မြုပ်မယ်။ မဖြုတ်ယင် ဘာဖြစ်မလဲ။ (မြုပ်မှာပါဘုရား)အစွဲပြုတ်ယင် ဘာဖြစ်မလဲ။ (ချုပ်မှာပါဘုရား) အမယ် တယ်ဟုတ်ပါလားဟေ့။ သဘောကျပြီနော်။ (ကျပါပြီဘုရား) အေး ဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ အစွဲပြုတ်ယင် ရုပ်နာမ်တွေ သုံးဆယ့်တဘုံမှာ ချုပ်ပြီ။ ကိလေသာတွေ ချုပ်မယ်။ အစွဲပြုတ်ယင် ဘာတွေချုပ်မှာလဲ။ (ကိလေသာတွေ ချုပ်မှာပါဘုရား) အစွဲမပြုတ်ယင်။ (မြုပ်မှာပါဘုရား) အဲဒီတော့ အမြုပ်နဲ့ အချုပ် ဘယ်ဒင်းကြိုက်တုန်း။ (အချုပ်ကြိုက်ပါတယ်ဘုရား)အချုပ်ကြိုက်လဲ အစွဲဖြုတ်ကြ၊ ဟုတ်လား။(မှန်ပါဘုရား)အဲဒီလို အစွဲမဖြုတ်ကြယင် ရုပ်နာမ်မျိုးစုံ မွေ့ရုံပေါ်မှာ မျိုမတတ်စွဲလမ်း၍ နေပါတော့သည်ဘုရား— အဲဒီပုဂ္ဂိုလ်။ ဒါဖြင့် အဲဒီပုဂ္ဂိုလ်သန္တာန်မှာ ဘာဖြစ်သတုန်း—

"တဿ ဝဍ္ဍန္တိ ဝေဒနာ၊ အနေကာ ဓမ္မသမ္ဘဝါ"။

ဘန္တေ၊ ဘုန်းတော်သခင် အရှင်သုမြတ်ဘုရား။ တဿ၊ ထိုစွဲလမ်း၍နေသော သူ၏သန္တာန်၌။ဓမ္မသမ္ဘဝါ၊ရုပ်နာမ်မျိုးစုံ မွေ့ခံ့လျှင် ဖြစ်ကြောင်းရှိကုန်သော။ [ရုပ်နာမ်ကို ရှုနေမေ့ အစွဲက ဝင်နေတယ်ဟုတ်လားကွဲ။ (မှန်ပါဘုရား)] အနေကာ၊ တပါးမက များလှစွာကုန်သော။ ဝေဒနာ၊ ဒိဋ္ဌဂတသမ္ပယုတ်စိတ် လေးခုနှင့်ယှဉ်သော ဝေဒနာတို့သည်။ ဝဍ္ဍန္တိ၊ တိုးပွားပါကုန်တော့သည် ဘုရား။

## ဝေဒနာအမျိုးမျိုး ဖြစ်တတ်ပုံ

ဒီဝေဒနာတွေဘဲ တိုးပွားတယ်။(မှန်ပါဘုရား) "ဂေဟသိတဝေဒနာ"လို့ ခေါ်တယ်။ (မှန်ပါဘုရား) သောမနဿဘဲ ဖြစ်ဖြစ်၊ ဒေါမနဿဘဲ ဖြစ်ဖြစ်၊

"ဂေဟသိတသောမနဿ၊ ဂေဟသိတ ဒေါမနဿ" ဥပေက္ခာဆိုလဲ "ဂေဟသိတဥပေက္ခာ"ဖြစ်မှာဘဲ။(မှန်ပါဘုရား) အဲဒီ "ဂေဟသိတ ဝေဒနာ"တွေဝင်နေပြီတဲ့၊ကာမဂုဏ်ကို မှီ၍ဖြစ်သော ဝေဒနာတွေဖြစ်တယ်၊ ဒီတော့ ကာမေသ မဟုတ်လား။ (မှန်ပါဘုရား) ကာမေသဆိုတော့— "အဌသု လောဘသဟဂတေသု စိတ္တုပ္ပာဒေသု ဥပ္ပဇ္ဇာတိ" ဆိုတဲ့ အဌကထာစကားအရ "စတူသု ဒိဋ္ဌိဂတသမ္ပယုတ္တေသု စိတ္တုပ္ပာဒေသု ဥပ္ပဇ္ဇတိ"လို့ခဲ့လိုက်ယင် ဒိဋ္ဌိကော ဝင်ပြီမဟုတ်လား။(ဝင်ပါတယ်ဘုရား) အမြစ်ပြုတ်သေးလား။ (မပြုတ်ပါဘုရား) အမြစ်ပြတ်ပလား၊ သူ။ (မပြတ်ပါဘူးဘုရား) အမြစ်မပြတ်တော့ သူအဖြစ် ရပ်ပါ့မလားကွဲ။ (မရပ်ပါဘူးဘုရား) အမြစ် မပြတ်ယင် ဘယ်တော့မှ အဖြစ်မရပ်ဘူးကွဲ။ (မှန်ပါဘုရား) အမြစ်ကို ဖြတ်မှ။ (မှန်ပါဘုရား) အဖြစ်ရပ်မယ်။ အေး—ဒါကြောင့်—

တဿ၊ ထို အမြစ် မပြတ်သဖြင့် အဖြစ်မရပ်ဘဲ ဂေဟသိတ ဝေဒနာတွေ တိုးပွား၍ နေသော သူ၏ သန္တာန်၌။ အဘိဇ္ဈာ စ၊ အဘိဇ္ဈာခေါ်တဲ့ လောဘဖြင့်၎င်း။ ဗျာပါဒ စ၊ ဗျာပါဒ ခေါ်တဲ့ ဒေါသဖြင့်၎င်း။ အဘိဇ္ဈာဗျာပါဒသဟိ၊ အဲဒီ အဘိဇ္ဈာ ဗျာပါဒ ခေါ်တဲ့ တရားတို့သည်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်ကို။ ဥပဟညတိ၊ ကပ်၍ နှိပ်စက်ပါတော့သည်ဘုရား။

ဘုန်းကြီးက ဒီဂါထာကို အကျယ် ဟောပြီးပြီကွဲ။ (မှန်ပါဘုရား)

မာလုကျပုတ္တမထေရ်ကြီးက ဝန္ဒပိုင်း ဒီလို နားလည် ပါတယ်ဘုရား—တဲ့၊ ဟုတ်လား။(မှန်ပါဘုရား)

"ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။"

ဘန္တေ၊ ဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ ဧဝံ၊ ဤသို့။ ဒုက္ခံ၊ ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေကို။ အာစိနတော၊ ဆည်းပူး၍ ပွားများ၍ နေသောသူမှ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရာ၊ ဝေးကွာလှ၏ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသေ့ ဆိုရပေတော့သည်ဘုရား။

သာဓု— သာဓု— သာဓု—

ဘုန်းတော်ကြီးခတင်မူသော မြတ်စွာဘုရား။ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတွေကို မနောဝိညာဏ်ဖြင့် သိနေဆဲခဏ၌ "ပိယ နိမိတ္တ" ချစ်ခင်စရာ နှစ်သက်စရာ စုံမက်စရာကောင်းသောလက်သဏ္ဌာန်၊ခြေသဏ္ဌာန်၊ခေါင်းသဏ္ဌာန်၊ နှာခေါင်းသဏ္ဌာန်၊ မျက်လုံးတို့ရဲ့သဏ္ဌာန်၊ နှုတ်ခမ်းသဏ္ဌာန် အဲဒီသဏ္ဌာန်တွေ စုပေါင်းတဲ့ နိမိတ္တဆိုတဲ့ တကိုယ်လုံးကြီးကို နှလုံးသွင်း ရှုပွားပြီးတော့နေတဲ့ ပုဂ္ဂိုလ်ရဲ့

သန္တာန်မှာ သတိတွေကင်းပြီးတော့ ကမ္မဋ္ဌာန်း မဖြစ်တော့ပါဘူး ဘုရားတဲ့။ ဘာကမ္မဋ္ဌာန်း မဖြစ်တာတုန်း။ (ဝိပဿနာကမ္မဋ္ဌာန်းပါဘုရား) ဝိပဿနာကမ္မဋ္ဌာန်းမဖြစ်တော့ပါဘူးဘုရားတဲ့ သတိကင်းပလို့။

အဲဒီလို သတိကင်းပလို့ ဝိပဿနာ ကမ္မဋ္ဌာန်းမဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ရုပ်နာမ် မျိုးစုံ ဓမ္မာရုံ တွေကို တွေ့တိုင်း တွေ့တိုင်း "သာရတ္တစိတ္တ" ဆိုတဲ့ ပြင်းစွာတပ်မက်သော စိတ်နဲ့ ဒီရုပ်နာမ် မျိုးစုံ ဓမ္မာရုံကို ခံစားပါတော့သည် ဘုရား။ လောဘတဏှာ ကပ်တဲ့ ဝေဒနာကွဲ့။ (မှန်ပါဘုရား) သာရတ္တစိတ္တော ဝေဒေတိ ပါဠိတော်က။ သာရတ္တစိတ္တော၊ ပြင်းစွာတပ်မက်သော စိတ်က လောဘမူစိတ်။ ဝေဒေတိ၊ ခံစား၏။ ဝေဒနာ၊ လောဘ တဏှာ ကပ်တဲ့ ဝေဒနာ။ အဲဒီ ဝေဒနာက ဘယ်မှာတုန်း–ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုမှာ။

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုမှာ ဒိဋ္ဌိ တဏှာ ဟုတ်လား။ အဲဒီလို ဒိဋ္ဌိ တဏှာတွေနဲ့ စွဲလမ်းပြီးတော့ နေသည် ဖြစ်သောကြောင့် ပုဂ္ဂိုလ်သည် မနောဝိညာဏ်ဖြင့် ရှုပြီးတော့ သိနေတဲ့ ဒီအာရုံကို မလွှတ်နိုင်အောင် တမ်းတမ်း စွဲကြီး စွဲပါတော့သည်ဘုရား။ ဥပါဒါန်စွဲကြီးကွဲ့။ (မှန်ပါဘုရား)အထိကို မခံနိုင်ဘူးကွဲ့။ (မှန်ပါဘုရား) အပြောကော။ (မခံနိုင်ပါဘုရား) အကြည့်ကော။ (မခံနိုင်ပါဘုရား) အင်း မခံနိုင်ဘူး ဖြစ်နေပြီ–မဟုတ်လား။ (မှန်ပါဘုရား)

အဲဒါ ဘုန်းကြီးက မုံရွာမြို့က အမျိုးကောင်းသားတွေ သမီးတွေ စဉ်းစားကြပါ၊ ဘယ်နှယ်ဖြစ်နေကြသလဲ စဉ်းစား၊ ဟုတ်လား။(မှန်ပါဘုရား) အေး အဲဒီလိုဖြစ်လာပြီလို့ ဆိုယင် ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ထိုပုဂ္ဂိုလ်မှာ ဒိဋ္ဌိတွေစွဲပြီးတော့ သူဘဲ ငါဘဲ ဆိုတဲ့ အယူတွေစွဲပြီးတော့ နေသည်ဖြစ်သောကြောင့် ဒီအဘိဇ္ဈာ ဝိဟေသလို့ ခေါ်တဲ့ လောဘ ဒေါသ တရားတို့သည် ဒီပုဂ္ဂိုလ်ရဲ့ စိတ်အစဉ်ကို ကပ်၍ နှိပ်စက် ညှဉ်းပန်းပါတော့သည်ဘုရား။ အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ နိဗ္ဗာန်နဲ့ဝေးကွာပါတော့သည်ဘုရားလို့ –ဘုရား တပည့်တော် ဝန္နပိုင်းကို ဒီလို ဒီလိုနားလည် ပါတယ်လို့ မြတ်စွာဘုရားကို လေးဂါထာနဲ့ လျှောက်တယ်နော်။(မှန်ပါဘုရား)

အဲဒီဂါထာရဲ့ အဓိပ္ပာယ်ကလေးဟာ ဟောဒီနံပါတ် ၆·ဆောင်ပုဒ်ကလေးမှာ ပါတယ်။

ဆောင်။　　။သိဆဲခဏ၊ ရှုကြပုံသွင်၊
သတိကင်းပ၊ ရာဂတွေဝင်၊
ဒိဋ္ဌိစွဲ၍၊ သူဘဲငါထင်၊
နိဗ္ဗာန၊ ဝေးစွာ့ပုထုဇဉ်။

## ဝိဝဋ္ဋပိုင်း ဝဋ်ပြတ်ပုံကို မာလုကျပုတ္တမထေရ်ကြီး လျှောက်ထားချက်

ဝဋ္ဋပိုင်းကို အဲဒီလို ဘုရားတပည့်တော် နားလည်ပါတယ်ဘုရား။ ဝိဝဋ္ဋပိုင်းကို ဘုရားတပည့်တော် နားလည်ပုံကိုလည်း ဆက်လက်၍ လျှောက်ထားပါရစေ၊ ဘယ်လိုလျှောက်ထားတုန်း ဝိဝဋ္ဋပိုင်း။

"န သော ရဇ္ဇတိ ဓမ္မေသု၊ ဓမ္မံ ဉတွာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ နာဇ္ဈောသ တိဋ္ဌတိ။
ယထာဿ ဇာနတော ဓမ္မံ၊ သေဝတောစာပိ ဝေဒနံ။
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတိ သတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ"။

ဒီလိုလျှောက်တယ်။ (မှန်ပါဘုရား)

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေပြား အိုသဗ္ဗညု ရှင်တော်မြတ်ဘုရား။ ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်သို့သော ပုဂ္ဂိုလ်သည်။ ဓမ္မံ၊ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို။ ဉတွာ၊ မနောဝိညာဏ် ဝိပဿနာစိတ်အစဉ်ဖြင့် သိသည်ဖြစ်၍။ ပဋိဿတော၊ ထင်သောသတိရှိသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုထင်သော သတိရှိသော ပုဂ္ဂိုလ်သည်။ ဓမ္မေသု၊ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့၌။ န ရဇ္ဇတိ၊ မတပ်မက်တော့ပါဘုရား။ တဉ္စ၊ ထိုရုပ်နာမ်မျိုးစုံ ဓမ္မာရုံကိုလည်း။ အဇ္ဈောသ၊ မျိုမတတ်စွဲလမ်း၍။ န တိဋ္ဌတိ၊ မတည်တော့ပါဘုရား။

အထက်မှာ ဘုန်းကြီးပြောခဲ့တဲ့ ဂါထာတွေနဲ့ အတူတူပါဘဲကွဲ့နော်။ (မှန်ပါဘုရား)

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ယထာ၊ ယင်းသို့သော အခြင်းအရာအားဖြင့်။ဓမ္မံ၊ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို။ဇာနာတော စာပိ၊ သိပါသော်လည်း။ ဝေဒနံ၊ ဝေဒနာကို။ သေဝတော စာပိ၊ မှီဝဲလည်း မှီဝဲသော်လည်း။ အဿ၊ ထိုအမျိုးကောင်းသား၊ သမီး၏သန္တာန်၌။ ဒုက္ခံ၊ ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲသည်။ ခီယတိ၊ ကုန်ခြင်းသို့ ရောက်ပါသည် ဘုရား။ နောပစီယတိ၊ မတိုးပွားပါဘုရား။ ဧဝံ၊ ဤသို့လျှင်။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ သတော၊ ထင်သောသတိ ရှိသည်ဖြစ်၍။ စရတိ၊ နာမ်ရုပ်ကို မြင်အောင်ကျင့်၏။

ဘန္တေ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဧဝံ၊ ဤသို့လျှင်။အပစိနတော၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတွေကို ဖျက်ဆီး ဖြိုခွဲသောသူမှ။ နိဗ္ဗာနံ၊ အသင်္ခတ

ခာတ် နိဗ္ဗာန် ပရမတ်ကို။ သန္တိကေ၊ ဘယ်လောက်ကမ မဝေး လက်တကမ်း မှာ အနီးကလေး ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ခေါ်ဆိုရပါပေတော့သည် ဘုရား။

သာဓု— သာဓု— သာဓု—

ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဝိဝဋ္ဋပိုင်းကို ဘုရားတပည့်တော် နားလည်သလို လျှောက်ထားပါရစေ။ ရဟန်းရှင်လူ မည်သူမဆို အမျိုး ကောင်းသား၊ သမီးသည် ရုပ်နာမ် မျိုးစုံ ဓမ္မာရုံတို့က မနောဝိညာဏ်စိတ် အစဉ်ကို လာပြီးတော့ ထိခိုက်တွေ့ကြုံလို့ သိသဲခဏမှာ၊ ဖြစ်ပေါ်လာတာ မှန်သမျှ သခ်တမ္မ နာမ်ရုပ်မျှဟု ဝိပဿနာစိတ်က စွဲဝင်ရှုဆင်ခြင်၍နေသော ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ထင်သောသတိ ရှိ၍နေပါသည်ဘုရား။ ထိုပုဂ္ဂိုလ်သည် နှစ် သက်ဖွယ်ဖြစ်တဲ့ အာရုံရယ်တို့ မခံစားတော့ပါ၊ ထိုသို့ထင်လာသော ရုပ်နာမ် မျိုးစုံ ဓမ္မာရုံတို့၌ တပ်မက်ခြင်းကင်း၍ နေပါတော့သည်ဘုရား။

ဘာဖြစ်လို့တုန်း၊ သတိယှဉ်လို့။ (မှန်ပါဘုရား) သတိက အဲဒီ ရုပ်နာမ် မျိုးစုံ ဓမ္မာရုံတွေပေါ်မှာနိမိတ္တ အနုဗျဉ္ဇန ဝင်မလာအောင် နိမိတ္တ အနုဗျဉ္ဇနကို မှီပြီးတော့ဖြစ်တဲ့ အဘိဇ္ဈာ ဒေါမနဿဝင်မလာအောင် သတိက တားပေးတယ်။ (မှန်ပါဘုရား)

သတိ တေသံ နိဝါရဏံ။ သတိ၊ သတိသည်။ တေသံ၊ ထိုနီဝရဏတို့အား။ နိဝါရဏံ၊ မဝင်အောင် တား၍ ပေးတတ်ပါပေ၏။

ပါရာယနဝဂ် ပါဠိတော် ဟောစဉ်မှာ။ (မှန်ပါဘုရား)ဒီတော့ နီဝရဏမဝင် အောင် တားတယ်ဆိုတာ ခုနင်ကပြောတဲ့ နိဝရဏဖြစ်စရာ အာရုံတွေပါမပေါ် အောင် သူက တားပေးလိုက်တယ်။ (မှန်ပါဘုရား) ဒီလို ယူရမယ်နော်။ (မှန်ပါ ဘုရား) နိမိတ္တ အနုဗျဉ္ဇနတွေနဲ့ တွေ့ယင် ကိလေသာဝင်မယ်။ ကိလေသာ ဖြစ် ခွင့် ရသွားမယ်။ နိမိတ္တ အနုဗျဉ္ဇနတွေ မပါယင် ကိလေသာဖြစ်ခွင့်ရသေးလား။ (မရပါဘူးဘုရား) ဖြစ်ခွင့်မရအောင် ကိလေသာနဲ့ ကိလေသာဖြစ်ခွင့်ကို ရစေ တတ်သော အကြောင်းရင်းဖြစ်တဲ့ နိမိတ္တ အနုဗျဉ္ဇနတွေကို ဘယ်သူက တားပေး သလဲ။ (ဝိပဿနာစိတ်နှင့်ယှဉ်သော သတိက တားပေးပါတယ်ဘုရား)

အဲဒီလို သတိက တားပေးလိုက်သည်ဖြစ်သောကြောင့်၊ ထင်သော သတိ ရှိ သည်ဖြစ်သောကြောင့် ဘာပေါ်လာသလဲ၊ နိမိတ္တ မရှိဘူး၊ အနုဗျဉ္ဇနမရှိဘူး၊ ပုဂ္ဂိုလ်လဲမရှိဘူး၊သတ္တဝါလဲမရှိဘူး၊ပုံသဏ္ဌာန်တွေလဲမရှိဘူးလို့ဆိုတော့ ဘာသာ ရှိသလဲ။ (နာမ်ရုပ်သာ ရှိပါတယ်ဘုရား) နာမ်ရုပ် အဲဒီနာမ်ရုပ်မြင်နေတဲ့ ပုဂ္ဂိုလ် ဟာ နှစ်သက်ပါအုံးမလားကွဲ့။ (မနှစ်သက်တော့ပါဘူး ဘုရား) နာမ်ရုပ်က

နှစ်သက်စရာမှ မဟုတ်ဘဲ။ (မှန်ပါဘုရား) ပုံသဏ္ဍာန် နှစ်သက်နေကြတာ။ (မှန်ပါဘုရား) လူကောင်ကြီး နှစ်သက်နေကြတယ်၊ နိမိတ္တကြီး နှစ်သက်နေကြတယ်။ (မှန်ပါဘုရား) အဲဒါတွေ ဖြိုခွဲပြီး ဖရိုဖရဲဖြစ်အောင် လုပ်လိုက်တော့ နှစ်သက်စရာရှာလို့ရသေးလား။ (မရတော့ပါဘူး ဘုရား) သဘော ပေါက်ပလား။ (ပေါက်ပါတယ်ဘုရား)

အေး–ဒါကြောင့် ပုံသဏ္ဍာန်တွေ ဆိုတဲ့ ပိယနိမိတ္တကိုလဲဘဲ သတိက တားလိုက်ပါတယ်။ နာမ်ရုပ်ကို ပေါ်အောင်လဲ သတိက ဖော်ပြ၍ ပေးလိုက်ပါသည်။ အဲဒီ ပုဂ္ဂိုလ်သည် သိစရာဖြစ်တဲ့ သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၌ မတပ်မက်တော့ပါဘုရား။ အဲဒီလို မတပ်မက်လို့ရှိလျှင်–''ဝိရတ္တ စိတ္တော ဝေ-ဒေတိ'' တပ်မက်ခြင်းကင်းတဲ့ စိတ်နဲ့ ခံစားပါတော့သည်ဘုရား၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်နဲ့ ယှဉ်တဲ့ဝေဒနာ။ နေက္ခမ္မသိတဝေဒနာ ဒီရူပါရုံကို ခံစားတယ်။ ခံစားတယ်ဆိုသော်လဲ တဏှာမပါဘူးကွဲ့။ (မှန်ပါဘုရား) နာမ်ရုပ်။ ဉာဏ်ဝင်လာပြီနော်။ (မှန်ပါဘုရား)

### သဒ္ဓါနှင့် ပညာ ဝီရိယနှင့် သမာဓိ အင်အားညီမျှ မဂ်ဖိုလ်ရ

နာမ်ရုပ် မြင်တာ ဘယ်သူတုန်း။ (ဉာဏ်ပါဘုရား) ထင်အောင် လုပ်တာ ဘယ်သူပါလိမ့်။ (သတိပါဘုရား) ခုနင်ကပြောတဲ့ ကိလေသာ အာရုံတွေနဲ့ နိမိတ္တသဘောတွေ တားပေးတာ ဘယ်သူတုန်း။ (သတိပါဘုရား) နာမ်ရုပ် မြင်တာ ဘယ်သူတုန်း။ (ဉာဏ်ပါဘုရား) ဉာဏ်-ပညာ၊ ဟုတ်လား။ (မှန်ပါဘုရား) ဉာဏ်က ပညာမျိုးကွဲ့၊ သတိက။ (သမာဓိမျိုးပါဘုရား) ပါသလား မပါဘူးလား၊ သတိ ပညာ။ (ပါပါတယ်ဘုရား) သမာဓိနဲ့ ပညာကော။ (ပါပါတယ်ဘုရား)

သမာဓိနဲ့ ပညာ ပါလာတော့ ပညာကို သဒ္ဓါနဲ့ တွဲပါ။ (မှန်ပါဘုရား) သမာဓိကို ဝီရိယနဲ့ တွဲပါ၊ သတိမကျိုင် ထားပါ။ (မှန်ပါဘုရား) သဘောပေါက်ပြီနော်။ (ပေါက်ပါတယ် ဘုရား) အဲဒီ ဗလန္ဓြေ ညှိနည်းကလေးတွေကလဲ အဲဒီနေရာမှာ ထည့်ဟောစရာ အင်မတန် ကောင်းပါတယ်။ (မှန်ပါဘုရား)

သဒ္ဓါတွေက သိပ်လွန်သွားယင် မဟုတ်တာတွေ လျှောက်ကြည်ညိုတတ်တယ်ကွဲ့။ (မှန်ပါဘုရား) မဟုတ်တာတွေ ရှောက်ယုံတတ်တယ်ကွဲ့။ (မှန်ပါဘုရား)

''ဗလဝသဒ္ဓေါ ဟိ မန္ဒပညော မုဓပ္ပသန္နော ဟောတိ၊ အဝတ္ထုသ္မိံ ပသီဒတိ''။

မဟုတ်လား အဋ္ဌကထာက။ (မှန်ပါဘုရား) ပညာတွေ သိပ်လွန်ပြီးတော့ သဒ္ဓါက နည်းနေပြန်ယင်လဲ—

"ဗလဝပညော မန္ဒသဒ္ဓေါ ကေရာဋိကပက္ခံ ဘဇတိ၊ ဘေသဇ္ဇသမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ။ စိတ္တုပ္ပါဒမတ္တေနေဝ ကုသလံ ဟောတီတိ အတိဓာဝိတွာ ဒါနာဒီနိ အကရောန္တော နိရယေ ဥပ္ပဇ္ဇတိ[၁]"။ အဋ္ဌကထာ။ (မှန်ပါဘုရား)

ပညာတွေက သိပ်လွန်ပြီးတော့ သဒ္ဓါနည်းနေပြန်တော့လဲဘဲ ကောက်ကျစ်စဉ်းလဲတဲ့ဘက် ရောက်သွားပြီးတော့ သိယင် ပြီးတာဘဲ၊ ဒါန သီလတွေ ဘာဝနာကမ္မဋ္ဌာန်းတွေ အားထုတ်စရာမလိုဘူးဆိုပြီးတော့ရောက်သွားလို့ရှိယင်လဲဘဲ "နိရယေ ဥပ္ပဇ္ဇတိ" ငရဲရောက်ခြင်း ဖြစ်တတ်သတဲ့ကွဲ့။ (မှန်ပါဘုရား) အဲဒီလို ပညာလွန်နေတဲ့ ပုဂ္ဂိုလ်မျိုးကျတော့ ဆေးလွန်နေတဲ့ ရောဂါကို ဆေးကုမရသလိုဘဲတဲ့ ဟုတ်လား။ (မှန်ပါဘုရား)။

"ဘေသဇ္ဇသမုဋ္ဌိတော ဝိယ ရောဂေါ" ဆေးကြောင့် ဖြစ်တဲ့ရောဂါတဲ့။ (မှန်ပါဘုရား) အဲဒါ "အတေကိစ္ဆော ဟောတိ၊" ဆေးကုမရသလိုဘဲတဲ့။

ဝီရိယလွန်နေပြန်တော့လဲဘဲ ဥဒ္ဓစ္စတွေ ဖြစ်နေပြန်တယ်။ အဲဒါကြောင့် သမာဓိနဲ့ တွဲပေးပါ။ သမာဓိလွန်ပြန်တော့လဲ ကောသဇ္ဇတွေ ဖြစ်နေပြန်တယ်။ ဝီရိယနဲ့တွဲပေးပါ။ (မှန်ပါဘုရား) တခုနဲ့တခု ထိန်းပေးတယ်။ (မှန်ပါဘုရား) သဒ္ဓါကို ပညာနဲ့ ထိန်းပါ။ ပညာကို သဒ္ဓါနဲ့ ထိန်းပါ၊ ဝီရိယကို သမာဓိနဲ့ ထိန်းပါ၊သမာဓိကို ဝီရိယနဲ့ ထိန်းပါ။အပြန်အလှန်ထိန်းတယ်။(မှန်ပါဘုရား) သူ့အတွဲနဲ့သူ နေ၁်။ (မှန်ပါဘုရား) အလယ်ခေါင်သဘိကို မဏ္ဍိုင်ဗဟိုထားပြီးတော့ ရှုပါတဲ့ ဟုတ်ပလားကွဲ့။ (မှန်ပါဘုရား)

အဲဒီလို ဣန္ဒြေညီမျှအောင်ရှုလို့ ဣန္ဒြေညီမျှလို့ ရင့်ကျက်သည်နှင့်တပြိုင်နက်ထဲ တမဂ် တဖိုလ် ရနိုင်ပါသည်။ ဟုတ်လား။(မှန်ပါဘုရား)

ဤသို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ဟောတော်မူသည်ကို ဘုရားတပည့်တော် ဒီလို နားလည်ပါတယ်ဘုရား။ အခု မာလုကျ ပုတ္တမထေရ်ကြီးက ဒီလိုထင်သော သတိရှိပြီးတော့ နာမ်ရုပ်ကို မြင်နေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ တပ်မက်တဲ့စိတ်နဲ့ ဒီအာရုံမခံစားတော့ပါဘုရား၊ ခံစားပင် ခံစားပါသော်လဲဘဲ၊ ဒီအာရုံကို ရှုပင်ရှုပါသော်လဲဘဲ ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲတို့ ပါးကုန်ပါတော့သည်ဘုရား၊ မတိုးပွားတော့ပါဘူး ဘုရားတဲ့။

---

၁။ သုတ်မဟာဝါအဋ္ဌကထာ-၃၇၇။(ဣန္ဒြေညီမျှအောင်လုပ်နည်းနှင့် ပတ်သက်၍ ထူးကြီးဝိပဿနာ ဒုတိယအုပ်-နှာ ၂၆၉-စသည်၌ ဆရာတော် ဟောထားသည်။ ၎င်းဖြင့်ပါရာယနဝဂ် ပါဠိတော်ဟောစဉ်ကျမ်းကြီး-ပဌမတွဲ နှာ-၄၇၀-မှ၅၀၆-အထိ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်း အဋ္ဌကထာနည်း ၇-မျိုးကို အကျယ် ဝေဖန် ဟောကြားရာ၌လည်း ပါရှိသည်။

ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၊ ဤသို့ သတိရှိသည်ဖြစ်၍ ကျင့်သော သူအား ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေကို ဖျက်ဆီးသော သူမှသာလျှင် နိဗ္ဗာန်နဲ့ နီးတဲ့ ပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါသည်ဘုရားလို့ ဒီလိုလျှောက်တယ်နော်။ (မှန်ပါဘုရား)

အဲဒီလျှောက်ထားတဲ့ ဂါထာရဲ့အဓိပ္ပာယ်ကလေး ဒီမှာ ဆောင်ပုဒ်ကလေး စီထားတယ်။ နံပါတ် ၆-ဝိဝဋ္ဋပိုင်းမှာ—

ဆောင်။ ။သိဆဲခဏ၊ ရုပ်နာမ်မျှပင်၊
သတိထား၍၊ ရှုပွားနေလျှင်၊
လောဘ ဒေါသ၊ မောဟကင်းစင်၊
နိဗ္ဗာန၊ နီးစွာ သူတော်စင်။

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ အဲဒီလို ကြိုးစားပြီးတော့ ရှုပါလို့ ဟုတ်လား။ (မှန်ပါဘုရား)

ဤသို့လျှင် ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် မာလုကျပုတ္တမထေရ်ကြီးအား ''ဒိဋ္ဌ သုတ မုတ ဝိညာတ မတ္တ'' ဖြစ်အောင် ရှုပွားနည်းကို ဟောကြားခဲ့ရာဝယ် မာလုကျပုတ္တမထေရ်ကြီးက နားလည်သလို ပြန်လည်ပြီးတော့ လျှောက်ထားတဲ့ ဝဋ္ဋ ဝိဝဋ္ဋပိုင်းတွေကို ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားက—

''သာဓု သာဓု မာလုကျပုတ္တ၊ သာဓု ခေါ တွံ မာလုကျပုတ္တ မယာ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အာဇာနာသိ''။

သာဓု သာဓု မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ မှန်လိုက်တာ မှန်လိုက်တာ ဟုတ်လား။ (မှန်ပါဘုရား) မာလုကျပုတ္တ၊ ချစ်သား မာလုကျပုတ္တ။ မယာ၊ ငါဘုရားသည်၊ သံခိတ္တေန၊ အကျဉ်းချုပ်အားဖြင့်။ ဘာသိတဿ၊ ဟောတော်မူအပ်သော ဒေသနာတော်၏။ အတ္ထံ၊ အနက်အဓိပ္ပာယ်ကို။ တွံ၊ သင်ချစ်သားသည်၊ သာဓု ခေါ၊ ကောင်းစွာသာလျှင်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ အာဇာနာသိ၊ ကောင်းစွာပိုင်ပိုင် သိစွမ်းနိုင်ပါပေ၏။

မြတ်စွာဘုရားက ငါဘုရားလဲ ဒီလိုဘဲဟောမယ်လို့ မိန့်တော်မူပြီးတော့—

ရူပံ ဒိသွာ သတိ မုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဇ္ဈောသ တိဋ္ဌတိ—

အစရှိတဲ့ ဝဋ္ဋနဲ့ ဝိဝဋ္ဋပိုင်းဂါထာတွေကို ပြန်ပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ (မှန်ပါဘုရား)

''ဣမဿ ခေါ မာလုကျပုတ္တ မယာ သံခိတ္တေန ဘာသိတဿ ဧဝံ ဝိတ္ထာရေန အတ္ထော ဒဋ္ဌဗ္ဗောတိ''

ချစ်သား။ ယခု ငါဘုရားအကျဉ်းချုပ်အားဖြင့် ဟောကြားခဲ့တဲ့ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ သုတေ သုတမတ္တံ မုတေ မုတမတ္တံ ဝိညာတေ ဝိညာတမတ္တံ" ခေါ်တဲ့ အကျဉ်းချုပ် သံခိတ္တ ဒေသနာတော်ကို ယခုသင်ချစ်သား ပြန်လည်ပြီးတော့ အကျယ် ဝေဘန်လျှောက်ထားတဲ့အတိုင်း နားလည်ရမယ် ချစ်သားလို့ ဒီလို ပြန်ပြီးတော့ အမိန့်တော် ပြန်တမ်းကြီး ထုတ်တော်မူခဲ့ပါသည်။ ဒီဒေသနာတော်ဆုံးတော့—

"အထ ခေါ အာယသ္မာ မာလုကျပုတ္တော ဘဂဝတော ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ ဥဋ္ဌာယာသနာ ဘဂဝန္တံ အဘိဝါဒေတွာ ပဒက္ခိဏံ ကတွာ ပက္ကာမိ"

ဤသို့ ရှင်တော်ဘုရား ဟောကြားမြွက်ဖော် ဒေသနာတော် ပြီးဆုံးရာဝယ် မာလုကျပုတ္တမထေရ်မြတ်သည် ရှင်တော်ဟောကြား မြတ်တရားတွေကို အကျယ်ဝေဘန် လျှောက်ထားပြီးတော့ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတာကို အလွန်နှစ်သက် မြတ်နိုးစွာ ခံယူပြီးတော့ နေရာမှ ထပြီးနောက် ဘုန်းတော်သခင် ရှင်တော်မြတ်ကို ရိုသေစွာ ရှိခိုးဦးညွှတ်လျက် အရိုအသေပြုကာ ဖဲခွာ၍ သွားလေတော့၏။ ဘယ်သွားတုန်း၊ သွားတော့ တယောက်ထဲ သွားပြီ။

ဒီလူတွေ ဘယ်သွားကြမတုန်း။ (အိမ်ပြန်မှာပါဘုရား) ဟင်—အခုညအိမ်ပြန်မယ်။ နက်ဖြန်ခါ ဈေးထဲသွားကြမယ်၊ ဟုတ်လား။ (မှန်ပါဘုရား) အေး ဒါဘဲ။ အဟောသာ ခိုင်းတာ၊ အဟောသာ ခိုင်းတာ။

အဲဒီနေရာမှာ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မာလုကျပုတ္တမထေရ်ကြီးတော့ဖြင့် သွားပြီ၊ ဘယ်ရောက်အောင် သွားပါလိမ့်မလဲ။ ဘုရားကတော့ တရားဟောပေးလိုက်ပြီ။

"အထ ခေါ အာယသ္မာ မာလုကျပုတ္တော [သူနောက်က လျှောက်ခဲ့တဲ့အတိုင်းနော်။ (မှန်ပါဘုရား)] ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟာရန္တော န စိရဿေဝ ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ။ တဒနုတ္တရံ ဗြဟ္မစရိယပရိယောသာနံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟာသိ၊ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ အဗ္ဘညာသိ။ အညတရော စ ပနာယသ္မာ မာလုကျပုတ္တော အရဟတံ အဟောသီတိ"။

ဒီသုတ္တန်ပြီးဆုံးပြီကွဲ ဟုတ်လား။(မှန်ပါဘုရား) အဲဒီ အခါမှာ ဒီဒေသနာတော်ရဲ့ ဘာသာပြန် အဓိပ္ပာယ်ပြောကြစို့၊ အနက်ပေးလိုက်ယင် သိပ်ရှေနေရော့မယ်ကွဲဟုတ်လား။(မှန်ပါဘုရား)ပြောစရာစကားလေးတွေကလဲ နဲနဲကျန်သေးတယ်ဟုတ်လား။(မှန်ပါဘုရား) အေး—ဒါကြောင့် မာလုကျပုတ္တမထေရ်ကြီးသည် အခါတပါး အဲဒီလို ဘုရားရှင် ကိုယ်တော်မြတ်ထံမှ ဖဲခွါထွက်သွားပြီးတော့—

ဧကော၊ အဖော်မမှီး တယောက်ထီးတည်း"ကေစာရီ ပဗ္ဗဇ္ဇသင်္ခါတေန ဧကော"နဲ့ ဆိုကြစို့ကွယ်။(မှန်ပါဘုရား)လူ၏ အာရုံ ကာမဂုဏ်တွေကို ပယ်စွန့်ထားတဲ့ ပုဂ္ဂိုလ်ဟာ ရဟန်းပေါင်း တထောင်နဲ့နေပေမဲ့ ဧကောကွဲ။(မှန်ပါဘုရား) မပယ်စွန့်ယင်တော့ ဧကော မဟုတ်ဘူးပေါ့ကွယ်။(မှန်ပါဘုရား)

ပဗ္ဗဇ္ဇသင်္ခါတေန ဧကော။ ဧကော၊ အဖော်မမှီး တယောက်ထီးတည်း။ ဝူပကဋ္ဌော၊ ဆိတ်ငြိမ်ရာ ချဉ်းကပ်ပြီးတော့ ဟုတ်သလား၊ သူမလျှောက်ခဲ့တဲ့အတိုင်း။ (မှန်ပါဘုရား)အပ္ပမတ္တော၊ ရှင်တော်ဟောကြား မြတ်တရားကို မမေ့မလျော့သော အပ္ပမာဒ သတိတရားနှက်ကိုင်ထားလျက်။ မမေ့ဘူး။(မမေ့ပါဘုရား) အာတာပီ၊ ကိလေသာ အစိုဓာတ်တွေကို ခန်းခြောက်စေတတ်တဲ့အာတာပလုလ္လ သမ္မပ္ပဓာန် ဝီရိယရှိသည်ဖြစ်၍။ ဝီရိယကို အားကြီးစိုက်ပြီးတော့။ ပဟိတတ္တော၊ နိဗ္ဗာန်သို့စေလွှတ်သော ဟို ကာမဂုဏ်အာရုံတွေဘက်ကို စိတ်မလည်တော့ဘဲနဲ့ နိဗ္ဗာန်အာရုံဘက်ကိုသာလျှင် စိတ်လှည့်ပြီးတော့နေသည်ဖြစ်၍။ ဝိ၊ နေသည်ရှိသော်၊ ဟုတ်သလား၊ (မှန်ပါဘုရား) ဒီအင်္ဂါငါးချက်နဲ့ နေသည်ရှိသော်။ န စိရဿေဝ၊ မကြာခင်။ယဿ၊ အကြင်အရဟတ္တဖိုလ်၏။ အတ္ထာယ၊ အကျိုးငှာ။ ကုလပုတ္တာ၊ အမျိုးကောင်းသား သမီးအပေါင်းတို့သည်။ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူ၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်ခဲ့ကြ၍။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်၌။ ပဗ္ဗဇန္တိ၊ ရဟန်းပြုကြလေကုန်၏။

အနုတ္တရံ၊ အတုမရှိ မြတ်သော။ တံ ဗြဟ္မစရိယပရိယောသာနံ၊ မြတ်သောအကျင့်၏ ပြီးဆုံးရာဖြစ်သောသိုနိဗ္ဗာန်ပရမတ်ကြီးကို။ဒိဋ္ဌေဝဓမ္မေ၊မျက်မှောက်ဘဝ၌ပင်လျှင်။သယံ၊ မိမိကိုယ်တိုင်။အဘိညာ၊ ထူးသောဉာဏ်ဖြင့်။သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဝိဟာသိ၊ နေပေတော့၏။ခီဏာဇာတိ၊ဇာတိကုန်သွားပြီတဲ့။ (မှန်ပါဘုရား) ဝုသိတံ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို ကျင့်သုံး၍ပြီးပြီ။ ကတံ ကရဏီယံ၊ မင်္ဂကိစ္စတွေပြုပြီးပြီ။ နာပရံ ဣတ္ထတ္တာယာတိ၊ နောက်ထပ်တဖန် ကျင့်စရာမရှိ၊ ကာမဘုံ ရူပဘုံ အရူပဘုံ ပြန်လာရော အကြောင်းမရှိတော့ဘူးလို့။အဗ္ဘညာသိ၊ ပစ္စဝေက္ခဏာဉာဏ်နဲ့သိလေပြီ။ရဟန္တာဖြစ်သွားပြီကွဲ။ (မှန်ပါဘုရား)

အာယသ္မာ စ မာလုကျပုတ္တော၊ အရှင်မာလုကျပုတ္တသည်လည်း။ အရဟတ္တံ၊ မဟာသာဝက လို့ခေါ်တဲ့ ရဟန္တာတို့တွင်။ အညတရော၊ တယောက်အပါဝင်ဖြစ်သော ရဟန္တာပုဂ္ဂိုလ်သည်။ အဟောသိ၊ ဖြစ်လေပြီ။

## ဘုရားကို ညှဥ်းဆဲနှိပ်စက်သူများ

မာလုကျပုတ္တ မထေရ်ကြီး ဘုရားနှိပ်စက်သေးလား။ (မနှိပ်စက်ပါဘုရား) ဘာပြုလို့လဲ—ဒီလိုကွဲ။ တရားဟောတယ် တရားနာတယ်ဆိုတာ၊ ကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုတာ ဘုရားကိုနှိပ်စက်တဲ့ လူတွေရှိတယ်။(မှန်ပါဘုရား) အဲဒါ မုံရွာမြို့ထဲမှာ ကြည့်စမ်း၊ ဒီ အထဲမှာ ဘယ်သူတွေလဲလို့၊ ဘုန်းကြီး ပါဠိရွတ်မလို့၊ ဒါကတော့ ဥဒါန်း အဋ္ဌကထာမှာ—

"ယော ဟိ သတ္ထုသန္တိကေ ဓမ္မံ သုတွာ ကမ္မဋ္ဌာနံ ဝါ ဂဟေတွာ ယထာနုသိဋ္ဌံ န ပဋိပဇ္ဇတိ၊ သော သတ္ထာရံ ဝိဟေသေတိ နာမ"

(ဥဒါန၊ ဋ္ဌ၊ဝ၇)

ဟုတ်လား။(မှန်ပါဘုရား) ဟိ၊ ဘုရားနဲ့ ဓမ္မကထိက ကိုယ်တော်တွေကို နှိပ်စက်နေတဲ့ ပုဂ္ဂိုလ်ကို ဖော်ပြဦးအံ့။ ဘယ်သူတွေလဲလို့-ကြည့်ကြနော်။ (မှန်ပါဘုရား) ယော၊ အကြင်သူသည်။ သတ္ထုသန္တိကေ၊ မြတ်စွာဘုရား၏ အထံတော်၌။ ဓမ္မံ၊ တရားကို။ သုတွာ ဝါ၊ နာပြီး၍ဖြင်း။ ကမ္မဋ္ဌာနံ၊ ဝိပဿနာလုပ်ငန်း အကျင့်စခမ်းလို့ခေါ်တဲ့ ကမ္မဋ္ဌာန်းတရားကိုလည်း။ ဂဟေတွာ ဝါ၊ နာယူမှတ်သားစေပြီး၍ဖြင်း။ ယထာနုသိဋ္ဌံ၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်အတိုင်း။ န ပဋိပဇ္ဇတိ၊ ကမ္မဋ္ဌာန်းလဲ အားမထုတ်၊ ကျင့်လဲမကျင့်။သော၊ ထိုမြတ်စွာဘုရား တရားကို နာပြီးတော့ ကမ္မဋ္ဌာန်းလဲ အားမထုတ်၊ တရားတော်လာတဲ့အတိုင်းလဲ မကျင့်တဲ့ ပုဂ္ဂိုလ်သည်။ သတ္ထာရံ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို။ ဝိဟေသေတိ နာမ၊ မပင်ပန်း ပင်ပန်းအောင် နှိပ်စက်ညှဥ်းဆဲတဲ့ လူမည်ပါပေ၏။ (မှန်ပါဘုရား)

အဲဒါ ဘယ်သူလဲ။ (မကျင့်တဲ့လူတွေပါဘုရား) ဘယ်သူတွေလဲကွဲ၊ တကာတို့ မုံရွာမှာလေ၊ သူတို့ကတောင် ဘုန်းကြီးရန်တွေအုံးမလို့တဲ့ လုပ်သေးတယ်။ တနေ့နှစ်ပွဲမရလို့တဲ့။ အဲဒီ လူတွေ ဘယ်သူတွေလဲဟေ့။ (ညှဥ်းဆဲတဲ့ လူတွေပါဘုရား) ဟုတ်လား။

အေး—အဲဒီလို ညှဥ်းဆဲတဲ့ အပြင်တဲ့ နောက်တနည်း ပြောသေးတယ်။ ဒီလိုရှင်တော် ဟောကြား မြတ်တရားတွေကို ဘေးဖယ်ထားပြီးတော့ ထော်လော်ကန့်လန့်ကျင့်နေတဲ့—အစုတရားသဖြင့် ကျင့်လို့ ရဟန္တာဖြစ်တာနော်။ (မှန်ပါ

ဘုရား)တရားအကျင့် မမှန်ဘဲနဲ့ ဘေးကော်ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေကို ဘယ့်နှယ် ပြောမလဲ—

## ဘုရားရှင် တရားတော်ကို ပုတ်ခတ် ဖျက်ဆီးသူများ

"ဒုပ္ပဋိပန္နော ဟိ သာသနံ ဘိန္ဒန္တော သတ္ထုဓမ္မသရီရေ ပဟာရံ ဒေတိနာမ"

ချစ်သားတို့၊ မာလုကျပုတ္တမထေရ်တို့ ဗာဟိယမထေရ်တို့ဟာ သမ္မာပဋိပတ္တိနဲ့ ကျင့်သွားကြပြီတဲ့၊ ဟုတ်လား။ (မှန်ပါဘုရား) အခုတော့ တရားဟောထား ပြီးတော့ ဘာမှမလုပ်ဘူး၊ ဒါ ဒုပ္ပဋိပန္နသမားတွေနော်။(မှန်ပါဘုရား) အဲဒီ ဒုပ္ပဋိပန္နသမားတွေ ကျင့်ပြန်တော့လဲဘဲ၊ ဘုရားတရားတော်တွေကို နာ။ဘုရား ဟောတာကတခြား သူတို့ကျင့်တာက တခြား။ ပါဠိတော်ကတခြား၊ သူတို့ ကျင့်တာက တခြားဆိုယင် ဒုပ္ပဋိပန္နဖြစ်တတ်သတဲ့ကွဲ။ (မှန်ပါဘုရား)

ဟိ၊ နောက်တမျိုးကတော့။ ဒုပ္ပဋိပန္နော၊ ဘုရားဟောတာက တခြား သူတို့ ကျင့်တာက တခြားနဲ့ မကောင်းသဖြင့် ဒိဝိပဿနာ လုပ်ငန်းကျင့်တဲ့ ပုဂ္ဂိုလ် သည်။ သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို။ ဘိန္ဒန္တော၊ဖျက်ဆီး ချိုး ဖောက်လျက်။ (သာသနာဖျက်ထာတဲ့–ကွဲ။(မှန်ပါဘုရား) သတ္ထုဓမ္မသရီရေ၊ မြတ်စွာဘုရားကိုယ်တော်မြတ် ဟောကြားထားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာဟုဆိုအပ် သော ဓမ္မသရီရ၌။ ပဟာရံ၊ ပျက်စီးအောင် ပုတ်ခတ်ခြင်းကို။ ဒေတိနာမ၊ ပေးသည်မည်၏ တဲ့။ (မှန်ပါဘုရား)

ဟိ၊ နောက်တမျိုးကတော့။ ဒုပ္ပဋိပန္နော၊ ဘုရားဟောတာကတခြား သူတို့ ကျင့်တာကတခြားနဲ့ မကောင်းသဖြင့် ဒိဝိပဿနာလုပ်ငန်းကျင့်တဲ့ပုဂ္ဂိုလ်သည်။ သာသနံ၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို။ ဘိန္ဒန္တော၊ ဖျက်ဆီး ချိုးဖောက် လျက် [သာသနာဖျက်တာတဲ့ကွဲ။(မှန်ပါဘုရား)] သတ္ထုဓမ္မသရီရေ၊ မြတ်စွာ ဘုရားကိုယ်တော်မြတ် ဟောကြားထားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာဟု ဆိုအပ်သော ဓမ္မသရီရ၌။ပဟာရံ၊ပျက်စီးအောင် ပုတ်ခတ်ခြင်းကို။ ဒေတိ နာမ၊ ပေးသည် မည်၏တဲ့။(မှန်ပါဘုရား)

ကျင့်တော့ ကျင့်တယ်၊ ကျင့်ပေတဲ့ ဘေးဖယ် ကျင့်တယ်။ (မှန်ပါဘုရား) ပါဠိတော် ညွှန်ပြတာကတခြား၊သူတို့ကျင့်တာကတခြား။(မှန်ပါဘုရား) ဟုတ် လား။ (မှန်ပါဘုရား) ပါဠိတော်က ဒီအတိုင်း ပြောတယ်၊ သူတို့က ဘေးကို တမျိုးပြောတယ်၊(မှန်ပါဘုရား)အဲဒါ ဒုပ္ပဋိပန္နလို့ခေါ်တယ်ကွဲ။(မှန်ပါဘုရား) ဒုပ္ပဋိပန္နကျင့်ယင်လေ အဲဒီ ပုဂ္ဂိုလ်ဟာ သာသနာဖျက်တဲ့ပုဂ္ဂိုလ်တဲ့ကွဲ။ မြတ်စွာ ဘုရားရဲ့ ဓမ္မကာယ ဓမ္မစေတီကြီး ဖြိုပစ်တဲ့ ပုဂ္ဂိုလ်ဘဲတဲ့။ (မှန်ပါဘုရား)

အခု–ချစ်သားတို့ ဟောဒီ ဗာဟိယမထေရ်တို့ ဒါ ဗာဟိယကိုလဲ ဒီသုတ္တန်ဘဲ ဟောတာဘဲကွဲ့။ (မှန်ပါဘုရား) ဒီ မာလုကျပုတ္တမထေရ်ကြီးတို့ဟာ ငါဘုရားကို တရားတော်နဲ့ပတ်သက်လို့ အခု ရဟန္တာတွေဖြစ်ကုန်ကြပြီ။ ညှဉ်းဆဲမဲ့ပုဂ္ဂိုလ်တွေ မဟုတ်တော့ဘူး။ ဒုပ္ပဋိပန္န ပုဂ္ဂိုလ်တွေလဲ မဟုတ်ကြတော့ဘူး။ သုပ္ပဋိပန္န အားဖြင့် ကျင့်ကြလို့ ဟုတ်လား။ (မှန်ပါဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ၊ သမီးတွေ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားဒေသနာတော်ကို နိဂုံးချုပ် တိုက်တွန်းချက်က နော်။ ((မှန်ပါဘုရား) မာလုကျပုတ္တတို့၊ ဗာဟိယမထေရ်တို့ကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ်ကို တရားရေးနဲ့ပတ်သက်ပြီးတော့ နောက်ထပ်တဖန် မညှဉ်းဆဲတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရလေအောင် တရားကြိုးစားအားထုတ်ပြီးတော့ ရဟန္တာ ဖြစ်အောင် ကျင့်နိုင်ကြပါစေကုန်သတည်း။

ဘုရားဟောတဲ့ ပါဠိတော်နည်းအတိုင်း ဘေးကိုမသွေမဖယ်ဘဲနဲ့ သုပ္ပဋိပန္န အကျင့်ကို ကောင်းစွာ ကျင့်နိုင်ကြပါစေကုန်သတည်း။ ဒုပ္ပဋိပန္န အကျင့်မျိုး မကျင့်နိုင်ကြပါစေကုန်သတည်း။ ဟုတ်လား။ (မှန်ပါဘုရား)ဤသို့ သုပ္ပဋိပန္န ဂုဏ်နဲ့ပြည့်စုံအောင် ကျင့်ကြံကြိုးစား ပွားများ အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ ဤအမျိုးကောင်းသား အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းတို့သည် ယခု ဟောရင်းစွဲသုတ္တန် မာလုကျပုတ္တ မထေရ်ကြီး ကျင့်သကဲ့သို့ ကျင့်နိုင်ကြကုန်သည်ဖြစ်၍ မာလုကျပုတ္တမထေရ်ကြီး ရအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ရဟန္တာယောကျ်ားတွေ ရဟန္တာမိန်းမတွေအဖြစ်သို့ ရောက်အောင် ကျင့်နိုင်ကြကုန်သည်ဖြစ်၍ ရဟန္တာယောကျ်ား ရဟန္တာမိန်းမတွေ ဖြစ်ကြကုန်ပြီးလျှင် ထိုရရှိအပ်ပြီးသော မာလုကျပုတ္တမထေရ်ကြီးရောက်အပ်တဲ့ အရဟတ္တဖိုလ်မျိုးကို ဒီ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေရအောင် ကျင့်နိုင်ကြကုန်သည်ဖြစ်၍ အရဟတ္တဖိုလ်ကို ရကြကုန်ပြီးလျှင် ထိုရရှိအပ်ပြီးသော အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြင့် အသခ်တခေတ် နိဗ္ဗာန်ပရမတ်ကို လျင်လျင်မြန်မြန်ကြီး မျက်မှောက်ပြုနိုင်လွယ်ကြသည်ဖြစ်ကြပါစေကုန်သတည်း။

သာဓု—   သာဓု—   သာဓု—

# မာလုကျပုတ္တသုတ္တန်

## သတ္တမပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၂၂-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၄၀-ပြည့်နှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၁၀)ရက်၊ မုံရွာမြို့၊ ဆုတောင်းပြည့် စေတီတော်ကြီး၏ ယင်ပြင်တော် ဝိပဿနာဓမ္မာရုံ တော်ကြီးတွင် တည်ခင်းဟောကြားတော်မူအပ်သော သံယုတ္တနိကာယ် သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် သဠာဝဂ်၌လာသော မာလုကျပုတ္တ သုတ္တန် သတ္တမပိုင်း နောက်ဆုံးည တရားဒေသနာ။

(ဘုရားရှိခိုး ရှေးနည်းအတိုင်း)

## မာလုကျပုတ္တမထေရ်ကြီး တရားဟောတော်မူခြင်း

မာလုကျပုတ္တမထေရ်မြတ်ကြီးသည် မြတ်စွာဘုရားထံတော်မှ "ဒိဋ္ဌေဒိဋ္ဌမတ္တံ" စတဲ့ တရားတော်ကို နာခံမှတ်သား ဆောင်ယူထား၍ ဆိတ်ငြိမ်ရာအရပ် ကပ် ရောက်ပြီး ဝိပဿနာတရား ပွားများအားထုတ်လို့ ဟိုနေ့ညက တန်ခိုး အဘိ· ညာဉ်ရတဲ့ ရဟန္တာကြီးဖြစ်တာ ရောက်ခဲ့ပြီကွဲ့။ (မှန်ပါဘုရား) မာလုကျပုတ္တ မထေရ်ကြီးဟာ တန်ခိုးအဘိညာဉ်ရတဲ့ ရဟန္တာကြီး ဖြစ်တော့ ကိုယ်ကျိုး အတွက် ပြည့်စုံပြီဆိုပြီး မနေဘူးကွဲ့။ (မှန်ပါဘုရား) ဘုရားရှင့်သားတော်ပီပီ ကျင့်ကြံ အားထုတ်တော်မူရတယ်ကွဲ့။ (မှန်ပါဘုရား) ဘုရားရှင်တို့ မည်သည် မိမိအကျိုးအတွက် ဆွေမျိုးသားချင်းအတွက်၊ လောကသားအတွက် ကျင့်ကြံ အားထုတ်တော်မူကြတာကွဲ့။ (မှန်ပါဘုရား) ဘုရားရှင် သားတော်မှန်သမျှလဲ ဘဲ "နိဿရဏတ္ထ" ခေါ်တဲ့ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း ကို ရည်ရွယ်ပြီး ဘုရားဟောစကားတော် ပိဋကတော်တွေကိုသင်ယူကြတယ်ကွဲ့။ (မှန်ပါဘုရား) စာသင်ကျောင်းတိုက်ကြီးတွေ မရှိဘူးလားကွဲ့။ (ရှိပါတယ် ဘုရား) အဲဒီ စာသင်တိုက်ကြီးတွေမှာ စာချဆရာတော်တွေက သူတပါး အကျိုးဆောင်ရွက်ပြီး စာချနေကြတာကွဲ့။ (မှန်ပါဘုရား)

စာသင်သားတွေကလဲ သူတို့အတွက် ပရိယတ်တွေသင်ကြားပြီးလျှင် နောင် အခါကျတော့ စာချပုဂ္ဂိုလ်တွေ ဖြစ်ပေါ်ပြန်တာဘဲကွဲ့။ (မှန်ပါဘုရား)

မုံရွာမြို့က ကမ္ဘာမှာ ကျော်ကြားတဲ့ လယ်တီဆရာတော်ဘုရားကြီးဟာ ပရိယတ် ပဋိပတ်တွေ ကိုယ်ကျိုးအတွက် ပြည့်စုံလိုလောက်လို့ ပရိယတ် ပဋိပတ် ဆိုတဲ့ဘာဝဝန်တွေကို မြန်မာနှင့်ကမ္ဘာကိုပါ ဖြန့်ချီတော်မူခဲ့တယ်မဟုတ်လားကွဲ။ (ဖြန့်ချီတော်မူခဲ့ပါတယ်ဘုရား) ဘုရားရှင်နှင့်တကွ ဘုရားသားတော်မှန်သမျှ တွေဟာ မိမိအကျိုး၊ သူတပါးအကျိုးပေဋပ္ပန်တမလွန် နှစ်တန်ကောင်းမွန်ရေး အတွက် ဆောင်ရွက်တော်မူကြတယ်လို့ မှတ်ရမယ်ကွဲ။ (မှန်ပါဘုရား)

မာလုကျပုတ္တ မထေရ်မြတ်ကြီးဟာ ဘုရားထံမှောက်မှ ကြွသွားတော်မူတဲ့ အချိန်အခါတုန်းကတော့ အတိညာဉ်ခြောက်ပါးရတဲ့ ရဟန္တာကြီးဖြစ်ခဲ့တယ်၊ ဟုတ်လား။ (မှန်ပါဘုရား) ခုတခါ ကြွတာကတော့ ဆွေတော် မျိုးတော်တွေ ထံ တရားချီးမြှောက်ဖို့ ကြွသွားပြီကွဲ။ (မှန်ပါဘုရား) ဆွေတော် မျိုးတော်တွေ ထံ ရောက်သွားတော့ မှန်မြတ်ကောင်းမွန်လှတဲ့ ဆွမ်းခဲဘွယ်တွေနဲ့ ဆက်ကပ် လုပ်ကျွေးကြတယ်။ (မှန်ပါဘုရား) ဆွမ်းကျွေးပြီး ဆွေမျိုးတွေရဲ့ လုပ်လိုက် ပုံကတော့ ဟန်မကျဘူး။ (မှန်ပါဘုရား)

ဆွေတော် မျိုးတော်တွေက မထေရ်ကြီးရဲ့ ရှေ့တော်မှောက်မှာ ရွှေငွေတွေ ရုပ်ပြီး ပြောပုံက "ဤရွှေငွေ အစုအပုံတွေဟာ အရှင်ဘုရားရဲ့ ကိုယ်ပိုင် ဥစ္စာ တွေပါ။ ဤ ရွှေငွေတွေနဲ့ သားသမီးနှင့် ဇနီးမယားကို လုပ်ကျွေးပြီးလျှင် ကုသိုလ်ကောင်းမှုတွေကိုလဲ ပြုလုပ်ပါ"။ ကိုင်း ဘယ်လိုလဲ တော်သေးရဲ့လား၊ (မတော်ပါဘုရား) ဥစ္စာတွေပြ သားမယားနဲ့ ဖြားယောင်းတာ မတော်ဘူး။ (မှန်ပါဘုရား) မာလုကျပုတ္တမထေရ်မြတ်ကြီးက ဆွေတော် မျိုးတော်တွေရဲ့ အလိုဆိုးကို ဆုတ်နစ်သွားအောင် တန်ခိုးတော်နဲ့ ကောင်းကင်တက်သွားတယ်။ (မှန်ပါဘုရား)တန်ခိုးတော်နဲ့ ကောင်းကင်တက်ပြီးနေတော့ ဆွေမျိုးတွေရဲ့ စိတ် မှာ ဘယ်လိုနေမလဲ။ (အံ့အားသင့်ကုန်မှာပါဘုရား) အဲဒီတော့မှ မာလုကျ ပုတ္တမထေရ်မြတ်ကြီးက ကောင်းကင်၌ရပ်ပြီး တရားဟောပြောတာက ဒီလိုကွဲ။ (မှန်ပါဘုရား)

မနုဇဿ ပမတ္တစာရိနော၊ တဏှာ ဝဍ္ဎတိ မာလုဝါ ဝိယ။
သော ပလဝတီ ဟုရာ ဟုရံ၊ ဖလမိစ္ဆံဝ ဝနသ္မိံ ဝါနရော။

## တဏှာသည် ခွေးတောက်နွယ်ပင်နှင့် တူပုံ

မာလုဝါ၊ မာလောနွယ်ပင်သည်။ ရှေးတုန်းက ဆရာကြီးများက မာလုဝ ဆိုတဲ့ ပါဠိကို မာလောနွယ်ပင်လို့ မြန်မာပြန်ကြတယ်ကွဲ။(မှန်ပါဘုရား)မာလု ဝါ၊ ခွေးတောက်နွယ်ပင်သည်။ နောက်ခေတ်ဆရာများကတော့ မာလုဝ-ဆိုတဲ့ ပါဠိကို ခွေးတောက်ပင်လို့ မြန်မာပြန်ကြတယ်ကွဲ။ (မှန်ပါဘုရား) အဲဒီ ခွေး

တောက်ပင်သည်။ ရုက္ခံ၊ မိမိအမှီပြုရာသစ်ပင်ကို။ သံသိဗ္ဗန္တိ၊ ပရိယောနဒ္ဓန္တိ၊ အမြစ်တို့ဖြင့် မြွေးယှက်ရစ်ပတ်သျက်။ တဿ ဝိနာသာယ၊ မိမိမှီရာ ထိုသစ်ပင်ကို ဖျက်ဆီး သတ်ဖြတ်ပစ်ရန် အလို့ငှာ။ ဝေပုဘိဝိယ၊ တနေ့တခြား တိုးတက်ကြီး ပွားသကဲ့သို့။

မာလောနွယ်ခေါ်တဲ့ ခွေးတောက်ပင်ဟာ သစ်ပင် တပင်၏ ခြေရင်းမှာ ပေါက်လာပြီဆိုလျှင် ထိုသစ်ပင်ကို ခွေးတောက်နွယ်ပင်၏ အဆစ်ကထွက်တဲ့ အမြစ်ကလေးတွေက တွဲကပ်ရစ်ပတ်ပြီးသွားတယ်ကွဲ။(မှန်ပါဘုရား)အဲဒီလို အဆစ်ကလေးတွေ ထွက်တဲ့ အမြစ်ကလေးတွေနဲ့ တွဲကပ်ပြီးပြီဆိုယင်ဖြင့် တနေ့တခြား သစ်ပင်ခြေမှာ အုံ့ဖွဲ့ပြီး ကြီးပွားလာလိုက်တာ ကန်စွန်းနွယ်ပင်လိုဘဲ အညွန့်တွေ ဝေဖြာတက်တော့ အညွန့်မှာပါတဲ့အဆစ်ရဲ့အမြစ်ကလေးတွေကမှီရာ သစ်ပင်ကို မြွေးယှက် ရစ်ပတ်ပြီးတွဲကပ်တက်သွားလိုက်တာကသစ်ပင်တပင်လုံးကို လွှမ်းခြုံပြီးသွားတော့တာဘဲ။(မှန်ပါဘုရား)အဲဒီခွေးတောက်ပင်ရဲ့ မိမိအမှီပြုရာ သစ်ပင်ကို လွှမ်းခြုံမိအောင် တိုးတက်ကြီးပွားခြင်းဟာ မှီရာ သစ်ပင်ကို အသေသတ်ဖို့ကွဲ။ (မှန်ပါဘုရား) ခွေးတောက်နွယ်ပင် အတက်ခံရတဲ့ သစ်ပင်ကို တွေ့ဘူးလားကွဲ။ (တွေ့ဘူးပါတယ်ဘုရား) သူခွေးတောက်နွယ်ပင် အတက် ခံရတဲ့ သစ်ပင်ဟာ တနေ့ တခြား ညှိုးနွမ်း ခြောက်ကပ် လာပြီးတော့ သေတာဘဲမဟုတ်လား။ (မှန်ပါဘုရား) အဲဒီ ခွေးတောက်နွယ်ပင်တက်လို့ သစ်ပင်သေရတဲ့ ဥပမာလေးကို သေသေချာချာမှတ်ထား၊ ဟုတ်လား။ (မှန်ပါဘုရား)

တဏှာ၊ ထိုထိုအာရုံ ကာမဂုဏ်၌ နှစ်သက်တွယ်တာ တပ်မက်တတ်သော တဏှာသည်။

တဏှာဆိုတဲ့သဘောက အလွန် ကြောက်စရာကောင်းတယ်ကွဲ။ (မှန်ပါဘုရား)တဏှာကပ်ရောက် တွယ်တာနေပြီဆိုလျှင်ဖြင့် ဒိဋ္ဌိသဲ ရောက်လာတာဘဲ။ (မှန်ပါဘုရား) ရုပ်နာမ်သဘောမျှထင်အောင် မရှုပွားဘဲ နိမိတ္တ အနုဗျဉ္ဇန တွေကို ဆွဲကိုင်ယူထားလို့ တဏှာ ဒိဋ္ဌိအဝင်ခံရတာ၊ဟုတ်လား။(မှန်ပါဘုရား) ဘုန်းကြီး "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတမတ္တံ မုတေ မုတမတ္တံ၊ ဝိညာတေ ဝိညာတမတ္တံ" ကို ဟောပြောစဉ်က တဏှာ ဒိဋ္ဌိကပ်ရောက်ပုံကို အကျယ် ဟောခဲ့ပြီး ပြီကွဲ၊ ဟုတ်လား။ (ဟောပြီးပါပြီဘုရား)

တဏှာ၊ထိုထိုအာရုံကာမဂုဏ်၌ နှစ်သက်တွယ်တာတပ်မက်တတ်သော တဏှာသည်။ ပမတ္တစာရိနော၊ သတိလွတ်ကင်း မေ့လျော့ခြင်းဖြင့် သွားလာနေထိုင် လေ့ရှိသော။ မနုဇဿ၊ သတ္တဝါ၏စိတ်၌။ ဝဍ္ဎတိ၊ တိုးပွား၍ နေပေတော့၏။

ထိုထိုအာရုံကာမဂုဏ်၌ နိမိတ္တ အနုဗျဉ္စနတွေ ဆွဲကိုင်လိုက်တော့ သတိဆိုတဲ့ တရားရှိသေးလားကွဲ့။ (မရှိတော့ပါဘုရား) အဲဒီ သတိပျောက်နေတဲ့ ပုဂ္ဂိုလ် သတ္တဝါကို အမှီပြုပြီး ဘာတွေ တိုးတက်ကြီးပွားလာသလဲကွဲ့။(တဏှာဒိဋ္ဌိတွေ ကြီးပွားပါတယ်ဘုရား) ဝိပဿနာ သတိ ကပ်ထားယင်။ (တဏှာ ဒိဋ္ဌိ မဖြစ် တော့ပါဘုရား)"သတိ တေသံ နိဝါရဏံ" သတိ၊ ဝိပဿနာ စိတ်နှင့် ယှဉ်သော သတိသည်။ တေသံ၊ ထိုတဏှာ ဒိဋ္ဌိ စသော ကိလေသာတွေကို။ နိဝါရဏံ၊ တားဆီးပိတ်ပင်တတ်တယ်လို့ ပါရာယနဝဂ် ပါဠိတော်မှာ ဟောတော်မူတယ်၊ ဟုတ်လား။ (မှန်ပါဘုရား) တဏှာဒိဋ္ဌိ ကြီးပွားနေတဲ့ပုဂ္ဂိုလ်အတွက် ကောင်း ကျိုးရမလား၊ ဆိုးကျိုးရမလား။(ဆိုးကျိုးရမှာပါဘုရား) အေးကွဲ့ ဒါကြောင့် ထေရဂါထာ အဋ္ဌကထာဆရာ ရှင်ဓမ္မပါလမထေရ်က—

"နေဝဈာနံ၊ န ဝိပဿနာ၊ န မဂ္ဂဖလာနိ ဝဍ္ဎန္တိ"

(ထေရဂါထာ ဋ္ဌ၊ဒု၊ ၉၅-နှာ)

ဈာနံ၊ ဈာန်တရားသည်။ နေဝ ဝဍ္ဎတိ၊ တိုးပွားဖြစ်ပေါ်၍မလာ။ဝိပဿနာ၊ ဝိပဿနာတရားသည်။ န ဝဍ္ဎတိ၊ တိုးပွားဖြစ်ပေါ်၍မလာ။မဂ္ဂဖလာနိ၊ မဂ်ဖိုလ် တို့သည်။ န ဝဍ္ဎန္တိ၊တိုးပွားဖြစ်ပေါ်၍ မလာကုန်-လို့ တဏှာ ဒိဋ္ဌိဖြစ်ပွားနေတဲ့ ပုဂ္ဂိုလ်ရဲ့ ဆိုးကျိုးကို ပြတော်မူတာကွဲ့။ (မှန်ပါဘုရား)

တဏှာ ဒိဋ္ဌိက ဘယ်သူ့ကို မှီဖြစ်တာလဲ။ (သတိလွတ်တဲ့ ပုဂ္ဂိုလ်ကိုပါဘုရား) အမှီခံရတဲ့ ပုဂ္ဂိုလ်ကို တဏှာဒိဋ္ဌိက ဈာန် ဝိပဿနာ မဂ်ဖိုလ်တရားတွေ မရ အောင် ဖျက်ဆီးပစ်လိုက်တာ၊ ဟုတ်လား။ (မှန်ပါဘုရား)

ဆဋ္ဌဘိည ရဟန္တာ မထေရ်မြတ်ကြီး ဖြစ်တော်မူတဲ့ မာလုကျပုတ္တ မထေရ် မြတ်ကြီးက ပစ္စည်းကိုပြ၍ လူထွက်ခိုင်းတဲ့ ဆွေမျိုးတွေကို တပ်မက် တွယ်တာမှု တဏှာရဲ့ ကြောက်မက်ဖွယ်ကောင်းပုံ အကျိုးယုတ်ပုံတွေ ဥပမာ ဥပမေယျနှင့် စပ်ဟပ်ပြီး ဟောပြတော်မူတာကွဲ့။ (မှန်ပါဘုရား)

မိမိမှီရာဖြစ်တဲ့ သစ်ပင်ကို အမှီပြုပြီး ခွေးတောက်နွယ်ပင်ဟာ ကြီးပွားလာ တာကွဲ့။(မှန်ပါဘုရား)ကြီးထွားကြီးပွားလာတဲ့ ခွေးတောက်နွယ်က မှီရာဖြစ်တဲ့ သစ်ပင်ကို သတ်ဖြတ် ဖျက်ဆီးပစ်လိုက်သလိုပါဘဲတဲ့၊ တဏှာကလဲဘဲ မိမိ ဖြစ် ပေါ်မှုရဲ့ မှီရာပုဂ္ဂိုလ်ကို ဈာန်တရား၊ ဝိပဿနာတရား၊ မဂ်ဖိုလ်တရားတွေ မဖြစ် ပေါ်အောင် ဖျက်ဆီးပစ်လိုက်တာပါဘဲလို့ မာလုကျပုတ္တ မထေရ်ကြီးက ခွေးတောက်ပင်နဲ့ တဏှာ၊ သစ်ပင်နဲ့ သတိကင်းပျောက်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါ ဥပမာ ဥပမေယျ ဟပ်ပြီး ဆွေမျိုးတွေကို တရားဟောတာ ဟုတ်လား။ (မှန်ပါဘုရား)

အဲဒီတော့ ဒို တကာ တကာမ အမျိုးကောင်းသား-အမျိုးကောင်းသမီးတွေ တဏှာခွေးတောက်နွယ်ပင် အတက်မခံရအောင် ဘာလုပ်ကြမလဲ။ (ဝိပဿနာ သတိကပ် ထားပါမည်ဘုရား) ဝိပဿနာသတိကပ်မထားယင်။ (တဏှာ ခွေး တောက်နွယ်တက်မှာပါဘုရား) တဏှာခွေးတောက်နွယ်ပင် အတက်ခံရယင် တော့ ထေရဂါထာ အဋ္ဌကထာ ဆရာက—

"ဝဓုမာနာဝ ယထာ မာလုဝါလတာ အတ္တနော အပဿယဘူတံ ရုက္ခံ အဇ္ဈောတ္ထရိတွာ ပါတေတိ၊ဝံ တဏှာဝသိကံ ပုဂ္ဂလံ အပါယေ နိပါ- တေတိ"။ [ထေရဂါထာဋ္ဌ-ဒု-၉၅-နှာ]

ဝဓုမာနာဝ၊ တိုးပွားကြီးထွားဆဲသာလျှင်ဖြစ်သော။ မာလုဝါလတာ၊ မာ လောနွယ်ခေါ်သော ခွေးတောက်နွယ်ပင်သည်။ အတ္တနော၊ မိမိ၏။ အပဿယ ဘူတံ၊ မှီရာဖြစ်၍ ဖြစ်သော။ ရုက္ခံ၊သစ်ပင်ကို။ အဇ္ဈောတ္ထရိတွာ၊ဖိစီးလွှမ်းမိုး၍။ ပါတေတိယထာ။အမြစ်ခြောက်၍ အခက်တွေ မပေါက်တော့ဘဲ သေပျောက်ကျ ဆုံးစေသကဲ့သို့။ ဝံ တထာ၊ ပမာထားယူ ထိုအတူ။ တဏှာဝသိကံ၊ နှစ်သက် တွယ်တာ တပ်မက်မှုတဏှာ လွှမ်းမိုးခံနေရသော။ ပုဂ္ဂလံ၊ သတိပျောက်ကင်း မေ့လျော့ခြင်းရှိသော ပုဂ္ဂိုလ်ကို။ အပါယေ၊ ချမ်းသာကင်းရာ အပါယ်ရွာ၌။ တဏှာ၊ တပ်မက်မှုတဏှာသည်။ နိပါတေတိ၊ ထိုးချလိုက်လေတော့၏။

အဋ္ဌကထာဆရာက တဏှာ ခွေးတောက်ပင် အတက်ခံရယင် အပါယ်လေး ဘုံ၊ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဘုံကို ရောက်လိမ့်မယ်တဲ့။ (မှန်ပါဘုရား) တဏှာကို ကြောက်စရာမကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား) ဒီတော့ ဝိပဿနာသတိ အမြဲတမ်း ကပ်ထားပြီး ဒိဋ္ဌေ သုတေ မုတေ ဝိညာတေတုန်း ကလို "ဒိဋ္ဌမတ္တ သုတမတ္တ မုတမတ္တ ဝိညာတမတ္တ"ဖြစ်အောင် ဝိပဿနာ ရှုပွား ကြကွဲ။ (မှန်ပါဘုရား) မာလုကျပုတ္တ မထေရ်ကြီးက ဆွေမျိုးတွေကို တရား ဟောတော်မူတဲ့ ပဌမဦးဆုံး တဏှာခွေးတောက် ဥပမာ၊ ဟုတ်လား။ (မှန်ပါ ဘုရား)

## တဏှာသည် မျောက်သတ္တဝါနှင့် တူပုံ

မာလုကျပုတ္တ မထေရ်ကြီးက တဏှာဖိစီးနှိပ်စက်ခံနေရတဲ့ သူတွေကို မျောက် သတ္တဝါနှင့် အတူထားပြီး ဆွေမျိုးတွေကို တရားသဘောသိအောင် ဟောပြ တော်မူပြန်တယ်။ (မှန်ပါဘုရား) ဘယ်လိုသဘောလဲဆိုတော့—

ဖလံ၊ သစ်သီးကို။ဣစ္ဆံ-ဣစ္ဆန္တော၊ အလိုရှိသော။ ဝါနရော၊ မျောက် သတ္တဝါသည်။ ဝနသ္မိံ၊ တော၌။ ဟုရာ ဟုရံ၊ ဟိုသစ်ပင် ဒီသစ်ပင် ဟိုသစ်ကိုင်း ဒီသစ်ကိုင်းသို့။ ပလဝတိယထာ၊ ခုန်လျှက် ခုန်လျှက် ပြေးသွားသကဲ့သို့။

မျောက်သတ္တဝါကို တွေ့ဘူးလား။ (တွေ့ဘူးပါတယ်ဘုရား)မျောက်သတ္တဝါဟာ သူတို့စားတို့ သစ်သီးကိုရှာတဲ့အခါ တွေ့ဘူးလားကွဲ့။ (တွေ့ဘူးပါတယ်ဘုရား)ဟိုသစ်ပင် ဒီသစ်ပင် ဟိုသစ်ကိုင်း ဒီသစ်ကိုင်းကူးပြီး ရှာဖွေဆွတ်ခူးနေတာဘဲ မဟုတ်လား။(မှန်ပါဘုရား) သစ်သီးမရှိတဲ့ သစ်ပင်များဖြစ်ပြန်တော့လဲဘဲ ဟိုကူးလိုက် ဒီကူးလိုက် လုပ်နေတာဘဲ ဟုတ်လား။ (မှန်ပါဘုရား) မျောက်သတ္တဝါ ခုန်လွှားကူးတို့ သစ်ကိုင်းမရ မရှိလို့ ထိုင်နေတာများ မြင်ဘူးလားကွဲ့။ (မမြင်ဘူးပါဘုရား) ဒါကြောင့်— ထေရဂါထာအဋ္ဌကထာက မျောက်ရဲ့အကြောင်းကို—

"ယထာ ရုက္ခဖလံ ဣစ္ဆန္တော ဝါနရော ဝနသ္မိံ ဓာဝန္တော ရုက္ခဿ ဧကံ သာခံ ဂဏှာတိ၊ တံ မုဉ္စိတွာ အညံ ဂဏှာတိ၊တံ မုဉ္စိတွာ အညန္တိ "သာခံ အလဘိတွာ နိသိန္နော" တိ ဝတ္တဗ္ဗတံ နာပဇ္ဇတိ"—

လို့ တဏှာကို ဥပမာ ပြုလိုသည့် အတွက် မျောက်အကြောင်း ဖွင့်ဆိုတာကွဲ့။ (မှန်ပါဘုရား)

"ရုက္ခဖလံ၊ သစ်သီးကို။ ဣစ္ဆန္တော၊ အလိုရှိသော။ ဝါနရော၊ မျောက်သတ္တဝါသည်။ ဝနသ္မိံ၊ တော၌။ ဓာဝန္တော၊ ပြေးဝင်လျက်။

အစာရှာဖွေရန်အတွက် မျောက်ဟာ ဘယ်သွားရသလဲ။ (တောထဲပါဘုရား) ဘာကို စားသလဲကွဲ့။ (သစ်သီးပါဘုရား)

ရုက္ခဿ၊ သစ်ပင်၏။ ဧကံ၊ တခုသော။ သာခံ၊ သစ်ခက် သစ်ကိုင်းကို။ဧကံ သာခံ၊ သစ်ကိုင်း တကိုင်းကို။ ဂဏှာတိ၊ လှမ်းကိုင်လိုက်၏။

မျောက်သတ္တဝါက သစ်ပင်ကို ဘာလုပ်လိုက်သလဲ။(သစ်ကိုင်းတခုကို ကိုင်ပါတယ်ဘုရား) အဲဒီသစ်ကိုင်းတွင် ရပ်ဘန့်နေပြီလားဆိုတော့ မရပ်သေးဘူးကွဲ့။(မှန်ပါဘုရား)

တံ၊ ထို ပဌမ လှမ်းကိုင်လိုက်သော သစ်ကိုင်းကို။ မုဉ္စိတွာ၊ လက်လွှတ်လိုက်၍။ ဝါ၊ လက်လွှတ်ပြီးလျှင်။ အညံ၊ တခြား သစ်ကိုင်းကို။ ဂဏှာတိ၊ လှမ်းကိုင်လိုက်ပြန်၏။

ခု— မျောက်သတ္တဝါဟာ ဘယ်ရောက်သွားပြီလဲကွဲ့။ တခြားသစ်ကိုင်းတခု ရောက်မသွားဘူးလား။ (ရောက်သွားပါတယ်ဘုရား)

တံ၊ ထို ဒုတိယသစ်ကိုင်းကို။ မုဉ္စိတွာ၊ လက်လွှတ်လိုက်၍။ အညံ၊ တတိယမြောက် သစ်ကိုင်း တကိုင်းကို။ ဂဏှာတိ၊ လှမ်းကိုင်လိုက်ပြန်၏။

မျောက်သတ္တဝါ ဟာ သစ်ကိုင်း တကိုင်းမှ တကိုင်း ကူးသွားလိုက်တာ။ အညံ အညံ၊ အခြားတကိုင်း အခြားတကိုင်းနဲ့ မဆုံးတော့ဘူးကွဲ။ (မှန်ပါဘုရား) ဣတိ၊ဤသို့ ကူးသွားလှမ်းကိုင်စရာ သစ်ကိုင်းအဆုံး မရှိလေသော ကြောင့်။သာခံ အာလဘိတွာ၊ ကူးသွားလှမ်းကိုင်စရာ သစ်ကိုင်းမရှိတော့သည့် အတွက်။ နိသိန္နောတိ၊ မျောက်သတ္တဝါ နေထိုင်ရသည်ဟူ၍။ ဝတ္တဗ္ဗတံ၊ ဆို ထိုက်သည်၏ အဖြစ်သို့။ နာပဇ္ဇတိ၊ ဘယ်သောအခါမှ မရောက်တော့ချေ။

ကူးသွားစရာ လှမ်းကိုင်စရာမရှိလို့ မျောက်သတ္တဝါ ထိုင်နေတယ် ဆိုတာ မရှိဘူးတဲ့၊ ဟုတ်ရဲ့လား။(ဟုတ်ပါတယ်ဘုရား) မျောက်သတ္တဝါဆိုတာ တနေ့ ရာတည်း နေတတ်တဲ့ သတ္တဝါ မဟုတ်ဘူးကွဲ။ (မှန်ပါဘုရား) ဟိုပင် ဒီပင် ဟိုကိုင်း ဒီကိုင်း ကူးနေရမှ ကျေနပ်တဲ့သတ္တဝါ၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒါ တဏှာပူးတဲ့ သတ္တဝါရဲ့ ဥပမာ မျောက်ကွဲ မှတ်ထားနော်။(မှန်ပါဘုရား) တဏှာပူးတဲ့ပုဂ္ဂိုလ် သတ္တဝါတွေဟာလဲ မျောက်နဲ့တူတယ်ကွဲ။ (မှန်ပါဘုရား) အာရုံတခုတည်းနဲ့ ရပ်တန့်မနေနိုင်ဘူး။ (မှန်ပါဘုရား) တွေ့ကြုံရတဲ့ အဆင်း အာရုံ တမျိုးတည်းနဲ့ မတင်းတိမ်နိုင်ဘဲ ဟိုအဆင်း ဟိုအဆင်းနဲ့ နှစ်သက် စရာအဆင်းကို ကုန်ဆုံးနိုင်တယ်ကို မရှိဘူးကွဲ။(မှန်ပါဘုရား) အသံ အာရုံ၊ အနံ့အာရုံ၊ အတွေ့အာရုံ၊ စိတ်ကူးသဘာဝအာရုံ အဲဒီအာရုံမျိုးစုံတွေကို တဏှာ ကြိုက်က ဘယ်အာရုံပေါ်ကိုမှ ကုန်ဆုံးနိုင်တယ် မရှိဘူး၊ ဟုတ်လား။ (မှန်ပါ ဘုရား) နိဗ္ဗာန်ဆိုတဲ့ အာရုံကျမှ တဏှာက လက်လှမ်း မမီတာကွဲ။ (မှန်ပါ ဘုရား) "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" တုန်းက ကျင့်ပုံကျင့်နည်းအတိုင်း မြင်ရုံမျှ ကြားရုံမျှ စသည်ဖြစ်အောင် မကျင့်ကြံနိုင်ယင်တော့ ဝဋ်သုံးပါး ကိလေသာ ကမ္မ ဝိပါ ကဝဋ်တွေ လည်ပတ်ပြီး တဏှာမျောက်ကြီး ဖြစ်နေလိမ့်မယ်နော်။ (မှန်ပါ ဘုရား)

မာလုင်္ကျပုတ္တ မထေရ်မြတ်ကြီးက မျောက်သတ္တဝါကို ဥပမာန ပြုပြီး တော့ ဆွဲတော် မျိုးတော်များကို—

> "သော ပလဝတိ ဟုရာ ဟုရံ။" သော၊ တဏှာပူး၍ အရူးဖြစ်နေ သော ထိုသတ္တဝါသည်။ ဟုရာ ဟုရံ၊ ဟိုဘဝ ဒီဘဝသို့။ ဝါ၊ ဟို အာရုံ ဒီအာရုံ အမျိုးမျိုးသို့။ ပလဝတိ၊ မရပ်မနား ပြေးလွှား၍ နေ လေတော့၏—

လို့ ဟောကြားတော် မူတယ်ကွဲ။ (မှန်ပါဘုရား) ဘယ်သူပြေးတာလဲ။(တဏှာ ပူးတဲ့သူပါဘုရား) ဘယ်ကိုပြေးတာလဲ။ (မသိပါဘုရား) အာရုံမျိုးစုံထံ အဆုံး မသတ်ပြေးနေတာကွဲ။(မှန်ပါဘုရား) အမှန်တကယ် ပြေးနေတာက တဏှာ စိတ်။ (မှန်ပါဘုရား) ရုပ်နာမ်သဘာဝ ပရမတ်ကို သိနေယင် ပွားများနေယင်

ပြေးအုံးမှာလားကွဲ။ (မပြေးတော့ပါဘုရား) တဏှာ ဆိုတာ ဘာဝင်လဲ။ (ကိလေသဝင်ပါဘုရား) ဘုန်းကြီး ဟောပြောခဲ့ပြီးပြီနော်။ (မှန်ပါဘုရား) ကိလေသာ စေခိုင်းတိုက်တွန်းလို့ ကမ္မဆိုတဲ့ ကောင်းမှု မကောင်းမှုတွေပြုလုပ် လိုက်ကြတော့ ကမ္မဝဋ်ဖြစ်ပြန်ရောကွဲ။(မှန်ပါဘုရား)အချို့က ဒုစရိုက်ကံတွေ ပြုလုပ်ကြတော့ ဘယ်ရောက်မလဲ။ (အပါယ်လေးဘုံပါဘုရား) အချို့ ကောင်းမှု သုစရိုက်ကံတွေ ပြုလုပ်ကြတဲ့ အခါမှာ လူ့စည်းစိမ် နတ်စည်းစိမ်တွေ၊ လှပချင်တာ အသံကောင်းချင်တာ ချင်မျိုးစုံတွေ တောင့်တတယ်ကွဲ။(မှန်ပါ ဘုရား) အဲဒီလို တောင့်တခြင်းဆိုတဲ့ ကိလေသာ စေခိုင်းချက်အရ ပြုလုပ်ကြ တော့ လူ့ဘုံ နတ်ဘုံတွေ မရောက်ကြဘူးလား။ (ရောက်ပါတယ်ဘုရား)အဲဒါ တဏှာပူးကပ် ခံရသည့်အကျိုးဘဲကွဲ။ (မှန်ပါဘုရား)မဲလုကျပုတ္တမထေရ်မြတ် ကြီးက "ဟုရာ ဟုရံ၊ ဟိုဘဝ ဒီဘဝမျိုးစုံသို့။ပလဝတိ၊ မရပ်မနား ပြေးသွား ၏"လို့ ဆွေတော် မျိုးတော်တွေကို ဟောပြောတာ၊ဟုတ်လား။(မှန်ပါဘုရား)

ထေရဂါထာ အဋ္ဌကထာဆရာက "သော ပလဝတိ ဟုရာ ဟုရံ" ဆိုတဲ့ ဥပမေယျ ဝါကျလေးကို ပေါ်ပေါ် လွင်လွင် ထင်ထင်ရှားရှားကြီး သိဘို့ရန်—

"ဧဝ မေဝ တဏှာဝသိကော ပုဂ္ဂလော ဟုရာ ဟုရံ ဓာဝန္တော
အာရမ္မဏံ အလဘိတွာ တဏှာယ အပဂတ္တံ ပတ္တောတိ ဝတ္တဗ္ဗတံ
နာပဇ္ဇတိ" (ထေရဂါထာ-ဌ-ဒု-၉၆)

ဧဝမေဝ၊ ပမာထားယူ မျောက်အတူသာလျှင်။ တဏှာဝသိကော၊ တဏှာ ဖိစီးနှိပ်စက်ခံရသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သတ္တဝါသည်။ ဟုရာ ဟု ၊ ဟိုဘဝ ဒီဘဝသို့။ ဝါ၊ ဟိုဟိုဒီဒီ အာရုံမျိုးစုံသို့။ ဓာဝန္တော၊ မရပ်နား ပြေးသွားနေ သည်။ ဟုတ္ဝာ၊ ဖြစ်၍။ တနည်းအားဖြင့်—ဟုရာ ဟုရံ၊ ဘဝမျိုးစုံ အာရုံမျိုး စုံသို့။ ဓာဝန္တော၊ မရပ်မနား ပြေးသွားနေသော။ တဏှာသိကော၊ တဏှာ လွှမ်းမိုးခံရသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သတ္တဝါသည်၊ "အာရမ္မဏံ၊ စွဲကိုင်စရာ အာရုံကို။ အလဘိတွာ၊ မရသောကြောင့်။ တဏှာယ အပဂတ္တံ၊ တဏှာဖြစ်ခွင့် မရခြင်းသို့။ ပတ္တောတိ၊ ရောက်နေသည်ဟူ၍။ ဝတ္တဗ္ဗတံ နာပဇ္ဇတိ၊ ပြောဆို ဘွယ်သို့မရောက်။ ဝါ၊ ပြောစရာမရှိလို့ ဖွင့်ပြတော်မူတယ်ကွဲ။

ကိလေသာလွှမ်းမိုးခံနေရတဲ့သူမှာ လိုချင်တယ်တာ တပ်မက်ရာ မရှိ တော့လို့ တဏှာမဖြစ်တော့ဘူးဆိုတာ မရှိဘူးကွဲ၊ (မှန်ပါဘုရား) ကိုယ်ကြိုက် တော့ နတ်ရုပ်ထင် ဆိုကြတယ်ဟုတ်လား။ (မှန်ပါဘုရား) ကမ္မဝဋ်ဖြစ်တော့ ဝိပါကဝဋ်ဖြစ်တယ်ကွဲ။(မှန်ပါဘုရား) ကိလေသဝဋ်ရဲ့ လက်ချက်တွေချည်းဘဲ။ (မှန်ပါဘုရား)

ဒို့အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ ကိလေသာ ခွေးတောက် ကိလေသာမျောက်တို့ မကပ်ရောက်နိုင်အောင် ဘာလုပ်ကြမလဲကွဲ့။ (ဝိပဿနာ ရှုပွားရပါမည်ဘုရား) ဒါကြောင့် ဘုန်းကြီးက ရုပ်နာမ် ပဌမ ကွဲအောင် ဝိပဿနာပွားများခိုင်းတာ။ (မှန်ပါဘုရား) ရုပ်နာမ်ကွဲပြားစွာ သိတို့ ပဌမ လုပ်ငန်းကွဲ့၊ (မှန်ပါဘုရား) ရုပ်နာမ်ကွဲပြီး အဆင့်ဆင့် ဉာဏ်အမြင်တက်သွား တော့ ကိလေသာကပ်ခွင့် ရမလား၊ မရဘူးလား။ (မရပါဘုရား) နိမိတ္တအနု- ဗျဉ္ဇနတွေကို ကိုင်စွဲခွင့်မရတော့ တဏှာဖြစ်ခွင့်မရတော့ဘူးကွဲ့။ (မှန်ပါဘုရား)

ဝိပဿနာမပွားဘဲ နေလျှင်တော့ တဏှာခွေးတောက်ပင်သည် ကြီးပွားပြီး တဏှာမျောက်တွေလဲ တဖွားဖွားပေါက်ဖွားနေတော့မယ်နော်။ (မှန်ပါဘုရား) မာလုကျပုတ္တမထေရ်ကြီး ဆွေမျိုးတွေဟောတဲ့ ဂါထာကို ရွတ်ကြအုံးစို့။

မနုဇဿ ပမတ္တစာရိနော၊ တဏှာ ဝဍ္ဎတိ မာလုဝါလတာ။
သော ပလဝတိ ဟုရာ ဟုရံ၊ ဖလမိစ္ဆံဝ ဝနသ္မိ ဝါနရော။

မာလုဝါလတာ၊ မာလောနွယ်ခေါ် ခွေးတောက်နွယ်ပင်သည်။ ရုက္ခံ၊ မိမိ အမှီပြုရာ သစ်ပင်ကို။ သံသိဗ္ဗန္တီ ပရိယောနဒ္ဓိ၊ အမြစ်တို့ဖြင့် မြေးယှက်ရစ်ပတ် ဆက်စပ်လျက်။ ဘဿာဝိနာသာယ၊ မိမိအမှီပြုရာထိုသစ်ပင်ကိုဖျက်ဆီးသတ်ဖြတ် ပစ်ရန်အလို့ငှာ။ ဝဍ္ဎတိဝိယ၊ တနေ့တခြား တိုးတက်ကြီးပွားသကဲ့သို့။ တဏှာ၊ ထိုထိုအာရုံ ကာမဂုဏ်၌ နှစ်သက်တွယ်တာ တပ်မက်သောတဏှာသည်။ ပမတ္တ စာရိနော၊ သတိလွတ်ကင်း မေ့လျော့ခြင်းဖြင့် သွားလာနေထိုင်လေ့ရှိသော။ မနုဇဿ၊ သတ္တဝါအား။ ဝါ၊ သတ္တဝါ၏စိတ်၌။ ဝဍ္ဎတိ၊ တိုးပွား၍နေလေတော့၏။

ဖလံ၊ စားမျိုဖွယ်ရာသစ်သီးကို။ ဣစ္ဆံ-ဣစ္ဆန္တော၊ အလိုရှိသော။ ဝါနရော၊ မျောက်သတ္တဝါသည်။ ဝနသ္မိံ၊ တောအုပ်ကြီး၌။ ဟုရာ ဟုရံ၊ ဟိုသစ်ပင် ဒီသစ် ပင် ဟိုသစ်ကိုင်း ဒီသစ်ကိုင်းသို့။ ဝါ၊ သစ်ပင်မျိုးစုံသစ်ကိုင်းမျိုးစုံသို့။ ပလဝတိယ- ထာ၊ ခုန်လျက်ခုန်လျက် စဉ်ကာဆက်၍ ပြေးသွားသကဲ့သို့။ သော၊ ထိုတဏှာ ပူး၍ အရှူးသဖွယ်ဖြစ်နေရရှာသော သတ္တဝါသည်။ ဝါ၊ တဏှာဖိစီး နှိပ်စက်ခံ နေရသောသတ္တဝါသည်။ ဟုရာ ဟုရံ၊ ဟိုဘဝ ဒီဘဝ ဟိုအာရုံ ဒီအာရုံသို့။ ဝါ၊ ဘဝမျိုးစုံ အာရုံမျိုးစုံသို့။ ပလဝတိ၊ မရပ်မနား ဆုံလည်နွားသို့ ပြေးသွားရပေ တော့သတည်း။

သာဓု— သာဓု— သာဓု—

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကတော့ တပ်မက်တွယ်တာတတ် တဲ့ တဏှာလွှမ်းမိုးဖိစီး ခံနေရသူတွေကို တဏှာဖမ်းတဲ့ အကန်းတွေ၊ တဏှာပူးတဲ့ အရူးတွေ၊ တဏှာလိုက်တဲ့ အမိုက်တွေလို့ ဆုံးမတော်မူတယ်ကွဲ့။ (မှန်ပါဘုရား)

ဝဋ္ဋဒုက္ခသံသရာကြီးက မလွတ်နိုင်အောင် ပြုလုပ်ပေးတာက တဏှာကွဲ၊ ဟုတ်လား။ (မှန်ပါဘုရား) ဝဋ္ဋဒုက္ခသံသရာ ထွက်မြောက်ရေး ဝိပဿနာလမ်းကြောင်းပေါ်သို့ တဏှာဖမ်းခံရသူတွေဟာ မရောက်တော့ဘူးကွဲ။ (မှန်ပါဘုရား) တဏှာဖိစီးခံနေရပြီဆိုကတည်းက အရှုံး အကန်း အမိုက်တယောက်ယောက်တော့ ဖြစ်နေပြီနော်။ (မှန်ပါဘုရား) အရှုံးတို့ အကန်းတို့ အမိုက်ကောင်တို့ဆိုတာ အဆိုးအကောင်း ခွဲခြားသိရဲ့လားကွဲ။ (မသိပါဘုရား) အရှုံးအကန်းအမိုက် မဖြစ်အောင် ဘာလုပ်ကြရမလဲ။ (ဝိပဿနာပွားရပါမည်ဘုရား) တဏှာမပူးမကပ်နိုင်အောင်နော်။ (မှန်ပါဘုရား)

တဏှာပူးကပ်တွယ်တာခံရယင်တော့ မာလုကျပုတ္တမထေရ်ကြီးက ဆွေတော်မျိုးတော်တွေကို ခွေးတောက်နွယ်ပင်အတက်ခံရတဲ့ သစ်ပင်ဟာ သေပျောက်ရသလို တဏှာပူးကပ်ခံရတဲ့သူဟာလဲ ဈာန်တရား ဝိပဿနာတရားတွေ၊ မဂ်ဖိုလ်တရားတွေ ဘယ်အခါမှ မဖြစ်ပေါ်နိုင်ဘူးတဲ့၊ ဟုတ်လား။ (မှန်ပါဘုရား)

တဏှာပူးကပ်ဖိစီးခံရယင် မျောက်သတ္တဝါနဲ့ တူတယ်တဲ့။ (မှန်ပါဘုရား) မျောက်သတ္တဝါဟာ ဘယ်တော့မှ တနေရာတည်း ရပ်နား နေတယ်လို့မရှိဘူးကွဲ၊ ဟိုသစ်ပင် ဒီသစ်ပင် ဟိုသစ်ကိုင်း ဒီသစ်ကိုင်း ကူးနေတာဘဲ၊ သစ်ပင်သစ်ကိုင်း ကူးစရာ ကိုင်စရာ မရှိလို့ ထိုင်နေတဲ့ မျောက်သတ္တဝါဆိုတာ ရှိရဲ့လားကွဲ့။ (မရှိပါဘုရား) အဲဒီ မျောက်သတ္တဝါလိုဘဲတဲ့၊ တဏှာဖိစီးခံနေရတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေဟာ အပါယ်လေးဘုံရောက်လိုက်၊ လူ့ဘုံလူ့ဘဝ နတ်ဘုံနတ်ဘဝရောက်လိုက်၊ အာရုံမျိုးစုံခံစားလိုက်နဲ့ ရပ်နားနေရတယ်လို့ကို မရှိဘူးတဲ့၊ ဟုတ်လား။ (မှန်ပါဘုရား) ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ်ဆိုတဲ့ ဝဋ္ဋသံသရာကြီး လည်ပတ်နေတာကွဲ။ (မှန်ပါဘုရား) အဲဒီဝဋ်သံသရာထဲ အပါယ်ဘုံဘဝ ဝဋ်သံသရာလည်နေရမှာ အကြောက်ရဆုံးနော် ဟုတ်လား။ (မှန်ပါဘုရား) ဝဋ္ဋသံသရာကို မတောင့်တဘဲ ဝဋ္ဋကင်းရာ နိဗ္ဗာန်ကို တောင့်တပြီး ဒါနမှု သီလမှု ဘာဝနာမှုတွေကို၊ ဝိပဿနာပွားများမှုတွေကို ပြုလုပ်ကြကွဲ။ (မှန်ပါဘုရား) ဝဋ္ဋသံသရာလည်နေရတဲ့ ပုဂ္ဂိုလ်သတ္တဝါဖြစ်နေယင် ဆင်းရဲဒုက္ခ အဆုံးမသတ်တော့ဘူးကွဲ။ (မှန်ပါဘုရား)

## ဝဋ်မပြတ်က ဝဋ္ဋဒုက္ခ တိုးပွားနေပုံ

မာလုကျပုတ္တမထေရ်ကြီးက ဝဋ္ဋမပြတ်၍ လူ နတ် စသည့် ဝိပါကဝဋ်ဖြစ်နေရသူတွေရဲ့ ဆင်းရဲဒုက္ခတိုးပွားရပုံတွေကို ဆွေတော်မျိုးတော်တို့အား—

"ယံ ဧသာ သဟတေ ဇမ္မီ၊ တဏှာ လောကေ ဝိသတ္တိကာ၊
သောကာ တဿ ပဝဍ္ဎန္တိ၊ အဘိဝဋ္ဋံဝ ဗီရဏံ"—

လို့ ဟောတော်မူတယ်ကွဲ။ (မှန်ပါဘုရား)

လောကော၊ ဖြစ်တတ်ပျက်တတ်သော ရုပ်နာမ်ဟူသော လောကဋ္ဌ။

လောကဆိုတာ သုံးမျိုးကွဲ။ (မှန်ပါဘုရား)သတ္တ၊ သင်္ခါရ၊ဩကာသသုံးမျိုး နော်။(မှန်ပါဘုရား) ဘယ်လောကမဆို၊ ရုပ်နာမ်နဲ့ ကင်းရဲ့လား။ (မကင်းပါဘုရား) "လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော" လုဇ္ဇတိ ပလုဇ္ဇတိ၊ ပျက်စီးတတ်၏။ ဣတိ၊ ထို့ကြောင့်။ လောကော၊လောကမည်သတဲ့။ (မှန်ပါဘုရား) လောက မှန်သမျှ ရုပ်လောကဖြစ်စေ၊ နာမ်လောကဖြစ်စေ၊ ရုပ်နာမ်တွဲစပ်တဲ့လောကဖြစ်စေ ပျက်စီးတာချည်းဘဲကွဲ။ (မှန်ပါဘုရား) ဘာပြုလို့လဲကွဲ။ (ရုပ် နာမ်ကြောင့်ပါဘုရား)

လောကော၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် လူ နတ် ဟူသော သတ္တလောကဋ္ဌ။

အဲဒီ သတ္တလောကကြီးကကော မပျက်စီးဘူးလားကွဲ။ (ပျက်စီးပါတယ်ဘုရား) ဘာပြုလို့ ပျက်စီးသလဲကွဲ။ (ရုပ် နာမ်ရှိလို့ပါဘုရား)

လောကော၊ ရုပ်လောက နာမ်လောက ခန္ဓာလောက အာယတနလောက ဓာတ်လောကဋ္ဌ။

အဲဒီ သင်္ခါရလောကကြီးကကော မပျက်စီးဘူးလား။ (ပျက်စီးပါတယ်ဘုရား)

လောကော၊ အပါယ်ဘုံ လူ့ဘုံ နတ်ဘုံဆိုတဲ့ လောကကြီးဋ္ဌ။

အဲဒီ ဘုံဘဝ ဩကာသလောကကြီးကော မပျက်စီးဘူးလား။(ပျက်စီးပါတယ်ဘုရား) အဲဒီ လောကအမျိုးမျိုးတွေ အကျဉ်းချုပ်လိုက်တော့ ရုပ် နာမ်တွေဘဲ ဟုတ်လား။ (မှန်ပါဘုရား)

"လောကောတိ နိယရလောကော တိရစ္ဆာနယောနိလောကော ပေတ္တိဝိသယလောကော မနုဿလောကော ဒေဝလောကော ခန္ဓလောကော အာယတနလောကော ဓာတုလောကော အယံ လောကော ပရောလောကော၊ ဗြဟ္မလောကော ဒေဝလောကော အယံ ဝုစ္စတိ လောကော"။ (မဟာနိဒ္ဒေသပါဠိ-၃၂၂-နှာ)

အဲဒါ မဟာနိဒ္ဒေသပါဠိတော်မှာ လာတဲ့ ငရဲလောက တိရစ္ဆာန် လောက ပြိတ္တာလောက လူလောက နတ်လောက၊ ခန္ဓာလောက အာယတန လောက ဓာတ်လောက ဤလောက ဟိုတမလွန်လောက ဗြဟ္မာလောကတွေကွဲ။ (မှန်ပါဘုရား) လောကဆိုတာ အကျဉ်းချုပ်လိုက်တော့ ရုပ်နာမ်ကွဲ။ (မှန်ပါဘုရား) အဲဒီလောကတွေကို အထည် ကိုယ်သဏ္ဍာန် ဒြပ်ကြီးတွေနဲ့ မြင်နေလို့

ပညတ်အနေနဲ့ မြင်နေလို့ ဟန်ကျပါ့မလား။ (ဟန်မကျပါဘုရား) ဘာကို မြင်အောင် ဆိုက်အောင် ကြည့်ရမလဲကွဲ့။ (ရုပ်နာမ်မြင်အောင် ကြည့်ရမှာပါဘုရား) ပရမတ်ကို ပညတ်က ဖုံးနေတတ်တယ်ကွဲ့။ (မှန်ပါဘုရား) ပရမတ် ပေါ်အောင် မြင်အောင် ကြည့်တတ်တော့ ပညတ် ပျောက်တယ်နော်။ (မှန်ပါဘုရား) ဝိပဿနာစိတ်နဲ့ ရုပ်နာမ်တရားတွေရဲ့ သဘောတွေ အပေါ်မှာ သတိရှေ့ထား ပြီး ပွားများလိုက်တော့ ပညတ်တွေပျောက်ပြီး ပရမတ်ဓာတ်သားတွေ ဉာဏ်ဝမှာ ထင်ရှားလာလိမ့်မယ်ကွဲ့။ (မှန်ပါဘုရား) အဲဒီ ရုပ်နာမ် သဘာဝတွေဟာ သူ့လက္ခဏာနှင့်အတူ အမြဲမရှိဘဲ ပျောက်ပျက် နေတာတွေကို တွေ့ရလို့ "သဗ္ဗေပိ လုဇ္ဇန ပလုဇ္ဇနဋ္ဌေန လောကော" ရုပ်နာမ်မှန်သမျှ ပျက်စီး ပျောက်ပျက်တတ်သောကြောင့် လောကမည်တယ်လို့ မဟာနိဒ္ဒေသ အဋ္ဌကထာဆရာက မိန့်ဆိုတော်မူတာကွဲ့။ (မှန်ပါဘုရား) ရုပ်နာမ် မမြင်၊ ပညတ်တွေသာ ဒီအမျိုးကောင်းသား အမျိုးကောင်းသမီးများက ထင်မြင်နေမယ်ဆိုယင်တော့ ရှေးရှေးက ဆရာကြီးတွေပြောတာ မိန့်ဆိုတာကို ဘုန်းကြီး ပြောပြမယ်နော်။ (မှန်ပါဘုရား) ဘုန်းကြီးပြောတာ မဟုတ်ဘူးနော် ဟုတ်လား။ (မှန်ပါဘုရား)

## မြင်၏ မရှု၊ ရှု၏ မမြင်

"ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။" (မဋ္ဌ၊၁၊၂၄၇-နှာ)

ယံ၊ အကြင် လူနတ်စသည့် သဏ္ဌာန်ပညတ်ကြီးတွေကို။ ပဿတိ၊မြင်တွေ့၍ နေ၏။ တံ၊ထိုလူနတ်စသည့် သဏ္ဌာန်ပညတ်ကြီးတွေကို။ န ဒိဋ္ဌံ၊ပညတ်ပျောက်၍ ပရမတ်ဆိုက်အောင်မရှုမကြည့်။ ယံ၊အကြင်သဏ္ဌာန်ပညတ်ကြီးကို။ဒိဋ္ဌံ၊ ပရမတ် ဆိုက်အောင် ရှုကြည့်၏။ တံ၊ ထိုသဏ္ဌာန်ပညတ်ကြီးတွေကို။ န ပဿတိ၊ပညတ် ပျောက်၍ ပရမတ်ဆိုက်အောင် မမြင်မတွေ့။ အပဿံ-အပဿန္တော၊ ပရမတ် ဆိုက်အောင်မမြင်မတွေ့သော။ မူဠှော၊ မိန်းမောတွေဝေ အမိုက်တိုက် ဝေနေသော သူကို။ ဗဇ္ဈတေ၊ တဏှာ ကျော့ကွင်းဖြင့် ချည်နှောင်ခြင်း ခံရတော့၏။ ဗဇ္ဈမာနော၊ တဏှာကျော့ကွင်း ချည်နှောင်ခြင်းခံရသူသည်။ န မုစ္စတိ၊သံသရာ နှောင်အိမ်မှ မလွတ်တော့ချေတကား။

ရှေးရှေးဆရာကြီးတွေက ဆုံးမစကားပြောတာကွဲ့။ (မှန်ပါဘုရား) နိမိတ္တာနုဗျဉ္ဇန စတဲ့ ပညတ်သဏ္ဌာန် နိမိတ်တွေပျောက်၍ ရုပ်နာမ် ပရမတ် သဘောတွေကိုသာ ဝိပဿနာ ရှုပွားနေလျှင် တဏှာကပ်လို့ မရနိုင်ဘူးကွဲ့။ (မှန်ပါဘုရား) ဒါ့ကြောင့် ဘုန်းကြီးက ရုပ်နာမ်ကွဲအောင် ပဋ္ဌမဆင့် အနေထားပြီး ဟောပြောနေတာဟုတ်လား။ (မှန်ပါဘုရား) ရုပ်နာမ် မကွဲပြား၍ သဘောမှန်ကိုလဲ မသိသေးတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေကိုတော့ တဏှာက ပူးကပ်တော့

တာဘဲကွဲ။(မှန်ပါဘုရား) ဘယ်နေရာမှာ ပူးကပ်သလဲဆိုတော့ ရုပ်လောက နာမ်လောကမှာတဲ့။ (မှန်ပါဘုရား)

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက မဟာသတိပဋ္ဌာန် ပါဠိတော် သမုဒယသစ္စနိဒ္ဒေသမှာ—

"ကိဉ္စလောကေ ပိယရူပံ သာတရူပံ၊ စက္ခုလောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ"—

စသည်ဖြင့် မျက်စိ နားစသော လောကတွေမှာ တဏှာဖြစ်တယ်လို့ ဟော တော်မူတာ ဟုတ်လား။ (မှန်ပါဘုရား)

## တဏှာကို ဝိသတ္တိကာ ခေါ်ရပုံအမျိုးမျိုး

အဲဒီလို ရုပ်နာမ်လောက၌ ဝင်ရောက်လာတဲ့တဏှာကို မာလုကျပုတ္တ မထေရ်မြတ်ကြီးက—

ဝိသတ္တိကာ၊ ဝိသတ္တိကာ အမည်ရသော။ ဇမ္မိ၊ ယုတ်ညံ့သော။ သော တဏှာ၊ ဤတဏှာသည်-လို့ ရုပ်နာမ်လောက၌ ကပ်ရောက်တတ်တဲ့ ဖြစ်တတ်တဲ့ တဏှာရဲ့ အမည်ကို ဝိသတ္တိကာ တဲ့၊ ဇမ္မိ၊ ယုတ်ညံ့တယ်တဲ့ကွဲ။ (မှန်ပါ ဘုရား)

ဝိသတ္တိကာဆိုတဲ့ အမည်က တွယ်တာတပ်မက် ကပ်ငြိတတ်လို့ တဏှာကို ခေါ်တာကွဲ။ (မှန်ပါဘုရား) ရုပ်နာမ်သဘာဝကို ဝိပဿနာ ရှုပွားမှုမရှိယင် အဲဒီ ရုပ်နာမ်ပေါ်မှာ တဏှာက တွယ်တာတပ်မက် ကပ်ငြိနေတော့တာဘဲ၊ ဟုတ်လား။ (မှန်ပါဘုရား) အာရုံပေါ်မှာ တွယ်တာတပ်မက်မှု တဏှာဖြစ် ရသည့်အတွက် အာရမ္မဏာနုသယလို့ ခေါ်တယ်။ (မှန်ပါဘုရား) အာရုံ ရုပ် နာမ်တွေကို ဝိပဿနာပွားနေယင် အာရုံတရားများအပေါ် တဏှာဖြစ်ခွင့် မရနိုင်ဘူးကွဲ။ (မှန်ပါဘုရား) အဲဒါကြောင့် ဝိပဿနာက အာရမ္မဏာနုသယ ကို ပယ်တယ်လို့ဆိုတာနော်။(မှန်ပါဘုရား) ဝိပဿနာ ပွားများမှုမရှိယင် မဂ်ဖြင့် မပယ်သတ်ရသေးယင် ထိုထိုအာရုံမျိုးစုံ၌ တွယ်တာတပ်မက်တတ်လို့ တဏှာကို ဝိသတ္တိကာ လို့ ခေါ်တာကွဲ။ (မှန်ပါဘုရား)

ထေရဂါထာ အဋ္ဌကထာ ဆရာက—

"ဝိသာ ဟာရဘာဝယ ဝိသမူလတာယ ဝိသဖလတာယ ဝိသ- ပရိဘောဂတာယ ရူပါဒီသု ဝိသတ္တတာယ အာသတ္တတာယ စ ဝိသတ္တိကာတိ သင်္ခတာ ဆဒ္ဒါရိကာ တဏှာ"

လို့ "တာယ"ခုနစ်ချက်နဲ့ တဏှာ၏ ဝိသတ္တိကာ အမည်ရကြောင်းကို ဖွင့်ပြတော်မူတယ်ဟုတ်လား။ (မှန်ပါဘုရား) အဓိပ္ပာယ်ဒီလိုကွဲ။ (မှန်ပါဘုရား)

ဝိသာ ဟာရတာယ၊ သံသရာထွက်မြောက်ရာ လမ်းကြောင်းသို့ ရှေးရှုနေသောစိတ်ကို ပစ်လွှင့်တတ်သောကြောင့်။ တဏှာ၊ တဏှာသည်။ ဝိသတ္တိကာ၊ "ဝိသတ္တိကာ" အမည်ရ၏လို့ ဆိုလိုတာကွဲ။ (မှန်ပါဘုရား)

ကာမဂုဏ်ခံစားနေတဲ့သူဟာ ကာမမှထွက်မြောက်တတ်သော တရားလမ်းကြောင်းဘက်ကို ဘယ်တော့မှ မလှဲတော့ဘူးကွဲ။ (မှန်ပါဘုရား) အဲဒါ ကာမဂုဏ်ကို တပ်မက်တဲ့တဏှာက ကာမမှ ထွက်မြောက်ရေးစိတ်။ ဝါ၊ ဝိပဿနာပွားများရေး စိတ်ကို လမ်းလွှဲပေးနေတာ။(မှန်ပါဘုရား)ဒီတော့ ဝိပဿနာပွားများလိုတဲ့စိတ်ကို တဏှာဘာလုပ်ပစ်တာလဲကွဲ။ (လွှင့်ပစ်တာပါဘုရား) အေးဒါ့ကြောင့် တဏှာကို ဝိသတ္တိကာ လို့ခေါ်တာကွဲ။ (မှန်ပါဘုရား)

မဟာနိဒ္ဒေသပါဠိတော်မှာ"ဝိသံ ဟရတီတိ ဝိသတ္တိကာ"လို့ ပါဠိရှိတယ်ကွဲ။ အဲဒီပါဠိတော်အတိုင်း "ဝိသံဟာရတာယ"လို့ ထေရဂါထာ အဋ္ဌကထာမှာရှိရင်းစွဲ ပါဠိကို ပြင်ပြီး ဘုန်းကြီးပြောနေတာနော်။ (မှန်ပါဘုရား)

> "ဝိဝိဓေဟိ အာကာရေဟိ နေက္ခမ္မာဘိမုခပ္ပဝတ္တိတော စိတ္တံ သံဟ-
> ရတိ သံခိပတီတိ" [မဟာနိဒ္ဒေသ၊ ဌ၊ ၃၅-နှာ] လို့ ဖွင့်တဲ့

စကားနှင့်ညီအောင် ဝိပဿနာစိတ်ကို တဏှာက ပစ်လွှင့်ပစ်တယ်လို့ ဘုန်းကြီးပြောတာနော်။ (မှန်ပါဘုရား) အဲဒီ အဓိပ္ပာယ်အပြင် တဏှာက ဆင်းရဲကို ဆောင်ရွက်တတ်လို့လဲ ဝိသတ္တိကာလို့ ခေါ်ပါတယ်တဲ့။(မှန်ပါဘုရား)တဏှာက ဘာဝဋ်လဲကွဲ။ (ကိလေသာဝဋ်ပါဘုရား) ကိလေသာဝဋ်ဖြစ်ယင် ကမ္မဝဋ် ဝိပါက ဝဋ်ဆင်းရဲတွေ ဖြစ်တော့တာဘဲကွဲ။(မှန်ပါဘုရား) ဘုန်းကြီး ရှေ့အခန်းတွေက ဝဋ်သုံးပါးဖြစ်ပုံပြောပြီးပြီနော်။(မှန်ပါဘုရား)အဲဒီလို တဏှာက ဝဋ်ဆင်းရဲကို ဆောင်ရွက်တတ်လို့ "ဝိသတ္တိကာ" ခေါ်တာကွဲ။(မှန်ပါဘုရား)သုံးဆယ့်ဘုံ ဝဋ်ဆင်းရဲကို တဏှာက ဆောင်ရွက်ပေးနေတာ၊ သက်သွယ်ပေးနေတာ၊ ဟုတ်လား။ (မှန်ပါဘုရား) အေးဒါကြောင့် မဟာနိဒ္ဒေသ အဋ္ဌကထာဆရာက—

> "ဝိသံဝါ ဒုက္ခံ၊ တံ ဟရတိ ဝဟတီတိ အတ္ထော"(မဟာနိဒ္ဒေသ
> ဌ၊ ၃၅-နှာ)

ဝါ၊ ဝိ-သံဟရတိ နည်းကြောင့် တဏှာကို ဝိသတ္တိကာ ခေါ်ရပုံမှတပါး ဝိသံ-ဟရတိ နည်းအရ တဏှာကို ဝိသတ္တိကာ ခေါ်ရကြောင်း ပြောဦးမယ်။ ဒုက္ခံ၊ တေဘူမကဝဋ်ဆင်းရဲသည်။ ဝိသံ၊ ဝိသမည်၏။ ဝဋ်ဆင်းရဲကို ဝိသလို့ ခေါ်တယ်တဲ့။(မှန်ပါဘုရား)တံ၊ ထိုဝိသခေါ်တဲ့ ဝဋ်ဆင်းရဲကို။ ဟရတိ ဝဟတိ၊

တဏှာက ဆောင်ရွက်ပေးတတ်၏။ ဣတိ အတွေ့ာ၊ ဤကား တဏှာကို ဝိသတ္တိကာ ခေါ်ရပုံအနက်အဓိပ္ပာယ်လို့ ဖွင့်ဆိုတော်မူတာကွဲ့။ (မှန်ပါဘုရား)

ထေရဂါထာ အဋ္ဌကထာဆရာက တဏှာကို ဝိသတ္တိကာ ခေါ်ရပုံတမျိုး ဖွင့်ပြတာကတော့—ဝိသမူလတာယ၊ ဆင်းရဲဒုက္ခ ဖြစ်စေတတ်သော ကံ၏ အကြောင်းရင်းဖြစ်သောကြောင့်။ ဆဒ္ဒါရိကာ တဏှာ၊ ဒွါရခြောက်ပေါက်လို့ ခေါ်တဲ့ မျက်စိ နား နှာ လျှာ ကိုယ် စိတ်၌ဖြစ်တတ်သော။ တဏှာ၊ တဏှာ ကို။ ဝိသတ္တိကာတိ သင်္ဂဟတာ၊ ဝိသတ္တိကာလို့ ခေါ်ရသတဲ့။

တဏှာဟာ မျက်စိ နားစတဲ့ အပေါက်ခြောက်ခုက ဝင်ရောက်တယ်ကွဲ့။ (မှန်ပါဘုရား) ဘာပြုလို့ဝင်ရောက်နိုင်သလဲဆိုတော့ မြင်အာရုံ၊ ကြားအာရုံ၊ ရောက်အာရုံတွေကို မြင်ရုံမျှ ကြားရုံမျှ ရောက်ရုံမျှဖြစ်အောင် ဝိပဿနာမရှု ပွားနိုင်လို့ကွဲ့။ (မှန်ပါဘုရား) တဏှာဝင်ရောက်ခံရပြီဆိုတာတဲက ကိလေသ ဝဋ်ဖြစ်ပြီကွဲ့။ (မှန်ပါဘုရား) ကိလေသဝဋ်ဖြစ်တော့ အမြစ်တွယ်တော့ ကာယကံ ဝစီကံ မနောကံဆိုတဲ့ ယွေ့ထွေရာရာ ကမ္မဝဋ်တွေဖြစ်တယ်မဟုတ်လား။ (ဖြစ်ပါတယ်ဘုရား) ဒါကြောင့် တဏှာကို ကမ္မဝဋ်မြစ်ဖြစ်လို့ "ဝိသတ္တိကာ" ခေါ်ရတာတဲ့။(မှန်ပါဘုရား)။

"ဒုက္ခနိဗ္ဗတ္တကဿ ကမ္မဿ ဟေတုဘာဝတော"—

(မဟာနိဒ္ဒေသ၊ ၄၊ ၃၅ နှာ)

ဒုက္ခနိဗ္ဗတ္တကဿ၊ ဝိပါကဝဋ်ဆင်းရဲကိုဖြစ်စေတတ်သော။ ကမ္မဿ၊ ကံ၏။ ဟေတုဘာဝတော၊ အကြောင်း၏ အဖြစ်ကြောင့်လို့ ဖွင့်ဘာကွဲ့။(မှန်ပါဘုရား)

ထေရဂါထာ အဋ္ဌကထာဆရာက "ဝိသဖလတာယ။ ဆင်းရဲကျိုးရှိသည်၏ အဖြစ်ကြောင့်။ဆဒ္ဒါရိကာ၊ ဒွါရခြောက်ပါး၌ဖြစ်သော။ တဏှာ၊တဏှာသည်။ ဝိသတ္တိကာတိ သင်္ဂဟတာ၊ ဝိသတ္တိကာလို့ ခေါ်ရရောက်သတဲ့၊တဏှာဖြစ်ပေါ် လိုက်ယင် မျက်စိမှာဘဲဖြစ်ဖြစ်၊ နားမှာဘဲဖြစ်ဖြစ်၊ ဒွါရခြောက်ပါးဘယ်နေရာ ဘဲဖြစ်ဖြစ်၊ ဖြစ်ယင်တော့ ဆင်းရဲဒုက္ခဘဲဖြစ်ပေါ်တာဘဲကွဲ့။(မှန်ပါဘုရား)တစုံ တခုသောအာရုံပေါ်မှာ တပ်မက်မှုတဏှာဖြစ်ယင် ထိုအာရုံအတွက် ကိုယ်စိတ် ဆင်းရဲမှုတွေ မဖြစ်ဘူးလား။(ဖြစ်ပါတယ်ဘုရား) ရလိုမှုအတွက် သွားလာရ တာတွေ ရမှုရပမလားနဲ့ စိုးရိမ်ပူဆွေးရတာတွေ ဟုတ်လား။ (မှန်ပါဘုရား) ဒါကြောင့်"ဝိသဖလတာယ" ဆင်းရဲကျိုးရှိသည်၏အဖြစ်ကြောင့် တဏှာသည် ဝိသတ္တိကာမည်တယ်လို့ အဋ္ဌကထာဆရာက ဖွင့်ဆိုတာဘဲကွဲ့။ (မှန်ပါဘုရား)

အဋ္ဌကထာဆရာကြီးက တဏှာရဲ့သဘောကိုဘယ်မျိုးဘယ်လိုဖွင့်သလဲဆိုတော့ "ဝိသဝရိကောဂတာယ" အဆင်းအစရှိတဲ့ အာရုံမျိုးစုံ ဆင်းရဲစုံကို သုံးဆောင်

တတ်သည်၏အဖြစ်ကြောင့်။ တဏှာ၊ တဏှာသည်။ ဝိသတ္တိကာ၊ တိသန်ဂတာ၊ ဝိသတ္တိကာလို့ ခေါ်ရသတဲ့။

တပ်မက်တတ်တဲ့ တဏှာဆိုတဲ့ သဘောဟာ အဆင်းလှလှလေး အသံကောင်းလေး အနံ့မွှေးမွှေးလေး အရသာကောင်းကောင်းလေး အတွေ့အထိ နူးနူးညံ့ညံ့လေးမှ ကြိုက်နှစ်သက်တာကွဲ့။ (မှန်ပါဘုရား) အဲဒီ အဆင်းလှ အသံကောင်းစတဲ့ အာရုံတွေဟာ ဝိပဿနာရှုပွားတော့ ဘာတွေသလဲကွဲ့။ (ရုပ်တရားပါဘုရား) အဲဒီရုပ်တရားက နိစ္စလား အနိစ္စလားကွဲ့။ (အနိစ္စပါဘုရား) မမြဲတဲ့ အနိစ္စတရားဆိုတာ သုခလား ဒုက္ခလား။ (ဆင်းရဲဒုက္ခပါဘုရား) အေးဒါကြောင့် တဏှာဆိုတဲ့သဘောဟာ ဆင်းရဲဒုက္ခမျိုးစုံကို ခံစားတက်လို့ "ဝိသတ္တိကာ" လို့ ခေါ်တာဘဲကွဲ့။ (မှန်ပါဘုရား)

ရူပါဒီသု၊ အဆင်းစသောအာရုံမျိုးစုံတို့၌။ ဝိသတ္တတာယ စ၊ ပျံ့နှံ့ တတ်သည့်အဖြစ်ကြောင့်၎င်း။ အာသတ္တိတာယ စ၊ တွယ်တာတတ်သည်၏ အဖြစ်ကြောင့်၎င်း။ ဆဒ္ဒါရိကာ၊ ဒွါရခြောက်ပါး၌ ဖြစ်တတ်သော။ တဏှာ၊ တဏှာသည်။ ဝိသတ္တိကာတိသင်္ဂတာ၊ ဝိသတ္တိကာလို့ ခေါ်ဝေါ်ခြင်းသို့ရောက်၏— လို့တဏှာရဲ့ ဝိသတ္တိကာ မည်ပုံကို အဋ္ဌကထာ ဆရာက ပြောပြန်တယ်ကွဲ့။ (မှန်ပါဘုရား)

တဏှာဆိုတဲ့ တပ်မက်တဲ့ သဘောဟာ အာရုံမျိုးစုံ ဘုံဘဝမျိုးစုံကို သူမပါမရောက်တာ မနှစ်သက်မတွယ်တာဟာ မရှိဘူးကွဲ့ ဟုတ်လား။ (မှန်ပါဘုရား) အာရုံမျိုးစုံလဲ သူတွယ်တာ နှစ်သက်တာဘဲ။ ဘဝမျိုးစုံကိုလဲ တွယ်တာနှစ်သက်တာဘဲကွဲ့။ (မှန်ပါဘုရား) ခွေးဟာ ဘာကို နှစ်သက်သလဲ။ (မစင်ပါဘုရား) ကိုယ့်ဘဝ ကိုယ့်အာရုံတွေကို တဏှာနဲ့ နှစ်သက်တွယ်တာ နေကြတယ် မဟုတ်လား။ (မှန်ပါဘုရား) တပ်မက်တွယ်တာတဲ့ တဏှာရဲ့ ဆင်းရဲကျိုးတွေကို ဘုန်းကြီးပြောခဲ့တာ သဘောပေါက်ရဲ့လားကွဲ့။ (ပေါက်ပါတယ်ဘုရား)

## တဏှာနှိပ်စက်ခံရ၍ ဆင်းရဲရပုံ

အဲဒီတဏှာရဲ့ ဆင်းရဲကျိုးပြစ်တွေကို မာလုကျပုတ္တမထေရ်ကြီးက ဆွေတော်တွေအပေါ် ကျရောက် နှိပ်စက်မှုမခံရအောင်လို့—

"ယံ ဧသာ သဟတေ ဇမ္မီ၊ တဏှာ လောကေ ဝိသတ္တိကာ။"

လောကေ၊ ဖြစ်တတ် ပျက်တတ်သော ရုပ်နာမ်လောက၌။ ဝိသတ္တိကာ၊ ဝိသတ္တိကာ အမည်ရသော။ ဇမ္မီ၊ ယုတ်ညံ့သော။ ဧသာ တဏှာ၊ အာရုံမျိုးစုံ ဘုံဘဝမျိုးစုံ၌ တပ်မက်သော တဏှာသည်။ ယံ၊ အကြင်ပုဂ္ဂိုလ်ကို။ သဟတေ၊ လွှမ်းမိုးဖိစီးနှိပ်စက်၏။

မာလုကျပုတ္တမထေရ်က ဆွေတော်မျိုးတော်တွေကို အဆင်း အသံ အနံ့ စတဲ့ အာရုံမျိုးစုံ ဘဝမျိုးစုံတွေ၌ တဏှာရဲ့ ယုတ်မာပုံ ညှဉ်းဆဲနှိပ်စက်တတ်ပုံ တွေကို ဟောပြော နေတာကွဲ့။ (မှန်ပါဘုရား) အဲဒီ ယုတ်မာ ညစ်ထေးတဲ့ တဏှာရဲ့ နှိပ်စက်ညှဉ်းပန်းခံရယင်တဲ့—

"သောကာ တဿ ပဝဍ္ဎန္တိ၊ အဘိဝဋ္ဌံဝ ဗီရဏံ"။

တဿ၊ ထိုယုတ်မာညစ်ထေးတဲ့တဏှာ ဖိစီးနှိပ်စက် ခံနေရသူအား။ အဘိ-ဝဋ္ဌံ၊ မိုးရေမပြတ် စိုစွတ်ခံရသော။ ဗီရဏံ၊ ပြိတ်မြက်သည်။ ပဝဍ္ဎတိဝိယ၊ ကြီးထွား တိုးပွားသကဲ့သို့။ သောကာ၊ ပူဆွေးမှု သောက တို့သည်။ ပဝဍ္ဎန္တိ၊ ဆင်းရဲမူလ ဝဋ္ဋဒုက္ခကြောင့် တိုးပွားကြလေကုန်တော့၏။

မာလုကျပုတ္တမထေရ်ကြီးက ဆွေတော်မျိုးတော်တွေကိုတဏှာရဲ့သဘောတွေ သိအောင် ဟောထားတာဟာ ဝဋ္ဋဆင်းရဲတွေ ခံစားနေရမှာကို မြင်အောင် ဟောတာ ဟုတ်လား။ (မှန်ပါဘုရား) ဆွေမျိုးတွေက မထေရ်ကြီးကို ရွှေငွေ ပေးပြီး သားမယားနဲ့နေဖို့ ပြောတာမဟုတ်လားကွဲ့။ (ဟုတ်ပါတယ်ဘုရား) ဒီတော့ ရွှေတို့ ငွေတို့ သားမယားတို့ ရှိပြီဆိုလျှင် သူတို့အတွက် ခိုးဝှက်ခံရမှာ၊ မစားရမှာ အဝတ်ဘန်ဆာ မဝတ်ရမှာ စိုးရိမ်ကြောင့်ကြ မဖြစ်ဘူးလားကွဲ့၊ (ဖြစ်ပါတယ်ဘုရား) ဒါ ဘာပြုလို့လဲဆိုတော့ ကိုယ့်ပစ္စည်း ကိုယ့်သားမယား ရယ်လို့ သူတို့အပေါ်မှာ တပ်မက်စွဲလမ်းမှု တဏှာကြောင့်ကွဲ့။ (မှန်ပါဘုရား)

## ကိုယ်နှင့်မစပ်တော့ အပူမဟပ်

ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ လူတယောက်ရဲ့ ပစ္စည်းဥစ္စာပျောက်ပျက်ယင် ဘာ ဖြစ်သလဲကွဲ့။ (ဘာမှ မဖြစ်ပါဘုရား) ကိုယ်နှင့်ဘာမှ မတော်စပ်တဲ့ လူ တယောက် ဒုက္ခရောက်နေတယ်ဆိုလျှင်၊ သေကျေပျက်စီးလျှင် ဘယ်လိုနေသ လဲကွဲ့။ (ဘယ်လိုမှ မနေပါဘုရား) ကိုယ်နှင့်တစုံတရာ ဆက်သွယ်တော်စပ်တဲ့ လူတယောက် ဆင်းရဲဒုက္ခရောက်နေတာ မြင်ရကြားရလျှင် သေကျေပျက်စီး တာ မြင်ရ ကြားရလျှင်ကောကွဲ့။(စိုးရိမ်ပူဆွေး ငိုကြွေးရပါတယ်ဘုရား) ဒါ ဘာကြောင့်လဲဆိုတော့ ကိုယ့်ပစ္စည်း ကိုယ့်သားမယား ကိုယ့်ဆွေမျိုး မိတ်ဆွေ ဆိုတဲ့ တပ်မက်မှုတဏှာအကြောင်းခံလို့ကွဲ့။ (မှန်ပါဘုရား)

ဒို့အမျိုးကောင်းသားများ သမီးများဟာ တဏှာ အကြောင်းခံကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးရတာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ရတာတွေ တွေ့ဘူး မြင်ဘူးကြတယ်မဟုတ်လား။ (မှန်ပါဘုရား) ဟို စစ်ဖြစ်နေတဲ့ တိုင်းပြည်တွေ မှာ ပစ္စည်းတွေပျက် လူတွေသေနေကြတာ အများကြီးမဟုတ်လား။ (ဟုတ် ပါတယ်ဘုရား) ဒို့အမျိုးကောင်းသားတွေ သမီးတွေ စိုးရိမ်ပူဆွေး ငိုကြွေးမှု

တွေ ဖြစ်ကြသလားကွဲ။ (မဖြစ်ပါဘုရား) ဘာပြု့လို့မဖြစ်တာလဲကွဲ။ (သူတို့ အပေါ်တွယ်တာမှု မရှိလို့ပါဘုရား) အေး ဒါကြောင့် တဏှာအကြောင်း ရင်းခံ ဖြစ်လာပြီဆိုယင်ဖြင့် ဆင်းရဲဒုက္ခတွေဟာ မကုန်ဆုံးနိုင်တော့ဘူးကွဲ။ (မှန်ပါဘုရား)

မာလုကျပုတ္တမထေရ်ကြီးက တဏှာအကြောင်းရင်းခံကြောင့် ဆင်းရဲဒုက္ခ ကြီးမားလှပုံ ဟောတော်မူတဲ့ဂါထာကို တစုထဲပေါင်းပြီး ရွတ်ကြစို့ကွဲ။ (မှန် ပါဘုရား)

"ယံ ဧသာ သဟတေ ဇမ္မီ၊ တဏှာ လောကေ ဝိသတ္တိကာ။
သောကာ တဿ ပဝဍ္ဎန္တိ၊ အဘိဝဋ္ဌံဝ ဗီရဏံ"။

လောကေ၊ ရုပ်နာမ်ဟူသော လောကမျိုးစုံ၌။ ဝိသတ္တိကာ၊ ဝိသတ္တိကာ အမည်ရသော။ ဇမ္မီ၊ ယုတ်မာညစ်ထေးသော။ ဧသာ တဏှာ၊ ဤတဏှာသည်။ ယံ ပုဂ္ဂလံ၊ အကြင်ပုဂ္ဂိုလ်ကို။ သဟတေ၊ လွှမ်းမိုးဖိစီး နှိပ်စက်၏။ တဿ၊ ထိုတဏှာ လွှမ်းမိုးဖိစီး နှိပ်စက်ခံရသူ၏စိတ်၌။ အဘိဝဋ္ဌံ၊ မိုးရေမပြတ် စိုစွတ် ခံရသော။ ဗီရဏံ၊ ပြိတ်မြက်သည်။ ပဝဍ္ဎတိဝိယ၊ ကြီးထွား တိုးပွားသကဲ့သို့။ သောကာ၊ စိုးရိမ်ပူဆွေးမှု သောကတို့သည်။ ပဝဍ္ဎန္တိ၊ ဆင်းရဲမှုလ ဝဋ္ဋဒုက္ခ ကြောင့် တိုးပွားကြလေကုန်သတည်း။

သာဓု— သာဓု— သာဓု—

## တဏှာပယ်ဖျောက် ဆင်းရဲပျောက်၏

ဆင်းရဲမှန်သမျှ ဖြစ်ရတာ ဘယ်သူ့ကြောင့်လဲကွဲ။ (တဏှာကြောင့်ပါ ဘုရား)အမျိုးကောင်းသား အမျိုးကောင်းသမီးများသည်ဆင်းရဲချင်ကြသလား၊ ချမ်းသာချင်ကြသလား။(ချမ်းသာချင်ပါတယ် ဘုရား) ချမ်းသာချင်ယင် တပ် မက်တွယ်တာမှု တဏှာကို ပယ်ကြရမယ်ကွဲ။ (မှန်ပါဘုရား) နို ဘယ်လို နည်းနဲ့ ပယ်ကြမလဲကွဲ။ (ဝိပဿနာနည်းနဲ့ ပယ်ပါမယ်ဘုရား) ဝိပဿနာ စိတ်က ဝိပဿနာ အာရုံဖြစ်တဲ့ ဝိပဿနာ ရုပ်နာမ်တွေကို အနိစ္စ ဒုက္ခ အနတ္တသဘော တွေနေတော့ ဒီအာရုံတွေအပေါ် နှစ်သက်မှု တဏှာ ဖြစ်ခွင့်ရှိနိုင်မလားကွဲ။ (တဏှာဖြစ်ခွင့်မရှိပါဘုရား) အဲဒီလို ဝိပဿနာ ရှုပွားလို့တဏှာ ဖြစ်ခွင့်မရတာ ကိုပင်"သမုဒယ သစ္စာ ပဟာတဗ္ဗာ"လို့ ဓမ္မစကြာမှာ ဟောတော်မူတဲ့အတိုင်း ဝိပဿနာက ခေတ္တခဏဘဲဖြစ်ဖြစ် ခွါနေတာ ပယ်နေတာကွဲ။ (မှန်ပါဘုရား) ဝိပဿနာ ပွားများလို့ မဂ်အဆင့်ဆင့် ရသွားတဲ့ အရိယာ အရှင်မြတ်တွေ ကတော့ ဘယ်တော့မှ မပေါ်ပေါက်နိုင်တဲ့ သမုစ္ဆေဒပဟာန်နဲ့ တဏှာကို ပယ်

တယ်ကွဲ။(မှန်ပါဘုရား)အရိယာ အရှင်မြတ်တွေက''သန္တာနုနသယ''ခေါ်တဲ့ စိတ်အစဉ်မှာ ကိုပင် တပ်မက်မှု တဏှာ မကပ် ရောက်တော့ဘူး ဟုတ်သလား။ (မှန်ပါဘုရား)ရဟန္တာ အရှင်မြတ်တွေကျတော့မှ တပ်မက်မှုတဏှာ လုံး၀ မရှိတာနော်။ (မှန်ပါဘုရား) ရဟန္တာပုဂ္ဂိုလ်မှတပါး ကျန်တဲ့ သောတာပန် စတဲ့ ပုဂ္ဂိုလ်တွေကတော့ တန်ရာတန်ရာ ဖြစ်ပေါ်လာတဲ့ ကိလေသာ တဏှာတွေကို ဝိပဿနာ ရှုပွားပြီး ဖယ်ရှား ပစ်ရတာကွဲ။ (မှန်ပါဘုရား) အေး ဒီတော့ ဝိပဿနာက ဘာကိုပယ်နိုင်သလဲဆိုတော့ အာရုံကြောင့်ဖြစ်နိုင်တဲ့ ကိလေသာ တဏှာကို ပယ်နိုင်တယ်နော်။ (မှန်ပါဘုရား)

အဲဒီတော့ ''ဒိဋ္ဌေ ဒိဋ္ဌမတ္တံ''တုန်းက ဘုန်းကြီးပြောခဲ့သလို ရုပ်နာမ် ပဋ္ဌမကဲ့ပြားအောင် ဝိပဿနာပွားကြကွဲ။ (မှန်ပါဘုရား) အသိအမြင် ဉာဏ်တွေဟာ အဆင့်ဆင့် တက်လာလိမ့်မယ်နော်။ (မှန်ပါဘုရား)အဲဒီလို ဝိပဿနာ ပွားများနေတော့ တဏှာကပ်လို့ ရပါ့မလား။ (ကပ်လို့မရပါဘုရား) ကိုယ်ရဲ့ ဝိပဿနာ ခံတပ်လုံယင် ရန်သူတဏှာ မကပ်နိုင်ဘူးကွဲ ဟုတ်လား။ (မှန်ပါဘုရား) ရန်သူတဏှာကို လွှမ်းမိုးနိုင်တာ လောကီအနေနဲ့တော့ ဝိပဿနာကွဲ။ (မှန်ပါဘုရား) တဏှာကို နိုင်ယင် လွှမ်းမိုးနိုင်ယင် ကိုယ်နှင့်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ လောကမှာ ဖြစ်ပေါ်နိုင်သော ဆိုးကျိုးတွေနဲ့ ပတ်သက်လို့ စိုးရိမ်ပူဆွေးငိုကြွေးမှု သောက ဖြစ်ဦးမလားကွဲ။ (မဖြစ်တော့ပါဘုရား)

မာလုကျပုတ္တ မထေရ်ကြီးက ဆွေတော် မျိုးတော်တွေအား တဏှာကို ပယ်ခွါနိုင်ရန် စိုးရိမ်ပူဆွေးမှု သောကများ မကပ်ရောက်နိုင်ဘဲ ပယ်ခွာပုံကို ဥပမာပြပြီးတော့ ဟောတာက ဒီလိုကွဲ။ (မှန်ပါဘုရား)

> ''**ယော** စေတံ သဟတေ ဇမ္မိံ၊ တဏှံ လောကေ ဒုရစ္စယံ။
> **သောကာ** တမှာ ပပတန္တိ၊ ဥဒဗိန္ဒုဝ ပေါက္ခရာ''။

ယော၊ ဝိပဿနာရင့်သန်သဖြင့် ဉာဏ်အဆင့် မြင့်တက်နေသော အကြင်သူသည်။ လောကေ၊ ရုပ်နာမ်ဟူသော လောကမျိုးစုံ၌။ ဒုရစ္စယံ၊ ရုပ်နာမ်မမြင် ပုထုဇဉ်တို့သည် လွန်မြောက်ရန် အလွန်ပင် ခဲယဉ်းလှသော။ ဇမ္မိံ၊ ယုတ်မာညစ်ထေးလှစွာသော။ တံ တဏှံ၊ တတ်မက်တွယ်တာတတ်တဲ့ ဤ တဏှာကို။ သဟတေ၊ ဝိပဿနာဉာဏ်အမြင် ထက်သဖြင့် ဖိစီးတားမြစ်၍ထားနိုင်၏။ သဟတေ၊ အရဟတ္တမဂ် ဓားသန်လျက်ဖြင့် ပယ်ဖြတ်သုတ်သင် ရှင်းလင်းနိုင်၏။

တမှာ ပုဂ္ဂလာ၊ ဝိပဿနာရင့်သန်သဖြင့် ဉာဏ်အဆင့်ဆင့် မြင့်တက်နေသူ ထိုပုဂ္ဂိုလ်မှ။တမှာ ပုဂ္ဂလာ၊ အရဟတ္တမဂ် ဓား သန်လျက်ကို လက်ဆုပ်လက်ကိုင်

ပိုင်ပိုင်ကြီးရနေသူ ထိုပုဂ္ဂိုလ်မှ။ ပေါက္ခရာ၊ ပဒုမ္မာကြာဖက်ပေါ်၌။ ဥဒက ဗိန္ဒု၊ ကျရောက်လာသော ရေပေါက်သည်။ ပပတန္တိဣဝ၊ တခဏမကြာ လျှောကာကျဘိသကဲ့သို့။ သောကာ၊ တဏှာမူလ ဝဋ္ဋဒုက္ခကြောင့် ဖြစ်ပေါ် လာကြသော စိုးရိမ်ပူဆွေး ငိုကြွေးရမှုသောကတို့သည်။ ပပတန္တိ၊ ဝိပဿနာ ဉာဏ် မဂ်ဉာဏ်ဟူသော လက်နက်ရှိန်ဟုန် တန်ခိုးတို့ကြောင့် တဘိုးဘိုး ကျဆုံး ကြလေကုန်တော့သတည်း။

သာဓု— သာဓု— သာဓု—

မာလုကျပုတ္တမထေရ်ကြီးက ဆွေတော်မျိုးတော်တွေအား တဏှာကို လွှမ်း မိုးနိုင်နင်းအောင် ဖြစ်ခွင့်မရအောင် ပြုလုပ်ကြဘို့ ကျင့်ကြံအားထုတ်ကြဘို့ ဟောပြောနေတာကွဲ့။ (မှန်ပါဘုရား) ကိလေသာတဏှာကို မပယ်ခွာနိုင်ယင် ကမ္မဝဋ် ဝိပါကဝဋ်တွေ ဖြစ်မယ်မဟုတ်လား။ (မှန်ပါဘုရား) စိုးရိမ်ပူဆွေး ငိုကြွေးမှုတွေကော မဖြစ်ဘူးလားကွဲ့။ (ဖြစ်ပါတယ်ဘုရား) မာလုကျပုတ္တ မထေရ်ကြီးက သောကကိုသာ ဦးတည် ဟောသော်လည်း သူနောက်က ပရိ ဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ တရားတွေပါ ပါတယ်လို့ သိရမယ်ကွဲ့။ (မှန်ပါဘုရား)

အဲဒီ စိုးရိမ်ပူဆွေး ငိုကြွေးမှုစတဲ့ တရားတွေ ဘသူ့ကြောင့် ဖြစ်ရတာလဲ။ (တဏှာကြောင့်ပါဘုရား) ဒီတဏှာ ဘယ်ကလာသလဲဆိုတော့ အကျိုးဝိပါက ဝဋ်ဖြစ်တဲ့ မျက်စိ နား နှာ စသော ဒွါရခြောက်ပါး မှီပြီးဖြစ်တာကွဲ့။ (မှန်ပါ ဘုရား) ဒွါရခြောက်ပါး အပေါက်ခြောက်ပေါက်မှ မှီဝင်ပြီးမလာနိုင်ဘို့ မြင် ကာမျှ ကြားကာမျှသာ ဖြစ်အောင် ဝိပဿနာရှုပွားကြ ဟုတ်လား။ (မှန်ပါ ဘုရား) ဝိပဿနာရှုပွားကြတော့ မြင်အာရုံ ကြားအာရုံ စသည်တို့အတွက် တပ်မက်မှုတဏှာ ဖြစ်အုံးမလား။ (မဖြစ်ပါဘုရား) ကိလေသဝဋ်၊ တဏှာ မဖြစ်တော့ ကမ္မဝဋ် ဝိပါကဝဋ်လည်း မဖြစ်တော့ဘူး ဟုတ်လား။ (မှန်ပါ ဘုရား) ဒီဝဋ်သုံးပါးမဖြစ်တော့ စိုးရိမ်မှုသောကစသည်တို့ မဖြစ်တော့ဘူးကွဲ့။ (မှန်ပါဘုရား)ဆိုင်ရာ ဒွါရ အာရုံတွေကြောင့်ဖြစ်ပေါ်နိုင်တဲ့ တဏှာကို ဝိပ- ဿနာပွားများမှုက အနိုင်ရလျှင် စိုးရိမ်ပူဆွေးမှုစသည်တို့ဟာ ကြာဖက်ပေါ် ရေမတည်သလို ဝိပဿနာပွားများသူရဲ့စိတ်မှာ ကပ်တွဲနေမှုမရှိတော့ဘူးကွဲ့။ (မှန်ပါဘုရား) ဒီအမျိုးကောင်းသား အမျိုးကောင်း သမီးများဟာ ချမ်း သာမှု လိုချင်ယင် ဘာလုပ်ရမလဲကွဲ့။ (ဝိပဿနာပွားရပါမယ်ဘုရား)

## ဝိပဿနာက တဏှာကို ပယ်ပုံ

ဝိပဿနာရှုပွားရမယ်ဆိုတော့ ဘယ်တရားကို ရှုပွားရမှာလဲ။ (ရုပ်နာမ်တရား ပါဘုရား)အေး–တဏှာဆိုတဲ့သဘောက ရုပ်နာမ်တွေရဲ့ သဘာဝ ပရမတ်ကို

အသိဉာဏ် မရောက်သူတွေအတွက် သဏ္ဍာန်နိမိတ်တွေကို ကိုင်ယူထားတော့ ဖြစ်တာကွဲ့။ (မှန်ပါဘုရား) သဏ္ဍာန်နိမိတ်တွေပျောက်ပြီး ရုပ်နာမ်ရဲ့သဘာဝ ပရမတ်ကို ဝိပဿနာဉာဏ်အမြင် ရောက်နေတဲ့သူမှာ တဏှာဆိုတဲ့ တပ်မက်မှု ဖြစ်ခွင့်မရှိဘူးကွဲ့ ဟုတ်လား။(မှန်ပါဘုရား) ဒါဘာကြောင့်လဲဆိုတော့ ဝိပဿ-နာစိတ်က ရုပ်နာမ်တရားတွေရဲ့ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော တွေ သိနေလို့ကွဲ့။ (မှန်ပါဘုရား) ရုပ်နာမ်တရားတွေရဲ့ ဖြစ်လိုက် ပျက်လိုက် ဆိုတဲ့ အနိစ္စ ဒုက္ခ အနတ္တသဘောတွေ သိနေတာကို "ဒုက္ခသစ္စာ ပရိညေယျာ" ဆိုသည့်အတိုင်း ဒုက္ခသစ္စာကို ပိုင်းခြားသိနေတာလို့ ခေါ်တယ်ဟုတ်လား။ (မှန်ပါဘုရား) ကြောက်လန့်စရာကောင်းပြီး မိမိကိုယ်ကို ဆင်းရဲဒုက္ခအမျိုးမျိုး ပေးနိုင်တဲ့အရာဝတ္ထုကို အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ နှစ်သက် နိုင်ကြမလား။ (မနှစ်သက်နိုင်ကြပါဘုရား) အေး—ဒီသဘောလိုဘဲ ဖြစ်လိုက် ပျက်လိုက်ဖြစ်နေတဲ့ ရုပ်နာမ်တွေကို ဝိပဿနာဉာဏ်ထက်သန်စွာ မြင်နေတဲ့ သူက တပ်မက်နှစ်သက်တတ်သော တဏှာမဖြစ်ဘူးကွဲ့။ (မှန်ပါဘုရား)

အဲဒီလို မြင်အာရုံ ကြားအာရုံစတဲ့ ရုပ်နာမ်တွေအပေါ်မှာ တပ်မက်မှု တဏှာ မဖြစ်ပေါ်ခြင်းကို "တဒင်္ဂနိရောဓ" ခေတ္တခဏ တဏှာချုပ်တယ်လို့ခေါ်တာကွဲ့။ (မှန်ပါဘုရား) မျက်စိ နား နှာ လျှာ ကိုယ် စတဲ့ ဝိပါကဝဋ်ပေါ် မှီပြီးဖြစ်ရမဲ့ တဏှာကိလေသဝဋ်မဖြစ်တော့ သူနှင့်ဆိုင်တဲ့ ကမ္မဝဋ် ဝိပါကဝဋ်တွေလဲ ငြိမ်း အေးသွားတယ်၊ ဟုတ်လား။ (မှန်ပါဘုရား) ဝိပဿနာရှုပွားတာဟာ ဘယ့် လောက်အကျိုးကြီးသလဲဆိုတော့ မရေတွက်နိုင်အောင် အကျိုးကြီးတယ်လို့ မှတ်ရမယ်ကွဲ့။ (မှန်ပါဘုရား) ဝိပဿနာရှုပွားလို့ မဂ်စိတ် ဖြစ်ပေါ်လာမယ် ဆိုလျှင် ပြောစရာလိုသေးလား။ (မလိုတော့ပါဘုရား)

ဝိပဿနာ ပွားများလို့ ထိုထိုအာရုံမျိုးစုံတွေနဲ့စပ်ပြီး ခေတ္တခဏကလေး တဏှာငြိမ်းနေတဲ့ ချမ်းသာလေးကို လောက်ထားပြီး ရုပ်နာမ်လုံးဝမရှိတော့တဲ့ နိရောဓအစစ် နိဗ္ဗာန်ဓာတ်ကြီးကို မြှော်မှန်းပြီး သိကြကွဲ့။ (မှန်ပါဘုရား)

### မာလုင်္ကျပုတ္တမထေရ်မြတ်ကြီး၏ တိုက်တွန်း နှိုးဆော်တော်မူပုံ

နိဗ္ဗာနဓာတ်ကြီးကို ကိုယ်တိုင်မျက်မှောက် တွေ့ထိခံစားတော်မူပြီးသော မာလုင်္ကျပုတ္တမထေရ်မြတ်ကြီးက ဒိမ်ထောင်သားမွေး လူ့ဒါန်းရေးလောက်ကို သာဆန္ဒပြင်းပြနေကြတဲ့ ဆွေတော်မျိုးတော်များအားတဏှာဝဋ်ကြောကိုဖြတ် ၍ နိဗ္ဗာနဓာတ်ကြီးကိုအရယူရန်တိုက်ဘွန်းတာက ဒီလိုကွဲ့။ (မှန်ပါဘုရား)

မာ ဝေါ နဠံ ဝ သောတောဝ၊ မာရော ဘဉ္ဇိ ပုနပ္ပုနံ။"
"တံ ဝေါ ဝဒါမိ ဘဒ္ဒံ ဝေါ၊ ယာဝန္တေတ္ထ သမာဂတာ။
တဏှာယ မူလံ ခဏထ၊ ဥသီရတ္ထောဝ ဗီရဏံ"။

တံ=တေန ကာရဏေန၊ ဆင်းရဲမူလ ဝဋ္ဋဒုက္ခကို ပယ်ခွါနိုင်က သောက ကင်းစွာ နေနိုင်ခြင်းဟူသော ထိုအကြောင်းကြောင့်။ ဧတ္ထ၊ ဤအရပ် ဤနေရာ၌။ သမာဂတာ၊ အညီအညွတ် စုဝေးရောက်ရှိလာကြကုန်သော။ ဝေါ၊ အမျိုးသား-အမျိုးသမီးအပေါင်း သင်သူတော်ကောင်းတို့ကို။ ဝဒါမိ၊ ကရုဏာရှေ့သွား မေတ္တာထား၍ တရားစကား ငါပြောကြားပါလို၏။

ဒီနေရာမှာ အဋ္ဌကထာ ဆရာက "ယာဝန္တေတ္ထ သမာဂတာ"ဆိုတဲ့ ဂါထာ စာပုဒ်ကို"ယတ္တကာ သမာဂတာ၊တတ္တကာ"လို့ ဖွင့်ဆိုတယ်ကွဲ့။ (မှန်ပါဘုရား) အဋ္ဌကထာ အဖွင့်အတိုင်း အနက်ပြန်လျှင်"သမာဂတာ၊ အညီအညွတ် စုဝေးရောက်ရှိလာကြကုန်သော သူတို့သည်။ ယာဝန္တာ၊ အကြင်မျှလောက် ရှိကြကုန်၏။ တာဝန္တာ၊ ထိုမျှလောက် စုဝေးရောက်ရှိလာကြကုန်သော။ ဝေါ၊ သင်သူတော်ကောင်းအပေါင်းတို့ကို"လို့ အနက်ပြန်ရမယ်နော်။(မှန်ပါဘုရား) ဘုန်းကြီးကတော့ အမျိုးကောင်းသား-အမျိုးကောင်းသမီးတွေ နားရှင်းအောင် အပိုင်းအခြားကိုပြတဲ့ ယာဝန္တ တာဝန္တဆိုတဲ့ ပါဠိတွေဖြုတ်ပြီး အနက်ပြန်လိုက်တာကွဲ့။ (မှန်ပါဘုရား)

ဝေါ=တုမှာကံ၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်း သင်သူတော်ကောင်းတို့အား။ ဘဒ္ဒံ၊ ကောင်းခြင်းမင်္ဂလာ အဖြာဖြာသည်။ ဟော တု၊ ဖြစ်ပါစေသတည်း။ ဝါ၊ ဖြစ်ပါစေလို့—

မာလုကျပုတ္တ မထေရ်မြတ်ကြီးက "ဒီတရားဟောတဲ့ နေရာ ရောက်လာတဲ့ ဆွေမျိုးတွေကို ပြောဟောနေတာကွဲ့။ (မှန်ပါဘုရား) ဘာပြော သလဲဆိုတော့ သင်တို့တတွေ ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေတဲ့ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီကောင်းခြင်း မင်္ဂလာဖြစ်ပါစေလို့ မာလုကျပုတ္တ ပထေ ကြီးပြောတဲ့စကားရဲ့ အဓိပ္ပာယ်ကို အဋ္ဌကထာဆရာက ဘယ်လို အဓိပ္ပာယ် ပြန်လိုက်သလဲဆိုတော့—"မာ တဏှာ အနုဝတ္တာ ပုဂ္ဂလောဝိယ ဝိနာသံ အနတ္ထံ ပါပုဏာထာတိ အတ္ထော" တဏှာ၊ တပ်မက်တွယ်တာတတ်သည့် တဏှာသို့။ အနု ဝတ္တပုဂ္ဂလော၊ အစဉ်မပြတ်လည်ပတ်ကာ လိုက်နေသောပုဂ္ဂိုလ်သည်။ ဝိနာသံ အနတ္ထံ၊ ဆုံးရှုံးပျက်စီးအကျိုးမရှိခြင်းသို့။ ပါပုဏာတိဝိယ၊ဆိုက်ဆိုက်မြိုက်မြိုက် ကြီး ရောက်ဘိသကဲ့သို့။ တုမှေ၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ဖြစ် ကြသော သင်သူတော်ကောင်းတို့သည်။ မာ ပါပုဏာထ၊ မတော်တဆ သတိ ပျောက်၍သော်မှ မရောက်ကြပါစေကုန်လင့်။ ဣတိ အတ္ထော၊ ဤလို မာလုကျ ပုတ္တ မထေရ်မြတ်ကြီးက ဆိုလိုတဲ့သဘော အဓိပ္ပာယ်ပါတဲ့၊ ဟုတ်လား။ (မှန် ပါဘုရား)

အဋ္ဌကထာ ဆရာမြတ်တို့ ဖွင့်ဆိုပြောလိုက်ယင် အဓိပ္ပာယ်က အလွန်ပေါ် လွင်တယ်ကွဲ့။ (မှန်ပါဘုရား) တဏှာရဲ့နောက်လိုက်လုပ်ယင် အမင်္ဂလာဖြစ်မယ်၊

တဏှာရဲ့နောက်လိုက် မလုပ်ယင် မဂ်လာဖြစ်မယ်လို့ ပြောတာလို့မှတ်ပါ။(မှန်ပါ ဘုရား) အဲဒီတော့ မဂ်လာဖြစ်အောင် ဘာလုပ်ကြမလဲကွဲ့။ (ဝိပဿနာ ပွားနေရမှာပါဘုရား) ဝိပဿနာရှုပွားနေတော့ တဏှာကင်းနိုင်သမျှ ကင်းမယ် မဟုတ်လား။ (မှန်ပါဘုရား) တဏှာရဲ့နောက်လိုက်လဲ မဖြစ်ဘူးနော်။ (မှန် ပါဘုရား) ဆုံးရှုံးပျက်စီး အကျိုးမရှိခြင်းသို့ ရောက်အုံးမလားကွဲ့။ (မရောက် နိုင်ပါဘုရား) ဒီနေရာမှာ ဘုန်းကြီးက ဝိနာသံလို့ရှိတဲ့ သီဟိုဠ် ပါဠိတော်မူကို ယူပြီး ဆုံးရှုံးပျက်စီးဆိုတဲ့ အဓိပ္ပာယ်ပြောတာကွဲ့။ (မှန်ပါဘုရား)

## နိဗ္ဗာန် လိုချင်လျှင် ကိလေသာကိုဖြတ်

ဉဿိရတ္ထော၊ ပန်းရင်းကို အလိုရှိသောသူသည်။ ဗီရဏံ၊ မြိတ်မြက်တောကို။ ခဏတိဝိယ၊ တူးဖို့သုတ်သင်ရှင်းလင်းရသကဲ့သို့။ ဧဝံ၊ မြတ်နိဗ္ဗာန်ကို အမှန် လိုလား သင်အမျိုးသား၊ အမျိုးသမီး သူတော်ကောင်းတို့သည်။ တဏှာယ၊ တပ်မက်တွယ်တာမှုတဏှာ၏။ မူလံ၊ အရင်းဇစ်မြစ် အဝိဇ္ဇာ ကိလေသာ အညစ် အထေးတည်းဟူသော ချုံဖုတ်ကို။ ခဏထ၊ အရဟတ္တမဂ်တည်းဟူသော ဓား သန်လျက်ဖြင့် အမြစ်မကျန် တူးလှန်ဖို့ခွင်း ရှင်းလင်းကြကုန်လော့။

သောတော၊ တသွင်သွင်စီးဆင်းသော မြစ်ရေအယဉ်သည်။ နဠံ၊ မြစ်ကမ်း နား၌ ပေါက်ရောက်နေသော ကျူပြင်ကို။ ဘဉ္ဇတိဝိယ၊ တိုက်ရှိဖျက်ဆီးသကဲ့ သို့။ မာရော၊ ကိလေသမာရ် မစ္စုမာရ် ဒေဝပုတ္တမာရ်သည်။ ဧဝံ၊ အမျိုး သား အမျိုးသမီးအပေါင်း သင်သူတော်ကောင်းတို့အား။ မာဘဉ္ဇိ၊ သံသရာ လည်ပတ်ကာ နေရသဖြင့် ထပ်ကာထပ်ကာ မဖျက်ဆီးပါစေလင့်။

## ပြိတ်မြက်တော တူးဖို့ရသလို အဝိဇ္ဇာစတဲ့ ကိလေသာချုံဖုတ်ကို တူးဖို့ကြ

မာလုကျပုတ္တ မထေရ်မြတ်ကြီးက ပန်းရင်းကို အလိုရှိသူဟာ ပြိတ်မြက်တော ကို ပေါက်တူးကြီးနဲ့ တူးဖို့ဖျက်ဆီးပစ်ရသလို နိဗ္ဗာနဓာတ်ကြီးအလိုရှိသူလဲဘဲ တဏှာရဲ့ အရင်းအမြစ်ဖြစ်တဲ့ အဝိဇ္ဇာစသော ကိလေသာ ချုံတောကြီးကို အကြီးမားဆုံးသော အရဟတ္တမဂ် ပေါက်တူးကြီးနဲ့ တူးဖို့ပစ်ရမယ်လို့ ဆွေ တော် မျိုးတော် တရားနာပရိသတ်တွေကို ပြောဟောနေတာကွဲ့ ဟုတ်လား။ (မှန်ပါဘုရား) အရဟတ္တမဂ်ကို အထွဋ်အမြတ်ထားပြီး ဟောတာနော်။ (မှန် ပါဘုရား) ဝိပဿနာရှုပွားမှု မပါဘဲနဲ့ အရိယာမဂ်ကို မရရောက်နိုင်ဘူးကွဲ့။ (မှန်ပါဘုရား) အရဟတ္တမဂ်ဆိုတာ နောက်ဆုံးမဂ်၊ ကိလေသာတွေအားလုံး ကို ပယ်သတ်တဲ့မဂ်။ (မှန်ပါဘုရား) အဲဒီမဂ်ကို လိုချင်လျှင် ဝိပဿနာကို အခြေခံနည်းကျကျ ပွားများရတယ်ကွဲ့။ (မှန်ပါဘုရား) ဘုန်းကြီးကတော့

အာနာပါနအခြေခံ ရုပ်နာမ်ကွဲအောင် ရှုတာကစပြီးဟောတဲ့ ဝိပဿနာ ရှုပွားနည်းကွဲ၊ ဟုတ်လား။ (မှန်ပါဘုရား) ဝိပဿနာရှုပွားတော့ ရုပ်နာမ် ခွဲခြားသိတာကစပြီး အဝိဇ္ဇာဆိုတဲ့ မသိမှုကြီးဟာ ပါးပါးသွားတယ်၊ ဟုတ် လား။ (မှန်ပါဘုရား) အဲဒီလို အဝိဇ္ဇာ ပါးပါးသွားတော့ နောက်ဆုံး မဂ် ဆိုက်၍ နိဗ္ဗာန်ကို မြင်တာကွဲ။ (မှန်ပါဘုရား) အဲဒီတော့ ပြတ်မြက်တောနဲ့ တူတဲ့ အဝိဇ္ဇာစသော ကိလေသာ ချုံတောကို ဝိပဿနာ တည်းဟူသော ပေါက်တူးနဲ့ တစတစ တူးဆွ ဖြိုဖျက်ပစ်ရမယ်၊ ဟုတ်လား။ (မှန်ပါဘုရား) ဝိပဿနာပေါက်တူးနှင့် ရုပ်နာမ် သဘာဝတွေရဲ့ သဘော၊ နိဗ္ဗာန ဓာတ်ကြီးရဲ့ သဘောကို ဖုံးလွှမ်းနေတဲ့ အဝိဇ္ဇာကိလေသာချုံတောကို တူးဖြိုပစ်နေတဲ့အချိန် အခါမှာ တဏှာကိလေသာ အဖျက်အဆီးက ထိုထို အာရုံတွေ အပေါ် တွယ် ကပ်ပြီး ဝိပဿနာပွားများမှုကို ဖျက်ဆီးပစ်တတ်တယ်ကွဲ။ (မှန်ပါဘုရား) တပ် မက် တွယ်တာတတ်တာက နာမ်၊ တပ်မက်တွယ်တာ ခံရတာက ရုပ်၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီ ရုပ်နာမ်ကိုလဲ ဝိပဿနာ ရှုရမယ်ကွဲ။ (မှန်ပါဘုရား) အကယ်၍ အဲဒီ ရုပ်နာမ်ကို ဝိပဿနာမရှုယင် ကိလေသာမာရ်ရဲ့ အဖျက်အဆီးကို ခံလိုက်ရပြီလို့မှတ်ကွဲ။(မှန်ပါဘုရား) ကိလေသာမာရ်ရဲ့ အဖျက်အဆီးကို ခံလိုက် ရယင် သူ့ရဲ့ အပေါင်းအဖော်တွေဖြစ်တဲ့ မစ္စုမာရ် ဒေဝပုတ္တမာရ် တွေရဲ့ နှိပ် စက်မှုကိုလဲ ခံရပြီလို့ မှတ်ကွဲ။ (မှန်ပါဘုရား) မစ္စုမာရ် ဆိုတာက သေသေနေရ တဲ့ သေခြင်းသဘော၊ ဒေဝပုတ္တမာရ် ဆိုတာက မာရ်နတ်ကို ပြောတာ ဟုတ် လား။(မှန်ပါဘုရား)တပ်မက်တွယ်တာမှု တဏှာကို ပယ်နိုင်ယင် မာရ်အားလုံး ကို နိုင်ပြီလို့ မှတ်ကြ။ (မှန်ပါဘုရား) အဲဒါကြောင့် မာလုကျပုတ္တမထေရ်ကြီး က မြစ်ရေ အယဉ်သည် မြစ်ကမ်းနား ပေါက်နေတဲ့ ကျူပင်ကို တိုက်ခိုက်၍ ဖျက်ဆီးချိုးဖျက်သလို ကိလေသာမာရ် မစ္စုမာရ် ဒေဝပုတ္တမာရ်တို့ရဲ့ အဖျက် အဆီးကို မခံရပါစေလင့်လို့ ပြောဟောတာကွဲ။ (မှန်ပါဘုရား) ဆွေတော် မျိုးတော်အပေါင်း သူတော်ကောင်းတွေကို ပြောတာနော် ဟုတ်လား။(မှန်ပါ ဘုရား)

## မာလုကျပုတ္တမထေရ်မြတ်ကြီး၏ သတိပေးစကား

မာလုကျပုတ္တမထေရ်မြတ်ကြီးက နောက်ထပ်တဖန် တိုက်တွန်းနှိုးဆော်သတိ ပေးတာက ဒီလိုကွဲ၊ သတ္တဝါတွေကို သနားကရုဏာ ကြီးမားလွန်းလို့နော်။ (မှန်ပါဘုရား)

"ကရောထ ဗုဒ္ဓဝစနံ၊ ခဏော ဝေါ မာ ဥပစ္စဂါ။
ခဏာတီတာဟိ သောစန္တိ၊ နိရယမှိ သမပ္ပိတာ။"

ဗုဒ္ဓဝစနံ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရား၏ စကားတော်ကို။ ကရောထ၊ ပေါ့ပေါ့ဆဆ မပြုကြဘဲ သင်တို့တတွေ လိုက်နာပြုကျင့်ကြကုန်လော့။ ခဏော၊ ဘုရားရှင်ဖြစ်ပွင့်ပေါ်ပေါက်ရာ အချိန်ကောင်း အခါကောင်းသည်။ ဝေါ၊ သင်သူတော်ကောင်းတို့အား။ မာ ဥပစ္စဂါ၊ လွန်၍မသွားပါစေလင့်။

ဟိ၊ ဘုရားဖြစ်ပွင့်တော်မူရာ အချိန်ကောင်းကို လွန်သူတို့အတွက် အကျိုးယုတ်ပုံကို ပြောရအုံးမယ်။ ခဏာတီတာ၊ ဘုရားရှင် ဖြစ်ပွင့် ပေါ်ပေါက်ရာ အချိန်ကောင်းကို လွန်သွားသူတို့သည်။ နိရယမှိ၊ ချမ်းသာကင်းရာ ငရဲ၌။ သမပ္ပိတာ၊ ရောက်ကြကုန် ဖြစ်ကြကုန်သည်ဖြစ်၍။ သောစန္တိ၊ ကြာမြင့်စွာ ကာလပတ်လုံး စိုးရိမ်ပူဆွေးကြရလေကုန်၏။

မာလုကျပုတ္တ မထေရ်မြတ်ကြီးက ဆော်တော် မျိုးတော် အပေါင်းအား အလွန်အရေးကြီးတဲ့ စကားတွေနဲ့ တိုက်တွန်းပြီး ပြောဟောနေတာကွဲ။(မှန်ပါဘုရား) ဘုရားရှင်ရဲ့ ဆုံးမစကားတော်ကို လိုက်နာပြုကျင့်ကြ၊ ပေါ့ပေါ့ ဆဆမနေကြနဲ့လို့ ပြောတာဟုတ်လား။ (မှန်ပါဘုရား)

မူလပဏ္ဏာသ ဒွေဓာဝိတက္ကသုတ်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက—

"ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော
အဟုဝတ္ထ၊အယံ ဝေါ အမှာကံ အနုသာသနီ"(မ၊ ၁၊ ၁၆၇-နှာ)

အဲဒီလို ဆုံးမစကား ဟောကြားတော်မူခဲ့တယ်ကွဲ။(မှန်ပါဘုရား)

ဘိက္ခဝေ၊ သံသရာဘေးကို ကြောက်ရွံ့ကြကုန်သော အိုချစ်သား ချစ်သမီးတို့။ ဈာယထ၊ ပွားများရှုဆင်ခြင်ကြကုန်လော့။ မာ ပမာဒတ္ထ၊ မမေ့လျော့ကြကုန်လင့်။ ပစ္ဆာ၊ လွန်ပြီးကာမှ နောက်ကာလ၌။ ဝိပ္ပဋိသာရိနော၊ နှလုံးမသာယာခြင်းရှိကြကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြကုန်လင့်။ အယံ၊ ဤသည်ကား။ အယံ၊ ဤရှုဆင်ခြင်ကြ မမေ့မလျော့ကြနဲ့ဆိုသော တိုက်တွန်းစကားသည်။ ဝေါ၊ သင်ချစ်သား ချစ်သမီးတို့အတွက်၊ အမှာကံ၊ ငါဘုရားရှင်တို့၏။ အနုသာသနီ၊ အဆုံးအမတော်ပေတည်း။

ဒါဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဆုံးအမစကားတော်ကွဲ။(မှန်ပါဘုရား) ဝိပဿနာပွားများကြ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆမနေကြနဲ့၊ တရားအားမထုတ်လိုက်ရလေခြင်းလို့ အချိန်လွန်မှ စိတ်မကောင်း မဖြစ်ကြလေနဲ့တဲ့ ဟုတ်လား။ (မှန်ပါဘုရား) ဘုရားရှင်ရဲ့အဆုံးအမတော်ကို လိုက်နာကျင့်သုံးကြဘို့ မာလုကျပုတ္တမထေရ်ကြီးက ဆွေတော် မျိုးတော်တွေကို ပြောဟောတာကွဲ။ (မှန်ပါဘုရား)

ဘုရားရှင်ဖြစ်ပွင့်တော်မူရာ အချိန်အခါကောင်းကြီးကို တွေ့ရခဲ ကြုံရခဲတယ် နော်။(မှန်လှပါဘုရား) ဘုရားပွင့်တော်မူတဲ့အချိန်အခါ၌သာ ကိလေသာအမြစ်ဖြတ်တဲ့ ဝိပဿနာနည်းလမ်းဆိုတာရယ်၊ မဂ် ဖိုလ် နိဗ္ဗာန်ဆိုတာရယ် ရှိတာကွဲ့။ (မှန်ပါဘုရား)ဘုန်းကြီးတို့ အမျိုးကောင်းသား သမီးတွေနဲ့ ဘုန်းကြီးတို့လဲဘဲ ဘုရားရှင်ရဲ့ သာသနာတော်ကြီးနဲ့ ကြုံကြိုက်ရလို့ ဝိပဿနာနည်းလမ်းတို့ မဂ်ဖိုလ်နိဗ္ဗာန်တို့ဆိုတာ ကြားရတာကွဲ့။(မှန်ပါဘုရား) ဘုရားသာသနာတော်၌သာ လျှင် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဆိုတဲ့ ပုဂ္ဂိုလ်တွေရှိတာ ဟုတ်လား။ (မှန်ပါဘုရား) ဘယ်ဘာသာ ဘယ်သာသနာမှာမှ မရှိဘူးကွဲ့။ (မှန်ပါဘုရား)အဲဒါ ဘုရားပွင့်တော်မူတဲ့အချိန်အခါကြီးနဲ့ ကြုံကြိုက်ရလို့ကွဲ့။ (မှန်ပါဘုရား)ဗုဒ္ဓုပ္ပါဒ ဒုလ္လဘလို့ခေါ်ရတဲ့ တွေ့ဆုံကြုံကြိုက်ရဘို့ အလွန်ခဲယဉ်းလှတဲ့ ဘုရားဖြစ်ပွင့်တော်မူရာအချိန်ကောင်းကြီးကို တွေ့ကြုံပါလျက် ဘုရားရှင်၏ အဆုံးအမကို မလိုက်နာလျှင် ဒို့တတွေထက် မိုက်ပဲတာ ရှိပါ့မလားကွဲ့။ (မရှိတော့ပါဘုရား) မာလုကျပုတ္တမထေရ်မြတ်ကြီးက အချိန်ကောင်းကြီးကို လွန်ဆန်နေကြယင်၊ မလိုက်နာ မကျင့်သုံးကြယင် ငရဲပြည်ရွာတွေသို့ရောက်ပြီး ဆင်းရဲဒုက္ခရောက်ကြမယ်လို့ ဟောပြောတာ ဟုတ်လားကွဲ့။ (ဟုတ်ပါတယ်ဘုရား) အဲဒီတော့ ဒို့အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ လဲဘဲ ဘုရားရှင် ဆုံးမတော်မူတဲ့ စကားတော်တွေကို လိုက်နာကြကွဲ့။(မှန်ပါဘုရား)

မာလုကျပုတ္တမထေရ်မြတ်ကြီးက ဆွေတော် မျိုးတော်တွေကို ဆက်လက်ပြီး ဟောပြောတာက ဒီလိုကွဲ့။(မှန်ပါ)

> "ပမာဒေါ ရဇော ပမာဒေါ၊ ပမာဒါနုပတိတော ရဇော။
> အပ္ပမာဒေန ဝိဇ္ဇာယ၊ အဗ္ဗဟေ သလ္လမတ္တနော" —

လို့ နောက်ဆုံး တိုက်တွန်းစကား ဟောကြားတော်မူလိုက်တာနော်။ (မှန်ပါဘုရား)

ပမာဒေါ၊ အာရုံမျိုးစုံ၌ ဝိပဿနာရှုပွားမှု သတိလွတ်ကင်းခြင်း ဟူသော မေ့လျော့ခြင်း ပမာဒသည်။ ရဇော၊ ရာဂ စသည် ရောထွေး၍ နေသောကြောင့် မှုံ့အညစ်အကြေး မည်ပါပေ၏။ပမာဒေါ၊ မေ့လျော့မှုပမာဒကြောင့်ဖြစ်သော။ ပမာဒါနုပတိတော၊ပမာဒသို့ အစဉ်လိုက်၍ဖြစ်ရသော ရာဂစသော အကုသိုလ်တရားအပေါင်းသည်လည်း။ ရဇော၊မှုံ့ အညစ်အကြေး မည်ပါပေ၏။ အပ္ပမာဒေန၊ အာရုံမျိုးစုံတို့၌ ဝိပဿနာပွားမှုများကို မမေ့လျော့သော အပ္ပမာဒသတိတရားဖြင့်၎င်း။ ဝိဇ္ဇာယ၊ အရဟတ္တမဂ် ဝိဇ္ဇာဉာဏ်ဖြင့်၎င်း။ အတ္တနော၊မိမိ၏။ သလ္လံ၊ စိတ်နှလုံး၌ မှီ၍ ဖြစ်သော ရာဂစသော ငြောင့်ကို။ အဗ္ဗဟေ၊ လုံ့လ ကြိုးကုတ် အားထုတ်၍ ပယ်နုတ်ရာ၏။

ကိုင်း ဒီတော့ မာလုကျပုတ္တမထေရ်မြတ်ကြီးက ဝိပဿနာ ပွားများမှုကို မေ့လျော့နေတဲ့ သဘောဟာ ရာဂ စသည် ရောထွေးနေတဲ့ မြူအညစ်အကြေး ဘဲတဲ့။ (မှန်ပါဘုရား) မေ့လျော့မှု ပမာဒကြောင့် ဖြစ်ပေါ်နေကြတဲ့ ရာဂစတဲ့ အကုသိုလ်တရားတွေလဲဘဲ မြူ အညစ် အကြေး ဘဲတဲ့။ ( မှန်ပါဘုရား ) ဒီတော့ အာရုံမျိုးစုံတွေပေါ်မှာ ဝိပဿနာပွားများမှု ကင်းတဲ့အခါ သဏ္ဍာန် နိမိတ်တွေဆွဲကိုင်တော့ ရာဂစသော မြူအညစ်အကြေးတွေ မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား) ဝိပဿနာပွားများနေယင်။ (မဖြစ်ပါဘုရား) ဝိပဿနာ ပွားများအားထုတ်နေကြသူ အမျိုးကောင်းသား၊ အမျိုးကောင်း သမီးများ ဟာ ရာဂစတဲ့ မြူးတွေကို နုတ်ပစ်နေကြတယ်လို့ ပုတ်သားရမယ်ကွဲ့။ (မှန်ပါ ဘုရား)

မာလုကျပုတ္တမထေရ်မြတ်ကြီးကတော့ ဝိပဿနာဉာဏ်ပညာလောက်နဲ့ ရာဂ စတဲ့ မြူးတွေကို နုတ်ပစ်တာလောက်တော့ ကျေနပ်ပုံ ပရဘူး၊ ဟုတ်သား။ (မှန်ပါဘုရား)ဝိပဿနာ ဉာဏ်ကနေပြီး အပ္ပမာဒခေါ်တဲ့ သတိပဋ္ဌာန်ကို လက် ကိုင်ထားလျက် အရဟတ္တမဂ်ဉာဏ်အထိ ရောက်မှ ကျေနပ်မယ်ကွဲ့။ (မှန်ပါ ဘုရား) အာရုံမျိုးစုံတွေအပေါ် တနည်းအားဖြင့် ကာယ ဝေဒနာ စိတ္တ ဓမ္မ ဆိုတဲ့ အာရုံတွေအပေါ်မှာ အမြဲတမ်းသတိကပ်ပြီး ရှုပွားနေတာကို အပ္ပမာဒ တရားလို့ခေါ်တာ၊ ဟုတ်လား။ (မှန်ပါဘုရား) အဲဒီ အပ္ပမာဒခေါ်တဲ့ သတိ တရား လက်လွတ်ထားလို့ မတော်ဘူးကွဲ့။ (မှန်ပါဘုရား) အပ္ပမာဒတရား လက် ကိုင်ထားမှ ဆင်းရဲကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ်နော်။ (မှန်ပါ ဘုရား)

နိဂုံးချုပ်ကြစို့ကွဲ့။ ဘုန်းကြီးလဲ မာလုကျပုတ္တသုတ်တော်ကြီးကို ပြောဟော လာလိုက်တာ တော်တော်လေး ပြည့်စုံသွားပေပြီ၊ ကြိုးစားပြီး ဟောတာကွဲ့။ (မှန်ပါဘုရား) အမျိုးကောင်းသား၊ အမျိုးကောင်းသမီးအပေါင်း သူတော် ကောင်းတွေ တရားပွားများကြတာ၊ တရားနာယူတာတွေဟာလဲ အားရစရာ ကြီးဘဲကွဲ့။ (မှန်ပါဘုရား)

သာဓုခေါ်၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ တုမှေ၊ အမျိုးကောင်း သား၊ အမျိုးကောင်းသမီးအပေါင်း သင်သူတော်ကောင်းတို့သည်။ အပ္ပမာ- ဒေန၊ မမေ့မလျော့သော ဝိပဿနာပွားများမှု သတိတရားနှင့်။ သမ္ပာဒေထ၊ အန္တရာယ်ယောက်ယက် နှောင့်ယှက်မပြု လွယ်လွယ်ကူကူနှင့် ခရီးရောက်အောင် ပြည့်စုံလိုလောက်ကြပါစေကုန်သတည်း။

သာဓု— သာဓု— သာဓု—

## တရားပွဲသိမ်း နိဂုံးဂါထာများ

ဣတိ ဓမ္မံ ဒေသေန္တေန၊ ယံ တံ အဓိဂတံ မယာ။
ပုညံ တဿာနုဘာဝေန၊ လောကနာထဿ သာသနံ။
ဩဂါဟေတွာ ဝိသုဒ္ဓါယ၊ သီလာဒိ ပဋိပတ္တိယာ။
သဗ္ဗေပိ ဒေဟိနော ဟောန္တု၊ ဝိမုတ္တိရသဘာဂိနော။

ဣတိ ဣမိနာ အနုက္ကမေန၊ ဤသို့ဟောကြားခဲ့ပြီးသော တရားဒေသနာတော်အစဉ်ဖြင့်။ ဓမ္မံ၊ သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော်လာ မာလုကျပုတ္တသုတ္တန်ဒေသနာမှ အဖြာဖြာသော တရားတော်ကို။ ဒေသေန္တေန၊ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ သုတေ သုတမတ္တံ" စသည့် ရှုနည်း ရှုပုံကို လိုလားကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အတွက် ဟောကြား၍ ပေးရသော။ မယာ၊ ငါသည်။ ယံ တံ ပုညံ၊ အကြင် ဓမ္မာနုဂ္ဂဟ ဓမ္မဒေသနာ မျှားမြတ်လှသော ဓမ္မဒါန မဟာကုသိုလ်ထူးကြီးကို။ အဓိဂတံ၊ ကောင်းစွာ မသွေ ရခဲ့ပါပေပြီ။ တဿ ပုညဿ၊ ထိုသို့ ဆည်းပူး၍ မာလုကျပုတ္တ သုတ္တန်၌လာသည့် ဒိဋ္ဌေ ဒိဋ္ဌမတ္တ စသည့် ရှုနည်း ရှုဟန်ကို ဟောပေးရတဲ့ ဓမ္မာနုဂ္ဂဟ ဓမ္မဒေသနာ ဓမ္မဒါန ကုသိုလ်ထူး၏။ အာနုဘာဝေန၊ စွမ်းပကား ရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေပိ၊ ကြွင်းမဲ့ ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ဒေဟိနော၊ ခန္ဓာငါးပါး ရှိကြကုန်သော သတ္တဝါအပေါင်းတို့သည်။ လောကနာထဿ၊ လူသုံးပါးတို့၏ ကိုးစားမှီခိုရာ ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ဘိ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဖြစ်သော ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ ဝိသုဒ္ဓါယ၊ အထူးသဖြင့် စင်ကြယ်လှစွာသော။ သီလာဒိပဋိပတ္တိယာ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရား တည်းဟူသော မဂ္ဂင်ရှစ်တန် အကျင့်မှန်ဖြင့်။ ဩဂါဟေတွာ၊ သက်ဝင် ယုံကြည်ကြကုန်သည်ဖြစ်၍။ ဝိမုတ္တိရသဘာဂိနော၊ အသီးသီး ဝိမုတ္တိရသလို့ ခေါ်တဲ့ လွတ်လပ်ရေးအရသာကို ခံစား စံစား နိုင်ကြကုန်သည်။ ဟောန္တု၊ ကောင်းစွာ မသွေ ဖြစ်ကြပါစေကုန်သတည်း။

သာဓု— သာဓု— သာဓု—

### ဆုတောင်းပတ္ထနာ ၂-ဂါထာ ပါဌ်အနက်

စိရံ တိဋ္ဌတု လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓ သာသနံ။
တသ္မိံ သဂါရဝါ နိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

သမ္မာ ဝဿတု ကာလေန၊ ဒေဝေါ ပိ ဇဂတီပတိ။
သဒ္ဓမ္မနိရတော လောကံ၊ ဓမ္မေနေဝ ပသာသတု။

ယခု ဘုန်းကြီး ရွတ်လိုက်တာကတော့ အဌကထာဆရာ အရှင်ဓမ္မပါလ မထေရ်ရေးတဲ့ ဆုတောင်းပတ္ထနာ နှမ်ဂါထာပါဘဲ။

သမ္ဗာသမ္ဗုဒ္ဓသာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးဖြာ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည်။ လောကသ္မိံ၊ လူ့ပြည် နတ်ရပ် လောကဓာတ်တခွင်လုံး၌။ စိရံ၊ နှစ်ပေါင်း မြားမြောင် အခေါင် ရှည်ကာ ကြာမြင့်စွာသော ကာလပတ်လုံး။ တိဋ္ဌတု၊ဘယ်သူက ဘယ်နည်းနဲ့ ဖျက်ဖျက် မပျက်စီးဘဲ တည်ရှိပါစေသတည်း။ [ဒီ ကုသိုလ် ကောင်းမှုကြောင့်နော်။(မှန်ပါဘုရား)] သဗ္ဗေပိ၊ ကြွင်းမဲ့ ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ ယွက်သက် ဝင်သက် ပပျက်မသေ ရှိကြပေကုန်သော သတ္တဝါ အပေါင်းတို့သည်။ ဟသ္မိံ၊ ထိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ သဒ္ဓမ္မ သုံးဖြာ သာသနာတော်မြတ်ကြီး၌။ နိစ္စံ၊ အမြဲ။ သာဂါရဝါ၊ အသက်တမျှ စိတ်ကမသေ့ သာသနာတော်ကို ရိုသေ လေးစားခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ကောင်းစွာမသေ့ ဖြစ်ကြပါစေကုန်သတည်း။

ဒေဝေါပိ၊ မိုးသွန်းရှိ ပေးတတ်သော မိုးသည်လည်း။ကာလေန၊ ရွာသင့် ရွာပြန် ရွာဘို့ရန် အချိန်တန်သော အချိန်ကာလ၌။ [(မရွာသင့်တဲ့ အချိန် မှာလဲ မရွာပါစေနဲ့ပေါ့ ဟုတ်လား။ (မှန်ပါဘုရား) ] သမ္မာ၊ ကောင်းမွန် မှန် ကန်စွာ။ ဝဿတု၊ ကောက်ပဲသီးနှံ အထွက်သန့်အောင် မှန်မှန်ကြီး ရွာသွန်း ပါစေသတည်း။ ဇဂတီပတိ၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်၍ နေကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်လည်း။ သဒ္ဓမ္မနိရတော၊ သူတော်ကောင်း တရားကို လက်ကိုင်ထားနိုင်ကြကုန်သည် ဖြစ်၍။ ဓမ္မေနေဝ၊ မင်းကျင့်တရား ဆယ်ပါး သင်္ဂဟတရားလေးပါးနှင့် ညီညွတ်စွာသာလျှင်။ လောကံ၊ တိုင်းသား ပြည်သူ ဗိုလ်လူများစွာ သတ္တဝါကို။ အနုသာသတု၊ ကျောသားရင်သား မခွဲခြားပဲ သူလဲချမ်းသာ ကိုယ်လဲ ချမ်းသာအောင် ကောင်းစွာ မသေ့ စောင့်ရှောက် ဆုံးမနိုင်ပါစေသတည်း။

သာဓု— သာဓု— သာဓု—

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်
သဠဝဂ်၌လာသော
မာလုင်္ကျပုတ္တသုတ္တန် ပါဠိတော်ဟောစဉ်

ပြီး ပြီ။

**ထူးကြီး ဆရာတော်ဘုရားကြီး၏**
**ပုံနှိပ်ထုတ်ဝေပြီးသည့် ပါဠိတော် ဟောစဉ်**
**ဝိပဿနာ ကျမ်းစာအုပ်များ**

| | | |
|---|---|---|
| ၁။ | သီလဝန္တသုတ္တန် ပါဠိတော်ဟောစဉ် | အုပ်သေး |
| ၂။ | ထူးကြီး ဝိပဿနာ ပါဠိတော်ဟောစဉ် (ပဌမအုပ်) | အုပ်လတ် |
| ၃။ | ထူးကြီး ဝိပဿနာ ပါဠိတော် ဟောစဉ် (ဒုတိယအုပ်) | အုပ်လတ် |
| ၄။ | ပါရာယနဝဂ် ပါဠိတော် ဟောစဉ် (ပဌမအုပ်) | အုပ်ကြီး |
| ၅။ | ပါရာယနဝဂ် ပါဠိတော် ဟောစဉ် (ဒုတိယအုပ်) | အုပ်ကြီး |
| ၆။ | ဝိပဿနာ အလုပ်ပေး တရားတော် | အုပ်လတ် |
| ၇။ | ဝိပဿနာ အလုပ်ပေး တရားတော် ကောက်နုတ်ချက်များ | အုပ်ငယ် |
| ၈။ | ဂိရိမာနန္ဒသုတ္တန် ပါဠိတော်ဟောစဉ် | အုပ်ကြီး |
| ၉။ | မေဃိယသုတ္တန် ပါဠိတော်ဟောစဉ် | အုပ်ကြီး |
| ၁၀။ | မဟာအဿပုရသုတ္တန် ပါဠိတော်ဟောစဉ် | အုပ်ကြီး |
| ၁၁။ | မာလုကျပုတ္တသုတ္တန် ပါဠိတော်ဟောစဉ် | အုပ်လတ် |

**မဟာနိဒါနသုတ္တန် ပါဠိတော်ဟောစဉ်**
**ဝိပဿနာရှုနည်း ကျမ်းကြီး**

ရေးကူးစီစဉ်နေဆဲ၊ မကြာမီ ပုံနှိပ်မည်။

ဩဿတရဏသုတ္တန် ပါဠိတော်ဟောစဉ်

ရေးကူးစီစဉ်ဆဲ။

---

**ဤသို့ ပြင်ဆင်၍ ဖတ်ရှုပါ**

စာမျက်နှာ—၈၉၊ ကြောင်းရေ ၄-၌—န ဘဝိဿတိ။
။ ၂၁၃၊ ကြောင်းရေ ၃၁-၌—စားလိုက်တဲ့။
။ ၂၉၃၊ ကြောင်းရေ ၂၂-၌ တဏှာဝသိကော။

# နေလင်းပိဋကတ်ပုံနှိပ်တိုက်နှင့်
# နည်းသစ်စာအုပ်လုပ်ငန်း

**အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။**

ပါဠိ-မြန်မာ ကျမ်းစာအုပ် အမျိုးမျိုးကို ဓမ္မာစရိယ **ဘီ-အေ ဘွဲ့ရ** စာရေး၊စာပြင်၊စာတည်း ဝါရင့်ပညာရှင်ကြီးများပါဝင်သော **နည်းသစ် စာတည်းအဖွဲ့က** ပြင်ဆင် တည်းဖြတ် ပရုဖတ် ပုံနှိပ်ကာ လှပသော ပန်းချီ ဒီဇိုင်း ဆေးရောင်စုံ စက္ကူဖုံး၊ကတ်ထူဖုံး၊ သားရေဖုံးများဖြင့် ချုပ်ပြီးအထိ အစအဆုံး တာဝန်ယူဆောင်ရွက်ပေးနေပြီ။ စာအုပ်ရှင်က စာအုပ်အတွက် လုံးဝ ကြောင့်ကြစိုက်စရာမလို။ အမြန်ဆုံးနှင့် အကောင်းဆုံး ဆောင်ရွက် ပေးပါမည်။

ဦးသောင်းလွင် ဘီ-အေ

ဓမ္မာစရိယ ဝဋ္ဋသကာ စာတည်းချုပ်

# စတိုင်ကျကျ ပုံနှိပ်လိုလျှင်

အနောက်နိုင်ငံစာအုပ်များ ပုံနှိပ်ထားသည်မှာ စတိုင်ကျသည်။ အနေ အထား ရှင်းလင်းလှပသည်။အဘယ့်ကြောင့်နည်း။ ပုံနှိပ်တိုက်ကြီးတိုင်းမှာ ကျမ်းပြု၊ စာပြင်၊ စာတည်းများ အမြဲတစေလိုက်နာရန် လမ်းညွှန်စာအုပ် House Style ရှိသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် တကျောင်းတဂါထာ တရွာတပုဒ်ဆန်းနေဆဲဖြစ်ရာ နေလင်းပိဋကတ်ပုံနှိပ်တိုက် နည်းသစ်စာတည်းအဖွဲ့၏ စာတည်းချုပ် ဦးသောင်းလွင် ဘီ-အေ ဓမ္မာစရိယ ဝဋ္ဋသကာ နည်းသစ်အင်္ဂလိပ်သဒ္ဒါနှင့် နည်းသစ်မြန်မာသဒ္ဒါကျမ်းပြုက အနောက်နိုင်ငံပုံနှိပ်စတိုင်လက်စွဲ စာအုပ်များကို မှီငြမ်းပြုကာ **မြန်မာပုံနှိပ်စတိုင်လက်စွဲ** Burmese Style Manual စာအုပ်ကို တီထွင်ရေးသားလိုက်ပြီ။ စတိုင်ကျကျ ပုံနှိပ်လိုလျှင် စတိုင်ရှိ သော နေလင်းပိဋကတ်ပုံနှိပ်တိုက်သို့ ကြွပါ။

ထူးကြီးဓမ္မဗိမာန်
အမှတ်-၈၃-ကျိုက္ကဆံလမ်း
တာ[illegible]ာတိုက်၊ ရန်ကုန်မြို့။
ဖုန်း - ၅၀၂၄၁